-၁၈၄၁-

အရိယာဘုံ အရိယာနယ်သို့

အမြန်ဆိုက်ရောက် ခိုလှုံတန့်နားစေနိုင်သော

သတိပဋ္ဌာန် လက်တွေ့လုပ်ငန်းပြ

# မဟာသတိပဋ္ဌာနသုတ်ပါဠိတော်

## နိဿယသစ်

သဒ္ဓမ္မဇ္ဈယပဏ္ဍိတ


သန့်လျင်တောရ ဓမ္မဝါဒီ ဆရာတော်ဘုရား

ရေးသား စီရင်သည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ဧပြီ ၁၉၈၀

တိသရဏံ နိစ္စံဂစ္ဆာမိ

သန့်လျင်တောရ

# ဓမ္မဝါဒီ ဆရာတော်ဘုရားကြီးအား

ရည်စူးလျက်

စာသင်တိုက်များနှင့် ကမ္မဋ္ဌာန်းတိုက်များအတွက်

တပည့်များ၏

# ဓမ္မဒါန

မဟာ၁-၂

၁၉၇၄၀

အရိယာဘုံ အရိယာနယ်သို့

အမြန်ဆိုက်ရောက် ခိုလှုံ တန်နားစေနိုင်သော

သတိပဋ္ဌာန် သက်ဝတ္ထုလုပ်ငန်းပြ

စာကြည့်ခန်း
-၁၀၃၁-

# မဟာသတိပဋ္ဌာနသုတ်ပါဠိတော်

## နိဿယသစ်

စာကြည့်တိုက်
ထမ္ဘာဒေး - ရန်ကုန်။

သဒ္ဓမ္မတ္တယ ပဏ္ဍိတ

သန့်လျှင်ဘောရ ဓမ္မဝါဒီ ဆရာတော်ဘုရား

ရေးသား စီရင်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ဧပြီ ၁၉၈၀

ပထမအကြိမ်

အုပ်ရေ ၃၀၀၀

၁၉၈၄ ခု၊ ဧပြီလ

သာသနာရေးဦးစီးဌာနအတွက်
ဦးလှရွှေ (၀၂၂၃၀) စိမ်းစိုစိုစာပုံနှိပ်တိုက်
အမှတ်-၁၀၇၇။ ရာဇသူရလမ်း၊ ၇-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့က
ပုံနှိပ်၍
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် (၀၂၅၂၇)က
ထုတ်ဝေသည်။

၁၈၇၄၀

# သဒ္ဓမ္မဈာယပဏ္ဍိတ



သန်လျင်တောရ ဓမ္မဝါဒီ ဆရာတော်ဘုရားကြီး

# သတိပဋ္ဌာန်နိဿယအကျွက်

## စာညွှန်း

ဤစာအုပ်ကို အစမှ အဆုံးတိုင်အောင် သတိ အသိတို့ စူးစိုက်ပြီး တခေါက်မျှဆုံးအောင် ဖတ်ကြည့်ပါ။

ထိုသို့ ဖတ်ပြီးသောအခါ၌

၁။ မြန်မာစာပေ၏ ကျယ်ဝန်းနက်နဲပုံ။ မြန်မာ့စကား ဝေါဟာရ ပရိယာယ်ကြွယ်ဝပုံ။

၂။ ပါဠိစာပေနှင့် ပါဠိသဒ္ဒါပညာရပ်တို့ ခက်ခဲ နက်နဲ ကျယ်ဝန်းပုံ၊ ပါဠိစာပေ ပညာရှင်များ တဦးနှင့်တဦး အယူအဆချင်း မတူကြပုံ။

၃။ ပါဠိသဒ္ဒါပညာကို ကျွမ်းကျင်စွာ တတ်မြောက်မှုကြောင့် မီးစကိုကိုင်၍ တွေ့ရမ်းပြသလို သဒ္ဒါပညာဖြင့် ဗ.မျိုးမျိုး အဖုံဖုံ ဉာဏ်ကစားပြထားပုံ။

၄။ ပရိယတ် ပညာရပ်၏ ခက်ခဲ နက်နဲ ကျယ်ဝန်း သိမ်မွေ့ပုံ။

၅။ ပဋိပတ်ပညာရပ်၏ ခက်ခဲ နက်နဲ ကျယ်ဝန်း သိမ်မွေ့ပုံ စသည်များကို တသီတတန်းကြီး ဗဟုသုတဉာဏ်များ တိုးပွားသွားစေမည့်အပြင်

၆။ ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်လိုသော ပုဂ္ဂိုလ်တို့၌လည်း ဝိပဿနာအလုပ်ကို လက်တွေ့ အားထုတ်သွားမည် ဖြစ်ပေသည်။

# မိတ်ဆက်အမှာ

## ပညာရှိထဲက ပညာရှိတဦး

ဤလောက၌ သာမန်ပုဂ္ဂိုလ်တို့ မမြင်နိုင်သည်ကို မြင်နိုင်စွမ်းရှိသော၊ မသိနိုင်သည်ကို သိနိုင်စွမ်းရှိသော၊ မဝေဖန်၊ မပိုင်းခြား၊ မဆုံးဖြတ်နိုင်သည်ကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းရှိသော 'ဝိဘဇ္ဇပရိစ္ဆဒ တိက္ခ ဂမ္ဘီရဉာဏက' ခေါ် ဝေဖန်ပိုင်းခြား စူးရှထက်မြက် နက်နဲသော ဉာဏ်ပညာ ရှိကြသော ပညာရှိပုဂ္ဂိုလ်များ အတော်များများ ရှိကြပါ၏။ ထိုပညာရှိ ပုဂ္ဂိုလ်များထဲ၌ ကျေးဇူးရှင် သန်လျင်တောရ ဓမ္မဝါဒီ ဆရာတော်ဘုရားကြီးလည်း တဦးအပါအဝင်ဖြစ်သည်ဟု ယူဆယုံကြည်မိပါ၏။

## ရွှေကျင် ဆရာတော်ကြီး တပါး

ထိုကဲ့သို့ ယုံကြည်ရခြင်းသည် အမှာစာရေးသူသည် ပျံလွန်တော်မူသွားချိန်ထိ ဓမ္မဝါဒီ ဆရာတော်ဘုရားကြီးအား ခြောက်နှစ်ကျော် ခုနစ်နှစ်ခန့် အနီးကပ် ပြုစုလုပ်ကျွေး၊ ဖူးတွေ့ခွင့်ရ၍ အကြောင်းစုံ လေ့လာသိရှိရကား ထိုကဲ့သို့ ယုံကြည်ရခြင်းဖြစ်ပါ၏။ ထို့ပြင်တဝလည်း

လေမျက်နှာ ၂၄ မျက်နှာခန့်သာရှိသော ဓမ္မဝါဒီ ဆရာတော်ဘုရားကြီး ပြုစုသော (ပဋိစ္စသမုပ္ပါဒ်အလင်းပြ) ကျမ်းစာငယ်နှင့် ပတ်သက်၍ ဓမ္မဝါဒီ ဆရာတော်ဘုရားထက်လည်း ဝါကြီးသူ ပဲခူးမြို့ ရွှေဂူဆရာတော်ဘုရားကြီးက "အခြားသောပဋိစ္စသမုပ္ပါဒ်ကျမ်းသည် ပဋိပတ်သဘောထက် ပရိယတ်သဘောက ပို၍ အလေးထားနေသည်၊ သူရေးလျှင်လည်း ထိုသဘောအတိုင်း သာဖြစ်မည်။ ယခု သန်လျင်တောရ ဓမ္မဝါဒီ ဆရာတော် ရေးသားသော ပဋိစ္စသမုပ္ပါဒ် အလင်းပြ ကျမ်းစာငယ်သည်ကား ပရိယတ်သဘော ထက် ပဋိပတ်သဘောကို ပိုပြင်စွာ ဆောင်ပြနိုင်သည့် စာဖြစ်၍ ထိုကဲ့သို့သဘောမျိုး ဖော်ပြသော စာတစောင်ပေးဖူးသည်၊ ယင်းဖြင့်လည်း ပညာရှိတဦး ဖြစ်နိုင်ကြောင်းမှာ ထင်ရှားသည်။

မှတ်ချက်— (ထိုစာကို ဤနိဒါန်းအဆုံးတွင် သူ့မူရင်းအတိုင်း ဓာတ်ပုံဘလောက်ရိုက်ပြီး ဖော်ပြထားသည်။ ၎င်း ရွှေဂူဆရာတော်ဘုရားကြီးလည်း ယခု ပျံတော်မူလေပြီ)။

ထိုနောက် ဓမ္မဝါဒီ ဆရာတော်ဘုရားကြီး ရေးသားပြုစုသော အရိယာဘုံသွား ဉာဏ်လှေကား၊ ဝိပဿနာဘုံသွား ဉာဏ်လှေကားစသော ကျမ်းစာတွေနှင့်တကွ ယခု ဤ သတိပဋ္ဌာန် နိဿယကို ကြည့်ရှုအကဲဖြတ်ခြင်း ဖြင့်လည်း ပညာရှိတဦးဖြစ်ကြောင်း ယုံကြည်လောက်ပါပေသည်။

## သာသနာအပေါ်၌ သဒ္ဓါလွန်

ကျော်ဇူးရှင် သန်လျင်တောရ ဓမ္မဝါဒီ ဆရာတော်ဘုရားကြီးသည် ပညာရှိ တဦးဖြစ်ရုံသာမက ဗုဒ္ဓ၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်နှင့် ပတ်သက်ပြီး အင်မတန်ပင် သဒ္ဓါတရားထားမှု လွန်ကဲလှပါသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်ပြီး အသက်ပင်သေစေကာ သူလည်း မမှန်တာလုပ်မည်မဟုတ်။ သူတပါးလုပ်လျှင်လည်း ခံမည်မဟုတ်ဟူ၍ ပြင်းထန်လှစွာ ခံယူထားတော်မူသည့်အတိုင်း ဆရာတော်ဘုရားကြီးသည် သူ၏စိတ်ထဲ၌ "ဒါ ဗုဒ္ဓဝါဒအရ နည်းလမ်းမကျဘူးဟု ထင်လာလျှင် ထင်လာသည့်အတိုင်း" မငဲ့မညှာ မထောက်မထား ဝေဖန်တင်ပြလေ့ရှိတတ်သောကြောင့် ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ လွန်ကဲမှုသည် ကောင်းသည်ဟူ၍ မဆိုနိုင်ပါ။ သဒ္ဓါလွန်လျှင်လည်း မကောင်း။ ဝီရိယလွန်လျှင်လည်း မကောင်း။ သမာဓိလွန်လျှင်လည်း မကောင်း။ ပညာလွန်လျှင်လည်း မကောင်းပါ။ လွန်ကဲမှု တခုဖြစ်လာလျှင် ရရှိမည့် အကျိုးတရားများ ပျက်ပြယ်တုံ့ဆိုင်း နှေးကွေး ရပ်တန့်သွားတတ်ပါသည်။

## သံသယဝင်မိ

ကျော်ဇူးရှင် သန်လျင်တောရ ဓမ္မဝါဒီ ဆရာတော်ဘုရားကြီးသည် သာသနာတော်အပေါ်၌ သဒ္ဓါတရား လွန်ကဲလှသည့်အတိုင်း သူ ပြုစုသော အရိယာဘုံသွား ဉာဏ်လှေကားကျမ်းကြီးတွင် သူ့စိတ်ထဲ၌ ဗုဒ္ဓဝါဒအရ နည်းစနစ်မကျဘူးလို့ ထင်သမျှကို မထောက်မထား ဝေဖန်ရေးသားဖော်ပြခဲ့ပါသည်။ သို့သော် ပုဂ္ဂိုလ်အများစုက ထိုကဲ့သို့ မယူဆပဲ သူတပါးအား ရက်ရက်စက်စက် စွပ်စွဲပုတ်ခတ်သူအဖြစ်သာ ယူဆခဲ့ကြ၍ သန်လျင်တောရ၏ သာသနာပြုလုပ်ငန်းလည်း ရပ်တန့်တုံ့ဆိုင်းနေခဲ့ရပါတော့သည်။ ယင်းအတွက်ကြောင့် ဤအမှာစာရေးသူကိုယ်တိုင်ပင် သံသယစိတ်များဝင်လာမိပေသည်။ ယင်းကဲ့သို့ သံသယဝင်မိသည့် အားလျော်စွာ အကြောင်းတခုပေါ်လာသည်နှင့် ဆက်စပ်ပြီး "ယခုခေတ်သည် သူတပါးအား ပြစ်တင်ဝေဖန်ရန် ခေတ်မဟုတ်ပါ" ဟူ၍ မိုက်မိုက်ကန်းကန်း ကျော်ဇူးရှင် ဆရာတော်ဘုရားကြီးအား ဤစာရေးသူကိုယ်တိုင် စာရေး၍ တင်လျှောက်ဖူးပါသည်။ ထိုကိစ္စ

နှင့် ပတ်သက်ပြီး ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဤစာရေးသူအား အပြုံးမပျက် ခွင့်လွှတ်တော်မူခဲ့ပါသည်။

## သံသယစိတ် ပျောက်စေသောအကြောင်းများ

သံသယစိတ် ဝင်မိသည့်နောက်ပိုင်း အောက်ပါအကြောင်းအရာများကို တွေ့မြင်ဖတ်ရှုမိသောအခါ သံသယစိတ်များ ကင်းပျောက်သွားရသလို ယူကြုံမရ ဖြစ်မိပါသည်။ ယင်းအကြောင်းတို့ကား-

ကျမ်းပြုဆရာ မဟ (ရ) စိဆွာမိ ဒယာနန် (ဒ) ဆရာ ဆွတီက ဟိန္ဒီဘာသာဖြင့် ရေးသားပြုစုပြီး အရှင်ကိတ္တိမ ဗာလာဘိဝံသ မြန်မာပြန်ထားသော (သစ္စတ္ထပကာသကျမ်း)၏ နိဒါန်းပိုင်းတွင်—

"ယဘ္ဘဒဂြဝိသာမိဝ ပရိဏာမေ အမြိတောပမမ်" ဤကား ဂီတာကျမ်းလာစကားဖြစ်၏၊ ဆိုလိုရင်းမှာ အကြွင်အကြွင် အတတ်ပညာနှင့် တရားရစေနိုင်သော နည်းလမ်းကိုစွဲကူသရွေ့သည် အစပထမလုပ်ရာ၌ 'အဆိပ်'ကဲ့သို့ ဖြစ်၍ နောက်၌ကား 'အမြိတ် သုခ ဘုတ်' ကဲ့သို့ဖြစ်လေသည်" ဟု ဖော်ပြထားသည်။

ယင်း ဟိန္ဒီစကား၏ အဓိပ္ပာယ်မျိုးကဲ့သို့ ဗုဒ္ဓဘုရားရှင် ကိုယ်တိုင်လည်း တရားစကားများ ဟောညွှန်ခဲ့ဖူးသည်။ ပုံစံဘာခုအားဖြင့် ဓမ္မပဒ ပါဠိတော် ပါဠိဝဂ်တွင်—

ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ၊
ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။

### အနက်

ယာဝ၊ အကြင်မျှလောက်။ ဘဒြံ၊ ကောင်းမှုပြုလုပ်ချက်သည်။ ဝါ၊ မှန်ကန်စွာ ပြုလုပ်ချက်သည်။ နပစ္စတိ၊ မရင့်ကျက်သေး။ ဝါ၊ အကျိုးမပေးသေး။ တာဝ၊ ထိုသို့ မရင့်ကျက်သေး။ ဝါ၊ အကျိုးမပေးမီ အတွင်း၌။ ဘဒြောပိ၊ မှန်ကန်စွာပြုလုပ်သော သူသော်လည်း။ ပါပံ၊ မကောင်းသော အတွေ့အကြုံကို။ ပဿတိ၊ တွေ့ကြုံခံစားရချေ၏။ ယဒါ၊ အကြင်အခါ၌ကား။ ဘဒြံ၊ မှန်ကန်စွာ ပြုလုပ်ချက်သည်။ ပစ္စတိ၊ ရင့်ကျက်ချိန် အကျိုးပေးချိန်ရောက်လာ၏။ အထ၊ ထိုအခါမှာကား၊ ဘဒြော၊ မှန်ကန်စွာ ပြုလုပ်သောသူသည်။ ဘဒြာနိ၊ ကောင်းသောအတွေ့အကြုံကို။ ပဿတိ၊ မျက်ဝါးထင်ထင် တွေ့ကြုံခံစားရပေတော့၏ ဟူ၍ ဖော်ပြထားလေသည်။

## အရိယာဝံသ ဥာဏ်လှကား ဖော်ပြချက်

ထို့ပြင် နောက်တကြောင်းလည်း ရှိပေသေးသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ပြုစုသွားခဲ့သော (အရိယာဝံသ ဉာဏ်လှကား ကျမ်းကြီး) စာမျက်နှာ ၅၃၈ တွင် အထက်ပါ အကြောင်းအရာများနှင့် တသဘောတည်း ညီညွတ်ဆက်စပ်နေသော မှာတော်ပုံတခုကို (ကြိုဘင်ပင် သိသလရော့သလား မပြောတတ်) မှာတော်မူခဲ့လေသည်။ ယင်းမှာကား—

## ဒဏ်ခတ်ခံရတော့မည်

"အထက်ပါ (ပညာခံ ၂ မျိုးအားနည်းသူ) ယောဂီဘို့ကို ငဲ့ညှာသဖြင့် အမှန်တွေကို ဖော်ပြမိရာ (မမှန်လုပ်မိသူတို့က) မုန်းတီးကာ အပြစ်ရှာ ဒဏ်ပေးကြဦးမည်" စသည် ဖော်ပြထားပြီး၊ အဆုံးတွင်—

## ဤစာရေးသူ ကွယ်လွန်ချိန်

"အမှန်ကြိုက်သူတို့အဖို့ ဤစာရေးသူ ကွယ်လွန်သွားချိန်မှာ ဤကျမ်းစာပါ အမှန်ဖော်ပြချက်တို့သည် တန်ဖိုးများစွာ ရှိချစ် တိုးတက်ရစ်ပေလတ္တံ့" ဟူ၍ ဖော်ပြထားလေသည်။

ယင်းကဲ့သို့ အကြောင်းအရာများအပြင် နောက်ထပ်ခိုင်လုံသော အကြောင်းအရာတခုကား—

## မန္တလေးမှ ဆရာတော်ကြီးတပါး ဖော်ပြချက်

မြန်မာလို နေ့သယ် နေမွန်းတည့်ကို ပါဠိတော်များ မူဟောင်းတွင် 'မဇ္ဈန္တိကံ' ဟူ၍သည်းကောင်း၊ ပါဠိတော်များ မူသစ်တွင် 'မဇ္ဈန္ဟိကံ' ဟူ၍လည်းကောင်း ၂ မျိုးရှိနေရာ တမျိုးအမှန်သည် တမျိုးကမှားနေသည်ဟူ၍ ပါဠိကျမ်းဂန်တတ် နယ်ပယ်တွင် ယူဆလျက်ရှိနေရကား၊ ယင်းကဲ့သို့ အမှားအမှန်များကို စိစစ်တင်ပြထားသော—

မန္တလေးမြို့ ဧကန္ဒါရာမ ဘုရားကြီးတိုက် နယ်ကျောင်း ပရိယတ္တိသာသနာ့ဟိတ (သက်ျသီဟ) မေဓာဝီရိယ ဆဋ္ဌသံဂါယနာ ပဋိဝိသောဓကဩဝါဒ ဓသာခဝဿျက ပါဠိပဒ ပိဋကတ်ကျမ်းညွှန်းနှင့် တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုဆရာတော် (ဦးမေဓိယာဘိဝံသ) ပြုစုသော (ပိဋက ဝိသောဓနီကျမ်း) စာမျက်နှာ ၃၀–၃၁ တွင်-

# မိတ်ဆက်စကား

## မဇ္ဈန္တိက၊ မဇ္ဈန္ဒိက

ဆရာတော်ကြီးများက "ပုဗ္ဗာပရဇ္ဇ သာသယမဇ္ဈေ ဟာဂဟယ-န္တော" မောဂ္ဂလာန်သုတ် ရှိသောကြောင့် မဇ္ဈ—အဟ မဇ္ဈန္တ+က= မဇ္ဈန္တိက ဟုသာ ရုပ်ပြီးသင့်သည်။ မဇ္ဈန္တိကပါဠိ မှားဟု ဆုံးဖြတ်ကြသည်။

ပဉ္စမ သံဂါယနာတင် ကျောက်စာတို့၌ မဇ္ဈန္တိက ရှိနေသေးသည်ကိုလည်း ဆရာတော်ကြီးများက၊ မဇ္ဈန္ဒိက ဟု ရေးထုံးသည်ကို ကျောက်ဆစ်သမားက ဟ ကို။ တ ရေးထိုးမိ၍ မဇ္ဈန္တိက ရှိနေခြင်း ဖြစ်သည်ဟု ဖြေဆိုကြလေသည်။

ဤကဲ့သို့ပင် သဒ္ဒါအကျော် ဆရာတော်ကြီး တပါးကလည်း ၎င်း၏ ကျမ်းစာအုပ်၌ ဆုံးဖြတ်ချက် ရေးခဲ့လေသည်။ ၎င်း ဆရာတော်ကြီးများကား သက္ကတနှင့် တကွသော သက္ကတကျမ်း ဂန် အမျိုးမျိုးကို ထုံးလိုချေ-ရေလိုနှောက်နိုင်သည့် ပုဂ္ဂိုလ်ကျော်များ ဖြစ်၍ ပြိုင်ဆိုင် ပြောဝံ့ မည့် သူပင် မရှိခဲ့ပေ။

## ပါဠိတ်ဗျာဒိယောဇနာဆရာတော်

၎င်းဆရာတော်က သူရေးသားသောကျမ်းတွင်—
ပေါတ္ထကေသု န မဇ္ဈန္တိကန္တိ ပါဌော အတ္ထိ၊ သော အပါဌော ယေဝ
ဟု ဆိုထားသည်။

**မေး။** ။ယောဇနာ ကျမ်းပြုဆရာတော်အည်၊ ပဉ္စမ သံဂါယနာတင်ရာ၌ အကြီးအမှူးအဖြစ်ဖြင့် ပါဝင်ရာ၊ "မဇ္ဈန္တိက"ကို မသင့်သောပါဠိဟု မြင်လျက်၊ အဘယ့်ကြောင့် "မဇ္ဈန္တိက"ကို ကျောက်ထက် အက္ခရာ တင်တော် မူခဲ့ ပါသနည်း။ ?

ဖြေ။ ။မူတင်ရာ၌ အားကိုးရာ ကျမ်းဂန်အထောက်အထား ရှိသော်သာ မူတင်ရသည်။ (ယုတ္တိ မမြင်ကာမျှဖြင့် "ပါဠိ" ကို မဖျက်ဆီးကောင်း) ဟူသော နည်းမှန် နည်းကောင်းကို အနာဂတ် သိတင်းသုံးဖော် တို့အား ညွှန်ကြားတော် မူလိုသောကြောင့် လည်းကောင်း၊ မဇ္ဈန္တိက ကို ၎င်းဆရာတော် အနေဖြင့် မသင့်သော ပါဠိဟု မြင်သော်လည်း စင်စစ် ပါဠိမှား ပါဠိမှန်ကို သိခြင်းအည် ပဋိသမ္ဘိဒါပတ္တ အရှင်မြတ်တို့၏ အရာသာ ဖြစ်သောကြောင့် လည်းကောင်း၊ အဘိဓာန် ဋီကာနှင့်တကွ၊ အဘိဓာန်၌ ရှိသောကြောင့် လည်းကောင်း မဇ္ဈန္တိက ကို ကျောက်ထက် အက္ခရာ တင်ခဲ့ပါသည်။

မေး။ ။မဇ္ဈန္တိကကို ကျောက်ထက်အက္ခရာ တင်တော် မူခဲ့ပါလျက်၊ အဘယ်ကြောင့် "ပေါတ္ထကေသုပန မဇ္ဈန္တိကတ္တိ ပါဌော အတ္ထိ-သောအပါဌော ယေဝ" ဟုဆိုတော်မူသနည်း။

ဖြေ။ ။မိမိစိရင်သည့် ကျမ်း၌ မိမိထင်မြင်ယူဆချက်ကို ထင်ထင်ရှားရှား ရေးသားဖော်ပြခြင်းသည် (အာစာနည်းဂုဏ်ကိုလိုက်ပြီး သဘောတည်း) ထိုကြောင့် ဆိုသည်၊ နှာ ၃၄-၃၅။

မှတ်ချက်- (ဥဒ်းပိဋကဝိသောဓနီ ကျမ်းပြုဆရာတော်ကမူ မဇ္ဈန္တိကကိုသာ ပါဌ်မှန်ဟူ၍ ဆုံးဖြတ်ထားသည်)။

ကျေးဇူးရှင် သန်လျင်တောရ ဓမ္မာဒိ ဆရာတော်ကြီးအပေါ် ဤနိဒါန်း ရေးသူ အဘယ်ကြောင့် သံသယ ကင်းပျောက်သွားရပုံ ဤမျှလောက် ဖော်ပြ သရိန့် ရှိမိလောက်ပါပြီ။ ဤအတူပင်၊ ဤအကြောင်းအရာကို ဖတ်မိချိန်က၌ ဆရာတော်အား ၎င်းအတွက် သံသယဝင်မိကြသူများလည်း ကင်းပျောက်နိုင်လိမ့်မည် ဟူ၍ ထင်မိပါသည်။ သို့နှင့်မှ မပျောက်သေးဟု ဆိုပါက (ဤသတိပဋ္ဌာန် နိဿယ)ကို အစအဆုံး တခေါက်လောက် ဖတ်ပြီးသော အချိန်မှာ သံသယ ပျောက်ပြီး ကျေနပ်မှုလည်း ရကြလိမ့်မည်ထင်ပါသည်။

## သတိပဋ္ဌာန် နိဿယ ပေါ်ထွက်လာကြောင်း

ကျေးဇူးရှင် သန်လျင် တောရ ဓမ္မာဒိ ဆရာတော် ဘုရားကြီးသည်၊ ၁၁၁၈-ခု၊ တပေါင်းလပြည့်ကျော် ၆-ရက် နေ့ကပင် ပျံလွန်တော်မူခဲ့ပါသည်။ ဘယ်လို မဘာ်မှတ်ပဲ၊ ပျံလွန်တော်မူခြင်းဖြစ်၍ တပည့် ဒကာ- ဒကာမများ မည်မျှထိ ယူကြုံးမရဖြစ်ကြမည်မှာ ဤနေရာ၌ အထူးရေးနေဖွယ် မလိုတော့ပါ။

ဆရာတော်ဘုရား၏ လက်တော်တင်ရှား ရှိစဉ်က၊ ဤအမှာ ရေးသူသည် နေ့စဉ်မျက်နှာသစ်တော်ရေ ကပ်ရပါသည်။ တနေ့သောအခါတွင် မျက်နှာသစ် ရေ ကပ်ရင်းမှ ဆရာတော်ဘုရား အမိန့်ရှိပါသည်။

"ချောက်ဆွမ်းခွာ ကြေးမောင်းခေါက်လျှင် အနော်ရှာဘက်က အရှက်ရောင် (အနီတော်)ကို မြင်နေခေါက်ကြ မိုးအုံ့နေလျှင် ငှက်သံတော့ကြားလို့ အမောင်လေး မကြာမီ ခေါင်းထဲ မှာ ငါလုံးမှာ ဒီကိစ္စကို အလေးထားကြဘူး။ တို့က အလေး ထားရမယ်။ သာသနာတော်အတွက် ရှုံးပြုတဲ့ "အရုဏတ္တပဥ္စိကာ ဋီကာ နှင့် သတိပဋ္ဌာန်နိဿယ"ကို အတော်လေး အားရတယ်"

ပျံလွန်တော်မမူမီက အမိန့်ရှိသွားသော ထိုစကားကို ဤမှာ စာရေးသူ ဘယ်တော့မှ မမေ့ပျောက်၍ ရမည်မဟုတ်ပါ။ မှန်ပါသည်၊ ဆရာတော်ဘုရားကြီးသည် ဝိနယသာသနာအတွက် အချုပ်အဆုံးအဖြတ်ဖြစ်သော အရှဏတ္ထပဋ္ဌိကာ ဋီကာကျမ်းကို စီစဉ်ရေးသား သွားခဲ့ပါသည်။ (ယခုအချိန်၌ ထိုကျမ်းကား စာအုပ်အဖြစ် ထွက်ပေါ်နေပါပြီ) ဓမ္မသာသနာအတွက် သတိပဋ္ဌာန်နိဿယကို စီစဉ်ရေးသားခဲ့ပါသည်။ ထို ၂ ကျမ်းကား သာသနာအော်အတွက် အားရလှပါသည်ဟူ၍ သူကိုယ်တိုင် ဖွင့်ပြောသွားသလို၊ သူ၏ နောက်ဆုံး ပြုစုသွားသော ကျမ်းများလည်းဖြစ်ပါသည်။

သို့သော် ဆရာတော်ဘုရား ပျံလွန်တော်မူသွားချိန်တွင် အရှဏတ္ထပဋ္ဌိကာ ဋီကာသာ မူချောအဖြစ် ပြီးစီးခဲ့ပြီး၊ သတိပဋ္ဌာန် နိဿယမှာမူကား မူကြမ်း အနေမျှသာ ပြီးစီးခဲ့ပါသည်။ ၎င်းမူကြမ်းကိုလည်း ဆရာတော်ဘုရားသည် ၁၃၃၄-ခုနှစ်လောက်ကစတင်ပြုစုမှု ပျံလွန်တော်မူချိန် ၁၃၃၈-ခုနှစ်ထိ ၄-နှစ် ကြာခဲ့ပါသည်။ ၎င်းသတိပဋ္ဌာန်နိဿယကို ပြုစုရခြင်းမှာလည်း အပေါ်ကတင်ပြ ခဲ့သော ပဲခူး ရွှေဂူဆရာတော်ဘုရားကြီးကပင် အန်လျင်ကောရမှာ တရားလာ အားထုတ်စဉ်က ''ပရိယတ်သဘောကို အလေးပေးဖော်ပြထားတဲ့ သတိပဋ္ဌာန် နိဿယတွေက ရှိနေပါပြီ၊ ပဋိပတ်သဘောကို အလေးပေး ဖော်ပြတဲ့ သတိပဋ္ဌာန်နိဿယမျိုးထွက်ဖို့ လိုနေပါသေးတယ်'' ဟူ၍ ကြံပေး တိုက်တွန်း ချက်အရ ရေးသားပြုစုသွားတော် မူခဲ့ခြင်းဖြစ်ပါသည်။

## မူချောအဖြစ် ကူးယူရခြင်း

၁၃၃၈ ခုနှစ် ဆရာတော်ဘုရား ပျံလွန်တော်မူသွားခဲ့ပြီးနောက် ၂-နှစ်ခန့် တိုင်အောင် အကြောင်း အမျိုးမျိုးကြောင့် မူချောအဖြစ် မကူးယူနိုင်ပဲ ရှိနေပါ သေးသည်။ ၁၃၄၀-ခုနှစ် ဝါခေါင်လဆုတ် ၁၃-ရက်နေ့မှစ၍ မူချော ကူးယူ ရန် လေ့လာ ကြည့်ရှုမိပါတော့သည်။ ယင်းသို့ ကြည့်ရှုလေ့လာရာ၌ စာ အနက်ပေါင်း ၃-သန်းခန့်လောက်ကိုသာ မူချောအဖြစ်နှင့် တွေ့ပြီး ကျန်အနက် များ ဖိုင်တွဲ ၄ တွဲတွင် တကယ့် မူကြမ်းအဖြစ်နှင့် ကျန်နေသည်ကို တွေ့ရပါ သည်။ အစပထမတွင် အတော်လေး စိတ်ဓာတ်ကျမိသေးပြီး ထို့နောက်မှ 'သူနောက်ဆုံးပြုထားတဲ့ ကျမ်းပဲလေ'ဟူ၍ အားတင်းကာ စတင် မူချော ကူးရပါတော့သည်။

## အင်မတန် အံ့အားသင့်ရခြင်း

မူချောအဖြစ် ကူးယူလို့ ၁၀-ရက်ခန့်လောက် ရလာတဲ့အခါမှာတော့ ဘယ်လိုမှ မအံ့ဩပဲမနေနိုင်လောက်အောင်ပင်ဖြစ်ရပါတော့သည်။ အကြောင်း

ကား "ဗုဒ္ဓါပဒ်ကို ဝိဂ္ဂိုဟ် ခြောက်သောင်းကျော်ရအောင် လုပ်ဖူးပါသည်" ဟူ၍ အရိပ်အမြွက်သဘောသွားထဲမှာလည်း ပါသည်။ ဆရာတော်ဘုရားကိုယ်တိုင်လည်း မကြာခဏဆိုသလို အမိန့်တော်ရှိဖူးပါသည်။ သို့သော် အကောင်အထည်ပြနိုင်ခြင်းမျိုးမဟုတ်သဖြင့် အလေးအနက် မထားမိခဲ့ပါ။ ယခု မူချောကူးနေယင်းမှ ဝံအနက်ပေါင်း သန်းကျော်၊ သုတ်-ဝိဂ္ဂဟပေါင်း သောင်းကျော်၊ သိန်းကျော်နှင့် ပတိပဒ္ဒါန်ပေါင်းပေါင်းကို အနက်ဖော်ရာတွင်လည်း ပရိယတ်ပညာကြွယ်ဝပုံ ပရိယတ်ပညာကြွယ်ဝပုံတို့မှာ အံ့မခန်းနိုင်လောက်ပင် ဖြစ်ပါတော့သည်။ ထိုအခြေအနေမျိုးကို တွေ့ရသောအခါ တပည့်ကောင်းတဦးအနေဖြင့် ဘယ်ကဲ့သို့ ခံစားချက်မျိုးကို ခံစားရသည်ဆိုသည်ကို ဖော်ပြနေဖွယ် မလိုတော့ပါ။ ဆရာတော်ဘုရား အလွန်ကူညီသွားပြီး အကြိမ်ကြိမ်အဖန်ဖန်ဝန်ချတောင်းပန်ကန်တော့မိပါတော့သည်။ ဤနိဿယကိုဖတ်ကြသူ ပုဂ္ဂိုလ်အပေါင်းတို့လည်း ဤမိတ်ဆက်အမှာရေးသူ၏ အပုံတရာပုံ အပုံလောက် ခံစားချက်မျိုး ဖြစ်ပေါ်သောသည်ဆိုလျှင် ပျံလွန်တော်မူသွားပြီဖြစ်သော ဆရာတော်ဘုရားကြီး နောက်ဆုံးပြုစုခဲ့ရကျိုး နပ်ပြီဟူ၍ ဆိုနိုင်ဖွယ်ရှိပါသည်။

## ကြိုတင် တောင်းပန်ခြင်း

ဤမိတ်ဆက်အမှာရေးသူသည် ဆရာတော်ဘုရားကြီး နောက်ဆုံး ပြုစုတော်မူသွားသော ကျမ်းကြီးကို ညီညွတ် ကောင်းနိုင်မည် ကောင်းအောင် အပေါ် နှိုင်းဆို ကြိုးစားပြီး မူချောအဖြစ် ကူးပေးပါသည်။ ယင်းအတွက် တချို့နေရာများတွင် ပမာဒဖြစ်မိ၍ ကူးယူမိသည်များလည်း ရှိကောင်းရှိပါမည်။ ယင်းအတွက် ဤနိဿယတွင် တစုံတရာ ချွတ်ယွင်းချက်ပါခဲ့ပါက မူကြမ်းမှ ပြုစုသွားတော်မူသော ကျေးဇူးရှင် သန့်လျင်တောရ ဓမ္မပါဒီ ဆရာတော်ဘုရား၏ တာဝန်မဟုတ်ပဲ ဤမိတ်ဆက်အမှာရေးသူ၏တာဝန်သာ ဖြစ်ပါကြောင်း ကြိုတင်၍ တောင်းပန်အပ်ပါသည်။

## တာဝန်တရပ် ပြီးဆုံးခြင်း

အားကိုးယုံကြည်ရှိသော ဤနိဿယကို ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အချောကိုင်နိုင်သောအဆင့် ရောက်ပါက ဤထက် ပြည့်စုံကောင်းမွန် ခန့်ညားသော နိဿယအဖြစ် ပေါ်ထွက်လာမည်ဟူ၍ ယုံကြည်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော်ဘုရား စာရေးသောမူကြမ်းကို ကြည့်ခြင်းအားဖြင့် စာရေးမည်က ခံစားနှုတ်ချိုး ယခုလောက် ဖြန့်ထုတ်ဖို့ စိတ်ကူးပေါ်ခဲ့ဟန် မတူခဲ့ပေ။ ရေးယင်း ရေးယင်းမှ ဉာဏ်ပွားလာပြီး ဤမျှလောက် ဖြန့်ထုတ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်းဖြစ်ပေသည်။ မည်သို့ပင်ဆိုစေ ဤမျှဖြင့်လည်း ပြည့်စုံသလောက် ပြည့်စုံနေပြီဖြစ်၍ ဤနိဿယကို ဖတ်ရှုသုံးစွဲမှုဖြင့်လည်း သာဘိဉာဏ်နှင့် အလုပ်

**သမားတော့အဖို့** အလုပ်လုပ်ဘတ်သွားရုံတွင်မက မြန်မာစာ ပရိယာယ်ကြွယ်ဝခြင်း၊ သုဒ္ဓ၊ ပရိယတ်ပညာ၊ ပဋိပတ်ပညာတွေပါ တယ်ကြီး ရသွားနိုင်လိမ့်မည်ဟူ၍ မျှော်လင့်မိပါသည်။ ဤသို့ဆိုလျှင် ဆရာတော်ဘုရား ပျံလွန်တော်မူသွားပြီးသည့်နောက်ပိုင်း ဆရာတော်ဘုရား၏ ရည်ရွယ် မျှော်မှန်းချက်များကို **မကွယ်ပျောက်စေမူ၍** လုပ်သင့်လုပ်ထိုက်သော တာဝန်တရပ်ကို ပြီးဆုံးအောင် လုပ်နိုင်လိုက်ပြီဟူ၍ နှစ်သိမ့်ကြည်နူးမိသည်နှင့်အတူ-

"ယတ္တ ဒဂ္ဂေ ဝိသမိဝ ပရိဏာမေ အမြိတောပမံ" "အကြင် အတတ်ပညာနှင့် တရားရစေနိုင်သော နည်းလမ်းကိုစွဟူသရွေ့သည် အစပထမလုပ်ရာ၌ 'အဆိပ်'ကဲ့သို့ဖြစ်၍ နောက်၌ကား 'အမြိတ်သုခါဘုတ်'ကဲ့သို့ ဖြစ်လေသည်" ဟူသော—

ဟိန္ဒူဂီတာကျမ်းလာ စကားအတိုင်း ဤ (ဘဂဝါပဋ္ဌာန်နိဿယ) သည်လည်း **အစပထမ၌** စာဖတ်သူများအဖို့ 'အဆိပ်'ကဲ့သို့ ဖြစ်ကောင်းဖြစ်နေဦးမည် ဖြစ်သော်လည်း၊ 'ကြာလေ ကောင်းလေ'ဟူသော မြန်မာစကားကဲ့သို့ ကြာလေသည်နှင့်အမျှ နောက်ထပ် ဤနိဿယကျမ်းမျိုး ထွက်ပေါ်နိုင်တော့မည် မဟုတ်တော့သဖြင့် ကြာလေ ကြာလေ 'အမြိတ်သုခါဘုတ်'ကဲ့သို့ ဖြစ်လာမည်မှာ မလွဲ။ ဆရာတော်ဘုရား ပြုစုတော်မူခဲ့သော အရိယာဘုံသွား၊ ဝိပဿနာဘုံသွား စသော ကျမ်းစာများလည်း ထိုကဲ့သို့ပင် မလွဲဟူ၍ ယုံကြည်လျက် ကျေးဇူးသိတတ်သော တပည့်များအဖြစ် ထမ်းဆောင်သင့် ထမ်းဆောင်**ထိုက်**သော တာဝန်တရပ်ကို **ထမ်းဆောင်**ပြီးသည့်နည်းတူ ကျေးဇူးရှင် ဆရာ**တော်ဘုရားအား** ဤမိတ်ဆက်အမှာစာဖြင့်လည်း ပူဇော်လိုက်ရပါသတည်း။

ကျေးဇူးရှင် သန်လျင်တောရ ဓမ္မဝါဒီ ဆရာတော်ဘုရားကြီး၏ တပည့်

**ဟိတေသီနေလ**
(အရှင် နိပုဏ)
**သန်လျင်တောရ**

၁၃၃၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း
၉-ရက်၊ ဗုဒ္ဓဟူး (၈-၁၁-၇၀)

## ပဋ္ဌိစ္စသမုပ္ပါဒ် အလင်းပြကျမ်းအပေါ်
# ရွှေဂူဆရာတော်၏ ဝေဖန်စာ

သန်လျင်တောရဆရာတော်၏ ပဋ္ဌိစ္စသမုပ္ပါဒ် အလင်းပြကျမ်း၊ ကြည့်ရှု ပြီးဆုံးချိန်မှာ ထင်မြင်ချက်စာလွှာတခု ပြန်ကြားစေလို၍ ပါသည်ဟူသော အမိန့် အရ ပြန်ကြားလိုက်ပါသည်။

လယ်ဟီဆရာတော်၏ ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီ ညောင်လေးပင်ဆရာတော်၏ ပဋ္ဌိစ္စသမုပ္ပါဒ်အရသာ မဟာစည်ဆရာတော်၏ ပဋ္ဌိစ္စသမုပ္ပါဒ် ကျမ်းစာအုပ် စသည်တို့ကို ကြည့်ရှုခဲ့ရသည်မှာ ပရိယတ်အခနနဲ့ ရေးသားကြသည်ကို တွေ့ရ ပါသည်ဘုရား။ တပည့်များ ရေးလဲ ဤနည်းနှင်နှင်ပဲ ရေးနိုင်ပါမည်ဘုရား။ တပည့်သည် သူတပါး၏စာအုပ်၌ အပြစ်ရှာလေ့ရှိ၍ တွေ့သော်လည်း မပြောပဲ နေမှု များ၏။ မိစ္ဆာပဋိပဒါခန်းကို ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံဆရာတော် ကြီး ရေးသားသော (၁၂၆၆)ခုနှစ်မှ ရိုက်နှိပ်သော ဆိဒ္ဓပိဓာနကျမ်း ၄၃ မြောက် မာတိကာစဉ်၌ ရင်းပါဠိတော်နှင့် အဋ္ဌကထာဋီကာ ကိုးကား၍ ဘဝ ၃ ပါး တောင်တပြီးဖြစ်စေတဲ့ ကုသိုလ်မှန်လျှင် အာဘီညာဉ်ငါးပါး၊ သမာ ပတ်(၈)ပါးပင် ဖြစ်လင့်ကစား ဝဋ္ဋနိဿိတ၊ ဝဋ္ဋပက္ခိယ၊ ဝဋ္ဋသိသဖြစ်၍ မိစ္ဆာပဋိပဒါမည်ပုံ ဝိဝဋ္ဋနိဗ္ဗာန် တောင့်တ၍ဖြစ်စေသော ကုသိုလ်ဆိုလျှင် ယာဂု-တယောက်ချို ဟင်းရွက်တဆုပ်မျှ ဖြစ်စေဦးတော့ သမ္မာပဋိပဒါ ဟု(ထာ) ဖွင့်သမျှဖြင့် စာရေးဆရာရော စာဖတ်သူတို့ပါ ဤမျှဖြင့် ရင်းသုတ်အဓိပ္ပာယ် ဆုံးနေရပါသည်။ ဗုဒ္ဓအလိုတော်ကျ မဆုံးနိုင်သေးဟု ယခု ပဋ္ဌိစ္စသမုပ္ပါဒ် အလင်းပြကျမ်းစာကလေး တွေ့ရမှ သဘောပေါက်နေပါသည်။

ဤသို့ ရေးသားသောစာအုပ်မျိုး မတွေ့ရသေးပါ။ ပဋိပတ်သမားယောဂီတို့ လွန်စွာ အားရှိစရာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်တွန်ပုံ၊ တန့်ပုံ၊ ရပ်ပုံ၊ ပြတ်ပုံတို့ကို တွေ့ရ၍ ထိုစာအုပ်ငယ်သည် ပဋိပတ်အား၊ ထုတ်သော ယောဂီတို့ အထူး သဘောကျပေ မည်၊ အားတက်ပေမည်။ ပရိယတ် ကျမ်းစာတတ်တို့လဲ လှုပ်ရှားနိုင်ပါ

ကြောင်းကို ထင်မြင်ချက် ရေးသား လျှောက်ထားလိုက်ပါသည်။ အထူး လျှောက်ထားလိုသည်မှာ သတိပဋ္ဌာန်ပါဠိတော်၏ ကတ္တား ဓိပ္ပာယ စသည် တို့ဖြင့် ပဋိပတ်လမ်းစဉ်ပါအောင် ပရိယတ်နည်းမျိုးမဟုတ်ပဲ လုပ်ငန်းပါ ပါလာအောင် သတိပဋ္ဌာန ဗုဒ္ဓဝါဒီလမ်းစဉ် ကျမ်းကြီးတခုတော့ ရေးသား ဖြစ်အောင် ရေးဘော်မူရန် တောင်းပန်အပ်ပါသည် ဘုရား။ ဆရာတော် လိုအပ်သည်ဆိုသော စာအုပ်တို့ကို စာအုပ်ဘက်ဆိုင်ရာတို့အား ရှာဖွေ စိစစ် ခိုင်းထားပါသည်ဘုရား။ အမိန့်အရ ထင်မြင်ချက် အနည်းငယ် ရေးသား လိုက်ပါသည်။ ဗုဒ္ဓဝါဒအစစ်အမှန် ပျံ့နှံ့ရေး အောင်မြင်ပါစေကြောင်း ဆုတောင်းလျက်....

ရွှေဂူ အရှင်ဉာဏာလင်္ကာရ
ပဲခူး။

### သတိပဋ္ဌာနသုတ် ပါဠိတော်နိဿယ

# မှတ်သားဖွယ်ရာ မာတိကာအကျဉ်းချုပ်

## နိဒါန်းပိုင်း

စာမျက်နှာ (၁) မှ စာမျက်နှာ (၄) ထိ ပါရှိသော နိဒါန်းပိုင်း၌ သတိပဋ္ဌာန်နိဿယ ထွက်ပေါ်လာခြင်းအကြောင်း နိဒါန်းနှင့်တကွ တည်ပြတ်သူ အမြင်များ ရွှေဂူဆရာတော်၏ ဝေဖန်စာ စသည် ပါဝင်သည်။

## ဧဝံ အနက်များကို ဖော်ပြရာအပိုင်း

ဤအပိုင်းသည် စာမျက်နှာ(၅) မှ စာမျက်နှာ (၂၇)ထိ ပါရှိသည်။ ဤအပိုင်း၌ ရှင်မဟာကဿပ စိစစ်ပုံများ ရှင်အာနန္ဒာ ပြန်လျှောက်ထားပုံများ။ ဧဝံနိပါတ်ပုဒ်၏ အနက်များ။ ဧဝံ၏ ဥပမာနက် ၄ သိန်းကျော်။ ဧဝံ၏ သဒိသနက် ၂ သန်းကျော်။ ဧဝံ အနက်ပေါင်း ၃ သန်းခန့် စသည် ပါဝင်သည်။

## သုတံအနက်များကို ဖော်ပြရာအပိုင်း

ဤအပိုင်းသည် စာမျက်နှာ(၂၈) မှ စာမျက်နှာ (၃၃)ထိ ပါရှိသည်။ ဤအပိုင်း၌ သုတံ၏ အကျဉ်းချုပ်အနက်။ အကျယ်အနက်။ သာမန သတ္တိအနက်။ ဝါစက သတ္တိအနက်။ သုတံ-အနက်ပေါင်း ၁၆၀၀ ကျော် စသည်ပါဝင်သည်။

## သုတံ၏ သဒ္ဒါနယ်ပိုင်းဆိုင်ရာ ဝိဂ္ဂဟများအပိုင်း

ဤအပိုင်းသည် စာမျက်နှာ(၃၄)မှ စာမျက်နှာ(၅၈)ထိ ပါရှိသည်။ ဤအပိုင်း၌ သုတံ၏ သပဒဓာတုဝိဂ္ဂဟများ အသပဒဓာတုဝိဂ္ဂဟများ ဥပသာရပုဒ် တထပ်နှင့်တွဲ၍ ဓာတုဝိဂ္ဂဟဖော်ပုံနည်းစနစ်များ။ ဥပသာရပုဒ် ၂ ထပ်နှင့်တွဲ၍ ဓာတုဝိဂ္ဂဟဖော်ပုံများ။ ဓာတွတ္ထ ဝိဂ္ဂဟ ဖော်ယူပုံများ။ သုတံဝိဂ္ဂဟပေါင်း သောင်းကျော် သိန်းကျော် ဖြစ်လာပုံများ စသည်ပါဝင်သည်။

## ဧဝံ မေ သုတံ အနက်ပေးပြပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၅၈) မှ စာမျက်နှာ (၆၅)ထိ ပါရှိသည်။ ဤအပိုင်း၌ က။ ဧဝံ မေ သုတံ။ ခ။ ဧဝံ သုတံ မေ။ စသည်ဖြင့် ၆ ဝါကျခွဲကာ တဝါကျလျှင် ၃–၄ မျိုးစီဖြင့် အမျိုးပေါင်း ၃၀ ကျော်

ထိ ရေခွက်ကို မှောက်လှန်ဘိသကဲ့သို့ အနက်ပေး သဒ္ဒါပညာဖြင့် အပြန်ပြန် အလှန်လှန် ကစားပြထားပုံများ စသည် ပါဝင်သည်။

## ကုသလ ကုသလံ ရှင်းပြပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၈၈) မှ စာမျက်နှာ (၁၀၇) ထိ ပါရှိသည်။ ဤအပိုင်း၌ "ကော သမယံ ဘဂဝါ ကုသလ ဝိဟရတိ ကမ္မာ သမ္မနာမ ကုသလံ နိဂမေ" ဟူသော နိဒါနပါဠိတော်၏ သဒ္ဒါနက်များ အဓိပ္ပာယ်နက်များနှင့်တကွ။ ၎င်းပါဠိစာတော်တွင်ပါသော (ကုသလ) နှင့် (ကုသလံ) ၏ ပုဒ်တွင် 'သု' နှင့် 'နံ' ဟူ၍ ဗဟုဝုစ် ဝိဘတ် တိုက်ရိုက်ရှိနေသဖြင့် မြန်မာပြန်ဆိုရာ၌ ဗဟုဝုစ်ပင် ပြန်ရမည်ဖြစ်ရာ အချို့ပညာရှိများက ဧကဝုစ်ဖြင့် ပြန်ထားသည်မှာ မသင့်လျော်ကြောင်းကို သဒ္ဒနယ အတ္ထနယ သဘာဝနယ အာဂမနယ တို့ဖြင့် စုံလင်စွာ ရှင်းပြထားပုံများ စသည် ပါဝင်သည်။

## သတိပဋ္ဌာန်လေးပါး ဥဒ္ဒေသပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၁၀၈) မှ စာမျက်နှာ (၁၂၃) ထိပါရှိသည်။ ဤအပိုင်း၌ ဧကာယနော- စသော အကျဉ်းပြပါဠိတော်၏ အနက်များနှင့်တကွ၊ ဧကာယနောပုဒ်ကို သဒ္ဒနယ အတ္ထနယ ခင်း၍ အနက်ပေးထားပုံများ၊ ဧကာယနအရ ရှင်းလင်းချက်များ။ သတ္တာနံ ဝိသုဒ္ဓိယာ၌ သတ္တာနံအရ ဖော်၍ အနက်ပေးပုံများ။ အကျိုး ၂ ချက်၊ ၅ ချက်၊ ၇ ချက်အရတို့ကို ရှင်းလင်းချက်များ။ ဥဒ္ဒေသပိုင်းဆိုင်ရာ သတိပဋ္ဌာန်လေးပါးကို ပရိယတ် ပဋိပတ် ၂ သွယ်ခင်း၍ အနက်ပေးပုံများ စသည် ပါဝင်သည်။

## နိဒ္ဒေသပိုင်းဆိုင်ရာသတိပဋ္ဌာန်လေးပါး

## ကာယာနုပဿနာ အာနာပါနပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၁၂၄) မှ စာမျက်နှာ (၁၃၅) ထိ ပါရှိသည်။ ဤအပိုင်း၌ အာနာပါနကို သဒ္ဒထအခနဖြင့် အနက်ပေးပုံများ။ ဝိပဿနာအခနဖြင့် အနက်ပေးပုံများကို ပရိယတ် ပဋိပတ် ၂ နည်းဖြင့် ချယ်လှယ်၍ အနက်ပေးပုံများ စသည် ပါဝင်သည်။

## ကာယာနုပဿနာ ဣရိယာပထပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၁၃၅) မှ စာမျက်နှာ (၁၄၇) ထိ ပါရှိသည်။ ဤအပိုင်း၌ ဣရိယာပုထ်လေးပါးကို ဇာနာတိ သိ အနက်များ။

ပဇာနာတိ သိအနက်များ၊ ပရိယတ် သိအနက်များ၊ ပဋိပတ်သိ အနက်များ စသည်ဖြင့် စေ့စေ့ဆာဆာ အနက်ဖော်ထားခြင်းနှင့်တကွ ဣရိယာပုထ် ၄ ပါးကို ဗုဒ္ဓရှင်တော်က "ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ" စသည်ဖြင့် အကျယ်ရှုနည်းပြပြီးနောက် "ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ တထာ တထာနံ ပဇာနာတိ" ဟူ၍ တဖန်အကျဉ်းရှုနည်းကို ပြထားပြန်ရာ ယင်းအကျဉ်းရှုနည်းပြ (ယထာ ယထာ ဝါ ပနဿ ကာယော) ပါဠိတော်တွင် (ကာယော)အရ (ဣရိယာပုထ် ၄ ပါး ကာယကိုသာ) ယူရမည်ဖြစ်ပါလျက် အချို့ပညာရှိများက ဣရိယာပုထ် ကာယမှတပါး တခြားသော ကာယတွေကို လည်း ယူသင့်ကြောင်းဆိုထားချက်ကို ဣရိယာပုထ်ကာယမှလွဲ၍ တခြား ကာယတွေကို မယူသင့်ကြောင်းကို သဒ္ဒနယ အတ္ထနယ သဘာဝနယ အာဂမနယ တို့ဖြင့် စုံလင်စွာ ရှင်းပြထားပုံများ၊ ဋီကာဆရာ၏ ပုရိမနယောဝါ၌ ဝါတနည်းအရ ဆိုလိုချက်များနှင့် ဋီကာဆရာက သဒ္ဒါပညာ ကြွယ်ဝပုံများကို ရှင်းလင်းချက်များ" စသည် ပါဝင်သည်။

## ကာယာနုပဿနာ သမ္ပဇညကာယပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၁၉၇) မှ စာမျက်နှာ (၂၁၄) ထိ ပါရှိသည်။ ဤအပိုင်း၌ သမ္ပဇညကာယရှုကွက်ပေါင်း ၂၂ မျိုးလုံးကို ဝိပဿနာပညာသိအနေဖြင့် ပရိယတ်နယ်သိအနက် ပဋိပတ်နယ်သိအနက် ဟူ၍ခွဲခြားပြီး လုပ်ထုံး လုပ်နည်းနှင့်တကွ အသေးစိတ်ဖော်၍ အနက်ပေးထားပုံများ စသည် ပါဝင်သည်။

## ကာယာနုပဿနာ ပဋိကူလ မနသိကာရပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၂၁၅) မှ စာမျက်နှာ (၂၂၄) ထိ ပါရှိသည်။ ဤအပိုင်း၌ ၃၂ ကောဋ္ဌာသလုံးကို ဝိပဿနာပညာသိ အနက်ပေးခြင်းမျိုးကို ချန်လှပ်ပြီး သမထ သမာဓိကို အဓိကဦးတည်ထားကာ သမထ သမာဓိမျိုး လွယ်ကူစွာ ထူထောင်နိုင်အောင် ရုပ်လုံးဖော်ပေးထားပုံများ စသည် ပါဝင်သည်။

## ကာယာနုပဿနာ ဓာတုမနသိကာရ ကာယပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၂၂၅) မှ စာမျက်နှာ (၂၄၂) ထိ ပါရှိသည်၊ ဤအပိုင်း၌ ဓာတ်ကြီးလေးပါးစလုံး၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်များကို ပေါ်လွင်အောင် အသေးစိတ်ဖော်၍ အနက်ပေးထားပုံများ၊ ပရိယတ်နယ်သိ ပဋိပတ်နယ်သိများကို ပေါ်လွင်စေ၍ အနက်ပေးထားပုံများ၊ သမထ

သမာဓိမျိုး ထူထောင်ရန် ဦးတည်အနက်ပေးထားခြင်းမျိုး မဟုတ်ပဲ ဝိပဿနာပညာသိမျိုး ဖြစ်ပေါ်လာစေရန်ကိုသာ ဦးတည်အနက်ပေးထားပုံများ။ ဝိပဿနာပညာသိမျိုး ဖြစ်ပေါ်လာစေလိုလျှင် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် သုံးတန်သော အနက်လက္ခဏာအရဖြစ်သော ပရမတ္ထသဘာဝကိုသာ ရှုပွားသင့်ကြောင်းကို ပေါ်လွင်စေ၍ အနက်ပေးထားပုံများ စသည် ပါဝင်သည်။

## ကာယာနုပဿနာ နိဒ္ဒေသဝဏ္ဏနာပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၂၄၃) မှ စာမျက်နှာ(၂၅၃) ထိ ပါရှိသည်။ ဤအပိုင်း၌။ မိမိကိုယ်ကို အသုဘ အပုပ်ကောင်အဖြစ် လွယ်ကူစွာ ရှုပွားနိုင်အောင်၊ လူသေကောင်များ၏ သရုပ်ကိုပေါ်လွင်အောင် ၉ မျိုး အထိ အနက်ဖော်ပေးထားပုံများ စသည် ပါဝင်သည်။

## ဝေဒနာနုပဿနာပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၂၅၄) မှ စာမျက်နှာ (၂၆၇) ထိ ပါရှိသည်။ ဤအပိုင်း၌ ဒုက္ခ သုခ မနသိကာရ သညာ စသည်တို့နှင့် ဝေဒနာသည် တခြားစီဖြစ်ပုံများ၊ သာယာသည်။ ကြည်နူးသည်။ ထုံသည်။ ကျင်သည်၊ အောင့်သည်။ ညောင်းသည်။ ကိုက်သည် ဟူသည် ဝေဒနာမဟုတ်ပုံများ စသည်တို့ကို အများသိအနက်။ ယောဂီသိအနက်ဟူ၍ ခွဲခြားကာပေါ်လွင်စေလျက် အနက်ပေးထားပုံများ စသည် ပါဝင်သည်။

## စိတ္တာနုပဿနာပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၂၆၈) မှ စာမျက်နှာ (၂၇၆) ထိပါရှိသည်။ ဤအပိုင်း၌ ၁၆ မျိုးသော စိတ်တို့၏ သဘာဝ အခြေအနေကို ပေါ်လွင်အောင် ဇာနာတိသိ၊ ပဇာနာတိ သိဟူ၍ ခွဲခြားပြီး အနက်ပေးထားပုံများ စသည် ပါဝင်သည်။

## ဓမ္မာနုပဿနာပိုင်း

ဤအပိုင်းသည် စာမျက်နှာ (၂၇၇) မှ စာမျက်နှာ (၃၃၉) ထိ ပါရှိသည်။ ဤအပိုင်း၌ နီဝရဏပိုင်း ခန္ဓာပိုင်း အာယတနပိုင်း ဗောဇ္ဈင်ပိုင်း သစ္စာပိုင်း ဟူ၍ ၅ ပိုင်းရှိရာ ၅ ပိုင်းလုံးကိုပင် သူ့အပိုင်းနှင့်သူ ခွဲခြားပြီ ပရိယတ်နက်သဘော။ ပဋိပတ်နက်သဘောများကို ပေါ်လွင်စေ၍ အနက်ဖော်ပေးထားပုံများ စသည် ပါဝင်သည်။

မှတ်သားဖွယ်ရာ မာတိကာ အကျဉ်းချုပ်
ပြီးပြီ။

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်းပိုင်း | .... | ၁ |
| ဝေ့အနက်များကို ဖော်ပြရာအပိုင်း | .... | ၅ |
| သုတ်အနက်များကို ဖော်ပြရာအပိုင်း | .... | ၂၈ |
| သုတ်၏ သဒ္ဒါနယ်ပိုင်းဆိုင်ရာ ဝိဂ္ဂဟများအပိုင်း | .... | ၃၄ |
| ဝေ မေ သုတ် အနက်ပေးပြပိုင်း | .... | ၅၈ |
| ကုရုကုရုန်နှင့် ပတ်သက်၍ ဖွင့်ဆိုချက်များ | .... | ၈၈ |
| သတိပဋ္ဌာန်လေးပါး ဥဒ္ဒေသပိုင်း | .... | ၁၀၈ |
| ကာယာနုပဿနာ အာနာပါနပိုင်း | .... | ၁၂၄ |
| ကာယာနုပဿနာ ဣရိယာပထပိုင်း | .... | ၁၃၅ |
| ကာယာနုပဿနာ သမ္ပဇညကာယပိုင်း | .... | ၁၉၈ |
| ကာယာနုပဿနာ ပဋိကူလမနသိကာရပိုင်း | .... | ၂၁၅ |
| ကာယာနုပဿနာ ဓာတုမနသိကာရပိုင်း | .... | ၂၂၅ |
| ကာယာနုပဿနာ နဝသိဝထိကပိုင်း | .... | ၂၄၃ |
| ဝေဒနာနုပဿနာပိုင်း | .... | ၂၅၄ |
| စိတ္တာနုပဿနာပိုင်း | .... | ၂၆၈ |
| ဓမ္မာနုပဿနာပိုင်း | .... | ၂၇၇ |

နမော အာဒရံ

သဗ္ဗ-သမ္မာ သမ္ဗုဒ္ဓါနံ

အရဟန္တာနံ ဘဂဝန္တာနံ သတ္ထာ ဒေဝ မနုဿာနံ

သဒ္ဓမ္မတ္တာယ ဇောတနတ္ထာယ သဗ္ဗဒါတိ။

ပရိယတ္တိပညာနှင့် ပဋိပတ္တိပညာ ၂ နယ်တို့ကို

ခွဲခြားဖော်ပြပေးထားသော

# မဟာသတိပဋ္ဌာနသုတ်ပါဠိတော် နိဿယသစ်

## (က) ပရိယတ္တိပညာပိုင်း

### သဒ္ဒပညာနှင့် အတ္ထပညာဆိုင်ရာအခန်း

ဤသုတ်ဖြစ်ပေါ်လာပုံသိမြင်နိုင်ကြရန်-အရှင်မဟာကဿပ
၏

ရှေ့ပြေးစိစစ်ချက်

အထ ခေါ အာယသ္မာ မဟာကဿပေါ

အာယသ္မန္တံ အာနန္ဒံ -ဧတဒဝေါစ။

(အဋ္ဌကထာလာချက် စုရုံးပြခြင်း)

အထ ခေါ-ထိုအခါ၌၊ ဝါ-သင်္ဂါယနာကိစ္စဆောင်ရွက်ကြရန် တာဝန် ဆောင်နေ ရဟန္တာထေရ်မဟာ ပေါင်း ငါးရာတို့ ညီညာယူဆ ဆဘောတူကြ လာ ယိုချိန်ခါ၌။ ဝါ အရှင်ဥပါလိ၏ ဝိနယဆိုင်ရာ သင်္ဂါယနာကိစ္စ ပြီးဆုံး

အောင်မြင်ကြ၍ သုတ္တန်ငံမှ နှစ်ဝအရေး တာဝန်ပေးအားရာ အရှင်အာနန္ဒာအား ဆက်ကာ တတန် မေးစိစစ်ရန် ထိုချိန်သမယ၌။ ဝါ-ဝိနယဒေသနာ အဝဝ ဖြေကြားတင်ပြရန် တာဝန် တတန်ချလိုက်သည့် ဥပါလိမည်တွင် မထေရ်ရှင်အား လျှောက်တင်ရန် တာဝန်ပေးချက်ကို နှစ်သက်သဘောတူညီကြသလို သုတ္တန်ငံမှ ယင်းနှစ်ကိစ္စတို့၏ အဝယဝမိန့်သွား ဒေသနာတော်များကို ဖြေကြားတင်ပြရန်အတွက်လည်းကောင်း။ ထိုမှတလီ ဒီဃနိကာယ မဇ္ဈိမနိကာယ စသည်ခွဲအပ်နိကာယ်-၅-ရပ်တို့အနေ ဖြစ်ပေါ်ပေလတ္တံ့တို့နှင့် သီလက္ခန္ဓဝဂ္ဂ မဟာဝဂ္ဂပါထိကဝဂ္ဂ စသည်ဖုံဖုံ ဖြစ်ပေါ်လာကြပုံ ဒေသနာတော်အစုံစုံတို့ကို လွမ်းခြုံမျှော်မြင် အရပ်ရပ်သောအစီအစဉ်တွေကို ခွဲဝေအတန်တန်မျှော်ရှု၊ စီမံမှုပြုနိုင်ကြရန်အတွက်လည်းကောင်း။တာဝန်ဆောင်နေရဟန္တာမြတ်မဟာထေရ်တွေဟု ထင်ရှား၄၉၉ ပါးတို့က မြင့်မားညာဏ်ရှိ ပဏ္ဍိတအမည်သာ အရှင်အာနန္ဒာအား မြွက်ကြား ထုတ်ပြန် ဖြေလျှောက် တင်ပြရန် အရေးတာဝန်ပေးကြရာ ထိုချိန်ခါ၌။အာယသ္မာ ကဿပေါ-ပထမသင်္ဂါယနာတင်ရာ သံဃာတော်၏ ဦးစီးခေါင်းဆောင်ဖြစ်လတ် အရှင်မြတ်မဟာ ကဿပသည်၊ အာယသ္မန္တံ အာနန္ဒံ-သမုတိရနေ အရှင်အာနန္ဒာမထေရ်ကို။ ဝါ-မထေရ်အား။ တံ-စိစစ်သင့်လှ ဤအမေးခွန်းအဝဝကို။ အပေါစ-မြုပ်ချေသော် ဖေါ်ယူခက်မည်ကြောင့် သုတ်အနေ ပေါ်ပြူထွက်လာအောင် မိန့်မြွက်တော်မူလိုက်လေပြီ။ ဝါ-တင်ပြ လျှောက်ထား ဖော်ထုတ်သွားရန် ထေရ်ရဟန်းများ ၄၉၈ ပါးတို့၏ကိုယ်စား ရှေ့ဆောင်အနေအားဖြင့် မိန့်ကြားဖွင့်လှစ် မေးစိစစ်တော်မူလိုက်လေပြီ။

## မေးစိစစ်ပုံ

ဣဒံ ခေါ အာဝုသော အာနန္ဒ မဟာသတိပဋ္ဌာနသုတ္တံ

ဘာဂဝတာ ကတ္ထ ဘာသိတံ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ

ကထဉ္စ တယာ သုတန္တိ။

အာဝုသော အာနန္ဒ - ငါ့ရှင်အာနန္ဒာ။ ဣဒံ မဟာသတိပဋ္ဌာနသုတ္တံ-ရှိရင်းအနွတ္တမည်ရ ဤမဟာသတိပဋ္ဌာနသုတ်မွကို။ ကတ္ထ-ဘယ်အရပ်၌။ ဝါ-ဘယ်တိုင်း ဘယ်ခရိုင် ဘယ်မြို့ ဘယ်ဇနပုဒ် ဘယ်နယ် ဘယ်နိဂုံး ဘယ်ကျေးလက် ဘယ်ရွာ ဘယ်တောအုပ် ဘယ်ဒေသ ဘယ်လိုဌာနန၌။ ဘဂဝတာ-ဘုန်းတော်လျှံပွား မြတ်ဘုရားသည်။ ဘာသိတံ- ဟောမိန့်ကြားခဲ့သနည်း။

ကံ ပုဂ္ဂလံ-အဘယ်ခေါ်ဆို အဘယ်သို့သောပုဂ္ဂိုလ်ကို။ ဝါ-အဘယ်နယ်သား အဘယ်ပရိသတ် အဘယ်အနွယ်ဖွား အဘယ်သို့သော ပုဂ္ဂိုလ်အမျိုးစားကို။ အာရဗ္ဘ-အကြောင်းပြု၍။ ဝါ-အခြေအနေကဖန်တီး၍။ ဘာသိတံ-ဟော ကြားခဲ့ရပါသနည်း။ ကိသ္မိံ ဝတ္ထုသ္မိံ-ဘယ်သို့ဖြစ်ရင်း ဘယ်သို့သောအရေး အခင်းကြောင့်။ ဘဂဝတာ-ဘုန်းတော်သခင် ဘုရားရှင်သည်၊ ဘာသိတံ-ကမ္ဘာကုန်ကျော်သွား ဗြဟ္မာဘုံတိုင်ပြန့်ပွားအောင် ဟောညွှန်မိန့်ကြားခဲ့ပါ သနည်း။ တယာ-ကိုယ်တိုင်ကြားလာ သင်အာနန္ဒာသည်။ ဝါ-သင်အာနန္ဒာ ကိုယ်တိုင်။ ကထဉ္စ-အဘယ်သို့လျှင်။ ဝါ-ဘယ်ပုံကျင့်ပါက ဘယ်ဘုံဇာထိ မြင့်နိုင်ပုံနှင့် ဘယ်သို့ရှုပွားနိုင်ပါက ဘယ်အကျိုးတွေများပြီး ဘယ်တံခိုးတွေ ပါထွားနိုင်ပုံကိုပါ။ ခေါ်-သတိမန္တ ဇေတဒဂ်ဘွဲ့ထူးရခဲ့ပါ၍ မိမိ ရရနှင့်တိတိ ကျကျ အနေအားဖြင့်။ သုတံ-ကြားမှတ်လိုက်ရပါသနည်း။ ဝါ-တဆင့်ကြား မယူတ်၊ ကိုယ်တိုင်ထင်ရှား မြတ်ဘုရားထံမှ ဒြပ်နားနှင့် သကတ်နား ၂ ရပ် တို့ဖြင့်၊ ပြတ်သားသေချာ ကြားမှတ်လိုက်ရပါလေသနည်း။ ဝါ-ဘယ်သို့ ဟောအပ်တရားမြတ်စုကို အနုစိတ်မှတ်ဖွယ် ကျဉ်းကျယ်ခွဲခြား ဟောမိန့်သွား ခဲ့တိုင်း မှတ်သားသိတ်သွင်း ရရှိချက် ဓမ္မစုံခပင်းတို့ကို မကြွင်းမကျန်ဖွင့်ထုတ် အသင်၏ ထူးခြားလှသော ပဋိသမ္ဘိဒါဉာဏ်သမုဒ်ဖြင့် ငုံချုပ်မှတ်သား နာယူ၍ ထားလိုက်ပါသနည်း ငါ့ရှင်။ ဣတိ-ဤသို့၊ ဝါ-ဖော်ပြပါ စိစစ်ချက်တို့ အတိုင်း။ အဝေါစ-မေးစိစစ်တော်မူလိုက်လေပြီ။ ဝါ-ဝန်ဆောင်သံဃာ ၄၉၉ ပါးတို့ကိုယ်စား ဝါ-ရှိပြီး ရှိဆဲနှင့် ရှိလတ္တံ့-ဗုဒ္ဓသာသနာ့ဝန်ထမ်းရှင်နှင့်ရဟန်း တော်အားလုံးတို့ကိုယ်စား အရှင်မဟာကဿပ မထေရ်မြတ်များက ရှေ့သွားပြု ကာ အရှင်အာနန္ဒာမည်တွင် ထေရ်အရှင်အား လျှောက်တင် ထုတ်ဖော်ရေး ပြဿနာဆင်ကာမေးပြီး ဖြေရေးလွယ်ကူစေရန် အနာဂတံသဉာဏ်တော်ဖြင့် မိန့်ကြားချက် ဝစနံကို ရှေ့ပြေးအနေဖြင့် စီမံလမ်းဖော် ဖန်တီး တော်မူလိုက် လေပြီ။

## အရှင်အာနန္ဒာ၏ ပြန်ကြား လျှောက်ထားချက်

### ဘဒ္ဒန္တေ ဘန္တေ ကဿပ

ဘဒ္ဒန္တေ- လေးမြတ်ထိုက်လှ ဂုဏ်ပေါင်း ခတော်မူပေသော။ ဘန္တေ ကဿပ- အို-အရှင်မြတ်ကဿပ။ ဝါ- သုတ္တနှင့် ဓမ္မအရေး စိစစ်မေးလတ်- အို- အရှင်မြတ် ကဿပ။ ဝါ- ပထမသင်္ဂါယနာ တင်နိုင်မှု တူယှဉ်ကာ ပြုကြသည့် ငါးရာစုရဟန္တာ ထေရ်မဟာတို့ကိုယ်စား။ ဝါ- ၄၉၈- ပါး မဟာထေရ်များ၏ ကိုယ်စား နောင် သာသနာငင်နှင့် ကမ္ဘာ့ရာဇဝင်အစဉ်မှာ ဥဒါန်းတင်ကာ သိမှတ်သားကြဘို့ မြတ်ဘုရား ဒေသနာ ဖြစ်ပေါ်လာပုံ-

ခြင်းရာစုံတို့ကို ညာဏ်ခြုံကာမေးတတ်- အို- အရှင်မြတ်ကြီး ထေရ်မဟာကဿပ။ ဝါ- မြတ်ဘုရားဒေသနာ ဖြစ်ပေါ်လာပုံ အခြင်းအရာ စုံတို့ကို ဘယ်အခါက ဘယ်တိုင်း- ဘယ်ခရိုင်ဒေသ- ဘယ်ဌာနမှာ ဘယ်သူ- ဘယ်ပရိသတ်ကို အကြောင်းပြုလျက် ဘယ်အရေး ဘယ်အခင်းကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရားက ဟောမိန့်မြွက်ကြားခဲ့ပါသနည်း ဟူ၍လည်းကောင်း၊ ထို့ပြင်တပါး- ကိုယ်ပိုင်ရှိထား ငါ့ရှင်နှားဖြင့် မြတ်ဘုရားမိန့်မှာ တရားဂေါ်မမှုဒေသနာတော်ကို- စ- လယ်- ဆုံးကျ- နိဂုံးပါဝစနတိုင်- ပိုင်နိုင်မှတ်သားမည့်သို့မည်ပုံ ခြားနားပြီး- နာကြားလိုက်ရပါသနည်း ဟူ၍ လည်းကောင်း- ဤသို့စချီ သုတ်တော်လာ ပဉ္စအဝဝတို့ ဖြစ်ပေါ်လာကြပုံ အလီလီကို ညာဏ်ဝိသီတော်ငုံအုပ်- မေးခွန်းတွေ စုံလင်အောင် ထုတ်ဖော်တတ်ပေသည့် ကြီးသတတ်မြဖွဲ့ရကျော်- အို- အရှင်မြတ် မဟာကဿပထေရ် အမော်ကြီးဘုရား။

အရှင်မဟာ ကဿပ၏ မေးစိစစ်ချက်အရ အရှင်အာနန္ဒာက
ဤသုတ် ဖြစ်ပေါ်လာပုံကို
ရဟန္တာမထေရ်ကြော်-၄၉၉-ပါးတို့အား ဘုရားရှင်ဟောကြားချက်အတိုင်း
ဟောကြားရာ နယ်ပယ်တို့ကိုပါ နိဒါန်းထားပြီး
အသေးစိတ် တင်ပြလျှောက်ထားခန်း

ရွှေပြေး နိဒါန ကထာ

# ဧဝံ အနက်များကို ဖော်ပြရာအပိုင်း

## ဧဝံ မေ သုတံ

ဤ "ဧဝံ မေ သုတံ" ဝါကျ သဒ္ဒါနှင့် အနက်- ၂- ဘက်လုံးမှာပင် ဂူဠ္ဌတ္ထခေါ်ကြ တိမ်မြုပ်ကွယ်ဝှက် (ဂမ္ဘီရ) အနေဖြင့် ရှိနေချက်တို့ကို အကွက်ကျကျ နှောစလာ နာဂတ သောတုဇနတို့ နယဂ္ဂါဟ စနစ်မှန်ကို အလွယ်ဖြင့် ရနိုင်ကြစေရန် (ကေဠုဘာနှင့် နိရုတ္တိ) သဒ္ဒါဉာဏ်တို့နှင့် တွဲစပ်ပြီး ပုံစံ- ၆မျိုးခွဲကာ သဒ္ဒါသွားနှင့် အနက်သွားတို့ ခြားနားပုံကို နယ အတန် တန်သွင်း ပုံစံတွေခင်းပြီး ရှင်းပြပေးပါအံ့။

## ပုံစံ- ၆- မျိုး

(က) ဧဝံ မေ သုတံ၊
(ခ) ဧဝံ သုတံ မေ၊
(ဂ) မေ ဧဝံ သုတံ၊
(ဃ) မေ သုတံ ဧဝံ၊
(င) သုတံ ဧဝံ မေ၊
(စ) သုတံ မေ ဧဝံ။

## ဧဝံ မေ သုတံ ဖွင့်ပြပိုင်း

ယခုရှင်းပြရမည့် "ဧဝံ မေ သုတံ" ဝါကျပါ ဧဝံပုဒ်၊ မေ- ပုဒ်၊ သုတံ- ပုဒ် တို့၏ အနက်သည် လွန်စွာကျယ်ဝန်းလျက် ရှိနေသဖြင့် သိလွယ်ရန် နယနိဒဿနခေါ် နည်းညွှန် စနစ်မှန် လိုပေသည်။ ယင်း ကျယ်ဝန်းချက်တို့ကိုပင် (စနစ်ဖြင့်) မှတ်ယူပါက လွယ်ကူနိုင်ပေသည်။ ဥပမာ-

ဗုဒ္ဓဟော စာမြုပ် ပဋ္ဌာန်း ဒေသနာတော်တို့ကိုပင် စနစ်ဖြင့်သင်ယူက မှတ်ယူမှု လွယ်သလိုဖြစ်သေည်။ထို့ကြောင့် စနစ်ကို သိမြင်နိုင်စေရန် 'ဧဝံ' ပုဒ်ကို ဦးစွာ ကျမ်းဂန် သဘာဝတို့နှင့် တွဲစပ်ပြီး ခွဲစိတ်ပြသွားပါအံ့။

ဤ- ဧဝံ-ပုဒ်သည် နိပါတ်ပုဒ်မျိုး ဖြစ်နေရာ ယင်း နိပါတ်ပုဒ် တို့ သည်- 'နိပါတာ နေကာ နေကတ္ထဝိသယာ' ဟု နိရုတ္တိကျမ်းတို့ မိန့်ညွှန်ချက်အရ— "နိပါတ်ပုဒ်တို့သည် အနက်များစွာကို ဟော စွမ်းနိုင် သော သဘာဝရှိကြ သည်" ဟု ဆိုထားသဖြင့် ဤ (ဧဝံ) ဟူသော နိပါတ်ပုဒ်၏ အနက်ကို ဒီဃ နိကာယ- သီလက္ခန္ဓအဋ္ဌကထာ ဧသော အရှင်မဟာ ဗုဒ္ဓဃောသ မထေရ်ကျော် ရေး အဋ္ဌကထာတို့မှာကား—

ဧဝတ္တိ နိပါတ ပဒံ၊ အတ္ထတော ပန ဧ သဒ္ဒေါ တာဝ
ဥပမူ-ပဒေသ သမ္ပဟံသန ဂရဟဏ ဝစန သမ္ပဋိဂ္ဂဟာကာရ

နိဒဿနာ ဝဓာရဏာဒိ အနေကတ္ထပ္ပဘေဒေါ-ဟု (၈) နက်မျှ ထုတ်ပြပြီး (အာဒိအနေကတ္ထပ္ပဘေဒေါ) ပါဌ်ဖြင့် ဤ-၈-နက်မျှ မကသေး- အခြား အနက်တွေ များစွာရှိနေသေးသည်ဟု သီလက္ခန္ဓ အဋ္ဌကထာ ဗြဟ္မဇာလသုတ် ၂၇-၌ ဆိုထားပါသည်။ ထို့ပြင် သဒ္ဒနီတိဆရာ အရှင်အဂ္ဂဝံသ-မဟာထေရ် ကလည်း ၎င်းကျမ်း (တော ဒ ဝိဘာဂပိုင်း) ၃၉၄-၌လည်း၊ ယင်း သီလက္ခန္ဓ အဋ္ဌကထာနှင့် ထပ်တူ- ၈-နက်ကို ပြပြီး (အာဒိ) သဒ္ဒါဖြင့် ခြုံပြသွား ပြန်သည်။

အဘိဓာနပ္ပဒီပိကာကျမ်းမှာကား—

ဧဝံ နိဒဿနာ ... ရဏ-ပမာဒသု သမ္ပဟံသနေ။
ဥပဒေသေ စ ဝစနေ၊ ပဋိဂ္ဂါဟေ-ဝဓာရဏေ။
ဂရဟာဝယေဒ မဟပ္ပဓ ပဋိဂါမေ စ ပုစ္ဆနေ။

ဟု ၁၁-နက်မျှ တိုးချဲ့၍ ထုတ်ပြလေသည်။

ယင်း ၁၁-နက်တို့ကား-

၁။ နိဒဿနတ္ထ-ညွှန်ပြနက်။

၂။ အာကာရတ္ထ-အခြင်းအရာနက်။

၃။ ဥပမာတ္ထ-ပုံစံပြနက်။

၄။ သမ္ပဟံသနတ္ထ ရွှင်ပြနက်။

၅။ ဥပဒေသတ္ထ-သင်ပြနက်။
၆။ ဝစနပဋိဂ္ဂါဟတ္ထ-ဝန်ခံနက်။
၇။ အဝဓာရဏတ္ထ-ဆုံးဖြတ်နက်။
၈။ ဂရဟတ္ထ-ကဲ့ရဲ့နက်။
၉။ ဣဒမတ္ထ-ဣဒံသဒ္ဒါနက်။
၁၀။ ပရိဏာမတ္ထ-နှိုင်းယှဉ်နက်
၁၁။ ပုစ္ဆနတ္ထ-မေးမြန်းနက်ဟု ပေါင်း ၁၁-နက်တို့ ဖြစ်သည်။

ဤအဘိဓာန်ကျမ်းကမူ အထက်အဋ္ဌကထာပြထက် ၉-၁၀-၁၁-လာ-၃-နက်တို့ကို ပိုပြထားသည်။ သီလက္ခန္ဓဋီကာဟောင်းနှင့် ဋီကာသစ်တို့ကလည်း ဤ ၁၁ နက်ကိုပင် ဖော်ပြထားကြသည်။ ရှေးရှင်မဟာ လယ်ဓေး ဥဒါနအဋ္ဌကထာ။ ဗောဓိဝင် ၆ မှာလည်း ဤ ၁၁ နက်ပင် ညွှန်ပြထားသည်။ သို့ရာတွင် ရှေးရှင်မဟာ လယ်ဓေးက သီလက္ခန္ဓဋီကာဟောင်းတွင် (နိဂမနတ္ထ) ခေါ် အဆုံးသတ်နိဂုံးအနက်ကိုလည်း(ဣတိ)ပုဒ်နှင့်ပုံတူ ဖြည့်စွက်ပြပြန်၍ ၁၂ နက်အဖြစ် ညွှန်ပြထားတော်သည်။ ဖော်ပြပါ ကျမ်းဂန်တို့အရ ကျယ်ဝန်းသော အနက်တို့ကို ဖော်ပြနိုင်သော "ဝေ၀ံ" ပုဒ်ကို သိလွယ်အောင် ပုံစံခင်း၍ ရှင်းပြပေးပါဦးအံ့။

## (က) ပုံစံပြ ဝါကျလာ

ဝေ၀ံ မေ သုတံ
၁ ၂ ၃

### သုတံပြုဖွယ် အနက်ထုတ်ဖော်ပြပုံ ၂-မျိုး

အနက်ကိုထုတ်ဖော်ခြင်းသည် ၁။ ရှိထားပြီးသဒ္ဒါစဉ်အလိုက် အနက်ကို ထုတ်ဖော်ခြင်းတမျိုး။ ၂ လိုအပ်သောအနက်စဉ်အလိုက် အနက်ကို ထုတ်ဖော်ခြင်းတမျိုးဟု ၂ မျိုးရှိရာ၊ အဓိကအချက်သည် (လိုအပ်သောအနက်စဉ်) ရရှိရေးပင်ဖြစ်၍ သဒ္ဒါစဉ်ထက် အနက်စဉ်ကျဘို့က အရေးကြီးပေသည်။ သဒ္ဒါစဉ်လည်းကျ အနက်စဉ်လည်းကျလျှင် ပို၍ကောင်းတော့သည်။ ဤကျမ်းမှာကား "အနက်စဉ်ကျမှု" ကို အဓိကထားပေသည်။ သုံးပုဒ်မျှရှိသော ဝေ၀ံ မေ သုတံ-ဟူသော ဤဝါကျမှာကား သဒ္ဒါစဉ် မည်သို့ရှိစေကာ အနက်စဉ် ကျရန်လည်း လွယ်ကူလှ၍ အစဉ် ၂ မျိုးလုံးရနိုင်သော ၆-ဝါကျခင်းပြီး ရှင်းပြပေအံ့။

## ဝေံ မေ သုတံ
## ၁ ၂ ၃

### အကျဉ်းချုပ်အနက်

ဝေံ-ဤသို့။ မေ-တပည့်တော်သည်။ သုတံ-ကြားအပ်ပါ၏။ ဝါ-ကြားသိရပါ၏ ဘုရား။ ဤ၌ ဝေံ-၏အနက်သည် ထက်(၁၂)ထိက(နိဒဿနတ္ထ)ဖြစ်သည်။

### အကျယ်နက်ဖော်ထုတ်ယူပုံ

### ဥပမာနက်

မှတ်ချက်-ဤဥပမာနက်ကို ဖော်ထုတ်ယူရာ၌(က/သကဲ့သို့။ ခ/လိုက်သကဲ့သို့။ ဂ/နေသကဲ့သို့။ ဃ/နိုင်သကဲ့သို့) ဟူသော ရင်း ၄ နက်ကို မှတ်မိအောင် အထပ်ထပ်ဖတ်ထားပါ။ သို့မှသာ အလုပ်ပေးစနစ်ကို ကောင်းစွာသဘော ပေါက်ပေမည်။

A-ဝေံ-အနက်-၄ ပ

(၁) က။ ဝေံ ယခုလျှောက်သကဲ့သို့။
ခ။ ဝေံ-ယခုလျှောက်လိုက်သကဲ့သို့။
ဂ။ ဝေံ-ယခုလျှောက်နေသကဲ့သို့။
ဃ။ ဝေံ-ယခုလျှောက်နိုင်သကဲ့သို့။ .... ၄ နက်

တနည်း (၂) က။ ဝေံ-ယခုလျှောက်ထားသကဲ့သို့။
ခ။ ဝေံ-ယခုလျှောက်ထားလိုက်သကဲ့သို့။
ဂ။ ဝေံ-ယခုလျှောက်နေသကဲ့သို့။
ဃ။ ဝေံ-ယခုလျှောက်ထားနိုင်သကဲ့သို့။ .... ၄ နက်

တနည်း (၃) က။ ဝေံ-ယခုလျှောက်ကြားသကဲ့သို့။
ခ။ ဝေံ-ယခုလျှောက်ကြားလိုက်သကဲ့သို့။
ဂ။ ဝေံ-ယခုလျှောက်ကြားနေသကဲ့သို့။
ဃ။ ဝေံ-ယခုလျှောက်ကြားနိုင်သကဲ့သို့။ .... ၄ နက်

တနည်း (၄) ဝေံ-ယခုလျှောက်သွားသကဲ့သို့ စသည် .... ၄ နက်
။ (၅) ဝေံ-ယခုလျှောက်ပြသကဲ့သို့ စသည် .... ၄ နက်
။ (၆) ဝေံ-ယခုလျှောက်ထားသွားသကဲ့သို့ စသည် .... ၄ နက်
။ (၇) ဝေံ-ယခုလျှောက်ကြားသွားသကဲ့သို့ စသည် .... ၄ နက်
။ (၈) ဝေံ-ယခုလျှောက်ပြသွားသကဲ့သို့ စသည် .... ၄ နက်
။ (၉) ဝေံ-ယခုလျှောက်ထားပြသွားသကဲ့သို့ စသည် .... ၄ နက်
။ (၁၀) ဝေံ-ယခုလျှောက်ကြားပြသွားသကဲ့သို့ စသည် .... ၄ နက်

ဤကား မူတည် ဥပမာနက် ၄၀ ဖြစ်သည်။

ငှင်း- A- ဥပမာနက်- ၄၀- တို့ကို (ရ) နှင့် ထပ်တွဲသော် B- ဥပမာနက် ၄၀ ထပ်၍ တိုးလာနိုင်ပြန်သည်။

### B ဓဝံ အနက် ၄၀

| | | | |
|---|---|---|---|
| တနည်း | (၁) | ဓဝံ-ယခု လျှောက်ရသကဲ့သို့- စသည် .... | ၄ နက် |
| ။ | (၂) | ဓဝံ-ယခု လျှောက်ထားရသကဲ့သို့- စသည် .... | ၄ နက် |
| ။ | (၃) | ဓဝံ-ယခု လျှောက်ကြားရသကဲ့သို့- စသည် .... | ၄ နက် |
| ။ | (၄) | ဓဝံ-ယခု လျှောက်သွားရသကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၅) | ဓဝံ-ယခု လျှောက်ပြီရသကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၆) | ဓဝံ-ယခု လျှောက်ထားသွားရသကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၇) | ဓဝံ-ယခု လျှောက်ကြားသွားရသကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၈) | ဓဝံ-ယခု လျှောက်ပြီသွားရသကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၉) | ဓဝံ-ယခု လျှောက်ထားပြီသွားရသကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၁၀) | ဓဝံ-ယခု လျှောက်ကြားပြီသွားရသကဲ့သို့-စသည် .... | ၄ နက် |

ဤကား (ရ)နှင့် တွဲ၍ B ဥပမာနက် ၄၀ တိုးပုံတည်း။

တဖန် ထို A ဥပမာနက် ၄၀ တို့ကိုပင် (တိ)နှင့် တွဲပြန်သော် C ဥပမာနက် ၄၀ တိုးလာနိုင်ပြန်ပါသည်။

### C- ဓဝံ အနက်- ၄၀

| | | | |
|---|---|---|---|
| တနည်း | (၁) | ဓဝံ- ယခု လျှောက်တိ သကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၂) | ဓဝံ- ယခု လျှောက်ထားတိ သကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၃) | ဓဝံ- ယခု လျှောက်ကြားတိ သကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၄) | ဓဝံ- ယခု လျှောက်သွားတိ သကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၅) | ဓဝံ- ယခု လျှောက်ပြီတိ သကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၆) | ဓဝံ- ယခု လျှောက်ထားသွားတိသကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၇) | ဓဝံ- ယခု လျှောက်ကြားသွားတိသကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၈) | ဓဝံ- ယခု လျှောက်ပြီသွားတိ သကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၉) | ဓဝံ- ယခု လျှောက်ထားပြီသွားတိသကဲ့သို့-စသည် .... | ၄ နက် |
| ။ | (၁၀) | ဓဝံ- ယခု လျှောက်ကြားပြီသွားတိသကဲ့သို့-စသည် .... | ၄ နက် |

ဤကား တိ နှင့် တွဲ၍ C ဥပမာနက် ၄၀ တိုးပုံတည်း။

ထို့ပြင် ထို A ဥပမာနက် ၄၀ တို့ကိုပင် (ရတိ) နှင့် တွဲပြန်သော် D ဥပမာနက် ၄၀ တိုးလာနိုင်ပြန်ပါသည်။

## D ဝေ အနက် ၄၀

| | | | | |
|---|---|---|---|---|
| တနည်း | (၁) | ဝေ- ယခုလျှောက်ရတိ သကဲ့သို့- စသည် | .... | ၄ နက် |
| ॥ | (၂) | ॥ ယခုမလျှောက်ထားရတိ သကဲ့သို့- စသည် | .... | ၄ နက် |
| ॥ | (၃) | ॥ ယခုလျှောက်ကြွားရတိ သကဲ့သို့-စသည် | .... | ၄ နက် |
| ॥ | (၄) | ॥ ယခုလျှောက်သွားရတိ သကဲ့သို့- စသည် | .... | ၄ နက် |
| ॥ | (၅) | ॥ ယခုလျှောက်ပြုရတိ သကဲ့သို့-စသည် | .... | ၄ နက် |
| ॥ | (၆) | ॥ ယခုလျှောက်းထားသွားရတိသကဲ့သို့-စသည် | .... | ၄ နက် |
| ॥ | (၇) | ॥ ယခုလျှောက်ကြွားသွားရတိသကဲ့သို့-စသည် | .... | ၄ နက် |
| ॥ | (၈) | ॥ ယခုလျှောက်ပြုသွားရတိ သကဲ့သို့-စသည် | .... | ၄ နက် |
| ॥ | (၉) | ॥ ယခုလျှောက်ထားပြုသွားရတိသကဲ့သို့-စသည် | .... | ၄ နက် |
| ॥ | (၁၀) | ॥ ယခုလျှောက်ကြွားပြုသွားရတိသကဲ့သို့-စသည် | .... | ၄ နက် |

ဤကား (ရတိ)နှင့် တွဲ၍ D ဥပမာနက် ၄၀ တိုးပုံတည်း။

### ဖော်ထုတ်ပြီး အနက်တို့ကို စုရုံးပြချက်

ဝေ- ပုဒ်ကို (ယခုလျှောက်သကဲ့သို့)ဟု မှတ်ပြီး (လိုက်နေနိုင်) တို့နှင့် တွဲ၍ ၄ နက် ဖြစ်လာပုံရပ်။ ၎င်း ၄ နက်တို့ကို (ထား ကြွား သွား ပြု) တို့နှင့် တွဲစပ်၍ A ဝေ အနက် ၄၀ ဖြစ်ပေါ်လာပုံတရပ်။ ၎င်း A ဝေ အနက် ၄၀ ကို တဖန် (ရ)နှင့် တွဲစပ်၍ B ဝေ အနက် ၄၀ ပွားတက်လာပုံ တရပ်။ တဖန် ယင်း A ဝေ အနက် ၄၀ကိုပင် (တိ) နှင့် တွဲစပ်ပြန်၍ C ဝေ အနက် ၄၀ ပွားတက်ပြန်ပုံတရပ်။ထို့ပြင် ယင်း A ဝေ အနက် ၄၀ ကိုပင် (ရတိ) နှင့် တွဲ၍ D ဝေ အနက် ၄၀ ပွားတက်လာပုံ တရပ်အားဖြင့်-

A ဝေ အနက် ၄၀  
B ဝေ အနက် ၄၀  
C ဝေ အနက် ၄၀  
D ဝေ အနက် ၄၀

ဟူ၍ ၄၀ လေး လီ ပေါင်းယူလိုက်သော် ဝေ-ဉ (ယခု လျှောက်သကဲ့သို့) ဥပမာနက် မှတ်သည့်ပုဒ်မှ အနက်ပေါင်း(၁၆၀) ထွက်လာပုံကို (ပဌမအဆင့် အနေ) မှတ်သားရန် ဖြစ်ပေသည်။

ထိုနောက် ဝေ ပုဒ်ကို (ယခုလျှောက်သကဲ့သို့) အနက်ဖြင့် မှတ်ပြီးသလို (ယခု လျှောက်တင်သကဲ့သို့) စသည်ဖြင့် ('တင်' နှင့်) မှတ်သည်ကာ ရှေ့ပြခဲ့ပြီး (လိုက် နေ နိုင်) တို့ နှင့် လည်း ကောင်း (ထား ကြွား သွားပြု) တို့နှင့်

လည်းဆောင်း (ရ၊ ဘိ၊ ရဘိ) တို့နှင့် လည်း ကောင်း တွဲစပ် ယူ ပြန် သော် အနက် ပေါင်း (၁၆၀)စီ အလီလီ ထွက် လာ လတ္တံ့ တို့ကို အောက် တွင် ဆက် လက်ရှုပါဦးလော့။

## အလားတူ အနက်တို့ကို ဆက်၍ ဖြန့်ထုတ်ပုံ

တနည်း (၁) ဇဝ်- ထခုလျှောက်တင်သကဲ့သို့ မှ အနက်ပေါင်း.... ၁၆၀
။ (၂) ။ ယခုလျှောက်တင်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၃) ။ ယခုတင်လျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၄) ။ ယခုတင်လျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၅) ။ ယခုလျှောက်ထားတင်ဆက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၆) ။ ယခုလျှောက်ထားတင်ဆက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၇) ။ ယခုတင်ဆက်လျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၈) ။ ယခုတင်ဆက်လျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၉) ။ ယခုပြန်ကြားလျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၁၀) ။ ယခုပြန်ကြားလျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၁၁) ။ ယခုပြန်လည်လျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၁၂) ။ ယခုပြန်လည်လျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၁၃) ။ ယခုထုတ်ဖော်လျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၁၄) ။ ယခုထုတ်ဖော်လျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၁၅) ။ ယခုဖော်ထုတ်လျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၁၆) ။ ယခုဖော်ထုတ်လျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၁၇) ။ ယခုဖော်ညွှန်းလျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၁၈) ။ ယခုဖော်ညွှန်းလျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၁၉) ။ ယခုထုတ်ညွှန်လျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၂၀) ။ ယခုထုတ်ညွှန်လျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၂၁) ။ ယခုထုတ်ယူလျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၂၂) ။ ယခုထုတ်ယူလျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၂၃) ။ ယခုပြန်ဖော်လျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၂၄) ။ ယခုပြန်ဖော်လျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀
။ (၂၅) ။ ယခုပြန်တင်လျှောက်သကဲ့သို့ မှ ။ .... ၁၆၀
။ (၂၆) ။ ယခုပြန်တင်လျှောက်ပေးသကဲ့သို့ မှ ။ .... ၁၆၀

၎င်းတို့မှ တပါး အခြားအနက်တွေလည်း များစွာရှိသေး၏။

၄၂၁၁

## ဖော်ထုတ်ပြီး အနက်တို့ကို စုရုံးပြချက်

ယင်း ဖော်ပြပါ ၂၆ ဝိကပ်မှ တဝိကပ်လျှင် အနက်ပေါင်း ၁၆၀ စီ ရှိရာ ၂၆ ဝိကပ်မှာ အနက်ပေါင်း (၄၁၆၀) တို့ ထွက်လာ၏၊ ၎င်းစုကို ရှေက ပြခဲ့ပြီး မူတည်နက် ၁၆၀ နှင့် ပေါင်းခဲ့သော် (၄၃၂၀) သော အနက်တို့ကို ရပေတော့၏။

တနည်း: အခြားဥပဒေ မောပုဒ်တို့နှင့် အနက်များ

ဧဝံ-ပုဒ်ကို (သကဲ့သို့) ဟုပေးက ဥပမာအနက်ကိုညွှန်ပြသဖြင့် - ယင်း ဥပမာအနက်ပေါင်း ၄၃၂၀ ရရှိပုံကို အထက်တွင်ကာင်ပြပေးခဲ့ပေပြီ၊ ယင်း (သကဲ့သို့) နှင့်အနက်တူဖြစ်ကြသော (သလို) နှင့် (အတိုင်း)ဟူသောအနက် တို့သည်လည်း ဤဥပမာအနက်ကိုပင် ထွန်းပြကြသဖြင့်ယင်း(သကဲ့သို့) နှင့်တန်း တူအနက်ကောကို ရနိုင်ပြန်ရာ (ဧဝံ-ယခုလျှောက်သကဲ့သို့နေရာမှာ။ ဧဝံ-ယခု လျှောက်သလိုနှင့် ဧဝံ - ယခုလျှောက်သည့်အတိုင်း) ဟု ပြောင်းလဲလိုက်က အဓိပ္ပာယ်တူပင်ဖြစ်တော့၍ (သကဲ့သို့)ဖြင့်မူတည်ရာမှာ ရခဲ့သောအနက်ပေါင်း (၄၃၂၀) တို့ကို "သလို" နှင့် "အတိုင်း" တို့မှာလည်း အလားတူ ၄၃၂၀ စီ ရရှိနိုင်ကြသည်ကို သတောအကြကြရာ၏။ ထိုအရ ဧဝံ ပုဒ်၌

၁။ သကဲ့သို့မှ ... ... ... ၄၃၂၀ အနက်။

၂။ သလိုမှ ... ... ... ၄၃၂၀ အနက်။

၃။ အတိုင်းမှ ... ... ... ၄၃၂၀ အနက်။ စိရကြရာမှ ရပ် ပေါင်းလိုက်သော် (၁၂၉၆၀) သောအနက်တို့သည် ဥပမာအနက်ကိုညွှန်ပြ သော ဧဝံ ပုဒ်မှထွက်ပေါ်လာကြသော အနက်တို့ဖြစ်တော့သည်ကို သတိပြု ကြရာ၏။

## ပင် နှင့် ပဲ ဆက်တွဲပြန်သော် တိုးလာပြန်ပုံ

တဖန်- ၎င်းအနက်ပေါင်း ၁၂၉၆၀ ကိုပင် အဆုံးမှာ (ပင်) ထည့် တွဲလိုက်သော် ၁၂၉၆၀ တိုးလာပြန်၍ (ပဲ) နှင့် တခါပေါင်းတွဲပြန်သော် ထို့အ တူ ၁၂၉၆၀ တိုးလာနိုင်ပြန်တော့သည်၊ ယင်း ၂ ရပ်ကိုမူတည် ၁၂၉၆၀ နှင့် ပေါင်းယူလိုက်ပြန်သော် ဥပမာအနက်ပေါင်း ၃၈၈၈၀ ဖြစ်လာပေတော့သည်။

## ဥပမာအနက်ပေါင်း နောက်ထပ်တိုးပွားလာပြန်ပုံ

ထို့ပြင် (ကဲ့သို့) နှင့် အနက်တူ (အမျှ အလား မခြား) ပုဒ်တို့သည် လည်းကောင်း၊ (အတိုင်း) နှင့်အနက်တူ (မသွေ မတိမ်းမရိမ်း မစောင်း မကွဲ မလွဲ) စသော ပုဒ်တို့သည်လည်းကောင်းရှိကြပေသေးသည်။

ထို့ပြင် ယင်း ( အနေ အလား နှင့် မသွေ့ မတိမ်း ) စသည်တို့၌ (ပင် နှင့် ပဲ) တို့ကို ပူးတွဲလိုက်ပြန်လျှင်၊ ဥပမာဟော အနက်တွေ များစွာ တိုးပွားလာနိုင်ပြန်ပေတော့သည်။ယင်းကို ပုံစံအားဖြင့်ထုတ်ပြရသော်-

ဥပမာ အနက်တွေ တိုးပွားလာပုံ ပုံစံများ

(၁) က။ ဇဝ်- ယခုလျှောက်သည့်အနေ။
ခ။ ။ ယခုလျှောက်သည့်အနေပင်။
ဂ။ ။ ယခုလျှောက်သည့်အနေပဲ။

(၂) က။ ။ ယခုလျှောက်သည့်အလား။
ခ။ ။ ယခုလျှောက်သည့်အလားပင်။
ဂ။ ။ ယခုလျှောက်သည့်အလားပဲ။

(၃) က။ ။ ယခုလျှောက်သည့်မခြား။
ခ။ ။ ယခုလျှောက်သည့်မခြားပင်။
ဂ။ ။ ယခုလျှောက်သည့်မခြားပဲ။

(၄) က။ ။ ယခုလျှောက်သည့်မသွေ့။
ခ။ ။ ယခုလျှောက်သည့်မသွေ့ပင်။
ဂ။ ။ ယခုလျှောက်သည့်မသွေ့ပဲ-

(၅) က။ ။ ယခုလျှောက်ချက်မှမတိမ်း။
ခ။ ။ ယခုလျှောက်ချက်မှမတိမ်းပင်။
ဂ။ ။ ယခုလျှောက်ချက်မှမတိမ်းပဲ။

(၆) က။ ။ ယခုလျှောက်ချက်မှမရိမ်း။
ခ။ ။ ယခုလျှောက်ချက်မှမရိမ်းပင်။
ဂ။ ။ ယခုလျှောက်ချက်မှမရိမ်းပဲ။

(၇) က။ ။ ယခုလျှောက်ချက်မှမကွဲ။
ခ။ ။ ယခုလျှောက်ချက်မှမကွဲပင်။
ဂ။ ။ ယခုလျှောက်ချက်မှမကွဲပဲ။

(၈) က။ ။ ယခုလျှောက်ချက်မှမပြား။
ခ။ ။ ယခုလျှောက်ချက်မှမပြားပင်။
ဂ။ ။ ယခုလျှောက်ချက်မှမပြားပဲ။

(၉) က။ ။ ယခုလျှောက်ချက်မှမခြား။
ခ။ ။ ယခုလျှောက်ချက်မှမခြားပင်။
ဂ။ ။ ယခုလျှောက်ချက်မှမခြားပဲ။

(၁၀) က။ ဝေ၀ ယခုလျှောက်ချက်မှကွဲပြားချက်မရှိ။
ခ။ ။ ယခုလျှောက်ချက်မှကွဲပြားချက် ရှိပင်။
ဂ။ ။ ယခုလျှောက်ချက်မှကွဲပြားချက်မရှိပဲ။
(၁၁) က။ ။ ယခုလျှောက်ချက်မှခြားနားချက်မရှိ။
ခ။ ။ ယခုလျှောက်ချက်မှခြားနားချက်မရှိပင်။
ဂ။ ။ ယခုလျှောက်ချက်မှခြားနားချက်မရှိပဲ။
(၁၂) က။ ။ ယခုလျှောက်ချက်မှပိုလိုချက်မရှိ။
ခ။ ။ ယခုလျှောက်ချက်မှပိုလိုချက်မရှိပင်။
ဂ။ ။ ယခုလျှောက်ချက်မှပိုလိုချက်မရှိပဲ။

## ဖော်ထုတ်ပြီး အနက်တို့ကို စုရုံးပြချက်

ယင်းဖော်ပြပါ ၁၂ ဝိကပ်မှ တဝိကပ်လျှင်-၃-နက်စီဖြင့် ၃၆ ဝိကပ်ရှိခဲ့ရာ၊ တဝိကပ်လျှင် အနက်ပေါင်း ၄၃၂၀ စီရရှိရာ ၃၆ ဝိကပ်မှာ အနက်ပေါင်း ၁၅၅၅၂၀ တို့ထွက်ပေါ်လာပြန်၏။ ၎င်းတို့ကိုရှေ့၌ရခဲ့ပြီး ၄၀၀၀၀ တို့နှင့် တပ်၍ပေါင်းလိုက်သော် ဝေ၀ ပုဒ်မှ ဥပမာ ဇောတကအနက်ပေါင်း ၁၉၄၄၀၀ သော အနက်တို့ ထွက်ပေါ်လာတော့၏။

## အခြား ဥပမာ အနက်ပြ မြန်မာစာပိုဒ်များ

အထက်ပါစာပိုဒ်တို့နှင့် အဓိပ္ပာယ်တူ ဥပမာ အနက်ကိုပင် ညွှန်ပြနေသော အခြား မြန်မာစာပိုဒ်များ ရှိနေသေးသော်လည်း အသုံးအစွဲ နည်းလှ၍ ဥပမာ အနက်အနေဖြင့် သုံးသည်ဟု အသိရောက်သူ သတိရောက်သူများ နည်းနေသဖြင့် အသိရောက် သတိရောက်ရှိကြစေရန် ဖော်ပြပေးဖို့လိုပေသည်။ ထို့ကြောင့် ယင်းအသုံးနည်းကြသော ဥပမာအနက်ပြ မြန်မာစာပိုဒ်စုထား:-

(၁) က။ ဝေ၀- ယခု လျှောက်သည့်အောက် မလျော့ မနည်း၊
ခ။ ။ ယခု လျှောက်သည့်အောက် မဆုတ် မယုတ်။
ဂ။ ။ ယခု လျှောက်သည့်အောက် မကျ မရောက်ပဲ
(၂) က။ ။ ယခု လျှောက်သည့်ထက်မပို မများ မသာ မကျော်မလွန်။
ခ။ ။ ယခု လျှောက်သည့်ထက်မပိုမများ မသာ မကျော် မလွန်ပင်
ဂ။ ။ ယခု လျှောက်သည့်ထက်မပိုမများ မသာ မကျော် မလွန်ပဲ။
(၃) က။ ။ ယခု လျှောက်ချက်ပါပုံတူ။
ခ။ ။ ယခု လျှောက်ချက်ပါပုံတူပင်။
ဂ။ ။ ယခု လျှောက်ချက်ပါပုံတူပဲ။

(၄) က။ ။ ယခု လျှောက်ချက်ပါစိတ္တူ။
ခ။ ။ ယခု လျှောက်ချက်ပါစိတ္တူပင်။
ဂ။ ။ ယခု လျှောက်ချက်ပါစိတ္တူပဲ။

(၅) က။ ။ ယခု လျှောက်ချက်ပါပုံစံတူ။
ခ။ ။ ယခု လျှောက်ချက်ပါပုံစံတူပင်။
ဂ။ ။ ယခု လျှောက်ချက်ပါပုံစံတူပဲ။

(၆) က။ ။ ယခု လျှောက်ချက်ပါပုံစံကျ။
ခ။ ။ ယခု လျှောက်ချက်ပါပုံစံကျပင်။
ဂ။ ။ ယခု လျှောက်ချက်ပါပုံစံကျပဲ။

(၇) က။ ။ ယခု လျှောက်ချက်ပါပုံစံကိုက်။
ခ။ ။ ယခု လျှောက်ချက်ပါပုံစံကိုက်ပင်။
ဂ။ ။ ယခု လျှောက်ချက်ပါပုံစံကိုက်ပဲ။

(၈) က။ ။ ယခု လျှောက်ချက်မယွင်း မပို မလွန် မကျော်။
ခ။ ။ ယခု လျှောက်ချက်မှမယွင်းပင်။
ဂ။ ။ ယခု လျှောက်ချက်မှမယွင်းပဲ။

(၉) က။ ။ ယခု လျှောက်ချက်မှမသွေ။
ခ။ ။ ယခု လျှောက်ချက်မှမသွေပင်။
ဂ။ ။ ယခု လျှောက်ချက်မှမသွေပဲ။

(၁၀) က။ ။ ယခု လျှောက်ချက်မှမယွင်းမသွေ။
ခ။ ။ ယခု လျှောက်ချက်မှမယွင်းမသွေပင်။
ဂ။ ။ ယခု လျှောက်ချက်မှမယွင်းမသွေပဲ။

(၁၁) က။ ။ ယခု လျှောက်ချက်မှသီးခြားမရှိ။
ခ။ ။ ယခု လျှောက်ချက်မှသီးခြားမရှိပင်။
ဂ။ ။ ယခု လျှောက်ချက်မှသီးခြားမရှိပဲ။

(၁၂) က။ ။ ယခု လျှောက်ချက်မှပိုလိုမရှိ။
ခ။ ။ ယခု လျှောက်ချက်မှပိုလိုမရှိပင်။
ဂ။ ။ ယခု လျှောက်ချက်မှပိုလိုမရှိပဲ။

### အနက်ချင်းညှိနိုင်းပြချက်

အထက်ပါ ၁၂ ဝိကပ်မှ ၃၆ နက်တို့သည် ရှေ့ပြခဲ့ပြီး ဥပမာ ဧဝ တက [အတိုင်း]နှင့် အနက်တူဖြစ်ကြ၍ တူ-မတူ စံဆိုးကြည့်သော်-

(၁) ဏ။ ယခုလျှောက်သည့်အနေအရသည်။ယခုလျှောက်သည့်အတိုင်းကို ဆိုလိုသည်။

(၂) ခ။ ယခုလျှောက်သည့်အလားပင် အရသည်လည်း ယခုလျှောက် သည့်အတိုင်းပင်ကို ဆိုလိုသည်။

၂ (က) ယခုလျှောက်သည်မှ ပိုလိုမရှိအရသည်လည်း ယခုလျှောက် သည့်အတိုင်းကိုပင် ဆိုလိုပေသည်။

ယင်းပုံစံကိုထောက်၍၊ ကျန်အနက်တို့ကိုလည်း[ကဲ့သို့နှင့်အတိုင်း]တို့ဖြင့် စံထိုးကြည့်သော် အနက်တူ အဓိပ္ပါယ်တူဖြစ်နေကြောင်း သိသာပေလတ္တံ့ဟူလို။

## ဖော်ထုတ်ပြီးအနက်တို့ကို စုရုံးပြချက်

အထက်ပါ ၁၂ ဝိကပ်မှ ၃၆ နက်တို့မှာ တနက်လျှင် ရှေ့ကပြခဲ့ပြီး ၄၃၂ဝ သောအနက်တို့ကိုရကြသဖြင့်၊ ယင်း ၃၆ ဝိကပ်မှာ အနက်ပေါင်း ၁၅၅၅၂ဝ တို့ကိုရရှိပေတော့သည်၊ ၎င်းတို့ကို ရှေ့ဦးရခဲ့ပြီးအနက်ပေါင်း ၁၉၄၄ဝဝ တို့နှင့်ထပ်၍ ပေါင်းလိုက်သော် ဝေ့-ပုဒ်က ညွှန်ပြသော ဥပမာ အနက်ပေါင်း ၃၄၉၉၂ဝ သောအနက်တို့ကို တွေ့မြင်နိုင်တော့သည်။

## အထူးသတိပြုရန် အချက်သုံးချက်

"တူညီချက်"ကိစ္စကို ညွှန်ပြရာမှာ ပါဠိလို ဥပမာအနေ ဥပရိက္ခာအနေ သဒိသအနေဟု ၃ မျိုးရှိရာ၊ ယင်း ၃ မျိုးတို့သည် သဘောသွားခပ်ဆင်ဆင် ဖြစ်နေ၍ မသဲကွဲပဲ ရောထွေးကာ ပြသွားတတ် ပြမှားတတ် ရှိတတ်သည်။ ထို့ကြောင့် မရောထွေးရ အပြမမှားရအောင် ပုံစံဖြင့် ခွဲပြပါအံ့။

## ပုံစံ

၁။ ဥပမာနက်-ဘုရင်ကဲ့သို့ မြွက်ကြားသည်၊
၂။ ဥပရိက္ခာနက်-ဘုရင်ပုံနှယ် မြွက်ကြားသည်။
၃။ သဒိသနက်-ဘုရင်နှင့်ပုံတူ ဝါ-တူစွာမြွက်ကြားသည်။

## ရှင်းချက်

နံပါတ် ၂ အရသည် နံပါတ် ၁ အရနှင့် အပြည့်အဝမတူညီပေ။ ဆင်တူ ရိုးမှား အနေမျှကိုသာ ဖော်ပြထားချက်မျိုးဖြစ်သည်။

နံပါတ် ၃ အရသည် နံပါတ် ၁ အရနှင့် အပေါ်ရုံတူအနေမျိုး ဝါ-ပုံတူ ခိုးချအနေမျိုးကိုသာ ဖော်ပြသည်။ တဏယ်နံပါတ် ၀ အရ မဟုတ်ပေ။ ဝါ-တစိတ်တဒေသတူမှုမျိုးကိုဆိုသည်။ တနည်းဆိုသော် အမြွာပူးချင်း၊ တူပုံမျိုးကို ဖော်ပြခြင်းဖြစ်သည်။ တထပ်တည်း တူညီမှုမျိုးကား မဟုတ်ပေ။

နံပါတ် ၁ နှင့်တန်းတူပြနိုင်သည်မှာ အခြေအနေတူသူကလည်းကောင်း၊ အခွင့်အာဏာရသူကလည်းကောင်း ပုံလုပ်ပြောဆိုမှ တူညီနိုင်ပေသည်။

ပုံစံမှာ– က။ ဟံသာဝတီဘုရင်ကဲ့သို့ အင်းဝဘုရင်က မြွက်ကြားသည်။

ခ။ ဟံသာဝတီဘုရင်ကဲ့သို့ အိမ်ရှေ့မင်းက မြွက်ကြားသည်။

ဂ။ ဟံသာဝတီဘုရင်ကဲ့သို့ အာဏာရ အဂ္ဂသေနာပတိက မြွက်ကြားသည်။

ယင်း ပုံစံအရဖြင့် နံပါတ် ၁ ဥပမာအရကို သိနိုင်ပေပြီ။

နံပါတ် ၂ ဥပရိက္ခာ၏သဘောကား–အရုပ်ကလေးက စကားပြောမယောင် ပြောသယောင်မျိုးကိုလည်းကောင်း၊ အရုပ်တခုခုက မိမိအားကြည့်နေသယောင်၊ ပြုံးပြနေသယောင်မျိုးကိုလည်းကောင်း ဆိုလိုပေသည်။ တကယ်ကားမဟုတ်ပေ။ ဥပမာပြအရကမူ တကယ့်ကိစ္စကို ဆိုပေသည်။ ဤသို့ ခြားနားပေသည်။

နံပါတ် ၃ သဒိသ၏သဘောကား တစုံတရာတူညီချက်ကို ဖော်ပြခြင်း ဖြစ်သည်။ ထို့ပြင်(နှင့်)ဟူသော စာပိုဒ်နှင့်လည်း တွဲစပ်လျက်ရှိနေ၍ သိလွယ်နိုင်ပေသည်။

ယခုကိစ္စ၌ ဇဝံ-ပုဒ်အရနှင့် သုတံ-ပုဒ်အရတို့ကို ဆက်စပ်ယူရာမှာ ဥပမာအနေနှင့်ဆက်စပ်ချက်၊ ဥပရိက္ခာအနေနှင့်ဆက်စပ်ချက်၊ သဒိသအနေနှင့် ဆက်စပ်ချက် ဟူသော သုံးမျိုးတို့အနက် ဘယ်အနေနှင့် ဆက်စပ်ချက်ကို ယူသင့်ကြောင်း သတိပြုရန်ဖြစ်သည်။

ဤအရာ၌ သုတံ-အရသည် ဘုရားရှင်တိုက်ရိုက်ဟောချက်ကို ဆိုနေသဖြင့် အရုပ်ကလေးက ပြောသယောင်မျိုး၊ အိပ်မက်ထဲမှာ ကြားမိသယောင်မျိုး ဖြစ်သော ဥပရိက္ခာအနေမျိုးကို မယူသင့်မယူထိုက်ပေ။ ဘုရားရှင် တကယ်ဟောချက်ကို ဇဝံ-ဖြင့် ပြန်ပြောနေချက်ဖြစ်၍ (ဥပရိက္ခာ)အနေ လုံးဝမသုံးရပဲ ဥပမာနှင့် သဒိသအနက်ကိုသာ သုံးသင့်သည်ဟု တထစ်ချမှတ်ရာသတည်း။

## ဥပမာဇောတက အခြား ပြန်မာစာပိုဒ်များ

အထက်တွင်ပြခဲ့သော "ဝါကျ၏အဆုံးမှာ" ထား၍သုံးရသော "သကဲ့သို့-သလို-အတိုင်း" စသော ပုဒ်တို့နှင့် အဓိပ္ပာယ်တူဖြစ်ကြသည့် ဥပမာဇောတက ဝါ-ဥပမာအနက်ပြ အခြားသောမြန်မာစာပိုဒ်တွေ (များစွာ)ရှိနေသေးလျက် သကဲ့သို့-သလို-တို့လောက် အသုံးမများကြသဖြင့်၊ ဝါ-အသုံးနည်းနေသဖြင့် သောတုဇနတို့၏ အသိဇာတ်ခုံပေါ်သို့ တက်ခွင့်မရကြ၍ မြုပ်ကွယ်နေကြရာ သုတေသီနှင့် သောတုဇနတို့မှာ သုံးနှုန်းမှုကျယ်စေ လွယ်စေရန် စနစ်နှင့်တွဲပြီး အသိဇာတ်ခုံပေါ်သို့ ဆွဲတင်ပြသွားပေအံ့။

## အသုံးနည်းသော ဥပမာဇေ တက ပုံစံများ

၁။ ဝေံ-ယစုလျှောက်သွင်းချက် အနေမျိုး။

| | | | | |
|---|---|---|---|---|
| ၂။ | ။ | ။ | ။ | အနေအစား။ |
| ၃။ | ။ | ။ | ။ | အမျိုးအစား။ |
| ၄။ | ။ | ။ | ။ | ပုံအနေမျိုး။ |
| ၅။ | ။ | ။ | ။ | ပုံအနေခြား။ |
| ၆။ | ။ | ။ | ။ | ပုံအနေအစား။ |
| ၇။ | ။ | ။ | ။ | ပုံအနေအလား။ |
| ၈။ | ။ | ။ | ။ | ပုံအနေအသွား။ |
| ၉။ | ။ | ။ | ။ | ပုံအနေအလိုက်။ |
| ၁၀။ | ။ | ။ | ။ | ပုံအနေအကိုက်။ |
| ၁၁။ | ။ | ။ | ။ | ပုံအနေအကျ။ |
| ၁၂။ | ။ | ။ | ။ | ပုံအနေတိကျ။ |
| ၁၃။ | ။ | ။ | ။ | ပုံအနေမယွင်း။ |
| ၁၄။ | ။ | ။ | ။ | ပုံအနေမဒွ။ |
| ၁၅။ | ။ | ။ | ။ | ပုံအနေမကွဲ။ |
| ၁၆။ | ။ | ။ | ။ | ပုံအနေမပြား။ |
| ၁၇။ | ။ | ။ | ။ | ပုံအနေမပြောင်း။ |
| ၁၈။ | ။ | ။ | ။ | ပုံအနေမခေါင်း။ |
| ၁၉။ | ။ | ။ | ။ | ပုံအနေမပို။ |
| ၂၀။ | ။ | ။ | ။ | ပုံအနေမလျော့။ |
| ၂၁။ | ။ | ။ | ။ | ပုံအနေယွင်းချက်မရှိ။ |
| ၂၂။ | ။ | ။ | ။ | ပုံအနေယွင်းဖောက်မရှိ။ |
| ၂၃။ | ။ | ။ | ။ | ပုံအနေလွဲချွတ်မရှိ။ |
| ၂၄။ | ။ | ။ | ။ | ပုံအနေလွဲမှားမရှိ။ |
| ၂၅။ | ။ | ။ | ။ | ပုံအနေကွဲလွဲမရှိ။ |
| ၂၆။ | ။ | ။ | ။ | ပုံအနေတသဘောတည်း။ |
| ၂၇။ | ။ | ။ | ။ | ပုံအနေတစနစ်တည်း။ |
| ၂၈။ | ။ | ။ | ။ | ပုံအနေတညီတညွတ်တည်း။ |
| ၂၉။ | ။ | ။ | ။ | ပုံအနေတထပ်တည်း။ |
| ၃၀။ | ။ | ။ | ။ | ပုံအနေတကိုက်တည်း။ |
| ၃၁။ | ။ | ။ | ။ | ပုံအနေတပြေးတည်း။ |
| ၃၂။ | ။ | ။ | ။ | ပုံအနေတစားတည်း။ |

| | | | | |
|---|---|---|---|---|
| ၃၃။ | ဝေ-ယခုလျှောက်သွင်းချက် | | | ပုံအနေတသားတည်း |
| ၃၄။ | ။ | ။ | ။ | ပုံအနေတပုံစံတည်း |
| ၃၅။ | ။ | ။ | ။ | ပုံအနေတမျိုးတည်း |
| ၃၆။ | ။ | ။ | ။ | ပုံအနေတမျိုးတစားတည်း |
| ၃၇။ | ။ | ။ | ။ | ပုံအနေတထေရာတည်း |
| ၃၈။ | ။ | ။ | ။ | ပုံအနေညက်တလက်ရာတည်း |
| ၃၉။ | ။ | ။ | ။ | ပုံအနေတဝါဒတည်း |
| ၄၀။ | ။ | ။ | ။ | ပုံအနေတသြဝါဒတည်း |
| ၄၁။ | ။ | ။ | ။ | ပုံအနေတမိန့်ခွန်းတည်း |
| ၄၂။ | ။ | ။ | ။ | ပုံအနေတဒေသနာတည်း |
| ၄၃။ | ။ | ။ | ။ | ပုံသွားတစားတည်း |
| ၄၄။ | ။ | ။ | ။ | ပုံသွားတသားတည်း |
| ၄၅။ | ။ | ။ | ။ | ပုံသွားတသဘောတည်း |
| ၄၆။ | ။ | ။ | ။ | ပုံသွားတစနစ်တည်း |
| ၄၇။ | ။ | ။ | ။ | ပုံသွားတညီတညွတ်တည်း |
| ၄၈။ | ။ | ။ | ။ | ပုံသွားတထပ်တည်း |
| ၄၉။ | ။ | ။ | ။ | ပုံသွားတကိုက်တည်း |
| ၅၀။ | ။ | ။ | ။ | ပုံသွားတပြေးတည်း |
| ၅၁။ | ။ | ။ | ။ | ပုံသွားတပုံစံတည်း |
| ၅၂။ | ။ | ။ | ။ | ပုံသွားတမျိုးတည်း |
| ၅၃။ | ။ | ။ | ။ | ပုံသွားတမျိုးတစားတည်း |
| ၅၄။ | ။ | ။ | ။ | ပုံသွားတထေရာတည်း |
| ၅၅။ | ။ | ။ | ။ | ပုံသွားညက်တလက်ရာတည်း |
| ၅၆။ | ။ | ။ | ။ | ပုံသွားတဝါဒတည်း |
| ၅၇။ | ။ | ။ | ။ | ပုံသွားတသြဝါဒတည်း |
| ၅၈။ | ။ | ။ | ။ | ပုံသွားတမိန့်ခွန်းတည်း |
| ၅၉။ | ။ | ။ | ။ | ပုံသွားတဒေသနာတော်တည်း |
| ၆၀။ | ။ | ။ | ။ | ပုံသွားတဆမ်းစဉ်တည်း |
| ၆၁။ | ။ | ။ | ။ | ပုံလို |
၄။ မေ-တပည့်တော်အာနန္ဒာသည်။ ယံ-မဟာသတိပဋ္ဌာနသုတ်တော်နှင့် စပ်သော ဒေသနာတော်အဝဂကို။ သုတံ-ဘုရားရှင်၏အထံတော်မှ ကြားသိ အပ်ပါ၏။ တံ-ထိုဘုရားရှင်၏အထံတော်မှ ကြားသိအပ်သမျှ ကိုဒေသနာ အဝဂကို။ အာရေစိတေ-အရှင်မြတ်တို့အား တင်ပြလျှောက်ထားအပ်ပါသော်။ ဧဝံ-ယခုတင်ပြလျှောက်ထားချက်အတိုင်းပင်ဖြစ်ပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၅။ မေ-တပည့်တော်သည်။ သုတံ-ဘုရားရှင်၏အထံတော်မှ ကြားသိအပ် သော။ ယံ-အကြင်မဟာသတိပဋ္ဌာနသုတ်တော်နှင့်စပ်သော ဒေသနာတော် အဝဂသည်။ အတ္ထိ-ရှိပါ၏။ တံ-ထိုဘုရားရှင်၏အထံတော်မှ ကြားသိအပ်သော ထိုဒေသနာတော်အဝဂသည်အား။ ဧဝံ-ယခုတင်ပြလျှောက်ထားချက်အတိုင်း ဖြစ်ပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၆။ မေ-တပည့်တော်သည်။ သုတံ-ဘုရားရှင်အထံတော်မှ ကြားသိအပ် သော။ ယံ-အကြင်မဟာသတိပဋ္ဌာနသုတ်တော်နှင့်စပ်သောဒေသနာတော်အဝဂ သည်။ အတ္ထိ-ရှိ၏။ တံ-ထိုဘုရားရှင်အထံမှ ကြားသိအပ်သော မဟာသတိပဋ္ဌာန သုတ်တော်နှင့်ဆိုင်ရာဒေသနာတော်အဝဂကို။ အာရေစိတေ-အရှင်မြတ်တို့အား တင်ပြလျှောက်ထားအပ်ပါသော်၊ ဧဝံ-ယခုတင်ပြလျှောက်ထားချက်အတိုင်းပင် ဖြစ်ပါသည်ဘုရား။

(ယံ-ဝါကျ ၆ နက်)

## ( င) ဝါကျပုံစံ သုတ် ဓဝံ မေ

၁။ သုတံ-ဘုရားရှင်ထံမှ ကြားသိအပ်သမျှသည်။ ဧဝံ-ယခုတင်ပြလျှောက်ထားချက်အတိုင်း။ မေ-တပည့်တော်သည်။ သုတံ-ကြားမှတ်လိုက်ရပါ၏ဘုရား။

## င-ဝါကျကို နောက်တနည်း အနက်ဖော်ပြပုံ

၂။ သုတံ-ဘုရားရှင်၏အထံတော်မှ ကြားသိအပ်သမျှကို။ အာစရိယတော-အရှင်မြတ်တို့အား လျှောက်ထားတင်ပြအပ်ပါသော်။ ဧဝံ-ယခုတင်ပြလျှောက်ထားချက်အတိုင်း။ မေ-တပည့်တော်သည်။ သုတံ-ဘုရားရှင်အထံတော်မှ ကြားမှတ်လိုက်ရပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၃။ ယံ-အကြင်သတိပဋ္ဌာန်ဒေသနာတော်နှင့်စပ်သောစကားစုကို။ သုတံ-ဘုရားရှင်၏ အထံတော်မှ ကြားသိအပ်ပါ၏။ တံ-ထိုကြားသိအပ်သောဒေသနာစုကို။ အာစရိယတော-အရှင်မြတ်တို့အား လျှောက်ထားတင်ပြအပ်ပါသော်။ ဧဝံ-ယခုတင်ပြလျှောက်ထားချက်အတိုင်း။ မေ-တပည့်တော်သည်။ သုတံ-ကြားမှတ်လိုက်ရပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၄။ သုတံ-ဘုရားရှင်အထံတော်မှ ကြားမှတ်အပ်သော။ ယံ-အကြင်ဒေသနာစုသည်၊ အတ္ထိ-ရှိ၏။ တံ-ထိုဒေသနာစုသည်။ ဧဝံ-ယခုတင်ပြချက်အတိုင်း။ မေ-တပည့်တော်သည်။ သုတံ-ကြားနာအပ်ပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၅။ သုတံ-ဘုရားရှင်အထံတော်မှ ကြားမှတ်အပ်သော။ ယံ-အကြင်ဒေသနာစုသည်။ အတ္ထိ-ရှိ၏။ တံ-ထိုဒေသနာစုကို။ အာစရိယတော-လျှောက်ထားတင်ပြအပ်ပါသော်။ ဧဝံ-ယခုတင်ပြချက်အတိုင်း။ မေ-တပည့်တော်သည်။ သုတံ-ကြားမှတ်လိုက်ရပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၆။ ယံ-ကုရုတိုင်းမှာသမ္မနိဂုံး၌ ဘုရားရှင်ဟောညွှန်အပ်သော မဟာသတိပဋ္ဌာနသုတ်တော်နှင့်စပ်သော အကြင်ဒေသနာတော်သည်။ အတ္ထိ-ရှိပါ၏။ တံ ထိုဖော်ပြပါဒေသနာတော်ကို သုတံ-ဘုရားရှင်အထံတော်မှ ကြားသိရချက်အတိုင်း။ မေ-တပည့်တော်သည်။ အာစရိယတော-တင်လျှောက်အပ်ပါသော်။ ဧဝံ-ယခုလျှောက်တင်ပြချက်တို့အတိုင်း ဖြစ်ပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၇။ ယံ-ကုရုတိုင်း ကမ္မာသဓမ္မ ဂုံး၌ ဘုရားရှင် ဟောကြားတော်မူအပ်သော မဟာသတိပဋ္ဌာနသုတ်တော်နှင့်စပ်သည့် အကြောင်းဒေသနာတော်ကို။ သုတ်-ဘုရားရှင်၏အထံတော်မှ တပည့်တော်ကြားသိအပ်ပါ၏ဘုရား။ တံ-ကြားသိအပ်သမျှ ထိုဒေသနာတော်ဆိုင်ရာ အဝဝကို။ မေ-တပည့်တော် အာနန္ဒာသည်။ အာရောစိတေ-အရှင်မြတ်တို့အား တင်ပြလျှောက်ထားရပါသော်။ ဇဝံ-ယခုတင်ပြလတ္တံ့အတိုင်းပင် ဖြစ်ပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၈။ ယံ သုတံ-အကြောင်ဘုရားရှင်ထံတော်မှ ကြားနာရချက်သည်။ အတ္ထိ-ရှိ၏။ တံ သုတံ-ထိုကြားနာရချက်ဟူသမျှကို။ မေ-တပည့်တော်သည်။ အာရောစိတေ-တင်လျှောက်ပြရပါသော်။ ဇဝံ-ယခုတင်ပြချက်အတိုင်းပင် ဖြစ်ပါသည်ဘုရား။

(င-ဝါကျ ၈ နက်)

## (ဝ) ဝါကျပုံစံ သုတံ မေ ဇဝံ

၁။ သုတံ-ဘုရားရှင်အထံတော်မှ ကြားသိရသမျှအဝဝကို။ မေ-တပည့်တော်သည်။ အာရောစိတေ-တင်ပြ လျှောက်ထားရပါသော်။ ဇဝံ-ယခု တင်ပြ လျှောက်ထားမည့်အတိုင်း ဖြစ်ပါသည်ဘုရား။

## စ-ဝါကျကို နောက်တနည်း အနက်ဖော်ပုံ

၂။ သုတံ-ဘုရားရှင်အထံတော်မှ ကြားသိအပ်သော၊ ယံ-အကြောင်း သတိပဋ္ဌာန်ဒေသနာတော်နှင့် စပ်သမျှအဝဝသည်။ အတ္ထိ-ရှိ၏။ တံ-ထိုဒေသနာအဝဝကို။ မေ-တပည့်တော်သည်။ အာရောစိတေ-တင်ပြ လျှောက်ထားရပါသော်။ ဇဝံ-ယခု တင်ပြ လျှောက်ထားမည့်အတိုင်း ဖြစ်ပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၃။ ယံ-အကြောင်းကုရုတိုင်း ကမ္မာသဓမ္မ၌ ဟောညွှန်ခဲ့သော မဟာသတိပဋ္ဌာန်သုတ်တော်နှင့် စပ်သော ဒေသနာစုကို။ သုတံ-ဘုရားရှင်အထံတော်မှ ကြားသိအပ်ပါ၏ဘုရား။ တံ-ထိုကြားသိအပ်သမျှကို။ အာရောစိတေ-တင်ပြ လျှောက်ထားရပါသော်။ ဇဝံ-ယခု တင်ပြ လျှောက်ထားမည့်အတိုင်း ဖြစ်ပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၄။ သုတံ-ဘုရားရှင်ထံမှ ကြားမှတ်အပ်သော။ ယံ-အကြင် ဒေသနာစုသည်။ အတ္ထိ ရှိ၏။ တံ-ထိုဒေသနာစုသည်။ ဝေ-ယခု တင်ပြ လျှောက် ထားမည့်အတိုင်း။ မေ-တပည့်တော်သည်။ သုတံ-ကြားနာအပ်ပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၅။ သုတံ-ဘုရားရှင်ထံမှ ကြားမှတ်အပ်သော။ ယံ-အကြင် ဒေသနာစုသည်။ အတ္ထိ ရှိ၏။ တံ-ထိုဒေသနာစုကို။ အာရောစိတေ-တင်ပြ လျှောက်ထားရပါသော်။ ဝေ-ယခု တင်ပြ လျှောက်ထားမည့်အတိုင်း။ မေ-တပည့်တော်သည်။ သုတံ-ကြားနာအပ်ပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၆။ ယံ-ဘုရားရှင် ဟောညွှန်ခဲ့သော မဟာသတိပဋ္ဌာန်နှင့်ဆိုင်ရာ အကြင် ဒေသနာတော်သည်။ အတ္ထိ-ရှိ၏။ တံ-ထိုဒေသနာတော်ကို။ သုတံ-ဘုရားရှင် ထံမှ ကြားသိရချက်အတိုင်း။ မေ-တပည့်တော်သည်။ အာရောစိတေ-တင်ပြ လျှောက်ထားရပါသော်။ ဝေ-ယခု တင်ပြ လျှောက်ထားမည့်အတိုင်း ဖြစ်ပါ သည်ဘုရား။

## နောက်တနည်းဖော်ပုံ

၇။ ယံ-ဘုရားရှင် ဟောညွှန်ခဲ့သော မဟာသတိပဋ္ဌာန်နှင့်ဆိုင်ရာ အကြင် ဒေသနာတော်ကို။ သုတံ-ဘုရားရှင်ထံမှ ကြားသိအပ်ပါ၏ဘုရား။ တံ-ထို ကြားသိအပ်သော ဒေသနာတော်ကို။ မေ-တပည့်တော်သည်။ အာရောစိတေ-တင်ပြ လျှောက်ထားရပါသော်။ ဝေ-ယခု တင်ပြ လျှောက်ထားမည့်အတိုင်း ဖြစ်ပါသည်ဘုရား။

## နောက်တနည်းဖော်ပုံ

၈။ ယံသုတံ-အကြင်ဘုရားရှင်ထံတော်မှ ကြားနာရချက်သည်။ အတ္ထိ-ရှိပါ၏။ တံသုတံ-ထိုကြားနာရချက်ဟူသမျှကို။ မေ-တပည့်တော်သည်။ အာရောစိတေ-တင်ပြ လျှောက်ထားရပါသော်။ ဝေ-ယခု တင်ပြ လျှောက် ထားချက်အတိုင်းပင် ဖြစ်ပါသည်ဘုရား။

(၈ ပုဒ် ၈ နက်)

**မှတ်ချက်။** ဤ၌ စုစုပေါင်း အနက်သည် ၂၈ မျိုးဖြစ်သည်။ ဤ ၂၈ မျိုးသည် သောတုဇန စာသင်နုပျိုတို့ သဒ္ဒါအမြင်ကျယ်အောင် နည်းရကို အပြွက် များသောက်သာ ဖော်ပေးလိုက်ခြင်း ဖြစ်သည်။ ပေးခဲ့သော အနက် ၂၈မျိုးထဲတွင် ဝေံ သုတံ အနက်ကိုဖေါ်ယူရာ၌ ရှေ့ပိုင်းကပြခဲ့သော ဝေံ အနက် ၂ သန်း ၈ သိန်း ကျော်အထိ ဖေါ်ယူနိုင်ပုံနှင့် သုတံကိုလည်း ထိုနည်းအတိုင်း ဖော်ယူနိုင်ပုံ၊ ထိုတွင်မက သုတံ ဝိဂ္ဂဟပေါင်း သောင်းကျော်ရှိရာ ထိုဝိဂ္ဂဟ သောင်းကျော်အရလည်း သုတံ၏ အနက်တွေကို ဖော်ထုတ် ယူနိုင်ကြောင်း သဘောပေါက်ကြကုန်ရာ၏။

ဝေံမေသုတံ အနက်ပေးပိုင်း တခန်းရပ်ပြီး။

ဇော် မေ သုတ်နှင့် စပ်လျဉ်း၍

# သိမှတ်ဖွယ် အပိုင်း

## အတ္ထာလင်္ကာရ နည်းဝင်ပုံ

ပြဆိုခဲ့ပြီးသော အပိုင်းများကို လေ့လာသုံးသပ်မည်ဆိုလျှင် ဇော်ကို အနက်ဖော်ရာအပိုင်း၊ သုတ်ကို အနက်နှင့် ဝိဂ္ဂဟဖော်ယူရာအပိုင်း၊ ဇော် မေ သုတ်ကို အနက်ပေးပြရာအပိုင်းဟူ၍ အပိုင်းကြီးသုံးပိုင်းကို လေ့လာ သုံးသပ်မိနိုင်ကြပေသည်။ ထိုတွင် သုတ်ကို ဝိဂ္ဂဟဖော်ယူရာအပိုင်း နှင့် ဇော် မေ သုတ် အနက်ဖော်ယူရာ ၂ ပိုင်းက သေချာကျန လေ့လာကြည့်မည်ဆိုပါက သုတ်ကို ဝိဂ္ဂဟဖော်ယူပိုင်းတွင် သုတ်ကို ဥပသာရပုဒ် ၂ ထပ်နှင့် တွဲစပ်ပြပုံကိုလည်းကောင်း၊ ဇော် မေ သုတ်ကို (၆) ဝါကျခွဲ၍ ၂၉ မျိုးအထိ အနက်ပေးပြခဲ့ရာတွင် ဇော်ကို ၂ ထပ်၊ မေကို ၂ ထပ်၊ သုတ်ကို ၂ ထပ် အနက်ပေး ပြထားပုံကိုလည်းကောင်း လေ့လာ တွေ့မြင်နိုင်ကြပေသည်။ ယင်းကဲ့သို့ ၂ ထပ် တွဲစပ်ပြ အနက်ပေး ပြလိုက်ခြင်းသည် ကေဗျာ ကမ်းလာ (ဝက်ဝုတ္တိ အတ္ထာလင်္ကာရ ၃၅ မျိုး)တို့အနက် စာပေနယ်နှင့် ပညာရှိနယ် ၂ နယ်တို့နှင့် ဆက်ဆံမှုများကြသည့်—

၁။ အာဝုတ္တိ အတ္ထာလင်္ကာရ။ ၈။ သမာဟိတ အတ္ထာလင်္ကာရ။
၂။ ဒီပက အတ္ထာလင်္ကာရ။ ၉။ ဝိသေသ အတ္ထာလင်္ကာရ။
၃။ အက္ခေပ အတ္ထာလင်္ကာရ။ ၁၀။ သိလေသ အတ္ထာလင်္ကာရ။
၄။ အတ္ထန္တရန္ယာသ အတ္ထာလင်္ကာရ။ ၁၁။ အညမည အတ္ထာလင်္ကာရ။
၅။ ဝိဘာဝနာ အတ္ထာလင်္ကာရ။ ၁၂။ သဟဝုတ္တိ အတ္ထာလင်္ကာရ။
၆။ ဟေတု အတ္ထာလင်္ကာရ။ ၁၃။ ဟိဿ အတ္ထာလင်္ကာရ။
၇။ ပိယတရ အတ္ထာလင်္ကာရ။ ၁၄။ ရသီ အတ္ထာလင်္ကာရ။

တို့နှင့် လျော်ကန်စွာ ဖွင့်ထုတ်ပြန်ဆို လိုက်သော အတ္ထဝိကပ်ခေါ် သဘာဝတ္ထအနက်များ ဖြစ်တော့သည်။

## ဝေံ ပုဒ်နှင့် စပ်၍ မှတ်ဖွယ်

### ဝေံ ပုဒ် ၏ အတ္ထ စွမ်းရည်

ဝေံ ပုဒ်သည် နိပါတ်ပုဒ် ဖြစ်ခဲ့ရာ ယင်းနိပါတ်ပုဒ်တို့မှာ "အနေ ကတ္ထ ဝါစက" အနက်များစွာတို့ကို ဟောဆိုနိုင်ကြသည် ဟူ၍လည်းကောင်း၊ "အနေ ကတ္ထ ဝိသယာ" အနက်များစွာတို့၏ နယ်ပယ်မှာ ဖြစ်နိုင်သည်ဟူ၍လည်းကောင်း၊ "ပဋိသမ္ဘိဒါ ဉာဏ ဂေါစရ" အနက်တွေ ကျယ်ဝန်းလှ၍ ပဋိသမ္ဘိဒါဉာဏ်ရှင်တို့၏ ကျက်စားရာတွ ဖြစ်သည် ဟူ၍ လည်းကောင်း၊ စာပေဉာဏ် မြင့်ဟီး ရှေးညာဏ်ကြီးတို့ မှာတမ်း ထိုးခဲ့ပုံတို့ကို သောတူဇနာတို့ ဉာဏ်ငုံနည်း မိနိုင်စေရန် တနည်းတတန်အားဖြင့် သိမှတ်နိုင်ပြန်ရန် ကျမ်းဂန် လာ ပုံစံ ၄ မျိုးတို့ကို တခါတဖန် ထုတ်ခါပြန်ပြရသော်-

#### ပုံစံ (၁)

ဥပသဂ္ဂ နိပါတာ စ၊ ပစ္စယာ စ ဣမေ တယော။
နေကေ နေကတ္ထ ဝိသယာ၊ ဣတိ နေရုတ္တိကာ ဖြစ်ုံ။

ယင်းပုံစံ (၁) သာ ဂါထာကို နျာသ ပဒရူပသိဒ္ဓိ သုတ္တနိဒ္ဒေသ ဂန္ထာဘရဏ ဗာလာဝတာရဋီကာပေါင်း မဏိသာရမဉ္ဇူသာ ဋီကာနှင့် မြန်မာပြန် သဒ္ဒါကျမ်းတို့က ကိုးကားပြကြသည်။

#### ပုံစံ (၂)

ဥပသဂ္ဂ နိပါတာ စ၊ ဓာတဝေါ ပစ္စယာ ဣမေ။
နေကေ နေကတ္ထ ဝိသယာ၊ ဣတိ နေရုတ္တိကာဖြစ်ုံ။

ယင်းပုံစံ(၂)လာ ဂါထာကို နိရုတ္တိမဉ္ဇူသာဋီကာ၊ ကစ္စာယန ဝိစ ယဗျာကရဏ်းကျမ်း၊ပဒသင်္ဂဟနှင့် သဒ္ဒါကြီးနိဿယ စသည်တို့က ကိုးကားပြကြသည်။

#### ပုံစံ (၃)

ဥပသဂ္ဂါ နိပါတာ စ၊ ပစ္စယာ ဓာတဝေါ စိမေ၊
နေကာ နေကတ္ထဝါစကာ၊ ဝေံ နေရုတ္တိကာဖြစ်ုံ။

ယင်းပုံစံ(၃)လာ ဂါထာကိုကား သက္ကဋဘာသာ၊ ကာတန္တြ၊ သုရသတီ၊ ဂန္ထာဘရဏ၊ ဗျာကရဏ်း၊ ဆိဒ္ဓန္တ ကောမုဒိ ဗာလ မနောရထ ဗျာချာ၊ နိပါတာ ဗျယောပသဂ္ဂဝုတ္တိ၊ ပါဠိ ပရာကရိတဗျာကရဏ်း စသည်တို့၌ လာ ရှိကြသည်။

## ပုံစံ (၄)

မာတရော ပစ္စယာ စေဝ၊ ဥပသဂ္ဂ နိပါတကာ။
အနေကတ္ထာဝ တေပဋိ- သမ္ဘိဒါ ဉာဏဂေါစရာ။

ဤ ပုံစံ(၄) ဂါထာလာ မောဂ္ဂလာန ဗျာကရုဏ်းကျမ်း၏ အဖွင့်နိရုတ္တိဒီပနီကျမ်း၌ လာရှိလေသည်။

### ခြားနားချက်များ သတိပြုရန်

၁။ အနက်များစွာတို့ကို ဟောနိုင်သော ပုဒ်တို့ကို ပြရာ၌ နံပါတ် (၁) ပုံစံလာ ဂါထာတွင် "ဥပသာရပုဒ်၊ နိပါတ်ပုဒ်နှင့် ပစ္စယပုဒ်" ပေါင်း ၃ ပုဒ်ကိုသာ ဖော်ပြ၍ ကျန်နံပါတ် ၂-၃-၄ ပုံစံပြဂါထာတို့တွင်—

"ဥပသာရပုဒ်၊ နိပါတ်ပုဒ်၊ ပစ္စယပုဒ်၊ ဓာတုပုဒ်" ဟူ၍ ဓာတုပုဒ်နှင့်တကွ ပုဒ်လေးမျိုးကို ဖော်ပြထား၍ ခြားနားပုံတချက်၊

၂။ နံပါတ် ၁-၂ တို့မှာ 'ဥပသဂ္ဂနိပါတာစ" ဟု သမာသ်နှင့် ရှိနေ၍ နံပါတ် ၃ မှာ "ဥပသဂ္ဂါနိပါတာစ" ဟု ဝါကျနှင့်ရှိနေပုံတချက်။ နံပါတ် ၄ မှာကား "ဥပသဂ္ဂ နိပါတကာ" ဟု ဆန်းကြောင့်တမျိုး ဖွဲ့ကုံးထားပုံတချက်

၃။ နံပါတ် ၁-၂ မှာ "နေကေ နေကတ္ထ" ဟု လာရှိ၍ နံပါတ် ၃ မှာ "နေကာ နေကတ္ထ" ဟု လာရှိပုံတချက်

၄။ နံပါတ် ၁-၂ မှာ "ဝိသယာ" ဟု လာ၍ နံပါတ် ၃ မှာ "ဝါစကာ" ဟု လာရှိပုံတချက်၊ နံပါတ် ၄ မှာကား "ပဋိသမ္ဘိဒါဉာဏ ဂေါစရာ" ဟု လာရှိနေပုံတချက်၊

၅။ နံပါတ် ၁ နှင့် ၂ တို့မှာ "ဉာတိခနရုတ္တိကာ" ဟု လာ၍ နံပါတ် ၃ မှာမူ "ဝေဝနေရုတ္တိကာ" ဟု လာရှိနေပုံတချက် ဤသို့ ခြားနားနေကြသည်။

### သင့်မသင့် ဆုံးဖြတ်ပုံ

အထက်ပါ ခြားနားချက်များတွင် သင့် မသင့်အနေဖြင့် ရှင်းချက်ထုတ်သော်

က။ ဥပသဂ္ဂနိပါတာ ဟု သမာသ်နှင့် ရှိနေမှုထက် ဥပသဂ္ဂါ နိပါတာ ဟု ဝါကျနှင့် ရှိနေမှုက ပို၍သင့်သည်။ အကြောင်းမှာ ဆန်းဂိုဏ်းလည်း မပျက်ခြင်း သောတုဇနတို့လည်း သိလွယ်နိုင်သောကြောင့် ဖြစ်သည်။

ခ။ နေကေ နေကတ္တ ထက် နေကာ နေကတ္တာ ပို၍သင့်သည်။ အကြောင်းမှာ အနေကေ နှင့် အနေကာဟု ရှိလိုရင်းဖြစ်ရာ ၎င်းတို့၏ ဝါစ္စဖြစ်သော ဝါ- ကတ္တားဖြစ်သော ဋ္ဌာမ နှင့် ဋ္ဌမေတယော တို့ကို ထောက်၍ အနေကေ ဟု မရှိသင့်။ အနေကာ ဟုသာ ရှိသင့်သည်။

ဂ။ အနေကတ္တဝိသယာနှင့်။ အနေကတ္တဝါစကာ— အရသည် တူကြ၍လည်းကောင်း။ ဋ္ဌတိ နှင့် ဝေ မှာလည်း တူကြ၍လည်းကောင်း ၂ မျိုးလုံး နှင့် နေနိုင်ကြပေသည်ဟူလို။

## ဆိုလိုချက်

အထက်ပါ "ဥပသာရ နိပါတ် ခေတ် ပစ္စည်း ၄ ပုဒ်တို့သည် အနေကတ္တ ဝိသယ အနေကတ္တဝါစကပုဒ်မျိုး စာရင်းဝင်ဖြစ်၍-

ဝေ မေ သုတ်၌ ဝေသည် နိပါတ်ပုဒ်ဖြစ်၍လည်းကောင်း၊ သုတ်သည် ခေတ်ပုဒ်ဖြစ်၍လည်းကောင်း အနက်တွေ ပြောင်းပြားစွာ ရှိနေရပုံကို သဘောပေါက်ကြစေလိုဟူ၍ ဆိုပေသည်။

## အဋ္ဌကထာဋီကာမှ လာချက်အရ ဝေကို အနက်ပေးသော်

ပါဠိတော်လာ "ဝေ မေ သုတ်" ဝါကျပါ ဝေပုဒ်သည် နိပါတ်ပုဒ်ဖြစ်၍ အနက်များစွာတို့ကို ဟောနိုင် ထွန်းပြနိုင်ချက်အရ အဋ္ဌကထာ၌ ဂ နက်ထိ ပုံစံဖြင့် ထုတ်ပြသည်။ ကျွန် ဖြစ်သင့်သောအနက်တို့အတွက် (အာဒိ) သဒ္ဒါဖြင့် ညွှန်ပြသွားလေသည်။ ယင်းဖော်ပြချက် ဂ နက်တို့ကို သိမှတ်လွယ်စေရန် (သဒ္ဒနီတိဆရာက) ဂါထာဖြင့် ဖွဲ့ကုံးပြထားသည်မှာ-

ကး ဥပမာယံ ဥပဒေသေ အာဂ္ဂ ာ၀ရေ သမ္ပဟံသနေ။<br>
ဝစန သမ္ပ ဋိဂ္ဂ ဟေ၊ ဂရဟာယံ နိဒဿနေ။<br>
အဝ္ဓော ခေရဏာဒိမှိ၊ ဝေသဒ္ဒေါ ပဝတ္တတိဟု လာရှိသည်။

အရှင်မောဂ္ဂလာန မထေရ်ကမူ အဘိဓာနပ္ပဒီပိကာ၌ ယင်း ဝေပုဒ်၏အနက်ကို ၁၁ နက်ထိ ဖော်ပြထားသည်။ ၎င်းတို့ကား-

ခ။ ဝေနိဒဿနာဂကာရော၊ ပမာသု သမ္ပဟံသနေ။<br>
ဥပဒေသေစ ဝစန ပဋိဂ္ဂါဟေ ငဓာရဏေ။<br>
ဂရဟာယေ မတ္တေစ၊ ပရိနာဏေစ ပုစ္ဆနေဟု လာရှိသည်။

သီလက္ခန္ဓဋီကာဟောင်းနှင့် ဋီကာသစ်ဆရာ ၂ ဦးလုံးကမူ ၎င်း "အဘိဓာနပ္ပဒီပိကာကျမ်းလာ" ဣဒမတ္ထ ပရိမာဏတ္ထ ပစ္စနတ္ထ ၃ နက်တို့ကိုပါ ဖြည့်စွက်၍ ပုံစံတို့ဖြင့် ဖော်ပြထားကြ၍ အဘိဓာန်လာအတိုင်း ၁၁ နက်ကိုပင် လက်ခံလေသည်။ ထို့ပြင်လည်း သီလက္ခန္ဓဋီကာဟောင်းတွင် (နိဂမနတ္ထ) ခေါ် အဆုံးသတ်နိဂုံး အနက်ကိုပါ ပြထား၍ ၁၂ နက်ဖြစ်လေသည်။ ယင်း ၁၂ ထက်ပို၍ ဆရာများ မဖော်ပြကြကုန်။ အရှင်သုဘူတိမထေရ်ကမူ အဘိဓာနပဒီပိကာသူစိ၌ ၁၀ နက်တို့ကို ပုံစံဖြင့် ဖော်ပြသည်။ အဘိဓာန်ဋီကာဆရာကမူ ပုံစံကိုပင် ဖော်မပြတော့ပေ။

အထက်ပါ အဋ္ဌကထာနှင့် ဋီကာဆရာ၊ အဘိဓာန်ဆရာတို့ကို မှီငြမ်းပြု၍ ဧဝံပုဒ်၏အနက်ကို ဖော်ထုတ်ထုက်လျှင် ဧဝံ မေ သုတံ ဝါကျ၌ အောက်ပါအတိုင်း အနက်တွေ ကျယ်ပြန့်နိုင်ပုံကို သေးတုဇနတို့မှာ နယဂ္ဂါဟ ရကြစေရန် အတ္ထဝိကပ်တွေကို ဖြန့်ထုတ်ပြပါဦးအံ့။

ဧဝံ မေ သုတံ၌

**အနက်ဖြန့်သွင်းပုံ**

**သမ္ပဋိစ္ဆနတ္ထ၌**

၁။ **ဧဝံ**-မှန်လှပါ။ **မေ**-တပည့်တော် အာနန္ဒာသည်။ **သုတံ**-ဤမဟာသတိပဋ္ဌာနသုတ်တော်ကို ဘုရားရှင်အထံတော်မှ ကြားသိလိုက်ရပါသည်ဘုရား။

သမ္ပဋိစ္ဆနတ္ထနှင့် နိဒဿနတ္ထ၌

၂။ **ဧဝံ**-မှန်လှပါ အရှင်မြတ်။ **မေ**-တပည့်တော်သည်။ **သုတံ**-ဘုရားရှင်အထံတော်မှ မဟာသတိပဋ္ဌာနသုတ်တော်နှင့်စပ်၍ ကြားသိရသမျှသည်။ **ဧဝံ**-ယခု တင်လျှောက်မည့်အတိုင်း ဖြစ်ပါသည်ဘုရား။

ဥပဒေသနတ္ထ၌

၃။ **ဧဝံ**-ဘုရားရှင်ထံမှ ကြားသိရချက်အတိုင်း တင်ပြ လျှောက်ထားလော့ဟု မိန့်ခဲ့သော်၊ **မေ**-တပည့်တော်သည်။ **သုတံ**-ယခု တင်လျှောက်ထားမည့်အတိုင်းပင် ကြားသိရပါသည်ဘုရား။

ဥပဒေသနတ္ထနှင့် သမ္ပဋိစ္ဆနတ္ထ၌

၄။ **ဧဝံ**-ဘုရားရှင်ထံမှ ကြားသိရချက်အတိုင်း လျှောက်ထား တင်ပြလော့ဟု အမိန့်ရှိခဲ့သော်၊ **မေ** တပည့်တော်၏။ **သုတံ**-ကြားနာရသမျှ အင်ဝ သည်။ **ဧဝံ**-ယခု တင်ပြ လျှောက်ထားချက်အတိုင်း ဖြစ်ပါသည်ဘုရား။

## နိဒါနတ္ထဲ၌

၅။ မေ-တပည့်တော်၏။ သုတ်-ဘုရားရှင်၏ အထံတော်မှ ကြားနာရခြင်းသည်၊ ဝေ-အနုဿဝနာတော်ဖြစ်၍ ကောင်းမြတ်လှပါသည်ဘုရား။ ဝါ-ကောင်းမြတ်လှပုံကို ကြားရချက်အတိုင်း လျှောက်ထားအပ်ပါသည် ဘုရား။

## အာကာရတ္ထ၌

၆။ ဝေ-ဤသို့ နက်နဲပြည့်စုံ စရိုက်အဖုံဖုံကို ခြုံနိုင်သော တရားတော်မြတ်အနေဖြင့်၊ မေ-တပည့်တော်သည်။ သုတ်-ကြားနာလိုက်ရပါသည်ဘုရား။

## ဣဒမတ္ထ၌

၇။ ဝေ-ယခု လျှောက်တင်ပြချက်အဝဝသည်၊ မေ-တပည့်တော်၏၊ သုတ်-ဘုရားရှင်၏ အထံတော်မှ ကြားသိရချက် ဓမ္မဝက်အဝဝ ဖြစ်ပါသည် ဘုရား။

## ပရိမာဏတ္ထ၌

၈။ ဝေ-ကာယ ဝေဒနာ စိတ္တ ဓမ္မ ဟူသော အနုပဿနာကိစ္စ ၄ ဆင့်ပမာဏရှိသော ဤသတိပဋ္ဌာန်ဒေသနာတော်ကို။ မေ-တပည့်တော်သည်၊ သုတ်-ဘုရားရှင်၏အထံတော်မှ တိုက်ရိုက်ဆတ်ဆတ် ကြားမှတ်လိုက်ရပါသည် ဘုရား။

## ပရိမာဏတ္ထနှင့် နိဒဿနတ္ထ၌

၉။ မေ-တပည့်တော်၏၊ သုတ်-ကြားမှတ်ရသမျှအဝဝသည်။ ဝေ-ဤသို့မြင့်တင့် လေးဆင့်ရှိသော ဒေသနာတော်မြတ် ဖြစ်ပါသည်ဘုရား။

## ပုစ္ဆနတ္ထ၌

၁၀။ မေ-တပည့်တော်၏၊ သုတ်-ကြားနာလိုက်ရအဝဝသည်။ ဝေတ္တိ-မှန်ပါ၏လောဟု မေးမြန်းစစ်ခဲ့ပါသော်။ ဝေ-တကယ် မှန်လှပါသည်ဘုရား။

## ပုစ္ဆနတ္ထနှင့် အဝဓာရဏတ္ထ၌

၁၁။ မေ-တပည့်တော်၏။ သုတ်-ကြားနာလိုက်ရ အဝဝသည်။ ဝေတ္တိ-မှန်ပါသလားဟု မေးမြန်းစစ်ခဲ့ပါလျှင်။ မေ-တပည့်တော်၏၊ သုတ်-ကြားနာလိုက်ရ အဝဝသည်၊ ဝေ-ယခု တင်ပြချက်အတိုင်းပင်လျှင် မှန်လှပါသည် ဘုရား။

အဝစာရဏတ္ထဒ္ဒ

၁၂။ ကထံ-အဘယ်သို့။ သုတံ-ကြားနာ:လိုက်ရပါသနည်းဟု အမေး ထုတ်ခဲ့ပါလျှင်။ ဝဝံ-ဤယခု တင်ပြမည့်အတိုင်းပင်လျှင်။ မေ-တပည့်တော် သည်။ သုတံ-ကြားလိုက်ရပါကြောင်းဘုရား။

ပုစ္ဆနတ္ထနှင့် ပဋိညာတတ္ထဒ္ဒ

၁၃။ ဧဝံ-ဤယခု တင်ပြမည့်အတိုင်းပင်လျှင်။သုတံ ကြားနာရပါသလားဟု မေးခဲ့ပါမူ။ မေ-တပည့်တော်၏။ သုတံ-ကြားနာရချက်သည်။ ဧဝံ-ဤအတိုင်း မှန်ကန်ကြောင်းပါဘုရား။

မှတ်ချက်။ ဤနည်းစုံကိုထောက်၍ အခြားဖြစ်သင့်သော ဧဝံအနက်တွေ မြောက်မြားစွာရှိသေးသည်ကို သဘောပေါက်ကြရာ၏၊ဤကား သောတုဇနတို့ နည်းရရုံ ဖော်ပြပေးလိုက်ခြင်းသာဖြစ်သည်။

---

သုတံ ပုဒ်အတွက် အနက်ပေးနည်းတကွက်

သုတံ ဟူသော ပုဒ်သည် သုံ-တံ-ဥ ဟူသော ဥပသရပုဒ်များနှင့် တွဲစပ် ၍လည်းကောင်း၊ ဓာတ်ပုဒ် ဖြစ်နေ၍လည်းကောင်း၊ အနက်တွေ မြောက် မြားစွာ ရှိနိုင်သည့်အတိုင်း၊ ရှေးပိုင်းက ဝိဂ္ဂဟမေါင်း ၆ သောင်းကျော် အထိ ရရှိနိုင်ပုံကို ပြခဲ့ပေပြီ။ သုတံ ဟူသောပုဒ်ကို အနက်ပေးရာတွင် ပြုလုပ် ပြီးခဲ့သော ၆ သောင်းကျော်သော ဝိဂ္ဂဟနည်းတွေအရလည်း ပေးနိုင်သေး သည်ကို နမူနာတကွက်မျှ အနေဖြင့် ထုတ်ပြပေဦးအံ့။ ဤ၌ ဧဝံ မေ သုတံ တွင် ဧဝံ နှင့် မေ ကို ရှေးအတိုင်းယူပြီး သုတံ ပုဒ်ကို သီးခြားဖော်ပြသွား တော့မည်။

သုဘာဗ္ဗ အရဟောနာတိ သုတံ

ဓာသာ ရင်း ဝိဂ္ဂဟနည်းများအရ အနက်ပေးသော်—

၁။ ဧဝံ၊ ဤသို့။ မေ၊ တပည့်တော်သည်။ သုတံ၊ ကြားနာသင့် ကြားနာ ထိုက်သော။ ဝါ၊ ကြားနာစေရန်ထိုက်လှသော။ ဝါ၊ ထိုက်တန်လှသော။ ဝါ၊ ထိုက်ထိုက်တန်တန် ကြားနာအပ် ကြားနာသင့်သော။ ဝါ၊ ကြားနာ စေအပ်၊ ကြားနာစေသင့်သော မဟာသတိပဋ္ဌာနသုတ်တော်ကို။ သုတံ၊ ဘုရားရှင်အထံတော်မှ ကြားနာအပ်ပါသည် ဘုရား။

သတိပြုဖွယ်၊ ဤ၌ သုတံ ကို ၂ ထပ် ၊ လိ စပ်ယူခြင်းသည် အထက်၌ ပြခဲ့ပြီး။ အာဂုဏ္ဌိ အလက်၁၊ ဒီပက အလက်၁ စသော အတ္တာလင်္ကာရ ၁၄ မျိုးကို ဖြင့် ချယ်မှုန်းပေးအပ်သော "ရသ" မြောက် အနက်မျိုးဟု မှတ်ရာ၏။

သု သောတဘာဏ္ဍာယ သဒ္ဒတ္တတဒယတိ ရက္ခတိတိ သုတံ

စသော ဝိဂ္ဂဟ ၈ ဝိကပ်နည်းများအရ အနက်ပေးသော်

၁။ ဝေ၊ ဤသို့၊ မေ၊ တပည့်တော်သည်၊ သုတံ၊ သတ္တဝါတွေ တင့်တယ်ကောင်းမွန်လာအောင် စောင့်ရှောက် ဘတ်သော။ ဝါ၊ စောင့်ရှောက်စေတတ်သော၊ ဝါ၊ စောင့်ရှောက်ကြောင်းဖြစ်သော မဟာသတိပဋ္ဌာန သုတ်တော်ကို၊

ဝါ၊ ကိုးကွယ်ဆည်းကပ်သူတို့က တင့်တယ်စွ ရှိနေအောင် စောင့်ရှောက်အပ်သော သုတ်ကို၊ ဝါ၊ စောင့်ရှောက်သင့်သော။ ဝါ၊ စောင့်ရှောက်စေရန်ထိုက်သော။ ဝါ၊ ထိုက်ထိုက်တန်တန် စောင့်ရှောက်အပ် စောင့်ရှောက်ဆင့်သော ဝါ၊ စောင့်ရှောက်ရန် လိုအပ်လှသော သုတ်တော်ကို။ သုတံ၊ ကြားနာအပ်ပါသည် ဘုရား။

ညွှန်းချက်- ဤဖော်ပြချက်ကို နည်းမှီ၍ "သုတံ" ပုဒ်၏ ကျန်သော မြောက်မြားစွာသော ဝိဂ္ဂဟ နည်းများဖြင့် အနက်များကို ဖော်ယူနိုင်ကြစေလိုသတည်း။

ဤမျှဖြင့် ဝေ မေ သုတံ အနက်ပေးနည်း တခန်းရပ်လိုက်ပြီ

---

နည်းပိုပြု ကျမ်းဂန်များ

ဤကျမ်း၌ ဝေ ပုဒ်နှင့် သုတံ ပုဒ်တို့ကို အထက်၌ ဖော်ပြချက်များအတိုင်း ဝေ နှင့် သုတံ အနက်တွေ သုံးသန်းခန့်အထိ ယည်းကောင်း၊ သုတံ ပုဒ်ကို ဝိဂ္ဂဟပေါင်း သောင်းကျော်အထိသည်းကောင်း ယင်းကဲ့သို့ အတ္ထဝိကပ်တွေ ဖြန့်ထုတ်နိုင်ခြင်း၏ အမှီပြု ကျမ်းတို့ကား-

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ 'ဓေဝဇ္ဈာပုဒ် ဂေါတြဘုပုဒ် ဗုဒ္ဓ" ပုဒ် စသည်တို့အား အတ္ထဝိကပ်ဖြန့်ထုတ်ပုံကို နည်းမှီ၍လည်းကောင်း။

၂။ မဟာနိဒ္ဒေသပါဠိတော် ပုရာဘေဒသုတ်လာ "ဘဂဝါ" ပုဒ် ဖွင့်ပုံကို နည်းမှီ၍လည်းကောင်း။

၃။ သီလက္ခန္ဓာ အဋ္ဌကထာ ဗြဟ္မဇာလသုတ် ပရိဗ္ဗာဇကကထာ အဖွင့်ကို လည်းကောင်း။

၄။ ၎င်း ဋီကာဟောင်းနှင့် ဋီကာသစ်တို့ကို လည်းကောင်း။

၅။ မူလ ပဏ္ဏာသ အဋ္ဌကထာ မူလ ပရိယာယသုတ် အဖွင့်ကို လည်း ကောင်း။

၆။ ၎င်း ဋီကာအဖွင့် ကိုလည်းကောင်း။

၇။ ပါရာဇိကကဏ္ဍ အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍအဖွင့်နှင့် ၎င်း ဋီကာ တို့ကို လည်းကောင်း။

၈။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆအနုဿတိ နိဒ္ဒေသ ဗုဒ္ဓါနုဿတိကထာအဖွင့် ကိုလည်းကောင်း။

၉။ ၎င်း၏ အဖွင့်မဟာ ဋီကာ ကိုလည်းကောင်း။

၁၀။ အဘိဓာန် ၎င်း ဋီကာနှင့် သဒ္ဒါကျမ်းငယ် တို့ကိုလည်းကောင်း။ နည်းမှီ၍ အထက်ပါ အတ္ထဝိကပ်ပေါင်း မြောက်မြားစွာတွေကို ဖြန့်ထုတ်နိုင်ခြင်း ဖြစ်ပေသည်။

### အဓိက မှီငြမ်းပြုရာ

အဓိကအားဖြင့် ပါရာဇိကကဏ္ဍ အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ လာ "အတ္ထဝဏ္ဏာဂမော ဧဏ္ဍာပရိယာ ယောဝတိအာဒိက် နိရုတ္တိလက္ခဏာ" ဂဟေတွာ သဒ္ဒနယေနဝါ ပိသောဒရာ ဒိပက္ခေ ပလက္ခဏံ ဂဟေတွာ ဘာဂျဝါတိ ဝတ္တဗ္ဗေ ဘဂဝါတိ ဝုစ္စတိ တိဉာတဗ္ဗံ" ဟူသောအချက်သည် အဓိက ဖြစ်ပေသည်။

ဤအဋ္ဌကထာစကားရပ်၌ သဒ္ဒါနည်းအရ "နိရုတ္တိလက္ခဏာ" နှင့် "ပိသော ဒရာ ဒိပက္ခေ ပလက္ခဏာ" ဟု လက္ခဏာ ၂ မျိုးဖြင့် ခက်ခဲသော ပုဒ်တို့ကို စီရင်ရသော ဥပဒေသစနစ်ကို ညွှန်ပြထားသည်။ ယင်းစနစ်ဖြင့် အနက်ထူး ကို ညွှန်ပြသော ပုဒ်ထူးတို့ကို စာပေနယ်တို့၌ ကျယ်ပြန့်စွာ အသုံးပြုလျက် နေကြပေသည်။

## နိရုတ္တိလက္ခဏာ

ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယော၊ ဒွေစာပရေ ဝဏ္ဏဝိကာရနာသာ၊
ဓာတူန မတ္ထာ တိသယ ယောဂေါ၊ တဒုစ္စတေ ပဉ္စဝိဓံ
နိရုတ္တိလက္ခဏံ

ဟု သဒ္ဒနီတိသုတ်၊ ပါဏိနီဗျာကရဏ်းကျမ်း၏ အဖွင့် "ကာသိကာဝုတ္တိ ကျမ်း" နှင့် "ဝိဒေဝ္ဇာ ပဋိဂါဇျာ" ကျမ်းတို့၌ ဆိုထားသည်။ အဋ္ဌကထာ ဆရာတော်သည်လည်း သဒ္ဒါကိစ္စ၌ ၎င်းကျမ်းများကို ပိဋကတ်စာပေအတွက် တွဲဖက်၍ အသုံးပြုလျက်ရှိသည်။

## ခင်ကြီးဖျော်ဆရာတော်

မြန်မာပြည်ဖွား သံဃရာဇာ သာသနာပိုင်နှင့် မဟာရာဇဝင် ဟု ထင်ပေါ် တောင်တွင်း ထေရ်ကျော် ခင်ကြီးဖျော်ကသည်း နည်းလေးဆယ် ကျမ်း၌ နိရုတ္တိနည်း ၅ ပါးကို ပြရာတွင် ဝဏ္ဏာဂမနည်း ဝဏ္ဏဝိပရိယာယ နည်း ဝဏ္ဏ ဝိကာရနည်း ဝဏ္ဏလောပနည်း အတ္ထာတိသယနည်းအားဖြင့် ၅ ပါး ရှိ၏ဟု အထက်ပါ ကာသိကာဝုတ္တိကျမ်းတို့ကို မှီငြမ်းပြု၍ ရေးသား သွားလေသည်။

## မဟာဋီကာအဆို

အထက်ပါ အဋ္ဌကထာလာ "အာဒိကံ"၏အရကို "အာဒိကန္တိ- အာဒိ သဒ္ဒေန ဝဏ္ဏဝိကာရော ဝဏ္ဏလောပေါ ဓာတုအတ္ထေန နိယောဇနဥ္စာတိ ဣမံ တိ ဝိဓံ လက္ခဏံ သင်္ဂဏှာတိ" ဟု မဟာဋီကာက ဖွင့်ပြသဖြင့် ခင်ကြီးဖျော်ပြ နိရုတ္တိ ၅ ပါးနှင့် တသားတည်းပင် ဖြစ်တော့သည်။

သို့ရာတွင် ခင်ကြီးဖျော်က "အတ္ထာတိသယနည်း" ဟု အကျဉ်းသုံးဖြင့် အမည်ကို ပြထားသော်လည်း ပုံစံနှင့် ရှင်းရာ၌

ဓာတ်၏ ဟောမြဲအနက်မှ လွန်သောအနက်နှင့် ယှဉ်သောနည်း သည်၊ အတ္ထာတိသယနည်းမည်၏" ဟု ဆိုထားသဖြင့် မဟာဋီကာလာ "ဓာတု အတ္ထေန နိယောဇနဥ္စ" အရနှင့်လည်းကောင်း။ ကာသိကာဝုတ္တိလာ ဓာန မတ္ထာတိသယေန ယောဂေါ အရနှင့် လည်းကောင်း တသားတည်းကျ သွားတော့သည်။

၁။ ထိုအရ ဓာတ်ပုဒ်၏အတ္ထာတိသယ ကိုယူပါ။ အခြားပုဒ်တို့၏ အတ္ထာ တိသယကို ဤနေရာ၌ မယူစေနှင့်ဟု ဆိုလိုသည်တချက်။

၂။ သဒ္ဒနယေန အရကိုလည်း ဗျာကရဏနယေန အရကို ယူရန်တချက်။

၃။ ပိသောဒရ ဒိပကေ္ခ ပလက္ခဏံ ဂဟေတွာ အရကိုလည်း "ပိသော ဒရာ ဒီနိ သဒ္ဒါနိ အာဂတိ ဂဏာဘာဝတော" ဟူ၍လည်းကောင်း၊ "ပက္ခိ ပန မေဝလက္ခဏာ" ဟူ၍လည်းကောင်း။ "တပ္ပရိယာ ပန္နတာကနေဏံပိ ပက္ခိပနံ" ဟူ၍လည်းကောင်း ပဟာဠီကာ ဖွင့်ထားသဖြင့် ဆိုလိုချင်းကို အောက်ပါအတိုင်း မှတ်သားရာ၏။

## ပိဋကတ်နှင့် ဗျာကရဏ်း

၁။ စတုပဋိသမ္ဘိဒါဉာဏ်ဖြင့် ဟောထားအပ်သော ပိဋကတ်လာ ပါဠိ ပုဒ်ဘိုက်ခွင် ကျယ်ပြန့်နက်နဲသော အနက်ပုဒ်ဘိုကို ညွှန်ပြသည့် ပုဒ်ဘိုကို နိရုတ္တိနယ်သင်သဒ္ဒါနည်း ဝါ- ဗျာကရဏ်းနည်းဖြင့် အသုံးပြုကြသည်ဟု ဆိုလိုသည်တချက်၊

၂။ ယင်း ဗျာကရဏ်းနည်းတို့အနက် "အဓိကာရဂိုဏ်း" ဟူ၍ လည်း ကောင်း၊ "အာဂတိဂိုဏ်း" ဟူ၍လည်းကောင်း၊ "ပိသောဒရာဒိဂိုဏ်း" ဟူ၍လည်းကောင်း သမုတ်ထားသော ဂိုဏ်းနည်းဖြင့် ယူရပုံမှာ ဘုရားရှင်သည် ဘဝဟူသမျှကို အန္တိုက်ပြီးသူဖြစ်၍ "ဘဝ ဝန္တဂမန" ဟု တွင်တော်မူ ချက်အရ ယင်း (ဘဝ ဝန္တဂမန) ပုဒ်မှ ဘ-ဝ-ဂ ၃ လုံးကိုယူပြီး ဝ နှင့် ဂကို ရှေ့နောက်ပြန်ကာ ဘဂဝါ ဟု ဖြစ်လာခြင်းသည် အာဂတိဂိုဏ်း နည်း၊ဝါ- ပိသောဒရာဒိဂိုဏ်းနည်းဟု ယင်းအာထက်ပါ အဋ္ဌကထာနှင့် ဋီကာ တို့ က ဗျာကရဏ်းနည်းဖြင့် ဆိုထားကြသည်တချက်။

၃။ အလားတူပင် "ရဟတ" မှ "အရဟံ" "ရဟအဘာဝ" မှ "အရဟံ" ဖြစ်လာချခြင်းသည်လည်းကောင်း၊ "မေဟနဿ ခဿ မာလာ" မှ "မေခလာ" ဖြစ်လာပုံသည်လည်းကောင်း၊ "ဝိသိတဘက္ခဥဒရ" မှ "ပိသောဒရ" ဖြစ်လာပုံသည်လည်းကောင်း နိရုတ္တိနည်းအရဟု ဆိုလိုရင်း ဖြစ်သည်။ ထို့ကြောင့်-

### ဇဝံ ပေ သုတံ ၌

အထက်ပါ အဋ္ဌကထာဋီကာနှင့် ဗျာကရဏ်းကျမ်းတို့ကို ထောက်၍ ဇဝံ နှင့် သုတံ ပုဒ်ဘို၌ အနက်များစွာ ထွက်လာပုံဘိုကို သဘောပေါက်နိုင်ကြ ရာသတည်း။

## နိရုတ္တိ နားမလည်လျှင်

ထို့ကြောင့်-

ယောနိရုတ္တိံ အသိက္ခာယ၊ သိက္ခေယျ ပိဋကတ္တယံ

ပဒေ ပဒေ ကင်္ခမာနော၊ ဝနေ အန္ဓော ဂ ဇောယထာ။

ဟု နိရုတ္တိပဋိသာကျမ်း၌ ဆိုထားလေသည်။

ဆိုလိုချက်မှာ-

နိရုတ္တိပညာရပ်ကို မသင်ယူပဲ ပိဋကတ်ကို သင်ယူမိလျှင် သဒ္ဒါပုဒ်တွေကို တွေ့တိုင်းမှာ အနက်ဖော်ထုတ်ရန် ဝိုးဘဝါးဖြစ်နေတတ်၍ "ဆင်ကန်းတော တိုး" သဖွယ် ဖြစ်တတ်သည်ဟု ဆိုလိုသည်။

## နိရုတ္တိနှင့်ပါဠိတော်များ

ယင်း နိရုတ္တိပညာသည် ပိဋကတ်တို့ကို သိမြင်နိုင်ရေးနှင့် ထိန်းသိမ်းရေး အတွက် အရေးပါသော လုပ်ငန်းတရပ်ဖြစ်သောကြောင့်

၁။ ပဋိသမ္ဘိဒါ ၄ ပါးတို့ကို ပြည့်နိုင်ရန် ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဟု သီးခြားရှိထား၍ ၎င်းပါဠိတော်တွင်·

၁။ ပဋိသမ္ဘိဒါဉာဏ နိဒ္ဒေသ၊
၂။ ပဋိသမ္ဘိဒါကထာ ဟု ၂ ကဏ္ဍလာရှိရာ-

ယင်းကထာပိုင်း၌

က။ နိရုတ္တိသဟာယဋ္ဌ သတ္တ စ နိရုတ္တိသတာနိ
ခ။ တိဏိစ ဉာဏ သဟဿာနိ စတ္တာရိစ ဉာဏ သတာနိတိ

ဟု လာရှိသဖြင့် နိရုတ္တိပေါင်း ၁၇၀၀ နှင့် ဉာဏ်ပေါင်း ၃၄၁၀ ရှိပုံတို့ ကို မိန့်ကြားထားလေသည်။

၂။ ထို့ပြင် ပေတဝတ္ထုပါဠိတော် ဥပ္ပရိဝဂ် ၆ ခုမြောက် ကဏှပေတ ဝတ္ထု၌-

ယေမန္တံ ပရိဇပ္ပန္တိ၊ ဆဋ္ဌင်္ဂ ဗြဟ္မစိန္တိတံ၊
ဝေဒ စ ဆေဒ ဝိဇ္ဇာယ တေဝိနာ အဇရာ မရာ

ဟု လာရှိပြန်သည်။ ဤ၌ လိုရင်းပုဒ်ကား မန္တ နှင့် ဆဋ္ဌင်္ဂ ပဓ ဖြစ် သည်။

## ရှင်းချက်

အကြီးဆုံး ဝါသုဒေဝမှ အငယ်ဆုံး အင်္ကုရ အထိ မင်းသားညီနောင် ၁၀ ယောက်ရှိကြရာ နောင်ကြီး ဝါသုဒေဝသည် ...ားငယ်သေဆုံး၍ လွန်ကဲလှသော သောကပရိဒေဝမီး လောင်နေသည်ကို ၉ ယောက်မြောက် ညီတော် ဃဋပဏ္ဍိတ က ဆုံးမသော ဂါထာ ဖြစ်သည်။

## ပညာရပ် ၆ မျိုး

ယင်း ဂါထာ၌ မန္တ ခေါ် ဝေဒပညာရပ်လာ ဆဋင်္ဂ အရသည်-

၁။ သိက္ခပညာ။ ၄။ ဗျာကရဏ်းပညာ။
၂။ ကပ္ပပညာ။ ၅။ ဇောတိသတ္ထပညာ။
၃။ နိရုတ္တိပညာ။ ၆။ ဆန္ဒော ဝိစိတိပညာ။

ယင်း ခြောက်မျိုးကိုဆိုကြောင်း အဋ္ဌကထာ ဆရာက ညွှန်ပြလေသည်။ ၎င်းအတတ်တို့ကို ဗြာဟ္မဏ ခေါ် ပုဏ္ဏား တို့အား ဝါ-ဟိန္ဒူ တို့အား ဗြဟ္မာ တို့ကို ဂုရုကြီးအသွင်ဖြင့် သင်ပြပေးသည်ဟု ဆိုသည်။

### ရှေးကမ္ဘာတွေကပင် နိရုတ္တိပညာ ပေါ်နေပုံ

ယင်း ရသေ့ ဗြဟ္မာတို့က သင်ပြထားသော ဆဋင်္ဂထဲတွင် နိရုတ္တိပညာနှင့် ဗျာကရဏ်းပညာတို့ ပါရှိနေရာ ဗုဒ္ဓမပေါ်မီ ရှေးပဝေသဏီ အချိန်ကပင် ရှိနေပုံနှင့် ယင်းဆဋင်္ဂပဏ္ဍိတသည်ပင် နောင်အခါ ဗုဒ္ဓဂေါတမ ဖြစ်လာခြင်းကို ထောက်ဆသော် ယင်း နိရုတ္တိနှင့် ဗျာကရဏ်းတို့တွင် ဗုဒ္ဓဂေါတမ ပိဋကတ်နှင့် နိကာယ ၅ ရပ်တို့ မပေါ်မီ ရှေးရှေးကမ္ဘာတွေကပင် ရှိနေပုံကို သာဓကပေါက်သင့်ပုံဘာချက်။

၃။ ထို့ပြင် ဗုဒ္ဓဝံသ ပါဠိတော်၌ ကဿပဘုရား ပွင့်တော်မူချိန်မှာ ဂေါတမဗုဒ္ဓ အလောင်းတော် ဇောတိပါလ သင်္ဂြေးလုလင်၏ အရည်အချင်းကို ပြရာဟွင်-

က။ ဇဟံ တဒါ မာဏဝကော၊ ဇောတိပါလောတိ ဝိဿုတော။
အဇ္ဈာယကော မန္တဓရော တိဏ္ဏံ ဝေဒါန ပါရဂူ။
ခ။ လက္ခဏေ ဣတိဟာသေ စ သဓမ္မေ ပါရမိံ ဂတော။

ဘုမန္တလိက္ခကုသလော ကတဝိဇ္ဇော အနာဝယော။

ဟု လာရှိရာ၌လည်း တိဏ္ဏံ ဝေဒါနံ ပါရဂူ အရဖြင့် ဝေဒကျမ်းလာ အထက်ပါ ဆဋင်္ဂ အရ နိရုတ္တိနှင့် ဗျာကရဏ်းတို့ သင်ကြားတတ်မြောက်ကြောင်း ပါရှိနေသဖြင့် ကဿပဘုရား လက်ထက်ကပင် ယင်းပညာ ရှိနေကြောင်း တရပ်။

၄။ ထို့ပြင် ယင်း ဗုဒ္ဓဝံသပါဠိတော်လာ ဝိပဿီဘုရား ပွင့်တော်မူချိန်မှာ ဂေါတမဗုဒ္ဓ အလောင်းတော်က ဇဿပပုဏ္ဏား၏ အရည်အချင်းကို ပြရာမှာလည်း

အဟံ တေန သမယေန၊ ကဿပေါ နာမ ဗြာဟ္မဏော။
အဇ္ဈာယကော မန္တဓရော၊ တိဏ္ဏံ ဝေဒါန ပါရဂူ။

ဟုပင် လာရှိသဖြင့် ထို ပိယဒဿီဘုရားရှင်သည် လွန်ခဲ့သော ကမ္ဘာပေါင်း ၁၈၀၀ မြောက် ဝရကမ္ဘာမှာ ပွင့်ပေါ်ခဲ့သဖြင့် ယင်းကမ္ဘာတွေကပင် ဝေဒ ပညာ စာရင်းဝင် နိရုတ္တိ နှင့် ဗျာကရဏ်းကျမ်းတွေ ရှိနေပုံကို သတိပြုဖွယ် တရုပ်။

၅။ ထိုပြင် ယင်း ပါဠိတော်လာ မင်္ဂလဘုရား ပွင့်တော်မူချိန်မှာ ဂေါတမဗုဒ္ဓ အလောင်းတော် သုရုစိပုဏ္ဏား၏ အရည်အချင်းကို ပြရာမှာ လည်း—

အဟံ တေန သမယေန၊ သုရုစိ နာမ ဗြာဟ္မဏော။
အဇ္ဈာယကော မန္တဓရော၊ တိဏ္ဏံ ဝေဒါန ပါရဂူ။

ဟုပင် လာရှိသဖြင့် ထို မင်္ဂလ ဘုရားသည် လွန်ခဲ့သော ကမ္ဘာပေါင်း (၂-သင်္ချေနှင့်တသိန်း)အချိန်က ပေါ်ခဲ့သဖြင့် ထိုမျှကြာခဲ့သော အချိန်ကပင် ဝေဒပညာစာရင်းဝင် နိရုတ္တိနှင့် ဗျာကရဏ်းကျမ်းတွေ ရှိနေကြပုံကို သတိပြု ဖွယ်တရုပ်။

၆။ ထို့ပြင် ယင်းပါဠိတော်လာ ဗုဒ္ဓ ဂေါတမ အလောင်းတော်အား အစဦးစွာ ဗျာဒိတ်တော် ပေးတော်မူခဲ့သည့် ဒီပင်္ကရာဘုရား ပွင့်တော်မူချိန်မှာ ဂေါတမဗုဒ္ဓ အလောင်းတော် သုမေဓာသဒ္ဒေး ရသေ့၏ အရည်အချင်းကို ပြရာမှာလည်း—

က။ နဂရေ အမရဝတိယာ၊ သုမေဓော နာမ ဗြာဟ္မဏော၊
အနေကကောဋိသန္နိစယော၊ သုမေဓော နာမ ဗြာဟ္မဏော၊

ခ။ အဇ္ဈာယကော မန္တဓရော၊ တိဏ္ဏံ ဝေဒါန ပါရဂူ၊
လက္ခဏေ ဣတိဟာသေ စ၊ သဓမ္မေ ပါရမိံ ဂတော-

ဟုပင် လာရှိသဖြင့် ထို ဒီပင်္ကရာဘုရားသည် လွန်ခဲ့သော ကမ္ဘာပေါင်း (၄-သင်္ချေနှင့် တသိန်း) အချိန်ကပွင့်ပေါ်ခဲ့သဖြင့် ထိုမျှကြာညောင်းလှသော အချိန်တွေကပင် ဝေဒပညာ စာရင်းဝင်နိရုတ္တိနှင့် ဗျာကရဏ်းကျမ်းတွေ ရှိနေကြပုံကို သတိပြုဖွယ်တရုပ်။

အထက်ပါ ပါဠိတော်တွေကို ထောက်ရှုသဖြင့် ဆဋ္ဌင်္ဂ ပြဟ္မစိန္တိတုံ အရ လူသား ပုဏ္ဏား ရသေ့တို့အား ပြဟ္မာတို့က သင်ပေးခဲ့သော ဝေဒင် ၆ ပါး ဆိုင်ရာ ပညာရပ်တို့သည် ယခု မျက် မှောက် ခေတ်ကို မဆို ထား ဘို အလွန်

ရှေးကျသော အချိန်တွေကပင် ရှိနေပုံ စာပေအရာ၌ ၎င်းတို့နှင့် ကင်း၍ မဖြစ်နိုင်ပုံတို့ကို သဘော ပေါက်နိုင်ကြရာ၏။

အဘိဓာန် ကျမ်းဆရာက–

၁။ ဠလုံ နာရီ ယဇုသာမ၊ မိတိဝေဒါတယော သိယုံ၊
ဧတေ ဧဝ တယိ နာရီ၊ ဝေ ဒေါ မန္တော သုတိတ္ထိယံ။
၂။ ကပ္ပော ဗျာကရဏံ ဇောတိ၊ သတ္ထံ သိက္ခာ နိရုတ္တိစ၊
ဆန္ဒောဝိစိတိ ဧတာနိ၊ ဝေဒင်္ဂါနိ ဝဒန္တိဆ-တု ဆိုထား၏။

## ဗြဟ္မာ နှင့် ဝေဒပညာ

ဝေဒနှင့် မန္တ အရသည် အတူဖြစ်၍ ပညာကိုဆိုလိုသည်။ ၎င်း ဝေဒ ပညာကို ဗြဟ္မာတို့က သင်ပြကြောင်းကို-

ကထာဂတော ဘိရ ဥပ္ပဇ္ဇိဿတိတိ ပင့်ဂဏ္ဍစွေဝ သုဒ္ဓဝါသာ ဒေဝါ ဝေဒေသု လက္ခဏာနိ ပက္ခိပိတွာ ဗုဒ္ဓမန္တာ နာ မေသာတိ ဗြာဟ္မဏ ဝေ သေ ဒေ ဝ ဝေဒေဝါစေန္တိ တဒနုသာရေန မဟေသက္ခာ သတ္တာ တထာဂတံ ဇာနိဿန္တိတိ

ဟု ဒီဃနိကာယ် သီလက္ခန္ဓဝဂ် အမ္ဗဋ္ဌ သုတ် အဖွင့်၌ လာရှိပေသည်။

၎င်း လာချက်ကို ထောက်ရှုသော် ဗုဒ္ဓတော့ ပွင့်ပေါ်မည့် ကမ္ဘာတိုင်းမှာ လူ့ဘုံသားတွေသည် ဝါ၊ ဝေဒ ကျမ်း လက်ကိုင် ရှိနေကြသော ဗြာဟ္မဏခေါ် ဟ်န္ဒူပုဏ္ဏား ပညာရှိတွေသည် ဗုဒ္ဓစစ် ဟုတ် မဟုတ် ခွဲခြား သိနိုင်၊ စရန် ၎င်းတို့ လက်ခံထားကြသော ဝေဒ ကျမ်းတွေထဲမှာ ဗုဒ္ဓနှင့်ဆိုင်ရာ အမှတ် လက္ခဏာမှစ၍ အရည်အချင်းများကို ညွှန်ပြထားသော ဗုဒ္ဓမန္တ ဝါ (ဗုဒ္ဓဝေဒ) အပိုင်းများကို အာဂ်ာသဋ္ဌ ဗြဟ္မာများက ဝည့်သွင်း ချက်တို့နှင့် ဂုရုကြီး အသွင်ဖြင့် သင်ပြပေးချက် လုပ်ငန်းတို့သည် ရှေး ရှေး (ဂေါတမဗုဒ္ဓမကော ဗုဒ္ဓ အဆက်ဆက်တွေ လက် ထက် ကပင်) ရှိနေသင့်၍ ဝေဒ ကျမ်းတွေလည်း (အနမတဂ္ဂ) ရှေး ရှေး ကမ္ဘာအနန္တတို့ကပင် ရှိနေ နှင့် ပုံကို သဘောပေါက် သင့်ရာ၏။

## ဗုဒ္ဓဟာ ဝေဒကျမ်းပြု ပုဂ္ဂိုလ်များ

ဂေါတမဗုဒ္ဓမပေါ်မီကပင် ဝေဒ ကျမ်း ပြု ပုဂ္ဂိုလ် တွေ ရှိနေကြောင်းကို အထက်ပါ အမ္ဗဋ္ဌသုတ် ပါဠိတော်၌-

၇။ စေ့ဒမဝ ခေါ တွ အမ္ဗဋ္ဌ ယေ တေ အဟေသုံ ဗြာဟ္မဏာနံ "ပုဗ္ဗကာ ဣသယော" မန္တာနံ ကတ္တာရော မန္တာနံ ပဝတ္တာရော ယေသမိဒံ ဧတရဟိ ဗြာဟ္မဏာ ပေါရာဏံ မန္တံ ပဒံ ဂီတံ ပဝုတ္တံ သမိဟိတံ၊ တဒနုဂါယန္တိ တဒနု ဘာသန္တိ၊ ဘာသိတ မနုဘာသန္တိ၊ ဝါစိတ မနုဝါစေန္တိ။

သေယျထိဒံ- အဋ္ဌကော ဝါမကော ဝါမ ဒေဝေါ ဝေဿာ-မိတ္တော ယမတဂ္ဂိ အင်္ဂီရသော၊ ဘာရဒွါဇော ဝါသေဋ္ဌော ကဿပေါ ဘဂု တျာဟံ မန္တံ အဓိယာမိ သာစရိယကောတိ တာဝတာ တွံ ဘဝိဿတိ ဣသိဝါ ဣသိတ္တာယဝါ ပဋိပန္နောတိ နေတံ ဌာနံ ဝိဇ္ဇတိ၊

ယင်း ဝေဒကျမ်းပြု ဗြာဟ္မဏဇာတိ ရှာနအဘိညာလာဘီ ရသေ့ ၁၀ ဦး တို့ကား ကဿပ သာသနာတော် ကွယ်သွားပြီးချိန်မှာ ပေါ်လာကြောင်း လာရှိသည်။ ဗုဒ္ဓ ဝေဒပေါ်ငါး ၁၀၀၀ ကျော်ရှိပုံကို အောက် (အဋ္ဌကထာ များ အပိုင်း၌) ဖော်ပြပေလတ္တံ့။

ယင်း ဝေဒကျမ်းလာ အက္ခရာအတတ် ပုဒ်အတတ် ဗျာကရဏ်းအတတ် နိရုတ္တိအတတ်တို့ကို ဗုဒ္ဓနှင့် ဘက္ခ ဆရာ်သားရိပုတ္တ၊ အရှင်မောဂ္ဂလာန စသော ဘုရားများ၊ ရဟန္တာများပါ ဟောညွှန်သော ဒေသနာနှင့် ကထာတို့မှာ အမြဲ အသုံးပြုနေကြရ၍ နိရုတ္တိ ပဋိသမ္ဘိဒါ ပညာပါရှိနေခဲ့ရာ အောက်ပါ ပါဠိတော်များဖြင့် တဆင့်သိပါဦးလော့။

၈။ အဘိဓမ္မ ဓမ္မသင်္ဂဏီ ပါဠိတော် သုတ္တန္တိက ဒုက မာတိကာ၌

၁။ နိရုတ္တိဓမ္မာ၊ နိရုတ္တိပထာဓမ္မာ၊ ကတမေ ဓမ္မာ နိရုတ္တိ၊ ယာ တေသံ တေသံ ဓမ္မာနံ သင်္ခါ သမညာ ပညတ္တိ ဝေါ-ဟာရော နာမံ နာမကမ္မံ နာမဓေယျံ နိရုတ္တိ ဗျဉ္ဇနံ အဘိလာပေါ၊ ဣမေ ဓမ္မ နိရုတ္တိ။ သဗ္ဗေဝ ဓမ္မာ နိရုတ္တိပထာ

ဟု လာရှိလေသည်။ အဓိဝစနာ ဓမ္မာနှင့်၊ ပညတ္တိ ဓမ္မာတို့ကိုလည်း အလားတူ သိလေ။

**အညွှန်း**- မာတိကာနှင့် နိက္ခေပကဏ္ဍ တွဲစပ်ကြည့်လော့။

၉။ အလားတူပင် မဟာနိဒ္ဒေသပါဠိတော် တိဿမေတ္တေယျသုတ် သာရိပုတ္တ သုတ်၌

သခ်ါ သမညာ ပညတ္တိ ဝေါဟာရော နာမံ နာမကမ္မံ နာမ ဓေယျံ နိရုတ္တိ ဗျဉ္ဇနံ အဘိလာပေါ

ဟုပင် ဟောညွှန်ထားလေသည်။

ယင်း ၁၀ ပါးတို့အနက် နာမံမှ အဘိလာပဲ အထိ ၆ ပုဒ်တို့ကို သဒ္ဒါကျမ်း ဋီကာကျော် မဏိမဉ္ဇူ သာဋ္ဌိကာတို့၌ သဒ္ဒပညတ် ၆ ပါးဟု ဆိုကြသည်။

၁၀။ ထို့ပြင် နေတ္တိ ပါဠိတော်၌

က။ အက္ခရံ၊ ပဒံ၊ ဗျဉ္ဇနံ၊ နိရုတ္တိ၊ နိဒ္ဒေသာ၊ အာကာရ

ဟု ဗျဉ္ဇနဆက္က ၆ ပါး။

ခ။ သင်္ကာသနာ၊ ပကာသနာ၊ ဝိဝရဏာ၊ ဝိဘဇနာ၊ ဥတ္တာနိကမ္မံ ပညတ္တိ

ဟု အတ္ထ ဆက္က ၆ ပါးအဖြစ်ဖြင့် ဟောညွှန်ထားသည်။

ဂ။ တဖန် အက္ခရေဟိ သင်္ကာသေတိ။ ပဒေဟိ ပကာသေတိ၊ ဗျဉ္ဇနေဟိ-ဝိဝရတိ၊ အာကာရေဟိ ဝိဘဇတိ။ နိရုတ္တီဟိ ဥတ္တာနီကရောတိ။ နိဒ္ဒေသေဟိ ပညာပေတိ

ဟူ၍ လည်းကောင်း၊

ဃ။ တဖန် အတ္ထ ပကတံဟိ ဗျဉ္ဇနံ သင်္ခပတော ဒေသိတံ၊ ဓုန္ဒ္ကိတ္တံ သ ပဒဗျဉ္ဇနသ အတ္ထော ဝိဒ္ဒနယောဘာ တိ၊ တသ္မာ အတ္ထ ဗျဉ္ဇနပေတံ သင်္ဂါယိ တဗ္ဗံ၊ သုတ္တဉ္စပဝိစိနိတဗ္ဗံ။

ဟူ၍လည်းကောင်း၊

င။ နေရုတ္တာနံ ဓိပ္ပာယောတိအာယံ၊ ဗျဉ္ဇနန သုတ္တဿ နေရုတ္တဉ္စ အဓိပ္ပါယော၊ နိဒါနဉ္စ ပုဗ္ဗာပရာနုသန္ဓိ၊ ဝေသိဘာဗ္ဗာ။ ဧဝံ သဗ္ဗာနိ ကာတဗ္ဗာနိ "ဇန ပဒ နိရုတ္တာနိ" ဘဗ္ဗာဝ ဇနပဒ နိရုတ္တိယော၊ အယံ နိ ရုတ္တိ ပဒသံဟိတာ

ဟူ၍လည်းကောင်း၊

စ။ သော စာယံ ပုဗ္ဗာပရာသန္ဓိ စတုဗ္ဗိဓော-အတ္ထသန္ဓိ ဗျဉ္ဇနသန္ဓိ ဒေသနာသန္ဓိ နိဒ္ဒေသသန္ဓိတိ ဟူ၍လည်းကောင်း၊

ဆ။ တတ္တ အတ္တသန္တိ ဆပ္ပဒါနိ-သာက်ာယနာ ပကာခသနာ ဝိဝရဏာ ဝိဘဇနာ ဥတ္တာနီကမ္မတာ ပညတ္တိတ်

ဗျဥ္ဇန သန္တိ ဆပ္ပဒါနိ အက္ခရံ ပဒံ ဗျဥ္ဇနံ အာကာရ ရောမုနိရုတ္တိ နိဒ္ဒေသ သာတိ ဟူ၍လည်း ကောင်း များစွာ လာရှိလေသည်။

## အဋ္ဌကထာများအဆို

နိမုတ္တိပယ်ာနယ်ဝင် သီဒ္ဒါကိစ္စစုနှင်းပ်၍ အဋ္ဌကထာနှင့် ဋီကာတို့၌ များစွာ လာရှိရာ အဋ္ဌကထာလာချက်တို့မှ အနည်းငယ်မျှ သာ ဖော်ပြတော့အံ့။

၁။ သမ္မောဟအဋ္ဌကထာ ပဋိသမ္ဘိဒါ ဝိဘင်းအဖွင့်၌-

ဣ။ ဧဝမယံ နိရုတ္တိ ပဋိသမ္ဘိဒါ သဒ္ဒါရမ္မဏာနာမ ဇာတာ၊

ခ။ သဒ္ဒံ သုတွာ အယံ သဘာဝနိရုတ္တိ၊ အယံ န သဘာဝ နိရုတ္တိတိ ဇာနန္တိ၊

ဂ။ အညံပနေသ-နာမ အာချာတ ဥပသဂ္ဂ ဗျဥ္ဇနသဒ္ဒံ ဇာနာတိ။ ယင်းသို့လာရှိသဖြင့် ဗျာကရုဏ်းခေါ် သဒ္ဒါကိစ္စစာမျန်းဝင် နာမ်ပုဒ် အာချာတ်ပုဒ် ဥပသာရပုဒ် နိပါတ်ပုဒ်တို့သည် နိရုတ္တိစာရင်းဝင်ဖြစ်ပုံ သိသာနိုင်တော့သည်။

၂။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ-ပဋိသမ္ဘိဒါဉာဏနိဒ္ဒေသ၌-

က။ နာမဥ္စ နာမမေတံ၊ စတုဗ္ဗိဓံ-သာမညနာမံ ဂုဏနာမံ ကိတ္တိမ နာမံ ဩပပါတိ ကနာမန္တိ ဟူ၍လည်းကောင်း။

ခ။ နာမံ နာမ အတ္တဇောတကော သဒ္ဒေါတိ ဝဒန္တိ ဟူ၍လည်းကောင်း။

ဂ။ (၁) သစ္စာဒီသု တီသု ဌာနေသု ဝိသသတံ နိရုတ္တိဓော၊
(၂) သတ္တသ ဂေယျာကရဏေသု စတ္တာရိသ-သတံ နိရုတ္တိယော။
(၃) အဘိညာဌာနာဒီသု၊ ခန္ဓဌာနာဒီသုစ အဓိုတေယျာနိ အစု တေယျာနိ နိရုတ္တိသတာနိ။
(၄) အရိယသစ္စေသု ပဋိသမ္ဘိဒါသုစ ဒွေ ဒွေ နိရုတ္တိသတာနိ၊
(၅) ဗုဒ္ဓဓမ္မေသု တိဏိ နိရုတ္တိ သတာနိတိ ဝေ ဝေ နိရုတ္တိ သဟဿဥ္စ သတ္တနိရုတ္တိ သတာနိစ ဟောန္တိ ဟူ၍လည်း ကောင်း လာရှိလေသည်။

၃။ အမ္ဗဋ္ဌသုတ် အဋ္ဌကထာမှာကား-

က။ သဟ အက္ခရပ္ပဘေဒေန သာက္ခရပ္ပဘေဒေါနံ အက္ခရပ္ပဘေဒေါတိ သိက္ခာစ နိရုတ္တိစ ဟူ၍လည်းကောင်း။

ခ။ ပဒံ တဒဂ ဝေသဉ္စ ဗျာကရဏံ အဓီယတိ၊ ဝေဒေတိ စာတိ ပဒကော ဝေယျာကရဏော ဟူ၍လည်းကောင်း။

ဂ။ မဟာပုရိသာနံ ဗုဒ္ဓါဒီနံ လက္ခဏဒီပကံ “ဗုဒ္ဓါဒိသ သဟဿာရ နန္ဒပဒကံ” သတ္တံ၊ ယတ္ထ ဘောဇ္ဈင်္ဂသ-သဟဿာဂါထာ ပရိမာဏာ ဗုဒ္ဓမန္တာ နာမ အဟေသုံ ယေသံ ဝသေန ဣမိနာ လက္ခဏေန သမန္နာဂတော ဗုဒ္ဓေါ နာမ ဟောတိ ဟူ၍လည်းကောင်း လာရှိလေသည်။

သတိ—အဋ္ဌကထာအဖွင့် ဋီကာကျမ်းတို့တွင် သဒ္ဒါကိစ္စနှင့်စပ်၍ ကျယ်ဝန်းစွာ လာရှိ၍ ဤစာ၌ ဆက်၍ ဖော်ပြလျှင် ကျယ်ဝန်းသွားမည်စိုးသဖြင့် ဋီကာများလာ သဒ္ဒါကိစ္စတို့ကို ချန်လှပ်လိုက်ပြီး ပါဠိတော်နှင့် အဋ္ဌကထာ လာချက်မျှဖြင့် နှစ်သိမ့်နိုင်ကြစေလို။

## သဒ္ဒါနှင့် နိကာယ် ၅ ရပ်

သဒ္ဒါဟူသည် အသံဟူသမျှကို ဆိုသည်။ အသံဟူက နား၏ အာရုံဖြစ်သည်။ မင်ဖိုလ် နိဗ္ဗာန်ကိစ္စသည် နား၏ အာရုံအသံနှင့်ကင်း၍ မရနိုင်ပေ။ နား၏ အာရုံဖြစ်သော သဒ္ဒါခေါ် အသံတို့ကို ပိဋကတ်အဖြစ်၊ နိကာယ် အဖြစ် ရွေးထုတ်ထားကြရသည်။

ထို့အရ ပိဋကတ်နှင့် နိကာယ်ဟူသမျှတို့၏အရသည် (သဒ္ဒါတွေပင်) ဖြစ်နေရာ ယင်းသဒ္ဒါတွေကင်းက ပိဋကတ်နှင့် နိကာယ်တွေ မဖြစ်နိုင်ပြန်ပေ။

ယင်းအချက်အရ ပိဋကတ်နှင့်နိကာယ်တွေသည် အသံခေါ် သဒ္ဒါတွေကို စုပေါင်းထားချက်ဖြစ်၍ ပိဋကတ်ကောင်း နိကာယ်ကောင်းနှင့် ပိဋကတ်မှန် နိကာယ်မှန်တွေ ဖြစ်ဖို့ရန် သည် သဒ္ဒါကောင်းနှင့် သဒ္ဒါမှန်တွေ လိုနေပြန်၍ ဗုဒ္ဓဝစနှင့် ရှေးဆရာတို့ကိုးမှာ သဒ္ဒါကိစ္စ အနက်ကိစ္စတို့ ကောင်းမွန် မှန်ကန် စေရန် ပင့်သမ္ဘာ ပါဠိတော်ဖြင့် ထိန်းချုပ်သွားရသည်ကိုထောက်၍ ယင်းသဒ္ဒါကိစ္စကို သာသနာ့ကိစ္စကြီးအဖြစ် ထားရပုံကို သဘောပေါက် ကြကာ ဖော်ပြပါ “ဂေါ မေ သုတံ” ဝါကျကို သဘောပေါက်ကြပြီး လာလတ္တံ။ “ကုရုနှင့် ကုရုန်” ပုဒ်တို့မှာလည်း ထပ်၍ ရှင်းပါဦးအံ့။

ဤမျှဖြင့် သိက္ခာ ဗျာကရဏ နိရုတ္တိကိစ္စကို သကသမယခေါ် သာသနိက ကျမ်းတို့အလိုကို ရပ်ဆိုင်းလိုက်ပါတော့သည်။

## ပရသမယဉ် မှတ်သားဖွယ်

**အထက်၌ပြခဲ့ပြီး** "တိဏ္ဏံ ဝေဒါနံပါရဂူ" ဟူသော ဗုဒ္ဓဟောပါဠိတော် ကျမ်းများနှင့် ရဟန္တာဟော အပဒါန်ကျမ်းတို့လာ "ဝေဒကျမ်း" ဟူသည် ဗုဒ္ဓခေတ်၌ ကြီးကျယ်ခဲ့ကြသော ခေါမ ရောမ တက္ကသိုလ်ကထာတို့မှ ခေါမ ဖော် ဂရိတ်နိုင်ငံခေါ် အီတလီနိုင်ငံနှင့် တက္ကသိုလ်ခေါ် အနောက်ပါကစ္စတန်နိုင်ငံဟယ် ဒေသတို့နှင့်လည်းကော င်း ယခုမျက်မှောက်၌ ကြီးကျယ်နေကြသော အင်္ဂလန်၊ အမေရိကန်၊ ပြင်သစ်၊ ရင်ရှားနှင့် ဇာရှာနိုင်ငံ စသည်တို့နှင့်လည်းကောင်း မသက်ဆိုင်ပဲ မဟာဘာရတနိုင်ငံခေါ် အင်ဒိယာနိုင်ငံသုံး ဝေဒကျမ်းများကိုသာ ရည်ရွယ်၍ ဟောတော်မူခဲ့သည်။

ယင်း အင်ဒိယာနိုင်ငံသုံး ဝေဒကျမ်းများသည် ယခုချိန်ထိပင် ထွန်းကားလျက်ရှိရာ ယခုခေတ် ဝေဒကျမ်းများ တတ်မြောက်သူတို့ကို "ဝေဒန္တဂူ" ဟု ခေါ်သည်။ ရှေးခေတ်၌ "ဝေဒပါရဂူ" ဟု ခေါ်သည်။

**မှတ်ချက်။** ယခုခေတ် ဝေဒန္တဂူဘွဲ့ရ ပဏ္ဍိတနှင့် သက္ကဋယူနိဗာစီတီ ပါမောက္ခစာရင်းဝင်(ဂျာနတ် ဥပဒျား)အမည်ခံ ဟိန္ဒူပညာရှိကြီးအား ဤကျမ်းရေးသူက "ဆရာကြီး ဝေဒပါရဂူလား" ဟု မေးရာ သူက ဖြေသည်မှာ "သူဟာ ဝေဒန္တဂူသာ" ဖြစ်သည်။ ဝေဒပါရဂူမှာ ဗုဒ္ဓဂေါတမသာ ဖြစ်ပါသည်ဟု ၁၉၅၇ ခုနှစ်က အဖြေရှိဖူးပေသည်။

ယခုချိန်ထိရှိ ယင်းဝေဒကျမ်းများမှာ-

၁။ အဒ္ဒေတ္တ ဒီပိကာ။
၂။ အဒ္ဒေတ္တ ရတနာကရ။
၃။ အဒ္ဒေတ္တ သိဒ္ဓိ။
၄။ အနုဘူတိ ပကာသ။
၅။ အပရောက္ခာနုဘူတိ စသည်ဖြင့် လာရှိသော ဝါပုံနှိပ်စာရှိနေသော-

က။ ဝေဒန္တကျမ်းသက်သက် ၃၃၀ ကျော်။
ခ။ ဝေဒန္တဝိသိဋ္ဌာဒွိတ္တကျမ်းက ၃၀ ကျော်။
ဂ။ ဝိသိဋ္ဌာ ဒွိတ္တ သိရိရာမာနုဇ သမ္ပဒါနယကျမ်းက ၁၀ ကျမ်း။
ဃ။ ဝေဒန္တ ဒွိတ္တာ ဒွိတ္တကျမ်းက ၁၀ ကျမ်း။
င။ ဝေဒန္တ သုဒ္ဓါ ဒွိတ္တကျမ်း ၂၀ ကျမ်း။
စ။ ဝေဒန္တ ဂန္ထဘာသာ ၅၇ ကျမ်း

**တားဖြင့်** ခေတ်သုံးစာအုပ်အဖြစ် ရောက်ရှိနေသော ဝေဒန္တကျမ်းများပင် ၄၅၀ ကျော် ရှိနေပေသည်။

## သဒ္ဒါပိုင်းဆိုင်ရာ ဗျာကရုဏ်း ကျမ်းများ

| | | |
|---|---|---|
| ၁။ | ပါဏိနီစသော ဗျာကရုဏ်း ကျမ်းပေါင်း | ၃၉၀ ကျော်။ |
| ၂။ | ကာရိကာပလိပုတ္တာဝလိ စသော နျာယ်သံကျမ်းပေါင်း | ၂၃၀ |
| ၃။ | အမိုကရဏ မဟာမုဒ္ဒိစကော ဝိမံသကျမ်းပေါင်း | ၃၀ |
| ၄။ | အာတဗ္ဗကောပနိသဒ စသော ဥပနိသဒ ကျမ်းပေါင်း | ၂၇၀ |
| ၅။ | အာသာရဒသာ စသော ဝမ္ဗသျူတြ ကျမ်းပေါင်း | ၂၈၀ |
| ၆။ | ဥတ္တရကာသိ စသော ပာဟတ္တပသကျမ်းပေါင်း | ၇၄ |
| ၇။ | ဥပမေဒသ ပုတ္တာဝလိစသော တန္တြကျမ်းပေါင်း | ၂၃၀ |
| ၈။ | အဗျက္တယ ရာမာယနမ်စသော ဣတိဟာသကျမ်းပေါင်း | ၁၇၀ |
| ၉။ | ကမ္ဘဝိပါက၊ ကမ္မပကာသစသော ဇောတိသကျမ်းပေါင်း | ၂၉၀ |
| ၁၀။ | ဆန္ဒကောမုဒီ ဆန္ဒဂန္ဓိကာ စသော ကျမ်းပေါင်း | ၂၀ |
| ၁၁။ | အဗ္ဗလ္လာစရိတ အမရ မဏ္ဍန စသောကျမ်းပေါင်း | ၃၅၀ |
| ၁၂။ | အလင်္ကာရ ပဒီပ အလင်္ကာရ မဉ္ဇူသာစသော အလင်္ကာရကျမ်းပေါင်း | ၁၂၀ |
| ၁၃။ | အဘိညာဏသာကုန္တလ ဥရုတင် စသော နာဋက ကျမ်းပေါင်း | ၁၃၀ |
| ၁၄။ | အနေကတ္ထမဉ္ဇရီ၊ အဘိဓာနကောသစသော အဘိဓာန် ကျမ်းပေါင်း | ၉၀ |
| ၁၅။ | ကိုသုနီတိကထာ စာဏကျနီတိ စသော နီတိကျမ်းပေါင်း | ၅၀ |
| ၁၆။ | အဘိဓမ္မာသမုစ္စယ အဘိဓမ္မကောသ စသော ဗုဒ္ဓကျမ်းပေါင်း | ၁၅၀ |

နှင့် ပုရာဏ်ကျမ်း ဗေဒကျမ်း စသည့်တို့ များစွာရှိနေရာ. သိဟိုဠ်ကျွန်းဖြစ် သုဗောဓ လင်္ကာရ ကျမ်းက ပြဆိုထားသော-

က။ ယောဘာဒ္ဒသဒ္ဒေ ကုသလော ကုသာဂလာ နိသဂ္ဂါ၊
ဆန္ဒာ အလင်္ကာရ နိစ္စာကတ တိဿယာဂေ၊
သောယံ ကဝိတ္တဂိကရေဿပိ ကဝိဿသန်၊
ပေါဂ္ဂယ့ ပိန္ဒေဿပိ ကတ္တိ ဆူးကျန်း-ဿရဂ္ဂိ လဉ်းကောဉ်။

၇။ **ရာမသမ္မာဒျလက်ာရာ၊ သန္တိသန္တော ပုရာတနာ။**
တထာ ပိ တု ဝင်္ဂဇွေန္တိ၊ သဒ္ဒမာဂမိကာန တေ။
**အရဖြင့်** လည်းကောင်း။

၈။ **ကဗ္ဗ နာဋက** နိက္ခိတ္တာ၊ နေတ္တ စိတ္တ ကဝိဇ္ဇနာ။
ယံကိဉ္စိ ရစယန္တေတံ၊ **နဝိမှယ** ကရံ ပရံ အရဖြင့်လည်းကောင်း။

သဘာသမယ ဗုံမှပိဋကတ်တော်လာ 'တိဏ္ဏံဝေဒါနပါရဂူ' အရ ဝေဒပါရဂူဖြစ်တော်မူကြသော ဗုဒ္ဓမြတ်ဘုရားနှင့် အရှင်သာရိပုတ္တာ၊ အရှင်မောဂ္ဂလာန်၊ အရှင်ကောဏ္ဍည၊ အရှင်ပိလိန္ဒဝစ္ဆ စသော စတုပဋိသမ္ဘိဒါ ပုဂ္ဂိုလ်မြတ်တို့ တော်မြောက်ထားကြသော ဝေဒစာရင်းဝင် အထက်ပါ သုံးဗာဓာလင်္ကာရ ကျမ်းလာ သဒ္ဒါကျမ်း၊ နိဃဏ္ဍုကျမ်း ဆန်းကျမ်း အလင်္ကာကျမ်း ပူရာဏ်ကျမ်း ကာဗျကျမ်း နာဋကကျမ်း စသည် စာရင်းဝင် အထက်ပါ "ပရသမယ **ကျမ်းလာ**" ဗျာကရုဏ်၊ ကောသ စသော ကျမ်းတို့သည် နိရုတ္တိစာရင်းဝင် **ဖြစ်ကြ၍** ကျယ်ဝန်းလှသော နိရုတ္တိပညာနှင့် မကင်းနိုင်သည့် အထက်ပါ "**ဇေဝ် မေ** သုတ်" နှင့် စပ်ရာပုဒ်နက်တို့ကို ဖြန့်ထုတ်ခြင်းသည် သကသမယနှင့် ပရသမယ ၂ မျိုးလုံးနှင့် လျော်ကန်သော သဒ္ဒပညာနှင့် အတ္ထပညာတို့ ဟူ၍ မှတ်နိုင်ကြစေသတည်း။

ဤမျှဖြင့် ဇေဝ်မေသုတ်နှင့် စပ်၍ သိမှတ်ဖွယ်ရာအပိုင်း တခန်းရပ်ပြီ။

# ကုရုသု ကုရုနံနှင့် စပ်လျဉ်း၍ ဖွင့်ဆိုချက်များ

## က။ နိဒါန်း ပါဠိတော်

ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ ကမ္မာသဓမ္မံ နာမ ကုရူနံ နိဂမော

### သဒ္ဒါနက်

ဧကံ- တခုသော၊ သမယံ- အခါတုံးက၊ ဘဂဝါ- ဘုရားသည်၊ ကုရူသု- ကုရုတိုင်း အတွင်းရှိ နေရာအများ တို့တွင် ကမ္မာသဓမ္မံနာမ၊ ကမ္မာသဓမ္မ အမည်ဘွင်နေသော၊ ကုရူနံ-ကုရုတိုင်းသူ တိုင်းသားတို့၏၊ ဝါ- စိုးပိုင်သူ ကုရုနယ်စားတို့၏၊ နိဂမော- ပိုင်ဆိုင်ထားသော နိဂုံးရွာစား၊ကြီးသည်၊ အတ္ထိ၊ ရှိ၏၊ တသ္မိံ- ထိုနိဂုံးရွာနယ်၌၊ ဝါ- ထိုနိဂုံးရွာ အနီး တောအုပ်ကြီး၌၊ ဝိဟရတိ- နေတော်မူ၏။

### အဓိပ္ပာယ်ဖွင့် နက်

ဧကံ သမယံ တချိန်တုံးက ဝါ-ရက်စွဲ အထူးမပ်မထားခဲ့သော တချိန်တုံးက ဝါ-တခေတ်တုံးက ဘဂဝါ ဘုန်း ၆ ပါး သခင် ဘုရားရှင်သည်။ ကုရူသု ကုရုတိုင်းကြီးဟု သတ်မှတ်ထားသော နယ်မြေတို့တွင် ဝါ- နယ်မြေတို့အနက် ဝါ- သတ်မှတ်ထားသော ကုရုတိုင်းကြီး အတွင်းရှိနေ ခရိုင်အသွယ်သွယ် တွေနှင့် များလှ အထွေထွေရှိပြီး၊ မြို့ကြီး မြို့နယ် မြို့မယ်ခေါ် နိဂုံ နှင့် တိုက်နယ်၊ ကျေးလက်ရွာငယ် အဝဝ၊ ယင်းကုရုနယ်ဝင် ဒေသတို့တွင် ဝါ- ဒေသတို့အနက် ကမ္မာသဓမ္မံနာမ ကမ္မာသဓမ္မရပ်ဌာနဟူ၍ အမည်တွင်နေသော ဝါ- ခရုသင်းစွဲသကဲ့သို့ ခြေထောက်မှာ ပြောက်ကျားသော အမှတ်ငှိ၍၊ ကမ္မာသဟု အမည်ဘွင်ခြင်း၊ ယင်းကမ္မာသကို ဆုံးမခဲ့ရာ ဌာနဖြစ်ခြင်း၊ ယင်းအကြောင်း ၂ မျိုး ပေါင်းစပ်၍ "ကမ္မာသဓမ္မ" ဟူ၍ အမည်တရပ်တွင်နေသော။

က။ ဝါ- အသီတိ နိပါတ် မဟာသုတသောမ ဇာတ်တော်လာ ခြေမှာ ငုတ်စူးသွား၍ရရှိခဲ့သော အနာကြောင့် ခရုသင်းကဲ့သို့ ပြောက်ကျားသော အမှတ်ကွက်ရှိသူ မဟာပေါရိသာဒ အလောင်းတော် သုတသောမမင်းအား ဆုံးမခဲ့ရာဌာနဖြစ်ခဲ့၍ ကမ္မာသဓမ္မဟူ၍ အမည်ဘွင်နေသော။

၆။ ဝါ တို့သနိပါတ် ဇယဒိသ ဇာတ်တော်လာ ပဉ္စာလတိုင်းတွင် ဘုရင့်၏သား အလောင်းတော် အလိနသတ္တု မင်းသားက ဘီလူးမ၏ မြေးဖြစ်သားဖြစ်နေသူ လူသားစား စူဠ ပေါရိသာဒကို ဆုံးမခဲ့ရာဖြစ်ခဲ့၍ "ကမ္မာသဓမ္မ" ဟူ၍ အမည်တွင်နေသော။

၇။ ဝါ- မြောက်ကျွန်းနွယ်ဖွား ကုရုတိုင်းသားတို့မှာ မူလကိုယ်ခံ သီလ ခေါ် ငါးပါး သီလတရားတို့ မြောက်ကျွန်းမှာကဲ့သို့ မတည်မြဲကြပဲ ပေါက်ကြွားသွားကြသဖြင့် ယင်းတရား ပြောက်ကျားသူတို့၏ နေရာဖြစ်ခဲ့၍ "ကမ္မာသဓမ္မ" ဟူ၍ အမည်တွင်နေသော။

ကုရူန် ကုရုတိုင်းသူ တိုင်းသားတို့၏ (အမိဝတ္တော) ပိုင်ဆိုင်ရာ ဖြစ်နေသော၊ နိဂမေ မြို့ငယ်မာအစရိ နိဂုံးရွာကြီးသည်၊ ဝါ- မြို့လုလင် ဟခုသည်၊ ဝါ မြို့အင်္ဂါစုံလုနီးစွာ ထွားကြိုင်းလ၍၊ ရွာတော်ကြီးဟုလည်း မခေါ်တွင်၊ မြို့သူငယ်နှင့် မြို့မငယ်ဟုလည်း မသိဘွင် မြို့လုလင်တွင်ကရပ် နိဂုံးရွာဟု သတ်မှတ်အပ်သော မြို့စာရင်းဝင်လုနီး ရွာတော်ကြီး တရပ်သည်၊ အတ္ထိ- ရှိနေပါ၏။

တသ္မိံ နိဂမေ ထိုနိဂုံး၏ အနီး၌။ ဆွမ်းခံကြွလာရန် ခရီးမဝေးလှသော ထိုကမ္မာသဓမ္မနိဂုံးရွာ၏ အနီး ခေါ်မလှမ်း မကမ်းတွင်ရှိပြီး တောအုပ်ကြီး၌၊ ဝိဟရတိ- သံဃာပရိသတ်နှင့်အတူ သီတင်းသုံးနေတော်မူ၏၊ ဝါ- ကယ်ချွတ်လတ္တံ့ဖြစ်သော၊ နတ်ဗြဟ္မာနှင့် နိဂုံးမှာရှိကြသော လူခွင်များအပြင် တောအုပ်ဘွင်နေပျော် သုံးဆောင်းသော ရဟန်းတို့ပါ ကျွတ်နိုင်ရာ အရေး စိစစ်တွေးလျက် သီတင်းသုံးနေတော်မူ၏။

(အမှာ) ဘဂဝါပုဒ်ကို ဝါ- ဇော် သမယနှင့် ဘဂဝါပုဒ်တို့ကို အတ္ထိ ပုဒ်မှာ စပ်ရန်ဖြစ်၍ နိဂမေ ပုဒ်၌ ကင်ပြီး အနက်ပေးလျှင် မြန်မာ နားနှင့်လည်းလျော် အစပ်သည်းနီး၍ နားလည်လွယ်သောကြောင့် ပို၍သင့် ပေ၏။

ပါဠိတော်လာ ကုရူသုနှင့် ကုရူန် ၂ ပုဒ် ရှင်းလင်းချက်

ပါဠိတော်၌ "ကုရုသု" ဟု ဗဟုဝုစ် (သု) ဝိဘတ်နှင့် လည်းကောင်း "ကုရူန်" ဟု ဗဟုဝုစ်(န်)ဝိဘတ်နှင့်လည်းကောင်းလ ရှိရာ "ကုရုတိုင်းသည်" ၂ခု၊ ၃ ခု မရှိပဲ ၁ ခုထဲသာရှိနေ၍ "ကုရုသု" ဟု ဗဟုဝုစ် (သု) ဝိဘတ်ဖြင့် မနေသင့်။ "ကုရူသ္မိံ" ဟုသော် လည်းကောင်း၊ "ကုရုမှိ" ဟုသော် လည်းကောင်း၊ ဧကဝုစ် (သ္မိံ) ဝိဘတ်နှင့်သာ နေသင့်သည်ဟူ၍ လည်းကောင်း။

"ကုရုန်" မှာလည်း ဗဟုဝုစ်(န်)ဝိဘတ်နှင့်မနေသင့်။ "ကုရုနော်"ဟူသော်လည်းကောင်း၊ "ကုရုဿ"ဟူသော်လည်းကောင်း ဧကဝုစ်(သ)ဝိဘတ်နှင့်သာ နေသင့်သည်ဟူ၍လည်းကောင်း၊ ပညာရှိအချို့တို့ ယုံမှားမှုနှင့် ယူမှားမှုဖြစ် ရှိပုံကို သာမန်မူလတန်းသဒ္ဒါမျက်စိမျှဖြင့် ကြည့်မိသော ထိုထိုပညာရှိတို့၏ ပြဆိုမှုကို မှတ်ချက် တွေ့ရှိရပေသည်။

## အနာဂတ်ရေး မြော်တွေးရှင်းလင်းချက်

ယင်း ယုံမှားမှုနှင့် ယူမှားမှုသည် မျက်မှောက်ခေတ်ရှိ သဒ္ဒါပညာအားနည်းသူ စာသင်သားများအဖို့မှာလည်းကောင်း၊ အနာဂတ်ခေတ်၌ ကျခေတ်ထက် သဒ္ဒါပညာပို၍အားနည်းလာသူ ဘာသာဝင်များအဖို့မှ လည်းကောင်း၊ ဤကိစ္စ အတွက် သုတေသနပြုသူနှင့် ရှာမှီးသူများအဖို့မှာလည်းကောင်း၊ အဆိပ်နှင့် ဆူးငြောင့်သဖွယ်ဖြစ်နိုင်သဖြင့် ဗုဒ္ဓစာပေ၌ ပြည်တွင်းပြည်ပမှ ယုံမှားသူ ယူမှားသူများအား ယင်းအန္တရာယ်မှ ကင်းရှင်းကြ၍ ဗုဒ္ဓ၏ဉာဏ်တော်မြတ်နှင့် ပထမသင်္ဂါယနာတင် ရဟန္တာမထေရ်ကျော်ဘုရား၏ နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်တော် များကိုလည်းကောင်း၊ လေးစားညွတ်ဝပ်ကြကာ ဖြစ်ပေါ်မိသော မိမိတို့၏ အားနည်းမှုကို ဖြည့်တင်းပြင်ဆင်နိုင်ကြစေရန် ယောနိသောနှင့် ဗြဟ္မစိုရ် ရှေ့ထားပြီး ရှင်းပြသွားပါအံ့။

## မူလရည်ညွှန်းချက်နှင့်ဆိုလိုချက်ကို
## စိစစ်သိရှိရန်အရေးကြီးသည်

ပါဠိတော်လာ "ကုရူသု" ပုဒ်အရ ဘာကိုရည်ညွှန်းထားသည်၊ ဘာကိုဆိုလိုသည်ဟု စိစစ်သုံးသပ်ရန် ဦးစွာလိုလှ၍ ရည်ညွှန်းရင်းကို ရွေးထုတ်နိုင်အောင် စိစစ်ကြပါစို့။

ယင်း မူဘည်(ကုရု)အရသည် အဓိပ္ပာယ်အမျိုးမျိုးကို ဟောညွှန်နိုင်၍ ၎င်းအဓိပ္ပာယ်စုကို ပြန်ထုတ်ကြည့်သော်--

### ကုရု-အရ

၁။ ကျွန်းကိုလည်း ဟောနိုင်သည်။
၂။ တိုင်းကိုလည်း ဟောနိုင်သည်။
၃။ ယင်း တိုင်းအတွင်းရှိ သက်ရှိနှင့် သက်မဲ့တို့ကိုလည်း ဟောနိုင်သည်။
၄။ လူ စသည်တို့၏ အမည်တခုခုကိုလည်း ဟောနိုင်သည်။

သို့ဖြစ်၍ ယင်း ၄ မျိုးထဲက ဘယ်ဟာကိုဆိုလိုသည်ဟု စိစစ်သိရှိဖို့ ဦးစွာ လိုပေသည်။ မစိစစ်ပဲယူမိလျှင် မှားသွားပေမည်။ မူလဟောသူ ဗုဒ္ဓအလိုနှင့်လည်းကောင်း၊ ဦးစွာလက်ခံထားကြသော ပဌမသင်္ဂါယနာတင် ရဟန္တာ အရှင်မြတ်တို့၏အလိုနှင့်လည်းကောင်း၊ ဆန့်ကျင်သွားပေမည်။

၁။ ရည်ညွှန်းသူက ကုရုအရကိုကျွန်းကြီးလေးကျွန်းအနက် မြင်းမိုရ်တောင်၏မြောက်ဘက်ရှိ ဥတ္တရကုရုကျွန်းကို ရည်ညွှန်း၍ ပြောခဲ့လျှင် ယင်း ကုရု အရ ကျွန်းကိုယူရသည်။ ဝါ-ကောက်ရသည်။

၂။ တဖန် ယင်း ကုရုအရ ကျွန်းအမည်ကိုယူပြီး နယ်မြေဒေသဌာနတွေ များစွာရှိနေသော နိုင်ငံကြီးတခုကိုသော်လည်းကောင်း၊ တိုင်းခေါ် နယ်မြေကြီးတခုကိုသော် လည်းကောင်း၊ ခရိုင်နယ်မြေတခုကိုသော် လည်းကောင်း၊ မြို့နယ်ကြီးတခုကိုသော်လည်းကောင်း၊ ပြို့နယ်မြေတဝိုက်ကိုသော်လည်းကောင်း၊ တိုက်နယ်မြေတခုကိုသော်လည်းကောင်း၊ ရွာနယ်မြေတခုကိုသော်လည်းကောင်း၊ ရွာကိုသော်လည်းကောင်း၊ ကုရုအဖြစ် ရည်ညွှန်းပြောခဲ့ပြန်လျှင် ယင်း ကုရု အရ ယင်း သတ်မှတ်ရာဌာနအရကို ကုရုအဖြစ် ကောက်ယူရသည်။

၃။ တဖန် တောတခုကိုသော် လည်းကောင်း၊ ဥယျာဉ်တခုကိုသော် လည်းကောင်း၊ တောင်နှင့်သစ်ပင် စသည်တခုကိုသော်လည်းကောင်း၊ အိမ်၊ ကျောင်း၊ ဇရပ်၊ တဲ တခုခုကိုသော်လည်းကောင်း၊ လူကိုသော်လည်းကောင်း၊ မြင်း၊ ကျွဲ၊ နွား၊ ခွေး၊ ဝက်၊ ကြက်၊ ဘဲ စသည်ကိုသော်လည်းကောင်း၊ ကုရုအဖြစ် သမုတ်သတ်မှတ်ကာ ရည်ညွှန်းပြောခဲ့ပြန်လျှင် ယင်း သတ်မှတ်ထားရာကိုသာ ကုရုအရ ကောက်ယူရပေသည်။

## နိရုတ္တိနည်းအရ

၄။ တဖန် ကုရုဘော-ကုရုဝေ စသည်ကဲ့သို့ ကရဓာတ်ကို စီရင်ထားသော ကုရုဖြစ်ခဲ့လျှင် ယင်း ကုရုအရ ပြုလုပ်ထားသော အရာဝတ္ထုတခုခုကိုသော် လည်းကောင်း၊ ပြုလုပ်မှုကိစ္စအရာကိုသော်လည်းကောင်း ကောက်ယူရပေသည်။

၅။ တဖန် ကုဘိမေဒ္ဒေ ကု အာပ ကုနာရာဟုပုဒ်ခွဲပြီး ကု-မြေ၊ အသူ-ရေ၊ ကုဒ္ဒေ-ဆတို့ ရသူ။ ကုဘိမေဒ္ဒေ-မြေကို ဆတို့ရသူ ဟု ဖွဲ့ယပ် ယရှုသလို ကြိုက်သည်ဟည်း ကု-ဥရု-ပုဒ်ခွဲပြီး ကု က မြေကိုဟော၍ ဥရုက သဲကိုဟော၍ ၂ ပုဒ်ပေါင်း ကုရုအရမှာ မြေနှင့် သဲကိုလည်း ရသည်။ မြေနှင့်စပ်ထားသော သဲကိုလည်း ရသည်၊ သဲနှင့်ရောထားသောမြေကိုလည်းရ ဝါ-သဲမြေကိုလည်း ရနိုင်သည်။

၆။ တဖန် ကု အရ စောင်တက်ကိုရပြန်၍ ဥစ္စာအရ သဲကိုပဲရ၍ ၂ ပုဒ်ပေါင်း ကုသ္စ အရမှာ ဘောင်ထွက်နှင့်တူသောသဲ၊ ဝါ-သဲပုံစေတီကိုလည်း ရနိုင်ပြန်သည်။

၇။ တဖန် ကု အရ အသံကိုရ၍ ရ အရ မြည်ဟွန်မှုကိုရသဖြင့် ၂ ပုဒ်ပေါင်း ကုရအရသည် အသံမြည်ဟွန်မှုကိုရပြန်သည်။

၈။ တဖန် ကုကို ပါဠိ၌ စက်ဆုပ်ဖွယ်၊ ရ က မြည်တွန်မှု ၂ ပုဒ်ပေါင်း ကုရ အရ စက်ဆုပ်ဖွယ်မြည်ဟွန်မှု၊ အော်ပူ၊ အသံပြုမှုကိုရပေသည်။

၉။ တဖန် ကုသကို ကုသ ပိုင်းခွဲ၍ ကု ဥ အရဟု ၃ ပုဒ်ခွဲပြီး၊ ကု ပါပေ ပကောင်းမှု၊ ဥ ဥဿ ကင်းလွတ်ခြင်း၊ အရ ဂမနေ ရောက်ခြင်းဟူ၍ ၃ ပုဒ်ပေါင်း မကောင်းမှု ကင်းလွတ်ရာသို့ ရောက်ရှိခိုက်ကိုလည်း ရသည်၊ ရောက်ရှိအောင်သွားသော ... ကိုလည်း ရနိုင်သည်။ ရောက်ရှိအောင်အားထုတ်နေသူကိုလည်း ရနိုင်သည်။ ယင်းရောက်ရှိအောင် အားထုတ်နေသူ၏ နယ်နှင့် ဒေသ ဌာန စသည်တို့ကိုလည်း ကောက်ယူနိုင်ပြန်သည်။

၁၀။ တဖန် ကုသလာ အဿ ကုသနေ ဟူသော အဘိဓာန်လာ အရ ကု အရ သဘ၊ ရ အရ ရုန္ဓ ကိုဟောပြန်ရာ

"ကုသတ္တေ ရုန္ဓတိ နိသေဓေတိ စေတန ဇွောတိ ကုရ" ဟု ပြုပါက၊ ဓား လက်နက်စသော လက်နက်တို့ကို တားဆီးနိုင် တားဆီးစေတတ်သော တရားကိုလည်းကောင်း၊ ထိုတရားရှိသော သူကိုလည်းကောင်း၊ ထိုတရားရှိသော သူနှင့် သူတစုတို့နေရာကိုလည်းကောင်း၊ ကုရ အရယူနိုင်ပြန်တော့သည်။

အညွှန်း ဤဖော်ပြခဲ့ပါ ပုံစံတို့ကိုထောက်ဆပြီး ကုမှ က ကို စက ကုဥ စသည်ဖြင့်သည် ကောင်း၊ ရမှ ဥရ၊ ဥရ ကုရ၊ အရစသည်ဖြင့်လည်းကောင်း ခွဲယူ၍ အဘိဓါန်ရှိ ကာနည်း၊ ဒေကရကောသနည်း ဓာတွတ္ထဒီပကာ ဓာတွတ္ထ သင်္ဂဟ စသော မှတ်ချမ်းသာနည်း ပုံတို့ဖြင့်၊ ယင်းကုရပုဒ်ကို ဖြန့်ထုတ်ခဲ့လျှင် အတ္ထဝိဆပ်ဘေ ၃၁ ကျော် ထွက်ပေါ်လာနိုင်သေး၏။

ဤဘွင်မှာ ဇိနာလင်္ကာရဋီကာနည်း၊ သံပျင်ဋီကာနည်း၊ သီလက္ခန္ဓဋီကာ နည်း၊ သိဒ္ဓိဝိစိတ္တာလင်္ကာရကျမ်းနည်း၊ မဟာနိဒ္ဒေသနည်း စသည်တို့ဖြင့် ဖြန့်ထုတ်ပြန်လျှင် ယင်းကုရပုဒ်၏ အနက်ဘေ့ မနောက်ထပ် မြောက်မြားစွာ ရရှိနိုင်ပေသေး၏။

## လိုရင်းကုရုပုဒ်အရ ရှင်းချက်

ဤပါဠိတော်လာ "ကုရုသု"ပုဒ်၏အရသည် (တိုင်း) ဟု၍ မှတ်ထားသော နာမပညတ်တခုကို ဝါ-နယ်ခြပ်တခုကိုမဆိုလို။ ညွှန်ပြလိုသည်မှာ ယင်း "ကုရုတိုင်းဟုသမုတ်ထားအပ်သော နယ်ခြပ်ကြီးအတွင်းရှိ" ခရိုင်နယ်ခြပ်တွေ မြို့နယ်ခြပ်တွေ နိဂုံးနယ်ခြပ်တွေ၊ တိုက်နယ်ဟသော ခြပ်ငယ်ကိုသာ ရည်ညွှန်းပြီး ဟောညွှန်ထားခဲ့ခြင်းဖြစ်ပေသည်။

သာဓကကား— "ဗဟုကေ ပန ဂါမ နိဂမာနိ ယော ဥပါဒါယ ဗဟုဝစနေန ဝေါဟာရီယတိ တေန ဝုတ္တံ" ဟူသော ရှင်းပြိုင်ပင်အဖွင့် ဖွင့်ကြသော ရှင်းပြချက်ဖြင့်ပင် (ကုရုသု) ပုဒ်၏အရ သိနိုင်ပေသည်။ ဒါခြားဖော်ရာတွေကို ယူရ ဝါ- မယုံမှားရ၊ မယူမှားရဟူသောအပြောညံ့ ထင်ရှားလုံလောက်နေပေပြီ။

အနက်— ပန-ယုံမှားမှုနှင့် ယူမှားမှုဖြစ်ဖွယ်ရာကို သိမြင်သာအောင် လင်းပြ ရှင်းပြဦးအံ့။ ဗဟုကေ-တခုမက များလှစွာကုန်သော ။ ဂါမနိဂမာဒယော-ရွာနှင့်နိဂုံးစသည်တို့ကို၊ ဝါ-ရွာ နိဂုံးတို့ဖြင့် ပိုင်းခြားသတ်မှတ်ရာ၊ လူနေရာနှင့် လူမနေရာ ဒေသဌာနစသည်အဝင်တို့ကို။ ဝါ-ရွာနိဂုံးပုံနှင့်အလားတူဖြစ်ကြသော ဒေသဌာနအဝင်တို့ကို။ ဝါ ရွာနိဂုံးတို့နှင့် နီးစပ်လျက်ရှိရာ ဒေသဌာနအဝင်တို့ကို။ ဝါ-ရွာ-နိဂုံးဟူသော ဒေသဂိတ်ဌာနစိတ်အဝင်တို့ကို (အာဒိအနက် ၄ ချက်နှင့်အညီပေးခြင်းဖြစ်သည်) ဥပါဒါယ ရည်ရွယ်မြော်ထောက်၍၊ ဗဟုဝစနေန-ကုရုသု-ကုရုန်-ဟူသော ဗဟုဝုစ်ဘတ်ဖြင့်။ ဝေါဟာရီယတိ-ခေါ်ဆိုသုံးနှုန်းအပ်၏။ ဝါ သုံးနှုန်းချက်ပြုရ၏။ တေန-ထိုဖော်ပြသောဝ ကြောင့်၊ ဝါ-ထိုသို့သော ပိဋကတ်သုံးသဘာဝကြောင့်၊ ဝါ-ပိဋကတ်စည်းမျဉ်းအရကြောင့်။ ကုရုသုဝိဟရတိ-ကုရုသုဝိဟရတိဟူ၍။ ဝါ-ကုရုသု ဝိဟရတိ ဟူ ကြေရုစ်သုံးနှင့် မနေနိုင် မရှိနိုင် မနေရ မနေရပဲ "ကုရုသု ဝိဟရတိ" ဟူ၍သော ဗဟုဝုစ်အသုံးနှင့်သာ။ ဝုတ္တံ-မိန့်ကြားပေ၏။ ပါဠိတော်သမ္ဗန်ဒါဠီဖတ်ရ ဓိဋ္ဌာ ထေရဟန္တာအရှင်မြတ်များသည် ဗုဒ္ဓမိန့်ချက်အတိုင်း မြွက်ကြားသွားပေ၏။ ဝါ-အရှင်အာနန္ဒာနှင့်တကွ အရှင်မဟာကဿပစသော ပဉ္စမသင်္ဂါယနာတင် ရဟန္တာကျော်မထေရ်မော် မထေရ်မြတ်များတို့သည် ပြတ်သားသေချာ မိန့်ကြားသွားပေ၏။

ဝါ-မူလဟောကြားခဲ့လာ သဗ္ဗညုတ မြတ်ဘဂဝါကလည်း ကုရုသို့ ဟူသော ကေရုစ်အထားကို မသုံးနှုန်းမဟောကြား ဖယ်ရှားပြီး၊ "ကုရုသု" ဟူသော ဗဟုဝုစ်ကထာ ဒေသနာတော်အနေဖြင့် နိဂုတ္တိသုံးနှင့်ညီစွာ ခြားနားသေချာ မိန့်မြွက်ထားခဲ့ပါပေ၏။

## အဋ္ဌကထာအဖွင့်ဖြင့် ရှင်းပြချက်

ကုရုသည် တိုင်းတခုတည်းအရ ရည်ရွယ်၍ ဟောခဲ့လျှင် ကုရုသု ဟု ဆိုးကောင်း၊ ကုရုမှိ-ဟုလည်းကောင်း၊ ဧကဝုစ်သို့ ဝိဘတ်နှင့်ဖြစ်သင့်ပါ၏။ ကာဂ်ယမိ အပြုနှင့်ဖြစ်စေ နေရသည်။ ထိုသို့ဝိုခိုက်၌ ကုရုသိန္တိ ဧဝိန်ဥမကြေ ရနဌ ရဋ္ဌပိ၊ ရဋ္ဌသို-ဟုရှိရသည်။

ပါဠိ ဤသုတ်လာ ဤပုဒ်အဖွင့်ပိုင်းတွင်—

တဿ— ရဋ္ဌဿ— ဟု- ဧကဝုစ်ဝိဘတ်နှင့် လည်းကောင်း၊ တသ္မိံ ဇနေ ပနဒေဟု ဒုတိဝိဘတ်နှင့်လည်းကောင်း၊ ကုရုရဋ္ဌေ နာမ်ဿဘတိ ဟု ကုရုအရဲ ရဋ္ဌကိုသာ ယူရပုံ ဝါ၊ တိုင်းကိုသာ ယူရပုံနှင့် နာမံ ဖြဲ့ ဧကဝုစ် ယူရန်ကို အဋ္ဌကထာဆရာကပင် သဒ္ဒါစည်းမျဉ်းဖြင့် ပြထားသည်။

ထိုနောက် ကုရု အရတိုင်း တခုအရကို မယူရပဲ ယင်းတိုင်းအတွင်းရှိ လူ တမျိုးကိုသော်လည်းကောင်း၊ လူအားလုံးကိုသော်လည်းကောင်း၊ ယူငေလို ရာ၌ (ကုရုရဋ္ဌဝါသိန်) ဟု ဗဟုဝုစ် နံဝိဘတ်ဖြင့် ဖွင့်ပြထားပေသည်။

ထိုပြင် ယူရမည့်အရာကို ကွက်၍ပြလိုရာ၌ (ကုရုရဋ္ဌဝါသိနော) ကိရ ဘိက္ခု-ဘိက္ခုနီယော ဥပါသကာ ဥပါသိကာယော ဟု ကွက်၍ ဖွင့်ပြထား လေသည်။

ထိုပြင် ဝေံဘာဂဝါ (ကုရုရဋ္ဌဝါသိပရိသံ) လဘိတ္ဝာ ဂမ္ဘီရ ဒေသနံ ဒေသေတိ ဝါကျ၌ ယင်း (ကုရုရဋ္ဌပဝါသိပရိသံ)အရ တနေရာ၌ စုရုံးရောက် ရှိနေသော တရားနာ ပရိသတ်အုပ်ကြီးကို ဆိုလို၍ (ဧကဝုစ်အဖြစ်) အဋ္ဌ ကထာ ဆရာက ဖွင့်ပြထားလေသည်။

ဤပုဒ်၌ ကုရု အရက ရဋ္ဌ တိုင်းကိုသာရ၍ ဝါသီ တွင်ရပ်ထားမူ ၎င်း ကုရုတိုင်းအတွင်းမှာ နေသမျှ လူအားလုံးနှင့်တကွ တိရစ္ဆာန်အားလုံးပါ ယူ နိုင်သည်။ ယူရမည်။

ဤ၌မူကား ဝါသီတွင်ရပ်မနေပဲ (ပရိသ) ပုဒ်နှင့် တွဲလိုက်သဖြင့် (ကုရု ရဋ္ဌဝါသီ) အရသည် ၎င်းတိုင်းအတွင်းရှိ လူနှင့် တိရစ္ဆာန်အားလုံး မယူနိုင် မဟုတ်ပဲ ၎င်းတို့အထဲမှ မဟာသတိပဋ္ဌာနသုတ်ကို နာယူကြမည့် လူရှင်ရဟန်း ပရိသတ်မျှကိုသာ ယူရတော့သည်။ ကျန် လူရှင်ရဟန်းတွေနှင့် တိရစ္ဆာန်တွေ ကို မရနိုင် မယူနိုင်တော့ပေ။ ထိုကြောင့် ဧကဝုစ်နှင့် ပြခြင်းဖြစ်တော့သည်။

မှတ်ချက်။ ဤ၌ ကုရုရဋ္ဌဝါသိန်နှင့် ကုရုရဋ္ဌဝါသိနော ၂ ပုဒ်လုံးသည် ဗဟုဝုစ်ဆိုများကို ညွှန်ပြသော်လည်း ကုရုရဋ္ဌဝါသိန်အရက သက်ရှိအားလုံး

ကို ယူနိုင်၍ကျယ်သည်၊ ကုရုရဋ္ဌဝါသီနေ အံရက ပရိသတ် ၄ မျိုးကိုသာ ကွက်ပြထား၍ ချဉ်းသည်၊ ယင်းသို့ခြားနားပုံကိုလည်း သတိပြုမိကြရာ၏။

## ကုရုရဋ္ဌဝါသိန် ရှင်းချက်

ကုရုရဋ္ဌဝါသီစာပိုဒ်၌ ကုရုပုဒ်၊ ရဋ္ဌပိုဒ်၊ ဝါသိပုဒ် ဟု ပေါင်း ၃ ပုဒ်တို့ ပေါင်းစပ်ထားရာ သဒ္ဒါစည်းမျဉ်းအရဖြင့် စပ်တွဲကြပုံမှာ—

၁။ ကုရုနှင့်၊ ရဋ္ဌ ၂ ပုဒ်မှာအရ တူနေကြ၍—

က။ ကုရုဝေရဋ္ဌံ- ကုရုရဋ္ဌံ- ကုရု၏ အရသည်ပင် တိုင်းမည်၏ ဟု (အဝဓာရဏကမ္မဓာရည်း အဖြစ်ဖြင့်လည်း တွဲစပ်နိုင်သည်)

ခ။ ကုရု စ တံရဋ္ဌဉ္စာတိ ကုရုရဋ္ဌံ ကုရုလဲမည်၊ တိုင်းလည်းမည်၏ ဟု (ဝိသေသနော ဘယပဒ ကမ္မဓာရည်း အဖြစ်ဖြင့်လည်း တွဲစပ်နိုင်၏)

ဂ။ ကုရုသင်္ခါတံ ရဋ္ဌံ ကုရုရဋ္ဌံ- ကုရု အမည်တွင်သော တိုင်း ဟု (သမ္ဘာဝနာကမ္မဓာရည်း အဖြစ်ဖြင့်လည်း တွဲစပ်နိုင်သည်)

ဃ။ ကုရုဣတိ ရဋ္ဌံ ကုရုရဋ္ဌံ ကုရု ဟူသော တိုင်း ဟု (ယင်းသို့ သမ္ဘာဝနာ ကမ္မဓာရည်း အဖြစ်ဖြင့်လည်း တွဲစပ်နိုင်ပြန်သည်)

င။ ကုရုနာမကံ ရဋ္ဌံ ကုရုရဋ္ဌံ ကုရုမည်သော တိုင်း ဟု (နာမ ပုဒ် ချေကားသော မဇ္ဈေလောပ ကမ္မဓာရည်းသမာသ် အဖြစ်ဖြင့်လည်း တွဲစပ်နိုင်သည်)

စ။ ရဋ္ဌဘူတံကုရု ကုရုရဋ္ဌံ တိုင်း ဖြစ်သော ကုရု ဟု (ဝိသေသန ပရပဒနှင့် သမ္ဘာဝနာ ကမ္မဓာရည်း ၂ မျိုးရဖြင့်လည်း တွဲစပ်နိုင်သည်)

ဆ။ ရဋ္ဌသင်္ခါတံကုရု ကုရုရဋ္ဌံ တိုင်း အမည်တွင်သော ကုရု ဟု (အထက်က စ နှင့် အတူဖြင့်လည်း၊ တွဲစပ်နိုင်ပြန်သည်)

ဇ။ ရဋ္ဌနာမကံကုရု ကုရုရဋ္ဌံ တိုင်း အမည်ရသော ကုရု ဟု မဇ္ဈေလောပ ကမ္မဓာရည်း အဖြစ်ဖြင့်လည်း တွဲစပ်နိုင်သည်)

ဈ။ ကုရုဒိပိကာနံ ဌာနံ — ကုရု = ကုရုကျွန်းသားတို့၏ နေရာ။ ဝါ- ကုရုကျွန်းမှ ရောက်လာပါလာသော သူတို့၏ နေရာဟု (ဥတ္တရလောပတပ္ပုရိသ်ပြု၍လည်း တွဲစပ်နိုင်သည်) ထိုနောက်-

ကုရုမဝေဋ္ဌံ ကုရုရဋ္ဌံ ကုရုကျွန်းသားတို့၏ နေရာသည်ပင် တိုင်းမည်၏ဟု (တပ္ပုရိသ်အပေါ်မှာ အဝ္စမာရေဏ ကမ္မဓာရည်းဆင့်၍လည်း တွဲစပ်နိုင်သည်)

ည။ အသားဟူ အထက်ပါ (ဈ) အတိုင်း ကုရုသဒ္ဒါကို ဦးစွာ တပ္ပုရိသ်လုပ်ပြီး "ကုရူနံ ရဋ္ဌံ-ကုရုရဋ္ဌံ" ဟု (အမ္ဗာဝနာ ကမ္မဓာရည်း ထပ်ဆင့်၍ တွဲစပ်နိုင်ပြန်သည်)

ဋ။ ကုရု သမ္မတံ ရဋ္ဌံ ကုရုရဋ္ဌံ- ကုရုဟု သမုတ်ထားသော တိုင်းဟု (မဇ္ဈေလောပ ကမ္မဓာရည် သမာသ်ဖြင့်လည်း တွဲစပ်နိုင်သည်။)

ဌ။ ကုရုဘာဝေန ကုရုဗိပဘာဝေနဝါ သမ္မတံ ကုရု- ကုရုအနေနှင့် ဝါ၊ ကုရုကျွန်းအနေနှင့် သမုတ်ထားသော နေရာ ဟု (ဥတ္တရပဒလောပတပ္ပုရိသ် သမာသ် ဦးစွာ ပြုပါ) ထို့နောက်-

ကုရုမဝေဋ္ဌံ ကုရုရဋ္ဌံ- ကုရုကျွန်းအနေနှင့် သမုတ်ထားသော နေရာသည်ပင် ကုရုတိုင်း မည်၏ဟု (အဝဓာရဏ ကမ္မဓာရယ် သမာသ် ထပ်ဆင့်၍လည်း တွဲစပ်နိုင်သည်။)

ဍ။ ကုရုကို အထက်ပါ (ဌ)အတိုင်း ပဌမ တပ္ပုရိသ်လုပ်ပြီး ကုရုစတံ ရဋ္ဌဉ္စာတိ- ကုရုရဋ္ဌံ ဟု (ကမ္မဓာရယ် ထပ်ဆင့်၍လည်း တွဲစပ်နိုင်သည်)။

ဎ။ ထို့ပြင် အထက်ပါ စ-ဆ-ဇ တို့အတိုင်း ၃ ဝါကျထပ်ဆက် တွဲယူနိုင်သေးသည်။ (ပေါင်း ၁၇ ဝိကပ်)

## ၂ ဝါသိနော်

က။ ဝသိတုံ သီလံ ယေသံ တေတိ ဝါသီ၊ မိမိတို့ ဓမ္မတာဖြင့် နေထိုင်လေ့ရှိသော သူတို့ဟု (တဿီလ ဘာဒ္ဓိတ် ဝိဂ္ဂဟ်ပြု)

ခ။ အတ္တနော ဓမ္မတာ သီလေန ဝသန္တိတိ ဝါသီ၊ မိမိတို့၏ ဓမ္မတာသီလဖြင့် နေပျော်တတ်သူတို့ဟု (ကတ္တုသာဓ် ဝိဂ္ဂဟ်ပြု)

ဂ။ သံဝိဇ္ဇန္တိ အတ္တနော ဓမ္မတာ သီလေန ဝသနံ ယေသံ တေတိ ဝါသီ၊ မိမိတို့၏ ဓမ္မတာသီလဖြင့် နေမှုရှိသူများဟု (အဿတ္ထိ တဒ္ဓိတ်လည်း ပြုနိုင်သည်)

## ၃ ကုရုရဋ္ဌဝါသီပုဒ်

၎င်း ဝါသီပုဒ်ကို အထက်ဖော်ပြခဲ့ပြီး ကုရုရဋ္ဌပုဒ်နှင့် ကုရုရဋ္ဌေ ဝါသီ– ကုရုရဋ္ဌဝါသီ၊ ကုရုတိုင်းမှာ မိမိတို့ မွေးဘွားရာ အကြောင်းဖြင့် နေထိုင်လေ့ရှိသော သူတို့ဟု (သတ္တမီ တပ္ပုရိသ် သမာသ်) တွဲ၍ အနက်ဖော်ပြပါ။ အလားတူ အထက်နံပါတ် ၂ လာ ခ နှင့် ဂ အတိုင်းလည်း သတ္တမီတပ္ပုရိသ်သမာသ် တွဲပါသေး။ အနက်ကိုပေးပြီး ဝိကပ်အတိုင်း ဖော်ပါ။

ထို့ပြင် အထက်နံပါတ် ၁ ဖြင့် ဖော်ပြခဲ့သော ၁၇ ဝိကပ်နှင့် နံပါတ် ၂ မှ က-ခ-ဂ ၃ ဝိကပ်နှင့် အနက်ကို ဖော်ယူပါလေ။

## ၄ တနည်း ကုရုရဋ္ဌ ဝါသီ

ကုရုရဋ္ဌနှင့် ဝါသီကို ကုရုရဋ္ဌေဂသော ယေသံတေတိ ကုရုရဋ္ဌဝါသီ၊ ကုရုတိုင်း၌ နေပျော်မှုရှိကြသောသူများဟု (ဗဟုဗ္ဗီ ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ တွဲနိုင်ပြန်သေးသည်)

## ၅ တနည်း ကုရုရဋ္ဌ ဝါသီ

ကုရုရဋ္ဌေဝသော ကုရုရဋ္ဌဂသော ကုရုတိုင်းမှာ နေပျော်ခြင်းဟု သတ္တမီ တပ္ပုရိသ်ပြု၊ ထို့နောက် ကုရုရဋ္ဌဂသော ယေသံ အတ္ထိတိ ကုရုရဋ္ဌဝါသီ၊ ကုရုတိုင်းမှာ နေပျော်ခြင်းရှိသူများဟု တပ္ပုရိသ် သမာသ်ပုဒ် အပေါ်မှာ အဿတ္ထိ တဒ္ဓိတ် ထပ်ဆင့်နိုင်သေးသည် ဟူလို

ထိုနောက် (တေသံ ကုရုရဋ္ဌ ဝါသီနံ) ဟု ဝိဘတ်ချန်ခဲ့လေ။

---

## ရဋ္ဌ ပုဒ်

က။ ရဋ္ဌန္တိ နဂရ နိဂမာဒယော ပဝတ္တန္တိ ဧတ္ထာတိ ရဋ္ဌံ၊ မြို့တွေ နိဂုံး စသည်တွေ ဖြစ်ရှိရာ ဌာန ရဋ္ဌ။ ဤအခိုက် (ရဋ္ဌဓာတ် တ ပစ္စည်း)

ခ။ ရဋ္ဌန္တိ ဘာသန္တိ ဧကေန မဟာပဒေသ ဘာဝေန ဧတ္ထာတိ ရဋ္ဌံ နယ်မြေကြီး တခုအဖြစ်ဖြင့် သတ်မှတ်ထားရာ ဝါ- သတ်မှတ်ပြောကြားထားရာ ဌာနရဋ္ဌ (ရဋ္ဌ ဓာတ်၊ တ ပစ္စည်း)

ဂ။ ရမိယန္တေတိ ရမ္မာ၊ ရမိတဗ္ဗာတိ ဝါ ရမ္မာ- မွေ့လျော်ဖွယ်ဖြစ်သော ရေ မြေ စိမ့် စမ်း တော တောင် ဥယျာဉ် သစ်ပင် စသည်ရ၏။ (ရမုဓာတ် ယ ပစ္စည်း)

ဌာတိ တိဋ္ဌတီတိ ဌာနံ နေရာ ရ၏၊ ရမ္မာနံ ဌာနံ ရဋ္ဌံ၊ ရေ မြေ ဥယျာဉ် သစ်ပင် စသည်တို့၏ တည်ရာဌာနကို ရ၏။

(မ နှင့် န ကိုချေ)

ဃ။ ရမန္တိ ဇနာ အတ္တနော မမ္မတာ သီလေန ပမောဒန္တီတိ ရမ္မာ။ ပင်ကိုယ်မမ္မတာ သီလဖြင့် ပျော်မွေ့တတ်သော သူတွေကိုရ၏။

(ရမု ဓာတ် အ ပစ္စည်း)

ရမ္မာနံ ဌာနံ ရဋ္ဌံ ပင်ကိုယ် မမ္မတာသီလဖြင့် ပျော်မွေ့တတ်သော သူတို့၏ နေရာဌာနရ၏။ (မ နှင့် န ကို ချေ)

င။ ရမန္တိ ဗဟုဇနာ ဧတ္ထာတိ ရမ္မံ၊ လူများစုတို့၏ မွေ့ပျော်ရာ ဌာန ရ၏။ (ရမုဓာတ် အ ပစ္စည်း)

ဌာနကို အထက်(ဂ)အတိုင်းပြုပြီး ရမ္မဥ္စ တံ ဌာနဥ္စာတိ ရဋ္ဌံ၊ (ဝိသေသနော ဘယပဒ) ကမ္မဓာရည်း) မွေ့လျော်ဖွယ် တိုင်း ကို ရ၏။

အညွှန်း

ဤ "ကုရုဋ္ဌ ဝါသိနံ" ပုဒ်၌ နိရုတ္တိ ဥပဒေသနှင့်အညီ ပုဒ်တွေ ထပ်နေ စပ်နေ ဟပ်နေပုံတို့ကို ထောက်ဆပြီး "ကုရုရဋ္ဌ ဝါသိနော" ပုဒ်မှာလည်း အလားတူ ပုဒ်တွေထပ်နေ စပ်နေပုံနှင့် သဘာဝအလိုက် အချင်းချင်းဟပ်နေပုံဘို့ကို နည်းမှီသဘောပေါက်ပါလေ။

---

ကုရုသုအတွက် ရှင်းချက်

အဋ္ဌကထာလာ အထက်ပါ "ကုရုရဋ္ဌ-ဝါသိနံ" နှင့် ကုရုရဋ္ဌ ဝါသိနော ပုဒ်တို့ကို ထောက်ဆသဘောပေါက်ခဲ့လျှင် ပါဠိတော်လာ(ကုရူသုံ) ပုဒ်အတွက် အလွယ်နှင့် သဘောပေါက်နိုင်ရာ၏။

ရှင်းပြပါဦးအံ့၊ ယင်း (ကုရူသု) ပုဒ်ကို

၁။ ကုရုသ္မိံ ဇာတာ ကုရု ဟူ၍လည်းကောင်း၊

၂။ ကုရုသ္မိံ ပဝတ္တာ ကုရု ဟူ၍လည်းကောင်း၊

၃။ ကုရုသို့ ဝါ ကုရုမှိ ဥပ္ပန္နာ ကုရု ဟူ၍လည်းကောင်း၊

၄။ ကုရုသို့ ကုရုမှိဝါ ဘဝါ ကုရု ဟူ၍လည်းကောင်း၊

၅။ ကုရုသို့ ကုရုမှိဝါ သန္တာ သံဝိဇ္ဇမာနာ ကုရု ဟူ၍လည်းကောင်း ပြုလုပ်ခိုက်၌ ကုရုတိုင်းမှာ ဖြစ်နေရှိနေကြသောသက်ရှိအားလုံးနှင့် သက်မဲ့အားလုံးတို့ကို ရနေသည်။ ဝါ– ယူနိုင်သည်၊ သို့ရာတွင် (နိဂမော) ဟူသော နောက်ပုဒ်ကို ထောက်ဆရ၍ ဤနေရာ၌ သက်ရှိတွေကို မကောက်ယူပဲ သက်မဲ့တို့အထဲမှ ဒေသနှင့် ဌာနတို့ကိုသာ ကောက်ယူသင့်တော့သည်။ ဝါ–ကောက်ယူရပေမည်။ ထိုနောက် (တေသု–ကုရူသု) ဟု ဝိဘတ်ချန်ခံပေးလေ။ ထိုအခိုက် ကုရူသုအရမှာ (ကုရုတိုင်းအတွင်း ရှိနေကြကုန်သော ခရိုင်နယ်၊ တွဲဘက်ခရိုင်နယ် မြို့နယ်မြို့ကြီး မြို့ငယ် နိဂုံး ကျေးလက် တောရွာ တို့တွင် ဝါ ၎င်းတို့အနက်၊ ဝါ– ၎င်းတို့အထဲက) ဟု အနက်ပေးရာ၏။ (ကုရုတိုင်းတို့၌) ဟု မပေးရာ၊ ပေးလျှင် မှားတော့၏။

## ကုရူသု ကုရုန်အရ

ပုဒ်တွေ၏ နေလိုရင်းမှာ "ကုရူသု ကမ္မာသဓမ္မံနာမ နိဂမော အတ္ထိ" နေလိုရင်းဖြစ်၍ ထိုအတိုင်းအနက်ကို ဖြောင့်ယူလိုက်သော်–

ကုရုအမည်ရ တိုင်းကြီးမှာ ဝါ– တိုင်းကြီးအတွင်းမှာ ရှိနေကြကုန်သော ခရိုင် မြို့နယ် ကျေးလက်ရွာတို့တွင် ဝါ–ရွာတို့အနက် ဝါ–ရွာတွေထဲက ကမ္မာသဓမ္မဟု အမည်တွင်နေသော နိဂုံး ဒေသသည်ရှိ၏ ဟု ဆိုလိုပေသည်။

သတိချပ်ဖွယ်။ ။ကုရူသုအရ ပဒတ္ထကို နိဒ္ဓါရဏတ္ထ ကို ယူသော။ အာဓာရတ္ထ ခေါ် တည်ရာကိုမယူရ မယူလေနှင့်။

ဤသို့ ရှင်းထုတ်လိုက်သော် (၁) ကုရူသုအရက ကုရုတိုင်းအတွင်းရှိ နိဂုံးရွာတို့ကို၎င်း (၂) ကုရုန်အရကမူ ကုရုတိုင်းအတွင်းရှိ လူတွေကိုရ၏။ ဟူ၍ ကွဲပြားကြရာ၏။

သို့ဖြင့် ကုရုန်အရ ခွဲခြားကြည့်သော် "ကုရုသို့ ဝသန္တာကုရု ဟု ဝသန္တတဒ္ဓိတ်၊ တနည်း ကုရုသို့ နိယိတာကုရု" ဟု နိယိတတဒ္ဓိတ် လိုရာလုပ်၍ ကုရုတိုင်းမှာ ဝါ–ကုရုတိုင်းအတွင်းမှာ နေလျက်ရှိကြသော လူတွေဟု အနက်ပေးလေ။

ထိုနောက် တေသံ ကုရူနံ ဟု ဝိဘတ်ချန်ခဲ့ပြီး၊

အနက်ကား ထိုကုရုတိုင်းမှာ ဝါ-ကုရုတိုင်းအတွင်းမှာ နေ့လျက်ကြရှိသော လူတို့၏ ဟု ပေးရာ၏။

### အဘိဓာန် ဆရာ အလို

ပုမ္ဗဟုတ္တေ ကုရု သက္ကာ၊ ကောသလာ မဂဓာ သိဝိ။
ကလိင်္ဂါ ပန္တိ ပဉ္စာလာ၊ ဝဇ္ဇီ ဂန္ဓာရ စေတယော။
ဝင်္ဂါ ဝိဒေဟာ ကမ္ဗောဇာ၊ မဒ္ဒါ ဘဂ္ဂင် သိဟဠာ၊
ကသ္မီရာ ကာသိ ပဏ္ဍဝါဒိ၊ သိယုံဇနပဒန္တရာ။

ဟု အဘိဓာန်ဆိုချက်အရ ကုရုတိုင်းအစ ပဏ္ဍဝတိုင်းအထိ ၂၁ ဌာနတို့နှင့် ထက္က အာဒိ အရ သူရတိုင်း မဟာတိုင်း မစ္ဆဂ္ဂတတိုင်း တလက္ကုဋ္ဌတိုင်း အသ္မကတိုင်း စသည်တို့ကိုလည်း "ပုမ္ဗဟုတ္တေ" အရ ပုလ္လိင်နှင့် ဗဟုဝုစ် အဖြစ်ဟု ဆိုထားသဖြင့် ၎င်းပုဒ်တို့ကို ဧကဝုစ်ကိန်းနှင့် မနေရဟု ဆိုပေသည်။

### အဘိဓာန် ဋီကာ အဆို

၎င်း အဖွင့် အဘိဓာန်ဋီကာ ဆရာကလည်း "ကုရုနာမ ဇာနပဒိနော ရာဇကုမာရာ၊ တေသံနိဝါသော ဧကောပိဇနပဒေါ ရူဠ္ဟိသဒ္ဒေန "ကုရူ" တိ ဗဟုဝစနေန ဝုစ္စတိ၊ ဝေဲသဗ္ဗတ္ထ" ဟူ၍လည်းကောင်း ဆိုထားသည်။

ထို့ပြင် ၎င်းသုတ်အဖွင့် မူလပဏ္ဏာသ အဋ္ဌကထာနှင့် မဟာပဒါနသုတ် အဋ္ဌကထာတို့မှာလည်း အလားတူဆိုထားသည်။

ဆိုလိုရင်းမှာ ကုရု သက္က စသော (တိုင်းအမည်ခံ) ဌာနကြီးတို့သည် (တခုစီသာ) ဖြစ်လျက် (ဇနပဒန္တရာ) အရ ဇနပုဒ်ထူးချားအဖြစ် ဗဟုဝုစ် နှင့် ကုရူ သက္ကာ ဟု နေရခြင်းသည် မူလအုပ်ချုပ်ခဲ့သူ ဝါ-စိုးပိုင်ခဲ့သူ တို့သည် (မင်းသားအများ) ဖြစ်ကြ၍ ယင်း ပိုင်ဆိုင်ခဲ့သူ အများကိုငဲ့၍ ဗဟုဝုစ်နှင့် ဆိုအပ်သည်ဟု ဆိုလိုသည်။

---

### ကုရုတိုင်း စသည် ဖြစ်ပေါ်လာပုံ

ယင်း ကုရုတိုင်း သက္ကတိုင်း ကောသလတိုင်း စသော အမည်တို့ စတင် ပေါ်ပေါက်လာချိန်ကား "မန္ဓာတု စကြာမင်းကြီး" လက်ထက်က

စတင်ပေါ်လာသည်ဟု ကျမ်းဂန်၌ လာရှိသည်။ ယင်း မန္ဒာတု စကြာ မင်းကြီး ပေါ်လာချိန်ကား၊ ဤကမ္ဘာဦး အသက် အသင်္ချေယျ ခေတ်၌ အစဆုံး ပေါ်လာသော မင်းသည် မဟာသမ္မတမင်း မည်၏။ ၎င်းမင်းမှ သားမြေးအစဉ်လိုက် ဖြစ်လာကြသော—

| | |
|---|---|
| | ၁။ မဟာသမ္မတမင်း |
| ၎င်း၏သား | ၂။ ရောဇမင်း |
| ။ | ၃။ ဝရရောဇမင်း |
| ။ | ၄။ ကလျာဏမင်း |
| ။ | ၅။ ဝရကလျာဏမင်း |
| ။ | ၆။ ဥပေါသထမင်း |
| ။ | ၇။ မန္ဒာတု စကြာမင်း |

ယင်း ၇ ဆက်မြောက် မန္ဒာတု စကြာမင်း လက်ထက်က၌ အထက်ပါ ကုရုတိုင်း သက္ကတိုင်း စသည်တို့ ပေါ်လာသည်ဟု ၎င်းအဖွင့် အဋ္ဌကထာ တို့၌ လာရှိသည်။

---

## အသက်တမ်းဖြင့် အချိန်ကို မှန်းဆရန်

ယင်း မန္ဒာတု စကြာမင်းသည် ကာမဂုဏ်၌ ရောင့်ရဲခြင်း မဖြစ်နိုင်၍ လူ့ကာမဂုဏ်နှင့် စတုမဟာရာဇ်နတ်ပြည်ရှိ နတ်ကာမဂုဏ်တို့ ခံစားချိန်ကို ချန်ထားပြီး တာဝတိံသာ နတ်ပြည်၌ ခံစားနေသော အချိန်တို့မှာ သိကြားမင်း ၃၆ ဆက် လဲသွားသော်သည်း ယင်းမန္ဒာတု စကြာမင်း၏ အသက်တမ်းမကုန်သေးဟု ဆိုထားသဖြင့် တာဝတိံသာရှိ သိကြားတဦး၏ အသက်မှာ လူ့ဘို၏ အရေအတွက်အားဖြင့် ၃၆ သန်း၊ ၀၊- ၃ ကုဋေနှင့် ခြောက်သန်းရှိ၍ သိကြား ၃၆ ဆက်တို့၏ အသက်ကို ပေါင်းကြည့်သော် သန်းပေါင်း (၁၂၉၆) သန်း၊ ၀၊- ၁၂၉ ကုဋေနှင့် ၆ သန်း ရှိသည်။ လူ့ပြည်နှင့် စတုမဟာရာဇ် နတ်ပြည်မှာ ခံစားနေသော နှစ်တို့နှင့်ပေါင်းယူသော် ကုဋေပေါင်း (သုံးရာကျော်)ထိ အသက် ရှည် နေချိန်က ဖြစ်ပေသည်၊

မှတ်ချက် – တိကနိပါတ် ၎င်းအဖွင့်အဋ္ဌကထာမှာကား— "အာယုပ္ပမာဏံ အသင်္ချေယျံ အဟောသိ" ဟု ဆိုထားသဖြင့် ထိုအချိန်မှာ လူ့အသက်က နတ်အသက်ထက်ရှည်နိုင်ချိန်ဖြစ်၍ အသက်အသင်္ချေယျတန်းထဲကဟု ဆိုလိုသည်။

## ကုရုတိုင်းဖြစ်ပေါ်လာခြင်း

ယင်းမန္ဓာတုစကြာမင်းကြီးသည် နတ်ကာမဂုဏ်တို့ကိုမခံစားမီ လူ့နယ်၌ ရှိနေစဉ် စကြာရတနာတန်ခိုးဖြင့် စစ်အင်္ဂါလေးပါးတို့ပါဝင်ရလျက် ကျွန်းကြီးလေးကျွန်းလုံးကို လှည့်လည်သောအခါ အရှေ့ အနောက် မြောက် ဟူသော ကျွန်းကြီးသုံးကျွန်းတို့မှ ကျွန်းသူကျွန်းသားအချို့တို့သည် စကြာမင်းကြီး၏ အသရေတော်ကို မြတ်နိုးကြ၍ ဇမ္ဗူဒီပါတောင်ကျွန်းသို့လိုက်ပါလာခဲ့ကြရာ မန္ဓာတုစကြာမင်းကြီး တာဝတိံသာနတ်ပြည်၌ နတ်ကာမဂုဏ်တို့ကိုခံစားမှုဘက် ရောက်ရှိသွားစဉ် မိမိတို့နေရင်း အရှေ့ အနောက် မြောက် ကျွန်းတို့သို့ မပြန်နိုင်ကြတော့၍ စကြာမင်း၏သားဖြစ်သူ ဘုရင်ထံမှာ သူတို့နေထိုင်ရေးအတွက် သူတို့နေရာတောင်းကြသည်၊ ထိုအခါ သားကြီးဖြစ်သူဘုရင်က—

၁။ အရှေ့ကျွန်းမှ လိုက်ပါလာကြသောသူတို့အတွက် မူလနေခဲ့ရင်း ပုဗ္ဗဝိဒေဟကျွန်း၏အမည်ဖြင့် သမုတ်သတ်မှတ်၍ ဝိဒေဟရဋ္ဌ၊ ဝိဒေဟတိုင်းဟူ၍လည်းကောင်း၊

၂။ အနောက်ကျွန်းမှလိုက်ပါလာကြသူတို့အတွက် မူလနေခဲ့ရင်း အပရဂေါယာနကျွန်း၏အမည်ဖြင့် အပရန္တဇနပဒ ဟု ဝါ-အပရန္တရဋ္ဌ အပရန္တတိုင်းဟူ၍လည်းကောင်း၊

၃။ မြောက်ကျွန်းမှလိုက်ပါလာကြသောသူတို့အတွက် မူလနေခဲ့ရင်း ဥတ္တရကုရုကျွန်း၏အမည်ဖြင့် သမုတ်သတ်မှတ်၍ ယတို့ ခေါ် ကုရုရဋ္ဌ ကုရုတိုင်းဟူ၍ လည်းကောင်း သမုတ်ပေးခဲ့သည်ဟု အဋ္ဌကထာက ရှင်းပြထားလေသည်။

## ကုရူသု ဗဟုဝုစ်နှင့်မင်းသားများ

၁။ ကုရူသု ဝိဟရတိတိ ကုရုနာမ "ဇာနပဒိနော ရာဇကုမာရာ တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရုဠှိသဒ္ဒေန ကုရူတိ ဝုစ္စတိ" ဟူ၍ မဟာဝဂ္ဂ အဋ္ဌကထာ မဟာနိဒါနသုတ်၌ လာရှိချက်တရပ်၊

၂။ ကုရူသု ဝိဟရတိတိ "ကုရုနာမကာ" ဇာနပဒိနော ရာဇကုမာရာ တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရုဠှိသဒ္ဒေန ကုရူတိ ဝုစ္စတိ ဟူ၍ မူလပဏ္ဏာသအဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ် အဖွင့်၌ လာရှိချက်တရပ်။

ရင်း ၂ ရပ်အနက် နံပါတ် ၁ ၌ "ကုရုနာမ" ဟုသာ၍ နံပါတ် ၂ ၌ "ကုရုနာမကာ" ဟုလာရှိရာ ပုဒ်တည်ပုံခြင်းမတူကြပေ။ ရေးသူမှာ အရှင်ဗုဒ္ဓ

သော၁သ အဋ္ဌကထာ ဆရာတဦးတည်းပင် ဖြစ်သည်။ ဤသို့ ပုဒ်ဘည်ပုံမတူ ခြားနားခြင်းသည် ကျမ်းပြုသူအဋ္ဌကထာဆရာကြီးသည် ဒေသနာပြည် ကျမ်းကျင်ပုံကို ပြသွာ ခြင်းပင် ဖြစ်သည်၊

ထိုအရ ပုဒ်ဘည်ပုံခြားနားသလို အနက်ပေးပုံချင်းလည်း ခြားနားနေပေသည်။ ခြားနားပုံကား—

နံပါတ် ၁ ၌ ဇနပဒိနော- ယင်းကုရုဇနပုဒ်ကို အစိုးရကုန်သော။ ဝါ- အုပ်ချုပ်ကုန်သော။ ဝါ-ယင်းဇနပုဒ်၏ နယ်စား မြို့စား ရွာစား ဖြစ်ကုန်သော။ ရာဇကုမာရာ-မင်းသားတို့သည်။ ကုရုနာမ-ကုရုမည်ကုန်၏။ ဝါ-ကုရုတွေ မည်ဘွင်ကုန်၏။ ဝါ ကုရုတွေ အမည်ရကုန်၏၊

တနည်း—ဇနပဒိနော-ယင်းကုရုဇနပုဒ်ကို အစိုးရကုန်သော၊ ရာဇကုမာရာ-မင်းသားတို့ကို။ ကုရုနာမ ကုရုအမည်ရကုန်၏ဟူ၍။ ဝုစ္စန္တိ-သံသယကင်းအောင် ထင်လင်းစွာဆိုအပ်ကုန်၏ ဟူ၍လည်း ပေးနိုင်သည်၊

မှတ်ချက်– ဤကား သကတ်ဘထွေ၊ အဖြေ ဥဒစာ၊ အာသကကျ၊ ထားရာ ဝုစ္စတိ ဟူသော ပိဋကတ်စည်းပျဉ်းအရ အာသကတ္တဖြစ်၍ ဤသို့ အနက်ပေးရာ၏၊

နံပါတ် ၂ ၌ (က) ကုရုနာမကာ-ကုရုအမည်ရှိကုန်သော။ ဝါ-အမည်တွင်ကုန်သော။ ဝါ-အမည်ရကုန်သော။ ရာဇကုမာရာ-မင်းသားတို့သည်။ ဇနပဒိနော ဇနပုဒ်ပိုင်ဆိုင်သူတို့ဖြစ်ကြကုန်၏။ ဝါ-ယင်း ဇနပုဒ်နယ်အတွင်း၌ နယ်ပိုင်အသီးသီးတွေ ဖြစ်ကြကုန်၏။

(ခ) တနည်း– ဇနပဒိနော- ယင်းကုရုဇနပုဒ်ကို အစိုးရကုန်သော။ ဝါ- အုပ်ချုပ်ကုန်သော။ ဝါ-ခရိုင်စား နယ်စား မြို့စား ရွာစားတွေဖြစ်ကုန်သော။ ရာဇကုမာရာ-မင်းသားတို့သည်။ ကုရုနာမကာ-ကုရုတိုင်းပိုင် နယ်ပိုင် စသည်တို့ မည်ကုန်၏။ ဝါ-အမည်ရှိကုန်၏။ ဝါ-အမည်ရကုန်၏။

(ဂ) တနည်း– ရာဇကုမာရာ- မင်းသားတို့သည်။ ဇနပဒိနော- ဇနပုဒ်အသီးသီးတို့ကို ပိုင်ဆိုင်ကြသည်၊ဟုတွာ- ဖြစ်ကြ၍။ ဝါ-ဖြစ်ကြသောကြောင့်။ ကုရုနာမကာ-ကုရု ဟုအမည်ရကြကုန်၏။ ဝါ-အမည်တွင်ကြကုန်၏။

(ဝုစ္စန္တိ ကိုထည့်ပြန်သော် အထက်ပါအတိုင်း ကမ္မရုပ်ဖြင့်သည်း အတ္တဝိကပ်တွေများစွာ ရနိုင်တော့သည်)

## အထူးသတိပြုဖွယ်

နံပါတ် ၁ ကုရုနာမ မှာပါသော (နာမ) ပုဒ်သည် ဆဋ္ဌျယပုဒ် ဝါ- နိပါတ်ပုဒ်ဖြစ်၍ ကုရုဟခြား နာမဟခြားဟု မှတ်ပါ။

နံပါတ် ၂ ကုရုနာမကာ မှာပါသော (နာမ) ပုဒ်သည် နမုဓာတ် အပစ္စည်းမှလာသော ကိတ်နာမ် (နာမ) ပုဒ် ဖြစ်သည်။

ထို့ကြောင့် နံပါတ် ၁ ကုရုပုဒ်ကို တဒ္ဓိတ်ပုဒ်အဖြစ် အနက်ဖော်၍ နံပါတ် ၂ ကုရုနာမကာ ပုဒ်ကို ဗဟုဗ္ဗီဟိသမာသ်ပုဒ်အဖြစ် အနက်ဖော်ကြပါလေ။

ဖော်ပုံကား နံပါတ် ၁ ကို "ကုရူသု ဇာတာ ကုရု။ ကုရူသု အဓိဝတ္ထာ ဝါ ကုရု" ဟုပြု။ ကုရုတိုင်းမှ ဖြစ်ကုန်သောသူတို့ တနည်း ကုရုတိုင်းမှာ အစိုးရကုန်သောသူတို့။

နာမကို ပဒါနံ အာဒိမ္ဗျောဝသော နေသု နိပတန္တိတိ နိပါတာ အရ ကုရုပုဒ်၏ အဆုံး၌ချကာ ကုရုနာမဟု ပုဒ်ပြီးတော့သည်။

နံပါတ် ၂ ကို ကုရုဣတိနာမံ ဧတေသံ တေတိ ကုရုနာမကာဟု ဗဟုဗ္ဗီသမာသ်ပြု၊ သမာသန္တကောဖြင့် သမာသ်ပုဒ်အဆုံး (က) လာသော် ကကား အနက်ထူးမရှိ။ ဗာဟုနဒိကောကဲ့သို့ (တဒ္ဓိတ) ဟု မှတ်ရာ၏။

အနက်ကို ကုရုဟူ အမည်ရှိကြသော မင်းသားတို့ မင်းသားတွေဟု အနက်ဖော်လေ။

## တိုင်းအမည်နှင့် မင်းသားများ အစိုးရပုံ

၁။ ကုရုတိုင်း၊ ဝိဒေဟတိုင်း စသည်အမည်ရပုံမှာ အထက်မှာဖော်ပြပြီး အတိုင်း မြောက်ကျွန်း အရှေ့ကျွန်း စသည်မှ လိုက်ပါလာကြသော ကျွန်းကြီးသားတို့၏ အမည်ကိုစွဲ၍ ကုရု ဝိဒေဟ စသော အမည်ထူးများ ဖြစ်ပေါ်လာ တွင်လာကြသည်။

၂။ မင်းသားများအစိုးရပုံမှာ ထိုထို မြောက်ကျွန်း အရှေ့ကျွန်းတို့မှ လိုက်ပါလာသူတို့မှာ မင်းသားတွေ မဟုတ်ကြပေ။ အရပ်သူ၊ အရပ်သားတွေသာ ဖြစ်ကြသည်။ အကယ်၍ သူ့ကျွန်းမှာ မင်းစည်းစိမ် ရရှိနေပါက ဤကျွန်းသို့ မင်းဖြစ်လို၍ လိုက်လာရန်လည်း မဖြစ်နိုင်၊ လိုက်လာသော်လည်း မင်းအဖြစ် ပေးမည်မဟုတ်ပေ။

ရာဇကုမာရ- အရ မင်းသားတွေ ဖြစ်ခဲ့ပုံမှာ ပရော သဟဿံ ခေါ ပနဿ ပုတ္တာ အဟေသုံ သူရာ ဝီရင်္ဂရူပါ ပရသေနပ္ပမဒ္ဒနာဟု ပါထိကဝဂ် ပါဠိတော် စက္ကဝတ္တိသုတ် ၄၈ နှင့် ၆၃ တို့ လာချက်အရ စကြာမင်းတို့မှာ တပါးစစ်သည်တို့ကို နှိမ်နင်းနိုင်ကြသော ရဲရင့်၍ ခွမ်းပကားရှိကြသူ

သားပေါင်း (တခထောင်ကျော်) ရှိသည်ဟု ဘုရားဟောချက်အရ ယင်း မန္တာတု စကြာမင်းကြီးမှာလည်း နိုင်ငံတော် အဝန်းကို အုပ်ချုပ်ကြရန် သားတော် မင်းသားပေါင်း (၁၀၀၀) ကျော် ရှိခဲ့သဖြင့် ယင်းသားတော် ဖြစ်ကြသော မင်းသားတွေကို အထက်ပါ ကုရုတိုင်း၊ ဝိဒေဟတိုင်း၊ သက္ကတိုင်းစသော တိုင်းပေါင်းများစွာတို့ကို အုပ်ချုပ်စေသဖြင့်၊ ယင်းတိုင်းတွေထဲမှ နယ်ပေါင်း ခရိုင်ပေါင်း များစွာတွေကို မင်းသားတွေ အသီးသီး ခွဲဝေအုပ်ချုပ်ကြ၍ ကုရုတိုင်း တခုမှာပင် နယ်ကြီး ကျယ်ပြန့်လှ၍ မင်းသားတွေ များစွာ အုပ်ချုပ်ရကြောင်းကို အကြောင်းပြု၍ "ဇာနာပဒိနော ရာဇကုမာရာ" ဟု ဗဟုဝုစ်နှင့်ဆိုခြင်း။ စကြာမင်းကြီး၏သား မင်းသားတွေများစွာ အုပ်ချုပ်ရခြင်းတို့ကို အစွဲပြု၍ အထက်ပါ စကားစု ဖြစ်ပေါ်လာရပုံကို ဤမျှဖြင့် သဘောပေါက်နိုင်ကြရာပြီ။

## ကုရုတိုင်း တည်ရာနယ်မြေ

ဤကုရုတိုင်းသည် ကမ္ဘာဦးပိုင်း အသက် အသင်္ချေယျတမ်း တည်ချိန် မန္ဓာတု စကြာမင်း လက်ထက်ကစ၍ (အသက် ကရာဘမ်း) ဗုဒ္ဓ ဂေါတမ ခေတ်နှင့် တဘိယ သင်္ဂါယနာ ခေတ်အထိ တည်ရှိလျက်ရှိသည်။

ယင်းကုရုတိုင်း၌ မြို့တော်ကြီး အဖြစ်ဖြင့် ဣန္ဒပတ္ထမြို့၊ ဝါ- ဣန္ဒပတ္ထနဂို အနေဖြင့် တည်ရှိခဲ့ပုံကို-

၁။ မဟာနိပါတ် ဝိဓုရ ဇာတ်တော်၌လည်းကောင်း။

၂။ အသီတိနိပါတ် မဟာသုတသောမ ဇာတ်တော်၌လည်းကောင်း။

၃။ တိံသနိပါတ် သမ္ဘဝ ဇာတ်တော်၌လည်းကောင်း။

၄။ တိကနိပါတ် ကုရုမ္မ ဇာတ်တော်၌လည်းကောင်း လာရှိပေသည်။

ထို့ပြင် အသီတိနိပါတ် ကုဏာလ ဇာတ်တော်လာ ပဏ္ဍုမင်း၏ သားတော် ၅ ဦးဖြစ်သော အဇ္ဇုနမင်းသား၊ နကုလမင်းသား၊ ဘိမသေန မင်းသား၊ ယုဓိဋ္ဌိလမင်းသားနှင့် သဟဒေဝ မင်းသားတို့သည် ရှေးအဆင်း ကဲ့သို့ လှကြသောကြောင့် လည်းကောင်း၊ တက္ကသိုလ်ပြန်များ ဖြစ်သော ကြောင့်လည်းကောင်း၊ ဗာရာဏသီမင်း၏ သမီးတော် ကဏှာဒေဝီက အားလုံး ကို ပန်းကုံးစွပ်ပြီး ခင်ပွန်းသည် လင်ယောကျ်ားများအဖြစ် အတင်ခံရသော မင်းသား ၅ ဦးတို့သည်လည်း ကုရုတိုင်း အတွင်းက မှိန္ဒ။ မဟာသာရတာ ကျမ်း၌ ဆိုထားသည်။

ယင်းကုရုတိုင်း၌ မြို့တော်ဓေါ် နေပြည်တော်သည် ဣန္ဒပတ္ထမြို့ဖြစ်၍ နယ်ပယ်တို့မှာ ဥတ္တရပဉ္စာလမြို့၊ ဟတ္ထိနပူရမြို့ စသည်တို့နှင့် မြို့ငယ်တို့ကား ကုလ္လာဿဒမ္မ ကမ္မာသဒမ္မ စသည် များစွာရှိနေပုံကို ဝိသတိနိပါတ် သောမနဿဇာတ်၊ မဇ္ဈိမပဏ္ဏာသရဋ္ဌပါလသုတ်နှင့် မာဂဏ္ဍိယသုတ် မူလပဏ္ဏာသ-မဟာသတိပဋ္ဌာနသုတ် စသည်တို့ဖြင့် သိနိုင်ပေသည်။

## ကုရုတိုင်း၏ အကျယ်အဝန်း

အဟံ ခေါ ပနသာ တိယောဇနသတေ ကုရုရဋ္ဌေ
သတ္တယောဇနိကာ ဣန္ဒပတ္တနဂရေ ရဇ္ဇံ ဒါတုံ ပယောမိ

ဟု အသီတိနိပါတ် မဟာသုတသောမဇာတ်တော် ၅၂၄ ၌ လာရှိချက်အရ-

(က) ၁။ ကုရုတိုင်းသည် ယူဇနာအားဖြင့် ၃၀၀ ရှိ၍ မိုင်အားဖြင့် ၂၄၀၀ မိုင် တဝါဒ၊ ၃၇၅၀ မိုင် တဝါဒရှိကြသည်။

၂။ ဣန္ဒပတ္ထမြို့တော်သည် ယူဇနာအားဖြင့် ၇ ယူဇနာရှိ၍ မိုင်အားဖြင့် ၅၆ မိုင် တဝါဒ၊ ဂဂ မိုင် တဝါဒရှိလေသည်။

(ခ) ကျောက်စာဌာနမှ သတ်မှတ်ချက်မှာ အနောက်မြောက်မှ ဆရသတီမြစ်နှင့် အရှေ့မြောက်မှ ဂင်္ဂါမြစ်၊ ယင်းမြစ်ကြီး ၂ ခု အကြားကို ကုရုတိုင်းဟု သတ်မှတ်ထားသည်။

## ဆစေသးစိတ် ညွှန်ပြသော်

၁။ အနောက်မြောက်ဘက်မှ ပန်ဂျပ်နယ်။

၂။ အနောက်တောင်ဘက်မှ ရာဂျစ်စတန်နယ်။

၃။ အရှေ့မြောက်ဘက်မှ ဥတ္တရပ ဒေသ။

၄။ အရှေ့တောင်ဘက်မှ ဂွါလိယာနှင့် ကန်ပူရ်။

၅။ မြောက်ဘက်မှ ဒေဟရဒွန်နှင့် ချန်ဒီဂါး

ဧင်းနယ် အစအတွင်းကို ကုရုတိုင်းဟု သတ်မှတ်သည်။

ဧင်းမြို့တော်နေရာကို ဒေလီမြို့ဟောင်းနှင့် ၁၉၁၂ ခုနှစ် အောက်ဟိုဘာ တရက်နေ့က ဗြိတိသျှတို့က ရူပီကျပ်ငွေ သန်းပေါင်း ၆၀ အကုန်ခံပြီး ဘုရင်ခံချုပ်နေရာ မြို့တော်အဖြစ် တည်ဆောက် ယူထားသော ဒေလီမြို့သစ်

ဝါ- နယူးဒေလီမြို့ ၂ မြို့တို့ တည်ရှိရာကို ရှေးဣန္ဒပတ္ထနာဂရ မြို့တော်နေရာဟု ယူဆခဲ့နကြသည်။

မှတ်ချက်- ၁၉၁၁ ခု၊ ဒီဇင်ဘာလ ၁၁ ရက်က ဗြိတိသျှ ဘုရင်မကြောက် ဂျော့ဘုရင်သည်၊ ဒေလီမြို့ဟောင်း၌ နန်းတက်ပွဲ ပြုလုပ်ခဲ့ဖူးလေသည်။

ကျောက်စာ ဌာနကမူ နယူးဒေလီမြို့၏ အနောက်တောင်ဖက်ရှိ ယမုနာမြစ်၏ လက်ယာဘက်ကမ်းပေါ်မှာ(ဣန္ဒြပ ပရဆလ) ဟု ကျောက်ဆိုင်းဘုတ်ကြီးနှင့် ညွှန်ပြထားလျက်ရှိမသာ နေရာသည်သာ (ဣန္ဒပတ္ထမြို့) ဟု သတ်မှတ်ထား လေသည်။

## မြို့နာမည် ပြောင်းပုံ

၁။ ဗုဒ္ဓဝါဒီတို့ စာပေ၌ ဣန္ဒပတ္ထနဂရ
၂။ ဟိန္ဒူဝါဒီတို့ စာပေ၌ ဣန္ဒြပြဆထ
၃။ မူစလင် ပသီဝါဒီတို့ စာပေ၌ ဒိလီ
၄။ အင်္ဂလိပ်တို့စာပေ၌ ဒေဟလီ ဝါ- ဒေလှီ ဝါ- ဒေလီ ခေါ်ဆိုကြလေသည်။

## ကမ္မာသဓမ္မ နိဂုံးဌာန

၎င်းအတွက် ကျောက်စာဘက်မှလည်း မဖော်ပြ။ မြို့ငယ်နေရာအနေဖြင့်၍ အတိအကျ မလွယ်လှပေ။ မော်လမြိုင် တောင်ပေါ်က် ဆရာတော် အရှင် စက္ကပါလ ဆရာတော်ကမူ ဒေလီမြို့၏ အရှေ့မြောက်ဖက်ရှိ MEERUL မီးရှတ်မြို့နှင့် မူဇပ်ဖါးမြို့၏ မြောက်ဖက်နားမှာ ရှိသည်ဟု ခန့်မှန်းပြလေ သည်။ ထောက်ထားချက် တစုံတရာ ပြမထားပေ။

ဤမျှဖြင့် ကုရုသု ကုရုနိပုဒ် ရှင်းချက် တခန်းရပ်လိုက်ပြီ
ဤတွင် ပရိယတ္တိ ပညာပိုင်း တခန်းရပ်ပြီ

---

(ခ) ပရိယတ္တိ၊ ပဋိပတ္တိ ပညာပိုင်း
ပရိယတ်၊ ပဋိပတ် ဆိုင်ရာ အခန်းများ

### ၁။ နိဒါန်း ပါဠိတော်

တကြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ.... ဘိက္ခဝေါတိ
ဘဒ္ဒန္တေ-တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ
ဘဂဝါ ဧတ ဒဝေါစ

အနက်။ ။တကြောင်းသော် နိဂုံးရွာအနီး နေလာ ထိုအချိန်၌မှာပင်လျှင် ဝါ-ကမ္မာသဓမ္မ နိဂုံးအနီး တောအုပ်ကြီးဝယ်၊ ကျွတ်ထိုက်ကြကုန် လူ နတ် ဗြဟ္မာ တရားနာခိုက်ကြုံ ပရိသတ်အစုံတို့ ပေါင်းဆုံခဲ့ရာ ထိုအချိန်ခါ၌ ခေါ်-တရားတော် ဟောညွှန်ပြရန်အရေး အချိန်တော် မဝေးတော့၍ သတိပေးအနေ မိန့်ခွန်းသံ ချွေတော်မူလိုသည်ဖြစ်၍ ဘဂဝါ-ဘုန်းတော်သခင် ဘုရားရှင်သည်၊ ဘိက္ခူ-တရားနာယူရန် ရောက်ရှိနေကုန် ရဟန်းပရိသတ်အဖုံဖုံတို့ကို၊ ဘိက္ခဝေ ဣတိ-ဘုရားလိုလား အို-ချစ်သား ရဟန်းများတို့ဟူ၍၊ အာမန္တေသိ-မြွက်ဟန့်းဆော် မိန့်ခေါ်တော်မူလိုက်လေ၏။

တေဘိက္ခူ-ရွှေမျှောက်ခဲ့သား ထိုရဟန်းများကလည်း၊ ဘဂဝတော-ဘုရားသခင်အား၊ ဘဒ္ဒန္တေတိ-ဘုန်းတော်ကြီးမား အိုအရှင်မြတ်ဘုရားဟူ၍ ပစ္စဿောသုံ-ရိုသေလေးစား တုံ့ပြန်လျှောက်ထား လိုက်ကြကုန်၏။

(တဒါ) ထိုအခါ၌ ဝါ-လေးစားစိတ်သန် ညွှတ်နာခံလျက် ရှိနေပုံ အခြေမှန်ကို တုံ့ပြန်လျှောက်ထား လိုက်ကြရာ၊ ထိုအခါ၌။ ဘဂဝါ-ဘုန်းတော်သခင် ဘုရားရှင်က၊ ဧတံ-ဂမ္ဘီရတ္ထ မည်သော မဟာသတိပဋ္ဌာန သုတ် ဖြစ်ပေါ်လာ ဤ အောက်ပါ ဒေသနာတော်မြတ်ကို၊ အဝေါစ-မိန့်ကြားတော်မူလိုက်လေပြီ။ ဝါ-ဥဒ္ဒေသ နိဒ္ဒေသ ၂ ကိစ္စ ခွဲခြား၍ ဝါ-အကျဉ်းနှင့်အကျယ် ဓမ္မ လုပ်ငန်း နယ် ၄ သွယ် တို့ ကို ခွဲခြား၍ တကန့်စီ တကန့်စီ လုပ်ငန်းတွေ သားကိုက်ပြီး၊ မိန့်ခွန်းဓမ္မကို ကျင့်ပွားကြစေရန် မိန့်ခွန်းတော်ဓမ္မကို ဖန်တော်မူခဲ့လေပြီ။

## ဥဒ္ဒေသ ပါဠိတော်

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ

၁။ သတ္တာနံ ဝိသုဒ္ဓိယာ။

၂။ သောကပရိဒေဝါနံ သမတိက္ကမာယ၊

၃။ ဒုက္ခ၊ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊

၄။ ဉာယဿ အဓိဂမာယ၊

၅။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

အနက်။ ။ဘိက္ခဝေ-ရဟန်းတို့၊ ဝါ-ဘိက္ခုစိတ်ဓာတ်ရှိထား သူတော်စင် ဓမ္မပရိသတ်များတို့။ ဧကာယနော-ဧကာယနအမည်ရသော၊ ဝါ-ဧကာယန ဂုဏ်ရည်နှင့် ပြည့်ဝသော။ အယံမဂ္ဂေါ-ဤမဂ်သည်၊ ဝါ-ပုဗ္ဗဘာဂ သတိပဋ္ဌာန်

မဂ်သည် (ကောယနုမဂ္ဂေါ ဝုစ္စတိ ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါအဖွင့်နှင့်အညီ တည်း)။

ဝါ-အနုပဿနာ ၄ တန်တို့တွင် တတန်တန်နှင့် တပါးတည်း ယှဉ်တွဲဖြစ် ပေါ်လာသော ဤမဂ်သည် (ကာယာဒိစတုအာရမ္မဏပ္ပဘေဒော ပုဗ္ဗဘာဂ သတိပဋ္ဌာန မဂ္ဂေါ ဣမာ-မိပေ့တောနှင့် အညီတည်း)။

ဝါ-ဤဓမ္မလမ်းကြောင်းသည်။ ဝါ-ဤဓမ္မလမ်းကြောင်းပေါ်သို့ သက်ဆင်း ကူးပြောင်းနိုင်လာသော ယောဂီ၏ မဂ္ဂက္ခဏအလျင်သည်။ ဝါ-ဤဓမ္မလမ်းကြောင်းပေါ်သို့ သက်ဆင်း ကူးပြောင်းနိုင်လာသော ကမ္ဘုမန္တ ယောဂီသည်။

တနည်း

ကောယနော အယံမဂ္ဂေါ

၁။ ကောယနော-ကောယနဟုမည်သော ပုဗ္ဗဘာဂ သတိပဋ္ဌာနဟူသည်။ အယံမဂ္ဂေါ-ဤဓမ္မလမ်းကြောင်းပင်တည်း။

၂။ ဝါ-တဖုံဆိုသော်။ အယံမဂ္ဂေါ-ဤဓမ္မလမ်းကြောင်းဟူသည်။ ကောယနော-ပုဗ္ဗဘာဂ သတိပဋ္ဌာန ဓမ္မပေတည်း။

၃။ ဝါ-တဖုံဆိုသော်။ အယံ ကောယနော-ဤပုဗ္ဗဘာဂ သတိပဋ္ဌာန ဓမ္မဟူသည်။ မဂ္ဂေါ-ဓမ္မလမ်းကြောင်းပေတည်း။

၄။ ဝါ-တဖုံဆိုသော်။ အယံ-ဤလမ်းသည်။ ကောယနော-ကောယန မည်သော။ မဂ္ဂေါ-ဓမ္မလမ်းကြောင်းပေတည်း။

၅။ ဝါ-တဖုံဆိုသော်။ အယံ-ဤလမ်းကြောင်းသည်။ ကောယနမဂ္ဂေါ-ကောယနမဂ် လမ်းကြောင်းပေတည်း။

၆။ ဝါ-တဖုံဆိုသော်။ အယံ ကောယနမဂ္ဂေါ-ဤလမ်းကြောင်းဟူသည် ကောယနမဂ် လမ်းကြောင်းပေတည်း။

၇။ ဝါ တဖုံဆိုသော်။ အယံ ကောယနော-ဤပုဗ္ဗဘာဂ သတိပဋ္ဌာန ဓမ္မဟူသည်။ အယံမဂ္ဂေါ-ဤလမ်းကြောင်းပေတည်း။

၈။ ဝါ-တဖုံဆိုသော်။ ကောယနော-ကောယနမည်သော။ မဂ္ဂေါ-လမ်းကြောင်းဟူသည်။ အယံ-ဤသည်ပင်တည်း။

၉။ ဝါ-တဖုံဆိုသော်။ မဂ္ဂေါ-နိဗ္ဗာန်သွားလမ်းဖြစ်သော။ ဝါ-ခေါ်သော။ ကောယနော-ကောယနလမ်းသည်။ အယံ-ဤသည်ပင်တည်း။

ဤကား (ဧသော နောသတ္တာပုဒ် အသွားမျိုးတည်း)။

တနည်းသော်—

ကောယနော

၁။ ကောယနော-ကကြောင်းတည်းသာဖြစ်သော။ ဝါ-တလမ်းတည်းသာဖြစ်သော ထိုအခိုက် (ကောဝအယနော ကောယနော)ဟုပြု။

၂။ ဝါ-တပုံစံကား။ ကောယနော-တကြောင်းတည်းသာရှိသော။ ဝါ-တလမ်းတည်းသာရှိသော ထိုအခိုက် (ကောဝအယနော ယဿ၊ ယသ္မိံ ဝါ သောတိ ကောယနော)ဟုပြု။

၃။ ဝါ-တပုံစံကား။ ကောယနော-တသံသရာလုံး အတူယှဉ်တွဲ၍ သွားလာခဲ့ကြသော ကိလေသာမိတ်ဟောင်း အဖော်ဟောင်းတို့နှင့် မယှဉ်တွဲပဲ လုံးထည်းအနေ တဦးတည်းအနေနှင့်သာ သွားရသော ထိုအခိုက်(အနမတဂ္ဂသံသာရေ သဟဂမနေဟိ ပေါရာဏကိလေသ သဟာယကေတိ ဝိယောဇေတွာ ကေကော ဝ အယတိ ဂစ္ဆတီတိ ကောယနော)ဟုပြု။

၄။ ဝါ-တပုံစံကား။ ကောယနော-ကိလေသာမိတ်ဟောင်း အဖော်ဟောင်းတို့ကို ဖယ်ရှားပြီး လုံးထည်းအနေ တဦးတည်းအနေဖြင့် သွားရသော၊ ဝါ-သွားအပ်သော- ဝါ-သွားသင့်သော။ ဝါ-သွားထိုက်သော ထိုအခိုက် (ကေကေန အယိတဗ္ဗော ဂန္တဗ္ဗောတိ ကောယနော)ဟုပြု။

၅။ ဝါ-တပုံစံကား။ ကောယနော-ကိလေသာ အဖော်ဟောင်းတို့နှင့် မယှဉ်တွဲပဲ တဦးတည်းအနေဖြင့် သွားမှု ဖြစ်နိုင်သော။ ဝါ-သွားမှု ရောက်နိုင်သော ထိုအခိုက် (ပေါရာဏ ကိလေသ သဟာယကေဟိ ဝိပ္ပယော ဂေါ ကေကေန အယိတုံ သမတ္ထော အယိတဝါ ပါပေတီတိ ကောယနော)ဟုပြု။

၆။ ဝါ-တပုံစံကား။ ကောယနော-ဝိဝေကတို့သို့ မှီးကပ်လျက် ကိလေသာတို့မှ ကင်းဆိတ်သော သမ္ပဇညယောဂ စိတ်တမျိုးတည်းဖြင့်။ ဝါ-ခင်ကြယ်သော သမ္ပဇညယောဂ စိတ်ဖြင့်သွားရသော။ ဝါ-သွားအပ်သော။ ဝါ-သွားသင့်သော။ ဝါ- သွားထိုက်သော ထိုအခိုက် (ကေန ဝူပကဋ္ဌေန ဝိဝိတ္တ စိတ္တေန အယိတဗ္ဗော ဂန္တဗ္ဗောတိ ကောယနော)ဟုပြု။

၇။ ဝါ-တပုံစံကား။ ကောယနော-ဝိဝေကသုံးမျိုးတို့သို့ မှီခိုလျက် ကိလေသာသုံးမျိုးတို့မှ ကင်းဆိတ်သော စင်ကြယ်သည့် စိတ္တုပ္ပါဒ်ဖြင့်သွားမှု ဖြစ်နိုင်သော။ ဝါ-သွားမှု ရောက်နိုင်သော ထိုအခိုက် (ဝူပကဋ္ဌေန ဝိသုဒ္ဓေန ကေန ဝိဝိတ္တ စိတ္တုပ္ပါဒေန အယိတုံ သမတ္ထော အယိတဝါ ပါပေတီတိ ကောယနော)ဟုပြု။

၈။ ဝါ-တပုံစံကား။ ကောယနော-တခုတည်းသော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ထိုအခိုက် (အယတိနိဗ္ဗာနံ ဧတေနာတိ အယနော၊ ဧကဿဝ နိဗ္ဗာနဿ အယနော ဧကာယနော)ဟူပြီ။

၉။ ဝါ-တပုံစံကား။ ဧကာယနော-တခုတည်းသောနိဗ္ဗာန်သို့ ရောက်စေနိုင်သော ထိုအခိုက် (အယတိပါပေတိ နိဗ္ဗာနံ ဧတေနာတိ အယနော၊ ဧကဿဝဘူတဿ နိဗ္ဗာနဿ အယနော ဧကာယနော)ဟူပြီ။

၁၀။ ဝါ- တပုံစံကား။ ဧကာယနော-ရောက်သင့်ရောက်ထိုက်သော။ဝါ-သွားသင့်သွားထိုက်သော တခုတည်းသောနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ထိုအခိုက် (အယတိ နိဗ္ဗာနံ ဧတေနာတိ အယနော၊ ပါပုဏိတဗ္ဗဿ ဧကဿဝ နိဗ္ဗာနဿ အယနော ဧကာယနော)ဟူပြီ။

၁၁။ ဝါ-တပုံစံကား။ ဧကာယနော-အမြတ်ဆုံးနိဗ္ဗာန်သို့ သွားရောက်ကြောင်းဖြစ်သော။

၁၂။ ဝါ-တပုံစံကား။ ဧကာယနော-အမြတ်ဆုံးနှင့် တဦးတည်းဖြစ်တော်မူသော ဘုရားရှင်သည် နိဗ္ဗာန်စခန်းသို့ ကြွသွားကြောင်း ရောက်ကြောင်းဖြစ်သော ထိုအခိုက် (အယတိ နိဗ္ဗာနံ ဂစ္ဆတိ ဧတေနာတိ အယနော၊ သေဋ္ဌတရဿ ဧကဿ ဘဂဝတော အယနော ဧကာယနော)ဟူပြီ။

၁၃။ ဝါ-တပုံစံကား။ ဧကာယနော-တခုတည်းသော ဗုဒ္ဓသာသနာတော်မှသာ ဖြစ်ပေါ်လာသော။ ဝါ-ဖြစ်လာနိုင်သော ထိုအခိုက်(အယတိ ဗုဒ္ဓသာသနေ ပဝတ္တတိ အယိတုံဝါ သမတ္ထောတိတိ အယနော၊ ဧကသ္မိံ ဗုဒ္ဓသာသနေ ဧဝ အယနော ဧကာယနော)ဟူပြီ။

အယံမဂ္ဂေါ-ဤမဂ်သည်၊ ဝါ-သမ္မပညာနှင့်ယှဉ်သော ဤမဂ်သည်။ ဝါ-အနုပဿနာဉာဏ် ၄ တန်တို့နှင့် ယှဉ်တွဲဖြစ်ပေါ်လာသော ဤမဂ်သည်။ ဝါ-ဤလမ်းကြောင်းသည်။ ဝါ-ဤလမ်းကြောင်းပေါ်သို့ သက်ဆင်း ကူးပြောင်းနိုင်လာသော ဝိသုဒ္ဓိစဉ်သည်။ ဝါ-ပရိညာစဉ်နှင့် ဉာဏ်စဉ်တို့သည်။

သတိပြုဖွယ်—အထက်ပါ အတ္ထဝိကပ်စုအတွက် ဒေသနာဘေဒေါယေဝ ဟောသော၊ ယဒိဒံ “မဂ္ဂေါတိ” ဝါ “အယနော” တိဝါအယန-သဒ္ဒါဝါကမှ ကရဏာဒိ ဝိဘာဂေါ၊ တေနာယံ အတ္တတောပန ဧကောဝါတိ ဟူသော မဟာဋီကာနှင့် မူလပဏ္ဏာသဋီကာတို့အရဖြင့် သဘာဝ ခွဲခြားဖော်ပြပုံကို သိရာ၏။

## အကျိုးထူး ၇ မျိုး ရရှိပုံ

၁။ သတ္တာနံ-သတ္တဝါတို့အား၊ သတ္တဝါတို့၏၊ ဝါ-သတ္တဝါစရင်းဝင် ဗုဒ္ဓအလောင်းတော် သုံးမျိုးတို့အား သုံးမျိုးတို့၏။ ဝါ-အလောင်းတော်သုံးမျိုး ခေါ်—

က။ သမ္မာသမ္ဗုဒ္ဓအလောင်းတော်

ခ။ ပစ္စေကဗုဒ္ဓအလောင်းတော်

ဂ။ သာဝကဗုဒ္ဓနှင့် အနုဗုဒ္ဓအလောင်းတော်ခေါ် အလောင်းတော် (၃)မျိုးတို့အား၊ တို့၏၊ ဝါ-အနုဗုဒ္ဓအလောင်းတော်ခေါ်—

၁။ အဂ္ဂသာဝကအလောင်းတော်

၂။ မဟာသာဝကအလောင်းတော်

၃။ ပကတိသာဝကအလောင်းတော် ၃ မျိုးတို့အား၊ ၃ မျိုးတို့၏ ဝိသုဒ္ဓိ စင်ကြယ်စေခြင်းငှာ။ ဝါ-ကိလေသာသုံးမျိုးနှင့် စိတ်လွှာသုံးမျိုးတို့မှ အဆင့်ဆင့် စင်ကြယ်သွားစေခြင်းငှာ။ သမတ္ထော-စွမ်းနိုင်၏။

တနည်း၊ ။သတ္တာနံ-ကပ်ငြိတတ်သော ဂန္ထ ယောဂ သံယောဇနံ နီဝရဏ တဏှာ ဥပါဒါန် အနုသယခေါ်အစေး အညှော်တရားတို့မှ ဝါ-တို့ကို ဝိသုဒ္ဓိယာ-အဆင့်ဆင့်စင်ကြယ်သွားစေခြင်းငှာ။ သမတ္ထော-စွမ်းနိုင်၏။

၂။ သတ္တာနံ-အလောင်းတော် ၃ မျိုးစာရင်းဝင် သတ္တဝါတို့အား၊ ဝါ-သတ္တဝါတို့၏။ ဝါ-သတ္တာနံ ကပ်ငြိတတ်သော ဂန္ထစသည့် တရားတို့ မကုန်သေးသော အလောင်းတော်သုံးမျိုးစာရင်းဝင် သတ္တဝါတို့အား၊သတ္တဝါတို့၏၊ သောက ပရိဒေဝနံ-စိုးရိမ်ခြင်း၊ ငိုကြွေးမြည်တမ်းရခြင်းတို့ကို၊ ဝါ-စိတ်နှင့် နှလုံးသားတို့ပါ ပူလောင်ခံရခြင်းဟူသော သောကဖြစ်ရမှုနှင့် ယင်းသောကဒဏ်ကြောင့် နှုတ်ကပါ မြည်တမ်းဟစ်အော်ခြင်းဟူသော ပရိဒေဝ ဖြစ်ရမှုတို့ကို။ သမတိက္ကမာယ-လွန်မြောက်သွားနိုင်ခြင်း၊ လွတ်မြောက်သွားနိုင်ခြင်းငှာ၊ ဝါ-ပယ်ပြီး ဖယ်ရှောင်ပြီး ဖြစ်စေခြင်းငှာလည်း။ သမတ္ထော-စွမ်းနိုင်ပေ၏။

၃။ သတ္တာနံ တို့၏၊ ဒုက္ခ ဒေါမနဿာနံ-ကိုယ်ဆင်းရဲရမှုဒဏ်နှင့် စိတ်ဆင်းရဲရမှုဒဏ်တို့ကို။ ဝါ ကိုယ်ပေါ်မှာ မသက်သာရမှု ဒဏ်ချက်ခေါ် ဒုက္ခနှင့် စိတ်ပေါ်မှာ စိတ်ထဲမှာ၊ ဝါ-နာမ်ပေါ်မှာ နာမ်ထဲမှာ မသက်သာရမှု ဒဏ်ချက်တို့ကို။ အတ္ထင်္ဂမာယ ချုပ်ကွယ်ခြင်း၊ ချုပ်ငြိမ်းစေခြင်းငှာ။ ဝါ ဖြစ်

လာပြီး ချုပ်ရမှုမျိုးမဟုတ်ပဲ၊ ဖြစ်ပေါ်ခွင့်မရပဲ ချုပ်ကွယ်သွားစေခြင်းငှာ လည်း။ သမတ္တော-စွမ်းနိုင်ပေ၏။

၄။ သတ္တာနံ-တို့အား။ ဉာယဿ-အရိယာမဂ်ဉာဏ်သို့။ ဝါ-အရိယာမဂ် ဉာဏ်ကို၊ အဓိဂမာယ-ရယူခြင်းငှာ။ ဝါ-ရောက်ရှိခြင်းငှာလည်း။ သမတ္တော-စွမ်းနိုင်ပေ၏။

၅။ သတ္တာနံ-တို့အား။ နိဗ္ဗာနဿ-သန္တိသုခဓာတ်နိဗ္ဗာန်ကို၊ဝါ-ကိလေသာ နှင့် ခန္ဓာ ၂ မျိုးလုံးတို့၏ချုပ်ငြိမ်းရာ မဟာနိရောဓနိဗ္ဗာန်ကို၊ သစ္ဆိကိရိယာယ-ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ရှေ့ခမှာက်သို့ ရောက်ရှိလာစေခြင်း ငှာလည်း။ သမတ္တော-စွမ်းနိုင်ပေ၏။

သော-ဝိသုဒ္ဓိယာအစ နိဗ္ဗာနဿ သစ္ဆိကိရိယာယ အဆုံးရှိသောအကျိုး ထူး ၂ ချက်၊ ဝါ-၅ ချက်၊ ဝါ-၇ ချက်တို့ကို ဖြင်ပေါ်စေနိုင်သော ထို ကောယနမဂ်ဟူသည်။ စတ္တာရော-လေးပါးကုန်သော။ ယဒိဒံ ယေဏ္ဍမာ သတိပဋ္ဌာနာ-ဖော်ပြလတ္တံ့ဖြစ်သည့် ဤ အောက်ပါ သတိပဋ္ဌာန်တရား ၄ ပါး တို့ပေတည်း။ ဝါ-၄ ပါးတို့နှင့် ယှဉ်တွဲပေါ်လာကြသော ပုဗ္ဗဘာဂမဂ် တရားစုတို့တည်း။

ဤကား "စာယောပိ ကော မဂ္ဂေါတိ ဝုစ္စတိ" ဟူသော အဋ္ဌကထာပြ အရနှင့်လည်းကောင်း၊ "ကောယနမဂ္ဂေါတိစ စတ္တာရော သတိပဋ္ဌာနာတိစ အတ္ထတော ဧကံ၊ ဗျဉ္ဇန ဧဝ နာနံ၊ တသ္မာ မဂ္ဂဋ္ဌေန ကေတ္တာ ကောဝနံ အာရမ္မဏဘေဒေန သတိဗဟုတ္တာ ဗဟုဝစနံ ဝေဒိတဗ္ဗံ"ဟူသော အဋ္ဌကထာ ပြချက်အရနှင့်လည်းကောင်း၊ "သရဏာသေနစေဝ ကေတ္တ သမောသရဏဝ သေနစ ကေမေ သတိပဋ္ဌာနံ အာရမ္မဏဝသေန စတ္တာရောတိ တေဒေစ ဝုတ္တံ"ဟု ပြချက်အရနှင့်လည်းကောင်း။

"သရဏဝသေနစေဝ ကေတ္တသမောသရဏဝသေနစ ဧကံမေဝ သတိပဋ္ဌာနံ အာရမ္မဏဝသေန် စတ္တာရောဝ ဝုတ္တာတိ ဝေဒိတဗ္ဗာ"ဟု ပြချက်အရနှင့်လည်း ကောင်း လျော်ကန်စွာ ပေးချက်ပေတည်း။

### အကျိုးထူး ၂ ချက်၊ ၅ ချက်၊ ၇ ချက်တို့အရ ရှင်းလင်းချက်

က။ အကျိုးထူး ၂ ချက်ဟူသည် (၁)သောက၊ ပရိဒေဝနှင့် ဒုက္ခ ဒေါ မနဿ ဟူသော ဥပဒ္ဒဝေါ ၄ မျိုးတို့ကို ပယ်သတ်နိုင်ခြင်း အကျိုးထူးတချက်၊ (၂) ဝိသုဒ္ဓိ ဉာယ နိဗ္ဗာန ဟူသော ကောင်းကျိုး ၃ မျိုးတို့ကို ရရှိစေနိုင်ခြင်း အကျိုးထူးတချက် ပေါင်း(၂)ချက်ကို ဆိုသည်။

ခ။ အကျိုးထူး ၅ ချက်ဟူသည် ဝိသုဒ္ဓိယာ အစ နိဗ္ဗာနဿ သစ္ဆိကိရိယာယ အထိ ၅ ချက်တို့အား ရရှိစေနိုင်ခြင်းကို ဆိုသည်။

ဂ။ အကျိုးထူး ၇ ချက်ဟူသည် (ခ)လာ ၅ ချက်တို့ကိုပြရာ၌ သောက နှင့် ပရိဒေဝကို ၂ ပိုင်းခွဲ၍လည်းကောင်း၊ ဒုက္ခနှင့် ဒေါမနဿကို ၂ ပိုင်းခွဲ၍ လည်းကောင်း ယူသဖြင့် ပေါင်း (၇) ချက်သော အကျိုးထူးတို့ကို ရရှိစေ နိုင်သည်ဟု ဆိုလိုသည်။

## ဧကာယနမဂ်အရရှင်းချက်

ဧကာယနအရသည် "သတ်" ၏ အခည်ပင်ဖြစ်၍ သတိကိုပဲ ရသည်။ ဥပမာ–သမ္မာဒိဋ္ဌိပုဒ်အရသည် လည်းကောင်း၊ ဝိပဿနာပုဒ်အရသည်လည်း ကောင်း၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ပုဒ်တို့၏ အရသည်လည်းကောင်း၊ "ပညာ" ပုဒ်တို့၏ ပရိယာယ်များဖြစ်သလို အခည်တပ် ကွဲပြားသော်လည်း အရမှာ အတူပင်ဖြစ်ပေသည်။

သို့သော် တဆူးကိုယ်အရမှာ "သတိ" ပင်ဖြစ်စေကာ သတိရိုးရိုးနှင့် သမ္မာ သတိသည် အရည်အချင်း မတူကြပေ။ သတိထက် သမ္မာသတိက အရည် အချင်းမြင့်သည်၊ သာသည်ဟု သတိပြုသင့်၏။

အလားတူပင် သတိရိုးရိုးနှင့် သတိန္ဒြေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်၊ သတိမဂ္ဂင် ဧကာယနသတ် စသည်တို့သည် အရတူသော်လည်း အရည်အချင်း မတူကြပေ။

ထိုကြောင့်–

၁။ စူဠနိဒ္ဒေသပါဠိတော် ပါရာယနဝဂ်–အဇိတမာဏဝပုစ္ဆာ နိဒ္ဒေသ ၃၀ ၌။ သတိတိ ယာ သတိ-ပ-သတိန္ဒြိယံ သတိဗလံ၊ သမ္မာသတိ၊ သတိ သမ္ဗောဇ္ဈင်္ဂေါ ဧကာယနမဂ္ဂေါ၊ အယံ ဝုစ္စတိ သတိဟူ၍လည်းကောင်း။

၂။ ထို့ပြင် မဟာနိဒ္ဒေသပါဠိတော် အဋ္ဌကဝဂ် ကာမသုတ္တနိဒ္ဒေသ(ဂ)၌ လည်း ယာ သတိ-ပ- သမ္မာသတိ၊ သတိသမ္ဗောဇ္ဈင်္ဂေါ၊ ဧကာယနမဂ္ဂေါ အယံ ဝုစ္စတိ သတိဟူ၍လည်းကောင်း။

၃။ ထိုပြင် ပဋိသမ္ဘိဒါမဂ်ပါဠိတော် မဟာဝဂ် အာနပါနသတိကထာ ဝေါဒါနဉာဏနိဒ္ဒေသ ၁၇၂ ၌ ဧကာယနမဂ္ဂေါ ဂစ္ဆတိ ဗုဒ္ဓါဟူ၍ လည်းကောင်း ။

၄။ ထို့ပြင် မဟာဝဂ္ဂသံယုတ်ပါဠိတော် သတိပဋ္ဌာနသုတ် မဂ္ဂသုတ် ၁၆၂၌

ကောယနံ ဇာတိ ခယန္တ ဒဿီ၊
မဂ္ဂံ ပဇာနာတိတိ ဟိတာနုကမ္ပီ။
ဧတေန မဂ္ဂေန တရိံသု ပုဗ္ဗေ၊
တရိဿန္တိ ယေစ တရန္တိ ဩဃန္တိ။

၅။ ထို့ပြင် နေတ္တိပါဠိတော်- ပဋိနိဒ္ဒေသဝါရ သာသနပဋ္ဌာန ၁၆၃၌လည်း- ကောယနံ ဇာတိ ခယန္တ ဒဿီ စသောအထက်ပါသံယုတ် ပါဠိတော်အတိုင်းလည်းကောင်း လာရှိကြရာ ကောယနအရနှင့်၊ ကောယနမဂ်အရသည် 'သတိ'ကိုရ၍ ထို(သတိ)သည် သတိရိုးရိုးထက်မြင့်သည်။

၆။ ထို့ပြင် ဓမ္မပဒပါဠိတော် မဂ္ဂဝဂ် ပဉ္စသတဘိက္ခုဝတ္ထု လာ
ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ၊

ဧတဉှိ တုမှေ ပဋိပဇ္ဇထ၊ မာရဿေတံ ပမောဟနံ ဟူသော ဒေသနာ သည်လည်းကောင်း။

၇။ ထို့ပြင် ပေဋကောပဒေသ ပါဠိတော် သုတ္တာဓိဋ္ဌာနတတိယဘူမိ ၂၀၁ လာ ဧသေဝမဂ္ဂေါ နတ္ထညော၊ ဧသောဘာပနော တိ ဗျာကရေ စသည် ဆိုသားချက်ကိုလည်းကောင်း။

၈။ ၎င်း ၁၇၆လာ ဧသေဝ မဂ္ဂေါ နတ္ထညော ဗောဇ္ဈင်္ဂါစ သု ဒေသိတာ အရသည်လည်းကောင်း။

၉။ ၎င်း ၂၂၂လာ ယာနိသောတာနိ လောကသ္မိံ သတိ တေ သံ နိဝါရဏံ အရသည်သည်းကောင်း၊ထိုနောက် ဘဂဝါ-ဆသုဒ္ဓါရေသု သတိယာဒေသေတိ အရသည်လည်းကောင်း၊ အထက်ပါ ကောယနမဂ်အရပင် ဖြစ်တော့သည်။

### ပါဠိတော် အဓိပ္ပာယ်ချုပ်

ကောယနော အယံ ဘိက္ခဝေ အစ ယဒိဒံ စတ္တာရော သတိပဋ္ဌာနအဆုံးရှိသော ပါဠိတော်၏ အဓိပ္ပာယ်ချုပ်မှာ ကောယနမဂ်အဆင့်ဝင် "သတိ"မှ၏ စွမ်းရည်နှင့် ရရှိနိုင်သော ဝါ-ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများကို ဘုရားရှင်က အတိအလင်း ဖော်ပြပေးခြင်းဖြစ်သည်။

ထိုအရ သတ္တဝါတို့ကို နှိပ်စက်နေသော ဖော်ပြခဲ့ပြီး ဥပဒ္ဒဝ (၄) မျိုးတို့ကို စွန့်ပယ်၊ ထုတ်ပစ်လိုခဲ့သော်လည်းကောင်း။ ဝါ၊ စွန့်ပစ်လိုသူမှန်ခဲ့လျှင် လည်းကောင်း။ အမှားသိ အမှားမြင်ဖြစ်နေသော ဝိပလ္လာသ ၃ မျိုး ၄ မျိုး တို့နှင့် ဆင်းရဲမှု၏ အကြောင်းရင်းတရားခံဖြစ်နေသော ကိလေသာ(၃) မျိုး၊ ဘဝရန်သူတွေနှင့် ထို့ပြင် ယင်းလွတ်မြောက်စေရာအဆင့်မှာ ယးယီချမ်းသာ နှင့် တာရှည်ချမ်းသာတို့ကို တကယ်ခံစား ရလိုခဲ့လျှင်လည်းကောင်း အသက် ပါ ဘုရားဟော ကောယနမဂ်အဆင့်ဝင် အကျင့်လုပ်ငန်းကို ကျင့်သုံးကြပါ။ ကျင့်သုံးပါက ရရှိနိုင်ပါသည်ဟု ဆိုလိုပါသည်။

## ဥပဒ္ဒဝ ၄ မျိုး စသည်အရ

၁။ ဥပဒ္ဒဝ ၄ မျိုးဟူသည်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ၄ မျိုးကို ဆိုသည်။

၂။ ဝိပလ္လာသ ၃ မျိုးဟူသည် သညာဝိပလ္လာသ အမှတ်မှားမှု။ စိတ္တ ဝိပလ္လာသ အသိမှားမှု။ ဒိဋ္ဌိဝိပလ္လာသ၊ အမြင်မှားမှုနှင့် အယူမှားမှု ၃ မျိုး ကို ဆိုလိုသည်။

၃။ တနည်း ဝိပလ္လာသ ၄ မျိုး။ မိမိကိုယ်ကို အနိစ္စ မြဲနေသည်ဟု အမှတ်အသိ၊ အမြင်မှားနေမှု။

သုခ ဒွါရ ၆ ပါးနှင့် အာရုံ ၆ ပါးတို့ကို ချမ်းသာနေသည်ဟု အမှတ် အသိ အမြင်မှားနေမှု။

သုခ အတွင်း အပြင်ဒွါရ ၆ပါးနှင့် အာရုံ(၆)ပါး၊တို့သည် သာယာဖွယ် တွေဟု အမှတ်၊ အသိ၊ အမြင်မှားနေမှု။

အတ္တ ဒွါရ အာရုံ၊ဝိညာဏ်ဆိုင်ရာတို့ကို ပိုင်ဆိုင်သည်ဟူ၍လည်းကောင်း၊ မိမိသဘောကျအတိုင်း ဖြစ်ဖြစ်နေသည် ဟူ၍လည်းကောင်း အမှတ်၊ အသိ၊ အမြင်မှားနေမှု ယင်းသည် တဏှာ၊ မာန၊ ဒိဋ္ဌိ (၃)မျိုးတို့ ပူးဝင် နေချက်ကို ဆိုလိုပေသည်။

၄။ ကိလေသာ(၃)မျိုး။ (က) ဝီတိက္ကမကိလေသာ ကာယဒွါရ၊ ဝစီ ဒွါရ ၂ ဌာနတို့မှ ကျူးလွန်မှုကိလေသာမျိုး။ (ခ) ပရိယုဋ္ဌာနကိလေသာ မနောဒွါရမှ ကျူးလွန်မှုကိလေသာမျိုး။

(ဂ) အနုသယကိလေသာ၊ အနုသယကိလေသာအရ၊ အနုသယဟောင်း၊ အနုသယသစ် ၂ မျိုးရှိသည့်အနက် အနုသယဟောင်းသည်ကား ဒွါရသုံးပါးမှ လွတ်ကင်းကာ ပုံးအောင်းနိုင်၍ အနုသယသစ်ကား မနောဒွါရမှ ပရိယုဋ္ဌာနကိလေသာဖြစ်အောင် ကူးခတ်ပေးနေသော (ဗီဇကိလေသာမျိုး) ဟုဆိုသည်။ ၎င်းကို ဒါနနှင့်လည်းကောင်း၊ သီလနှင့်လည်းကောင်း၊ သမထနှင့်လည်းကောင်း၊ ဝိပဿနာနှင့်လည်းကောင်း ဖယ်ရန်၊ ပယ်ရန်မတတ်နိုင်ကြပေ။ မဂ်ဉာဏ်နှင့်သာ ပယ်နိုင်သော ကိလေသာမျိုးကို ဆိုလိုသည်။

# သတိပဋ္ဌာန်ဥဒ္ဒေသပိုင်း

## (ပါဠိတော်)

ကတမေ စတ္တာရော ဣဓ ဘိက္ခဝေ ဘိက္ခု

၁။ ကာယေ ကာယာ နုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ပိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ

၂။ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ-အာတာပီ၊ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ

၃။ စိတ္တေ စိတ္တာ နုပဿီ ဝိဟရတိ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ

၄။ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ-အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

### အနက်

ကတမေ၊ အဘယ်တရားတို့သည်။ စတ္တာရော၊ ဧကာယနမဂ်အမည်ရ တရား ၄ ပါးတို့ ဖြစ်ကြပါသနည်း။ တနည်း— စတ္တာရော၊ အကျိုးထူး (၇)မျိုးတို့ကို ပေးစွမ်းနိုင်သော ဧကာယနမဂ်အမည်ရ တရား ၄ ပါးတို့ ဟူသည်၊ ကတမေ၊ အဘယ်သို့သော တရားမျိုးတွေပါနည်း။ ဣတိ၊ ဤသို့ ဘုရားရှင်ကိုယ်တော်တိုင် မေးတော်မူပြီးနောက်၊ ကိုယ်တော်တိုင်ပင် ဆက်၍ဖြေ သွားတော်မူသည်မှာ-

ဘိက္ခဝေ၊ ရဟန်းတို့၊ ဝါ၊ တရားနာပရိသတ်တို့တွင် အမြတ်စားဟု မှတ်သားထင်ရှား ရဟန်းများတို့၊ ဣဓ၊ ဤသာသနာတော်၌။ ဝါ၊ သမ္မာသမ္ဗုဒ္ဓဘုရား မြတ်ဘုရားတို့ ဟောကြားတော်မူသော ဓမ္မနှင့် ဝိနယမည်သော ဤ သာသနာတော်၌၊ ဝါ၊ ဝေဒကျမ်းလာ ဟိန္ဒူတို့၏ ဓမ္မနှင့် ဝိနယမျိုးမဟုတ်ပဲ သမ္မာသမ္ဗုဒ္ဓ မြတ်ဘုရားတို့ ဟောကြားခဲ့သော ဓမ္မနှင့် ဝိနယမည်သော ဤ နိယျာနိက သာသနာတော်၌ (ဝဘာဇနော)မှီခိုနေပျော်သော။ ဘိက္ခု၊ ရဟန်းသည်။ ဝါ- ဘိက္ခု၊ အကျင့်မြတ်ကို လိုသားသော ယောဂီရဟန်းသည်။ (တနည်း) ဣဓဘိက္ခု၊ သမ္မာသမ္ဗုဒ္ဓ၏ ဤနိယျာနိက သာသနာတော်၌ မှီခို နေပျော်သော ယောဂီရဟန်းသည်။

လောကေ၊ ရုပ်လောကဝယ်ကြ ကာယမွှေန္တ။ ဝါ- ဥပါဒါနိယဝယ် ဥပါဒါန်တို့၏ အာရုံဖြစ်ရာ၊ ရုပ်ဥပါဒါနက္ခန္ဓာမည်စွ ကာယမှေန္တ၊ အဘိဇ္ဈာ ဒေါမနဿံ၊ နှစ်သက်မှုလောဘနှင့် မနှစ်သက်မှုဒေါသတို့ ပေါ်လာဝင်လာ ချက်ကို၊ ဝါ- ဣဋ္ဌာရုံအနေနှင့် အနိဋ္ဌာရုံအနေဖြစ်ကာ ပေါ်လာချက်ကို။ ဝိနေယျ၊ ပယ်ဖျောက်၍၊ ဝါ၊ ဖြစ်ခွင့်မရစေပဲ၊ သတိမာ၊ ပကတိမျိုးထက် မြင့်မြတ်သည့် သမ္မာသတိမဂ္ဂင် သတိမျိုးဖြစ်စေ၍လည်းကောင်း။ ဝါ၊ ကောယနမက် အဆင့်မှီ သတိမျိုး ဖြစ်စေ၍လည်းကောင်း၊ အာတာပီ—သမ္မာဝါယာမ မဂ္ဂင်မျိုးကို ဖြစ်စေ၍သည်းကောင်း၊ ဝါ-ဘဝသုံးမျိုး၌ ဖြစ်စေတတ်သော ကိလေသာဆိုးဘို့ကို ဖျက်ဆီး ရှို့မြှိုက်နိုင်သော၊ ဈာန်ြ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ထိုက်သော သမ္မာဝါယာမကိုဖြစ်စေ၍လည်းကောင်း။

သမ္ပဇာနော၊ သမ္ပဇညသိ ပညာမျိုးကို ဖြစ်စေ၍လည်းကောင်း။ ဝါ- ဣန္ဒြေဗိုလ်၊ ဗောဇ္ဈင် မဂ္ဂင်ထိုက်သော ပညာသိမျိုးလို ဖြစ်စေ၍လည်းကောင်း၊ ကာယေ၊ ကာယ၌၊ ဝါ- ကာယာနုပဿနာလာ ကာယ (၆) မျိုး၌။ ဝါ၊ ရုပ်ကလာပ်စု၌။ ဝါ၊ သဘာဝရုပ်၌၊ ဝါ၊ လက္ခဏာရုပ်စု၌၊ ဝါ၊ ရုပ်စု၌၊ ဝါ၊ သုညတ ကာယ၌။ ဝါ၊ အနိမိတ္တ ကာယ၌၊ ဝါ၊ အပ္ပဏိဟိတကာယ၌။

ကာယာနုပဿီ၊ မှတည်အတ်မှတ်၍ ရှုခဲ့သော ရုပ်သဘာဝအတိုင်း ထင် လာသိသာအောင် အဆပ်ထပ်ရှုပွားလျက်၊ ဝါ၊ သဘာဝလက္ခဏာသိမှ သာ မညလက္ခဏာသိသို့ ကူးဆက်အောင်ရှုပွားလျက်၊ ဝါ၊ ဂဏရုပ်၊ သမူဟရုပ်၊ သဏ္ဌာန်ရုပ်၊ သတ္တရုပ်၊ ပုဂ္ဂလရုပ်၊ ဣတ္ထိရုပ်၊ ပုရိသရုပ် အနေတို့မှ ကင်းဆိတ် သော သုညတရုပ်၊ အနိမိတ္တရုပ်၊ အပ္ပဏိဟိတရုပ်အနေ ထင်လာမြင်လာသိ လာအောင် အထပ်ထပ်ရှုပွားလျက်၊ ဝါ၊ ဝိသုဒ္ဓိစဉ်ကျအောင် ရှုပွားလျက်။ ဝါ၊ ပရိညာစဉ်နှင့် ဉာဏ်စဉ်ကိုက်ညီအောင် ရှုပွားလျက်။ ဝိဟရတိ၊ နေ၏။ ဝါ၊ ကာယာနုပဿီ ဝိဟရတိ၊ ဝိသုဒ္ဓိစဉ်၊ ပရိညာစဉ်နှင့် ဉာဏ်စဉ် ကိုက်မိ အောင် ရှုပွားလျက်နေ၏။

## ဝေဒနာရှုချက်

၂။ ဘိက္ခဝေ၊ ရဟန်းတို့ (ကျွန်အနက်ရှေ့အတိုင်း) ဣဓ၊ ဤသာသနာ သာမ္ဗုဒ္ဓ၏ နိယျာနိက သာသနာတော်၌။ ဝသန္တော၊ မှီခိုနေပျော်သော။ ဘိက္ခု၊ ရဟန်းသည်၊ ဝါ- ဣဓဘိက္ခု၊ သမ္မာသမ္ဗုဒ္ဓ၏ ဤနိယျာနိက သာသ နာတော်၌ မှီခိုနေပျော်သော ယောဂီရဟန်းသည်၊

လောကေ၊ စေတသိက နာမ်လောကဝယ်ကြ၊ ဝေဒနာမွှေ၌။ ဝါ၊ ဥပါဒါန် တို့၏ အာရုံဖြစ်ရာ၊ ဝေဒနုပါဒါနက္ခန္ဓာမည်စွာ- ဝေဒနာမှေ၌၊

အဘိဇ္ဈာ၊ ဒေါမနဿံ၊ နှစ်သက်မှုလောဘနှင့် မနှစ်သက်မှုဒေါသတို့ ပေါ်ဝင်လာချက်ကို။ ဝါ၊ ဣဋ္ဌာရုံအနေနှင့် အနိဋ္ဌာရုံအနေ ပေါ်လာဝင်ချက်ကို။

မှတ်ချက်။ (ဤအရ– ဣဋ္ဌမဇ္ဈတ္တာရုံအနေဖြင့်သာ ပေါ်လာစေလိုသည် ဟူ၏) ဝိနေယျ၊ ပယ်ဖျောက်၍၊ ဝါ- ဖြစ်ခွင့်မရစေပဲ။

သတိမာ၊ ပကတိ သတိမျိုးထက် မြင့်မြတ်သည့် သမ္မာသတိမဂ္ဂင်သတိမျိုး ဖြစ်စေ၍လည်းကောင်း။ ဝါ- ဇောယနမဂ် အဆင့်မှီသတိမျိုး ဖြစ်စေ၍ လည်းကောင်း။

အာတာပီ- သမ္မာဝါယမ မဂ္ဂင်မျိုး ဖြစ်စေ၍လည်းကောင်း၊ ဝါ- ဘဝ သုံးမျိုးတို့၌ ဖြစ်စေတတ်သော ကိလေသာဆိုးတို့ကို ဖျက်ဆီးရှို့မြိုက်နိုင်သော ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင် မဂ္ဂင်ထိုက်သော သမ္မာဝါယမကို ဖြစ်စေ၍ လည်းကောင်း။

သမ္ပဇာနော- သမ္ပဇညသိ ပညာမျိုးကို ဖြစ်စေ၍လည်းကောင်း၊ ဝါ- ဣန္ဒြေ၊ ဗိုလ်ဗောဇ္ဈင်၊ မဂ္ဂင်ထိုက်သော ပညာသိမျိုးကို ဖြစ်စေ၍လည်းကောင်း။

ဝေဒနာသု- ဝေဒနာတို့၌ ဝါ- ခံစားမှုတို့၌ နာသည်၊ အောင့်သည်။ ကိုက်သည်၊ ကျင်သည်၊ ပူလောင်သည်ဟူသော သညာကိစ္စနှင့် ကောင်းသည် သာယာသည်ဟူသော သညာကိစ္စတို့ မဟုတ်ပဲ ဝေဒယိတခေါ် ခံစားမှု သက်သက်တို့၌၊ ဝါ- ငါခံစားသည်၊ သူခံစားသည်၊ ခေါင်းမှာခံစားသည်၊ လက်မှာခံစားသည်၊ ခြေမှာခံစားသည်ဟူသော ဝိပလ္လာသသိ မညနာသိမျိုး မယှဉ်တွဲ မငြိစွန်းပဲ ဝေဒယိတ သဘာဝကသာ ခံစားမှုတို့၌။

ဝေဒနာ နုပဿီ ခံစားနေမှုကို အထပ်ထပ်ရှုပွားလျက်၊ ဝါ-ဝေဒနာကိစ္စကို ဝေဒနာကသာ ခံစားနေသည့်ဟု အထပ်ထပ် ရှုပွားလျက်၊ ဝိဟရတိ- နေ၏၊ ဝါ- ဝေဒနာနုပဿီဝိဟရတိ ခံစားမှုကိစ္စကို ဝေဒနာကသာ ခံစားနေသည်ဟု အထပ်ထပ် ရှုပွားလျက်နေ၏။

## စိတ်ရှုချက်

၃။ ဘိက္ခဝေ- ရဟန်းတို့၊ (ကျန် ရှေးအတိုင်း)၊ ဣဓ- သမ္မာသမ္ဗုဒ္ဓ၏ ဤနိယျာနိက သာသနာတော်၌၊ ဝသန္တော- မှီခိုနေပျော်သော၊ ဘိက္ခု- ယောဂီရဟန်းသည် ဝါ- ဣဓဘိက္ခု သမ္မာသမ္ဗုဒ္ဓ၏ ဤနိယျာနိက သာသနာတော်၌ မှီခိုနေပျော်သော ယောဂီရဟန်းသည်။

လောကေ- လောက၌၊ ဝါ- စိတ်နာမ် လောကခေါ်ကြ ဝိညာဏမှု၌၊ ဝါ- ဥပါဒါန်တို့၏ အာရုံဖြစ်ရာ ဝိညာဏုပါဒါနက္ခန္ဓာမည်စွာ ဝိညာဏမှု၌၊

အဘိဇ္ဈာဒေါမနဿံ နှစ်သက်မှုလောဘနှင့် မနှစ်သက်မှုဒေါသတို့ ပေါ်ဝင်လာချက်ကို၊ ဝါ- ဣဋ္ဌာရုံအနေနှင့် အနိဋ္ဌာရုံအနေတို့ ပေါ်လာ ဝင်လာချက်ကို (ပေါ်လာစေသည်ဟူလို) ဝိနေယျ- ပယ်ဖျောက်၍၊ ဝါ- ဖြစ်ခွင့်မရစေပဲ။

သတိမာ- ပဋ္ဌပဒါသတိမျိုး ဖြစ်စေ၍လည်းကောင်း၊ ဝါ-ပကတိသတိမျိုးထက် မြင့်မြတ်သည့် သမ္မာသတိမဂ္ဂင်မျိုး ဖြစ်စေ၍လည်းကောင်း၊ ဝါ- ကောယန မဂ်အဆင့်ရှိ သတိမျိုး ဖြစ်စေ၍လည်းကောင်း။

အာတာပီ- သမ္မာဝါယမ မဂ္ဂင်မျိုး ဖြစ်နေ၍လည်းကောင်း၊ ဝါ- ဘဝသုံးမျိုးတို့၌ ဖြစ်စေတတ်သော ကိလေသာဆိုးတို့ကို ဖျက်ချိုးရှို့မြိုက်နိုင်သော ကြွနေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ထိုက်သော သမ္မာဝါယမကို ဖြစ်စေ၍လည်းကောင်း။

သပ္ပဇာနော- သမ္ပဇညသိ ပညာမျိုးကို ဖြစ်စေ၍လည်းကောင်း၊ ဝါ- ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ဆိုက်သော ပညာသိမျိုးကို ဖြစ်စေ၍လည်းကောင်း။

စိတ္တေ- စိတ်၌၊ ဝါ- ဝိညာဏ်သိ ၁၆ မျိုး၌ စိတ္တာနုပဿီ သိမှုတို့ကို အထပ်ထပ်ရှုပွားလျက်၊ ဝါ- ရှေ့သိမှုတို့ကို နောက်သိမှုတို့က အထပ်ထပ် ရှုပွားလျက်၊ ဝိဟရတိ-နေ၏။ ဝါ- စိတ္တာနုပဿီဝိဟရတိ ရှေ့အသိနှင့် နောက်အသိတို့သည် အပြတ်အလတ်မရှိပဲ အထပ်ထပ်သိခနအောင် ရှုပွားလျက်နေ၏။

## ဓမ္မ ရှုချက်

၄။ ဘိက္ခဝေ၊ ရဟန်းတို့ (ကျန်အရှေ့အတိုင်း)သမ္မာသမ္ဗုဒ္ဓ၏ နိယျာနိက သာသနာတော်၌၊ဝသန္တော မှီခိုနေပျော်သော၊ ဘိက္ခု-ယောဂီ ရဟန်းသည်၊ ဝါ- ဣမဘိက္ခု သမ္မာသမ္ဗုဒ္ဓ၏ နိယျာနိက သာသနာဘော်၌ မှီခိုနေပျော်သော ယောဂီရဟန်းသည်။

လောကေ- လောက၌၊ ဝါ- စေတသိက နာမ်လေးကဝေါကြ သင်္ခါရဓမ္မလောက၌၊ဝါ- ဥပါဒါန်တို့၏ အာရုံဖြစ်ရာ သင်္ခါရုပါဒါနက္ခန္ဓာ ပည်စွာ သင်္ခါရဓမ္မ၌။

အဘိဇ္ဈာဒေါမနဿံ နှစ်သက်မှု လောဘနှင့် မနှစ်သက်မှု ဒေါသတို့ ပေါ်လာဝင်လာချက်ကို ဝါ- ဣဋ္ဌာရုံအနေနှင့် အနိဋ္ဌာရုံ အနေတို့ ပေါ်လာ ဝင်လာချက်ကို၊ဝိနေယျ-ပယ်ဖျောက်၍၊ ဝါ-ဖြစ်ခွင့်မရစေပဲ။

(ဣဋ္ဌမဇ္ဈတ္တာရုံ အနေနှင့်သာ ဝါ-ဝိပဿနုပေက္ခာ အနေနှင့်သာ ပေါ်လာစေလိုသည်ဟူလို)။

သတိမာ- ပဋိပဒါ သတိမျိုး ဖြစ်စေ၍ လည်းကောင်း။ ဝါ-ပကတိသတိမျိုးထက် မြင့်မြတ်သည့် သမ္မာသတိ မဂ္ဂင်သတိမျိုး ဖြစ်စေ၍ လည်းကောင်း၊ ဝါ-ကောယနုမဂ်အဆင့်မှီ သတိမျိုး ဖြစ်စေ၍လည်းကောင်း။

အာတာပီ သမ္မာဝါယာမ မဂ္ဂင်မျိုး ဖြစ်စေ၍လည်းကောင်း၊ ဝါ-ဘဝသုံးမျိုးတို့၌ ဖြစ်စေတတ်သော ကိလေသာ ဆိုးတို့ကို ဖျက်ချိုး ရှို့မြိုက်နိုင်သော ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ထိုက်သော သမ္မာဝါယာမကို ဖြစ်စေ၍ လည်းကောင်း။

သမ္ပဇာနော- သမ္ပဇညသိ ပညာသိမျိုးကို ဖြစ်စေ၍လည်းကောင်း၊ ဝါ-ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ထိုက်သော ပညာသိမျိုးကို ဖြစ်စေ၍ လည်းကောင်း။

ဓမ္မေသု- ဓမ္မတို့၌၊ ဝါ- နီဝရဏဓမ္မ, ခန္ဓာဓမ္မ အာယတနဓမ္မ၊ ဗောဇ္ဈင်ဓမ္မ သစ္စဓမ္မ (၅) မျိုးတို့၌ လည်းကောင်း၊ ဓမ္မာနုပဿီ ယင်းဓမ္မ (၅) မျိုး (တို့ အလိုက် လက္ခဏာ သဘာဝတို့ကို အထပ်ထပ်ရှုလေ့လျက်) ဝါ- သမူဟ, ဃန, သဏ္ဌာန, သတ္တ, ပုဂ္ဂလ, ဣတ္ထိ, ပုရိသ-တို့အစနေ ထင်လာစေပဲ ရှိရင်းစွဲ ဓမ္မအနေသာ ထင်လာမြင်လာအောင် ရှုပွားလျက်၊ ဝိဟရတိ နေ၏၊ ဝါ- ဓမ္မာနုပဿီ ဝိဟရတိ ရှိရင်းစွဲ ဓမ္မအနေအတိုင်းသာ ထင်လာ မြင်လာအောင် ရှုပွားလျက် နေ၏။

ဣတိ ဣဓ- ဤသည်တို့ကား၊ စတ္တာရော- ၄ ပါးကုန်သော သတိပဋ္ဌာနာ သတိပဋ္ဌာန် တရားတို့တည်း၊ ဝါ၊ အကျိုးထူး (၇) မျိုးကို ရစေနိုင်သော ကောယနုမဂ်နှင့်ဆိုင်ရာ အကျဉ်းရှုပွားနည်း ဟောကြား သတိပဋ္ဌာန်တရား (၄) ပါးတို့ ပေတည်း။

## ကာယရှုချက် အတွက် တနည်း

## အနက် ပေးပုံ

၁။ ဘိက္ခဝေ- တို့၊ ဣဓ- ၌၊ ဘိက္ခု- သည်၊ ဝါ- ဣဓဘိက္ခု သည်၊ သတိမာ- လျက်၊ အာတာပီ- လျက်၊ သမ္ပဇာနော- လျက်၊ ကာယေ- ၌၊ ကာယာနုပဿီ- လျက်၊ ဝိဟရတိ- နေ၏၊ ဝါ- ကာယာနုပဿီ ဝိဟရတိ- ဝိသုဒ္ဓိစဉ် ရေးညာစဉ်နှင့် ဉာဏ်စဉ်ကိုက်မိအောင် ရှုပွားလျက်နေ၏။

ဝံ- ဤသို့နေသည်ရှိသော်၊ လောကေ ရုပ်လောကခေါ်ကြ ကာယဓမ္မ၌၊ အဘိဇ္ဈာ ဒေါမနဿံ နှစ်သက်မှု လောဘနှင့် မနှစ်သက်မှုဒေါသတို့ ပေါ်လာ ဝင်လာချက်ကို၊ ဝိနေယျ- ပယ်ဖျောက်လျက်၊ ဝိဟရတိ နေသည်မည်ပေတော့၏။

## ကာယရှုချက်အတွက် နောက်တနည်း

### အနက် ပေးပုံ

၁။ ဘိက္ခဝေ- တို့၊ ဣဓ ဘိက္ခု- သည်၊ ကာယေ- ရှုပွားဆဲ ရှုနေဆဲ ကာယအပေါ်၌၊ သတိမာ- အာတာပီ- သမ္ပဇာနော- သမ္မာသတိ သမ္မာဝါယာမ သမ္မာဒိဋ္ဌိ သုံးမျိုးတို့ ဦးဆောင်လျက် ကာယနုပဿီ ဝိဟရတိ ရှုပွားဆဲ ရှုနေဆဲ ကာယကိစ္စ ကာယသဘောကိုသာ အထပ်ထပ်မြင်နေအောင် အထပ်ထပ် ရှုပွားလျက် နေ၏၊ ဝေ- ဤ ဂုဏ်သုံးမျိုးတို့ကို ဦးဆောင်လျက်၊ ကာယကိစ္စ၊ ကာယသဘောကိုသာ အထပ်ထပ် မြင်နေအောင်၊ အထပ်ထပ် ရှုပွားနိုင်လာသော်၊ အဘိဇ္ဈာ ဒေါမနဿံ ကာမစ္ဆန္ဒနီဝရဏနှင့် ဗျာပါဒနီဝရဏ (၂) မျိုးကို၊ ဝါ- ကာမစ္ဆန္ဒနီဝရဏနှင့် ဗျာပါဒနီဝရဏ ဦးစီးသော နီဝရဏ အားလုံးကို။

(ထိုကဲ့သို့ ပေးခြင်းသည် အဋ္ဌကထာ ဖွင့်ချက်နှင့် အညီဘည်း) ဝိနေယျ ဖယ်ရှားနိုင်တော့၏၊ ဝါ- ဝိနေယျ- ဖယ်ရှားပြီး၊ ဝိဟရတိ နေနိုင်တော့၏၊ ဝါ-ဝိနေယျဝိဟရတိ- ဖယ်ရှားပြီး ဖြစ်သွားတော့၏။

(ကျန်- ဝေဒနာ- စိတ္တ- ဓမ္မ တို့၌လည်း ဤင်းကိုမှီ၍ အနက်ပေးလေ)

## ဥဒ္ဒေသ ပါဠိတော်များ၏

### ဆိုလိုရင်း အဓိပ္ပာယ်

၁။ ကာယာနုပဿနာအတွက် ရှုပွားပုံ ဆိုလိုရင်းမှာ ကာယ ၆ မျိုးထဲမှ လိုရာကာယ တမျိုးမျိုးကို ရှုပွားလိုခဲ့သော် ရှုလိုသော ကာယ၏ ဗုဒ္ဓ ပေးထားသော မူတည်သဘာဝကို အရှုခံအဖြစ်ထားပြီး သတိ၊ ဝီရိယ၊ ပညာ သုံးမျိုးတို့ကို ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ထိုက်လာအောင် ဝါ၊ ၎င်းအဆင့် ဝင် အရည်အချင်းဖြစ်လာအောင် ရှုပွားဆဲ ကာယအပေါ်မှာ အထပ်ထပ် ရှုပွားနေပါ။ ထိုသို့ ရှုပွားဖန်များလာလျှင် လောဘနှင့် ဒေါသခေါ် နီဝရဏ (၂) မျိုးတို့၊ ဝါ၊ အမှန်ကို ကွယ်ပိတ်ထားသော ယင်း လောဘ ဒေါသအပါအဝင် နီဝရဏအားလုံးတို့ ကွာသွားကင်းသွားမည်။ ယင်းသို့ ကွာသွာကင်းသွားခဲ့လျှင် အမှန်ကို အမှန်အတိုင်းသံမြင်လာ၍။ ဝိသုဒ္ဓိစဉ်၊ ပရိညာစဉ် ဉာဏ်စဉ်တို့ အလိုလိုဝင်လာ ထင်လာမြင်လာမည်ဟု ဆိုလိုသည်။

ညွှန်းချက်။ ယင်းကိုမှီး၍ ကျန် ဝေဒနာ၊ စိတ္တ၊ ဓမ္မ တို့မှာလည်း အလားတူသိပါလေ။

ဥဒ္ဒေသပိုင်း ဤတွင် တခန်းရပ်ပြီ။

## နိဒ္ဒေသပြ ပါဠိတော်

### က။ ကာယာနုပဿနာပိုင်း။

### ၁။ အာနာပါနပဗ္ဗ။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ... ကာယေ ကာယာနုပဿီ ဝိဟရတိ ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ၊ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

အနက်ဖော်ပြချက်

ပန၊ ဥဒ္ဒေသပိုင်း ဟောညွှန်ပြီးနောက် နိဒ္ဒေသပိုင်းကို ကူးဆက်၍ ဟောညွှန်ပြဆိုဦးအံ့။ (ပဗ္ဗန္တရဒဿ) ပန၊ ရှေ့၌ အကျဉ်းမျှ ဟောခဲ့၍၊ သာဝကတို့ အသိအမြင် ပိုမိုကြွယ်ဝစေရန် အကျယ်ဖွင့်၍ ဟောညွှန်ပြဦးအံ့၊ (ဝိတ္ထာရတ္ထ) ပန၊ ရှေ့၌ ဟောကြားပြချက်သည် သာဝကတို့၌ မသိသာနိုင်သေး၍ သိသာလာနိုင်စေရန် ထင်ရှားဖွင့်ထုတ်၍ ဟောညွှန်ပြဦးအံ့။ (ကထေတုကမျတာ)

မှတ်ဖွယ် ( ၁၊ ထူး၊ ဆက်၊ ဖို၊ ခွဲ့ကဲ့ရဲ့ ချီးမွမ်းလျော်ညွှန်း ဆန့်ကျင် နက်ရှစ်အင် ထားချင်ပန များသတည်း )

၂၊ လိနတ် ဆင်ရှား၊ ငုပ်ကျဉ်းကားသွဲ၊ မခိုင်ခဲ့မြဲ၊ ကျိုးထဲဝက်၊ သုံးဖ ဟိဘ်မျိုး၊ လဒ္ဓမျိုး၊ ထွက်ရိုးစုဒ်သုဘ်တင် ဟူသော စံကျောင်းနိယံနှင့် အညီ ပေးသတည်း)

ဘိက္ခဝေ၊ ရဟန်းတို့၊ ဘိက္ခု၊ ယောဂါဝစရဟန်းသည်၊ ကထဉ္စ၊ အဘယ်သို့လျှင်။ ကာယေ၊ ကိုယ်၌၊ ဝါ၊ အာနာပါနကာယ၌။ ဝါ၊ သမထကျင့်ကွက် အနေ မိန့်ဟာ အာနာပါနကာယ၌။ ကာယာနုပဿီ၊ သမထအာနာပါန ရှုနည်းအနေဖြင့် အကြိမ်ကြိမ် အထပ်ထပ် ရှုပွားလျက်။ ဝိဟရတိ၊ ကျင့်သုံးနေရပါသနည်း။

ဝါ– ကာယာနုပဿီ ဝိဟရတိ၊ သမထအာနာပါနရှုနည်း အနေဖြင့် အကြိမ်ကြိမ် အထပ်ထပ် ရှုပွားကျင့်သုံး၍ နေရပါသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓဘိက္ခု၊ ငါဘုရား၏ ဤ နိယျာနိက သာသနာတော်၌ မှီဘင်းနေသော ယောဂီရဟန်းသည်။ အရညဂတော ဝါ- ဝိနယတောနှင့် မူဘင်တော (၂)မျိုးတို့သို့ ကပ်ရောက်၍ သော်လည်းကောင်း၊ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းတခုခုသို့ ကပ်ရောက်၍သော်လည်းကောင်း။ သုညာဂါရဂတော ဝါ၊ လူစသည်နှင့် အသံ စသည်တို့မှ ဆိတ်ငြိမ်ရာ တခုခုသို့ ကပ်ရောက်၍သော်လည်းကောင်း။

## တန်ညီး

အရညဂတော၊ တော(၂)မျိုးသို့ကပ်ရောက်လျက်ရှိသော၊ ဘိက္ခု ဝါ၊ ယောဂီရဟန်းသည်လည်းကောင်း၊ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းတခုခုသို့ ကပ်ရောက်လျက်ရှိသော။ ဘိက္ခု ဝါ၊ ယောဂီရဟန်းသည်လည်းကောင်း။ သုညာဂါရဂတော၊ လူစသည်နှင့် အသံ စသည်တို့မှ ဆိတ်ငြိမ်ရာတခုခုသို့ ကပ်ရောက်လျက်ရှိသော။ ဘိက္ခု ဝါ၊ ယောဂီရဟန်းသည်လည်းကောင်း။ ပလ္လင်္ကံ၊ ကိုယ်အောက်ပိုင်းကို။ အာဘုဇိတွာ၊ ဖွဲ့ခွေထား၍လျက်၊ ကာယံ၊ အထက်ပိုင်း ကိုယ်ကို။ ဥဇုံပဏိဓာယ၊ မတ်မတ်တည့်တည့် ဆန့်ထားလျက်။ သတိံ၊ ကောယန မဂ်ကိစ္စ ဆောင်ရွက်မည့် သပ္ပာသတိကို။ ပရိမုခံ၊ အာနာပါနကာယ အာရုံပေါ်သို့။ ဥပဋ္ဌပေတွာ၊ စူးစိုက်စေလျက်။ နိသီဒတိ၊ ထိုင်နေရ၏။ ဝါ- သဒ္ဓေလမ်းလိုက် ယောဂီတို့ ထိုင်နည်းအတိုင်း ထိုင်နေရ၏။

### အာနာပါနကာယကို ရှုပွားယူရပုံအစဉ်

၁။ သော- သတောဝ အဿသတိ၊ သတောဝ ပဿသတိ။

၂။ ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊
ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။

၃။ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊
ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

၄။ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၅။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

### အနက်ဖော်ပြချက်

သော၊ ထိုယောဂီရဟန်းသည်။ ဝါ၊ အာနာပါနကို သမထနည်းဖြင့် ရှုပွားကျင့်သုံးမည့် ထိုယောဂီရဟန်းသည်-

၁။ သတော၀၊ သတိပြုလျက်၊ သတိကပ်လျက်သာလျှင်။ အဿသတိ၊ ထွက်လေကို တွန်းထုတ်နေ၏။ ဝါ- သတော၀ အဿသတိ၊ တွန်းထုတ်လိုက်သော ထွက်လေကို သတိပြုလျက် သတိကပ်လျက်သာလျှင်နေ၏။

သတော၀၊ သတိပြုလျက် သတိကပ်လျက်သာလျှင်၊ ပဿသတိ၊ ဝင်လေကို တွန်းသွင်းနေ၏။ ဝါ- သတော၀ ပဿသတိ၊ တွန်းသွင်းလိုက်သော ဝင်လေကို သတိပြုလျက် သတိကပ်လျက်သာလျှင်နေ၏။

၂။ (သတော၀၊ သတိပြုလျက်၊ သတိကပ်လျက်သာလျှင်) ဒီဃံဝါ၊ ရှည်ရှည်ကြာကြာလည်း၊ အဿသန္တော၊ ထွက်လေကို တွန်းထုတ်နေခဲ့လျှင်၊ ဝါ- ဒီဃံ၊ ရှည်ရှည်ကြာကြာ၊ အဿသန္တော၀ါ၊ ထွက်လေကို တွန်းထုတ်နေခဲ့လျှင်လည်း၊ ဒီဃံ၊ ရှည်ရှည်ကြာကြာ။ အဿသာမိတိ၊ ထွက်လေကို တွန်းထုတ်နေပါ၏တကားဟူ၍။ ပဇာနာတိ၊ သဲကွဲထင်လင်းစွာ သိမြင်၏။ ဝါ၊ အဘိဇ္ဈာနှင့် ဗျာပါဒတို့ မသက်ဆင်းကြ၍ ရှင်းရှင်းထင်ထင်ကြီး သိမြင်၏။

ဝါ- သတော၀ ဒီဃံ ဝါ အဿသန္တော၊ သတိပြုလျက် သတိကပ်လျက်သာလျှင် ရှည်ရှည်ကြာကြာထွက်လေကို တွန်းထုတ်နေခဲ့ပါလျှင်လည်း၊ ဒီဃံ အဿသာမိတိ ပဇာနာတိ၊ ရှည်ရှည်ကြာကြာ တွန်းထုတ်လိုက်သော ထွက်လေပါတကားဟူ၍ သဲကွဲထင်လင်းစွာ မြင်လာပေတော့၏။

(သတော၀- သတိပြုလျက်၊ သတိကပ်လျက်သာလျှင်) ဒီဃံဝါ- ရှည်ရှည်ကြာကြာလည်း။ ပဿသန္တော၊ ဝင်လေကို တွန်းသွင်းနေခဲ့လျှင်လည်း၊ ဒီဃံ၊ ရှည်ရှည်ကြာကြာ၊ ပဿသာမိတိ၊ ဝင်လေကို တွန်းသွင်းနေပါ၏တကားဟူ၍။ ပဇာနာတိ၊ သဲကွဲထင်လင်းစွာ သိမြင်၏။ ဝါ၊ အဘိဇ္ဈာနှင့် ဗျာပါဒတို့မသက်ဆင်းကြ၍၊ ရှင်းရှင်းထင်ထင်ကြီး သိမြင်လာ၏။

ဝါ- သတော၀ ဒီဃံ ပဿသန္တော၊ သတိပြုလျက်၊ သတိကပ်လျက်သာလျှင် ရှည်ရှည်ကြာကြာ ဝင်လေကို တွန်းသွင်းနေခဲ့လျှင်လည်း။ ဒီဃံ ပဿသာမိတိ ပဇာနာတိ၊ ရှည်ရှည်ကြာကြာ တွန်းသွင်းနေသော ဝင်လေပါတကားဟူ၍၊ သဲကွဲထင်လင်းစွာ သိမြင်လာပေတော့၏။

၃။ (သတော၀-သတိပြုလျက်၊ သတိကပ်လျက်သာလျှင်) ရဿံဝါ၊ တိုတိုမြန်မြန်လည်း။ အဿသန္တော၊ ထွက်လေကို တွန်းထုတ်နေခဲ့လျှင်လည်း။ ဝါ- ရဿံ၊ တိုတိုမြန်မြန်။ အဿသန္တော၀ါ၊ ထွက်လေကို တွန်းထုတ်နေခဲ့လျှင်လည်း။ ရဿံ၊ တိုတိုမြန်မြန်။ အဿသာမိတိ၊ ထွက်လေကို တွန်းထုတ်နေပါ၏တကားဟူ၍။ ပဇာနာတိ၊ သဲကွဲထင်လင်းစွာ သိမြင်၏။ ဝါ၊ အဘိဇ္ဈာနှင့် ဗျာပါဒတို့ မသက်ဆင်းကြ၍ ရှင်းရှင်းထင်ထင်ကြီး သိမြင်၏။

ဝါ- သတော ၀ ရဿံ ဝါ ပဿသန္တော၊သတိပြုလျက်၊ သတိကပ်လျက် သာလျှင်။ တိုတိုမြန်မြန် ဝင်လေကို တွန်းသွင်းနေခဲ့လျှင်လည်း ရဿံ ပဿ သာမီတိ ပဇာနာတိ၊ တိုတိုမြန်မြန် တွန်းသွင်းနေသော ဝင်လေပါ၏ငါ၏ဟူ၍ သဲကွဲထင်လင်းစွာ သိမြင်လာပေတော့၏။

၄။ သော၊ ပဌမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် အာနာပါန ကျင့်သုံး နည်းကို ကျင့်သုံးဘတ်လာသော ထိုယောဂီရဟန်းသည်။ ဝါ၊ ထွက်လေ၌ ထွက်လေရှည်ချက်၊ တိုချက်တို့နှင့် ဝင်လေ၌ ဝင်လေ ရှည်ချက်-တိုချက်တို့ကို။ ဝါ၊ ထွက်လေ ရှည်ထွက်၊ တိုထွက်နှင့် ဝင်လေ ရှည်ဝင်-တိုဝင်ပုံ အခြေ အနေတို့ကို သဲကွဲခြားနားစွာ သိမြင်လာသော ထိုယောဂီရဟန်းသည်။ သိက္ခတိ၊ စတုတ္ထဆင့်သို့ ကူးတက်နိုင်အောင် အဆင့်တိုး၍ ကျင့်သုံးပြန်၏။ ကိံ သိက္ခတိ၊ အဘယ်သို့တိုး၍ ကျင့်သုံးပြန်သနည်း ဟူမူကား-

သဗ္ဗကာယပဋိသံဝေဒီ၊ ထွက်လေတလျှောက်လုံးကို လိုက်၍လိုက်၍ သိ မြင်လာအောင်။ ဝါ၊ ထွက်လေ၏ အစပိုင်းကိုလည်းသိ၊ အလယ်ပိုင်းကိုလည်း သိ။ အဆုံးပိုင်းကိုလည်းသိဟူသော သုံးပိုင်းလုံးကိုလိုက်၍ သိမြင်နိုင်လာ အောင်။ ပဿသိဿာမီတိ၊ အဆင့်ဆင့် တွန်းပေး ထုတ်ပေးနေပါတကားဟူ၍။ သိက္ခတိ၊ ဒလစပ်သိလာအောင် အားထုတ်နေ၏၊ ဝါ၊ ကျင့်သုံးနေ၏။

သဗ္ဗကာယပဋိသံဝေဒီ၊ ဝင်လေတလျှောက်လုံးကို လိုက်၍လိုက်၍ သိမြင် နိုင်လာအောင်။ ဝါ၊ ဝင်လေ၏ အစပိုင်းကိုလည်းသိ၊ အလယ်ပိုင်းကိုလည်း သိ။ အဆုံးပိုင်းကိုလည်းသိဟူသော သုံးပိုင်းလုံးကိုပါ လိုက်၍လိုက်၍ သိမြင် နိုင်လာအောင်။ ပဿသိဿာမီတိ၊ အဆင့်ဆင့် တွန်းသွင်းပေး၊ တွန်းသွင်း ပေးနေပါတကားဟူ၍။ သိက္ခတိ၊ ဒလစပ်သိလာအောင် အားထုတ်နေ၏။ ဝါ၊ ကျင့်သုံးနေ၏။

၅။ သော၊ စတုတ္ထဆင့် အာနာပါနကျင့်သုံးနည်းကို ကျင့်သုံးတတ်လာ။ ဝါ၊ ကျင့်သုံးနိုင်လာသော ထိုယောဂီရဟန်းသည်။ ဝါ၊ ထွက်လေပေါ်၌ အစ၊ အလယ်၊ အဆုံး သုံးချက်လုံးနှင့် ဝင်လေအပေါ်၌ အစ၊ အလယ်၊ အဆုံး သုံးချက်လုံးကိုပါ သိမြင်နိုင်အောင် ကျင့်သုံးတတ်လာသော ထို ယောဂီရဟန်းသည်။

ပဿမ္ဘယံ၊ နူးညံ့လာပါးလာ ညင်းညင်းမျှမျှင်ကလေးအနေရှိလာသော၊ ကာယသင်္ခါရံ၊သုံးဆင့်ရှိ ထွက်တွန်းလေ ထုတ်တွန်းလေညင်းကို၊ အဿသိ ဿာမီတိ- သုံးဆင့်ခြားလျက် ညင်းညင်းမျှင်မျှင် ကလေးမျှသာ ထွက်နေ ပါတကားဟူ၍။ သိက္ခတိ၊ ဒလစပ်သိနေအောင် အားထုတ်နေ၏။ ဝါ၊ ကျင့် သုံးနေ၏။ ဝါ၊ ကျင့်သုံးလာ၏။

ပဿမ္ဘယံ၊ နူးညံ့လာ၊ ပါးလာ၊ ညှင်းညှင်းမျှင်မျှင်ကလေး အနေရှိလာသော၊ ကာယသင်္ခါရံ၊ ဝင်တွန်း၊ သွင်းတွန်း၊ ရှူသွင်းတွန်း လေညှင်းကို၊ ပဿသိဿာမီတိ၊ သုံးဆင့်ခြားလျက် ညှင်းညှင်းမျှင်မျှင် ကလေးမျှ ဝင်နေပါစေကားဟူ၍။ သိက္ခတိ၊ ဒသစပ်သိနေအောင် အားထုတ်နေ၏။ ဝါ၊ ကျင့်သုံးနေ၏။ ဝါ၊ ကျင့်သုံးလာ၏။

## အာနာပါန ကျင့်သုံးပုံကို ဥပမာဆောင်၍ ဟောညွှန်ချက်

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဘမကာရော ဝါ ဘမကာရန္တေဝါသီ ဝါ၊ ဒီဃံ ဝါ အဉ္ဆန္တော ဒီဃံ အဉ္ဆာမီတိ ပဇာနာတိ၊ ရဿံ ဝါ အဉ္ဆန္တော ရဿံ အဉ္ဆာမီတိ ပဇာနာတိ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု။

၁။ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။
ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။

၂။ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။
ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

၃။ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၄။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

## အနက်

ဘိက္ခဝေ- ရဟန်းတို့၊ သေယျထာပိ- ဥပမာနှင့် ဆောင်၍ပြရသော်၊ ဝါ- အာနာပါနကျင့်သုံးပုံကို ယောဂီတို့ သိမြင်လွယ်အောင် ဥပမာဆောင်၍ ဟောညွှန်ပြရသော်—

ဒက္ခော- ပွတ်ခုံအရာ၌ လိမ္မာကျွမ်းကျင်သော၊ ဘမကာရော ဝါ- ခေါင်းဆောင် ပွတ်ဆရာသည် လည်းကောင်း၊ ဘမကာရန္တေဝါသီ ဝါ- လက်ထောက် ပွတ်ဆရာသည်လည်းကောင်း၊ ဒီဃံ ဝါ အဉ္ဆန္တော- ပွတ်ကြိုးကို ရှည်ကြာစွာ ဆွဲငင်၍ အလုပ်လုပ်နေသည်ရှိသော်၊ ဒီဃံ အဉ္ဆာမီတိ- ရှည်ကြာစွာ ဆွဲငင်၍ အလုပ်လုပ်နေသည်ဟူ၍၊ ပဇာနာတိ ဣဝ- အလုပ်သဘောကို သိနားလည်သကဲ့သို့ လည်းကောင်း။

ရဿံဝါအဟုသန္တော- ပွတ်ကြိုးကို ကောင်းစွာ ဆွဲငင်၍ အလုပ် လုပ်ရသည် ရှိသော်၊ ရဿံအဥ္ဆာမိတိ-ပွတ်ကြိုးကို ကောင်းစွာ ဆွဲငင်၍ အလုပ်လုပ်ရသည် ဟူ၍၊ ပဇာနာတိဣဏ- အလုပ်သဘောကို သိနားသည်သကဲ့သို့လည်းကောင်း။

ဘိက္ခု၁၀ - ရဟန်းတို့၊ ဧဝမေဝခေါ- ဖော်ပြပါ ပွတ်သမားတို့၏ လုပ်ဝန်းနှင့် တူစွာပင်၊ ဘိက္ခု- အာနာပါနကို သမထအနေဖြင့် ကျင့်သုံးသော ယောဂီရဟန်းသည်၊ သိက္ခတိ- ကျင့်သုံးရပေ၏။ ကိံ သိက္ခတိ- အဘယ်သို့ ကျင့်သုံးရသနည်း၊ ဟူမူကား—

၁။ ဒီဃံဝါအဿသန္တော- ထွက်လေကို ရှည်ကြာစွာ ထွန်းထုတ်နေသည် ရှိသော်။ ဒီဃံအဿသာမိတိ-ရှည်ကြာစွာ ထွန်းထုတ်နေသော ထွက်လေဟူ၍၊ ပဇာနာတိ- ထင်လင်းစွာ သိမြင်နေ၏။

ဒီဃံဝါပဿသန္တော၊ ဝင်လေကို ရှည်ကြာစွာ ထွန်းသွင်းနေခဲ့သည်ရှိသော်။ ဒီဃံပဿသာမိတိ၊ ရှည်ကြာစွာ ထွန်းသွင်းနေသော ဝင်လေဟူ၍။ ပဇာနာတိ၊ သဲကွဲထင်လင်းစွာ သိမြင်နေ၏။

၂။ ရဿံ ဝါ အဿသန္တော၊ ထွက်လေကို တိုတောင်းစွာ ထွန်းထုတ်နေခဲ့သည်ရှိသော်။ ရဿံအဿသာမိတိ၊ တိုတောင်းစွာ ထွန်းထုတ်နေသော ထွက်လေဟူ၍၊ ပဇာနာတိ၊ သဲကွဲထင်လင်းစွာ သိမြင်နေ၏။

ရဿံဝါပဿသန္တော၊ ဝင်လေကို တိုတောင်းစွာ ထွန်းသွင်းနေခဲ့သည်ရှိသော်၊ ရဿံပဿသာမိတိ၊ တိုတောင်းစွာ ထွန်းထုတ်နေသော ထွက်လေဟူ၍။ ပဇာနာတိ၊ သဲကွဲထင်လင်းစွာ သိမြင်နေ၏။

၃။ သဗ္ဗကာယပဋိသံ ဝေဒီ၊ ထွက်လေ၏ အစပိုင်း၊ အလယ်ပိုင်း၊ အဆုံးပိုင်းဟူသော သုံးပိုင်းလုံးကို လိုက်၍လိုက်၍ သိနိုင်လာအောင်။ အဿသိဿာမိတိ သိက္ခတိ ထွက်လေကို အဆင့်ဆင့် ထွန်းထုတ်ပေးနေပါတကားဟူ၍။ ဝါ၊ အဆင့်ဆင့်ထွန်းထုတ်ပေးနေသော ထွက်လေပါတကားဟူ၍ ဒလစပ် သိနေ၏။ ဝါ၊ သိလာအောင်အားထုတ်၍ ကျင့်သုံးနေ၏။

သဗ္ဗကာယပဋိသံ ဝေဒီ၊ ဝင်လေ၏ အစပိုင်း၊ အလယ်ပိုင်း၊ အဆုံးပိုင်းဟူသော သုံးပိုင်းလုံးကို လိုက်၍လိုက်၍ သိနိုင်လာအောင်၊ ပဿသိဿာမိတိ သိက္ခတိ၊ ဝင်လေကို အဆင့်ဆင့် ထွန်းသွင်းပေးနေပါတကားဟူ၍။ ဝါ၊ အဆင့်ဆင့်ထွန်းသွင်းပေးနေသော ဝင်လေပါတကားဟူ၍ ဒလစပ်သိနေ၏။ ဝါ၊ သိလာအောင် အားထုတ်ကျင့်သုံးနေ၏။

၄။ ပဏ္ဏမ္ဗယံ ကာယသခ်ါရံ၊ နူးညံ့လာ၊ ပါးလာ၊ ညှင်းညှင်းမျှင်မျှင်ကလေးအနေ ရှိလာသော သုံးဆင့်ရှိ ထွက်တွန်းလေညှင်း၊ ထုတ်တွန်းလေညှင်းကို၊ အဿသိဿာမီတိ သိက္ခတိ၊ သုံးဆင့်ခြားလျက် ညှင်းညှင်းမျှင်မျှင်ကလေး ထွက်နေပါတကားဟူ၍ ငလင်သိနေအောင် အာ ထုတ်နေ၏။ ဝါ၊ ကျင့်သုံးနေ၏။

ပဿမ္ဘယံ ကာယသခ်ါရံ၊ နူးညံ့လာ၊ ပါးလာ၊ ညှင်းညှင်းမျှင်မျှင်ကလေးအနေရှိလာသော သုံးဆင့်ရှိ ဝင်တွန်းလေညှင်း၊ ရှူသွင်းလေညှင်းကို သုံးဆင့်ခြားလျက် ညှင်းညှင်းမျှင်မျှင်ကလေးမျှသာ ဝင်နေပါတကားဟူ၍ ဒလစပ်သိနေအောင် သိနိုင်အောင် အာ ထုတ်နေ၏၊ ဝါ၊ ကျင့်သုံးနေ၏။ ဝါ၊ ကျင့်သုံးနိုင်လေ၏။

ဣတိ၊ ဤသို့ ပွတ်သမာ လုပ်ငန်း ဥပမာကို ထောက်ဆပြီး။ အာနာပါန လုပ်ငန်းဟူသော ဥပမေယျကို သိရာ၏။

**အညွန်း**

ဤ အာနာပါနကာယသည် ဝါယောဓာတ် ဦးစီးသော ကာယ ဖြစ်၍ ယင်း ဝါယောဓာတ်ကို သမထအနေနှင့် ရှုပွားနည်း၊ ဝိပဿနာအနေနှင့် ရှုပွားနည်းဟူ၍ (၂)မျိုးရှိရာ၊ ဤ၌ (၂) မျိုးလုံးပင် ရှုပွားလို့ရနိုင်ပေသည်။ ရနိုင်ပုံကား ကာယာနုပဿနာ သတိပဋ္ဌာန်တွင် ကာယ (၆) မျိုး ရှိသည့်အနက် ဝါယောဓာတ်ကို အဓိကဦးစားပေး ရှုပွားယူရသော ကာယတို့သည် (၄)ကာယအထိ ရှိနေပေသည်။ ၎င်းကာယတို့သည်ကား နံပါတ် (၁) ဖြစ်သော ဤ အာနာပါနကာယနှင့် နံပါတ်(၂) ဣရိယာပထကာယ၊ နံပါတ် (၃) သမ္ပဇညကာယ၊ နံပါတ်(၄) ဓာတုမနသိကာရကာယ တို့ဖြစ်ပေသည်။ ယင်း ဝါယောဓာတ်ကာယ (၄) မျိုးတွင် နံပါတ် (၁) အာနာပါနကာယတွင်သာ သမထအတွက်ရော ဝိပဿနာအတွက်ရော ရနိုင်ပြီး၊ ကျန်သော ကာယသုံးမျိုးသည်ကား ဝိပဿနာသက်သက် ဖြစ်လေသည်။

အထူးမှတ်ဖွယ်- (ဝါယောဓာတ်တခုတည်းကို အဓိကဦးတည်ပြီး ကာယ (၄)မျိုးထိ ရှုပွားယူရပုံကို ဘုရားရှင် ဖော်ညွှန်းခြင်းသည်၊ ဝါယောဓာတ်ကိစ္စသည် ကျယ်ပြန့်မှုရှိနေ၍ ၄ မျိုးထိဖော်ညွှန်းခဲ့ခြင်း ဖြစ်သည်။)

ဤ၌ ဝါယောဓာတ်ကို အာနာပါနကာယ အနေဖြင့် ရှုပွားလျှင် သမထရှုပွားနည်း ဖြစ်သည်ကိုလည်းကောင်း၊ ဓာတုမနသိကာရ ကာယနည်း အရ လက္ခဏာဝါယောဓါ သဘာဝဝါယောကိုရှုက ဝိပဿနာရှုပွားနည်း ဖြစ်ပေသည်။ ပုံစံအားဖြင့် "တွန်းထုတ်သောထွက်လေ၊ တွန်းသွင်းသောဝင်လေ"

ဟူ၍ရှိရာ (တွန်းထုတ်-တွန်းသွင်း) ဟူသည် ဓာတုမနသိကာရကာယနည်း အရဖြစ်သော လက္ခဏာပါဠိယာဓာတ်ခေါ် သဘာဝပါဠိယာဓာတ်ပင် ဖြစ်သည်။ (ထွက်လေ-ဝင်လေ) ဟူသည် အာနာပါနပါဠိယာဓာတ်ပင် ဖြစ်ပေသည်။ ယင်းအတွက် ထွက်လေဝင်လေကိုရှုက အာနာပါနကာယ ရှုပွားနည်း အရ သမထရှုပွားနည်း ဖြစ်ပါသည်။ တွန်းထုတ်-တွန်းသွင်းကိုရှုက ဓာတုမနသိကာရနည်းအရ လက္ခဏာပါဠိယာ၊ သဘာဝပါဠိယာကို ရှုခြင်းဖြစ်၍ ဝိပဿနာရှုပွားနည်း ဖြစ်ပေသည်။ ယင်းကဲ့သို့ရှုပွား၍ ဉာဏ်စဉ်ပေါ်ပုံ အကျယ်ကို အရိယာဘုံသွား၊ ဉာဏ်လှေကားကျမ်းကြီး၊ ဓာတ်ကမ္မဋ္ဌာန်းဖွင့် နှင့် အာနာပါနကာယပိုင်းတွင် ရှုနိုင်ကြပေသည်၊ အောက်တွင်လည်း ဆက်၍ ရှုပါဦး။

### သမထဝိပဿနာ ရှုပွားနည်း (၂) မျိုးလုံး ရနိုင်သော ရှုနည်းပြ ပါဠိတော်

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊
ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊
အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

### အနက်ပေးပြချက်

ဣတိ၊ ဤသို့။ ဝါ၊ သမထလမ်းအတွက် ဖြစ်ခဲ့မူ အထက်တွင် ငါဘုရား ဟောညွှန်ပေးခဲ့ချက်အတိုင်း။ အဇ္ဈတ္တံ၊ မိမိခန္ဓာမှာ ဖြစ်နေသော။ ကာယေ ဝါ၊ ထွက်လေနှင့် ဝင်လေ ကာယမှာဖြစ်စေ။ ကာယာနုပဿီ၊ ရှေ့၌ ဟောညွှန်ထားခဲ့ပြီးတိုင်း ရှုပွားလာနိုင်လျက်။ ဝါ၊ သဘာဝ အဿသတိ မှစ၍။ ပဿမ္ဘယံ-ပ- သိက္ခတိ အထိ ရှုပွားလာနိုင်လျက်။ ဝိဟရတိ၊ ကျင့်သုံးနေနိုင်၏။

ဗဟိဒ္ဓါ၊ သူတပါးခန္ဓာမှာဖြစ်နေသော။ ကာယေ ဝါ၊ ထွက်လေနှင့် ဝင်လေမှာဖြစ်စေ။ ကာယာနုပဿီ ဝိဟရတိ၊ မိမိခန္ဓာ ရှိ ထွက်လေ ဝင်လေမှာ ရှုပွားနိုင်သလို ရှုပွားကာ ကျင့်သုံးလျက်ရှိ၏။

အဇ္ဈတ္တ ဗဟိဒ္ဓ ကာယေ ဝါ၊ မိမိခန္ဓာကိုယ်မှာ တလှည့်၊ သူတပါး ခန္ဓာကိုယ်မှာတလှည့်ဖြစ်စေ။ ကာယာနုပဿီ ဝိဟရတိ၊ ရှေ့၌ ဟောညွှန်ထားပြီး အတိုင်း။ ဝါ၊ သဘာဝ အဿသတိ မှစ၍ ပဿမ္ဘယံ-ပ- သိက္ခတိ အထိ ရှုပွားလာနိုင်လျက် ကျင့်သုံးနေ၏။

ရှုတိ၊ ရှုသို့။ ဂါ။ ဝိဉ္ဈာနလမ်းနှင့် မဂ်လမ်းအတွက် ဖြစ်ခဲ့မှု၊ အောက်တွင် ညွှန်ပြလတ္တံ့အတိုင်း၊ ဒုဋ္ဌတ္တံ၊ မိမိခန္ဓာမှာ ဖြစ်နေရှိနေသော၊ ကာယေ ဝါ၊ အာနာပါနကာယ ခေါ် ထွက်သက်ဝင်သက်လေ ကော့ဋ္ဌာသ ဝါယော ကိစ္စ၌။ ကာယာနုပဿီ၊ လက္ခဏာ ပါဒ်ယာမာတ် ရှုသွားနည်းအနေဖြင့်၊ အထပ် ထပ်ရှုသွားလျက်။ ဝိဟရတိ၊ ကျင့်သုံးနေ၏။ ဝါ ကာယာနုပဿီ ဝိဟရတိ၊ ဝိတ္တမ္ဘိကဝါးယာခေါ် တွန်းထိုးသဘာဝမျှကိုသာ၊ ဝါယော ဓာတုမနသိကာရ အနေဖြင့် အထပ်ထပ်ရှုသွားလျက် ကျင့်သုံးနေ၏။

## ဝိဉ္ဈာနရှုနည်းပြ ပါဠိတော်

သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊
ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊
သမုဒယ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊

## အနက်

ဝါ၊ အသိဉာဏ် အဆင့်ဆင့် ကူးလာကာ၊ ကာယသ္မိံ-အာနာပါနမှု ရုပ်အစု၌၊ ဝါ- ထွက်သက်ရှင်စုနှင့် ဝင်သက်ရုပ်စု၌၊ သမုဒယ ဓမ္မာနုပဿီ ယင်းရုပ်အစုတို့ ဖြစ်ပေါ်လာကြောင်းကိုပါ အသိဉာဏ်အဆင့်ကူး ဝေတ်သိမြင်ကာ ရှုသွားလျက်၊ ဝါ- အာနခေါ် ထွက်သက်ရုပ်စုတို့နှင့်၊ အပါနခေါ် ဝင်သက်ရုပ်စုတို့ ဖြစ်ပေါ်လာကြောင်း၊ ဝါ- ဖြစ်ပေါ် စကြောင်းကိုပါ၊ ဝါ- ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ဥဒယဉာဏ်နှုကိုပါ သိမြင် ရှုသွားလျက်၊ ဝိဟရတိ-နေနိုင်လာ၏။ ဝါ- သမုဒယဓမ္မာနုပဿီ ဝိဟရတိ-အာနရုပ်နှင့် အပါနရုပ်တို့၏ ဖြစ်ပေါ်လာကြောင်း၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သုံးသပ်မှု သမ္မသန ဉာဏ်နှင့်၊ ဥဒယဉာဏ်နှုကိုပါ အဆင့်ဆင့် သိမြင်ရှုသွားကာ နေနိုင်လာ၏။

ဝါ- အသိဉာဏ်တဆင့် တက်လာပြန်ကိုပုံကား၊ ကာယသ္မိံ- အာနရုပ်အစုနှင့် အပါန ရုပ်အစု၌၊ ဝါ- ထွက်သက်ရုပ်အစုနှင့်၊ ဝင်သက်ရုပ်အစု၌၊ ဝယဓမ္မာနုပဿီ ဝိဟရတိ- အာနရုပ် အပါနရုပ်တို့၏ ပျက်ကြောင်း ပျက်ပုံကိုပါ သိမြင်လာသော ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ်နှင့် ဝယဉာဏ်နှုကိုပါ အဆင့်ဆင့် သိမြင်ရှုသွားကာ နေနိုင်လာ၏။

ဝါ-အသိဉာဏ်အဆင့် တက်လာပြန်သည်ကား၊ကာယသို့-အာနရုပ်အစုနှင့် အပါနရုပ်စု၌၊ သမုဒယ ဝယဓမ္မာနုပဿီ ဝိဟရတိ-ဖြစ်ကြောင်း ဖြစ်မှုနှင့် ပျက်ကြောင်း ပျက်မှုတို့ကိုပါ ပစ္စယပရိဂ္ဂဟ ဉာဏ်ကစ၍ ဉာဏ်စဉ်အဆင့်ဆင့် တိုးတက် သိမြင်လာကာ ရှုပွားနေနိုင်လာ၏။

အမှာ- ဤ အာနာပါန ကာယ၌၊ အာနာပါန သမထ၊ အာနာပါန ဝိပဿနာ ဟူ၍ ၂ မျိုး ရှိရာ၊ ထွက်လေရုပ်စု၊ ဝင်လေရုပ်စုကို ရှုခြင်းသည် အာနာပါန သမထအတွက်ဖြစ်ပြီး၊ ထွက်တွန်းရုပ်စု၊ ဝင်တွန်းရုပ်စုကို ရှုခြင်းသည် အာနာပါန ဝိပဿနာအတွက် ဖြစ်ပေသည်၊ ဤ၌၊ ပါဠိအနက်သည် အာနာပါန ဝိပဿနာအတွက် ရည်ညွှန်းသော ပါဠိအနက်ဖြစ်၍ ဝိပဿနာ ရလည်း၊ ပညာကိုသာ ကောက်ယူရခြင်းဖြစ်၍၊ ယင်း ပညာအရ၊ ဝိပဿနာ ပညာစဉ် ဝါ-ဉာဏ်စဉ်ကား- ရုပနာမ ပရိစ္ဆေဒဉာဏ်မှ ပေါ်ကြသော ဉာဏ်အထိ ၁၃ ဉာဏ်ရှိသည်။ ဤ၌ ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် ရင်းဉာဏ်သုံးဉာဏ်တို့ အဆင့်ဆင့် ပေါ်လာပုံကို ဆိုပေသည်။ နံပါတ် (၁) ဉာဏ်ဖြစ်သော ရုပနာမ ပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာပုံ ပါမလာပေ၊ ယင်း ပါမလာခြင်းသည် အထက်က အဇ္ဈတ္တံ ဝါ ကာယေကာယာနုပဿီ ဝိဟရတိ ပါဠိတော်အရ ဖော်ပြပြီး ဖြစ်ပေသည်။

မှန်ပါ၏။ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိအရ လက္ခဏာ ဝါယောဓါတ်သော သဘာဝ ဝါယောဖြစ်သော ထွက်တွန်းရုပ်စု၊ ဝင်တွန်း ရုပ်စုကို အထပ်ထပ်ရှုပွားနေသော ယောဂီပုဂ္ဂိုလ်အား ရုပနာမ ပရိစ္ဆေဒ ဉာဏ်အရ ဖြစ်သော ထွက်တွန်းရုပ်စု၊ ဝင်တွန်း ရုပ်စုကိုသာ ခေါင်း ကိုယ် လက်၊ ခြေ စသည်တို့မှ ခွဲခြားပြီး သဲသဲကွဲကွဲ သိမြင်နေ နိုင်လာပေ လိမ့်မည်။ ထိုအခါ သမုဒယဓမ္မာနုပဿီ ဝါ ကာယသို့ ဝိဟရတိ အရ၊ ယင်း သဘာဝ ဝါယော ဓါတ်ဖြစ်သော ထွက်တွန်း ရုပ်စုတို့ကို ဖြစ်ပေါ် စေသော ဝါ-ရုပနာမပရိစ္ဆေဒဉာဏ်၏ အကြောင်းဖြစ်သော ပစ္စယပရိဂ္ဂဟ ဉာဏ်ကိုပါ တဆင့်တိုး၍ သိမြင် နေနိုင်လာချက်ကို ဆိုသည်။ ယင်းအတွက် အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိအရ ဝိပဿနာ ရှုပွားလျှင် ရုပနာမ ပရိစ္ဆေဒဉာဏ်ကသာ စ၍ ရှုပွားပုံ ဝါ-ယင်းဉာဏ် အရဖြစ်သော လက္ခဏာဝါယော သဘာဝ ဝါယောကသာ စ၍ ရှုပွားရမည်ဟူ၍ တထစ်ချ မှတ်လေ။

## အာနာပါနံ ကာယနိဂုံးပြ ပါဠိတော်

၁။ က။ အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။

ခ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။

ဂ။ အနိဿိတော စ ဝိဟရတိ။

ဃ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။

၂။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အာနာပါနပဗ္ဗံ နိဋ္ဌိတံ။

---

### အနက်

ပန- ကောင်းကျိုးရရှိပုံကို ဟောညွှန်ပြဦးအံ့။ ဝါ- အာနာပါနကာယကို ဝိပဿနာ ကမ္မဋ္ဌာန်း အကျင့်လုပ်ငန်းအနေဖြင့် ရှုပွားတတ် ရှုပွားနိုင်သူတို့၌၊ ကောင်းကျိုးရရှိပုံကို ဟောညွှန်ပြဦးအံ့။

အာနာပါနရုပ်ကို ဝိပဿနာရုပ် ကမ္မဋ္ဌာန်းအဖြစ်ဖြင့် ဝါ-ဝိပဿနာ ဓာတု မနသိကာရ ဝိတက္ကမှိုက ရုပ်ကမ္မဋ္ဌာန်းအဖြစ်ဖြင့် ရှုပွားတတ် ရှုပွားနိုင်သော ထိုယောဂီအား။ ကာယော- ကာယောပ- ပဲရမတ္ထ ရုပ်သဘာဝမျှသည် သာလျှင်၊ ဝါ- သမထ ရှုနည်း အာနာပါန အာရုံကဲ့သို့၊ အရှည်အတို အသွင် မထင်လာတော့ပဲ၊ ဝိတက္ကမှိုက တုန်းမှုက ရိယာ၊ ပရမတ္ထ ရုပ်သဘာဝမျှ သည်သာလျှင်၊ အတ္ထိတိ ရှိနေပါဘကား။ တွေ့ထိနေရပါတကားဟု။ သတိ ရှုပွားနေသော ကောယနုမင် သတိသည်။ ပစ္စုပဋ္ဌိတာ၊ ထင်ထင်ရှားရှား တွေ့မြင်လာနိုင်သည်၊ ဟောတိ- ဖြစ်၏၊ ဝါ- ကာယော- ကာယောဝ- သာလျှင် အတ္ထိတိ- တကားဟု အဿသတိ- ဖော်ပြပါအတိုင်း ရှုပွားတတ် ရှုပွားနိုင်သော ထိုယောဂီရဟန်းတို့၏ သတိသည်၊ ပစ္စုပဋ္ဌိတာဝါ- ထင်လာ နိုင်သည်လည်း၊ ဟောတိ- ဖြစ်၏။

ယာဝဒေဝ ဉာဏမတ္တာယ ဝါ-ဝိပဿနာဉာဏ်အပြင် အဆင့်ဆင့် တိုးပွား လာခြင်းငှာလည်း၊ ဝါ-ဝိပဿနာဉာဏ်စဉ်တွေ ပရိညာစဉ်နှင့် ဝိသုဒ္ဓိစဉ် အတိုင်း တိုးပွားလာခြင်းငှာလည်း၊ ဟောတိ-ဖြစ်၏။

ယာဝဒေဝ ပဋိဿတိမတ္တာယ ဝါ-သတိထင်မှု အဆင့်ဆင့် တိုးပွားလာခြင်း ငှာလည်း၊ ဝါ- သတိန္ဒြေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်၊ သတိမဂ္ဂင်အနေဖြင့် အာရုံထင်မှုတွေ အဆင့်ဆင့် တိုးပွားခြင်းငှာလည်း၊ ဟောတိ-ဖြစ်၏။

စ-ဤတွင်မကသေး။ အနိဿိတော-ရှုပွားဆဲ အာနာပါနအာရုံပေါ်၌၊ တဏှာအာရုံ၊ ဒိဋ္ဌိအာရုံအနေဖြင့် မဆက်စပ် မမှီတွဲပဲ၊ ဝိဟရတိ-နေ၏။

စ-ဤတွင်မကသေး။ ကိဉ္စိလောကေ-ခန္ဓာတစုံတရာနှင့် အာရုံ တစုံတရာ အပေါ်၌။ နဥပါဒိယတိ-ဥပါဒါန်အာရုံအသွင်ဖြင့် မစွဲလမ်းပြန်တော့ပေ။

ဘိက္ခဝေ-ရဟန်းတို့။ ဧဝံ-ဤသို့-အာနာပါန ဘာဝနာအတွက် နိဂုံးအဖြစ် ညွှန်ပြရသော။ ဝေမှိ-အထက် ငါဘုရား ထုတ်ဖော် ညွှန်ပြချက်အတိုင်းပင်လျှင်။ ဘိက္ခု-ယောဂီရဟန်းသည်။ ကာယေ-အာနာပါနကာယ၌၊ ကာယာ-နုပဿီ-သမထကာယအဖြစ်နှင့် ဝိပဿနာကာယအဖြစ် ခွဲခြားရှုပွားလျက်၊ ဝိဟရတိ-ကျင့်သုံးနေရ၏။

အာနာပါန ပဗ္ဗံ-အာနာပါနကာယကို ပြဆိုရာအပိုင်းသည် နိဋ္ဌိတံ-ပြီးပြီ။

———

ပါဠိတော်

၂။ ကာယာနုပဿနာ ဣရိယာပထပိုင်း

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု—

၁။ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ။
၂။ ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ။
၃။ နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ။
၄။ သယာနော ဝါ သယာနောမှီတိ ပဇာနာတိ။

သုံးသပ်ဖွယ်

ရှေးဖော်ပြခဲ့ပြီး အာနာပါနပဗ္ဗမှာ သမထကျင့်နည်းနှင့် ဝိပဿနာကျင့်နည်း (၂)မျိုးလုံး ပူးတွဲ၍ ဟောကြားခဲ့အပ်သည်။ ဤဣရိယာပထပဗ္ဗမှာ ဝိပဿနာကျင့်သုံးနည်း တမျိုးတည်းအဖြစ်ဖြင့်သာ ဟောညွှန်ထားသော ဒေသနာဖြစ်သည်။ ယင်းကိစ္စ မှတ်သားလွယ်စေရန် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ)တွဲ ရှာ်ခုမြောက် အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ ကာယဂတာသတိကထာ ၂၃၂ ၌။

တတ္ထ ယသ္မာ "ဣရိယာပထပဗ္ဗံ၊ စတုသမ္ပဇညပဗ္ဗံ၊ ဓာတုမနသိကာရပဗ္ဗ"န္တိ ဣမာနိ တီဏိ "ဝိပဿနာဝသေန" ဝုတ္တာနိဟူ၍ ရှင်းပြထားလေသည်။

တဖန် ယင်းဝိပဿနာကျင့်သုံးနည်းအဖြစ် ဟောညွှန်သည့်အတိုင်း မှန်ကန်စွာ ကျင့်သုံးခဲ့ပြန်လျှင် ဝိပဿနာဉာဏ်တို့သည် ရူပပရိစ္ဆေဒနှင့် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ဂေါတြဘူဉာဏ်အထိ ၁၃ ဆင့်တိုင် အဆင့်ဆင့်မြင့်တက်သွားနိုင်ပြန်သည့်အပြင် သောတာပတ္တိမဂ်ဉာဏ်မှ၍ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်အထိ မြင့်တက်သွားနိုင်ပြန်ကြောင်းကို-

ဣဒ္ဒေမကသာ ဧတုဣရိယာပထ ပဋိက္ကူလဟကသာ ဘိက္ခုနော ယာဝ အရဟတ္တာ နိယျာန မုခန္တိ ဟု

၎င်းသုတ်အဖွင့်ဖြစ်ကြသော ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာ ၃၅၉ နှင့် မဇ္ဈိမနိကာယ် မူလပဏ္ဏာသအဋ္ဌကထာ ၂၅၇ တို့၌ ရှင်းပြထားပြန်သည်။

အဓိပ္ပာယ်မှာ ဣရိယာပထကျင့်သုံးနည်းအနေဖြင့် ဟောညွှန်ထားသော ဤကျင့်နည်းကျင့်ကွက်သည်။ ၁။-ဤကမ္မဋ္ဌာန်းသည်၊ ဣရိယာပုထ် ၄ မျိုးထဲမှ တမျိုးမျိုးကိုပင် ကျင့်သုံးတတ်သော ယောဂီဗုဟန်းအတွက် ရဟန္တာအထိ ဖြစ်နိုင်သည်။ ဝ။-ထွက်မြောက်သွားနိုင်သော ကမ္မဋ္ဌာန်းမျိုး ဖြစ်သည်ဟု ဆိုထားသည်။

## ဆိုလိုချက်

အထက်ပါ အဋ္ဌကထာလာ ၂ ချက်တို့ကို ထောက်ဆလိုက်လျှင် ဗုဒ္ဓဟော ‘ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ’’ ဟူသော ကျင့်ကွက်ပြ ပါဠိတော်သာ (ပဇာနာတိ)နှင့် ကိုက်ညီသလောက် ဘာဝနာဉာဏ်သိတွေ မှန်ကန်တိုးတက်လာပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေပါ အဆင့်ဆင့် မြင့်တက်နိုင်ကြပေမည်။

ထိုသို့မဟုတ်ပဲ ပဇာနာတိနှင့် မကိုက်ညီသလောက် ဘာဝနာဉာဏ်သိတွေ မမှန်ကန်တော့၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေမှာ လွဲမှား ပျောက်ကွယ်ပေတော့မည်။

ထိုအရ သွား၊ ရပ်၊ ထိုင်၊ လျောင်း (၄)မျိုးခေါ် ဣရိယာပုထ် ၄ မျိုးတို့ကို သိမြင်ရာ၌ ဗုဒ္ဓဟော ‘‘ပဇာနာတိ’’ သိမျိုး ဖြစ်လာဖို့ လိုတော့ရာ သိတိုင်း ပဇာနာတိသိ မဖြစ်နိုင်ပေ။ သာမန်သိ ဇာနာတိသိမျိုး အလွဲသိ မိစ္ဆာဇာနာတိ သိမျိုးတွေ အသိများကြပေသည်။

## အသိ ၆ မျိုး ခွဲခြားချက်

သွား၊ ရပ်၊ ထိုင်၊ လျောင်း (ခေါ်) ဣရိယာပုထ် ၄ ခုအပေါ်၌ သိမြင်မှုတို့မှာ-

၁။ သာမန်သိ - ဇာနာတိ သိမျိုး

၂။ စိတ်သိ - ဝိဇာနာတိ သိမျိုး

၃။ သညာသိ - သဉ္ဇာနာတိ သိမျိုး

၄။ မိစ္ဆာသိ - မိစ္ဆာဇာနာတိ သိမျိုး

၅။ မောဟသိ - သမ္မုဠ္ဍဇာနာတိ သိမျိုး

၆။ ပညာသိ - ပဇာနာတိ သိမျိုး

ဟူ ၆ မျိုးရှိနေသည်၊

ရင်းကို ချုံးလိုက်လျှင် ၁။ ဝိပလ္လာသသိနှင့်
၂။ သမ္မာသိဟု ၂ မျိုးမျှ ဖြစ်သွားမည်။

အထက်နံပါတ် (၁) မှ (၅) အထိ သိမှုမျိုးကို ဝိပလ္လာသသိမျိုးခေါ်၍ နံပါတ် (၆) အရကို သမ္မာသိမျိုးခေါ်သည်။ ဤသို့ ချုံးလိုက်လျှင် ၂ မျိုးသာ ဖြစ်လာမည်။

တနည်း။ ဝိပလ္လာသသိကို အရပ်သိခေါ်၍ သမ္မာသိကို အမြတ်သိ ခေါ်ပြန်လျှင်လည်း ၂ မျိုးသာ ဖြစ်လာမည်၊ ယခုလိုအပ်သည်မှာ သမ္မာသိမျိုးကိုသာ ဝါ-အမြတ်သိမျိုးကိုသာ ဝါ-ပဇာနာတိ သိမျိုးကိုသာ လိုအပ်သည်။ အရပ်သိခေါ် ဝိပလ္လာသသိ ၅ မျိုးတို့ကို မလိုအပ်ပေ။

ပဇာနာတိ သိခေါ် သမ္မာသိမျိုးသည် တကာယ်ရှိ တကာယ်ဖြစ်ပြီး တကာယ်ပျက်နေ၏။ သစ်တရုပ်နာမ်တရားတို့နှင့် တကာယ်ရှိပြီး တကာယ်မဖြစ် တကာယ်မပျက်သော အသင်္ခတ တရားကိုပါ သိမြင်နိုင်သော အသိမျိုးဖြစ်သည်။

ဇာနာတိစာရင်းဝင် ဝိပလ္လာသအသိမျိုးကား တကာယ်မရှိတာကို တကာယ်အရှိသင်္ကာ တကာယ်ဖြစ်ပြီး တကာယ်ပျက်နေတာကိုလည်း တကာယ်မသိ ကာယ်ရှိပြီး တကာယ်မဖြစ် တကာယ်မပျက်တာကိုလည်း တကာယ်မသိ မမြင်နိုင်သော အသိမျိုးဖြစ်သည်။

ယခုလိုအပ်သော အသိမျိုးကား ပဇာနာတိစာရင်းဝင် သမ္မာသိမျိုး ဝါ-၂ ဆင့်သွား သမ္မပညာသိမျိုးကိုသာ လိုအပ်သည်။

ထိုအရ ဝိပဿနာလုပ်ငန်းကို အားထုတ်ခါစ၌ ပဇာနာတိ သိမျိုးက ချက်ခြင်း ပေါ်ထွက်လာနိုင်မည်မဟုတ်ပဲ ဘာဝနာဆက်ဆက်နှင့် ကမ္မဋ္ဌာန်အဆက်

ဆက်က တသ်သရာလုံး အသုံးပြုများခဲ့သော အထက်ပါ ဝိပလ္လာသသိ(၅)မျိုး တို့က နေရာ အယူများနေပေဦးမည်။

ယင်းသဘာဝ ထင်ရှားစေခြင်းငှာ သွားမှုဣရိယာပုထ်ကို ပဇာနာတိသိမျိုး သိရှိလာရေးအတွက် အားထုတ်နေစဉ်၌ ပဇာနာတိ သိဝင်လာခင် ရှင်း နေရာမှာ ဇာနာတိ သိတွေက ဦးစွာဝင်နေပုံကို သိမြင်နိုင်ကြစေရန်-

၁။ ဇာနာတိ သိစာရင်းဝင် ဝိပလ္လာသသိတွေကပုံ

၂။ ထိုနောက် ပဇာနာတိ သိ အကြမ်းစား စဝင်ပုံ

၃။ ထိုနောက်မှ ပဇာနာတိ အနုစားသိတွ အဆင့်ဆင့် မြင့်တက်ဝင်ပုံကို ခွဲခြား ဖော်ပြသွားပါအံ့။

## ၁။ ဇာနာတိစာရင်းဝင် ဝိပလ္လာသသိတွေကပုံ

သတ္တော ဂစ္ဆန္တော ဝါ ဂစ္ဆ မိတိ ဇာနာတိ၊ န ဇာနာတိ

အနက်

သတ္တော-သတ္တဝါသည်။ ဝါ-ပြဟ္မာ နတ် ဝိဇ္ဇာ လူ ဘီလူး ပိတ္တာ ခွေး ဝက် မြင်း ကြက် ငှက် ကင်းနှင့် မြွေ မျှော့ ခရု စသော သတ္တဝါစာရင်းဝင် ဟူသမျှသည်။

ဂစ္ဆန္တော-သွားနေစဉ်၊ ရွေ့ရှားနေစဉ်တွင်။ ဂစ္ဆာမိတိ-သွားနေတယ် ရွေ့ရှားနေတယ်ဟူ၍။ ဝါ-ဈာန်တန်ခိုးနှင့် သွားနေတယ်၊ ကံတန်ခိုးနှင့် သွားနေတယ်၊ အတတ်တန်ခိုးနှင့် သွားနေတယ်၊ ခြေနှင့် ငါ သွားနေတယ်၊ ခြေ လက် ၂ မျိုးလုံးနှင့် ငါသွားနေတယ်။ ခြေချောင်း အများကြီးနှင့် ငါသွားနေတယ်၊ ဗိုက်နှင့် တွား၍ ငါသွားနေတယ်ဟူ၍။ ဇာနာသိ-သတ္တသိ အတ္တသိအားနေဖြင့် သိလိုက်၏၊ သိနေ၏။ နဇာနာသိ-ဧ မြတ်သိ ပရမတ်သိအနေဖြင့် မသိ၊ မသိနိုင်သေး။ ကာရားအားထုတ်စ ပုဂ္ဂိုလ်မှာလည်း ရှင်းများတိုင်းပင် ရှိသေး၏။

ဆိုလိုချက်၊ ပြဟ္မာအစ ခရုအဆုံးရှိ ပုထုဇဉ်စာရင်းဝင်နှင့် သတ္တစာရင်း ဝင်ဟူသမျှတို့၏ (သွားမှု) အပေါ် သိနေကြခြင်းသည် ပဋိပတ်ပညာသိမျိုးနှင့် သိနေကြသည်မဟုတ်ပဲ ဥပါဒါန်အားရုံအနေနှင့် ကိလေသာအားရုံအနေဖြင့်သာ သိနေကြ၍ ဝိပလ္လာသသိမျိုးထဲက အသိမျိုးဟု ဆိုလိုသည်။ ထိုအရ ဤအသိ မျိုးကို ဗုဒ္ဓဟော ပဇာနာတိအသိမျိုးထဲ ထည့်သွင်း၍ မရနိုင်ပေ။

အညွှန်း။ ကိလေသာသိနှင့် ဥပါဒါန်သိအကျယ်ကို ဣရိယာပထအလင်းပြ နှင့် အရိယာတို့သွား ဉာဏ်လှေကားစာအုပ်မှာ အကျယ်ရေးသားခဲ့ပြီ။

## ၂။ အကြမ်းစား ပစ္စုပ္ပန်ရာတိ သိ စဝင်ပုံ

ပုန စ ပရံ ဘိက္ခဝေ—

၁။ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ

### အနက်

ဘိက္ခဝေ-ရဟန်းတို့။ စ အပရံ-ကာယာနုပဿနာအဖြစ် ရှုပွားရန် အခြား ရုပ်ကမ္မဋ္ဌာန်းတမျိုးကို။ ဝါ-အာနာပါန ရုပ်ကမ္မဋ္ဌာန်း ရှုပွားနည်းမှတပါး ဣရိယာပထ ရုပ်ကမ္မဋ္ဌာန်း ရှုပွားနည်းတမျိုးကို။ ပုန-ထပ်ဆင့်၍ ညွှန်ပြဦးအံ့။

ဘိက္ခု-ရှုနည်းမှန်အတိုင်း ရှုပွားရှိ ကောယနုမဂ်သတိတည်ကိန်း စပြုလာသော ယောဂီရဟန်းသည်။ ဂစ္ဆန္တော-ဝါ-သွားနေခိုက်မှာလည်း။ ဝါ-သွားမှုကို ပြုနေခိုက်မှာလည်း။ ဂစ္ဆာမီတိ-သွားမှုတွေကို ပြုနေရပါဘာကားဟူ၍။ ဝါ-သွားတယ်ဟူသည် ရွေ့ရွေ့နေရ၊ ရှေ့သို့ တိုးနေရပါတကာဟူ၍။ ဝါ-သွားမှုဟူသည် ရွေ့မှုနှင့် တိုးမှုတွေပါတကားဟူ၍။ ပဇာနာတိ-ရှေ့ဇာနာတိ အသိမျိုးနှင့်မဟုတ် အရှိကို အရှိတိုင်း သိမြင်စပြုလာ၏။

ဝါ-ရဟန်းကြီး၊ လူကြီး၊ ကိုယ်ကြီး၊ အကောင်ကြီး၊ ငါးကြီး၊ ခြေထောက်ကြီးဟု ငွ်မှား၊ မှတ်မှား၊ သိမှား၊ နေရာမှားတိုးမှုနှင့် တိုးနေချက် ရွေ့နေချက်တို့ကိုသာ သိစ သိစ ပြုလာနေ၏။

### ပစ္စုပ္ပန်ရာတိ အသိအမြင်တွေ တိုးလာပုံ

ဝါ-ဂစ္ဆာမီတိ။ ပဇာနာတိ-သွားမှုပြုတိုင်းမှာ တိုးတိုင်းသိ၊ ရွေ့တိုင်းသိ အဲ့နေ သိလာနေ၏၊ ဝါ-သွားမှုခေါ် တိုးရက်စ္စ ရွေ့ရက်စ္စမှာ အတိုးနှင့်အသိ၊ အရွေ့နှင့် အသိတို့သည် စီးကိုက်ထားသလို သိသိလာပေ၏-

### ပညတ်အမြင်ခေါ် ဝိပလ္လာသအမြင် ကွယ်သွားပုံ

ဝါ-ဂစ္ဆာမီတိ ပဇာနာတိ-ရဟန်းသွားနေ၊ လူသွားနေ၊ ပုဂ္ဂိုလ်သွားနေ၊ သတ္တဝါသွားနေသည်ဟူသော ပညတ်အမြင်ခေါ် ဝိပလ္လာသအမြင်တွေ ကွယ်သွားပြီး တိုးမှုနှင့် ရွေ့မှုဟူသော ကြိယာနှင့် အချင်းအရာတွေကိုသာ သိသိလာနေ၏။ ဝါ-ရဟန်းကြီးသွားနေ၊ လူကြီးသွားနေ၊ ပုဂ္ဂိုလ်ကြီး သွားနေ၊ သတ္တဝါကြီးသွားနေ၊ အကောင်ကြီးသွားနေ၊ သဏ္ဌာန်ကြီးသွားနေ၊ ခြေထောက်ကြီးသွားနေဟူသော ယခင် ဇာနာသိ သိမျိုးတွေ၏နေရာမှာ တိုးမှုအထပ်ထပ်နှင့် ရွေ့မှုအထင်ထပ်တွေကိုသာ သိသိလာနေ၏။

## ရူပပရိစ္ဆေဒဉာဏ်သိခေါ် ပဇာနာတိ သိ ဝင်လာပုံ

ဝါ-ဂစ္ဆာမီတိ ပဇာနာတိ-အများသိခေါ် အရပ်သိ ပညတ်သိအနေတို့မှ ခြားနား သဲကွဲသွားပြီး သံဝိဇ္ဇမာန တကယ်ရှိ ပရမတ်ကိစ္စများကိုသာ သိမြင် သိမြင်လာတော့၏။ ဝါ-ပုဂ္ဂိုလ် သတ္တဝါ ရဟန်း ရှင်လူနှင့် ခေါင်းကြီး ခြေထောက်ကြီးတွေ သွားနေလှုပ်နေသည်ဟူသော ပညတ်အသိအမြင်မှ လွှတ်သွားပြီး ရွေ့မှုနှင့် ရွေ့သို့ တိုးတိုးထွက်မှုတွေကိုသာ သွားတယ် သွားနေ တယ်ဟု ခေါ်နေပါတကားဟူ၍ ယခင်သိနေကြ ပညတ်အသိအမြင်မှ သဲကွဲ ခြားနားကာ တကယ်ရှိ ပရမတ္ထသဘာဝကိုသာ သိ၍သိ၍ လာနေ၏။ ဝါ-သွားမှုအရ ယခင်သိနေကျ ပညတ်သိချိုးနှင့် မရတော့ပဲ တကယ်ရှိ ပရမတ္ထ သဘာဝရွေ့မှုနှင့် ရွေ့သို့ တိုးတိုးထွက်မှုဟူသော ကြိယာနှင့် အချင်းအရာ ရုပ်သဘာဝကိုသာ ခြားနားသဲကွဲစွာ သိ၍သိ၍လာနေ၏။

### (၁) ရူပနာမ ပရိစ္ဆေဒဉာဏ်သိဝင်ပုံ

ဂစ္ဆာမီတိ ပဇာနာတိ ရွေ့မှုနှင့် သိမှု၊ တိုးသွားမှုနှင့် သိမှုတို့သာ အလုပ် လုပ်နေကြသလို တွေ့သိသော့၏။ ဝါ ရွေ့မှုကတလုပ်၊ သိမှုကတလုပ်၊တိုးမှုက တလုပ်၊ သိမှုကတလုပ်အနေကိုသာ သိမြင် သိမြင်၍ လာနေတော့၏။ ဝါ- ယခင်ဇာနာတိသိမျိုးဖြင့် သိမြင်ချိန်မှာ အများသိအနေ သိမြင်နေခဲ့သော ရဟန်း၊ ရှင်၊ လူ၊ ပုဂ္ဂိုလ်၊ အကောင်၊ သဏ္ဌာန်တို့၏နေရာမှာ ရွေ့မှုနှင့် တိုးတိုး သွားမှုကိစ္စတွေကို တွေ့သာ၍ ငါ၏နေရာမှာ သိမှု ထင်လာမှုကိုသာ သိမြင် သိမြင်လာနေ၏။

### (၂) ပစ္စယပရိဂ္ဂဟဉာဏ်သိဝင်လာပုံ

ဂစ္ဆာမီတိပဇာနာတိ - သွားတယ်ဟူသည် အထဲကရွေ့စေ၊ တိုးစေမှုတို့ အရင်ပေါ်လာပြီးမှ အပြင်က ရွေ့ရ တိုးရပါတကားဟူ၍ ရှေ့ကိစ္စကိုပါ၍ သိသိပါသော့၏၊ ဝါ-အထဲက ရွေ့သွားအောင် တိုးတိုးသွားအောင် ဦးစွာ ရှေ့ဆောင် ရှေ့ဆောင်လာပြီးမှ အပြင်ကပါ ရွေ့သွား၊ တိုးတိုးသွားနေရပါ တကားဟု အထဲကကိစ္စနှင့် အပြင်ကိစ္စကိုပါ သိသိလာတော့၏။ ဝါ-အထဲက ရွေ့လိုမှု၊ ရွေ့စေမှု၊ တိုးလိုမှု၊ တိုးစေမှု၊ သွားလိုမှု၊ သွားစေမှုတို့ကြောင့် အပြင်ကပါ ရွေ့ရမှု၊ တိုးရမှု၊ သွားရမှုတို့ ကူးဆက်ကာ ပြုနေရပါတကားဟူ၍ ရှေ့ကိစ္စနှင့် နောက်ကိစ္စ။ ဝါ-အကြောင်းနှင့် အကျိုးကိုပါ ကျယ်ပြန့်စွာ အသိ တွေ့ ပိုမိုလာတော့၏။

## (၃) သမ္မသနဉာဏ်သိဝင်ပုံ

**ဂစ္ဆာမိတိ ပဇာနာတိ**-အပြင်ဘလှမ်းစာ၊ တလှမ်းစာရောက်နိုင်ရေးအတွက် အတွင်းမှ ဦးစွာ တွန်းရ၊ တိုးရ၊ ရွေ့ရမှုတွေအဆင့်ဆင့်နှင့် အလီလီတွေပြုရ ပြီးမှ အပြင်ကဆက်၍ တွန်းပေး၊ တိုးပေး၊ ရွေ့ပေးရမှုတွေ အဆင့်ဆင့်နှင့် အလီလီပြုပေးနေရပါတကားဟူ၍။ ပဇာနာတိ-အတွင်းကိစ္စနှင့် အပြင်ကိစ္စ အဆင့်ဆင့် အလီလီတို့ကိုပါ သိလာ သိလာနေတော့၏။ ဝါ-ဂစ္ဆာမိတိ သွားတယ် လှမ်းတယ်ဟု သာမန် ဇာနာတိအနေဖြင့် ဆိုစေသိစေကာ ယင်း တလှမ်းတာမျှ လှမ်းနိုင်၊ သွားနိုင်ရေးအတွက် အတွင်းအဇ္ဈတ္တမှ လှမ်းလို၊ သွားလို၊ လှမ်းမစ၊ သွားစေတို့က စလာပြီး အတွင်းကပင် ရွေ့၍ တွန်းပေးရ၊ တောင့်ပေးရ၊ ထိန်းပေးရ၊ မပေးရ၊ ညှိပေးရ၊ အားစိုက်ပေးရ၊ ကူညီပေးရ ဟူသော တာဝန်ကိစ္စ အဆင့်ဆင့်အလီလီတွေ များစွာ အထပ်ထပ်ရှိလာ ပြီးမှ အပြင်မှ ဆက်၍ တွန်းရ၊ ရွေ့ရ၊ ဖိရ၊ မ,ရ၊ ထိန်းရ၊ အားစိုက်နေရ စသော တာဝန်ကိစ္စတွေ အဆင့်ဆင့်၊ အလီလီ၊ အထပ်ထပ် ပြုလုပ်နေရပါတကားဟူ၍။ ပဇာနာတိ-တလှမ်းတာအတွင်း၌ အထဲနှင့် အပြင်နှစ်ရပ်တို့က ဆောင်ရွက်ရပုံ အဖုံဖုံတို့ကို အသေးစိတ်အနေ သိမြင် သိမြင်လာနေ၏။ ဝါ-ဂစ္ဆာမိတိ ပဇာနာတိ-သွားမှုကိစ္စကို သိ၏ဟုဆိုရာ၌၊ ဝါ-ဆိုစေကာ တလှမ်းစာသွားမှုပြုရာမှာ သွားမှုကိစ္စမျှသာမကပဲ အတွင်းမှသွားလို၊ သွားစေဟူသောအကြောင်း (စိတ်ကိစ္စ)နှင့်တကွ ဖိရမှု၊ ထောက်ရမှု၊ ကန်ရမှု၊ တောင့်ရမှု၊ ဖေးမရမှု၊ ထိန်းပေးရမှု၊ ချိန်ဆရမှု၊ အားစိုက်ရမှု၊ ယိမ်းယိုင်ပေးရမှု၊ ရပ်တည်ပေးရမှု စသော(ရုပ်ကိစ္စ)အဝဝတို့ပါ ပူးတွဲပါဝင်ပြီးမှ သွားမှုခေါ် ရွေ့မှုအစုတို့ကို အကြောင်း အကျိုး အဆင့်ဆင့် အလီလီတွေကိုပါ တွဲစပ်၍ ဆောင်ရွက်နေရပါတကား ဟူ၍ ဆောင်ရွက်ပုံ အဖုံဖုံတို့ကို ကျယ်ပြန့်စွာ သိမြင် သိမြင်၍လာနေ၏။ ဝါ-ဂစ္ဆာမိတိ ပဇာနာတိ-ချုံး၍ဆိုရလျှင် သတိနှင့် သမ္ပဇဉ်အား ကောင်းလာလေ တွင်း ပြင်ကိစ္စအဝင်တို့ကို အထက်ပါတို့ထက် ပိုမိုကျယ်ပြန့်စွာ သိမြင် သိမြင်လာတော့၏။ ဝါ-တလှမ်းအတွင်းမှာ အထက်ပါကိစ္စအဝဝတွေကို တာဝန်များစွာဖြင့် ဆောင်ရွက်နေရသည်ကို သိမြင်လာသဖြင့် ယင်းတာဝန်ကိစ္စ အဝဝတို့သည် ဒုက္ခလုပ်ငန်းတွေပါတကားဟု သွားမှုခေါ် ရွေ့မှု တိုးမှု ဖိမှု မ,မှု တွန်းမှု ကန်မှုစသည် အဝဝတို့ကို ဒုက္ခတွေအနေဖြင့် သိမြင် သိမြင် လာတော့၏။

## (၄) ဥဒယဗ္ဗယဉာဏ်သိဝင်လာပုံ

ဂစ္ဆာမိတိ ပဇာနာတိ-တလှမ်းစာမျှအတွင်းမှာ အထဲနှင့်အပြင်တို့မှ ထိန်းရ၊ တောင့်ရ၊ ထိုးရသောကိစ္စအဝဝတွေသည် ဆက်တိုက်ကြီး မထင်တော့ပဲ ရေကို

ထုတ်ဖြင့် ခြစ်ခြစ်သွားသလို လှစ်ခနဲ၊ လှစ်ခနဲ၊ အနေ၊ အပြတ်၊ အပြတ် ထင်ထင်မြင်မြင်လာတော့၏။ ဝါ-အတွန်း၊ အရွေ့၊ အတိုးနေရာမှာပင် တွန်းတွေ၊ အထပ်ထပ်ရွေ့တွေ အထပ်ထပ်တိုးတွေ အထပ်ထပ်တွေပါဘကားဟု တွန်း၊ ရွေ့၊ တိုးတွေ အသစ်သစ်ဖြစ်နေပုံကို သိမြင် သိမြင်လာနေ၏။ ဝါ-တွန်းအထပ်ထပ်နှင့် သိအထပ်ထပ်၊ ရွေ့အထပ်ထပ်နှင့် သိအထပ်ထပ်၊ တိုးအထပ်ထပ်နှင့် သိအထပ်ထပ်တွေအနေကိုပါ သိမြင် သိမြင်လာနေ၏၊ ဝါ-တွန်းတချက်၊ ရွေ့တချက်၊ တိုးတချက်မှာပင် အစတွန်း၊ အဆုံးတွန်း၊ အစရွေ့၊ အဆုံးရွေ့၊ အစတိုး၊ အဆုံးတိုး အနေသို့ပါ သိသိလာတော့၏။ ဝါ-အစတွန်းနှင့် အစသိ၊ အဆုံးတွန်းနှင့် အဆုံးသိ၊ အစရွေ့နှင့် အစသိ၊ အဆုံးရွေ့နှင့် အဆုံးသိ၊ အစတိုးနှင့် အစသိ၊ အဆုံးတိုးနှင့် အဆုံးသိအနေ သိသိလာတော့၏။ ဝါ-အစတွန်း၊ အလယ်တွန်း၊ အဆုံးတွန်းဟူ၍လည်းကောင်း၊ အစရွေ့၊ အလယ်ရွေ့၊ အဆုံးရွေ့ဟူ၍လည်းကောင်း၊ အစတိုး၊ အလယ်တိုး၊ အဆုံးတိုးဟူ၍လည်းကောင်း သိမှုတွေ ပိုပိုလာတော့၏၊ ဝါ-အစတွန်းမှာလဲ သိလိုက်၊ အလယ်တွန်းမှာလဲသိလိုက်၊ အဆုံးတွန်းမှာလဲသိလိုက်၊ အစရွေ့မှာလဲ သိလိုက်၊ အလယ်ရွေ့မှာလဲသိလိုက်၊ အစတိုးမှာလဲသိလိုက်၊ အလယ်တိုးမှာလဲ သိလိုက်၊ အဆုံးတိုးမှာလဲသိလိုက်၊ ပြုသမျှ တွေ့သမျှ သိသမျှတွေမှာ အစက် အစက်ကလေးတွေအနေ၊ အသစ် အသစ်တွေသာ လှစ်လှစ်နဲ့ ရှိနေသလို သိသိလာတော့၏။ ဝါ-ပြုသမျှ၊ တွေ့သမျှ၊ သိသမျှတွေမှာ ပေါ်လိုက်၊ ပျောက်လိုက်၊ တွေ့လိုက်၊ ပျောက်လိုက် အနေသာ၊ ဝါ-သိလိုက်၊ ပျောက်လိုက် အနေသာ သိကာ သိကာနေတော့၏။

## (၅) ဘင်္ဂဉာဏ်သိဝင်လာပုံ

ဂစ္ဆာမီတိ ပဇာနာတိ-အဝိဇ္ဇာ ကွာပြီး သတိနှင့် သမ္ပဇဉ်တို့ ပို၍ ပို၍ အားကောင်းလာချက်ကြောင့် သွားမှုနှင့် စပ်ရာဟူသမျှတို့သည် ပေါ်လိုက် ပျောက်လိုက် ၂ မျိုးအနေ မထင်တော့ပဲ အပျောက်တဘက်ဘက် အပျက်တဘက်ဘက်အနေသာ ထင်လာ မြင်လာနေတော့၏၊ ဝါ-သွားမှုအတွက် အတွင်းနှင့် အပြင်တို့မှ တွန်းရ၊ တိုးရ၊ တောင့်ရ၊ ထိန်းရနှင့် အလိုပေါ်ရ၊ ဝေပေးရ စသော ပြုပြုသမျှကိစ္စအဝဝတို့မှာ အသစ်နှင့်အဟောင်း ၂ မျိုးအနေ မထင်တော့ပဲ သဲပုံကို ထိ့မိ တိုးမိ၍ အပျက်အပြို တမျိုးထဲသာ တွေ့နေရ တော့သလို အသစ်သက်သက် ပျက်နေ ပြိုနေတဲ့အခြေကိုသာ တဘက်သတ် သိမြင်နေတော့၏၊ ဝါ-ဖြစ်မှု တည်ပုဟူ၍ မတွေ့ရတော့ပဲ တွေ့သမျှ သိသမျှ ဟူသရွေ့တို့မှာ ပျက်နေ ပြိုနေတွေကိုသာ အထပ်ထပ် တွေ့သိနေတော့၏။

ဝါ-ကုန်ခန၊ ပျက်ခန၊ ပြိုခန၊ ချုပ်ကွယ်သွားနေဟူသော (၄) မျိုးထဲမှ တမျိုးမျိုးအနေကိုသာ ထင်နေ မြင်နေလေတော့၏။

## (၆) ဘယဉာဏ်သိဝင်လာပုံ

ပဇာနာတိ-တွေ့သမျှ သိသမျှတို့မှာ ကုန်၊ ပျက်၊ ပြို၊ ချုပ်ကွယ်အနေတွေသာ ပို၍ ထင်လာတော့သဖြင့် ယင်းထင်လာချက်တို့ကို ဘေးအန္တရာယ်အနေ ထင်လာ၊ မြင်လာနေတော့၏။

## (၇) အာဒီနဝဉာဏ်သိဝင်လာပုံ

ပဇာနာတိ-ယင်း ကုန်၊ ပျက်၊ ပြို၊ ချုပ်တို့ ဒလစပ်ရှိလာချက်ကို ဘေးအန္တရာယ်အနေ ထင်လာချက်တွင်မကတော့ပဲ ယင်းကုန်၊ ပျက်၊ ပြိုဆင်းနေသော မိမိကိုယ်ကြီးအပေါ်မှာ အပြစ်နှင့် အဆိုး၊ အဆွေး၊ အနာရောဂါတွေအနေ ထင်လာ မြင်လာပြန်တော့၏။

## (၈) နိဗ္ဗိဒါဉာဏ်သိဝင်လာပုံ

ပဇာနာတိ-ကုန်၊ ပျက် ပြိုဆင်းနေသော ယင်းခန္ဓာကိုယ်၏ အပေါ်မှာ အပြစ်၊ အဆိုး၊ အဆွေးနှင့် အနာရောဂါတွေအနေ အထင်များလာတော့သဖြင့် ယင်းမနှစ်သက်ဖွယ်ရာ ဇေဂုစ္ဆအသုဘ အစုစုတို့အပေါ်မှာ တွန့်၊ ဆုတ်၊ ငြီးငွေ့ချက်အသိတွေ ထပ်၍ဝင်လာ ထင်လာပြန်တော့၏။

## (၉) မုဉ္စိတုကမျတာဉာဏ်အသိဝင်လာပုံ

ပဇာနာတိ ယင်းသွားမှုနှင့် မသွားမှုတို့နေရာမှာ ကုန်၊ ပျက်၊ ပြိုဆင်းမှုတွေအနေကလည်း ဒလစပ် မြင်နေ ထင်နေတော့သဖြင့် ပူတွဲ ထင်လာကြသော အဆိုး၊ အပြစ်၊ အဆွေး၊ အနာရောဂါတွေအနေတို့အပေါ်မှာ တွန့်၊ ဆုတ်၊ ငြီးငွေ့မှုတွေကလည်း များလာသောကြောင့် ယင်းမနှစ်သက်ဖွယ် ဒုက္ခအစုတို့မှ လွတ်မြောက်လိုချက်တွေ ကူးစက်ဝင်လာပြန်တော့၏။

## (၁၀) ပဋိသင်္ခါဉာဏ်သိဝင်လာပုံ

ပဇာနာတိ-ယင်း အထက်ပါ ဒုက္ခစုတွေမှ လွတ်မြောက်လိုချက်တွေ အထပ်ထပ် ဝင်လာ၊ ထင်လာမနေတော့သဖြင့် ယင်းဒုက္ခစုတို့မှ လွတ်မြောက်နိုင်ရေးအတွက် ကုန်၊ ပျက်၊ ပြိုဆင်းနေသော သင်္ခါရဒုက္ခတို့အပေါ်မှာ ထွက်ပေါက်ရရန် ပြန်လည် ဆင်ခြင်ဉာဏ်တွေ အထပ်ထပ် ဝင်လာပြန်တော့၏။

## (၁၁) သင်္ခါရုပေက္ခာဉာဏ်သိဝင်လာပုံ

ပဇာနာတိ-ယင်း သင်္ခါရဒုက္ခစုမှ လွတ်မြောက်နိုင်ရေးအတွက် ဆင်ခြင်ဉာဏ် ပြန်လည် သုံးသပ်ရာတွင် ကုန်၊ ပျောက်၊ ပြိုဆင်းခေါ် သင်္ခါရဒုက္ခပေါ်မှာ ရှုမုန်းလွန်းသော (အစွန်းနှင့်) ထွက်လာသော (အစွန်း ၂ ခုတို့မှ) လွတ်၍ သိ ပသမှု၊ သိရုံမျှ ဖြစ်နေသော ရှိလာထင်လာအောင် ဝိညာတေဝိညာတမတ္တံသိခေါ် ဥပေက္ခာဉာဏ်သိအနေသို့ တစ တစဖြင့် ရောက်ရှိလေတော့၏။

## (၁၂) အနုလောမဉာဏ်သိဝင်လာပုံ

ပဇာနာတိ-ဝိညာတေ ဝိညာတမတ္တံသိခေါ် ဝိပဿနုပေက္ခာဉာဏ်သိအနေသာ အသိမှန်လာ ပိုမိုလာသဖြင့် ကုန်၊ ပျက်၊ ပြိုဆင်းခေါ် သင်္ခါရဒုက္ခအာရုံအပေါ်မှာလည်း စွန်းငြိမှုတွေ ကင်းကင်းလာခြင်း၊ ထိုပြင် သင်္ခါရအာရုံမှ လွတ်ကင်းရာ အသင်္ခါရ အသင်္ခတအာရုံဘက်သို့ ကူးတက်သွားနိုင်ရန် လမ်းတံခါးလည်း ပွင့်လာခြင်းတည်းဟူသော အောက်နှင့်အထက် ကူးဆက်၍ရနိုင်သော တံတားသစ်ကလေးတွေ အောက်နှင့်အထက် ကူးဆက်၍ရနိုင်သော တံတားသစ်ကလေးတွေသဖွယ် ထင်းကနဲ ထင်းကနဲအနေ ပွင့်ပွင့်လာလေတော့၏။

## (၁၃) ဂေါတြဘူဉာဏ်သိဝင်လာပုံ

ပဇာနာတိ-သင်္ခါရအာရုံသိမှ လွတ်သွားပြီး အသင်္ခါရအာရုံသို့ ဦးတည်လျက် ရှိသွားတော့၏။ ပါ-ရှိသွားချက်ကို သိလိုက်၏။ ဝါ-သင်္ခါရအာရုံနှင့်အသိတို့ တန့်ရပ် ကွယ်သွားသဖြင့် အနိမိတ္တ အပဝတ္တဖြစ်သော အသင်္ခတနိဗ္ဗာန်သို့ ဦးတိုက်လိုက်သည့်အနေ ရောက်ရှိသွားတော့၏။ ဝါ-အနုလောမဉာဏ်အကူအညီရလိုက်သဖြင့် သင်္ခါရအာရုံနှင့် အသိကိစ္စတို့ ရပ်တန့်ကာ မဂ်တံခါးခေါ် မဂ်ဉာဏ်ပွင့်နိုင်ရန် အသင်္ခတနိဗ္ဗာန်ကို ဦးတိုက် တွန်းပေးလိုက်သလိုရောက်ရှိသွားတော့၏။

## (၁၄) မဂ်ဉာဏ်သိဝင်လာပုံ

ပဇာနာတိ-သင်္ခါရအာရုံနှင့်တကွ ၎င်းတို့ကို မှီနေကြသော ကိလေသာတို့ကပါ လွတ်မြောက်ရာ ရောက်သွားတော့၏။ ဝါ-ရောက်တဲ့ရာကို သိလိုက်၏။ ဝါ-ဂေါတြဘူဉာဏ်အခိုက်၌ သင်္ခါရအာရုံမှ လွတ်ခဲ့သဖြင့် ယခုမဂ်ဉာဏ်အခိုက်၌ ၎င်းကို မှီနေကြသော ကိလေသာတို့ကပါ လွတ်ထွက်သွားတော့၏။ ဝါ-လွတ်ထွက်ရာနိဗ္ဗာန်ကို သိလျက်ဖြစ်သွား၏၊ ဝါ-သင်္ခါရခေါ် ခန္ဓာနှင့် ကိလေ

သာ ၂ မျိုးလုံးကပါ လွတ်မြောက်သွားတော့၏။ ဝါ-လွတ်မြောက်သွားခိုက် နိဗ္ဗာန်သို့ထိ သိသွားတော့၏။ ဝါ-ခန္ဓာနှင့် ကိလေသာ ၂ မျိုးလုံးတို့ နိရောဓ ဆိုက်သွား၏၊ ဝါ-နိရောဓဆိုက်မှုကို သိလိုက်၏၊ ဝါ-နိရောဓခေါ်(နိဗ္ဗာန်)ကို ဉာဏ်ဦးခိုက်လျက် ဖြစ်သွားတော့၏။

## (၁၅) ဖိုလ်ဉာဏ် သိဝင်လာပုံ

ပဇာနာတိ- မဂ်ဉာဏ်ခဏသိသလိုပင် ထပ်ဆင့်၍ သိလိုက်ပြန်တော့၏။ ဝါ- မဂ်ဉာဏ်အခိုက်မှာ၊ ကိလေသာနှင့် ခန္ဓာတို့မှ လွတ်မြောက်သွား၍ အေးငြိမ်းသောသန္တိသုခကို သိလိုက်သလို၊ ယခုအခိုက်မှာလည်း ယင်းအသိမျိုးတွေ ထပ်ဆင့်၍ သိလိုက်ပြန်တော့၏။

## (၁၆) ပစ္စဝေက္ခဏာဉာဏ် သိဝင်လာပုံ

ပဇာနာတိ- ယခင် တွေ့ထိုက်၊ သိထိုက်ပြီး သင်္ခါရနိမိတ်၊ ဝါ-သင်္ခါရ အာရုံတို့မှ လွတ်ပုံကိုလည်းကောင်း၊ ယင်း သင်္ခါရအာရုံနှင့် ကိလေသာ ၂ မျိုးလုံးက လွတ်ပုံကိုလည်းကောင်း၊ ဝါ- လွတ်ရာ၊ ငြိမ်းရာ သန္တိသုခ နိဗ္ဗာန်ကိုလည်းကောင်း၊ ပြန်လည်သုံးသပ်သော အသိမျိုးဖြင့် သိမှု ထပ်၍ ပြုလိုက်လေတော့၏။

ဤကား "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ"ဟူသော ဝိပဿနာကျင့်ကွက်ပြ ပါဠိတော်ကို သတ္တာန် ဝိသုဒ္ဓိယာ အစ နိဗ္ဗာနသာ သစ္ဆိကိရိယာယ- အထိ ဗုဒ္ဓအာမခံချက်အကျိုး ၇ ချက်တို့ ပေါ်ထွက်နိုင်သော ပရိယတ္တိပညာ ပဋိဝေဓ ပညာ၊ ပဋိပတ်ပညာ (၃)မျိုး စုံခြုံ၍ ဖွင့်အပ်သည့်(အတ္ထဝဏ္ဏနာ) ခေါ် အနက်ပြန်ဆိုချက် ပုံစံပြ အမြွက်မျှ ဖြစ်လေသည်။

ထိုထက် ကျယ်နိုင်သေးပုံ- ယောဂီ၏ ပါရမီခံနှင့် အသိဉာဏ်ဘက်သဖလောက် ကျယ်ပြန့်စွာ သိမြင်သလောက် ဤဖော်ပြချက်ထက် ကျယ်ပြန့်စွာ အနက်တွေကို ဖော်ထုတ်နိုင်သေးသည်ကို သတိပြုပါလေ။

## ရပ်မှုဣရိယာပုထ်၌ ကြိုတင် သိမှတ်ဖွယ်များ

ရပ်နေခိုက်၌ ရပ်မှုကိစ္စကို သိမြင်ကြရာမှာ-

၁။ တရား အားမထုတ်သူတို့၏ သိမြင်ကြပုံကတမျိုး

၂။ တရား အားထုတ်ခါစ သူတို့၏ သိမြင်ကြပုံကတမျိုး၊

၃။ တရားမှန်မြင်ခါစ သူတို့၏ သိမြင်ကြပုံကတမျိုး။
၄။ တရားမှန်ကို ဆက်၍ တိုးတက်သိမြင်လာသူတို့၏ သိမြင်လာကြပုံက တမျိုး အားဖြင့် (၄)မျိုးခန့် ရှိနေပြန်သည်။ ၎င်း ၄ မျိုးတို့ အနက်

၁။ တရား အားမသုတ်သူ၏ သိမြင်ကြပုံမှာ- အများစုတို့ မြင်ရိုးမြင်စဉ် အတိုင်း၊ ပုဂ္ဂိုလ် သတ္တဝါအနေ၊ ယောကျ်ားမိန်းမအနေ၊ အကောင်ထည် သဏ္ဌာန်ကြီး အနေဖြင့် မှတ်မိတ်ကြီး ထောင်နေ ရပ်နေတာကို သိမြင်နေမှု မျိုးကို ဆိုသည်။

၂။ တရားအားထုတ်ခါစ သူတို့၏ သိမြင်ကြပုံမှာ- သတိသိ သမာဓိသိ တို့ပင် ဝင်လာမှု မရှိသေးခင်၊ မျှော်ပိုင်းတွင် နံပါတ် ၁ တရားအားမထုတ် သူတို့ သိမြင်မှုမျိုးသာ များသေး၍၊ အကြမ်းစား တရားသိ အခုနမျှသာ တခါတခါမှာ သိသာနိုင်သေးသည်။ ဉာဏ်နှင့်တိ- သိအစစ်မျိုးသို့ မရောက် နိုင်ပေ။

၃။ တရားမှန် မြင်ခါစသူတို့၏ သိမြင်ကြပုံမှာ- အများစုတို့ မြင်ရိုးမြင်စဉ် တွေကို ခဏမျှ ခဏမျှ ကျော်လွန်သွားပြီး၊ အကာယ်ရှိနေသည့် ရုပ်မှုကြိယာနှင့် အခြင်းအရာများကို ခဏမျှ ခဏမျှ ကြားညှပ်သိ သိလာချက်ကိုဆိုသည်။ ဝါ- ဇာနာတိ သိမျိုးကို ကျော်လွန်ပြီး၊ ပဇာနတိ သိမျိုး ခဏမျှ ခဏမျှ ဝင်လာချက်ကို ဆိုသည်။

၄။ တရားမှန်ကိုဆက်၍ တိုးတက် သိမြင်လာသူတို့၏ သိမြင်လာပုံမျိုးမှာ ပဇာနာတိ သိမျိုးတွေ ဉာဏ်စဉ်မှန်အတိုင်း ဆက်၍သိမြင်လာချက်ကိုဆိုသည်။ ၎င်းကို အောက်၌ အကျယ် ဖော်ပြလတ္တံ့။

## အရှုခံ အာရုံကို ကြိုတင်သိရှိဖွယ်

ရပ်မှု၊ ထိုင်မှု၊ လျှောင်းမှု ၄ ခုဘိုသည် အမြင်အားဖြင့် ငြိမ်နေသည်ဟု ထင်ရ၍ အသွင်အားဖြင့် ပတ်မဇံကြီး ငုတ်တုတ်ကြီးနှင့် ခန့်ခန့်ကြီး အနေကို ရပ်နေတယ်၊ ထိုင်နေတယ်၊ အိပ်နေတယ်ဟု ခေါ်တွင်နေကြသည်။

ယင်းမျက်မြင်အသွင်တို့ အတိုင်း ရှုပွားလျှင် ဝါ- ၎င်း အသွင် တို့ကို ကမ္မဋ္ဌာန်းလုပ်ငန်းအာရုံ အရှုခံအဖြစ်ထားလျှင် မှားတော့သည်။ အမှန်ကို သိလိုလျှင် အောက်၌ တွေ့ရှိမည်။

"ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ တထာ တထာ နံ ပဇာနတိ"

ဂုဏ်းပါဠိတော်မှ (ပဏိဘိဓာဘ) အရကို အရှုခံ အဖြစ်ထားရပေမည်၊ ယင်းပဏိဟိတောကို ဌပိတော ဟု ဖွင့်ပြသဖြင့် ထားမှု ကိန်းမှု ကိရိယာ ကိုသာ အရှုခံ အာရုံအဖြစ် ထားပေမည်။

ထိုပါဠိတော်အရ ရပ်မှု၊ ထိုင်မှုနှင့် လျောင်းမှုတို့အတွက် အရှုခံအာရုံကား အတွင်းမှ ထားပေးမှု ထိန်းပေးမှု ထောက်ပေးမှု ပင့်မပေးမှုတို့ အထဲမှ ထင်ရှားရာ တခုခုကို အရှုခံအာရုံအဖြစ် စတင်၍ ရှုပွားရမည်ကို သတိအထူး ပြုပါလေ။

## အဋ္ဌကထာ ဖော်ပြချက်

"ဌာန နိသဇ္ဇ သယနာကာရေန ဌိတံ သယာနနာတိ ပဇာနာတိ"
ဟု ဖွင့်ပြချက်မှ (ဌိတံ) အရပင် ဖြစ်သည်။

ဤနေရာ၌ 'ဌိတံ'အရ၊ ရပ်မှုကိုပြသော ဌိတံမျိုးမဟုတ်ပါ။ အဟုတ်မှာ အထက် ပဏိဟိတော-ဌပိတော အရနှင့် ထပ်တူကို ညွှန်ပြသဖြင့် ယင်း ဌိတံ၏ အရသည်၊ အများမြင်ခေါ် အရုပ်မြင်ဖြစ်သော၊ မတ်မတ်ကြီး ငုတ်တုတ် ကြီး၊ တုံးလုံးကြီး၊ ဝါ- လဲ့ရက်ကြီးတွေ ဆက်ပြီး တည်ရှိနေနိုင်အောင် အထဲမှ ထားမှု၊ ထိန်းမှု သဘောကိစ္စကိုသာ ညွှန်ပြခြင်း ဖြစ်သည်။

ဤနေရာ၌ မျက်မြင်ကိစ္စနှင့် ရှုပွားမှု ကိစ္စ ၂ မျိုးရှိရာ၊ အရချင်း မတူ ကြပေ။ မျက်မြင်ကိစ္စက ပကတိစ္စ၊ ရှုပွားမှုကိစ္စက တကိစ္စဟု ၂ ကိစ္စ ခြားနား နေပေသည်။ ခြားနားနေပုံကား၊ မတ်မတ်ကြီး၊ ငုတ်တုတ်ကြီးနှင့် တုံးလုံး လဲ့ရက်ကြီး က မျက်မြင်ကိစ္စ ဖြစ်သည်။ ရှုပွားမှု ကိစ္စမျိုး မဟုတ်ပေ။ ယင်း မတ်မတ်ကြီးနှင့် တုံးလုံးလဲ့ရက်ကြီး အဖြစ်ဖြင့် စက္ကန့်တွေ၊ မိနစ်တွေ များစွာဆက်၍ တည်ရှိနေနိုင်အောင် အတွင်းမှ (ထားမှု၊ ထိန်းမှု) တို့က ရှုပွားမှု ကိစ္စမျိုး ဖြစ်သည်။

ထိုအရ၊ ရပ် ထိုင် အိပ် လျောင်း ဟူသော ဣရိယာပုထ် သုံးမျိုးတို့ကို ရှုပွားရာ၌၊ ပဇာနာတိ သိမှုမျိုးအတွက် အရှုခံအာရုံမှာ မတ်မတ်ကြီး၊ ငုတ်တုတ်ကြီးနှင့်၊ တုံးလုံး လဲ့ရက်ကြီးတွေ မဟုတ်ပဲ ယင်းအခြင်းအရာမျိုးဖြင့် တည်နေနိုင်အောင် (အတွင်းမှ) ထားမှု၊ ပေးမှု၊ ထိန်းမှု၊ ထိန်းပေးမှုခေါ် (ကြိယာမျှကိုသာ) ရှုပွားရန် ဖြစ်သည်။ အကောင်အထည်ကြီးကို ရှုပွားရန် မဟုတ်ပဲ သဘောပေါက်ရန် ဖြစ်သည်။

## ပုံစံများ

### ၁။ တရားအားမထုတ်သူတို့ သိမြင်ပုံ

သတ္တော ဒိဿတေ ဝါ ဒိဿတေမိတိ ဇာနာတိ

သတ္တော- သတ္တ စာရင်းဝင် ဟူသမျှသည်၊ ဝါ- ဣရိယာပုထ် ၄ မျိုးလုံး ရရှိနိုင်သော သတ္တဝါဟူသမျှသည်၊ ဒိဿတေဝါ- မတ်မတ်ထောင်လျက် ရပ်လျက် ရှိစဉ်မှာလည်း၊ ဒိဿတေမိတိ- မတ်မတ်ကြီး၊ ထောင်ရပ်လျက်ကြီး၊ ရှိနေသည်၊ လုပ်နေသည်ဟူ၍၊ ဇာနာတိ- အများသိရိုး သိစဉ်အတိုင်း အကောင်သဏ္ဌာန်ကြီး ရပ်နေသည်ကို သိနေ၏။

### ၂။ တရားအားထုတ်ခါစ သူတို့သိမြင်ပုံ

သတ္တော ဒိဿတေဝါ ဒိဿတေမိတိ ဇာနာတိ

သတ္တော၊ သတ္တစာရင်းဝင်ဟူသမျှသည်။ ဝါ၊ ဣရိယာပုထ် ၄ ပါးလုံးကို ရရှိနိုင်သော သတ္တဝါဟူသမျှသည်။ ဒိဿတေဝါ၊ မတ်မတ်ထောင်လျက် ရှိစဉ်မှာလည်း။ ဒိဿတေမိတိ·ဇာနာတိ၊ မတ်မတ်ထောင်လျက်ရှိနေသည်ကို အများအားဖြင့် သိနေ၍ ပရမတ် ဒိဿတ အရကို တခါတရံမှသာ သိလိုက် သိသိုက် ပေ၏။

### ၃။ တရားမှန်မြင်ခါစသူတို့ သိမြင်ပုံ

သတ္တော ဒိဿတေဝါ ဒိဿတေမိတိ ဇာနာတိ ပဇာနာတိ၊

သတ္တော။ သတ္တစာရင်းမှ လွတ်လိုသော်သူသည်။ ဒိဿတေဝါ၊ ရပ်နေစဉ်မှာလည်း။ ဝါ၊ ရပ်နေစဉ်မှာပင်၊ ဒိဿတေမိတိ ဇာနာတိ၊ အကောင်အထည်ကြီး ထောင်ထားသည်ဟု မျှပိုင်းမှာ သိနေသေး၏။ ပဇာနာတိ၊ နောက်ပိုင်းမှာ ရပ်မှုဖြစ်နေအောင်နှင့် ဆက်၍တည်နေနိုင်အောင် အတွင်းမှ ထားပေးရ၊ ထိန်းပေးရ ကိစ္စရှိကို ခဏမျှ ခဏမျှ သိမြင် သိမြင် လာ၏။

### ၄။ တရားမှန်ကို ဆက်၍ တိုးတက်သိမြင်လာသူတို့၏ သိမြင်ပုံ

#### ရပ်ပုဒ်၌ ပဇာနာတိ အကြမ်းစားသိမြင်ပုံ

ဘိက္ခု ဒိဿတေဝါ ဒိဿတေမိတိ ပဇာနာတိ

ဘိက္ခု၊ ယောဂီပုဂ္ဂိုလ်သည်။ ဝါ၊ ရှုကွက်မှန်နှင့် အရှုခံအရုံမှန်ကို ရှု တတ်၍ ရှုပွားနိုင်လာ၍ ဝိပဿနာသဘောကို ကျော်လွန်လျက် ကောယနမဏ်

သတိသိနှင့် သမ္ပဇညသိနယ်သို့ ကူးတက်လာနိုင်သော ယောဂီဟူသည်။ ဝါ၊ ယောဂီစာရင်းဝင် တစ်ဦးဦးသည်။

၎င်းတာဝါ၊ ရုပ်လျက်ရှိစဉ်မှာလည်း။ ဝါ၊ ရင်လျက်ရှိနိုင်အောင်အတွင်းမှ ထားပေးထိန်းပေးမှုကိုပြုလျက် ပြုလျက်ရှိနေစဉ်မှာလည်း။ ၎င်းတ မှိတိ၊ အတွင်း၊မှထားပေးနေရ၊ ထိန်းပေးနေရပါတကားဟူ၍။ ပဇာနာတိ၊ ဖြစ်ရပ် ဖြစ်စဉ်မှန်ကို သိ သိလာ၏။

## ပဇာနာတိ အသိတွေတိုးလာပုံ

ဝါ ၎င်းတ မှိဘိ ပဇာနာတိ၊ ရပ်မှုခါ တည်ထားမှု ကြိယာတစ် ကျ မသွား ပြောင်းမသွား ပျက်မသွားအောင် အတွင်းမှ တပ်ခါထင်ဝါ ထား ပေး ထိန်းပေးထောက်ပေးနေမှုတွေကို ပြုနေဆောင်ရွက်နေသည်ဟူ၍ သိသိ လာနေ၏။

## ပညတ်အမြင်တွယ်လာပုံ

ဝါ– ၎င်းဟာမှိဘိ ပဇာနာတိ၊ ရပ်အရမှာ ယခင်သိနေကြ ပုဂ္ဂိုလ်ရပ် သတ္တဝါကိုယ် ကောင်ကြီးရပ်နေရာမှာ ထိန်းကြိယာ၊ ထားကြိယာ၊ ထောက် ကြိယာတွေသာ ပေါင်းနေ ဆောင်ရွက်နေသည်ကိုသာသိ သိလာနေ၏။ ဝါ၊ အကောင်ကြီးတွေသာ ရပ်နေသည်၊ လူကြီးရပ်နေသည်၊ ရဟန်းကြီးရပ်နေ သည်၊ ငါရပ်နေသည်ဟူသော ယခင် ဇာနာတိ သိမျိုးနေရာမှာ ထိန်းပေး နေရမှု၊ ထားပေးနေရမှု၊ ထောက်ပေးနေရမှု၊ ထောင့်ပေးနေရမှု ဟူသော ကြိယာနှင့် အခြင်းအရာတွေကိုသာ သိလာ တွေ့လာနေတော့၏။

## ရူပပရိစ္ဆေဒဉာဏ် သိဝင်လာပုံ

ဝါ- ၎င်းတာမှိဘိ ပဇာနာတိ၊ ရပ်အရ ပညတ်အသိ အမြင်မှ ခြားနား သဲကွဲပြီး၊ အကာယ်ရှိ ပရမတ်၊ အသိအမြင်ကို သိမြင်၍လာနေ၏၊ ဝါ၊ ပုဂ္ဂိုလ် သတ္တဝါ၊ ရဟန်း ရှင် လူ ငါကောင်ကြီးအမြင်ရပ်နေ၊ တည်နေသည်ဟူသော ပညတ်တွေကိုသာ ရပ်နေတယ်ဟုခေါ်နေတာပါတကားဟူ၍ ပရမတ္ထသဘာဝ တကယ်အရှိကိုလာ ပညတ်အသိ၊ အမြင်မှ ခြားနားသဲကွဲကား သိ၍သိ၍လာ နေ၏။ ဝါ၊ ရပ်မှုအရ ယခင်ပညတ်သိနှင့် မရောနှောတော့ပဲ တကယ်ရှိ ပရမတ္ထ သဘာဝထားမှု၊ ထိန်းမှု၊ ထောင့်မှုဟူသော ကြိယာနှင့် အခြင်းအရာ ကိုသာ သဲကွဲခြားနားစွာ သိမြင် သိမြင်၍လာနေ၏။

## (၁) ရုပနာမပရိစ္ဆေဒဉာဏ်ဝင်လာပုံ

ဌိတော မှိတိ ပဇာနာတိ၊ ရပ်တယ်ဟူသည်၊ ထားမှုနှင့် သိမှု၊ ထိန်းမှုနှင့် သိမှု၊ တောင့်မှုနှင့် သိမှုတို့ကိုသာ အလုပ်လုပ်နေကြသလို တွေ့သိ၍လာနေ၏။ ဝါ၊ ထားမှုက တလုပ်၊ သိမှုက တလုပ်၊ ထိန်းမှုက တလုပ်၊ သိမှုက တလုပ်၊ တောင့်မှုက တလုပ်၊ သိမှုက တလုပ် အနေနှင့်သာ သိမြင် သိမြင်လာနေတော့၏။ ဝါ၊ ယခင် ဇာနာသိဖြင့် သိချိန်တွင် သိမြင်နေခဲ့သော ရပ်နေ ရှင် လူပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် သဏ္ဌာန်၏ နေရာမှာ ထားမှု ထိန်းမှုနှင့် တောင့်မှု ကိစ္စတို့ကို တွေ့နေ၍ ငါ၏နေရာမှာ သိမှုကိစ္စကိုသာ သဲကွဲပြားနားစွာ သိမြင် သိမြင်၍ လာနေ၏။

## (၂) ပစ္စယပရိဂ္ဂဟဉာဏ် သိဝင်လာပုံ

ဌိတောမှိတိ ပဇာနာတိ၊ ရပ်တယ်ဟူသည် အထဲက ထားပေး၊ ထိန်းပေးမှုတို့က အရင်ပေါ်လာပြီးမှ အပြင်ကပါ ဆက်၍ ထားပေး၊ ထိန်းပေးမှုတို့ကို ပြုနေပါတကားဟူ၍ ရှေ့ကိစ္စကိုပါ ရှေ့၍ သိသိလာတော့၏။ ဝါ၊ အထဲက အရင်ထားလိုက်၊ အပြင်က ထပ်၍ထားလိုက်၊ အထဲက အရင်ထိန်းလိုက်၊ အပြင်က ထပ်၍ထိန်းလိုက်ခြင်းဖြင့် အတွင်းနှင့်အပြင်တို့ ပူးတွဲပူးတွဲပြီး ဆောင်ရွက်နေချက်ကို ရပ်နေတယ်ဟု ခေါ်ပါတကားဟူ၍ ရပ်ကိစ္စ၏ အကြောင်းနှင့်အကျိုးကိုပါ သိသိလာတော့၏။ ဝါ၊ မူလကထားမြဲအတိုင်း ရပ်ကိစ္စ ဆက်၍တည်နေနိုင်အောင် အတွင်းက ထားလိုမှု၊ ထားစေမှုကြောင့် နောက်မှထားမှုပြုရပုံကိုလည်းကောင်း၊ အတွင်းက ထိန်းလိုမှု၊ ထိန်းစေမှုကြောင့် နောက်မှ ထိန်းမှုပြုရပုံကိုလည်းကောင်း အကြောင်းအဆင့်ဆင့် အကျိုးအဆင့်ဆင့်ကိုပါ ဆက်စပ်နေပုံတွေကို သိသိလာနေ၏။

## (၃) သမ္မသနဉာဏ်သိဝင်လာပုံ

ဌိတောမှိတိ-ရပ်နေသည်ဟူသည် ရပ်မှုပြုနိုင် ရှိနေနိုင်အောင် အတွက် အောက်ဘက်မှ အမာခံလဲ ရှိဦးမှ၊ အတွင်းဘက်မှ တောင့်ရမှု၊ ဖိရမှု၊ ထားရမှု၊ ထိန်းရမှု စသည်တို့လဲ ရှိဦးမှ ရပ်တည်မှု ရပ်နေမှုပြုနိုင် ရှိနိုင်ပါတကားဟူ၍။ ပဇာနာတိ-အတွင်းကိစ္စနှင့် အပြင်ကိစ္စတို့ကိုပါ သိ၍ သိ၍လာတော့၏၊ ဝါ-ရပ်နေသည်ဟူဆိုစေကာ ယင်းရပ်နေမှု၊ ရပ်တည်မှုကိစ္စ တာအောင့်တနား ရပ်တည်နိုင်ရေးအတွက် အပြင်မှလည်း သပ္ပာယခေါ် လျော်ကန်မှု၊ အဆင်ပြေမှုတို့နှင့် သာတ္ထကခေါ် လိုရာကိစ္စ ပြီးစေနိုင်မှုတို့ကိုလည်း ရှိဦးမှ၊ အတွင်းဘက်ကလည်း ဖလိုက်သင့်ထားပေးမှု၊ ထိန်းပေးမှု၊ တောင့်ပေးမှု၊ ဖိပေးမှု

အားစိုက်ပေးမှု၊ ကူညီပေးမှုဟူသော အထောက်အပံ့တွေ။ ဝါ-စာဝေါ သဟဇာတ၊ အညမညနိဿယ၊ ဥပနိဿယ၊ အာသေဝန၊ အတ္ထိ၊ အဝိဂတ စသောအကြောင်း အထောက်အပံ့တွေ အဆင့်ဆင့်အလီလီ ပြုလုပ်ပေးမှ ရပ်တည်မှု ရှိနိုင်ပါတကားဟူ၍။ ပဇာနာတိ-အဆင့်ဆင့်အလီလီ ပြုလုပ်ပေးမှ ရပ်တည်မှု ရှိနိုင်ပါတကားဟူ၍။ ပဇာနာတိ-ဖော်ပြပါကိစ္စအဖုံဖုံကိုပါ သိမြင် သိမြင်လာတော့၏။ ဝါ-တခဏ ရပ်တည်နိုင်ရေးအတွက် တွင်း ပြင် ၂ ဘက်တို့က ဆောင်ရွက်ရပုံ အဖုံဖုံတို့ကို အသေးစိတ်အနေ သိမြင် သိမြင်လာတော့၏။

ဝါ-ဌိတောဘာ မှိဘိ ပဇာနာတိ-ရပ်မှုကိစ္စကို သိ၏ဟုဆိုစေကာ ရပ်မှုပြုနေရာမှာ ရပ်မှုဘက်ချထဲမဟုတ်ပဲ အောက်ဘက်မှလည်း အခံခံရမှု၊ အပေါ်နှင့် အတွင်းဘက်တို့မှလည်း ဖိရမှု၊ ဆောက်ရမှု၊ ကန့်ပေးရမှု၊ ထောင့်ပေးရမှု၊ ထိန်းပေးရမှု၊ ချိန်ဆရမှု၊ အားစိုက်ရမှု၊ တည်ထားပေးရမှုစသော ကာဝန်ကိစ္စမျိုးစုံတွေ ပူတွဲပါဝင်ပြီးမှ ရပ်တည်နေမှုဘခုအဖြစ် ရှိရပုံကို အကြောင်းအကျိုး အဖုံဖုံတွေ အဆင့်ဆင့်အလီလီတွေပါ ခံယူဆောင်ရွက်၍ နေရပါတကားဟူ၍ တာဝန်အရပ်ရပ်တွေကိုပါ သတိသမ္ပဇဉ်တို့ အလာကောင်းလာလေ တွင်း ပြင် ကိစ္စအဝတွေကို အဘက်ပါတို့ထက် ပို၍ ပို၍ သိ သိလာတော့၏၊ ဝါ-တခဏဘာရပ်မှုအတွင် မှာပင် အထက်ပါ ကိစ္စအဝတွေပါ ခံယူဆောင်ရွက်နေရပုံကို သိမြင်လာသဖြင့် သတိပညာအမြင် ကျယ်လာလေ တာဝန်အရပ်ရပ် ထမ်းဆောင်ရမှုတွေ များလာလေဖြစ်လာ၍ ယင်းပြုရ ထမ်းဆောင်ရမှုတွေသည် ဒုက္ခလုပ်ငန်းတွေပါတကားဟူ၍ ရပ်မှု၊ ထိန်းမှု၊ ကိစ္စစုတွေကို ဒုက္ခစုတွေအနေဖြင့် သိမြင် သိမြင်လာတော့၏။

## (၄) ဥဒယဗ္ဗယဉာဏ်သိဝင်လာပုံ

ဌိတော မှိဘိ ပဇာနာတိ-ဘခဏရပ်နေမှုအတွက် တွင်းနှင့် ပြင်တို့မှ ဖိရ၊ ဆောက်ရ၊ ကန့်ရ၊ ဘောင့်ပေးရ၊ ထိန်းပေးရစသော ကိစ္စစုတွေသည် အပေါင်းလိုက်၊ အခဲလိုက်အနေ မဟုတ်တော့ပဲ ရေထဲ ဟုံးတိုးသွားရသလို တလှပ်လှပ်နဲ့ အသစ်အသစ်အနေ ထင်ထင်မြင်မြင်လာနေ၏။

ဝါ-တသား၊ တထိန်း၊ တထောင့်၊ တဖိနေရာမှာ ထားမှုအထပ်ထပ်၊ ထိန်းမှုအထပ်ထပ်၊ ထောင့်မှုအထပ်ထပ်နှင့် ဖိမှုအထပ်ထပ်တွေပါတကားဟု ထားမှုအသစ်သစ်၊ ထိန်းမှုအသစ်သစ်၊ ဘောင့်မှုအသစ်သစ်နှင့် ဖိမှုအသစ်သစ်တွေအနေကို သိမြင် သိမြင်၍လာနေ၏။

ဝါ-ထားမှုအထပ်ထပ်နှင့် သိမှုအထပ်ထပ်၊ ထိန်းမှုအထပ်ထပ်နှင့် သိမှုအထပ်ထပ်၊ တောင့်မှုအထပ်ထပ်နှင့် သိမှုအထပ်ထပ်၊ ဖိမှုအထပ်ထပ်နှင့် သိမှုအထပ်ထပ်တွေအနေကိုပါ သိမြင် သိမြင်လာနေ၏။ ဝါ-ထားမှု၊ ထိန်းမှု၊ တောင့်မှု၊ ဖိမှုမှာပင် အစထား၊ အဆုံးထား၊ အစထိန်း၊ အဆုံးထိန်း၊ အစတောင့်၊ အဆုံးတောင့်၊ အစဖိ၊ အဆုံးဖိအနေကိုပါ သိမြင် သိမြင်လာပြန်၏။ ဝါ အစထားနှင့် အစသိ၊ အဆုံးထားနှင့် အဆုံးသိ၊ အစထိန်းနှင့် အစသိ၊ အဆုံးထိန်းနှင့် အဆုံးသိ၊ အစတောင့်နှင့် အစသိ၊ အဆုံးတောင့်နှင့် အဆုံးသိ၊ အစဖိနှင့် အစသိ၊ အဆုံးထားနှင့် အဆုံးသိ အနေကိုပါ သိမြင် သိမြင်လာနေ၏။ ဝါ-အစထား၊ အလယ်ထား၊ အဆုံးထားဟူ၍လည်းကောင်း၊ အစထိန်း၊ အလယ်ထိန်း၊ အဆုံးထိန်းဟူ၍လည်းကောင်း၊ အစတောင့်၊ အလယ်တောင့်၊ အဆုံးတောင့်ဟူ၍လည်းကောင်း၊ အစဖိ အလယ်ဖိ အဆုံးဖိဟူ၍လည်းကောင်း သိမှုတွေ ပိုမိုလာတော့၏။

ဝါ-အစထားမှာလဲသိလိုက်၊ အလယ်ထားမှာလဲသိလိုက်၊ အဆုံးထားမှာလဲသိလိုက်၊ အစထိန်းမှာလဲသိလိုက်၊ အလယ်ထိန်းမှာလဲသိလိုက်၊ အဆုံးထိန်းမှာလဲသိလိုက်၊ အစတောင့်မှာလဲသိလိုက်၊ အလယ်တောင့်မှာလဲသိလိုက်၊ အဆုံးတောင့်မှာလဲသိလိုက်၊ အစဖိမှာလဲသိလိုက်၊ အလယ်ဖိမှာလဲသိလိုက်၊ အဆုံးဖိမှာလဲသိလိုက်တာ ပြုပြုသမျှ၊ တွေ့သမျှ၊ သိသမျှတို့မှာ ငြိတိုက် တဆက်ထဲအနေ မဟုတ်တော့ပဲ အခက် အခက်ကလေးတွေအနေ အသစ်အသစ်တွေသာ ဝ လှစ် လှစ်နဲ့ ရှိနေသလိုသိ၍ သိ၍လာနေ၏။

ဝါ-ပြုသမျှ၊ တွေ့သမျှ၊ သိသမျှတို့မှာ ပေါ်လိုက် ပျောက်လိုက် တွေ့လိုက် ပျောက်လိုက်အနေ။ ဝါ-သိလိုက် ပျောက်လိုက်အနေသာ ရှိလာ သိလာနေတော့၏။

## (၅) ဘင်္ဂဉာဏ်သိဝင်လာပုံ

ဗြဲတောမှိတိ ပစ္စနာတိ-အဝိဇ္ဇာကွာ၍ သတိနှင့် သမ္ပဇဉ်တို့ ပို၍ ပို၍ အားကောင်းလာချက်ကြောင့် ရပ်မှုအတွက် ထားရ ထိန်းရ တောင့်ရ ဖိရ ဟူသမျှတို့သည် ပေါ်လိုက် ပျောက်လိုက် ၂ မျိုး မထင်တော့ပဲ အပျောက်တဘက်သတ် အပျက်ဘဘက်သတ်အနေသာ ထင်လာ မြင်လာနေတော့၏။ ဝါ-ရပ်တည်မှုအတွက် အတွင်းနှင့် အပြင်တို့မှ တားရ၊ ထိန်းရ၊ တောင့်ရ၊ ဖိရနှင့် အလိုပေါ်ရ ပေးရ စသော ပြုပြုသမျှကိစ္စအငဝတို့မှာ အသစ်နှင့် အဟောင်း ၂ မျိုးအနေ မထင်တော့ပဲ သဲပုံ ဖွဲပုံကို ထိ၍ တိုးမိ၍ အဖျက်၊ အပြိုတမျိုးထဲသာ တွေ့နေရတော့သလို၊ အသစ်သက်သက် ပျက်နေပြိုနေတဲ့

အနေကိုသာ တဘက်သတ် သိမြင်နေတော့၏။ ဝါ-ဖြစ်ပေါ်မှု တည်နေမှုဟူ၍ မတွေ့ရတော့ပဲ တွေ့သမျှ သိသမျှတို့မှာ ပျက်နေ ပြိုနေတွေကိုသာ အထပ်ထပ် တွေ့သိနေတော့၏ ဝါ-ကုန်နေ၊ ပျက်နေ၊ ပြိုနေ ချုပ်ကွယ်သွားနေဟူသော ၄ မျိုးထဲမှ တမျိုးမျိုးကိုသာ ထင်ရှား မြင်နေလေတော့၏။

အညွှန်း

ဤဘင်္ဂဉာဏ်သိမှုစ၍ အနုလောမဉာဏ်သိအထိတို့မှာ ကုန်၊ ပျက်၊ ပြို၊ ချုပ် ဟူသော ၄ မျိုးထဲမှ ဘဝါရမိခံအလိုက် တမျိုးမျိုးကိုသာ သင်္ခါရရုပ်နာမ် ဟူသမျှ၏အပေါ်မှာ သိမြင်နေတော့၏။ အစဦးဉာဏ်မှ ဥဒယဗ္ဗယဉာဏ်သိ ရှေ့ပိုင်းအသိဘိုလို ကွဲပြားခြားနားခြင်း မရှိတော့ပေ။ အပျက်အာရုံချည်း တူနေလေပြီ၊

ထို့ကြောင့် ဘင်္ဂဉာဏ်မှ၍ အနုလောမဉာဏ်သိ သွား၊ ရပ်၊ ထိုင်၊ လျောင်း ဟူသော ဣရိယာပုဒ် လေးမျိုးလုံးပင် ကုန်မှု၊ ပျက်မှု၊ ပြိုမှု၊ ချုပ်သွားမှုသာ ထင်လာတော့၏။ သီးခြား မထင်နိုင်တော့၍ ယင်းဉာဏ် (၈) ခုအပေါ်၌ ထင်ပုံ သိပုံချင်း တူနေတော့ရကား သီးခြားအနက်ထပ်၍ မဖော်ထုတ်တော့ပြီ။ ရှေ့သွားမှု ပြထားချက်အတိုင်း နံပါတ်(၆) မှ (၁၂) အထိ ဉာဏ်မြင်ပုံ ဝါ-ပစ္စနာတိ သိမြင်ပုံတို့ကို အသားတူဟု သိပါလေ။ သဘောပေါက်သွား ပါလိမ့်မည်။

ကျန်နံပါတ် (၁၃) မှ (၁၅) အထိ ၃ ဉာဏ်တို့အတွက် သိမြင်ပုံတို့မှာ လည်း သင်္ခါရမှထွက်သော သိမှုမျိုးဖြစ်၍ သွား၊ ရပ်၊ ထိုင်၊ လျောင်း အနေသာကွဲသော်လည်း ယင်းသင်္ခါရနယ်မှလွတ်ပြီး အသင်္ခါရ၊ အသင်္ခတ သဘာဝကိုသိမြင်ရာမှာ တူသွားကြလေပြီ။ နံပါတ်(၁၆)သည် ၎င်းပြီးတို့ကို ပြန်၍ ဆင်ခြင်ရာမှာ ထပ်တူအနေသာ အဖြစ်များ၍ ယင်းနံပါတ် (၁၃) မှ (၁၆)ထိ အနက်ပေးမှုကိုလည်း ထပ်၍ မရေးတော့ပြီ၊ ရှေ့ "သွား" မှုတွင် ပြခဲ့ပြီးအတိုင်း မှီ၍ မှတ်ယူပါလော့။ နောက်လာမည့် ထိုင်မှုနှင့် လျောင်းမှု (၂)ခုအတွက်မှာလည်း ဘင်္ဂဉာဏ်အထိသာပြ၍ ဘယဉာဏ်မှစ၍ အသားတူ ညွှန်းသွားလိမ့်မည်။

ဤတွင် ရပ်မှုကိစ္စအတွက် အနက်ပြဆိုပုံ တခန်းရပ်ပြီ။

## ထိုင်မှု ဣရိယာပုထ်၌
## ကြိုတင်သိမှတ်ဖွယ်

ထိုင်နေခိုက်၌ ထိုင်မှုကိစ္စကို သိမြင်ကြရမှာလည်း–

၁။ တရားအားမထုတ်သူတို့၏ သိမြင်ပုံ

၂။ တရားအားထုတ်ခါစသူတို့၏ သိမြင်ပုံ

၃။ တရားမှန်မြင်ခါစသူတို့၏ သိမြင်ပုံ

၄။ တရားမှန်ကို ဆက်၍ တိုးတက်သိမြင်လာသူတို့၌ သိမြင်လာကြပုံဟု (၄)မျိုး ရှိနေပြန်သည်။

၁။ တရားအားမထုတ်သူတို့၏ သိမြင်ပုံမှာ အများစုတို့ ဖြစ်ရိုးဖြစ်စဉ် အတိုင်း ပုဂ္ဂိုလ်သတ္တဝါ ထိုင်တဲ့အနေ၊ ယောကျ်ား၊ မိန်းမထိုင်တဲ့အနေ၊ အထည်သဏ္ဍာန်ကြီး ထိုင်တဲ့အနေ၊ ငုတ်တုတ်ကြီးထိုင်တဲ့အနေကိုသာ သိမြင် နေမှုမျိုးကို ဆိုသည်။

၂။ တရားအားထုတ်ခါစသူတို့၏ သိမြင်ပုံမှာ သတိသိ၊ သမာဓိသိတို့ ဝင်လာမှုရှိသော်လည်း ရှေ့ပိုင်းမှာ နံပါတ် ၁၊ တရားအားမထုတ်သူတို့၏ သိမြင် မှုမျိုးသာ များသော်၍ တခါတခါမှာ အကြမ်းစား တရားသိအနေမျှသာ သိသာနိုင်သေးသည်။ ပစ္စက္ခသတိ အစစ်သိအနေသို့ မရောက်နိုင်သေးပေ၊

၃။ တရားမှန်မြင်ခါစသူတို့၏ သိမြင်ပုံမှာ အများစုတို့ ဖြစ်ရိုဖြစ်စဉ် တွေကို ဦးစွာ မြင်နေရာမှ ယင်းပိုလ္လသ သိမြင်မှုတကို ဥဿုမျ ဥဏှမျ ကျော်လွန်၍ သိ သိလာချက်ကို ဆိုသည်။ ဝါ-ပစ္စက္ခသတိ သိမှုကို ကျော် လွန်ပြီး ပစ္စက္ခသတိသိမျိုး ဥဿုမျ ဥဏှမျ ဝင်လာချက်မျိုးကို ဆိုသည်။

၄။ တရားမှန်ကို ဆက်၍ တိုးတက် သိမြင်လာသူတို့၏ သိမြင်လာပုံမျိုးမှာ ပစ္စက္ခသတိ သိမျိုးတွေ ဉာဏ်စဉ်မှန်အတိုင်း ဆက်၍ သိမြင်လာချက်ကို ဆိုလိုသည်၊ ၎င်းကို အောက်၌ အကျယ်ဖော်ပြသွားလတ္တံ့။

## ဖာဂုဏ်အာရုံကို ကြိုတင်သိရှိဖွယ်

အထက်ဝပ်ပုဒ်တွင် ရှင်းပြခဲ့ပြီးအတိုင်း ထိုင်မှုအရ အများမြင်၊ အရပ်မြင် ငုတ်တုတ်ကြီး တပိုင်းခွေ တပိုင်းထောင်ထားချက်ကြီးကို ခေါ်ကြ၊ သိမှတ် ထားကြသည်။ ၎င်းငုတ်တုတ်ကြီး၊ တပိုင်းခွေ၊ တပိုင်းထောင်ထားချက်ကြီးကို

ကား ကမ္မဋ္ဌာန်းလုပ်ငန်းအတွက် အရှုခံအာရုံအဖြစ်ထားရန် မဟုတ်ပေ။ ထားလျှင် မှားပေသည်။

ကမ္မဋ္ဌာန်းလုပ်ငန်းအတွက် ရှုပွားရန် အရှုခံအာရုံမှာ (ပဏ္ဏတ်သဘောနှင့် ဒွိတ်)အရ အရပ်ဝါ ငုတ်တုတ်ကြီးအနေ တည်နေအောင် အတွင်းမှ စိတ္တဇ ဝါယောဓာတ်အဖြစ် ထားပေးရ၊ ထိန်းပေးရ၊ ယောက်ပေးရသော (ကြိယာ) သည်သာ အရှုခံအာရုံဖြစ်ပေသည်။ "တထာ တထာနံ ပဇာနာတိ" ဟုဘုရားရှင်ကလည်း ကြိယာကိုပင် ဟောညွှန်ထားလေသည်။ ဤပြင် (နိသိန္နောမှီတိ)ဟုလည်း (အာကာရမှုကို) ရှုပွားရန် ဗုဒ္ဓက ဟောညွှန်ပြထားပေသည်။

## ၁။ တရားအားမထုတ်သူတို့သိမြင်ပုံ

သတ္တော နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ

သတ္တော-သတ္တဝါရှင် ဟူသမျှသည်။ ဝါ-ထိုင်မှုပြုနိုင်သော သတ္တဝါသည်။ နိသိန္နော ဝါ-ထိုင်နေစဉ်မှာလည်း၊ ဝါ-ငုတ်တုတ်ကြီး လုပ်နေစဉ်မှာလည်း။ နိသိန္နောမှီတိ ထိုင်နေသည်ဟူ၍၊ ဝါ-ငုတ်တုတ်ကြီးလုပ်နေသည်ဟူ၍။ ပဇာနာတိ-သတ္တဝါများတို့ သိရိုးသိစဉ်အတိုင်း သိ၏။ ဝါ-အကောင်ထောင်ကြီး ထိုင်နေသည့်အနေဖြင့် သိ၏။

## ၂။ တရားအားထုတ်ခါစသူတို့သိမြင်ပုံ

သတ္တော နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ

သတ္တော-သတ္တဝါတရားဝင်အထင် ရှိနေသေးသူသည်၊ နိသိန္နော ဝါ-ထိုင်နေစဉ်မှာလည်း။ နိသိန္နောမှီတိ-ထိုင်၊ အမာခံ၊ ပညတ်နှင့် ပတ်သည်နိုင်သေး၍ ငုတ်တုတ်ကြီးလုပ်နေ၊ တပိုင်းစီ ထိုင်ထောင်ကြီးလုပ်နေသည်ဟူ၍ပင်။ ပဇာနာတိ-ရှေ့ပိုင်းမှာ အထက်နံပါတ် (၁) နှင့် အလားတူ သိရိုးသိစဉ်အတိုင်း သိနေကျအတိုင်း သိမြင်နေသေး၏။

## ၃။ တရားပွန်ပြင်ခါစသူတို့၏သိမြင်ပုံ

သတ္တော-သတ္တစာရင်းမှ လွတ်ကင်းလိုသောသူသည်။ နိသိန္နော ဝါ-ထိုင်နေစဉ်မှာလည်း။ နိသိန္နောမှီတိ-ထိုင်နေတယ်ဟူ၍၊ ဝါ-အကောင်အထည်ကြီး ငုတ်တုတ်ကြီးထိုင်နေတယ်ဟူ၍။ ပဇာနာတိ-ရှေ့ပိုင်းတွင် သိနေကြသည့်အတိုင်း သိနေသေး၏။ ပဇာနာတိ-အမှန်ကို ရှေ့ သိမြင်လာ၏၊ ဝါ-နောက်ပိုင်းတွင် ထိုင်နေတယ်ဟူသည် မူလထားရှိချက်၊ ပျက်၊ မပြောင်းသွားရအောင် အတွင်းမှ ထားပေး၊ ထိန်းပေး၊ ယောက်ပေးနေပါတကားဟု သိစ သိပြုလာ၏။

## ၄။ တရားမှန်ကို ဆက်၍ တိုးတက် သိမြင်လာသူတို့၏ သိမြင်ပုံ ထိုင်မှု၌ ပဇာနာတိအကြမ်းစား သိမြင်လာချက်

ဘိက္ခု နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ

ဘိက္ခု-ယောဂီဟန်းသည် ရှုကွက်မှန်နှင့် အရှုခံအာရုံမှန်ကို ရှုတတ် ရှုနိုင်လာ၍ ဝိပလ္လာသအသိတွေကို ကျော်လွန်လျက် ကာယာနုမဂ်သတိသိနှင့် သမ္ပဇညသိနယ်ကို ကူးသက်လာနိုင်သော ယောဂီဟန်းသည်။ ဝါ-ယောဂီဝါရင်းဝင်တဦးဦးသည်။

နိသိန္နော ဝါ-ထိုင်မှုပြုနေစဉ်မှာလည်း။ ဝါ-ထိုင်မှု တည်နေနိုင်အောင် အတွင်းမှ စိတ္တဇ ဝါယောကြိုက္ခာ ထားပေး၊ ထိန်းပေး၊ ထောက်ပေးမှုကိုပြုလျက် နေစဉ်မှာလည်း။ နိသိန္နောမှိ-ထိုင်ခေါ် ရုပ်တည်ဟူသည် အတွင်းမှ အကြိမ်ကြိမ် ထားပေးရ၊ ထိန်းပေးရ၊ ထောက်ပေးနေရမှုကို ပြုနေရပါတကာ ဟူ၍၊ ဝါ-ယင်းသို့ ပြုနေချက်ကို ထိုင်နေတယ်ဟူ၍၊ ပဇာနာတိ-ဖြစ်ရပ်ဖြစ်စဉ် မှန်ကို သိ၍သိ၍သာ၏။

### ပဇာနာတိအသိတွေကိုးလာပုံ

ဝါ-နိသိန္နောမှိတိ ပဇာနာတိ-ထိုင်မှုဟူသည် တည်ထားမှုကြီးတခု ကျမသွား၊ ပြောင်းမသွား၊ ပျက်မသွားရအောင် အတွင်းမှ အကြိမ်များစွာ ထားပေး၊ ထိန်းပေး၊ ထောက်ပေးနေရမှုတွေကို ပြုနေ ဆောင်ရွက်နေတာပါတကားဟူ၍ အမှန်တွေကို သိ သိလာနေ၏၊

### ပညာတ်အပြင်ကွယ်လာပုံ

ဝါ-နိသိန္နောမှိတိ ပဇာနာတိ-ထိုင်အရမှာ ယခင်သိနေကြ ပုဂ္ဂိုလ်ထိုင်၊ သတ္တဝါထိုင်၊ ကိုယ်ကောင်ကြီးထိုင်တယ်ဟု သိမှတ်ထားသောနေရာမှာ တည်ထားမှု မပျက်သွားရအောင်၊ ထိန်းကြိုယာ၊ ထားကြိုယာ၊ ထောက်ကြိုယာ တွေသာ ပေါ်နေ ဆောင်ရွက်နေသည်ကိုသာ သိ သိလာခနေ၏။ ဝါ ပုဂ္ဂိုလ်ကြီးထိုင်နေ၊ သတ္တဝါကြီးထိုင်နေ၊ လူကြီးထိုင်နေ၊ ရဟန်းကြီးထိုင်နေ၊ အကောင်ကြီးထိုင်နေ၊ ငါထိုင်နေဟူသော ယခင် ဇာနာတိသိချိုးနေရာမှာ ထားပေးရမှု၊ ထိန်းပေးရမှု၊ ထောက်ပေးရမှု၊ ထောင့်ပေးနေရမှုကြိုယာနှင့် အခြင်းအရာတွေကိုသာ သိလာ တွေ့လာနေတော့၏။

## ရူပပရိစ္ဆေဒဉာဏ် သိဝင်လာပုံ

ဝါ-နိုသိုန္နောမှိတို ပဇာနာတိ-ထိုင်အရ ပညတ်အသိအမြင်မှ ခြားနား သဲကွဲပြီး တကယ်ရှိ ပရမတ်အသိအမြင်ကို သိမြင်၍လာနေ၏။ ဝါ-ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရဟန်း၊ ရှင်-လူ၊ ငါကောင်ကြီးဖြစ်၍ ထိုင်နေ တည်နေသည်ဟူသော ပညတ်အထင်အမြင်မှ လွတ်သွားပြီး ထားမှု၊ တိန်းမှု၊ တောင့်မှုတွေကိုသာ ထိုင်နေတယ်ဟု ခေါ်နေပါတကားဟူ၍ ပရမတ္ထသဘာဝ တကယ်ရှိကိုသာ ပညတ် အသိအမြင်မှ ခြားနားသဲကွဲကာ သိ၍ သိ၍လာနေ၏။ ဝါ-ထိုင်မှုအရ၊ ထားမှု၊ ထိန်းမှု၊ တောင့်မှုတွေကိုသာ ပရမတ္ထသဘာဝ ကြိယာနှင့် အခြင်းအရာရုပ်ကိုသာ ဟာခင်ပညတ်သိနှင့် သဲကွဲ ခြားနားစွာ သိမြင် သိမြင်၍ လာနေ၏။

## (၁) ရူပနာမ ပရိစ္ဆေဒဉာဏ်သိဝင်လာပုံ

နိုသိန္နောမှိဘိ ပဇာနာတိ-ထိုင်အရကို အတွင်းမှ ထားမှုနှင့် သိမှု၊ ထိန်းမှုနှင့် သိမှု၊ တောင့်မှုနှင့်သိမှုတို့ကိုသာ အလုပ်လုပ်နေကြသလို တွေ့သိ၍ လာနေခြင်း၊ ဝါ-ထားမှုက အလုပ်၊ သိမှုကတလုပ်၊ ထိန်းမှုကတလုပ်၊ သိမှုကတလုပ်၊ တောင့်မှုက တလုပ်၊ သိမှုကတလုပ်အားနေ့ကိုသာ သိမြင် သိမြင်၍လာနေသော်၏။ ဝါ-ယခင်က ဇာနာဘ်ဖြင့် သိချိန်တွင် သိမြင်နေခဲ့သော ရဟန်း၊ ရှင်၊ လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်၊ သတ္တဝါနဲ့ငါနေရာမှာ ထားမှု၊ ထိန်းမှု၊ တောင့်မှုကိစ္စကိုသာ တွေ့နေရ၍ ငါ၏နေရာမှာ သိမှုကိစ္စလိုသာ သဲကွဲခြားနားစွာ သိမြင် သိမြင်၍ လာနေသော်၏။

## (၂) ပစ္စယပရိဂ္ဂဟဉာဏ် သိဝင်လာပုံ

နိုသိန္နောမှိဘိ ပဇာနာတိ၊ ထိုင်တယ်ဟူသည် အထဲမှသေးပေး၊ တိန်းပေး တောင့်ပေးမှုတို့က အရင်ပေါ်လာပြီးမှ အပြင်ကပေါ် ဆက်၍ထားပေး၊ ထိန်းပေး တောင့်ပေးမှုကို ပြုနေပါတကားဟူ၍ ရှေ့ကိစ္စရုပ်ပေါ် ၍ သိ သိလာတော့၏။ ဝါ၊ အထဲက အရင်ထားလိုက်၊ အပြင်ကယပ်၍ထားလိုက်၊ အထဲက အရင်ထိန်းလိုက်၊ အပြင်က ထပ်၍ထိန်လိုက်၊ အထဲက အရင်တောင့်ပေးလိုက် အပြင်က ထပ်၍တောင့်ပေးလိုက်ဖြင့် အထဲနှင့် အပြင်တို့ ပူးတွဲပူးတွဲပြီး ဆောင်ရွက်နေချက်ကို ထိုင်နေတယ်ဟု ခေါ်ပါတကားဟူ၍ ထိုင်ကိစ္စ၏ အကြောင်းနှင့်အကျိုးကိုပေါ် သိသိလာတော့၏။ ဝါ၊ မူလထားမြဲအတိုင်း ထိုင်ကိစ္စ ဆက်၍တည်နေနိုင်အောင် အတွင်းက ထားလိုမှု၊ ထားစေမှုကြောင့် နောက်မှထားမှု ပြုရပုံကိုလည်းကောင်း၊ အတွင်းမှ ထိန်းလိုမှု၊ ထိန်းစေမှုကြောင့် နောက်မှထိန်းမှု ပြုရပုံကိုလည်းကောင်း၊ အတွင်းက တောင့်လိုမှု

တောင့်ဧမှုကြောင့် နောက်မှ တောင့်ပေးမှု ပြုရပုံတို့ကို လည်းကောင်း အကြောင်းအဆင့်ဆင့်နှင့် အကျိုးအဆင့်ကိုပါ ဆက်စပ်နေပုံတွေ သိသိလာ နေပါ။

## (၃) သမ္ပဇဉ်ဉာဏ်သိပင်လာပုံ

နိသိန္နောမှိတိ၊ ထိုင်နေသည်ဟူသည်၊ ယင်း ထိုင်မှုပြုနေနိုင်၊ ရှိနေနိုင် အောင် အောက်မှ အမာခံသည်း ရှိဦးမှု၊ အတွင်းဘက်မှလည်း ထားပေးမှု၊ ထိန်းပေးမှု၊ တောင့်ပေးမှု စသည်တို့လည်း ရှိဦးမှ၊ ထိုင်နေမှု၊ ထိုင်နိုင်မှု၊ ပြု နိုင်၊ ရှိနိုင်ပါသည်ဟူ၍၊ ပစ္စုပ္ပန်တိ၊ အတွင်းကိစ္စနှင့် အပြင်ကိစ္စတို့ကိုပါ သိ၍သိ၍ လာပေတော့၏။ ဝါ၊ ထိုင်နေသည်ဆိုတော့ ယင်းထိုင်နေမှု၊ ထိုင်နိုင်မှု ကိစ္စ၊ ထိုအကြောင်းတရားများသည် နိုင်ရေးအတွက် မပြင်မှုလည်း မပွါး ခေါ် လျော်ပေါ်မှု အပေါ် ပြုမှုတို့နှင့် ပေါ်ထွက် ခေါ်ထိုကိစ္စ ပြီးစေနိုင် မှုတို့ကိုလည်း ရှိဦးမှု၊ အတွင်းဘက်ကလည်း ခါလိုက်သင့်သလောက်ထားပေးမှု၊ ထိန်း ပေးမှု၊ တောင့်ပေးမှု၊ မိပေးမှု၊ ကူညီပေးမှုဟူသော အထောက်အပံ့တွေ၊ ဝါ၊ စသော ဓါတ်၊ ဓါတုဓာတ်၊ အညာ-ညာ၊ နိဿယ၊ သမ္ပယုတ်၊ စသော သတ္တိဝန္တ သတ္တိ ပတ္ထာန ဓလေ့ အကြောင်းအထောက်အပံ့တွေ အဆင့်ဆင့်ထိလိုပ် ပြုလုပ်ပေးမှ ထိုင်နိုင်မှု ရှိနိုင်ပါသကားဟူ၍ ပစ္စုပ္ပန်၊ ဖြေပြုပါ ကိစ္စ မပုံဖွံ့ဖြိုး သိမြင်၍ ပြု၍ ရှိသည်ကိုပါ၊ ဝါ၊ ထိုသော ထိုင်နိုင်ရေးအတွက် တင်ပြပြ ကတို့က ထောက်ရှုပုံ ပုံဖော်သည် အာသေးပင် အနေ သိ မြင် သိမြင်လာ၍၊ ဝါ၊ နိသိန္နော မှိတိ ပစ္စုပ္ပန်၊ ထိုင်မှုကိစ္စ သိ၏။ ဟု ဆိုရာ၏ ထိုင်မှုပြုနေမှု ကဂိုလ်ထဲမှာ ပါ၊ အောက်ဘက်မှလည်း အမာခံရှိမှု၊ အပေါ်နှင့် အတွင်းဘက်မှလည်း ထားပေးမှု၊ ထိန်းပေးမှု၊ တောင့် ပေးမှု၊ ဖေးမပေးမှု စသော တာဝန်ကိစ္စမျိုးစုံတွေ ပူးတွဲပါဝင်ပြီးမှ ထိုင်နိုင်မှု တခု ဖြစ်ရှိရပုံတို့ကို အကြောင်းအကျိုး ဖွံ့ဖြိုးမှု အဆင်ဆင့်အလိုလိုတွေပါ ခံယူ ဆောင်ရွက် နေရပါသကားဟူ၍ တာဝန်အပြီးချပ်ပြီးပါ လေးနက်စွာ အနေ သိသိလာပေ၏။ ဝါ၊ သတိပဋ္ဌာန်တို့ အားကောင်းလာလေလေ တွင်း-ပြင် ကိစ္စအဝဝတွေကို အကြောင်းပါတိုထက် ပို၍ပို၍ သိသိလာမပေတော့၏။

ဝါ၊ ဤအထိုင်ရမှု အတွင်းမှ ပင် အယက်ပါ ကိစ္စအဝဝတွေပါ ခံယူဆောင်ရွက်နေရပုံကို သိမြင်လာသဖြင့် သတိ၊ ပညာအမြင်ကျယ်လာလေ တာဝန်ဆာထယ်ထပ် ထမ်းဆောင်ရမှုတွေ များလာလေ ဖြစ်လာ၍ ယင်းပြုရ ထမ်းဆောင်ရမှု တွေ များလာလေဖြစ်၍ ယင်းပြုရ ထမ်းဆောင်ရမှုတွေသည် ကွလုပ်ငန်းတွေပါတကား ဟူ၍ ထိုင်မှု၊ ထိန်းမှု ကိစ္စစုတွေကို ဒုက္ခစုတွေ ဖြနေမှုဖြင့် သိမြင်သိမြင်၍ လာတော့၏။

## (၄) ဥဒယဗ္ဗယဉာဏ်သိဝင်လာပုံ

နိဿိုးန္နာမိုဘိ ပဇာနာတိ၊ တခဏတာ ထိုင်နေမှုအတွက် တွင်းနှင့်ပြင်တို့မှ ဖေးမရ၊ ထောက်ရ၊ ကန့်ရ၊ ထိန်းရ၊ တောင့်ရသော ကိစ္စစုတွေသည် အခဲလိုက် အပြုံလိုက်ကြီး အနေမဟုတ်တော့ပဲ ရေကို ဟုတ်နဲ့ မရေးခြစ်ရာ၌ တလှစ်လှစ်ရှိနေသလို အသစ်၊ အသစ်အနေ၊ ထင်ထင်မြင်မြင်လာနေ၏။ ဝါ၊ အထား၊ အထိန်း၊ အတောင့်နေရာမှာ ထားမှုအထပ်ထပ်၊ ထိန်းမှုအထပ်ထပ်၊ တောင့်မှုအထပ်ထပ်တွေပါတကားဟု ထားမှုအသစ်သစ်၊ ထိန်းမှုအထပ်ထပ်၊ တောင့်မှု အထပ်ထပ်တွေပါတကားဟု ထားမှုအသစ်သစ်၊ ထိန်းမှုအသစ်သစ်၊ တောင့်မှု အသစ်သစ်တွေအနေကို သိမြင်သိမြင်၍ လာနေတော့၏။

ဝါ၊ ထားမှုအထပ်ထပ်နှင့် သိမှုအထပ်ထပ်၊ ထိန်းမှုအထပ်ထပ်နှင့် သိမှုအထပ်ထပ်၊ တောင့်တမှုအထပ်ထပ်၊ သိမှုအထပ်ထပ်တို့ အနေကိုပါ သိမြင်သိမြင်၍ လာနေ၏။ ဝါ၊ ထိန်းမှု၊ ထားမှု၊ တောင့်မှုတို့ပင် အစထား၊ အဆုံးထား၊ အစထိန်း၊ အဆုံးထိန်း၊ အစတောင့်၊ အဆုံးတောင့် အနေကိုပါ သိမြင်သိမြင်၍ လာနေ၏။ ဝါ၊ အစထားနှင့် အစထိ၊ အဆုံးထားနှင့် အဆုံးထိ၊ အစထိန်းနှင့် အစထိ၊ အဆုံးထိန်းနှင့် အဆုံးထိ၊ အစတောင့်နှင့် အစထိ၊ အဆုံးတောင့်နှင့် အဆုံးထိ အနေကိုပါ သိမြင်သိမြင်လာနေ၏။

ဝါ၊ အစထား၊ အလယ်ထား၊ အဆုံးထားဟူ၍လည်းကောင်း၊ အစထိန်း၊ အလယ်ထိန်း၊ အဆုံးထိန်းဟူ၍လည်းကောင်း၊ အစတောင့်၊ အလယ်တောင့်၊ အဆုံးတောင့်ဟူ၍လည်းကောင်း၊ သိမှုတွေ ပိုပိုလာတော့၏။ ဝါ၊ အစထားမှာလည်း သိလိုက်၊ အလယ်ထားမှာလည်းသိလိုက်၊ အဆုံးထားမှာလည်း သိလိုက်၊ အဆုံးထိန်းမှာလည်းသိလိုက်၊ အစတောင့်မှာလည်း သိလိုက်၊ အလယ်တောင့်မှာလည်းသိလိုက်၊ အဆုံးတောင့်မှာလည်းသိလိုက်က ပြုသမျှ တွေ့သမျှ၊ သိသမျှတို့မှာ စဉ်ဆိုက်အဆက်ထဲမှ ပြတ်ပြေပဲ အစတ်အစကလေးတွေအနေ၊ အသစ်အသစ်ပေါ်လာ တလှစ်လှစ်နဲ့ ရှိနေသလို သိ၍သိ၍ လာနေတော့၏။ ဝါ၊ ပြုသမျှ၊ တွေ့သမျှ၊ သိသမျှတို့မှာ ပေါ်လိုက်၊ ပျောက်လိုက်၊ တွေ့လိုက်၊ ပျောက်လိုက်၊ သိလိုက်၊ ပျောက်လိုက် အနေသာ ရှိလာ သိလာနေတော့၏။

## (၅) ဘင်္ဂဉာဏ်သိဝင်လာပုံ

နိသိန္နောမှီတိ ပဇာနာတိ၊ အဝိဇ္ဇာကွာ၍ သတိနှင့် သမ္ပဇဉ်တို့ ပိုရှိပို၍ အားကောင်းလာချက်ကြောင့် ထိုင်မှုအတွက် ထားရ၊ ထိန်းရ၊ တောင့်ရ

စသည့်ဟူသမျှတို့သည် ရှေ့ဉာဏ်ကဲ့သို့ ပေါ်လိုက်နှင့် ပျောက်လိုက် ၂ မျိုး မထင်လာတော့ပဲ အပျောက် တဘက်သတ်၊ အပျက် တဘက်သတ်အနေသာ ထင်လာ မြင်လာနေတော့၏။ ဝါ၊ ထိုင်နေမှုအတွက် အတွင်းနှင့်အပြင်တို့မှ ထားရ၊ ထိန်းရ၊ တောင့်ရ၊ အတွင်းမှ လိမ့်ပေါ်ရ၊ ထပေးရ စသော ရုပ်နှင့် နာမ်တို့မှ ပြုပြုသမျှ ကိစ္စအဝဝတို့ မှာ အသစ်နှင့် အဟောင်း ၂ မျိုး အနေ ထင်တော့ပဲ၊ သိပုံ၊ ကိုပုံကို တိမိတိုးမိ၍ အပျက်အပြို တမျိုးထဲကို သာ တွေ့ရတော့သလို အသစ်ဆက်သက် ပျက်နေ၊ ပြိုနေတဲ့ အနေကိုသာ တဘက်သတ် သိမြင်၍ နေတော့၏။ ဝါ၊ ဖြစ်ပေါ်မှု၊ တည်နေမှုဟူ၍ မတွေ့ ရတော့ပဲ တွေ့သမျှ သိသမျှတို့မှာ ပျက်နေ၊ ပြိုနေတာတွေကိုသာ အထပ်ထပ် တွေ့သိနေတော့၏။ ဝါ၊ ကုန်နေ၊ ပျက်နေ၊ ပြိုနေ၊ ချုပ်ကွယ်သွားနေ ဟူသော ၄ မျိုးထဲမှ တမျိုးမျိုးကိုသာ ထင်နေ မြင်နေလေတော့၏။

### အညွှန်း

ကျွန်နိပါတ် (၆) မှ (၂၆) အထိ ဉာဏ်ပေါ်ပုံတို့သည် ပုဂ္ဂလိယာပုထိ အညွှန်းအတိုင်းပင်ဖြစ်၍ ၎င်းကို ပြန်ကြည့်ပါလော့ "ပဓာန" အတွက် အနက်ပေါ်ပုံတို့မှာလည်း အလားတူပင်ဖြစ်၍ ဤတွင် ပေါ်နားထားတော့ သည်။

ဤကား ထိုင်မှုကိစ္စအတွက်
အနက်ပြန်ဆိုပုံ အမြွက်ပြချက်တည်း

### လျောင်းအိပ်မှု ဣရိယာပုထ်၌ ကြိုးစားသိမှတ်ပုံ

လျောင်းအိပ်နေခိုက်၌ လျောင်းအိပ်မှုကိစ္စကို သိမြင်ကြရာမှာလည်း

၁။ တရားအားမထုတ်သူတို့၏ သိမြင်ကြပုံ

၂။ တရားအားထုတ်ခါစသူတို့၏ သိမြင်ကြပုံ

၃။ တရားမှန်မြင်ခါစသူတို့၏ သိမြင်ကြပုံ

၄။ တရားမှန်ကို ဆက်၍ တိုးတက်မြင်လာသူတို့၏ သိမြင်ကြပုံဟု (၄) မျိုးခန့် ရှိနေပြန်သည်။

၁။ တရားအားမထုတ်သူတို့၏ သိမြင်ကြပုံမှာ အများစုတို့ မြင်ရိုးမြင်စဉ် အတိုင်း၊ ပုဂ္ဂိုလ်သတ္တဝါတွေ လျောင်းအိပ်တဲ့အနေ၊ ယောကျ်ား၊ မိန်းမတွေ

လျောင်းအိပ်တဲ့အနေ၊ အထည် သင်္ကန်းကြီးတွေ လျောင်းအိပ်တဲ့အနေ၊ တုံးလုံးကြီး လှဲချထားတဲ့အနေကိုသာ သိမြင်မှုမျိုးကို ဆိုသည်။

၂။ တရားအားထုတ်ခါစ သူတို့ သိမြင်ကြပုံမှာ၊ သတိ၊ သမာဓိ၊ ပညာသတို့နှင့် မယှဉ်တွဲနိုင်သေး၍ ရှေ့ပိုင်းမှာ နံပါတ် ၁။ တရားအားမထုတ်သူတို့၏ သိမြင်မှုမျိုးသာ များသေး၍ တခါတခါလောက်သာ အကြမ်းစား တရားသိအနေမျှ ကိုသာ သိနိုင်သေးသည်၊ ဇာနာတိ- အသိမျိုးမှသာ ရှိသေး၍၊ ပဇာနာတိ- အသိမျိုးသို့ မရောက်နိုင်သေးပေ။

၃။ တရားမှန် မြင်ခါစ သူတို့၏ သိမြင်ကြပုံမှာ. အများစုတို့၏ မြင်ရိုးမြင်စဉ်တွေကို ဦးစွာမြင်နေရာမှ ယင်း ပပလ္လာသ သိမြင်မှုတွေကို ခဏမျှ ခဏမျှ ကျော်လွန်သွားပြီး၊ တကယ်ရှိနေသည့် အိပ်မှုအမှု၊ (ကြိယာနှင့် အခြင်းအရာမျှကို) ခဏမျှ ခဏမျှ ကြားညှပ်၍ သိ၊ သိလာချက်ကိုဆိုသည်။ ဝါ- ဇာနာတိ သိမျိုးကို ကျော်လွန်ပြီး၊ ပဇာနာတိ သိမျိုး ခဏမျှ ခဏမျှ ဝင်လာချက်ကို ဆိုသည်။

၄။ တရားမှန်ကို ဆက်၍ တိုးတက်သိမြင်လာသူတို့၏ သိမြင်လာပုံမျိုးမှာ ပဇာနာတိ သိမှုမျိုးတွေ၊ ဉာဏ်စဉ် အတိုင်း ဆက်၍ သိမြင်လာချက်ကို ဆိုလိုသည်။ ၎င်းကို အောက်၌ အကျယ် ဖော်ပြသွားလတ္တံ့။

## အရှုခံအာရုံကို ကြိုတင် သိထားဖွယ်

အထက်ရပ်မှုဘက် ရှင်းပြခဲ့ပြီးသည့်အတိုင်း၊ လျောင်းအိပ် အရ အများအမြင်၊ အရုပ်အမြင်မှာ- တုံးလုံးကြီး၊ လှဲလျောင်းနေသည်ကို မြင်နေကြသည်။ ၎င်းသည် ကမ္မဋ္ဌာန်း လုပ်ငန်းအတွက် အရှုခံအာရုံ အဖြစ်ထားရန် မဟုတ်ပေ၊ ထားလျှင် မှားသွားပေမည်။

ကမ္မဋ္ဌာန်း လုပ်ငန်းအတွက် အရှုခံအာရုံမှာ- ပဏိဟိတောနှင့် ဌိတံ- အရ ယင်းအရုပ်ခေါ် တုံးလုံးကြီးသည် သေသူတို့မှာသာ အလိုလို ငြိမ်နေ၍၊ မသေသူ ရှင်နေသူတို့မှာ၊ ယင်းတုံးလုံးကြီး ငြိမ်နေအောင် ပြောင်းလဲမသွားရအောင်၊ အတွင်းမှ ထားပေး၊ ထိန်းပေး၊ ချုပ်ကိုင်ပေးနေမှု ရှိနေရာ ယင်းအတွင်းမှ ထားပေး၊ ထိန်းပေး၊ ချုပ်ကိုင်ပေးနေချက် (ကြိယာကိုသာ) ရှုရသည်။ ဝါ- အရှုခံအာရုံ ဖြစ်စေ ထားရသည်။ ထို့ကြောင့် "တထာ တထာ နံ ပဇာနာတိ" ဟူ၍လည်းကောင်း၊ "ယထာပဏိဟိတံ" ဟူ၍လည်းကောင်း၊ (ကြိယာနှင့် အာကာရမှု)ကို ဗုဒ္ဓကိုယ်တိုင်က ဟောညွှန်ထားလေသည်။

## ပုံစံ များ

### ၁။ တရား အားမထုတ်သူတို့ သိမြင်ပုံ

သတ္တော သယာနော ဝါ သယာနောမှီတိ ဇာနာတိ

သတ္တော -သတ္တစာရင်းဝင် ဟူသမျှသည်။ သယာနောဝါ- လျောင်းအိပ်နေစဉ်မှာလည်း၊ သယာနောမှီတိ၊ လျောင်းအိပ်နေသည်ဟူ၍။ ဝါ- တုံးလုံးကြီး၊ စန့်စန့်ကြီး၊ ခွေခွေကြီး၊ ပက်လက်ကြီး၊ မှောက် ရက်ကြီး၊ စောင်းလျက်ကြီး၊ ဒူးတဘက် ထောင်လျက်၊ နှစ်ဘက်လုံး ထောင်လျက်၊ တဘက်ထောင်လျက် တဘက်စင်းလျက်၊ အိပ်နေသည်ဟူ၍၊ဇာနာတိ- အရပ်သိ၊ အများသိ သိရိုး သိစဉ်အတိုင်း သိနေ၏။

### ၂။ တရား အားထုတ်ခါစ သူတို့သိမြင်ပုံ

သတ္တော သယာနော ဝါ သယာနောမှီတိ ဇာနာတိ

သတ္တော- သတ္တဝါစာရင်းဝင် အဆင့်ရှိနေသေးသူသည်၊ သယာနောဝါ- လျောင်းအိပ် နေစဉ်မှာလည်း၊ သယာနောမှီတိ- သတိ၊ သမာဓိ၊ ပညာတို့နှင့် မယှဉ်တွဲနိုင်သေး၍ တုံးလုံးကြီး၊ စန့်စန့်ကြီးစသည် အနေ လုပ်နေသည်ဟူ၍၊ ဇာနာတိ- ရှေ့ပိုင်းမှာ အထက် နံပါတ် (၁) အတိုင်းနှင့် အလားတူ သိနေသေး၏။ ဝါ- ပဇာနာတိ သိ အနေမျိုးမသိနိုင်သေးပေ။

### ၃။ တရားမှန် မြင်ခါစ သူတို့သိမြင်ပုံ

သတ္တော သယာနော ဝါ သယာနောမှီတိ ဇာနာတိ ပဇာနာတိစ၊

သတ္တော- သတ္တ စာရင်းမှ ထွက်လိုသော သူသည်၊ သယာနောဝါ၊ လျောင်း အိပ်နေ စဉ် မှာ လည်း၊ သယာနောမှီတိ- သုံးလုံး၊ စောင်းလျက်၊ ခွေလျက်၊ မှောက်လျက်စသည်ဖြင့်၊ လျောင်းအိပ်နေတယ်ဟူ၍၊ ဇာနာတိ- ရှေ့ပိုင်းမှာ သိရိုး သိစဉ်အတိုင်း သိနေ၏။ ပဇာနာတိစ- အမှန်ကို တခဏမျှ တခဏမျှ သိမြင်လာ၏။ ဝါ- နောက်ပိုင်းမှာ လျောင်းအိပ်နေတယ် ဟူသည်၊ မူလ ထားချက်ရှိ ကိုယ်အခနအထား၊ ပြောင်းမသွား၊ ပျက်မသွားရအောင် အတွင်းမှာ တားပေး၊ ထိန်းပေး၊ ထောက်ပေး နေရပါတကားဟု သိစ သိစ ပြုလာ၏။

## ၄။ တရားမှန်ကိုဆက်၍ တိုးတက်သိမြင်လာသူတို့၏ သိမြင်ပုံ

## အိပ်မှု၌ ပဇာနာတိ အကြမ်းစား သိမြင်ချက်

သယာနော ဝါ သယာနောမှီတိ ပဇာနာတိ

ဘိက္ခု- ယောဂီရဟန်းသည်၊ ဝါ- ရှုကွက်မှန်နှင့် အရှုခံမှန်ကို ရှုဘတ်လာရှုနိုင်လာ၍ ဇာနာတိခေါ် ဝိသေသသတိတွေကို ကျော်လွန်လျက် ကောသနမဂ် အသိနှင့် သမ္မဇဉ် သမ္ပဇညသိ နယ်သို့ ကူးတက်လာနိုင်သော ယောဂီရဟန်းသည်။

သယာနော ဝါ- လျောင်းအိပ်နေစဉ်မှာလည်း၊ ဝါ- လျောင်းအိပ်မှုကိုဆက်၍ တည်နေနိုင်အောင်၊ အတွင်းမှ စိတ္တဇဝေါယော ကိစ္စက တားပေး။ ထိန်းပေး၊ ထောက်ပေးနေမှုကို ပြု ပြု ပေးနေရစဉ်မှာလည်း၊ သယာနောမှီတိ၊ လျောင်းအိပ်နေသည်ဟူသော ရပ်တည်မှုဖြစ် ရှိနေနိုင်ခြင်းသည်၊ အတွင်းမှ အကြိမ်ကြိမ် ထိန်းပေးရ၊ ထောက်ပေးရမှုတွေ ပြုနေပါဟာဖြစ်၍၊ ယင်းသို့ ပြုနေရချက်ကို လျောင်းအိပ်နေတယ်ဟူ၍။ ပဇာနာတိ- ဖြစ်ရပ် ဖြစ်စဉ်မှန်ကို သိ၍ သိ၍ လာ၏။

### ပဇာနာတိ အသိတွေ တိုးလာပုံ

ဝါ- သယာနောမှီတိ ပဇာနာတိ- လျောင်းအိပ်မှုဟူသည် တည်ထားချက်ကြီး တခု ပြောင်းမသွား၊ ပျက်မသွားအောင်၊ အတွင်းမှ အကြိမ်များစွာ တားပေးနေ၊ ထိန်းပေးနေ၊ ထောက်ပေးနေရမှုတွေကို ပြုနေ၊ ဆောင်ရွက်နေတာ ပါဘာသားဟူ၍ အမှန်တွေကို သိ၍ သိ၍ လာ၏။

### ပညတ်အမြင် ကွယ်လာပုံ

ဝါ- သယာနောမှီတိ ပဇာနာတိ- လျောင်းအိပ်အရမှာ၊ ယခင် သိနေကြ ပုဂ္ဂိုလ်အိပ်၊ သတ္တဝါအိပ်၊ ရဟန်းအိပ်၊ ငါအိပ်နေတယ်ဟု သိမှတ်ထားခဲ့သော နေရာမှာ၊ အတွင်းမှ တားမှု၊ ထိန်းမှု၊ ထောက်မမှု၊ ကိစ္စတွေ၊ ဝါ- ကြိယာတွေ ပေါ်နေ၊ ဆောင်ရွက်နေသည်ကိုသာ သိသိလာနေ၏။ ဝါ- ပုဂ္ဂိုလ်ကြီး လျောင်းနေ၊ သတ္တဝါကြီးလျောင်းနေ၊ ကိုယ်ကြီးလျောင်းနေသည်ဟု ယခင် ဇာနာတိ သိ ပျိုးနေရာမှာ တားပေးနေရမှု၊ ထိန်းပေးနေရမှု၊ ထောက်ပေးနေရမှုဟူသော ကြိယာနှင့် အခြင်းအရာတွေကိုသာ သိလာတွေလာ နေတော့၏။

## ရူပပရိစ္ဆေဒဉာဏ် သိဝင်လာပုံ

ဝါ- သယာနေ့ာ ဝါတိ ပဇာနာတိ- အိပ်အရ- ပညတ်အသိ အမြင်မှ ခြားနားသဲကွဲပြီး၊ တကယ်ရှိ ပရမတ်အသိ၊ အမြင်ကို သိမြင်၍ လာနေ၏။ ဝါ- ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရယာန်း၊ ရှင်၊ လူ၊ ငါကောင်ကြီးအဖြစ် အိပ်နေသည်ဟူသော ပညတ် အထင်အမြင်မှ လွတ်သွားပြီး၊ တားမှု၊ တည်မှု၊ ထိန်းမှုတွေကိုသာ အိပ်နေတယ်ဟု ခေါ်နေပါတကားဟူ၍ ပရမတ္ထ သဘာဝ တကယ်ရှိကိုသာ ပညတ်အသိ၊ အမြင်မှခြားနားသဲကွဲကာ၊ သိ၍ သိ၍ လာနေ၏။ ဝါ-အိပ်မှုအရ တကယ်ရှိထားမှု တည်မှု ထိန်းမှု ဟူသော ပရမတ္ထ သဘာဝ ကြိယာနှင့် အခြင်းအရာရုပ်ကိုသာ ယခင်ပညတ်သိနှင့် သဲကွဲ ခြားနားစွာ သိမြင် သိမြင်၍ လာနေ၏။

## (၁) ရူပနာမ ပရိစ္ဆေဒဉာဏ်သိဝင်လာပုံ

သယာနေ့ာဝါတိ ပဇာနာတိ-အိပ်အရကို အတွင်းမှထားမှုနှင့် သိမှု တည်မှုနှင့် သိမှု၊ ထိန်းမှုနှင့် သိမှုကိုသာ အလုပ်လုပ်နေကြသလို တွေ့သိ၍ လာနေ၏၊ ဝါ-ထားမှုကတလုပ်၊ ထိန်းမှုကတလုပ်၊ သိမှုကလုပ်အနေကိုသာ သိမြင် သိမြင်၍ လာနေ၏။ ဝါ-ယခင်ဘာနုပဿနာဖြင့် သိချိန်တွင် သိမြင်နေခဲ့သော ရယာန်း၊ ရှင်၊ လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်သဏ္ဌာန်နေရာမှာ ထားမှု၊ တည်မှု၊ ထိန်းမှုကိစ္စကိုသာ တွေ့နေရ၍ ငါ၏နေရာမှာ သိမှုကိစ္စကိုသာ သဲကွဲ ခြားနားစွာ သိမြင်၍လာနေတော့၏။

## (၂) ပစ္စယပရိဂ္ဂဟဉာဏ် သိဝင်လာပုံ

သယာနေ့ာဝါတိ ပဇာနာတိ အိပ်တယ်ဟူသည် အထဲက ထားပေး၊တည်ပေး၊ ထိန်းပေးမှုတို့က အရင်ပေါ်လာပြီးမှ အပြင်ကပါ ဆက်၍ ထားပေး၊တည်ပေး၊ ထိန်းပေးမှုကို ပြုနေပါတကားဟူ၍ ရှေ့ကိစ္စကိုပါ သိ၍ သိ၍လာတော့၏။ ဝါ-အထဲက အရင်ထားလိုက်၊ အပြင်က ထပ်၍ထားလိုက်၊ အထဲက အရင် တည်လိုက်၊ အပြင်က ထပ်၍တည်လိုက်၊ အထဲက အရင်ထိန်းလိုက်၊ အပြင်က ထပ်၍ ထိန်းလိုက်ပြီး အထဲနှင့်အပြင်တို့ ပူးတွဲ ပူးတွဲပြီး ဆောင်ရွက်နေချက်ကို အိပ်လျောင်းတယ်ဟု ခေါ်ပါတကားဟူ၍ အိပ်ကိစ္စ၏ အကြောင်းနှင့်အကျိုးကိုပါ သိ သိလာတော့၏။ ဝါ-မူလထားမြဲအတိုင်း အိပ်ကိစ္စ ဆက်၍ တည်နေနိုင်အောင် အတွင်းက ထားလိုမှု၊ ထားစေမှုကြောင့် နောက်မှ တည်မှု ပြုရပုံကိုလည်းကောင်း၊ အတွင်းက တည်လိုမှု၊ တည်စေမှုကြောင့် နောက်မှ တည်မှုပြုရပုံကိုလည်းကောင်း၊ အတွင်းမှ ထိန်းလိုမှု၊ထိန်းစေမှုကြောင့် နောက်မှ

ထိန်းရပုံကိုလည်းကောင်း အကြောင်းအဆင့်ဆင့်နှင့် အကျိုးအဆင့်ဆင့်ကိုပါ ဆက်နေပုံတွေ သိ၍ သိ၍လာနေ၏။

## (၃) သမ္ပဇညဉာဏ်သိဝင်လာပုံ

သယာနေမှိဘိ-အိပ်နေတယ်ဟူသည် ယင်းအိပ်မှုပြုနေနိုင်၊ ရှိနေနိုင်အောင် အောက်ဘက်မှ အမှီခံလဲရှိဦးမှ၊ အတွင်းဘက်မှလည်း ထားပေးမှု၊ ထိန်းပေးမှု စသည်တို့လဲရှိဦးမှ၊ အိပ်နေမှု၊ အိပ်နိုင်မှုကို ပြုနိုင်၊ ရှိနိုင်ပါတကားဟူ၍။ ပဇာနာတိ-အတွင်းကိစ္စနှင့် အပြင်ကိစ္စတို့ကိုပါ သိ၍ သိ၍လာတော့၏။ ဝါ-အိပ်နေသည်ဆိုစေကာမူ ယင်းအိပ်နေမှု အိပ်နိုင်မှုကိစ္စ ကောင်းအောင်တနားမျှ တည်နိုင်ရေးအတွက် အပြင်မှုလည်း သပ္ပါယခေါ် လျော်ကန်မှု၊ အသင့်ပြေမှုတို့နှင့် သာ သာတ္ထကခေါ် လိုရာကိစ္စ ပြီးစေနိုင်မှုတို့ကိုလည်း ရရှိဦးမှ၊ အတွင်းဘက်မှလည်း အလိုက်သင့် ထားပေးမှု၊ ထိန်းပေးမှု၊ တည်ပေးမှုစသော အထောက် အပံ့တွေ ဝါ-စာအခေါ် သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ အာ သေဝန၊ အတ္ထိ၊ အဝိဂတ စသောအကြောင်း အထောက်အပံ့တွေ အဆင့်ဆင့် အလိုလို ပြုလုပ်ပေးနိုင်မှ အိပ်နေမှု ရှိနိုင်ပါတကားဟူ၍။ ပဇာနာတိ-ဖော်ပြ ပါကိစ္စအဖုံဖုံကိုပါ သိမြင် သိမြင်လာတော့၏။ ဝါ-တခဏတာ အိပ်နိုင်ရေး အတွက် အတွင်းအပြင် ၂ ဘက်တို့က ဆောင်ရွက်ရပုံအဖုံဖုံတို့ကို အသေးစိတ် အနေ သိမြင် သိမြင်လာတော့၏။

ဝါ-သယာနေမှိဘိ ပဇာနာတိ-အိပ်မှုကိစ္စကို သိ၏ဟုဆိုစေကာမူ အိပ်မှု ပြုနေရာမှာ အိပ်မှုကိစ္စတခုထဲမဟုတ်ပဲ အောက်ဘက်မှလည်း အမှီခံရှိမှ၊ အပေါ် နှင့် အတွင်းဘက်တို့မှာလည်း ထားရမှု၊ ထိန်းရမှုစသော တာဝန်ကိစ္စမျိုးစုံ တွေ ပူးတွဲပါဝင်ပြီးမှ အိပ်နိုင်မှုတခု ဖြစ်ရှိရပုံကို အကြောင်းအကျိုးအဖုံဖုံတွေ အဆင့်ဆင့်အလီလီတွေပါ ခံယူဆောင်ရွက်၍ နေရပါတကားဟူ၍ တာဝန် အရပ်ရပ်တွေကိုပါ အသေးစိတ်အနေ သိ သိလာလေ၏။ ဝါ-သတိနှင့်သမ္ပဇဉ်တို့ အားကောင်းလာလေ တွင်းပြင်ကိစ္စအဝဝတွေကို အထက်ပါတို့ထက် ပို၍ ပို၍ သိ သိလာတော့၏။ ဝါ-တခဏတာ အိပ်ရမှုအတွင်းမှာပင် အထက်ပါကိစ္စအဝဝ တွေပါ ခံယူဆောင်ရွက်နေပုံကိုပါ သိမြင်သောအဖြင့် သတိ ပညာ ပြင်ကျယ် လာလေ တာဝန်အထပ်ထပ် ထမ်းဆောင်ရမှုတွေ များလာလေဖြစ်လာ၍ ယင်း ပြုရ ထမ်းဆောင်ရမှုတွေသည် ဒုက္ခလုပ်ငန်းတွေပါတကားဟူ၍ အိပ်မှု၊ ထိန်း ရမှုကိစ္စစုတွေကို ဒုက္ခစုတွေအနေဖြင့် သိမြင် သိမြင်၍လာတော့၏။

## (၄) ဥဒယဗ္ဗယဉာဏ်သိဝင်လာပုံ

သယာနေ့မှိုတ် ပဇာနာတိ-တခဏအိပ်နေမှုအတွက် တွင်းနှင့် ပြင်တို့မှ ထားရ၊ ထိန်းရ၊ ဖေးမရ စသော ကိစ္စစုတွေသည် အခဲလိုက် အပုံလိုက်ကြီး အနေ မဟုတ်တော့ပဲ ဆီနှင့်ရေ တမျိုးမျိုးကို လက်နဲ့၊ တုတ်နဲ့၊ ခြစ်ရာ၊ မွှေ့ရာ၌ တန့်ရပ်မနေပဲ တလှစ်လှစ်နေသလို အသစ်အသစ်အနေ ထင်ထင် မြင်မြင်လာနေ၏။ ဝါ-တထား၊ တထိန်း၊ တဖေး၊ တမနေရာမှာ ထားမှု အထပ်ထပ်၊ ထိန်းမှုအထပ်ထပ်၊ ဖေးမမှုတွေ အထပ်ထပ်တွေပါတကားဟု ထားမှုအသစ်သစ်၊ ထိန်းမှုအသစ်သစ်၊ ဖေးမမှုအသစ်သစ်တွေအနေကို သိမြင် သိမြင်ရှိလာနေ၏။

ဝါ-ထားမှုအထပ်ထပ်နှင့်၊ သိမှုအထပ်ထပ်၊ ထိန်းမှုအထပ်ထပ်နှင့် သိမှု အထပ်ထပ်၊ ဖေးမမှုအထပ်ထပ်နှင့် သိမှုအထပ်ထပ်တွေအနေကိုပါ သိမြင် သိမြင်ရှိလာနေ၏။ ဝါ-ထားမှု၊ ထိန်းမှု၊ ဖေးမမှုမှာပင် အစထား၊ အဆုံး ထား၊ အစထိန်း၊ အဆုံးထိန်း၊ အစဖေးမ၊ အဆုံးဖေးမအနေကိုပါ သိမြင် သိမြင်ရှိလာနေ၏။ ဝါ-အစထားနှင့် အစသိ၊ အဆုံးထားနှင့် အဆုံးသိ၊ အစ ထိန်းနှင့် အစသိ၊ အဆုံးထိန်းနှင့် အဆုံးသိ၊ အစဖေးမနှင့် အစသိ၊ အဆုံး ဖေးမနှင့် အဆုံးသိကိုပါ သိမြင် သိမြင်ရှိလာနေ၏။

ဝါ-အစထား၊ အလယ်ထား၊ အဆုံးထားဟူ၍လည်းကောင်း၊ အစထိန်း အလယ်ထိန်း အဆုံးထိန်းဟူ၍လည်းကောင်း၊ အစဖေးမ အလယ်ဖေးမ အဆုံး ဖေးမဟူ၍လည်းကောင်း သိမှုတွေ ပိုမိုလာတော့၏။ ဝါ-အစထားမှာလဲ သိလိုက်၊ အလယ်ထားမှာလဲ သိလိုက်၊ အဆုံးထားမှာလဲ သိလိုက်၊ အစထိန်းမှာလဲ သိလိုက်၊ အလယ်ထိန်းမှာလဲ သိလိုက်၊ အဆုံးထိန်းမှာလဲ သိလိုက်၊ အစဖေးမမှာလဲ သိလိုက်၊ အလယ်ဖေးမမှာလဲ သိလိုက်၊ အဆုံးဖေးမမှာလဲ သိလိုက်ကာ ပြုသမျှ၊ တွေ့သမျှ၊ သိသမျှတို့မှာ စဉ်တိုက်တဆက်ထဲ အနေမဟုတ်တော့ပဲ အစက် အစက်ကလေးတွေအနေ အသစ်အသစ်တွေသာ တလှစ်လှစ်နဲ့ရှိနေသလို သိ၍ သိ၍ လာနေတော့၏။ ဝါ-ပြုသမျှ၊ တွေ့သမျှ၊ သိသမျှတို့မှာ ပေါ်လိုက် ပျောက်လိုက် တွေ့လိုက် ပျောက်လိုက်အနေ၊ ဝါ-သိလိုက် ပျောက်လိုက်အနေ သာ ရှိလာ သိလာနေတော့၏။

## (၅) ဘင်္ဂဉာဏ်သိဝင်လာပုံ

သယာနေ့မှိုဟိ ပဇာနာတိ-အဝိဇ္ဇာကွာ၍ သတိနှင့် သမ္ပဇဉ်တို့ ပို၍ပို၍ အားကောင်းလာချက်ကြောင့် အိပ်မှုအတွက် ထားရ၊ ထိန်းရ၊ ဖေးမရ စသည်

ဟူသမျှတို့သည် ရှေ့ညာဏ်ကဲ့သို့ ပေါ်လိုက် ပျောက်လိုက် ၂မျိုးမထင်တော့ပဲ အပျောက်တဘက်သတ်၊ အပျက်တဘက်သတ် အနေသာ ထင်လာ မြင်လာ နေတော့၏။ ဝါ အိပ်နေမှုအတွက် အတွင်းနှင့် အပြင်တို့မှ ထားရ၊ ထိန်းရ၊ ဖေးမရ၊ အတွင်းမှ အလိုတွေ ပေါ်ရ၊ စေပေးရသော ရုပ်နှင့် နာမ်တို့မှ ပြုပြုသမျှကိစ္စအဝဝတို့မှာ အသစ်နှင့်အဟောင်း ၂မျိုးအနေ မထင်တော့ပဲ သေ့ံ စွဲပုံကို ထိမိ၍၊ တိုးမိ၍၊ အပျက်၊ အပြိုအမျိုးထဲသာ တွေ့ရတော့သလို အသစ်သက်သက် ပျက်နေ ပြိုနေတဲ့အနေကိုသာ တဘက်သတ် သိမြင်၍နေ တော့၏။ ဝါ-ဖြစ်ပေါ်မှု၊ တည်နေမှုဟူ၍ မတွေ့ရတော့ပဲ တွေ့သမျှ၊ သိသမျှ တို့မှာ ပျက်နေ ပြိုနေတာတွေကိုသာ အဆပ်ဆပ် တွေ့သိနေတော့၏။ ဝါ- ကုန်နေ၊ ပျက်နေ၊ ပြိုနေ၊ ချုပ်ကွယ် ပျောက်သွားနေဟူသော(၄)မျိုးထဲမှ တမျိုးမျိုးကိုသာ ထင်နေ မြင်နေလာတော့၏။

### အညွှန်း

ကျန်နံပါတ် (၆) မှ (၁၆) အထိ ညာဏ်ပေါ်ပုံတို့မှာ ရုပ်မှု ဣရိယာပုထိ အညွှန်းအတိုင်းပင်ဖြစ်နေ၍ ၎င်းကို ပြန်ကြည့်ပါလေ။ "ပဇာနာတိ" ပုဒ်မှ အနက်ထွက်ပုံဘို့မှာလည်း အသားတူပင်ဖြစ်၍ ထပ်မပြတော့ပဲ ဤဘွင် ရပ်နား တော့သည်။

ဤတွင် ဣရိယာပုထ် (၄)မျိုး အကျယ်အနက်ဖော်ပုံ ပြီး၏။

---

### ဣရိယာပထကာယအတွက် အကျဉ်းရှုနည်းပြ

### ပါဠိတော်

ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ။

### ပုဒ်နက်

ပန-မန္ဒပုဂ္ဂိုလ်ဘို့အတွက် ဣရိယာပထရှုပွားနည်းကို ဟောညွှန်ပြီး၍ တိက္ခ ပုဂ္ဂိုလ်ဘို့အတွက် ဣရိယာပထရှုပွားနည်းကို ဟောညွှန်ပြဦးအံ့ (ပက္ခန္တရတ္ထ)။

တနည်း- ပန-ညာဏ်အားနည်းသူ အများစုသိနိုင်စေရန် ဣရိယာပထ အကျယ်ရှုနည်းကို ပြညွှန်ပြီး၍ ညာဏ်သက်သူအနည်းစုတို့သိနိုင်စေရန်၊ ဣရိယာ ပထ အကျဉ်းရှုနည်းကို ညွှန်းပြဦးအံ့ (သခ်ပတ္ထ)။

တနည်း- ပန-ဣရိယာပထကိစ္စကို သွား၊ ရပ်၊ ထိုင်၊ လျောင်း ဟု အစီအစဉ်အနေဖြင့် ခွဲခြား၍ အထူးဖော်ထုတ်ကာ ဟောညွှန်ပြီးရှိ၍ ယောဂီဖြစ်သောသူ ဘယ်ဣရိယာပုထ်ကမဆို စတင်၍ ရှုပွားနိုင်ကြောင်းပြသော၊ ဝါ-ရှုလိုသောဣရိယာပုထ်ကမဆို စတင်၍ ရှုပွားနိုင်ကြောင်းပြသော ဝါ-ရှုလိုသော ဣရိယာပုထ်ကစ၍ ရှုပွားနိုင်ကြောင်းပြသော သာမညဒေသနာ အညွှန်းကို ဟောညွှန်ပြီးအံ့ (သာမညတ္တ)။

အဿ-ဣရိယာပုထ်အနေဖြင့် ရှုပွားရန် သတိပြုနေသော ထိုရဟန်း၏။ ကာယော-ခန္ဓာကိုယ်သည်၊ ဝါ-ခန္ဓာကိုယ်ကို၊ ယထာယထာ ဝါ သွား၊ ရပ်၊ ထိုင်၊ လျောင်း အနေအထားအမျိုးမျိုးဖြင့်လည်း၊ ပဏိဟိတော ဟောတိ-ထားအပ်၏။ ဝါ-တည်ရှိသည်။ ဟောတိ ဖြစ်၏၊ ဝါ-ပဏိဟိတော ဟောတိ-ထားအပ်၏၊ တည်ရှိ၏။ နံ-ထိုခန္ဓာကိုယ်ကို။ တထာတထာ ဝါ-ထိုမှုသထားရှိသော ဣရိယာပုထ် အနေအထားရှိသလို။ ပဇာနာတိ-အနေအထားကိုပဲ လိုက်၍သိမြင်ရ၏။

## အလုပ်နက်

အဿ-ဣရိယာပထကာယကို ရှုပွားနေသော ထိုယောဂီရဟန်း၏၊ ဝါ-ဣရိယာပထကာယအနေဖြင့် ရှုပွားရန်သတိပြုနေသော ထိုယောဂီရဟန်း၏၊ ကာယော-ခန္ဓာကိုယ်ခေါ် ရုပ်ကလာပ်စုကို၊ ယထာ ယထာ ဝါ ပဏိဟိတော ဟောတိ-သွား၊ ရပ်၊ ထိုင်၊ လျောင်း ခေါ် ဣရိယာပုထ်(၄)မျိုးထဲမှ ယောဂီရဟန်း၏ဆန္ဒရှိရာ တမျိုးမျိုးသော ဣရိယာပုထ်ဖြင့်၊ ဝါ-တမျိုးမျိုးသော အနေအထားမျိုးဖြင့် တည်ထား၏။

နံ-ထိုအနေအထားတမျိုးမျိုးဖြင့် တည်ထားခံရာ ရုပ်ကလာပ်စုကို၊ တထာ တထာ ဝါ ပဇာနာတိ-ထိုထိုတည်ထားသော အခြင်းအရာအားဖြင့်။ ဝါ-အတိုင်းသတိသမ္ပဇဉ်တို့ဖြင့် လိုက်၍လိုက်၍ သိမြင်၏။ ဝါ-တည်ထားခံရာ ရုပ်ကလာပ်စုကိုသိရာမှ ရုပ်အစုကို တိုက်ရိုက်သိရန်မဟုတ်ပဲ၊ ရုပ်အစုမှာ တည်ထားသောအခြင်းအရာကိစ္စကိုသာ၊ ဝါ အာကာရကိုသာ သတိသမ္ပဇဉ်တို့ဖြင့် လိုက်၍လိုက်၍ သိမြင်ရ၏။

## ယထာ ယထာ ပါဠိတော်ရှင်းချက်

အထက်ပါဗုဒ္ဓဟောပါဠိတော်၌ "ပဇာနာတိ" အရသည် လိုရင်းဖြစ်သည်။ ထို့ကြောင့် ယင်းပဇာနာတိ-အရကို ဘာကိုသိရန်၊ ဘယ်လိုသိရန် ဟူသော အချက်ကို စိစစ်ဖို့လိုပေသည်။ သို့ဖြစ်၍ ယင်း ပါဠိတော်ကို ရှင်းဆုတ်လိုက်သော်—

၁။ ပဇာနာတိ-အရက လိုရင်းပုဒ်ဖြစ်သည်။

၂။ ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ-ပုဒ်စုသည် နောက်ရှိ၊ တထာ တထာ နံ- အတွက် ရှေးပြုအနိယတပိုင်းသာ ဖြစ်သည်။

၃။ နောက်သာ-တထာ တထာ နံ ကား ဧကယ်သိရှိရန် နိယတပိုင်း ဖြစ်သည်။

ထိုအရ ရှေးပြုအနိယတပိုင်းပုဒ်စုသည် နောက်လာ နိယတပိုင်း ပုဒ်စုထဲ ဝင်သွားပြန်သဖြင့် ယင်း အနိယတနှင့် နိယတ ၂ ပိုင်းလုံးသည် ပဇာနာတိ၏ အသိခံ ဝါ- အရှုခံ အာရုံသာဖြစ်တော့သည်။

## ဆိုလိုချက်

ယောဂီဒ္ဓ တရားရှုပွားနေစဉ် ပဇာနာတိအနေဖြင့်သိရန်မှာ ဤခန္ဓာကိုယ်ကို ဉာဏ်အနေဖြင့်သိမြင်ရာ၌ ကိုယ်ကောင်ကြီးအနေဖြင့် သိရှိရန်မဟုတ်ပဲ ဝါ- မဟောကြားပဲ၊ ယင်းကိုယ်ကောင်ကြီးမှာ တည်ရှိနေသော ဣရိယာပထ ရုပ်သဘာဝခေါ် သွားမှုသဘော၊ ရပ်မှုသဘော၊ ထိုင်မှုသဘောနှင့် လျောင်း အိပ်မှုသဘော (၄)မျိုးတို့မှ ပေါ်နေခိုက်၊ ကြုံနေခိုက်၊ သဘောတခုခုကို ဝါ-အခြင်းအရာတခုခုကို (အနေအထားတခုခုအနေဖြင့်) ဝါ-အခြင်းအရာ တခုခုအနေဖြင့် ရှုပွားရန် ဆိုလိုသည်။ ဝါ- ရုပ်လုံ ဒြပ်ကြီးကိုမရှုနှင့်၊ အခြင်း အရာ တခုခုကိုသာ ရှုပါဟု ဆိုလိုသည်။

ထို့ကြောင့် "နံ ပဇာနာတိ" ဟု မဟောကြားပဲ "နံ တထာ တထာ ပဇာနာတိ" ဟုသာ (တထာ တထာကို) အမိကထား၍ ဟောကြားသွား လေသည်။

## အခြားပုံစံမျှား

၁။ လာသတ္တ-ဓာတုမနသိကာရပဗ္ဗ၌ "ဣမမေဝ ကာယံ...ဓာတုသော ပစ္စဝေက္ခတိ"ဟု ဟောထားခဲ့ပြန်သည်၊ အဓိပ္ပာယ်မှာ— ဤကိုယ်ဒြပ်ကြီးကို ရှုသွားဟု မဟောညွှန်ပဲ "ဤကိုယ်ကြီးကို ဓာတုသော ပစ္စဝေက္ခတိ ဓာတ် အနေဖြင့်ရှု၊ ဝါ-ဓာတ်သဘောအနေဖြင့်ရှု" ဟု ဟောထားသည်။ ထိုအရ ကိုယ်ဒြပ်ကြီးကို တိုက်ရိုက်ရှုသွားလျှင် ဝိပဿနာလမ်း မဂ်လမ်းဘက်အရောက် တော့ပဲ (သမထလမ်းဘက်) ရောက်သွားဟု တသစ်ချမှတ်ရာ၏။

## ပုံစံ

ပုံစံအားဖြင့် ပဋိကူလမနသိကာရပဗ္ဗကိုကြည့်လျှင် ဆံပင် အရိုး စသည်ကို ဆံပင်အတိုင်း၊ အရိုးအတိုင်း ရှုသည်ကို သတိပြုရာ၏။

၂။ ထိုပြင် လာလတ္တံ့ သမ္မဇညပဗ္ဗ၌လည်း "သံဃာဋိ ပတ္တ စီဝရ ဓာရဏေ သမ္ပဇာနကာရီ ဟောတိ" ဟု ဟောထားပြန်သည်။

အဝိပ္ပာယ်မှာ ဒုကုဋ်-သပိတ်-သင်္ကန်းတို့ကို ရှုပွားရာ၌ သပိတ်ဒြပ်နှင့် သင်္ကန်းဒြပ်တို့ကို တိုက်ရိုက်ရှုပွာလျှင် (ဘသိုဏ်းသဖွယ်) ဖြစ်နေ၍ သမထ ရှုနည်းဖြစ်သွားမည်။ ထို့ကြောင့် ရုပ်ဒြပ်ကြီးကို တိုက်ရိုက်မရှုရပဲ (ဓာရဏေ)ဟု ညွှန်ပြထားသဖြင့် သပိတ်ဒြပ်ကြီးကို "ရွေ့မှု-ရွေ့မှု-သယ်ဆောင်မှု"ဟူသော ကြိယာနှင့် အာကာရကိုသာ ရှုရန် ဟောညွှန်ထားသည်။ နှင်ထပ်သင်္ကန်းနှင့် တထပ်သင်္ကန်းတို့ကိုလည်း ဒြပ်ကို တိုက်ရိုက်မရှုပွားစေပဲ ရွေ့မှု-ရွေ့မှု-သယ်ဆောင်မှုဟူသော (ဓာရဏ) ကြိယာနှင့် အာကာရ၊ ဝါ-အခြင်းအရာ တို့ကိုသာ ရှုပွားစေရပုံကို သဘောသက်ရန်တချက်။

ဤကား ရုပ်အတွက် ရှုပွားပုံနမူနာတည်း။

## နာမ်အတွက်ရှုပွားပုံပြချက်

၃။ "ဝိတက္ကာဒိနိ ဈာနင်္ဂါနိ တံ သမ္ပယုတ္တာစ ဓမ္မာ လက္ခဏရသာဒိ ဝသေန ပရိဂ္ဂဟောတဗ္ဗာ" ဟု ဝိသုဒ္ဓိမဂ် ဒုတိယတွဲ စာမျက်နှာ-၂၂၂ ဝိသုဒ္ဓိ နိဒ္ဒေသ သမထယာနိကခန်းမှာ လာရှိပေသည်။

အဝိပ္ပာယ်မှာ ပီတိဟ်စသော ဈာန်အင်္ဂါတရားတို့ကိုပဲ ရှုသည်ဖြစ်စေ၊ ယင်းဈာန်တို့နှင့်ယှဉ်ကြသည့် ဈာနသမ္ပယုတ် နာမ်တရားတို့ကိုပဲ ရှုသည်ဖြစ်စေ ယင်းဈာန်အင်္ဂါနှင့် ဈာနသမ္ပယုတ်တရားတို့ကို တိုက်ရိုက်မရှုပွားစေပဲ (လက္ခဏ ရသာဒိဝသေန)အရ လက္ခဏာအနေ ရသအနေဖြင့်သာ ရှုပွားရန် ပြဆိုထား လေသည်။

## ဝိပဿနာရှုရန်အတွက်ညွှန်ပြချက်

ယင်းအချက်စုတို့ကိုထောက်ရှု၍ အထက်ပါ ဣရိယာပထအကျဉ်းရှုပွား နည်းကို ဟောကြားရာမှာလည်း "တထာ တထာ နံ ပဇာနာတိ" အရ ခန္ဓာကိုယ်ဒြပ်ကြီးကို တိုက်ရိုက်ရှုပွားရန် မဟောညွှန်ပဲ "တထာ တထာ" ပုဒ်ဖြင့် အာကာရမျှကိုသာ ရှုပွားရန် ဟောကြားပုံကို သဘောသက်ရာ၏။

ထို့ပြင် ဝိပဿနာသမ်း မဂ်လမ်းတို့အတွက် ရုပ်နှင့် နာမ်တို့ကို သိမြင်ရေး ပြုရာ၌ တိုက်ရိုက် ရုပ်နာမ်ဒြဗ်ကို မြင်ဖို့သိဖို့ဘို့ကို မညွှန်ပြဘဲ ယင်းရုပ်နှင့်နာမ် တို့၏ သဘောကိုသာ မြင်ဖို့သိဖို့ရာကိုသာ ညွှန်ပြကြသည်မှာ-

၁။ နာမရူပါနံ ယာထာဝဒဿနံ ဟူ၍လည်းကောင်း (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုအုပ်နှာ ၂၂၂)

၂။ ယာထာဝသရသတော နာမရူပံ ဝဝတ္ထပေတွာ ဟူ၍လည်းကောင်း (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စာမျက်နှာ ၂၂၈)

၃။ ဝတ္ထုဘူတော သတ္တော နာမ နတ္ထိ၊ ပရမတ္ထတော ပန နာမရူပမတ္တမေဝ အတ္ထိတိ-ဧဝံ ပဿတော ယော ဒဿနံ ယထာဘူတ ဒဿနံ နာမ ဟောတိ ဟူ၍လည်းကောင်း၊ (၎င်း နှာ ၂၂၃)

ထို့ပြင် ၎င်းအဖွင့်မဟာဋီကာ၊ ဒု အုပ်၊ နှာ ၃၅၀ ၌-

၁။ နာမရူပါနံ ယာထာဝဒဿနန္တိ နာမဿ စ ရူပဿ စ ပိဘဇ္ဇ ယထာဘူတသဘာဝဒဿနံ ဟူ၍လည်းကောင်း

ထိုနောက် ၎င်း နှာ ၃၆၂ ၌

၂။ ယာထာဝသရသတောတိ၊ ယထာဘူတသဘာဝတော ဟူ၍လည်းကောင်း၊ ယင်းကဲ့သို့ အဋ္ဌကထာနှင့် ဋီကာဆရာကြီးတို့ကလည်း ဖွင့်ပြထားသဖြင့် "ယထာဘူတ သဘာဝဒဿနံ" အရ တကယ်ရှိ တကယ်ဖြစ်ပေါ်နေသော ပရမတ္ထသဘာဝမှန်ကိုသာ သိမြင်ရန် ဆိုလိုပေသည်။ ပရမတ္ထ၏အရိပ်သဖွယ်ဖြစ်သော အသွင်သဏ္ဌာန်၊ အတုံးအခဲ အကောင်ကြီးကို သိမြင်ရန် မညွှန်ကြားပေ။ ယင်း အသွင်သဏ္ဌာန် အတုံးအခဲ အကောင်ကြီးတွေကိုကား တိရစ္ဆာန်များပင် သိမြင်နေကြ၍ ပဋိပတ်ပညာအရာ၌ အသုံးပြုရန်မဟုတ်ဟု တထစ်ချမှတ်ယူရာ၏။

## ယထာ ယထာ ဝါ ပါဠိတော်နှင့် ပတ်သက်၍
## ဋီကာပြ ဒုတိယနည်း၌ ပြဿနာဝင်မှု ရှင်းပြချက်

ဗုဒ္ဓဟောပါဠိတော်

ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ တထာ တထာ နံ ပဇာနာတိ။

ဤ ဗုဒ္ဓဟော ပဋိပတ်လမ်းပြ ပါဠိတော် အပေါ်၌ ဗုဒ္ဓမတည္ဘုတ္တိရ အဋ္ဌကထာ ဆရာကြီးနှင့် ဋီကာဆရာကြီးတို့လည်း အယူအဆ အသိအမြင် ကွဲပြားမှု မရှိခဲ့ကြပေတကားဟုပင် အဋ္ဌကထာနှင့် ဋီကာဆရာရှင်တို့ ဖွင့်ပြချက်ကို လက်ခံယူလာကြသော ပုဂံခေတ်ကစ၊ မန္တလေးခေတ်အဆုံး နှစ်ပေါင်း (၇၀၀)ကျော်အထိလည်း ပရိယတ် ပဋိပတ်၊ ပညာရှင်တွေမှာ ကွဲပြားမှုမရှိခဲ့ကြ၊ မပေါ်ခဲ့ဖူးကြပေ။ ရန်ကုန်ခေတ် ဒွေ့ပိုင်းနှင့် အလယ်ပိုင်းခေတ်အထိလည်း ကွဲပြားမှု မရှိခဲ့ဖူးကြပေ။

သို့ရာတွင် ၁၃၁၀ ခုနှစ် နောက်ပိုင်းလောက်မှစ၍ ကွဲပြားမှုတကွက် ဝင်လာပုံကို တွေ့ရှိရပေသည်။ ၎င်းကွဲပြားမှုသည် ငြိုပတ်ကိစ္စအတွက် ဖြစ်နေ၍ ပရိယတ်၊ ပဋိပတ်၊ စွယ်စုံပညာရှင်တို့ ဓမ္မတာ၊ သဒ္ဓါ၊ ခန္တီ နှင့် ယောနိသောမနသိကာရကို ရှေ့ကထားပြီး စုပေါင်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရန် သင့်လျော်သော ကိစ္စ ရပ် ဖြစ်နေပေသည်။

ဗုဒ္ဓတပ်ီးတည်းက ဟောဘားချက် ဒေသနာတော်မြတ်ကို တပည့်သာဝကတို့က ကွဲပြားအောင်ပြုသော် မလျော်လှ၍ မကွဲပြားပဲ သဘာဝမှန်ကို ဓမ္မဝိဒ္ဓာန်ကျကျ စိစစ်ပြီး ဓမ္မဝိဒ္ဓာန်ကျကျ ဖော်ထုတ်ပေးလျှင် ဗုဒ္ဓဝါဒီအားလုံး ကွဲပြားမှုမဝင်ပဲ ညီညွတ်စည်းလုံးမှု ရှိသွားမည်ဟု ယူဆမိပေသည်။

ထိုစေတနာနှင့် နှလုံးသွင်းချက်အရ စွယ်စုံပညာရှင်တို့နှင့် စုပေါင်းဆွေးနွေးခွင့် ပရသေးခင်၊ မိမိပညာ့ဦးတည်း ဆောင်ရွက်ရန်ကြုံကြိုက် တိုက်ဆိုင်နေခိုက်တွင် စေတနာကို ပဓာန်မှူးထားပဲ ဓမ္မဝိဒ္ဓာန်ကျကျ စည်းမျဉ်းထားပြီး မိမိအသိမှာတ်ခံ ရှိသမျှနှင့် စိစစ်တင်ပြသွားပါဦးအံ့။

## ယထာ ယထာ ဝါ- စသော ပါဠိတော်ကို

## အဋ္ဌကထာ ဖွင့်ပြချက်

၁။ ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာနံ ပဇာနာတီတိ- သဗ္ဗသင်္ဂါဟိကာ ဝစန မေတံ၊

၂။ ဣဒံ ဝုတ္တံ ဟောတိ၊

၃။ ယေန ယေန ဝါ အာကာရေန တဿ ကာယော ဌိတော ဟောတိ၊ တေန တေန နံ ပဇာနာတိ၊

၄။ ဂမနာကာရေန ဌိတံ ဂစ္ဆာမီတိ ပဇာနာတိ၊

၅။ ဌာန နိသဇ္ဇာ သယနာကာရေန ဌိတံ သယာနောတိ ပဇာနာတီတိ

## နံပါတ်စဉ်အတိုင်း ပြန်မာလိုတင်ပြချက်

နံပါတ် ၁ အဓိပ္ပာယ်-

၁။ ယထာ ယထာ ဝါ အစ- ပဏှာနာတိ အဆုံးရှိသော ဗုဒ္ဓဟော ထို ဒေသနာတော်မြတ်၏ မိန့်ကြားလိုရင်း အဓိပ္ပာယ်မှာ မြှေဦ ခွဲ၍ပြည့်နိုင်ပြီ။

သဗ္ဗ၊ ဣရိယာပုထ် ၄ ပါးလုံးကို။ သင်္ဂါဟိက၊ အပေါင်းလိုက်။ ဝါ၊ တစုတည်းခြုံကာ။ ဝစနံ၊ မိန့်ကြားလိုချက်ဖြစ်သည်။

နံပါတ် ၂ အဓိပ္ပာယ်

၂။ ယခုညွှန်ပြလတ္တံ့သည် ဗုဒ္ဓ၏ မိန့်ကြားလိုရင်းဖြစ်သည်။

နံပါတ် ၃ အဓိပ္ပာယ်

၃။ အာကာရဣရိယာပုထ် ၄ မျိုးမှတပါး အခြားအာကာရကို မဆိုလို ဝါ၊ မယူရ။ ဣရိယာပုထ် ၄ မျိုးစာရင်း၌ ကြုံကြိုက်ရာ အာကာရတမျိုး မျိုးဖြင့်။ ဝါ၊ အနေအထားတမျိုးမျိုးဖြင့် ယောဂီရဟန်း၏ ကိုယ်ကြီးသည်။ ဝါ၊ တကိုယ်လုံးသည် တည်နေ၏။

ယင်းနေဆဲကိုယ်ကြီးကို တည်နေသော အခြင်းအရာအားဖြင့်၊ ဝါ၊ အနေ အထားအားဖြင့် ပညာသိ သိ၏။ (ဤ၌ အာကာရသိကိုသာ ဟောညွှန်လို ရင်းဖြစ်သည်) ကိုယ်ကြီးကို ကိုယ်ကြီးအဖြစ် သိမြင်နေရန် ဘုရားမဟောညွှန် ဟု သတိပြုပါလေ။

နံပါတ် ၄ အဓိပ္ပာယ်

၄။ သွားနေတဲ့ အခြင်းအရာဖြင့် တည်ရှိနေခိုက်ကို သွားနေတဲ့ အခြင်း အရာဟူ၍သာ ပညာသိ သိ၏။ ကိုယ်ကြီးအဖြစ် သိရန်မဟုတ်၊

နံပါတ် ၅ အဓိပ္ပာယ်

၅။ က၊ ရပ်နေတဲ့ အခြင်းအရာဖြင့် တည်နေခိုက်ကိုလည်း ရပ်နေတဲ့ အခြင်းအရာဟူ၍ ပညာသိ သိ၏။ ကိုယ်ကြီး သိရန်မဟုတ်။

ခ။ ထိုင်နေတဲ့ အခြင်းအရာဖြင့် တည်ရှိခိုက်ကိုလည်း ထိုင်နေတဲ့ အခြင်းအရာဟူ၍ပဲ ပညာသိ သိ၏။ ကိုယ်ကြီး သိရန်မဟုတ်။

ဂ။ လျောင်းအိပ်နေတဲ့ အခြင်းအရာဖြင့် တည်ရှိနေခိုက်ကိုလည်း လျောင်းအိပ်နေတဲ့ အခြင်းအရာဟူ၍ပဲ ပညာသိ သိ၏။ ကိုယ်ကြီး သိရန် မဟုတ်။ ဤသို့ ဗုဒ္ဓ ဟောညွှန်လိုသည်။

## ဆိုလိုချက် အဓိပ္ပာယ်ချုပ်ကို ဋီကာပြ ပဌမနည်းရှင်းချက်

၁။ သမ္ဗသင်္ဂါဟိက ဝဏ္ဏနတ္တိ သမ္ဗေသမ္ပိ စတုန္နံ ဣရိယာပထာနံ ဗေါဓ္ဈ သင်္ဂဟန ဝဏ္ဏနံ။

၂။ ပုဗ္ဗေ ဝိသုံ ဝိသုံ ဣရိယာပထာနံ ဝုတ္တတ္တာ ဣဒံ နေသံ ဧကဇ္ဈ ဂဟေတွာ ဝဏ္ဏနတ္တိ အဓိပ္ပါယော။

### အဓိပ္ပာယ်

သဗ္ဗသင်္ဂါဟိကဝဏ္ဏနံ ဟု အဋ္ဌကထာ ဆရာရှင်က ဖွင့်ပြလိုက်ခြင်းသည်၊ ဝါ၊ ယကာယထာဘာ ပဇာနာတိ အဆုံးရှိသော ဗုဒ္ဓဟောစာ ၂ ကြောင်း မျှလာ ပဋိပတ်လုပ်ငန်းပြ စကားစုကို သဗ္ဗသင်္ဂါဟိကဝဏ္ဏနံ” ဟု အဋ္ဌကထာ ဆရာရှင်က ဖွင့်ပြလိုက်ခြင်းသည် ဣရိယာပုထ် ၄ ပါးတို့ကို၊ ဝါ၊ အခြင်းအရာ ၄ ပါးလုံးကို တပေါင်းတည်းစုရုံး၍ ပါ၊ ခြုံ၍ ဗုဒ္ဓက ဟောညွှန်ပြထားချက် ဖြစ်သည်ဟု အဋ္ဌကထာဆရာက ဖွင့်ပြလိုက်ခြင်းဖြစ်သည်။

ဆိုလိုသည်ကား၊ သဗ္ဗတပိုဒ်မျက်ကြည့်ပြီး၊ ရှိရှိသမျှတို့ကို သဗ္ဗအနေဖြင့် ထည့်သွင်းရန်မဟုတ်၊ မိမိထည့်သွင်းလိုရာကို ထည့်သွင်းယူရန်လည်း မဟုတ်၊ ဣရိယာပုထ်ကိုသာ ၁မျိုးတည်းမယူပဲ၊ ၄ မျိုးလုံး ပေါင်းနိုက်သာ ရည်ရွယ်၍ သဗ္ဗ သင်္ဂါဟိကဟု အဋ္ဌကထာဆရာ ဆိုသည်ဟု ဆိုလိုသည်။

၂။ နံပါတ် ၂ ဆိုလိုသည်ကား၊ ရှေ့ပိုင်းမှာ ဣရိယာပုထ်တို့ကို တကန့်စီ တကန့်စီ ခွဲခြားကာ ဟောညွှန်ခဲ့ပြီး ဖြစ်၍ ဤနောက်ပိုင်းပြ စကားစုသည်၊ ပါဠိ-ပါဠိတော်သာ “ယထာယထာ အစ၊ ပဇာနာတိ” အဆုံးရှိသော စကားစု အရနှင့် အဋ္ဌကထာလာ “သဗ္ဗသင်္ဂါဟိကဝဏ္ဏနံ” အရသည် ထိုဣရိယာပုထ် ၄ ပါးတို့ကို၊ ဝါ- ထိုအခြင်းအရာ ၄ ပါးတို့ကို တပေါင်းတည်း စုရုံး၍ ဝါ- ခြုံ၍ ဖွင့်ပြပေးလိုက်ခြင်း ဖြစ်သည်ဟု ဋီကာ ဆရာက ရှင်းပြလိုက်ခြင်း ဖြစ်သည်။

### ဋီကာပြ ဒုတိယနည်း ရှင်းချက်

၁။ ပုရိမနယော ဝါ ဣရိယာပထပ္ပဓာနော ဝုတ္တောတိ တတ္ထ ကာယော အပ္ပဓာနော အနုနိပ္ဖာဒိတော။

၂။ ဣဓ ကာယံ ပဓာနံ အပ္ပဓာနဉ္စ ဣရိယာပထံ အနုနိပ္ဖာဒိကတွာ ဒဿေတုံ ဒုတိယနယော ဝုတ္တောတိ။

၃။ ဧဝမေတ္ထ ဒွိန္နံ နယာနံ ဝိသေသော ဝေဒိတဗ္ဗော။

## သာဝပန် သဒ္ဒါအနက်

၁။ ဝါ- တနည်းမှာ၊ ပုရိမနယာ၊ ရှေးနည်းသည့်၊ ဝါ- ရှေးနည်းကို၊ ဣရိယာပထပ္ပမာနေဝ- ဣရိယာပထပုဒ်ကို ပဓာနထား၍၊ ဝုတ္တာ- ဟောအပ်၏။ ဣတိ- ဤအချက်အရ၊ တတ္ထ- ထိုရှေးနည်း၌၊ ကာယော- ကာယသည်။ အပ္ပဓာနော- မပြဓာန်းပဲ။ အနုနိပ္ဖာဒိ- နောက်ပါ အနေဖြင့် ပြီးရ၏။ ဣတိ- ဤကား တပိုင်းတည်း။

ညွှန်းချက်- ပုရိမနယော- မှာ- သည်နှင့်ကို ၂ နက်ဟောရာ၊ သည်- အခိုက်- ပဓာနော- မှာစပ်။ ကို-အခိုက်- ဝုတ္တာ- မှာစပ်။

၂။ ဣဓ- ဤနောက်နည်း၌၊ ကာယံ- ကာယကို၊ ပဓာနံကတွာ- ပဓာန ထား၍လည်းကောင်း။ တနည်း- ပဓာနံကတွာ- ပဓာနထားကြောင်းကို ဒဿေတုံ- ပြခြင်းငှာ လည်းကောင်း။ ဣရိယာပထံ- ဣရိယာ ပထကို၊ အပဓာနံ- ပဓာန မထားပဲ၊ အနုနိပ္ဖာဒိကတွာ- နောက်ပါ အနေဖြင့် ပြီးကြောင်းကို ပြု၍လည်းကောင်း။ တနည်း- အနုနိပ္ဖာဒိကတွာ- နောက်ပါ အနေဖြင့် ပြီးအောင် ဆောင်ရွက်ချက်ကို၊ ဒဿေတုံ-ပြခြင်းငှာလည်းကောင်း၊ ဒုတိယနယော- ဒုတိယနည်းကို။ ဝုတ္တော- ဟောအပ်၏။ ဣတိ- ဤကား တပိုင်းတည်း။

၃။ ငမိ- ဤသို့လျှင်၊ ဧတ္ထ- ဤဣရိယာပထပဗ္ဗ၌၊ ဒွိန္နံ နယာနံ၊ နည်း ၂ မျိုးတို့၏။ ဝိသေသော- ထူးခြားချက်ကို။ ဝေဒိတဗ္ဗော- သိအပ်၏။

**မှတ်ချက်**။ ၎င်းအနက်သည် အနက်ဖြစ်ရုံ သဒ္ဒါစည်းမျဉ်း မလွတ်ရုံ ပေးထားသော အနက်မျိုးဖြစ်၍ ပင့်တွင် လုပ်ငန်းပြအဖြစ် ဖွင့်ဆိုထားသော ဋီကာဆရာ အလိုသည်၊ မသိသာ မထင်ရှား၍ ဘာကို ရည်ညွှန်းသည်ဟု မသိနိုင်သည့် အပြင် ဋီကာဆရာ၏ ဆိုလိုချက်ကို ပျက်ပြယ်စေနိုင်သည်။

ထိုကြောင့် ဋီကာဆရာရှင်၏ ဆိုလိုချက် ပေါ်လွင်လာစေအောင် အလုပ် သဘောနက်ပါ သွင်းပြီး ထင်လင်းအောင် ဖော်ပြပါဦးအံ့။

## သဒ္ဒါနှင့် တွဲသော အလုပ်နက်

ဝါ- ပဋိပတ် အကျင့်နယ်၌ ဉာဏ်အမြင် ကျယ်စေရန် အားစိုက်ရည်သွယ် ဖန်သည်ကား။ ဝါ- ဤဣရိယာပထ ရှုပွားခန်း၌ ပုဒ္ဒအလိုနှင့် အဋ္ဌကထာ ဆရာအဆို၊ အကျွန်ုပ်၏ ဋီကာဆရာအဆုံးတို့သည်။ လို၊ ပို မပြု၊ သုတ္တ နှင့် သုတ္တာနုလောမ ဆိုချက် မခြားနား ကွဲပြားမရှိ၊ တသားတည်း အဖြစ်ရှေ့၌

တပုင်းပြဆိုခဲ့ပြီး၍ အလားတူ ဤနောက်ပိုင်း၌လည်း ရှေ့ပြချက်နှင့် မဆန့်ကျင်ပဲ ယောဂီဉာဏ် အမြင်ကျယ်စေရန် ဝေါဟာရ (၂)တန်ကို ကွဲပြားပန်ဖန်ပြီး၊ နည်းသစ်သဏ္ဌာန် တင်ပြရန်မှာကား—

ပုရိမနယော- ရှေးနည်းခေါ် ပဌမဟောချက် ကျင့်သုံးနည်းသည်၊ ဝါ-ဂစ္ဆန္တော ဝါ ဂစ္ဆာမိ ပဇာနာတိ အဆုံးထား၍ ဟောကြားအပ်သော ဣရိယာပုထ် (၄)ပါး တို့ကို ရှုပွားရန် အသီးသီး ခွဲခြား၍ ဟောညွှန်ပြထားသည့် ရှေ့ပိုင်းလာ ကျင့်သုံးနည်းသည်၊ ဝါ-နည်းကို၊ ဣရိယာ ပထပဓာနေဝ ဝုတ္တော- တကိုယ်လုံးအနေအထားခေါ် ဣရိယာပထ ဟူသော ဝေါဟာရကို ဝါ-အသိရောက်မှုကို အဓိကထား၍ ဝါ-ဝိသေသ အနေ ပဓာနထား၍ ဗုဒ္ဓက ဟောညွှန်သွားပေ၏။ ဣတိ- ဤအချက်အရ၊ ဝါ- အကျန်ုပ်ဋီကာဆရာ သဒ္ဒါပညာဖြင့် ဤသို့ ထင်မြင်ယူဆချက်အရ၊

တတ္ထ- ထိုရှေ့ပိုင်းပြ ဒေသနာတော်၌၊ ဝါ- ဣရိယာပုထ် (၄) ပါး တို့ကို တနုစီ ခွဲခြား၍ ဟောညွှန်သွားသော ရှေ့ပိုင်းပြ ရှုပွားနည်း၌၊ ကာယော-ကာယဟူသော ဝေါဟာရသည်၊ ဝါ-ကာယာအနေဖြင့် အသိရောက်မှုသည်။ အပ္ပဓာနေ- ရှုပွားခိုက်၌ အဓိကမကျ မပြဌာန်းပဲ၊ အနုနိပ္ဖာဒိ နောက်ပါ အနေဖြင့် ဤ၌ ရှုပွားမှုကို ပြီးစေပေ၏။ ဝါ- "သာရိ ပုတ္တထေရော" ပုံကဲ့သို့၊ "ကာယ" က ဝိသေသန အနေဖြစ်၍၊ "ဣရိယာပထ" က ဝိသေသျ အနေဖြစ်ရာ၊ ဤ၌ ရှုပွားမှုကို ပြီးစေပေ၏၊ ဣတိ- ဤသို့ ကျန်ုပ်ဋီကာဆရာဆိုလိုပေသည်။

၂။ ဣဓ-ဣရိယာပထပဗ္ဗလာ ဤ နောက်အကျဉ်းပြ ရှုပွားနည်း၌၊ ဝါ "ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ" အဆုံးရှိသော ဤနောက်အကျဉ်းပြ ရှုပွားနည်း၌၊ ကာယံ- ကာယဟူသော ဝေါဟာရကို၊ ဝါ-ကာယဟူ၍ အသိအမှတ်ရောက်မှုကို၊ ပဓာနံ ကတွာ ၊ ဝါ-ပဓာနံ အဓိ နိပ္ဖာဒကတွာစ-လိုရင်းထား ရှေ့သွားပြုကာ ရှုပွားမှု ပြီးစီးစေပုံကိုလည်းကောင်း။ တနည်း။ ပဓာနံ အဓိ နိပ္ဖာဒကတွာ ဒေသေတုံ လိုရင်းထား ရှေ့သွားပြုကာ ရှုပွားမှု ပြီးစီးစေပုံပြုချက်ကို ပြခြင်းငှာလည်းကောင်း။

မှတ်ချက်။ နိပ္ဖာဒိတို့ အနုနိပ္ဖာဒိနှင့် အဓိနိပ္ဖာဒိဟု ၂ ဝါကျခွဲ၍ ပေါ်လိုက်ပါက ဋီကာဆရာ၏ (ပဓာန အပ္ပဓာန) ဆိုလိုချက်အဓိပ္ပာယ်သည် ပို၍ ထင်ရှားလာပေသည်။

(ဣဓ ဆက်၍လိုက်လေ) ဣဓ-ဋီကာဆရာ ဉာဏ်ကုန်၍တင်ပြသော ဤဒုတိယနည်း၌။ ဣရိယာပထံ-ဣရိယာပထဟူသော ဝေါဟာရကို၊ ဝါ-ဣရိယာပထဟု ခေါင်းစီးတပ်၍ ခေါ်ဝေါ်မှုကို၊ ဝါ-ယင်းအမည်ဖြင့် အသိရောက်

မှုကို။ အပ္ပမာဒန်-ဦးစားမပေး၊ ပြဒ္ဒါန်းမှုမပြုပဲ။ အနုနိပ္ဖါဒိကတ္တာစ-နောက်လာ ဝိသေသနအဖြစ်ဖြင့် ရှုပွားမှု ပြီးစီးစေနိုင်ပုံကိုလည်း ကောင်း။ တနည်း အနုနိပ္ဖါဒိကတ္တာ ဒဿေတုံခ-နောက်၂ါ ဝိသေသနအဖြစ်ဖြင့် ရှုပွားမှု ပြီးစီးစေနိုင်ပုံကို ပြလို၍လည်းကောင်း။ ဒုတိယနယော- အကျဉ်းပြ ဒုတိယရှုပွားနည်းကို။ စုတ္တော-ဘုရားရှင် ဟောညွှန်အပ်ပေ၏။ ဣတိ-ဤသို့ ကျွန်ုပ် ဋီကာဆရာ ယူဆပေသည်။

ဝေမှိ-ဤသို့ ကျွန်ုပ် ဋီကာဆရာ သဒ္ဒါပညာဖြင့် ဝေဖန် ခွဲခြားချက်အနေဖြင့်လည်း၊ ဧတ္ထ-ကာယာနုပဿနာ ခြောက်ပိုင်းတို့အနက် "ကာယာနုပဿနာ ဣရိယာပထပဗ္ဗံ"ဟု ပါဠိတော်လာ ဣရိယာပထ ပထမပိုင်း၌။ ဒွိန္နံနယာနံ-နည်း ၂ သွယ်တို့၏ ဝါ-ဣရိယာပထကို သည် ထိုင် သွား ရပ် လျောင်းဟု အစဉ်လိုက် ရှုပွားပုံ ဟောညွှန်ပြသော အကျယ်နည်းနှင့် အစဉ်လိုက်မလို ကြုံကြိုက်ရာ ဣရိယာပထကို ရှုပွားရန် ဟောညွှန်ပြသော အကျဉ်းနည်း ယင်း ၂ နည်းတို့၏။

ဝါ-ဣရိယာပထအနေနှင့် ကာယကိစ္စကို ရှုပွားနည်းနှင့် ကာယအနေဖြင့် ဣရိယာပထကိစ္စကို ရှုပွားပုံနည်း ၂ နည်းတို့၏။ ဝိသေသော-ထူးခြားဟန်ကို။ ဝါ-ကုမာရီနှင့် ကညာအနေ၊ သုဝဏ္ဏနှင့် ကဋကအနေ၊ ကာကောနှင့် မကော အနေ၊ ဟတ္ထိနှင့် နာဂေါအနေ၊ သာလိဘာနှင့် ဆက်ရက် (ဇရက်) အနေ၊ ယာဂုအနေနှင့် ဆံပြုတ်အနေတို့၏ ထူးခြားဟန်ကဲ့သို့ ထူးခြားဟန်ကို၊ ဝေဒိတဗ္ဗော-ဉာဏ်ဖြင့် သိအပ်၏၊ ဝါ-သိပါလေ။

အဓိပ္ပာယ်

ပင်ရင်းကိစ္စကား- ဗုဒ္ဓဟု အရိယာသစ္စာ ၄ တန် ပေါ်ထွက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို သိမြင်နိုင်ရေးအတွက် ဝိပဿနာပဋိပတ် အကျင့်မှန်ကိစ္စကို စတင်ကျင့်သုံးယူနိုင်ကြစေရန် ကာယ ခေါ် ဤခန္ဓာကိုယ်ကြီးကို ကာယာနုပဿနာကျင့်သုံးခန်းအဖြစ် ၄ ပိုင်း ခွဲခြားသတ်မှတ်၍ ဗုဒ္ဓကိုယ်တိုင်ပင် ဟောညွှန်ထားခဲ့သည်။

ယင်း ၁၄ ပိုင်းထည်းမှ ဒုတိယမြောက်အပိုင်းကို "ကာယာနုပဿနာ ဣရိယာပထပဗ္ဗံ"ဟု ခေါင်းတပ်ဟောကြားသွားသည်။ ၎င်းကို ပါဠိတော်လာ အတိုင်း ကာယာနုပဿနာဣရိယာပထပိုင်းဟူ၍လည်းကောင်း၊ ဣရိယာပထ ကာယပိုင်းဟူ၍လည်းကောင်း၊ ဣရိယာပထပိုင်းဟူ၍လည်းကောင်း နှုတ်လိုက် ထလို ခေါ်ဆိုနေကြသည်။

၎င်းခေါ်ဆိုနေကြချက်တို့၌ အရှည်ခေါ်နှင့်အတိုခေါ်သာ ကွာခြားသည်၊ ဆိုလိုချက်ချင်းမှာ အတူတူပင် ဖြစ်ကြသည်။

ယင်း ဒုတိယမြောက် ကာယာနုပဿနာ ဣရိယာပထပိုင်း၌ ခန္ဓာကိုယ်ခေါ် ရုပ်ကာယကို ဣရိယာပထပိုင်းအနေဖြင့် ဗုဒ္ဓကသတိမှတ်ထားသဖြင့် ဣရိယာပထရှုကွက်အနေဖြင့်သာ ဟောညွှန်တော်မူလေသည်၊ အခြားရှုကွက်တို့နှင့် ဆွေယှက်၍ မဟောခဲ့ မပြခဲ့ပေ။

ယင်းဣရိယာပထရှုကွက်အဖြစ် ဟောညွှန်ရာမှာလည်း သာဝကခေါ် အနုဗုဒ္ဓယောဂီတို့မှာ အများစုမန္ဒ ဉာဏ်နုနယ်သူတို့နှင့် အနည်းစု တိက္ခအနွယ် ဉာဏ်ထက်မြက်သူတို့ဟု ၂ မျိုးရှိနေပြန်၍ ဣရိယာပထကျင့်သုံးခန်းကိုလည်း ပဌမ မန္ဒ-ဉာဏ်နုနယ်သူတို့အတွက် အသေးစိတ်တခုခု သွား၊ ရပ်၊ ထိုင်၊ လျောင်းဟု အစဉ်သားဖော်ထုတ်ပြီး ဟောညွှန်ပြချက်ပထမပိုင်း။

ဒုတိယ၌ တိက္ခဉာဏ်ထက်မြက်သူတို့အတွက် အတိုခြုံး၍ အစဉ်အားဖြင့် ဖော်ထုတ်မပြတော့ပဲ ကြုံလာရိုက် ဣရိယာပုထ်ကိုသာ ရှုပွားရန် ဟောညွှန်ပြချက်ကဒုတိယပိုင်းဟု ၂ ပိုင်းခွဲ၍ ဗုဒ္ဓအဟောညွှန်သွားလေသည်။

ယင်း သဘာဝကို အများသိမြင်နိုင်စေရန် အဋ္ဌကထာဆရာရှင်နှင့် ဋီကာဆရာရှင် ၂ ဦးလုံးကလည်း တထပ်တည်း ရှင်းပြသွားကြရာ (၎င်းရှင်းပြချက်တို့ကို ရှေ့ပိုင်းမှာတင်ပြပေးခဲ့ပေပြီ) ထိုဆရာကြီး ၂ ဦးတို့ ရှင်းပြချက်ဖြင့်လည်း ဗုဒ္ဓဆိုလိုချက်ကို သိမြင်ရန် လုံလောက်နေပေပြီ။

## ဋီကာဆရာ၏ ဉာဏ်ကွန့်ခန်း

ယင်း ရှေ့စကားစုဖြင့် ဤဣရိယာပထကာယကိစ္စ၌ ရှုပွားရန် လုံလောက်နေသော်လည်း ပညာရှိတို့၏ ဓမ္မတာအရ ဋီကာဆရာအရှင် ဓမ္မပါလမထေရ်မြတ်သည်သဒ္ဒါပညာအရာ၌ ကြွယ်ဝသူဖြစ်သဖြင့် ဝါ-ဋီကာဆရာတွင်မက အဋ္ဌကထာဆရာအမည်ကိုပါ ခံယူနိုင်အောင် ဋီကာနှင့် အဋ္ဌကထာ တို့ကိုပါ ပြုစုစီရင်နိုင်သူ ပုဂ္ဂိုလ်ကျော်ဖြစ်၍ သဒ္ဒါပညာအရာ၌ ကြွယ်ဝသူဖြစ်ခဲ့ရကား သဒ္ဒါပညာကို လိုလားသူ သဘာဂဝေသိပုဂ္ဂိုလ်များအတွက် ဤဣရိယာပထရှုပွားခန်း၌ မူလဘုရားဟောချက်နှင့် လည်းကောင်း၊ အဋ္ဌကထာဆရာရှင်၏ ဖွင့်ပြချက်နှင့်လည်းကောင်း ယင်း အဋ္ဌကထာဆရာရှင် ဖွင့်ပြချက်အတိုင်း မိမိဋီကာဆရာကလည်း ထပ်မံ ထောက်ခံ၍ ဖွင့်ပြပေးခဲ့ပြီးဖြစ်သော ရှေ့ပိုင်းစကားစုနှင့်လည်းကောင်း မဆန့်ကျင်စေပဲ စကားလုံးသာ ကွဲပြီး ယာဂုကြဲနှင့်ရမန်းရည် ကဲ့သို့ ဝါ-ယာဂုနှင့်ဆန်ပြုတ်ကဲ့သို့ အရနှင့်ကျင့်ကွက်တို့မှာ တထပ်တည်းပင်

ဖြစ်လျက် သဒ္ဒါပညာဖြင့် ဗုဒ္ဓဒေသနာဒေကာ်ကို တန်ဆာဆင်ပုံတခန်းကို လှမ်းပြလို၍ 'ပုရိမနဒယာဝါ'ဟု သဒ္ဒါအမြင်ဖြင့် ထူးထွေဟန်တချက်ကိုပြဆိုရန် ဝါ-သဒ္ဒါဖြင့် အလံဘ်ခွန်ထူပြပြီး တခန်းဖွင့်တော်မူလိုက်ပြန်သတည်း။

## စိစစ်ပြချက်

### ကာယာနုပဿနာကာယ ၆ မျိုး

ပါဠိတော်တွင် "ကာယေကာယာနုပဿီ"အရ ကာယ ၁၄ မျိုးရှိနေ၍ ယင်း ကာယ ၁၄ မျိုးအတွက် ဗုဒ္ဓက အပိုင်းကြီးအားနဖြင့် ၆ ပိုင်း ခွဲခြားပြီး ပြရာတွင် ကာယချင်းမရောထွေးစေရန် သူ့အပိုင်းနှင့်သူ-

၁။ ကာယာနုပဿနာ အာနာပါန ပဗ္ဗ၊

၂။ ကာယာနုပဿနာ ဣရိယာပထ ပဗ္ဗ၊

၃။ ကာယာနုပဿနာ သမ္ပဇည ပဗ္ဗ။

၄။ ကာယာနုပဿနာ ပဋိကူလမနသိကာရ ပဗ္ဗ၊

၅။ ကာယာနုပဿနာ ဓာတုမနသိကာရ ပဗ္ဗ၊

၆။ ကာယာနုပဿနာ နဝသိဝထိက ပဗ္ဗ ဟု အပိုင်း၊ ၆ ပိုင်းကို ပြရာတွင် ရှေ့က 'ကာယာနုပဿနာ' ဟူသောပုဒ်ကိုထား၍ နောက် 'အာနာပါန ပဗ္ဗ' စသော ပဗ္ဗ ၆ မျိုးတို့နှင့်ယှဉ်တွဲ၍ လာရှိသည်။

### သူ့အတွဲ နှင့် သူ့တွဲရ

ယင်းသို့ ယှဉ်တွဲ၍ ပြထားချက်အရ ကျင့်သုံးရန်ဖြစ်စေ၊ ညွှန်ကြားရန် ဖြစ်စေ အသုံးပြုခဲ့သော် ယှဉ်တွဲထားရာ ကာယနှင့်ပဗ္ဗတို့ကိုသာ အတွဲလိုက် ယူရပေမည်။ တပိုင်းထဲခွဲယူရန်လည်းမဟုတ်၊ တခြားအပိုင်းနှင့်ကျော်လွန်ပြီး တွဲယူရန်လည်း မဟုတ်ပေ။ အကယ်၍ ခွဲယူမိသော်လည်းကောင်း၊ ကျော်လွန်ပြီး တွဲယူမိသော်လည်းကောင်း အမှားကြီးမှားပေတော့မည်။

ပုံစံအားဖြင့် နံပါတ် ၁ လာ "ကာယာနုပဿနာ"အရ ယူလိုလျှင် ၎င်းနှင့် တွဲ၍ ဟောကြားထားသော"အာနာပါန ပဗ္ဗ"အပိုဒ်ကိုပါ တပါတည်းတွဲယူ ရပေမည်။ အကယ်၍ တွဲမယူမိပါက ဗုဒ္ဓဟောလိုချက်ပျက်သွား၍ တွဲမယူသူ အပေါ် တာဝန်ကျလာပေမည်။

အလားတူပင် နံပါတ် ၂ မှ ၆ အထိ ကာယာနုပဿနာအရတို့မှာလည်း သူနှင့်တွဲ၍ ဟောညွှန်ထားသော ပဗ္ဗတို့အတိုင်းသာ အတွဲလိုက်ယူမှ ဗုဒ္ဓဟော လိုရင်း ကာယာနုပဿနာကိစ္စ မှန်ကန်ပေမည်။

## နံပါတ်-၂

## ဣရိယာပထ ပဗ္ဗခန်း စိစစ်ချက်
## ကာယနှင့် ဣရိယာပထကို ယူဆတတ်ပုံ

ကာယာနုပဿနာ ဒုတိယပဗ္ဗအပိုင်း၌-

၁။ ကာယာနုပဿနာ ဣရိယာပထ-ပဗ္ဗ-ဟု ခေါင်းတပ်လျက်လာရှိသည်။

၂။ ကျင့်သုံးခန်းပြပထမပိုင်းတွင် "ဂစ္ဆန္တောဝါ-အစ-သဟာ နောမှီဘိ ပဇာနာတိ" အဆုံး ဣရိယာပုသ် ၄ ပါးလုံးတို့ကို အစဉ်လိုက်နှင့် ကျင့်သုံးရန် နည်းကိုပါ အကျယ်ဟောညွှန်ထားသည်။

ယင်းအပိုင်း၌ ခေါင်းတပ် ၂ ပိုင်းတို့အနက် ဒုတိယပုဒ်အရဖြစ်သော "ဣရိယာပထ"အရက ပေါ်လွင်ထင်ရှား၍ 'ကာယ'အဲရက မပေါ်လွင်သလို ယူဆဘတ်သည်။

၃။ ထိုနောက် ကျင့်သုံးခန်းပြ ဒုတိယပိုင်းလာ "ယထာ ယထာ ဝါ ပနဿကာယော ပဏိဟိတော ဟောတိ။ တထာ တထာနံ ပဇာနာတိ"အရ၌ (ကာယော) နှင့် (နံ) အရတို့ဖြင့် ရှေ့ခေါင်းတပ် ၂ ပိုင်းတို့အနက် ပထမပိုဒ် ဖြစ်သော "ကာယာနုပဿနာ"အပိုဒ်သာ ထင်ရှား၍ 'ဣရိယာပထ'အပိုဒ်က မထင်ရှားသလို ယူဆတတ်သည်။

ထိုသို့ ယူဆသော် ရှေ့ပိုင်းက ဣရိယာပထအတွက်ပြ၍ နောက်ပိုင်းက ကာယအတွက် ပြနေသည်ဟု ယူဆဖွယ် ဖြစ်တတ်ပြန်သည်။ ယင်းသို့ ယူဆမိသော် ပြဿနာဝင်ပုံကို အောက်၌ ရှင်းပြပါအံ့။

### ကာယနှင့် ဣရိယာပထကို ရယူပုံ

အမှန်ယူဆရန်မှာ သွား ရပ် ထိုင် လျောင်းဟူသော ဣရိယာပုထ်အရ သည် ကာယကိစ္စပင်ဖြစ်ရာ ကာယမပါပဲ ဣရိယာပထကိစ္စ ဝါ သွား ရပ် ထိုင် လျောင်းကိစ္စ မဖြစ်နိုင်ပေ။

ထို့ကြောင့် ပါဠိတော်လာ မူတည်ပြမှာလည်း "ကာယာနုပဿနာ ဣရိယာပထပဗ္ဗ"ဟု ၂ ပုဒ်ယှဉ်တွဲ ပြထားပြီးဖြစ်၍ ဒုတိယမြောက် ကာယအပိုင်း၌ ကာယအရယူလျှင် ဣရိယာပထပါ ပါနေသည်။ တဖန် ဣရိယာပထအရ ယူပြန်လျှင်လည်း ကာယအရ ပါနေပြီးဖြစ်၍ သွားမှုစသော တခုခုပြုလျှင် ဝါ-ဣရိယာပုထ်တခုခုပြုလျှင် ကာယကိစ္စ ပါနေပြီဖြစ်၍ ကာယအတွက် တခြား ပြစရာလဲမရှိ။ လိုလဲ မလိုဟောပေ။ ပြလျှင် မှားပေမည်။

## တခုယူလျှင် နှစ်ခုပြီးသည်

တဆင့်ရှင်းသော် ဗုဒ္ဓက ကာယရှုကွက်အတွက် အကျဉ်းဆုံး ဟောညွှန် ရာ၌ "ကာယေ ကာယာနုပဿီ"ဟု ချုပ်ပြထားရာ ၎င်း ၂ ပုဒ်တို့ကို ခွဲလိုက် လျှင် ကာယ ၁၄ မျိုး ဖြစ်လာတော့၍ ရှေ့တွင် တင်ပြခဲ့ပြီး ကာယ ၆ မျိုး ပုံစံကို မြင်သဖြင့် ကာယတခုကို ယူလိုက်လျှင် တွဲဘက် နောက်ပုဒ်ပါ ပူတွဲ ပါလာပြီးဖြစ်၍ တခုယူက ၂ ခုကိစ္စ ပါပြီးနေသဖြင့် တခုထဲ၌ မကောက် ယူရပေ။ ကောက်ယူနေလျှင် ဗုဒ္ဓအလိုနှင့် ဆန့်ကျင်သွား၍ တာဝန်ကျလာ ပေမည်။

## ဣရိယာပုထ် ၄ မျိုးအတွက်
## ပုံစံဖြင့် ရှင်းချက်

ပုံစံဖြင့် ရှင်းပြသော်—

၁။ ဘိက္ခု ကာယေ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ။

၂။ ဘိက္ခု ကာယေ ဋ္ဌိတော ဝါ ဋ္ဌိတောမှီတိ ပဇာနာတိ။

၃။ ဘိက္ခု ကာယေ နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ။

၄။ ဘိက္ခု ကာယေ သယာနော ဝါ သယာနောမှီတိ ပဇာနာတိဟု

"ကာယေ ကာယာနုပဿီ" အရ အကျယ်ဟောညွှန်ရန်ဖြစ်သော်လည်း ခေါင်းတပ် "ကာယာနုပဿနာ ဣရိယာပထပဗ္ဗံ"ဖြင့် သိနိုင်လောက်ပြီဖြစ်၍ မခွဲပဲ ကာယေဖြစ်ပြီး ဂစ္ဆန္တောဝါ-ဋ္ဌိတောဝါ စသည်ဖြင့် ဟောကြားသွား ခြင်းဖြစ်သည်။

ထိုအရ ကာယအရကတမျိုး၊ ဣရိယာပထအရကတမျိုးဟု ယူဆဖွယ် ရှိ တော့ပေ။

## ဋီကာဆရာ၏ ဝါ-တနည်းအရဆိုချက်

ကာယာနုပဿနာနှင့် ဣရိယာပထပုဒ်သည် အရတူ ဇမ္ဗူဒါရုဏ်မျိုး ဖြစ်၍ ကာယကိုယူလျှင် ဣရိယာပထပါ ရနိုင်သလို ဣရိယာပထကိုယူပြန်လျှင် လည်း ကာယပါရနိုင်၍ သုတာဝေဝသိတို့အတွက်၊ ဝါ-သုံးတသီတို့အတွက် သဒ္ဒါပညာတရပ်ပြလို၍သာ ကာယပုဒ်က၍ ယူပုံ ပြခြင်းဖြစ်သည်။

ထိုကြောင့် တခုက ဓာနုဖြင့်ခိုက် တခြားတခုက အဓောနုဖြစ်သည်ဟူ၍ လည်းကောင်း၊ အနုနိပ္ပါဒိဟူ၍လည်းကောင်း ဝိဘာသနနှင့် ဝိဓေသျှမျှ ခြားနားဟန်ကို ပြည့်နိုင်လေသည်။

## သာရိပုတ္တထေရော ပုဒ်မျိုးလို

ပုံစံအားဖြင့် 'သာရိပုတ္တထေရော'ပုဒ်ကဲ့သို့ ယှဉ်တွဲ၍ပြလာသောအရာဖြစ်၍ သာရိပုတ္တကိုကောက်လျှင် ထေရောအရလဲ ပါတော့သလို ထေရောကိုကောက် ပြန်လျှင်လည်း သာရိပုတ္တအရလဲ ပါသွားတော့သည်။

ထိုသို့မဟုတ်ပဲ သာရိပုတ္တကသတ်သတ်၊ ထေရောကသတ်သတ် ရှိနေခဲ့လျှင် ၂ ပုဒ်အရ အတူမကောက်ယူနိုင်တော့ပေ။ အခြားတွဲဘက်ကို ထောက်မှီ၍ ကောက်ယူရလေသည်။

ထို့ကြောင့် ဝါ-သဒ္ဒါဖြင့် တနည်းပြဆိုသော်လည်း သွား၊ ရပ် ထိုင် လျောင်း ဣရိယာပထ်ကိုစွဲကို အလေးပေး ဟော ညွှန်သလို ကာယကို အလေး ပေး၍ ဟော ညွှန်ပုံကို ပြဆိုသည် ဟု အရကွဲသရောင် အနေကျမ်းတက်ပြီး သဒ္ဒါဉာဏ်ဖြင့် ပဓာန အပဓာန ဝိသေသ ဝိသေသနအနေခင်းပြီး ရှင်းပြ ချက်ပျော့မှ်သည်၊ ဝါ-သဒ္ဒါသွားဖြင့် ဝေါဟာရ ကစားပြခြင်းသာဖြစ်သည်။ ကာယအရကို တွဲဘက် ဣရိယာပထနှင့် ပေက်သက်သော ရှိရှိသမျှကာယ တွေကိုပြလို၍ ဝါ-ဖြင့် ပြနေသည်မဟုတ်ဟု အထူး သတိပြုရာ၏၊ ယင်း အတွက် သတိ အထူးမပြုမိ၍ ပြဿနာဝင်ပုံကို ဆက်၍ ဖော်ပြပါအံ့။

## ပြဿနာဝင်ပုံ

ဋီကာဆရာပြ ဝါ-ဘနည်းအရ၌ သူ့အပိုင်းလိုက် ကာယပုဒ်နှင့် တွဲစပ် ပြထားသော ပဗ္ဗ ၆ မျိုးတို့ကို မထောက်ဆပဲ အလွတ်ပြ ကာယပုဒ်အနေနှင့် ယူလိုက်လျှင် ပြဿနာတွေ ပြုံ၍ ဝင်လာတော့သည်။

## အလွတ်ကာယပုဒ်အနေယူချက်

ဋီကာဆရာပြ ဝါ-အရဖြင့် "ကာယောပဓာနော ဣရိယာပထော အပ- ဓာနော"ဟု ဖွင့်ချက်အရကိုထောက်၍ ကာယအရ ထည့်လိုရာ သွင်းလိုရာ ကာယတို့ကို ထည့်နိုင်သည်၊ သွင်းနိုင်သည်ဟု ယူဆလိုက်လျှင်—

၁။ ခြင်းခတ်ကာယ၊ ဘောကန်မှုကာယကိုသော်လည်းကောင်း။

၂။ လက်တွေ့ထိုးကာယနှင့် နပန်းသတ်ကာယသော်လည်းကောင်း။

၃။ ဂျူဒိုကာယ၊ သိုင်းကစားကာယ၊ ဖိုင်ဗင်ကာယ၊ ရေကူးကာယသော် လည်းကောင်း။

၄။ စက်ချုပ်ကာယ၊ ဆေးလိပ်လိပ်ကာယ၊ ထွေခင်း ဂေါ်လီစ်ကာယ သော်လည်းကောင်း။

၅။ တစ်နစ်ရိုက်ကာယ၊ ဂေါက်သီးရိုက်ကာယ၊ ဗီလိယက်ထိုးကာယသော်လည်းကောင်း၊

၆။ ခုန်ကကာယ၊ မျက်ခုံးလှုပ်ကာယ၊ လျှာထုတ်ကာယ၊ ပါးရှုံ့ကာယ၊ ပါးဖောင်းကာယနှင့် နှုပ်ညစ်ကာယ၊ တံတွေးထွေးကာယ စသည်သော်လည်းကောင်း ဝင်လာကြပေမည်။

### မဆိုင်ကာယတွေ ဝင်လာလျှင် ဗုဒ္ဓဟောနှင့် အဋ္ဌကထာ ဋီကာဆရာတို့အဆို ပျက်ပြီ

ယင်းသို့ ကာယတွေဝင်လာကုန်လျှင် ပါဠိတော်လာလည်းပျက်၍ မိမိဆရာရှင်ဖြစ်ကြသော အဋ္ဌကထာနှင့် ဋီကာဆရာကြီး ၂ ဦးတို့ သဘောတူ ဖွင့်ပြထားသော (သမ္မသင်္ဂါဟိက ဝစန်)ဆရာ ဖွင့်ဆိုချက်တို့လည်း ပျက်သွားကြလေပြီ၊

ထို့ပြင် အောက်လာလတ္တံ့ ပါဠိတော်များနှင့်လည်းကောင်း၊ အဋ္ဌကထာ ဖွင့်ပြချက်တို့နှင့်လည်းကောင်း ဆန့်ကျင်ကြမည့်ပြင် အောက်ပါဋီကာဆရာ၏ စကားနှင့်ပင် ဦးစွာ ဆန့်ကျင်နေဘော့သည်။

### ဋီကာဆရာက ကာယအရ အယူမမှားစေရန် ထပ်မံ ရှင်းပြပုံ

ဣရိယာပထ ပရိဂ္ဂဏှနမှိ "ဣရိယာပထ ဝတော ကာယဿေဝ ပရိဂ္ဂဏှနံ တဿ အဝတ္ထာ ဝိသေသဘာဝတော တိ ဝုတ္တံ" ဣရိယာပထ ပရိဂ္ဂဏှနေန ကာယေ ကာယာနုပဿီ ဝိဟာရတီတိ။

### အနက်

ဣရိယာပထ ပရိဂ္ဂဏှနမှိ- ဣရိယာပထကို အသိဖြင့် သိမ်းပိုက်ခြင်း၊ ဝါ- ရှုပွားခြင်းဟူသည်မှာသည်း၊ ဣရိယာပထ ဝတော-ဣရိယာပုထ်ကိစ္စ တည်ရှိနေသော၊ ကာယဿေ-ဣရိယာပထကိစ္စ တည်ရှိနေသော ဣန္ဒြိယဗဒ္ဓကာယ အချက်ပင်လျှင်။ ပရိဂ္ဂဏှနံ-အသိဖြင့် သိမ်းပိုက်ခြင်း။ ဝါ-ရှုပွားခြင်းပင်ဖြစ်ပေ၏၊

(ကသ္မာ) အဘယ်ကြောင့်ဟူမူ။ ဝါ-အဘယ်အရကို ထောက်ထား၍ဆိုပါသနည်းဟူမူ။

တဿ-ယင်းဣရိယာပထအရက၊ အဝတ္ထာ ဝိသေသဘာဝေ တော- အခိုက်အတန့်အရများသာ ထူးခြားသောကြောင့် ဟူ၏။ ဝါ-ဣရိယာပထဟု ခေါ်ဝေါ်မှု အခိုက်အတန့်နှင့် ကာယဟု ခေါ်ဝေါ်မှု အခိုက်အတန့်အရများသာ ထူးခြားသောကြောင့် ဟူ၏။

တနည်း၊ အဝတ္ထ-အဝိသေသာ ဘာဝတော- အဝ-ထာ-အဝ ဋ္ဌာန ဿ ဣရိယာပထ ၄ ခုတို့၏ မှီရာ၏၊ ဝါ-မှီရာသည်။အဝိသေသ ဘာဝတော- ကာယ၏အရနှင့် တခြားစီမဟုတ်ပဲ တူနေသောကြောင့် ဟူ၏။

ဣတိ-ဤလို သဘာဝက တည်ရှိနေသောကြောင့် ဣရိယာပထ ပရိဂ္ဂဏှေန ကာယေ ကာယာနုပဿီ ဝိဟရတိတိ ဟူ၍။ ဝုတ္တံ-ဗုဒ္ဓအလိုတော်အတိုင်း အဋ္ဌကထာ ဆရာကြီးက ကာယအရ မလျော်သောကာယတွေ ထည့်သွင်း မယူမိအောင် ပြတ်သားထင်လင်းစွာ ဖွင့်ပြသွားပါသည်တမုံ့။

ဣတိ ဤသည်ကား၊ ပုရိမနယောဝါဟု ဝါ-နှင့် တနည်း ကျွန်ုပ် ဋီကာပြ ဆရာက ညွှန်ပြလိုရာ၌ ကာယအရ ဗုဒ္ဓပိုင်းခြားပြထားသော ကာယအရမှ တပါးဖြစ်ကြသည့် မလျော်ကန်သော ကာယအမှုစုတို့ကို ဗုဒ္ဓကို ကျော်လွန်ပြီး ထည့်မသွင်းမိကြစေရန် ထင်မံ၍ ရှင်းပြချက်နှင့် ဗုဒ္ဓအလို အဋ္ဌကထာ ဆရာရှင်၏အလိုတို့နှင့် ကျန်ဋီကာဆရာ၏အလို ၃ မျိုးလုံးသည်လည်း တသဘော တည်း တသံတည်းပါဟု သိရှိကြစေရန် ဝါ-သဒ္ဒါပြချက်၌ အယူမမှားရေး အတွက် ထပ်ဆင့်၍ ရှင်းလင်းပေးချက်ဖြစ်ပါသတည်း။

## ဋီကာဆရာ ဆိုလိုချက်

ဋီကာဆရာသည် ပုရိမနယောဝါဟု ဝ ဒ္ဒါပြညာဖြင့် ကွန့်ပြမိရာ ပညာ ဓာတ် အားနည်းသူများဖြစ်နေက ယင်၊ ဝါ တနည်းအရဖြင့် ကာယအရ၌ ဗုဒ္ဓပေးထားချက် "ကာယာနုပဿနာ ဣရိယာပထပဗ္ဗံ" ပါဠိတော်လာချက် ကာယအရကို ကျော်လွန်ပြီး ယူမှားမိမှာ စိုးရိမ်၍ အထက်ပါ ဣရိယာပထ နှင့် ကာယအရတို့သည် ခွဲ၍မရပုံကို အဋ္ဌကထာလာချက်ကို ကိုးကားပြီး ဋီကာ ဆရာကြီ ကိုယ်တိုင်ပင် ထပ်၍ ရှင်းပြပေးချက် ဖြစ်ပါတော့သည်။

## အဋ္ဌကထာဆရာ၏ ရှင်းလင်းပေးချက်

အထက်၌ ပြဿနာဝင်လာသော "ယထာ ယထာ ဝါ ပနဿကာယော" အစချီ၍ ဟောကြားထားသော သခေပပြဒေသနာတော်ထက်ပင် ပညာ ခံ အားနည်းသူတို့၌ ပြဿနာဝင်နိုင်သော ပါဠိတော် ရှိနေသေးသည်။

ရှင်းကား—

၁။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေကာယာနုပဿီ ဝိဟရတိ။

၂။ ဗဟိဒ္ဓါ ဝါ ကာယေကာယာနုပဿီ ဝိဟရတိ။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ကာယေကာယာနုပဿီ ဝိဟရတိ

တို့ပင်ဖြစ်သည်။ ယင်းပါဠိတော် ၃ ပိုဒ်တို့၌၊

နံပါတ် ၁ အရ။ အတွင်းကာယကိုဆိုသဖြင့် အတွင်းရှိကာယဟူသမျှကို ယူရမယောင် ရှုပ်ထွေးနိုင်ပြန်သည်။

နံပါတ် ၂ အရမှာ အပြင်ကာယကို ဆိုသဖြင့် အပြင်ရှိကာယဟူသမျှကို ယူရမယောင် ရှုပ်ထွေးနိုင်ပြန်သည်။

နံပါတ် ၃ အရမှာ အတွင်းပြင်ရှိကာယကိုဆိုသဖြင့် ယင်းအတွင်းနှင့်အပြင်မှ ကာယဟူသမျှကို ယူရမယောင် ရှုပ်ထွေးစေနိုင်ပြန်သည်။

သို့ရာတွင် ပညာခံရှိသူတို့အဖို့မှာ ဣရိယာပထကာယခန်းမှာ ဟောညွှန်ထားသဖြင့် တခြားကာယရှိသမျှကိုကို မယူသင့်ပဲ ဣရိယာပထကာယမျှကိုသာ ယူသင့်သည်ဟု သဘောသက်နိုင်ပေသည်။

ယင်းသို့ ပညာခံရှိသူတို့မှာ အမှန်ကို မြင်နိုင်သလောက် ပညာခံအားနည်းသူတို့နှင့် မိမိနှပ်သက်ထားသော ကာယတခုခုပေါ်မှာ ဥပါဒါန်စွဲရှိသူတို့ တိမ်းပါးချော်ချော်မှုမရှိစေရန် အဋ္ဌကထာဆရာရှင်က သဲသဲကွဲကွဲ ဖွင့်ပြပေးသည်မှာ—

၁။ ဣတိ အဇ္ဈတ္တံဝါတိ-ဝံ အတ္တနောဝါ စတုဣရိယာပထ ပရိဂ္ဂဟဏေန ကာယေ ကာယာနုပဿီ ဝိဟရတိ။

၂။ ဗဟိဒ္ဓါဝါတိ-ပရဿဝါ စတုဣရိယာပထ ပရိဂ္ဂဏှနေန ကာယေ ကာယာနုပဿီ ဝိဟရတိ၊

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါဝါတိ-ကာလေန အတ္တနော ကာလေန ပရဿ စတုဣရိယာပထ ပရိဂ္ဂဏှနေန ကာယေကာယာနုပဿီ ဝိဟရတီတိ ဟု ထင်ထင်ရှားရှားကြီး ဖွင့်ပြထားပေသည်။

ထိုဖွင့်ပြချက်ဖြင့်—

၁။ အဇ္ဈတ္တံ ကာယေအရ မိမိရှိ ဣရိယာပုထ် ၄ ပါးခေါ် ကာယကိုရသည်။

၂။ ဗဟိဒ္ဓါကာယေ အရ သူတပါးတို့ရှိ ဣရိယာပုထ် ၄ ပါးခေါ် ကာယကိုရသည်။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါကာယေအရ မိမိ၏ ဣရိယာပုထ် ၄ ပါးကာယနှင့် သူတပါးတို့၏ ဣရိယာပုထ် ၄ ပါးခေါ် ကာယကိုသာ ကောက်ယူရန် ဖွင့်ပြသွား၍ တခြား အာနာပါနကာယ သမ္ဘာရကာယ၊ဒွတ္တိံသာကာယ စသည်တို့ကို ယူလိုက်လျှင် အမှားသက်သက် ဖြစ်တော့သည်ဟူ၏။

## နောက်တချက် အဋ္ဌကထာပြဆိုပုံ

ဤဣရိယာပထ ကာယပိုင်း၌ အခြားမသက်ဆိုင်သော ကာယတို့ မစွက်ဖက် မရှုပ်ထွေးစေရန် မူတည်အဖြစ် စတင် ဖော်ပြချိန်ကပင် ကန့်သတ်၍ ပြည့်ထားပြန်သည်မှာ—

ဧဝံ ဣရိယာပထပရိဂ္ဂဟဏေန ကာယာနုပဿနံ ဝိဘဇိတွာ

ဣဒါနိ ဣရိယာပထဝသေန (ကာယာနုပဿနံ) ဝိဘဇိတုံ ပုန စ ပရန္တိ အာဒိမာဟ။

## အစိပ္ပာယ်

ပထမပိုင်း ကာယာနုပဿနာ ကျင့်သုံးခန်းအတွက် အဿာသ ပဿာသ ရှုကွက်အနေဖြင့် ကာယာနုပဿနာတခန်းကို ဖွင့်ဆိုပြီး၍ ယခုအခါ ဣရိယာပထ ရှုကွက်အနေဖြင့် ကာယာနုပဿနာ ဒုတိယပိုင်းကို ဖွင့်ဆိုပြဖို့ရန် "ပုန စ ပရံ" ပုဒ်ဖြင့် အစပြုချက်ကို ဗုဒ္ဓရှင်တော်မြတ်က မိန့်တော်မူပေ၏။

## ဆိုလိုချက်

ဒုတိယကာယာနုပဿနာပိုင်းအတွက် အဋ္ဌကထာဆရာ၏ အနုသန္ဓေခေါ် ကျမ်းဆက်ပြချက်လာ ဣရိယာပထဝသေန(ကာယာနုပဿနံ)ဝိဘဇိတုံဟူသော စာပိုဒ်စုဖြင့်ပင် ကာယအရ ဤအပိုင်း၌ ဣရိယာပထ ကာယတမျိုးကိုသာ ယူ၍ ဗုဒ္ဓက အရိပ်မျှ မညွှန်ပြသော အပိုကာယဟူသမျှတို့ကို ဤဒုတိယပိုင်း၌ မယူသင့်ကြောင်း ထင်ရှားနေပြန်တော့သည်။

## နောက်တချက် ပါဠိတော် တိုက်ရိုက်
## ဖော်ပြချက်

"ဝိနေယျ လောကေ"ဟု (လောကေ)စာပိုဒ်ကို ဤသတိပဋ္ဌာနသုတ် ပါဠိတော် ဥဒ္ဒေသ၌ ၄ ကြိမ်မျှ ဟောထားရာ ယင်း (လောကတခုတည်းကိုသာ) တွက်ကြည့်ပြီးယူခဲ့လျှင် လောကဟူသမျှကို ယူနိုင်သလိုဖြစ်သွားပေမည်၊သို့ရာတွင် ဗုဒ္ဓက အရမ်းကောက်ယူကြရန် အရမ်း ဟောကြားသွားသည်မဟုတ်ပေ။

အဟုတ်မှာ တဘက်ပုဒ်အရကိုကြည့်ပြီး သူ့နေရာနှင့်သူ ကောက်သင့်ရာကိုသာ ကောက်ယူရန် ဟောကြားထားလေသည်။ ဤသို့ကောက်ယူမှုလည်း မှန်ကန်၍ ဗုဒ္ဓအလိုတော်နှင့် ကိုက်ညီပေမည်။

ထိုအရ ကာယ ဝေဒနာ စိတ္တ ဓမ္မ ၄ ပိုင်း ဟောထားရာ ကာယနှင့်တွဲ၍ ဟောထားလျှင် လောကေ အရ ကာယကိုယူ၊ ဝေဒနာနှင့် တွဲ၍ဟောထားလျှင် လောကေအရ ဝေဒနာကို ယူရသည်။ ကျန် စိတ္တ ဓမ္မနှင့်တွဲရာမှာလည်း တွဲဘက်အရကိုသာလျှင် ကောက်ယူရသည်။ အခြား လောကေအရတွေကို မကောက်ရယလို ဤကာယ ၆ ပိုင်းလာ ကာယ အရတို့ကိုလည်း အလားတူသိနိုင်တော့သည်။

## ကာယအရ၌ သိထားဖွယ်

ကာယာနုပဿနာပိုင်း၌ ကာယ ပုဒ်ကို ၅ မျိုး ၄ စားခွဲ၍ ဟောသွားသည်။ ၎င်းတို့မှာ

၁။ ကာယံ အနေဖြင့် ၁၅ ပုဒ်။

၂။ ကာယော အနေဖြင့် ၂၄ ပုဒ်။

၃။ ကာယ အနေဖြင့် ၆၆ ပုဒ်။

၄။ ကာယေ အနေဖြင့် ၁၇၂ ပုဒ် ဟောသွားရာ ပေါင်းလိုက်လျှင် ကာယကိစ္စကို ၂၇၇ ပုဒ် ခွဲ၍ ဟောသွားလေသည်။

အလားတူ လောကေ အနေဖြင့် ၁၅၂ ပုဒ်။

ဓမ္မသုံပုဒ်အနေဖြင့် ၄၀ ပုဒ် ဟောသွားလေသည်၊ ၎င်းတို့ကို သူ့နေရာနှင့်သူ ခွဲယူမှ ဗုဒ္ဓအလိုနှင့်လျော်၍ မှန်ကန်ပေမည်။ မိမိလိုရာ ဆွဲယူမိလျှင် မှားသွားပေမည်။

## ဋီကာပြဝါတနည်း

၎င်း ဋီကာပြ ဝါ- တနည်းပြနည်းမျိုးဖြင့် အခြားကာယာနုပဿနာ ၅ပိုင်းတို့မှာလည်း။ ဝါ၊ တနည်းတွေလုပ်နိုင်သေးသည်။ လုပ်နိုင်ပုံမှာ

ပုံစံဘခုအနေဖြင့် အာနာပါနပဗ္ဗဇတွက် လုပ်လိုသော် ရှိရ်းစွဲ မဂ္ဂိုတော်တို့အနက်

"သောသတော၀ အဿသတိမ္မ၊ ရဿံပဿသာမိတိ ပဇာနာတိ" အတွ

ဒေသနာစုကား အာနာပါကို ပဓာနပြု၍ ကာယကို အပဓာပြုနကာ ဟော ညွှန်သွားသည်။

ယခုအခါ အာနာပါနကို အပဓာနထားပြီး ကာယကို ပဓာနပြုဟောလို၍ "သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမိတိ သိက္ခတိ" စသည်ကို မိန့်တော်မူ သည်ဟု ဆိုပြန်က ဖြစ်နိုင်ပြန်သည်။ အဓိပ္ပါယ်မှာ မထူးခြားလှပေ။ ယင်းသို့ မထူးခြား၍လည်း အဋ္ဌကထာ ဆရာရှင်ကမူ ဝါ-တနည်းမလုပ်ခဲ့တော့ပေ။

သို့ရာတွင် နိဗ္ဗာန်ကိစ္စကိုပြသော ဒီဃနိကာယ သီလက္ခန္ဓဝဂ် ကေဝဋ္ဋသုတ်လာ "သဗ္ဗတောပဘံ" အရမှာကား အဋ္ဌကထာ ဆရာကြီးကသာ ဝါ-တနည်းထပ်ဖွင့်ပြ၍ ဋီကာဆရာက ဝါ၊ တနည်းမပြတော့ပေ။

## ဝါ နှင့် အတဝါ တို့၏အနက်များ

၁။ ဝါ သဒ္ဒါ၏ အနက်

က။ ဝါ-ကုဓာက နိပါတေသု စန္ဒိမှိ ပါဿကာရိယေ၊ ဂတိ ဝန္ဒန သမေသု အာဒါနေ ပဝတ္တရေပိ၊

| | |
|---|---|
| ၁။ ဓာတ်နက်။ | ၆။ အနှိုင်းနှံခြင်းအနက်။ |
| ၂။ နိပါတ်နက်။ | ၇။ ငြိမ်သက်ခြင်းအနက်။ |
| ၃။ စန္ဒိနတ်အနက်။ | ၈။ ယူခြင်းအနက်။ |
| ၄။ ပါကို၀ပြုခြင်းအနက်။ | ၉။ ဖြစ်ခြင်းအနက်။ |
| ၅။ သွားခြင်းအနက်။ | |

ဟူ၍ ပေါင်း ၉ နက်။ (ဤကားသဒ္ဒါငယ်အလို)

ခ။ သမုစ္စယေ ဓေါပမာယံ၊ သံသယေ ပဒပူရဏော။
ဝဝတ္တိကံ ဝိဘာသာယံ၊ ဝါ-ဝိဿဂ္ဂေ ဝိကပ္ပနေ။
ပဋိဘာဂ၀ေတ္တ ယထာစ သေယျထာပျေ၀ မေ၀ံ ဝါ။

| | |
|---|---|
| ၁။ ပေါင်းစည်းခြင်း။ | ၅။ ရုပ်အထူးပိုင်းခြားခြင်း။ |
| ၂။ ဥပမာဆောင်ခြင်း။ | ၆။ ဆုံးဖြတ်ခြင်း။ |
| ၃။ ယုံမှားခြင်း။ | ၇။ အထူးကြံခြင်း။ |
| ၄။ ပုဒ်ပြည့်ရုံရှိခြင်း။ | ၈။ ပုံတူခင်းပြခြင်း |

ဟူ၍ ပေါင်း ၈ နက်။

**အထက်က** နက်နှင့် ပေါင်းသော် ၁၇ နက်ဖြစ်သည်။ ယင်း ၁၇ နက်တို့ကို ဌာန်အားလျော်စွာ ဟောဆိုညွှန်ပြပေ၏။

၂။ အထသဒ္ဒါ၏အနက်

၀။ အထောထာ- နန္တရာရမ္ဘ၊ ပဥ္စသု ပဒပူရဏေ

အထောသဒ္ဒါနှင့် အထသဒ္ဒါ ၂ ခုတို့သည်၊

၁။ အခြားမရှိခြင်း။ ၃။ မေးခြင်း။
၂။ အားထုတ်ခြင်း။ ၄။ ပုဒ်ပြည့်ရုံရှိခဲ့ခြင်း

၄ နက် မှာ ဖြစ်၏။

၃။ အထဝါသဒ္ဒါ၏ အနက်

**အထနှင့် ဝါ ၂ ပုဒ်ပေါင်းသော** အထ ဝါသဒ္ဒါသည်ကား အထက်ပါ ဝါ သဒ္ဒါနှင့် ထင်တူ ၁၇ နက်ထိထွက်နိုင်၏။ ဤသို့ ဝါ သဒ္ဒါနှင့်အထ ဝါ သဒ္ဒါတို့သည် အနက်များစွာဟောနိုင်သော်လည်း ဌာနရူပ ဌာနအလိုက် လျော်ကန်သလို ရွေးနှုတ်ယူရပေသည်။

## ဋီကာလာ ဝါ သဒ္ဒါ

**အထက်၌ပြခဲ့သော** ပုရိမနယောဝါ ဟူ လာရှိသော ဋီကာဆရာ၏ ဝါ၊ သဒ္ဒါအနက်ကား ဝါ အနက်(၁၀) နက်တို့အနက်(ဝိက ပ္ပနေ) အရ အထူးကြံဆခြင်းအနက်ပင်ဖြစ်သည်။ ယင်းအနက်ကို "အထဝါ"နှင့်လည်း ပြောင်းလှဲ၍ သုံးနိုင်သည်။

ထိုကြောင့် ကျမ်းပြုနည်းပြ ရှေးဆရာ ပဏ္ဍိတတို့သည်၊

ဝါ အထဝါတိ ဝိကပ္ပေ၊ ဝုတ္တော ပုဗ္ဗာ ဝလမ္ဗဏော

ပရိစ္စာဂေ မို ဘာသန္တိ၊ ပဏ္ဍိတာနယကောဝိဒါ ဟု ဂန္ထာဘင်္ဂ၌ မိန့်လာလေသည်။

## အနက်

ဝိကပ္ပေ၊ အထူးကြံဆခြင်းအနက်ရှိသော၊ ဝါ၊ တသီးကြံဆခြင်း အနက်ရှိသော။ ဝါ-အထဝါတိ- ဝါသဒ္ဒါနှင့် အထဝါသဒ္ဒါနှစ်ခုကို၊ ပုဗ္ဗာဝလမ္ဗဏော၊ ရှေးဆိုခဲ့ပြီးအပေါ်၌ မှီလျက်ရှိ၏ဟူ၍။ ဝုတ္တော၊ ပညာရှိတို့ ဆိုအပ်၏။ ပရိစ္စာဂေမှို၊ ရှေးဆိုခဲ့ပြီးအနက်ကို စွန့်ပယ်ရာမှာလည်း။ နယကောဝိဒါ၊ နည်း

ဥပါယ်ကို လိမ္မာကြကုန်သော၊ ပဏ္ဍိတာ၊ ပညာရှိအချို့တို့သည်။ ဘာသန္တိ၊ ဆိုကြကုန်သေး၏၊

## သန္ဒိမုခမတ္တသာရ ဋီကာအဆို

ထို့ပြင် သန္ဒိမုခမတ္တသာရ ဋီကာမှာကား၊

ဝါ၊ အထဝါတိ ဝုတ္တေ ပုဗ္ဗနယေ သန္ဒိဿိတော၊ အပိစာပိ ဝုတ္တေ ပုဗ္ဗနယ ပရိစ္စာ ဂေါယော ဝိသေသောတိ ဂမျတေ။

## အနက်

ဝါ အထဝါတိ ဝုတ္တေ-ဝါနှင့် အထဝါတို့မှ တခုခုကိုဆိုရာ၌ ဝါ-ဆိုခဲ့သော်။ ပုဗ္ဗနယေ-ရှေ့ကဆိုခဲ့ပြီးနည်း၏ အပေါ်မှာ၊ သန္ဒိဿိတော-တပိုင်းမှီလျက်ရှိ၏။ ဝါ-အလုံးစုံ လွတ်ရိုး စွန့်ရိုးမရှိ။ အပိစာပိဝုတ္တေ-အပိစဟူ၍ ဆိုခဲ့မူကား၊ ပုဗ္ဗနယပရိစ္စာဂေါယော-ရှေ့ကဆိုခဲ့ပြီးနည်းကို လုံးဝ စွန့်လွှတ်လိုက်တော့သည်သာလျှင်။ ဝိသေသော-ထူး၏၊ ဝါ-အပိစနှင့် အထဝါတို့ကို အသုံးပြုရမှု၏ ထူးခြားဟန်ကို၊ ဂမျတေ-သိအပ်၏။

## ဆိုလိုချက်

အဋ္ဌကထာနှင့် ဋီကာ စသော ကျမ်းဂန်တို့၌ ရှေ့၌ပြခဲ့ပြီးအပြင် နောက်၌ နည်းအသစ်ကို ပြလိုရာ၌ ဝါသဒ္ဒါ အထဝါသဒ္ဒါ အပရောသဒ္ဒါ အပရေနယောသဒ္ဒါ ပုန စ အပရံသဒ္ဒါတို့ကို သုံးစွဲမှုပြုကြရသည်။

ယင်းသို့ သုံးစွဲရာ၌ နောက်နည်းမှာ တပိုင်းတဝက်မျှကိုသာ အသစ်အဆန်း ထည့်သွင်း၍ ကျန်တပိုင်းကို ရှေ့ကပြခဲ့ပြီးနှင့် တူနေသောဖရာမျိုးဖြစ်လျှင် ဝါနှင့် အထဝါ ၂ ပုဒ်မှ တပုဒ်ပုဒ်ကို သုံးစွဲကြရိုးရှိသည်။

ထိုသို့မဟုတ်ပဲ ရှေ့ပြပြီးကို လုံးဝ အသုံးမပြုတော့ပဲ နောက်နည်းမှာ အသစ်အဆန်းသက်သက်ပြုလုပ်၍ ပြလိုသော် အပိုသော်လည်းကောင်း၊ အပရော သော်လည်းကောင်း၊ အပရေနယောသော်လည်းကောင်း၊ ပုန စ အပရံ သော်လည်းကောင်း ပြောင်းလွဲ၍ သုံးစွဲရိုးရှိပေသည်ဟု ဆိုလိုပေသည်။

## ပညာရှိအများ လက်ခံသောအဆို

အထက်ပါ ဂန္ဓာဘရဏဆရာ၏အဆိုနှင့် မုခမတ္တသာရ ဋီကာဆရာ၏အဆို ၂ ရပ်အနက် ဂန္ဓာဘရဏဆရာ၏ အဆိုသည် ရှုပ်ထွေးလျက်ရှိ၍ ပညာရှိ

အများက လက်မခံကြပဲ မုခမတ္တသာရ ဋီကာဆရာ၏အဆိုကိုသာ ဆရာအဆက်ဆက်နှင့် ပညာရှိများစွာတို့ လက်ခံခဲ့ကြပေသည်၊

ထိုကြောင့် ညောင်ကန်ဆရာတော် ဦးဗုဒ်ကလည်း

၁။ ကြောင်းကျိုး ၂ ခုတခုခု၊ လဲမှု ဝါ ထဝါ။

၂။ ၂ ခုလုံးပင်၊ ပြောင်းလိုလျှင်၊ လွှဲပြင်အပိစဟု ဆိုထားသည်။

အဓိပ္ပာယ်ကား ၁။ ရှေ့ပြခဲ့ပြီး ဝါကျတို့ဖြင့် ပြည့်စုံနေလျက် အကြောင်းထူးကို တဆင့်ထပ်ပြလို၍ဖြစ်စေ သို့မဟုတ် အကျိုးထူးကို ထပ်ပြလို၍ဖြစ်စေ ယင်းအကြောင်းသစ်နှင့် အကျိုးသစ်တမျိုးမျိုးကို ထပ်ပြလိုသောနေရာမျိုးမှာ ဝါ အထဝါ ၂ ပုဒ်အနက် လိုရာကိုသုံးနိုင်သည်။

၂။ ထိုသို့မဟုတ်ပဲ အကြောင်းနှင့်အကျိုး ၂ မျိုးလုံးကို ရှေ့ပြပြီးတို့နှင့် မတူပဲ သီးခြားအသစ်သက်သက် ပြောင်းလို၍ ပြလိုသောနေရာမျိုးမှာကား ဝါနှင့် အထဝါကို မသုံးနိုင်ပဲ အပိစပုဒ်မျိုးကိုသာ သုံးရသည်ဟုဆိုလိုသည်။

အပိစပုဒ်မျိုးတို့ဟူသည်ကား အပရောပုဒ် အပရောနယောပုဒ် ပုန စ အပရံပုဒ်မျိုးကို ဆိုလိုသည်။

အထူးမှတ်ဖွယ်။ လင်္ကာ၌ အကြောင်းနှင့်အကျိုးဟု လာရှိသော်လည်း သဒ္ဒါနှင့် အနက် ၂ ရပ်ကိုလည်း ပူးတွဲကာ အကြောင်းအကျိုးသဒ္ဒါ အနက် ၄ ချက်အထိ ယူရကြောင်းကို သတိပြု မှတ်သားရာ၏။

ထို့ပြင် တခါတရံမှာ ဒြပ်နှင့်ဂုဏ်ကိုပါ ယူရသောဌာနမျိုးရှိပြန်၍ အထက်ပါ ၄ မျိုးနှင့်တကွ ၆ မျိုးအထိ ယူရပုံကိုပါ အထူးမှတ်သားရာ၏။

## တွင်းကြီးဆရာတော်အဆို

ထိုကြောင့် တွင်းကြီးဆရာတော်ကလည်း:-

၁။ အနက် သဒ္ဒါ မပါကြွင်းကျန်၊ ဆိုလတ်ပြန်ရာ၊ ဝါ ထဝါ။

၂။ ရှေ့၌ဓိပ္ပာယ်၊ ကျယ်ရှဲခြိုးရာ၊ ဝါ ထဝါ။

၃။ ရှေ့၌ဆိုလတ်၊ စကားထပ်၍၊ ထူးရပ်ဆိုရာ၊ ဝါ ထဝါ။

၄။ အကြောင်းပလည်၊ အကျိုးလည်၊ ထားနည်းဆိုရာ၊ ဝါ ထဝါ။

၅။ အထဝါကား အကြောင်းတူ အကျိုးမူကား အပြား၊ အကျိုးတူ အကြောင်းမူကား အပြားဟူ၍လည်းကောင်း။

က။ အပိစ အပရောနယောတက်သောဝါကျ၊ ရှေ့အတ္ထမှ ထူးထအနက် ဆိုလျက်တက်။

၁။ အပိစခေါ၊ နည်းသစ်နှောက၊ ရွှေမှုဝိပ္ပာယ်၊ဝိသေသာ။

ဂ။ ရွှေမှုတစိတ်၊ ထူးရိပ်မှတ်နေ၊ အပရေသဒ္ဒါ သုံးအပ်စွာဟူ၍လည်း ကောင်းဆိုထားသည်။အဓိပ္ပာယ်မှာ အထက်ပါအတိုင်းဖြင့်သိသာပြီ။

## မိုင်းခိုင်းအဆို

ထိုပြင် စံကျောင်းမိုင်းခိုင်းနှင့် ရွှေရေးဆောင် ဆရာတော်ဘုရားကြီးများ ကလည်း—

၁။ အထဝါကား၊ ကြောင်းပြား ကျိုးတူ။ အကျိုးမူပြား၊ အကြောင်း ကား တူငြား ကေနိပြဟူ၍လည်းကောင်း၊

၂။ ဒြပ်ပြားလည်း၊ ဂုဏ်ကားတူမူ၊ သဒိသူ၊ တင်ယူဒဗ္ဗတ္ထဟူ၍ လည်း ကောင်း။

၃။ ရွှေနည်းစွန့်ခွာ၊ ကြောင်းကျိုးမှာ၊ ပြလာအပိစဟူ၍ လည်းကောင်း သံကွဲစွာ ဖော်ပြထားသည်။

## ဆိုလိုရင်းကား

ဝ၊ ၂။ ရွှေပြပြီးနှင့် တပိုင်းကို အတူထားပြီး တပိုင်းကိုသာ ရွှေမှုပြီးနှင့် မတူစေပဲ အပို အသစ်ပြောင်းလွှဲ၍ ပြလိုသောနေရာမျိုးမှာ ပေါက်ဖြစ်စေ၊ အထဝါကိုဖြစ်စေ တာဝန်ခံပုဒ်အနေဖြင့်ထားပြီး ပညာရှိများ ကျမ် များကို ရေးသားကြရပေသည်။

၃။ ထိုသို့မဟုတ် ရွှေပြပြီးနှင့် တပိုင်းတွင်မက ၂ ပိုင်းလုံးနှင့် လုံးဝမတူ စေပဲ အသစ်သက်သက် ပြလိုရမှာကား ဝါနှင့် အထဝါကိုမသုံးရပဲ(အပိစ) မျိုးကိုသုံးပြီး ကျမ်းဂန်တို့ကို ရေးသားရှိပြကြရသည်။

အပိစမျိုးဆိုသည်ကား အပရော အပရောနယော ပုန စ ပရံတို့သည် အပိနှင့်တူ၍ အပိစမျိုးဟုဆိုသည်။

ထိုအရဝါထဝါအသုံးနှင့် အပိစမျိုးအသုံးတို့၏ ထူးခြားချက်ကျမ်းဂန်ကို အဓိပ္ပာယ်ဖော်ထုတ်ရမှာသော်လည်းကောင်း၊ ကိုယ်တိုင် ပါဠိလိုကျမ်းရေးရာ မှာသော်လည်းကောင်း ကျမ်းဂန်သုံးပညာကို သိရှိကျွမ်းကျင်ဖို့ လိုလှပေသည်။

## ဋီကာဆရာပြ ဝါအတွက် အချုပ်ဆိုလိုချက်

ကာယာနုပဿနာ ဣရိယာပထပဗ္ဗလာ "ယထာ ယထာ ဝါ ပနဿ ကာယော"ဟု ဗုဒ္ဓဟောကြားချက် ဝါသဒ္ဒါ၏ဆိုလိုချက်ကို ဋီကာဆရာက (ပုရိမနယောဝါ)တု ဝါသဒ္ဒါဖြင့် ထပ်ကွန့်ပြချက်၌ ဋီကာဆရာက—

ဗုဒ္ဓဒေသနာ၌ ဂစ္ဆန္တော ဝါ-စသည်ဖြင့် အကျယ် ဟောပြချက်တပိုင်း။ ယထာ ယထာ ဝါ ပနဿကာယော-စသည်ဖြင့် အကျယ်ဟောပြချက်တပိုင်း အားဖြင့် ၂ ပိုင်း ဟောထားချက်ကို ဋီကာဆရာက ရှေ့အကျယ်ဟောချက် အပိုင်းက ဣရိယာပထကိစ္စကို ပဓာနထား၍ ဟောပြခြင်းဖြစ်သည်။ နောက် အကျဉ်းဟောပြချက်အပိုင်းက ကာယကိစ္စကို ပဓာနထား၍ ဟောပြခြင်းဖြစ် သည်ဟု ဉာဏ်နယ်သုံးစကားဖြင့် သုံးပြသွားပေသည်။

ယင်းစကားစုသည် သဒ္ဒါပညာဖြင့်ကြည့်ကလည်း ဝါသဒ္ဒါ၏အသုံးပြုရာ စည်းမျဉ်းအရ တပိုင်းကအတူဖြစ်ပြီး တပိုင်းက မတူရောင်သဘောကို ဉာဏ် စကားဖြင့် ဒြပ်နှင့်ဂုဏ်အနေစွဲကာပြောသွား၍ ဝါသဒ္ဒါ၏ စည်းမျဉ်းနှင့်လည်း ကိုက်ညီလျက်ရှိပေသည်။

## အချို့ပညာရှိတို့ ယထာ ယထာ ဝါ ပနဿ ကာယော ၌ ကာယအရ ယူထားချက်

သို့ရာတွင် ယင်းဉာဏ်နယ်သုံးစကား၌(ပညာရှိအချို့မှာ)ဝါ သဒ္ဒါ၏စည်း မျဉ်းမှာလည်းကောင်း။ ပါဠိတော် လာချက်တို့မှာ လည်းကောင်း။ ဋီကာ ဆရာ၏ ဉာဏ်ကိစ္စ မှာ သော် လည်း ကောင်း။ (ပ မာ ဒ လေ ခ) သဘော ဖြစ်သွား၍ ဝါ- သဒ္ဒါ၏ သ ဘာ ဝ ကို ဖယ် ထုတ် ပစ် ပြီး (အပိစ) ပုဒ်၏ သဘာဝကို မှားယွင်းစွာ သွင်းယူလိုက်တော့သဖြင့် ရှေ့၌ ပူးတွဲ၍ ဟောညွှန် ထားသော (ကာယနှင့် ဣရိယာပထ) အရနှင့်တကွ နောက်လာ (အတ္တ ကာယောတိ ဝါပနဿ) ပါဠိတော်အရကို ဖယ်ထုတ်လိုက်ကာ (က ခုန် ယိမ်း ယိုင်)စသော ဗုဒ္ဓအလို အဋ္ဌကထာအလို ဋီကာအလိုတို့နှင့်ပါ ဆန့်ကျင်နေသော ဣရိယာပထ ကာယမျိုးမှ အလွတ်ဖြစ်နေသော(ကာယဝိကာရ) ကိုယ်လှုပ်ရှား ဖောက်ပြန်မှုတို့ကို ဋီကာဆရာက ပြနေပါသည်ဟု ဆိုလာသဖြင့် ဘုရားကအစ သဒ္ဒါ စည်းမျဉ်းတို့နှင့်ပါ ဆန့်ကျင် နေပေတော့သည်။

## အမှန်လိုလားသော ပညာရှိများ သတိပြုဖို့

ထို့ကြောင့် အမှန်ရရှိရေးသည်သာ လိုရင်းဖြစ်၍ အမှန်လိုလားကြသော သောတုဇနတို့နှင့် သုတ ေဝေသီ ပညာရှိတို့သည်-

ဋီကာလာ ပုရိမနယော၀ါမှ ၀ါ သဒ္ဒါအရကို
အထက်တွင် အကျယ်ရှင်းပြခဲ့သော-
ပါဠိဒေသနာလာ ကာယာနုပဿနာ ၆ ပိုင်းတို့တွင်

၁။ သူ့ပဗ္ဗလာ သူ့ကာယချို့တွင် အခြားကာယမျိုး သွင်းယူသင့် မသင့်ကို လည်းကောင်း။

၂။ အဋ္ဌကထာ ဆရာကြီးနှင့် ဋီကာ ဆရာကြီး တို့ သမာနဝါဒအဖြစ် ဖွင့်ပြထားကြသော သမ္ပဇဉ်ပါဟိက အရသည် ဘယ်ကာယကိုသာ ယူသင့်သည်ကို လည်းကောင်း။

၃။ ဋီကာဆရာပြ- ပုရိမနယော၀ါ- ဖြင့် ပြဆိုသော ၀ါ သဒ္ဒါ၏အရဖြင့် ရှေ့အဋ္ဌကထာနှင့် အတူ ရှေ့ဦး ဖွင့်ပြခဲ့ပြီး သမ္ပဇဉ်ပါဟိက ၀စနံအရကို ဖျက်သိမ်းပစ်ရန် ဖော်ပြသော (အပိစ) အနက်ကို ပြဆိုသည့် ၀ါ သဒ္ဒါမျိုး ဖြစ်နိုင် မဖြစ်နိုင် ဖြစ်သင့် မဖြစ်သင့် ကိုလည်းကောင်း။

၄။ အကယ်၍ ဖြစ်သင့်သည်ဟု ဆိုမိပါက၊ ကာယ ၆ မျိုးကို ဗုဒ္ဓ ဟောကြားထားချက်သည် ပျက်စီး သွား မသွားကိုလည်းကောင်း။

အထက်တွင် ရှင်းလင်းပြဆိုချက်တွေကို အဖန်ဖန် သုံးသပ် ထောက်ဆပြီး သိဘောစ ပေါက်နိုင်ကြရာသတည်း။

---

## ပါဠိတော်

ဣတိ။ ၁။ အဇ္ဈတ္တံ ၀ါ ကာယေ ကာယာနုပဿီ ၀ိဟရတိ။

၂။ ဗဟိဒ္ဓါ ၀ါ ကာယေ ကာယာနုပဿီ ၀ိဟရတိ။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ ၀ါ ကာယေ ကာယာနုပဿီ ၀ိဟရတိ။

### အနက် ပြန်ဆိုချက်

ဣတိ- အထက်တွင် ရှုပွားပုံကို ညွှန်ပြခဲ့ပြီးအတိုင်း (ဤ ဣတိ- အောက် ၂ ချက်ကိုလည်းလိုက်)

၁။ အဇ္ဈတ္တံ- မိမိမှာ ရှိနေ၍ အတွင်းနယ်သဖွယ် ဖြစ်နေသော၊ ကာယေ- ဝါ- မိမိ၏ ရုပ်ခန္ဓာပေါ်မှာလည်း၊ ကာယာနုပဿီ- ဣရိယာပထ ကာယကိစ္စ အနေဖြင့် ရုပ်သဘာဝကို မြင်လာအောင်၊ အထပ်ထပ် ရှုပွားလျက်။ ဝါ- ရုပ်ခန္ဓာကို အချပ်သိစားရင်းငင် အကောင်ကြီး အနေဖြင့် မရှုပွားမသုံးသပ်ပဲ၊ အမြတ်သိစာရင်းငင် သွားမှု သဘာဝအနေ၊ ရပ်မှုသဘာဝအနေ၊ ထိုင်မှု သဘာဝအနေ၊ အိပ်မှု သဘာဝအနေဖြင့်သာ မြင်လာအောင် အထပ်ထပ် ရှုပွားလျက်၊ ဝိဟရတိ- နေ၏။ ဝါ- သိမြင်နေ၏။

၂။ ဣတိ- အထက်တွင် ရှုပွားပုံကို ညွှန်ပြခဲ့ပြီးအတိုင်း၊ ဗဟိဒ္ဓါ ဝါ- မိမိမှ အလွတ်ဖြစ်နေသော အပြင်နယ်သဖွယ် ဖြစ်နေသော၊ ကာယေ ဝါ- သူတပါးတို့၏ ရုပ်ခန္ဓာ ပေါ်မှာလည်း၊ ကာယာနုပဿီ- ဣရိယာပထ ကာယ ကိစ္စအနေဖြင့် ရုပ်သဘာဝကို မြင်လာအောင် အထပ်ထပ် ရှုပွားလျက် ဝါ- (ပ)လျက်။ ဝိဟရတိ- နေ၏။ ဝါ သိမြင်နေ၏။

၃။ ဣတိ- အထက်တွင် ရှုပွားပုံကို ညွှန်ပြခဲ့ပြီးအတိုင်း၊ အဇ္ဈတ္တ-ဗဟိဒ္ဓါ- ရံခါ အတွင်းနယ်၊ ရံခါ အပနယ်ဖြစ်နေသော၊ ကာယေ ဝါ- မိမိ၏ ရုပ်ခန္ဓာ ပေါ်နှင့်၊ သူတပါး၏ ရုပ်ခန္ဓာပေါ်မှာလည်း။ ကာယာနုပဿီ-ဣရိယာပထ ကာယ ကိစ္စအနေဖြင့် ရုပ်သဘာဝကို မြင်လာအောင် အထပ်ထပ်ရှုပွားလျက်။ ဝါ-(ပ)လျက်။ ဝိဟရတိ-နေ၏။ ဝါ-သိမြင်နေ၏။

---

## ပါဠိတော်

၁။ အာမုဒယ ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

၂။ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

၃။ သမုဒယ ဝယ ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

## အနက် ပြန်ဆိုချက်

၁။ ကာယသ္မိံ-ဣရိယာပထ ကိစ္စပြုဆဲ ကာယ ၄ မျိုး၌၊ ဝါ- ယင်းကာယ ၄ မျိုးတွင် ပြုနေဆဲ ကာယတမျိုးမျိုး၌၊ သမုဒယ ဓမ္မာနုပဿီ ဝါ- ယင်း ဣရိယာပထ ကာယတို့၏ ဖြစ်ပေါ်လာရန်နှင့် ဖြစ်ပေါ်စေသော အကြောင်း အဝဝတို့ကိုပါ၊ အထပ်ထပ် ရှုပွားလျက်လည်း၊ ဝိဟရတိ-နေ၏။

၂။ ကာယသ္မိံ-၌။ ဝယဓမ္မာနုပဿီ ဝါ-ယင်း ဣရိယာပထကာယတို့ ကွယ်ပျောက်ရန်နှင့် ကွယ်ပျောက်စေသော အကြောင်း အဝဝ တို့ကိုပါ၊ အထပ်ထပ် ရှုပွားလျက်။ ဝိဟရတိ- နေ၏။

၃။ ကာယသ္မိံ- ၌။ သမုဒယ ဝယဓမ္မာနုပဿီ ဝါ- ယင်း ဣရိယာပထ ကာယတို့ ဖြစ်ပေါ်ရန်နှင့်။ ဖြစ်ပေါ်စေသော အကြောင်းကို ရှုပွား၍၊ ရှုပြီးမှ ကွယ်ပျောက်ရန်နှင့် ကွယ်ပျောက်စေသော အကြောင်း အဝဝတို့ကိုပါ အထပ်ထပ် ရှုပွားလျက်၊ ဝိဟရတိ- နေ၏။

## နိဂုံးပြ ပါဠိတော်

၁။ အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။

၂။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။

၃။ အနိဿိတော စ ဝိဟရတိ။

၄။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။

၅။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

## အနက် ပြန်ဆိုချက်

၁။ ဝါပန– ဣရိယာပထ ကာယကိစ္စနှင့် ရှုပွားမှုမှန်သူတို့၌ အကျိုးထူး အဆင့်ဆင့်ရရှိပုံကို ထုတ်ဖော်ညွှန်ပြဦးအံ့။

အဿ- ရှုပွားမှု မှန်သာသော ထိုယောဂီအား။ ကာယောတိ- ကာယော ဧဝ- ပရမတ္ထကာယ သဘာဝမျှသည်သာ၊ ဝါ- အကောင်အထည် ကိုယ်ကြီး လည်း မဟုတ်၊ ပုံသဏ္ဌာန် ဒြပ်ကြီးလည်းမဟုတ် ပုဂ္ဂိုလ်ကြီး သတ္တဝါကြီး အထီးကြီး အမကြီးလည်းမဟုတ်ပဲ။ ဣရိယာပထ ကာယသဘာဝရုပ်သည်သာ လျှင်။ အတ္ထိတိ-ရှိနေပါတကားဟူ၍။ သတိ- ရှုသိနေသော မဂ္ဂင်သမ္မာသတိ သည်၊ ပစ္စုပဋ္ဌိတာ ဟောတိ-ပြတ်သားသဲကွဲစွာ ထင်နေတော့၏။

၂။ ယာဝဒေဝဉာဏမတ္တာယ- ဝိပဿနာ ဉာဏ်အမြင်ခေါ် ဉာဏ် စဉ်တို့ အဆင့်ဆင့် တိုးမြင့်သွားရန်လည်းကောင်း။ ယာဝဒေဝ ပဋိဿတိ မတ္တာယ- သတိမဂ္ဂင် အဆင့်ဆင့် တိုးမြင့်သွားရန်လည်းကောင်း။ ဟောတိ- ဖြစ်ပေ၏။

၃။ **အနိဿိတောစ၊** ကာကအမည်ရ ဟူသမျှအပေါ်၌ တဏှာအနေဖြင့် မှီတွယ်မှု၊ ဒိဋ္ဌိအနေဖြင့် မှီတွယ်မှုမပြုပဲလည်း၊ ဝိဟရတိ၊ နေနိုင်လာ၏။

၄။ ကိဉ္စိလောကေ၊ လောကအမည်ခံ ရုပ်နာမ်ဓမ္မ ဟူသမျှအပေါ်၌။ နစဥပါဒိယတိ၊ တဏှာစွဲ ဒိဋ္ဌိစွဲ အနေဖြင့်လည်း မစွဲလမ်းတော့ပေ။

၅။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဘိက္ခု၊ ရှုပွားနေသော ယောဂီရဟန်းသည်။ ဧဝမ္ပိ ခေါ၊ ဤအထက်ပါ ညွှန်ပြချက်တို့အတိုင်း၊ ကာယေ၊ ဣရိယာ ပထကာယ၌၊ ကာယာနုပဿီ၊ ဣရိယာ ပထကာယအနေဖြင့် ရှုပွားလျက်။ ဝိဟရတိ၊ နေရ၏။

ဣတိ၊ ဤတွင် ၂ ခုမြောက် ကာယာနုပဿနာ ဣရိယာ ပထကာယ ပိုင် ပြီးပြီ။

# (၃) သမ္ပဇညကာယပိုင်း

### ကာယာနုပဿနာ သမ္ပဇညပဗ္ဗ

### ပါဠိတော်

ပုန စပရံ ဘိက္ခဝေ ဘိက္ခု

၁။ အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ (၂ ပုဒ်)
၂။ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ (၂ ပုဒ်)
၃။ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ (၂ ပုဒ်)
၄။ သင်္ဃာဋိ ပတ္တ စီဝရ ဓာရဏေ သမ္ပဇာနကာရီ ဟောတိ (၁ ပုဒ်)
၅။ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ (၄ ပုဒ်)
၆။ ဥစ္စာရ ပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ (၂ ပုဒ်)
၇။ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ (၇ ပုဒ် စုစုပေါင်း ၂၂ ပုဒ်)

### သမ္ပဇညကာယပိုင်းအတွက် သတိပြုဖွယ်

ဤသမ္ပဇညကာယပိုင်းတွင် ပရိယတ္တိစာပေအမြင်ဖြင့် ပြန်ဆိုသောအနက်၊ ဇာနကာရီသိခေါ် (အများသိ) အမြင်ဖြင့် ပြန်ဆိုသောအနက်၊ သမ္ပဇာနကာရီသိခေါ် (အမြတ်သိ) အမြင်ဖြင့် ပြန်ဆိုသောအနက်။ ဝါ၊ ပဋိပတ္တိသိအမြင်ဖြင့် ပြန်ဆိုသောအနက် ဟူ၍ သုံးမျိုးသုံးစားခွဲကာ အနက်ပြန်ဆိုသွားမည်ကို ကြိုတင်၍သတိပြုထားပါလေ။ အနည်းငယ်ထင်၍ ရှင်းပါဦးအံ့။

အဘိက္ကန္တ၊ စသည်အရ ရှေ့သို့တက်မှု စသည်ကို ပြုနေဆဲမှာ အရိယာသစ္စာ ၄ တန်တို့ကို သိမြင်နိုင်အောင် (အနုဗောဓဉာဏ်သိ ပဋိဝေဓဉာဏ်သိမျိုးတွေ သိလာနိုင်ရန်) ဗုဒ္ဓက "သမ္ပဇာနကာရီ" ဟု ဟောညွှန်ထားသဖြင့် ယင်းဗုဒ္ဓ ဟောညွှန်ချက်အတိုင်း သိမြင်ရန် အထူးလိုအပ်လှပေသည်။ ထိုကဲ့သို့သိသေးလျှင် (သမ္ပဇာနကာရီသိ) မဖြစ်နိုင်သေးပဲ (ဇာနကာရီသိ)သာ ဖြစ်နေပေဦးမည်။

ယင်းသို့ မေ့သဘာဝရှိနေသဖြင့် တရားအားထုတ်သူများနှင့် တိရစ္ဆာန်တို့မှာလည်း အဘိက္ကန္တခေါ် ရှေ့သို့တက်မှုတွေ ပြုလုပ်လျက်ရှိရာ ယင်းတို့သည် သမ္ပဇာနကာရီအသိမျိုး မဟုတ်ပဲ ဇာနကာရီအသိမျိုးသာ ဖြစ်နေပေသည်

ထို့အတူ ဟရားအားထုတ်စ ပုဂ္ဂိုလ်မှာလည်း သမ္ပဇာနကာရီသိမျိုးမှရောက် ခင်မှာ ဇာနကာရီအသိမျိုးလောက်သာ ရှိနေပေဦးမည်။

ထို့ကြောင့် ဗုဒ္ဓဟော "သမ္ပဇာနကာရီ ဟောတိ" သို့အရသည် ဝိပဿနာ စညာတို့ဖြင့် သိမြင်ခိုက် သိနိုင်ခိုက်ကိုသာ ရယူနိုင်၍ ရှေ့တိုးနောက်ဆုတ်စေါ် အဘိက္ကန္တနှင့် ပဋိက္ကန္တ စသော ကာယ ၂၂ မျိုးကိုကို ပြုလုပ်နေကြသော တိရစ္ဆာန်များနှင့် လူသများ နတ်အများ ဗြဟ္မာအများတို့မှာ သမ္ပဇာနကာရီ သိမျိုး မဖြစ်နိုင်ကြပဲ ဇာနကာရီသိစာရင်းဝင် မောဟသိ မာနသိ ဒိဋ္ဌိသိတို့ နှင့် ပညာသိ စိတ်သို့ခေါ် ဝိပလ္လာသသိမျိုးသာ အဖြစ်များကြလေသည်ကို သဘောပေါက်နိုင်ကြရာ၏။

ယင်းအချက်စုတို့ကို ထောက်ရှုပြီး သမ္ပဇညကာယပိုင်းလာ ကာယ ၂၂ မျိုးတို့အတွက် အထက်က တင်ပြခဲ့သော အနက်ပြန်ဆိုချက် ၃ မျိုးဖြင့် ပြဆို သွားပေအံ့။

## အနက်ပြန်ဆိုချက်

ဘိက္ခု ၁၀၊ ရဟန်းတို့၊ စပရံ-စအပရံ၊ ကာယာနုပဿနာ အဖြစ်ဖြင့် ရှုပွား ရန် အခြား ရှုပ်ကမ္မဋ္ဌာန်းတမျိုးကို။ ၀ါ၊ ဣရိယာ ပထရှုပ်ကမ္မဋ္ဌာန်းရှုပွား နည်းမှဘ ါး သမ္ပဇညကာယရှုပ်ကမ္မဋ္ဌာန်း ရှုပွားယူပုံ နောက်တမျိုး၊ နောက် တနည်းကို။ ပုန၊ ထပ်ဆင့်၍ ပြည့်ပေဦးအံ့။

### (က) ပရိယတ္တိနယ်သိအနက်၊ ၀ါ-စာပေနယ်သိအနက်

ဘိက္ခု၊ အဘိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ

ဘိက္ခု-သံသရာဘေးကို ရှုလေ့ရှိသော ယောဂီရဟန်းသည်။ အဘိက္ကန္တေ၊ ရှေ့သို့တိုးသည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍ ပြုလေ့ရှိသည်၊ ၀ါ၊ သတိ ပညာနှင့် ယှဉ်တွဲ၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်ပေ၏။

### (ခ) အများသိ ဇာနကာရီနယ်သိ အနက်

ဘိက္ခု၊ အဘိက္ကန္တေ ဇာနကာရီ ဟောတိ။

ဘိက္ခု-တရားအားမထုတ်သေးသော ယောဂီရဟန်းနှင့် ရှုပွားခါစ ယောဂီ ရဟန်းသည်။ အဘိက္ကန္တေ-ရှေ့သို့ တိုးရာ တက်ရာ၌၊ ဇာနကာရီ-ကိုယ်ကောင် ကြီး ခြေထောက်ကြီး တိုးနေသည် တက်နေသည်ဟု သိလျက်ရှိသည်။ ဟောတိ-ဖြစ်၏။

## တကိုယ်လုံး ရှေ့တိုးချက်

ဤကား အဘိက္ကန္တေအရ တကိုယ်လုံး ရှေ့သို့ တိုးနေခိုက် တက်နေခိုက်၌။ (ဇာနကာရီ)သိမျိုးအတွက် နမူနာပုံစံ ဘည်း။ ဝါ- အဝိဇ္ဇာဦးစီ သော တဏှာ မာန ဒိဋ္ဌိဘမျိုးမျိုး ဦးစီးနေသည့် "မညနာသိ" စာရင်းဝင်နှင့် သညာ စိတ္တ တမျိုးမျိုးနှင့် သိနေသည့် "ဝိပလ္လာသသိ" စာရင်းဝင် (ဇာနကာရီ) သိမျိုး အတွက် နမူနာပုံစံချဖြစ်သည်။

## တပိုင်းရှေ့တိုးချက်နှင့် တစိတ်မျှ ရှေ့တိုးချက်များ

ထို့ပြင် ထိုင်နေစဉ်မှာ အထက်ပါးတပိုင်း ရှေ့သို့ တိုးစဉ်မှာလည်းကောင်း၊ ဂုတ်အဆက်မျှ ရှေ့သို့ တိုးစဉ်မှာလည်းကောင်း။

ထိုင်နေ အိပ်နေရာမှ ဘယ်နှင့်ညာ လိုရာခြေထောက်ကို ရှေ့သို့ တိုးစဉ်မှာ လည်းကောင်း၊ ဘယ်ညာ ဒူး ၂ဘက် ထောင်နေခိုက် ယင်းဒူးဆောက်ခြေကို ရှေ့သို့ တိုးနေစဉ်မှာလည်းကောင်း၊ လှဲထားသောခြေဖဝါးကို ရှေ့သို့ တိုးစဉ် မှာလည်းကောင်း၊ ခြေဖျားကလေးတွေကို ရှေ့သို့ တိုးစဉ်မှာလည်းကောင်း။

တတောင်ဆစ်အောက်လက်ကို ရှေ့သို့ တိုးစဉ်မှာလည်းကောင်း၊ လက် ကောက်ဝတ်အပိုင်းကို ရှေ့သို့ တိုးစဉ်မှာလည်းကောင်း၊ လိုရာလက်ချောင်း တခုခုကို ရှေ့သို့ တိုးစဉ်မှာလည်းကောင်း၊ တပိုင်းတစိတ်မျှ ရှေ့တိုးနေခြင်း ဖြစ်သည်။ ယင်း၌လည်း အဘိက္ကန္တအရ (ဇာနကာရီသိ)အဖြစ် သိကြပုံကို အထက်ပါ တကိုယ်လုံးတိုးကိုထောက်၍ သဘောပေါက်ကြရာ၏။

## (ဂ) ပဋိပတ္တိနယ်သိအနက်

ဘိက္ခု၊ အဘိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု-ရှုပွားဖန်များလာ၍ သတိအားကောင်းလာသဖြင့် သမာဓိနှင့် ပညာတို့ပါ ပူးတွဲသိလာသော အမှန်မြင်ယောဂီရဟန်းဆည်။ ဝါ-ဒိဋ္ဌိဝိသုဒ္ဓိ စသည်တို့ ဝင်လှာဖြစ်လာသော ယောဂီရဟန်းသည်။

အဘိက္ကန္တေ-ရှေ့သို့ တိုးရာ တက်ရာ၌။ ဝါ-တကိုယ်လုံးတိုးရာ၊ ကိုယ် တပိုင်းတိုးရာ၊ ခေါင်း လက် ခြေတို့မှ အစိတ်အပိုင်းတခုခုတိုးရာ၊ တက်ရာ၌။ ဝါ-ယင်း ရှေ့တိုးမှုကိစ္စအစုကို အဆင့်ဆင့်အထပ်ထပ် ပြုလုပ်နေစဉ်မှာ။ ဝါ- စိတ်ဦးလှည့်ရာဘက်သို့ တကိုယ်လုံးသော်လည်းကောင်း၊ တပိုင်းကိုသော်လည်း ကောင်း၊ တစိတ်သော်လည်းကောင်း တိုးမှု ရွေ့မှုကို လိုရာရောက်သည်အထိ ဆက်ကာ ဆက်ကာ အထပ်ထပ်ပြုနေစဉ်မှာ။ သမ္ပဇာနကာရီ ရှေ့တိုးမှုခေါ် ပရမတ္ထသဘာဝဖြစ်သော အထဲက တွန်းနေ တိုးနေ ရွေ့နေမှုအဆင့်ဆင့်တို့

နှင့် အသပ်ထပ်တွေ ပြုလုပ်နေသည်တို့ကို တွေ့လာ သိလာ မြင်လာလျက်ရှိလာသည်။ ဟောတိ-ဖြစ်၏။ ဝါ-ကိုယ်ကြီး၊ခြေထောက်ကြီး၊ခါး၊ခေါင်း၊လက်၊ ခြေဖျား၊ လက်ဖျားတို့ ရှေ့တိုးနေမှုအစား တွန့်မှု တိုးမှု ရွေ့မှု အဆင့်ဆင့်တို့နှင့် အသပ်ထပ်တို့သာ ပြုလုပ်နေချက်ပါတကားဟု ပရမတ္ထသဘာဝ ကြီးသာအခြင်းအရာမျှကိုသာ သိလာ မြင်လာ တွေ့လာသည်။ ဟောတိ-ဖြစ်၏။

အညွှန်း—ဤကား အဘိက္ကန္တ ရှုကွက်အတွက် ပရမတ္ထသဘာဝ အရှုခံအာရုံ ပေါ်လွင်ရုံ အနက်ဖော်ပေးလိုက်သည်၊ ထိုအက်အကျယ်ကို အရိယာတို့သွား ဉာဏ်ခေလုကားကျမ်းကြီးတွင်လည်း ရှုနိုင်သည်။ ဣရိယာပထကာယကို နည်းမှီ၍သည်း သိနိုင်သည်။

## (က) ပဋိက္ကန္တအတွက် ပရိယတ္တိနယ်သိအနက်

ဘိက္ခု ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု-သံသရာဘေးကို ရှုလေ့ရှိသော ယောဂီရဟန်းသည်။ ပဋိက္ကန္တေ-နောက်သို့ ဆုတ်သည်ရှိသော်။ သမ္ပဇာနကာရီ-ပညာဖြင့် ဆင်ခြင်၍ပြုလေ့ရှိသည်။ ဝါ-သတိ ပညာနှင့်တွဲ၍ ပြုလေ့ရှိသည်။ ဟောတိ-ဖြစ်၏။

## (ခ) အများသိ ဇာနကာရီနယ်သိအနက်

ဘိက္ခု ပဋိက္ကန္တေ ဇာနကာရီ ဟောတိ။

ဘိက္ခု-တရားအားမထုတ်သေးသော ယောဂီရဟန်း၊နှင့် တရားအားထုတ်စယောဂီရဟန်းသည်။ ပဋိက္ကန္တေ-နောက်သို့ ဆုတ်စဉ်မှာ။ ဇာနကာရီ ကိုယ်ကောင်ကြီး ခြေထောက်ကြီး ဆုတ်နေသည်ဟု သိလျက်ရှိသည်။ ဟောတိ-ဖြစ်၏။

အညွှန်း—ဤ၌လည်း အထက် အဘိက္ကန္တကဲ့သို့ တကိုယ်လုံး တပိုင်းတစိတ် နောက်ဆုတ်မှုသဘောကို သိပါလေ။

## (ဂ) ပဋိပတ္တိနယ်သိအနက်

ဘိက္ခု ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု-ရှုပွားဖန်များလာ၍ သတိအားကောင်းလာသဖြင့် သမာဓိနှင့် ပညာတို့ပါ ပူးတွဲသိလာသော အမြင်မှန်ယောဂီရဟန်းသည်။ ဝါ-ဓိဋ္ဌိဝိသုဒ္ဓိစသည်တို့ ဝင်လာ ဖြစ်လာသော ယောဂီရဟန်းသည်။

ပဋိက္ကုခန္တ-နောက်သို့ ပြန်ဆုတ်စဉ်မှာ။ ဝါ-ပြန်ဆုတ်မှုကိစ္စကို ပြုလုပ်နေစဉ်မှာ။ ဝါ-ပြန်ဆုတ်မှုကိစ္စစုကို အဆင့်ဆင့်အထပ်ထပ် ပြုလုပ်နေစဉ်မှာ။ သမ္ပဇာနကာရီ-ပြန်ဆုတ်မှုခေါ် တွန်းနေ တိုးနေ ရွေ့နေမှုအဆင့်ဆင့်တို့နှင့် အထပ်ထပ်တွေ ပြုလုပ်နေသည်တို့ကို တွေ့လာ သိလာ မြင်လာလျက် ရှိလာသည်။ ဟောတိ-ဖြစ်၏။ ဝါ ကိုယ် ခြေထောက် ခါး ခေါင်း လက်ခြေဖျား လက်ဖျားတို့ ရွေ့တိုးမှုအစား တွန်းမှု တိုးမှု ရွေ့မှုအဆင့်ဆင့်တို့နှင့် အထပ်ထပ်တို့သာ ပြုလုပ်နေချက်ပါတကားဟု ပရမတ္ထသဘာဝ ကြိယာအခြင်းအရာမျှကိုသာ သိလာ မြင်လာ တွေ့လာသည်။ ဟောတိ-ဖြစ်၏။

## (က) အာလောကိတအတွက် ပရိယတ္တိနယ်သိအနက်

ဘိက္ခု အာလောကိတေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု-သည်။ အာလောကိတေ မျက်လုံးတည့်တည့်ကြည့်စဉ်မှာ။ ဝါ-ကြည့်ခဲ့လျင်၊ ဝါ ကြည့်ခဲ့သော်၊ ဝါ-ကြည့်ခိုက်မှာ။ သမ္ပဇာနကာရီ-သတိပညာနှင့် ကြည့်လေ့ရှိသည်။ ဝါ-သမ္ပဇဉ် ၄ ပါးနှင့်အညီ ကြည့်လေ့ရှိသည်။ ဟောတိ-ဖြစ်၏။

## (ခ) အများသိ ဇာနကာရီနယ်သိအနက်

ဘိက္ခု အာလောကိတေ ဇာနကာရီ ဟောတိ၊

ဘိက္ခု-သည်၊ အာလောကိတေ-မျက်လုံးနဲ့ တည့်တည့်ကြည့်နေစဉ်မှာ။ ဇာနကာရီ-ငါ တည့်တည့်ကြည့်နေသည်၊ ကြည့်တတ်သည်၊ ကြည့်နိုင်သည်ဟု သိသည်။ ဝါ-မျက်လုံးကြီးကိုသာ သိနေသည်၊ ဟောတိ-ဖြစ်၏။

## (ဂ) ပဋိပတ္တိနယ်သိအနက်

ဘိက္ခု-သည်။ အာလောကိတေ ကြည့်သောမျက်လုံးကို တည့်တည့်ထားခိုက်မှာ။ ဝါ ထားစဉ်မှာ။ သမ္ပဇာနကာရီ မျက်လုံးတည့်မှုကို ရွေ့မသွား ပျောက်မသွား ပျက်မသွားရအောင် ထိန်းကိစ္စ ထားကိစ္စကို ထပ်ခါထပ်ခါ ထားပေးနေရ ထိန်းပေးနေရပါတကားဟု အဇ္ဈတ္တဗျာပါရသဘာဝကို သိလာလျက် သိနေလျက်ရှိသည်၊ ဟောတိ ဖြစ်၏။

ဝါ- သမ္ပဇာနကာရီဟောတိ- မြင်ရမှု အဆင်းအာရုံကို သိရရန်မဟုတ်ပဲ၊ ကြည့်ရန် တည့်တည့်ထားရှိသော မျက်လုံးသည်သာ ရွေ့မသွား ပြောင်းမသွား ပျက်မသွားရအောင် အတွင်းမှ ထိန်း ပေး ရ ထား ပေး ရ ကိစ္စတို့ကိုသာ

ထပ်ခါ ထပ်ခါ ပြု ပြုနေရပါတကားဟု အဇ္ဈတ္တဗျာပါရ သဘာဝကိုသာ ရှုနေ၍က် ဒလစပ် သိသိနေလျက်ရှိတော့၏။

### အထူးသတိချပ်ဖွယ်

ဤသမ္ပဇညပဗ္ဗကိစ္စသည် ကာယာနုပဿနာ ကိစ္စဖြစ်၍ မိမိတို့၏ အဇ္ဈတ္တကာယဖြစ်သော မျက်လုံးကိုသာ အရှုခံ အာရုံခံအဖြစ် ထား၍ ရှုပွားရသည်။ မျက်လုံးမှတဆင့် မြင်ရသော ရူပါရုံကိစ္စကို အာလောကိ တကိစ္စအနေဖြင့်မှ ရှုပွားရပေ။ ရှုပွားခဲ့လျှင်(ရူပေ ဝဲဇာနာတိ) ဟူသော ဓမ္မာနုပဿနာဘက်ရောက်သွား၍ အနုပဿနာချင်း ရောထွေးသွားတော့ရာ ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သွားသဖြင့် မှားတော့သည်။

ပညာရှိအချို့ အာလောကိတနှင့် ဝိလောကိတအရကို (ရူပါရုံ ရူပါယတန)တို့ကို ရှုပွားရန် ရှုပွားနိုင်သည်ဟု ညွှန်ပြနေချက်ကို တွေ့ရှိရ၍ ဓမ္မသံဝေဂ ယူမိတော့သည်။

### (က) ဝိလောကိတေအတွက် ပရိယတ္တိနယ်သိ အနက်

ဘိက္ခု ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု- သည်။ ဝိလောကိတေ- တည့်တည့် မနေ၊ ခေါင်းစွေ ငုံ့မော့လှုပ်ဆော့လှည့်ပြန်၊ မှုမှန်မရှိ၊ အမျိုးမျိုးလှည့်၍ကြည့်ခဲ့လျှင်၊ ကြည့်ခဲ့သော်၊ ကြည့်စဉ်ကြည့်ခိုက်မှာ။ သမ္ပဇာနကာရီ- သတိပညာဖြင့် ကြည့်လေ့ရှိသည်။ ဝါ-သမ္ပဇဉ် ၄ ပါးနှင့်အညီ ကြည့်လေ့ရှိသည်။ ဟောတိ- ဖြစ်၏။

### (ခ) အမျှားသိ ဇာနကာရီနယ်သိ အနက်

ဘိက္ခု ဝိလောကိတေ ဇာနကာရီ ဟောတိ။

ဘိက္ခု- သည်။ ဝိလောကိတေ- တည့်တည့်မထား၊ စွေသွား စောင်းငုံ့၊ မော့လှုပ်ဆော့လှည့်ပြန်၊ သတိပညာနှင့်မကင်း၊ လောဘ မောဟတို့ ဆွဲသည့်အတိုင်း ကြည့်ခဲ့သော်၊ ကြည့်စဉ်ကြည့်ခိုက်မှာ၊ ဇာနကာရီ- စွေ စောင်းငုံ့မော့လျက် ငါကြည့်နေသည်၊ ဝါ-ငါစွေကြည့်နေသည်။ စောင်းကြည့်နေသည်။ ငုံ့ကြည့်နေသည်။ မော့ကြည့်နေသည်ဟု ငါသိလျက် ရှိသည်။ ဟောတိ- ဖြစ်၏။

## (ဂ) ပဋိပတ္တိနယ် သိ အနက်

ဘိက္ခု ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု- သည်။ ဝိလောကိတေ- မျက်လုံးကို တည့်တည့်မထားပဲ ကြည့်ခိုက်၌။ ဝါ- မျက်လုံးကို တည့်တည့်မထားပဲ၊ စွေစောင်း ငုံ့ မော့ စသည် တမျိုးမျိုး ထား၍ ကြည့်ခိုက်၌။ ယင်းထားအညွှန်းအတိုင်း ရွေ့မသွား ပြောင်းမသွား ပျက်မသွားရအောင် ထိန်းပေးမှု ထားပေးမှုတို့ကို ထပ်ခါထပ်ခါ အတွင်းမှ ပြုပြင်ပေးနေရပါတကားဟု သိလျက်ရှိသည်။ ဟောတိ-ဖြစ်၏။ ဝါ-မူလထားချက်အတိုင်း သိနေ အာရုံပြုနေမှုဟူသော (ဂေါစရသမ္ပဇဉ်) နှင့် မူလထားချက်အတိုင်း ထပ်ခါထပ်ခါ ထားပေးနေ၊ ထိန်းပေးနေသော အတွင်းဗျာပါရစုကို လိုက်၍ လိုက်၍ သိနေသော (အသမ္မောဟ သမ္ပဇဉ်)တို့ ဖြစ်လျက်ရှိပုံကို သိလျက်ရှိနေသည်၊ ဟောတိ- ဖြစ်၏။

## (က) သမိဉ္ဇိတေအတွက် ပရိယတ္တိနယ်သိ အနက်

ဘိက္ခု သမိဉ္ဇိတေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု- သည်၊ သမိဉ္ဇိတေ- အဆစ်ရှိရာ ကွေးလို ရနိုင်သော နေရာမှ ကွေးသည်ရှိသော်၊ ကွေးခဲ့သျှင်၊ ကွေးစဉ်မှာ၊ သမ္ပဇာနကာရီ-ကွေးမှုကို သတိပညာတို့ဖြင့် သိလျက်ရှိသည်။ ဟောတိ- ဖြစ်၏။ ဝါ- သမ္ပဇဉ် လေးပါးနှင့် အညီ သိလျက်ရှိ၏။

## (ခ) အများသိ ဇာနကာရီနယ်သိ အနက်

ဘိက္ခု- သမိဉ္ဇိတေ ဇာနကာရီ ဟောတိ။

ဘိက္ခု- သည်၊ သမိဉ္ဇိတေ- ကွေးလိုရသော နေရာတခုခုမှ ကွေးနေစဉ်၊ ကုန်းနေစဉ်မှာ၊ ဇာနကာရီ- လက်တွေ ခြေတွေနှင့် ဂုတ်တွေ ခါးတွေ၊ ကွေးနေသည်၊ ကုန်းနေသည် ကောက်နေသည်ဟု သညာနှ် ဒြပ် တို့နှင့် ပူးတွဲ၍ သိလျက်ရှိသည်။ ဟောတု- ဖြစ်၏။

## (ဂ) ပဋိပတ္တိနယ်သုံး အနက်

ဘိက္ခု သမိဉ္ဇိတေ သမ္ပဇာနာရီ ဟောတိ။

ဘိက္ခု- သည်။ သမိဉ္ဇိတေ- ကိုယ် တနေရာရာမှ ကွေးမှု ကွေးကိစ္စကို ပြုလုပ်ခိုက် ပြုလုပ်ရစဉ်မှာ၊ သမ္ပဇာနကာရီ- ကွေးမှု ကိစ္စစုကို သညာသိ စိတ်သိ မောဟသိမျိုးကို ကျော်လွန်ပြီး သတိသိ ပညာသိခေါ် ဒြပ်နှင့်

အသွင်သဏ္ဍာန်တွေ မပါပဲ အတွင်းမှ ပြုပေးနေသော ပရမတ္ထ ဗျာပါရကိုစ္စ ကိုသာ ကြိယာ ယေ်တွေ ဘဲ သွယ်သွယ် တို့ အနေဖြင့် သိလျက် သိလျက် ရှိသည်။ ဟောတိ- ဖြစ်၏။

ဝါ- ပရမတ္ထ ဗျာပါရဖြစ်သော တွန်း၊ တိုး၊ ရွေ့ လာ ကြိယာယေ် အသွယ်သွယ် အထပ်ထပ်တွေကိုသာ (ဂေါစရ)ခေါ် အာရုံအသွင်ထင်လျက် ဝိသုဒ္ဓိစဉ် ပရိညာစဉ် အဆင့်ဆင့် ဝင်မှုခေါ် (အသမ္မောဟ) သမ္ပဇဉ် အနေ ဖြင့် သိလျက်၊ သိလျက်ရှိသည်။ ဟောတိ- ဖြစ်၏။

## (က) ပသာရိတေအတွက် ပရိယတ္တိနယ်သိ အနက်

ဘိက္ခု ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊

ဘိက္ခု- သည်။ ပသာရိတေ- ကွေးထားရာမှ ပြန်ဆန့်သည်၊ ဆန့်သည် ရှိသော်၊ ဝါ- ဆန့်နေစဉ် စန့်နေစဉ်မှာ။ သမ္ပဇာနကာရီ- ဆန့်မှု စန့်မှုတို့ကို သတိပညာတို့ဖြင့် သိလျက်ရှိသည်၊ ဟောတိ- ဖြစ်၏။ ဝါ- သမ္ပဇဉ် လေးပါး တို့နှင့်အညီ သိလျက်ရှိသည်။

## (ခ) အများသိ ဇာနကာရီနယ်သိ အနက်

ဘိက္ခု ပသာရိတေ ဇာနကာရီ ဟောတိ။

ဘိက္ခု-သည်။ ပသာရိတေ- ကွေးထားသော ဂုတ် ခါး လက် ခြေတို့ကို ပြန်၍ ဆန့်သည် စန့်သည် ရှိသော်။ ဝါ- ဆန့်နေစဉ် စန့်နေစဉ်မှာ။ ဇာနကာရီ ဂုတ်ကို ပြန်စန့်သည်၊ ခါး လက် ခြေတို့ကို ပြန်ဆန့်သည်၊ စန့်သည်ဟု ဒြပ် သဏ္ဍာန်တွေကို အဓိကအားဖြင့် သိလျက်ရှိသည်၊ ဟောတိ- ဖြစ်၏။

## (ဂ) ပဋိပတ္တိနယ်သုံး အနက်

ဘိက္ခု-သည်၊ ပသာရိတေ- ဆန့်မှုကိစ္စ စန့်မှုကိစ္စကို ပြုနေစဉ်မှာ— သမ္ပဇာနကာရီ-ဆန့်မှု စန့်မှုခေါ် ဝါယော သဘာဝ တွန်းပေးမှု တိုးပေးမှု ရွေ့သွားမှုကိစ္စကိုသာ သိလျက် သိလျက် ရှိနေသည်။ ဟောတို- ဖြစ်၏။ ဝါ- ဆန့်မှု စန့်မှုခေါ် အဇ္ဈတ္တဗျာပါရကိစ္စ အထပ်ထပ်နှင့်၊ အဆင့်ဆင့် တို့ကိုသာ သိလျက် သိလျက် ရှိနေသည်။ ဟောတိ- ဖြစ်၏။

## (က) သဿာဒိ- စသည်အတွက် ပရိယတ္တိနယ် သိ အနက်

ဘိက္ခု၊ သဿာဒိ ပတ္တ စီဝရ ဓာရဏေ သမ္ပဇာနကာရီ ဟောတိ။

က၊ ဘိက္ခု-သည်။ သဿာဒိစ ရဏေ- ၂ ထပ်သင်္ကန်းကြီးကို ဆွဲယူမှု၊ ကိုင်တွယ်မှု၊ ဖြန့်မှု၊ ခြုံရုံမှု၊ အရှိဖျက်မှု တန်းတင်မှု၊ ရုတ်မှု၊ ခေါက်မှု ပြုလုပ်ရာ၌။ ဝါ- ပြုလုပ်စဉ်မှာလည်းကောင်း။

ခ။ ပတ္တ ဓာရဏေ-သပိတ် သောက်ခွက် သုံးခွက် စသော ခွက်တမျိုးမျိုးကို အသုံးပြုရာ၌။ ဝါ-အသုံးပြုနေစဉ်မှာလည်းကောင်း။

ဂ။ စီဝရ ဓာရဏေ-ခါးဝတ်သင်းပိုင်နှင့် အပေါ်ရုံ ကေသီကို ဆွဲယူမှု ဝတ်မှု ချွတ်မှု ဖြန့်မှု ခြုံရုံမှု တန်းတင်မှု နေလှန်းမှု ရုတ်မှု ခေါက်မှုစသော တခုခုကို ပြုလုပ်ရာ၌။ ဝါ ပြုလုပ်စဉ်မှာလည်းကောင်း။

သမ္ပဇာနကာရီ-သတိ ပညာနှင့်တွဲ၍ ပြုလုပ်လေ့ရှိသည်။ ဝါ-ပြုလုပ်လျက် ရှိသည်။ ဟောတိ-ဖြစ်၏။

## (ခ) အများသိ ဇာနကာရီနယ်သိအနက်

ဘိက္ခု သဿ ဒိ ပတ္တ စီဝရ ဓာရဏေ ဇာနကာရီ ဟောတိ။

က။ ဘိက္ခု-သည်။ သဿာဒိ ဓာရဏေ-၂ ထပ်သင်္ကန်းကြီးကို ကိုင်တွယ်ရာ အသုံးပြုရာ၌။ ဝါ-ပြုနေစဉ်မှာ။ ဇာနကာရီ-၂ ထပ်သင်္ကန်းကြီးအဖြစ်ဖြင့် လည်းကောင်း၊ ကိုင်တွယ်ဆွဲယူ ဖြန့်ခြုံအဖြစ်ဖြင့်လည်းကောင်း သိနေကျ အတိုင်း သိနေသည်။ ဟောတိ-ဖြစ်၏။

ခ။ ပတ္တ ဓာရဏေ-သပိတ်နှင့် ခွက်တမျိုးမျိုးကို အသုံးပြုရာ အသုံးပြု စဉ်၌။ ဇာနကာရီ- သပိတ်အနေ ခွက်အနေ လက်အနေအတိုင်း သိလျက်ရှိ သည်။ ဟောတိ-ဖြစ်၏။

ဂ။ စီဝရ ဓာရဏေ-ခါးဝတ်နှင့် အပေါ်ရုံ ကေသီကိုအသုံးပြုရာ အသုံး ပြုစဉ်၌။ ဇာနကာရီ-ခါးဝတ်အနေ ကေသီအနေ လက်အနေအတိုင်း သိလျက် ရှိသည်။ ဟောတိ-ဖြစ်၏။

## (ဂ) ပဋိပတ္တိနယ်သုံးအနက်

ဘိက္ခု သဿာဒိ ပတ္တ စီဝရ ဓာရဏေ သမ္ပဇာနကာရီ ဟောတိ။

က။ ဘိက္ခု-သည်။ သဿာဒိ ဓာရဏေ-၂ ထပ်သင်္ကန်းကြီးကို အသုံးပြု ရာ၌။ ဝါ-ဆွဲယူမှု ဖြန့်မှု ခြုံရုံမှု စသော အသုံးအမျိုးမျိုးပြုရာ၌။ သမ္ပဇာန

ကာရီ-အသုံးပြုမှုခေါ်၊ ဗျာပါရကိစ္စအာဝဇ္ဇနတို့ကိုသာ သတိနှင့်ကပ်ကာ ပြုမှုကြိယာတွေကိုသာ သိလျက်ရှိနေသည်။ ဝါ-သက်နှံးကြီးအပေါ် အာရုံမပြု (ဓာရဏ) အပေါ်မှာသာ အာရုံပြုကာ ဓာရဏအရ ဝါယောဓာတ်၏ တွန်း တိုး ရွေ့ ကြိယာတွေကိုသာ သိလျက်ရှိသည်။ ဟောတိ-ဖြစ်၏။

ခ။ ပတ္တ ဓာရဏေ-သပိတ်နှင့် ခွက်အမျိုးမျိုးကို အသုံးပြုရာ၌။ ဝါ-အသုံးပြုစဉ်မှာ။ သမ္ပဇာနကာရီ-အသုံးပြုမှုခေါ် ဗျာပါရကိစ္စအာဝဇ္ဇနတို့ကိုသာ သတိနှင့်ကပ်ကာ ပြုမှုကြိယာတွေကိုသာ သိလျက်ရှိနေသည်။ ဝါ- သပိတ် ခွက်အပေါ် အာရုံမပြု (ဓာရဏ) အပေါ်မှာသာ အာရုံပြုကာ ဓာရဏအရ စိတ္တဇဝါယောဓာတ်၏ တွန်း တိုး ရွေ့ကြိယာတွေတို့သာ သိလျက်ရှိသည်။ ဟောတိ-ဖြစ်၏။

ဂ။ စီဝရ ဓာရဏေ-ခါးဝတ်နှင့် အပေါ်ရုံ ကေသီကို အသုံးပြုရာ၌။ ဝါ-အသုံးပြုစဉ်မှာ။ သမ္ပဇာနကာရီ-အသုံးပြုမှုပေါ် ဗျာပါရကိစ္စအာဝဇ္ဇန တို့ကို သတိနှင့် အသိကပ်ကာ ပြုမှုကြိယာတွေကိုသာ သိလျက်ရှိနေသည်။ ဝါ-ခါးဝတ် သင်္ကန်းလက်တို့အပေါ် အာရုံမပြု (ဓာရဏ) အပေါ်မှာသာ အာရုံပြုကာ ဓာရဏအရ စိတ္တဇဝါယောဓာတ်၏ တွန်း တိုး ရွေ့ ကြိယာတွေကိုသာ သိလျက်ရှိသည်။ ဟောတိ-ဖြစ်၏။

## (က) အသိတေ စသည်အတွက် ပရိယတ္တိနယ်သိအနက်

**ဘိက္ခု အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ၊**

ဘိက္ခု-သည်၊ အသိတေ-စားသုံးဖွယ် ဘောဇဉ်တမျိုးမျိုးကို စားသုံးသော်။ ဝါ-စားသုံးစဉ်မှာလည်းကောင်း။

ပီတေ-သောက်သုံးဖွယ်အရည်နှင့် ဆိုင်ရာတမျိုးမျိုးကို သောက်သုံးသော်။ ဝါ-သောက်စဉ်မှာလည်းကောင်း။

ခါယိတေ-ကိုက် ဖြတ် ကြိတ် ဝါး စားသုံးရသော အာဟာရတမျိုးမျိုးကို ကိုက် ဖြတ် ကြိတ် ဝါးရသော်။ ဝါ-ကြိတ်ဝါးစဉ်မှာလည်းကောင်း။

သာယိတေ လျှာကိစ္စ အဓိကပြု၍ စားသုံးရသော အာဟာရမျိုးကို လျက်မျိုရသော်၊ ဝါ-လျက်မျိုးစဉ်မှာလည်းကောင်း။ သမ္ပဇာနကာရီ-သတိ ပညာနှင့်တွဲ၍ ပြုလုပ်လေ့ရှိသည်။ ဝါ-သမ္ပဇဉ် ၄ ပါးနှင့် ယှဉ်တွဲ၍ ပြုလုပ်လေ့ရှိသည်။ ဟောတိ-ဖြစ်၏။

## (ခ) အမျှော်းသိ ဇာနကာရိနှယ်သိအနက်

ဘိက္ခု အသိတေ ပီတေ ခါယိတေ သာယိတေ ဇာနကာရီ ဟောတိ။

ဘိက္ခု-သည်၊ အသိတေ-စားသုံးစဉ်မှာ။ ပီတေ-သောက်မျိုစဉ်မှာ။ ခါယိတေ-ကိုက်ဖြတ်စားစဉ်မှာ။ သာယိတေ-လျက်၍ စားသုံးစဉ်မှာ။ ဇာနကာရီ-တမင်း ဟင်း မုန့် အဖျော် သစ်သီးယို စသည်တို့ကို ရသ တဏှာစိတ်ဖြင့် စားသုံးနေသည်၊ သောက်မျိုနေသည်၊ ကိုက်ဖြတ်နေသည်၊ လျက်နေသည်ဟု တဏှာ သိ သညာသိ စိတ်သိတို့အတိုင်း သိလျက်ရှိသည်။ ဟောတိ-ဖြစ်၏။

## (ဂ) ပဋိပတ္တိနှယ်သုံးအနက်

ဘိက္ခု အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု-သည်။ အသိတေ-စားမှုကို ပြုနေစဉ်မှာလည်းကောင်း၊ ပီတေ-သောက်မျိုမှုကို ပြုနေစဉ်မှာလည်းကောင်း။ ခါယိတေ-ကိုက်ဖြတ်စားရမှုကို ပြုနေစဉ်မှာလည်းကောင်း။ သာယိတေ-လျက်၍ စားရမှုကို ပြုနေစဉ်မှာ လည်းကောင်း။ သမ္ပဇာနကာရီ-ပြုရမှု ပြုနေရမှုခေါ် စိတ္တဇဝါယောဓာတ်၏ ပရမတ္ထသဘာဝ ဗျာပါရကိစ္စစုတို့ကို သတိနှင့်ပညာတွဲကာ သိလျက် သိလျက် ရှိနေသည်။ ဟောတိ-ဖြစ်၏။

ဝါ-စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်အနေဖြင့်လည်း အာရုံမပြု။ စား သောက် ခဲ လျက်၍ရရှိသော အရသာအပေါ်မှာလည်း အာရုံမပြု။ အရသာအပေါ်၌ နှစ်သက်ကပ်ငြိသော တဏှာအပေါ်မှာလည်း အာရုံမပြုပဲ စား မျို ကိုက် ခဲ မှု ပြုနေရသော စိတ္တဇဝါယောဓာတ်၏ ပရမတ္ထသဘာဝ ဗျာပါရစုတို့ကိုသာ သတိနှင့် ပညာတွဲကာ သိလျက် သိလျက်ရှိနေသည်။ ဟောတိ-ဖြစ်၏။

## (က) ဥစ္စာရ စသည်အတွက် ပရိယတ္တိနှယ်သိအနက်

ဘိက္ခု ဥစ္စာရ ပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု-သည်။ ဥစ္စာရကမ္မေ-ကျင်ကြီးစွန့်မှုကို ပြုရာမှာ။ ဝါ-ပြုစဉ်မှာ လည်းကောင်း။ ပဿာဝကမ္မေ-ကျင်ငယ်စွန့်မှုကိုပြုရာမှာ။ ဝါ-ပြုစဉ်မှာလည်း ကောင်း။ သမ္ပဇာနကာရီ-သတိ ပညာနှင့်တွဲ၍ ပြုလုပ်လေ့ရှိသည်။ ဝါ-သမ္ပဇဉ်လေးပါးနှင့်အညီ ပြုလုပ်လေ့ရှိသည်။ ဟောတိ-ဖြစ်၏။

## (ခ) အမျှားသိ ဇာနကာရိနှယ်သိအနက်

ဘိက္ခု ဥစ္စာရ ပဿာဝကမ္မေ ဇာနကာရီ ဟောတိ။

ဘိက္ခု-သည်၊ ဥစ္စာရ ပဿာဝကမ္မေ-ကျင်ကြီးစွန့်မှုနှင့် ကျင်ငယ်စွန့်မှုကို ပြုနေစဉ်မှာ။ ဇာနကာရီ ကျင်ကြီးကို စွန့်နေသည်၊ ကျင်ငယ်ကိုစွန့်နေသည်ဟူ အမျှား သိရှိး သိနေကျအတိုင်း သိလျက်ရှိသည်၊ ဟောတိ-ဖြစ်၏။

## (ဂ) ပဋိပတ္တိနှယ်သုံးအနက်

ဘိက္ခု ဥစ္စာရ ပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု-သည်။ ဥစ္စာရ ပဿာဝကမ္မေ-ကျင်ကြီးစွန့်မှုကိစ္စ ကျင်ငယ်စွန့်မှုကိစ္စကိုပြုရသော်။ ဝါ-ပြုရစဉ်မှာ။ သမ္ပဇာနကာရီ-စွန့်ရမှုကိစ္စခေါ် အတွင်းမှ တွန်းရည့်စ်ရ ဟူသော ဗျာပါရကိစ္စစုကို သတိဖြင့် သိလာရာမှ ပညာနှင့်တွဲကာ အသေးစိတ်ဗျာပါရကိစ္စစုကိုပါ သိလျက် သိလျက် ရှိလာသည်။ ဟောတိ-ဖြစ်၏။

ဝါ ကျင်ကြီးစွန့်မှုနှင့် ကျင်ငယ်စွန့်မှုကို (ဂေါစရသမ္ပဇဉ်) အနေမထားပဲ အတွင်းမှ တွန်းရည့်စ်ရ အားစိုက်ရမှုခေါ် ဝါယောရုပ်၏ ဗျာပါရ ကိစ္စစုကိုသာ သတိသိမှ ပညာသ်တွဲကာ သိလျက် သိလျက် ရှိလာ၏။

## (က) ဂတေ-စသည်အတွက် ပရိယတ္တိနှယ်သိအနက်

ဘိက္ခု ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ-သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု-သည်။ ဂတေ ခန္ဓာကိုယ်တကိုယ်လုံးဖြစ်စေ၊ အစိတ်အပိုင်းဖြစ်စေ သွားသည်၊ ရွေ့သည်၊လှုပ်သည်ရှိသော်။ ဝါ-ရှိစဉ်မှာလည်းကောင်း။

ဌိတေ-ခန္ဓာကိုယ်တကိုယ်လုံးဖြစ်စေ၊ အစိတ်အပိုင်းဖြစ်စေ ရပ်ထား နားထား ငြိမ်ထားသည်ရှိသော်။ ဝါ-ရှိစဉ်မှာလည်းကောင်း။

နိသိန္နေ-ကြို့ကြို့ထိုင်၊ တင်ပလ္လင်ခွေထိုင်၊ မုဆိုးထိုင်၊ ဆောင့်ကြောင့်ထိုင်၊ ခြေဆင်းထိုင် စသော ထိုင်မှုတမျိုးမျိုး ပြုထားသည်ရှိသော်။ ဝါ-ပြုထားစဉ်မှာလည်းကောင်း။

သုတ္တေ-ပက်လက်၊ မှောက်လျက်၊ တစောင်း၊ တည့်တည့်၊ အကွေး၊ အကန်း၊ အထောင် စသည် တမျိုးမျိုးပြုကာ လျောင်းအိပ်သည်ရှိသော်။ ဝါ ရှိစဉ်မှာလည်းကောင်း။

ဇာဂရိတေ-နိုးခါနှင့် ဆက်၍ နိုးနေစဉ်မှာလည်းကောင်း၊
ဘာသိတေ-တိုးကျယ်သံ တမျိုးမျိုးဖြင့် ပြောဆိုစဉ်မှာလည်းကောင်း။
တုဏှီဘာဝေ-ပြောဆိုမှုကိုမပြုပဲ နှုတ်ဆိတ်နားပြီနေစဉ်မှာလည်းကောင်း။
သမ္ပဇာနကာရီ-သတိ ပညာနှင့်တွဲ၍ ပြုလုပ်လေ့ရှိသည်၊ ဟောတိ-ဖြစ်၏၊
ဝါ-သမ္ပဇဉ်ပေါ်နှင့်အညီ ပြုလုပ်လေ့ရှိသည်၊ ဟောတိ-ဖြစ်၏။

## (ခ) အများသိဇာနကာရီနယ် သိ အနက်

ဘိက္ခု ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီ ဘာဝေ ဇာနကာရီ ဟောတိ။

ဘိက္ခု-သည်၊ ဂတေ-သွားလာ လှုပ်ရှားမှုတခုခုပြုစဉ်မှာလည်းကောင်း။
ဌိတေ - ရပ်နားငြိမ်မှုပြုလုပ်စဉ်မှာလည်းကောင်း။
နိသိန္နေ - ထိုင်မှုအမျိုးမျိုးပြုလုပ်စဉ်မှာလည်းကောင်း။
သုတ္တေ - အိပ်မှုအမျိုးမျိုးပြုလုပ်စဉ်မှာလည်းကောင်း။
ဇာဂရိတေ - နိုးနေစဉ်မှာလည်းကောင်း။
ဘာသိတေ - စကားတခုခုပြောဆိုနေစဉ်မှာလည်းကောင်း။
တုဏှီဘာဝေ - စကားမပြောဆိုပဲနေစဉ်မှာလည်းကောင်း။
ဇာနကာရီ - အများသိရိုးသိစဉ် သိနေကျအတိုင်း အကောင်းဆုံးဟုတ္တာန်တို အနေသာ သိလျက်ရှိနေသည်၊ ဟောတိ-ဖြစ်၏။

## (ဂ) ပဋိပတ္တိနယ်သုံးအနက်

ဘိက္ခု ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီ ဘာဝေ သမ္ပဇာနကာရီ ဟောတိ။

ဘိက္ခု သည်။ ၁-ဂတေ-သွားမှု ရွေ့မှု လှုပ်ရှားမှုကိုပြုစဉ်မှာ၊ သမ္ပဇာနကာရီ-အစ္ဆုတ္တခေါ် ဇထဲမှုဘုံးပေးတွန်းပေးမှုနှင့် အပြင်တနေရာရာက လှုပ်ရွေ့ သွားမှု ကူးဆက်နေချက်ကို သိတွေ့လျက်ရှိသာသည်။ ဟောတိ-ဖြစ်၏။
၂။ ဌိတေ-လှုပ်ရွေ့ သွားမှုမပြုလုပ်ပဲ ရပ်နား တည်ငြိမ်နေစဉ်မှာ။ သမ္ပဇာနကာရီ-မလှုပ် မရွေ့ မသွားရအောင် ဇထဲမှ ထိန်းရမှု ချုပ်ပေးရမှု ဗျာပါရ အနေစားတို့ကို သိလျက် တွေ့လျက် ရှိလာသည်၊ ဟောတိ-ဖြစ်၏။
၃။ နိသိန္နေ-ထိုင်မှုတမျိုးမျိုးကိုပြုနေခိုက် ပြုနေစဉ်မှာ။ သမ္ပဇာနကာရီ-ယင်းထိုင်မှု အနေအထား ပြောင်းမသွား ပျက်မသွားရအောင် ထပ်၍ ထားပေး

ထိန်းပေး ချုပ်ပေးနေမှု ဗျာပါရအနုစားတို့ကို သိလျက် တွေ့လျက် ရှိသည်။ ဟောတိ ဖြစ်၏၊

၄။ သုတ္တေ အိပ်မှုအနေအထားထူးမျိုးမျိုး ပြုနေခိုက် ပြုနေစဉ်မှာ။ သမ္ပဇာနကာရီ ယင်း အိပ်မှု အနေအထား ပြောင်းမသွား ပျက်မသွားရအောင် ထပ်၍ ထားပေး ထိန်းပေး ချုပ်ပေးနေမှု ဗျာပါရအနုစားတို့ကို သိလျက် တွေ့လျက် ရှိသည်၊ ဟောတိ-ဖြစ်၏။

၅။ ဇာဂရိတေ- နိုးထခိုက်၊ နိုးနေခိုက်၊ နိုးနေစဉ်မှာ၊ သမ္ပဇာနကာရီ- မျက်စိကိုပိတ်ထားမှု၊ ဆက်၍ပိတ်ထားမှု၊ ထိုင်မှိုင်းမှု၊ ဆက်၍ထိုင်းမှိုင်းမှု၊ ကိုယ်အနေအထားပြောင်းပေးမှု၊ မှိန်းနေမှု၊ ဆက်၍မှိန်းနေမှု၊ မျက်စိကို ပွင့်လာမှု၊ ဖွင့်ပေးမှု စသည်တို့ကို အဆင့်ဆင့် အဖုံဖုံ သိလျက် သိလျက်ရှိသည်။ ဟောတိ-ဖြစ်၏။

၆။ ဘာသိတေ- ပြောဆိုရန် နှုတ်ကို ပြုပြင်ရာ၊ အသံကို ထုတ်စေရာမှာ။ သမ္ပဇာနကာရီ နှုတ်ကိုပြုပြင်ရမှုအစုစုနှင့် အသံဖြစ်ပေါ်လာရန် အားထုတ်မှု အစုစုတို့ကို အဆင့်ဆင့် အလီလီ သိလျက် သိလျက်ရှိသည်။ ဟောတိ-ဖြစ်၏။

၇။ တုဏှီဘာဝေ- အသံမထွက်အောင် နှုတ်ပိတ်ထား ထိန်းချုပ်ထားခိုက် ထိန်းချုပ်ထားစဉ်မှာ။ သမ္ပဇာနကာရီ နှုတ်ပိတ်နေအောင် ထိန်းချုပ်ထားရမှု ဗျာပါရ အနုစားတို့ကို သိလျက် သိလျက် ရှိသည်။ ဟောတိ-ဖြစ်၏။

---

### ပါဠိတော်

ဣတိ ၁။ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

၂။ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

### အနက်ပြန်ဆိုချက်

၁။ ဣတိ-ဤ သမ္ပဇညကာယ ရှေ့ပိုင်း၌ ညွှန်ပြခဲ့သည့်အတိုင်း။ ဘိက္ခု- ယောဂီရဟန်းသည်။ အဇ္ဈတ္တံ မိမိခန္ဓာကိုယ်ပေါ်မှာရှိသော။ ဝါ-ဖြစ်သော။ ကာယေဝါ- ၂၂ ပါးသောကာယစုမှာသည်းကောင်း။ ဝါ- ၂၂ ပါးသော

မူလသမ္ပဇညကာယစုမှာလည်းကောင်း၊ ဦးခေါင်းမျက်ခုံ လှုပ်မှုစသော ၃၀ ကျော် ရှိသည့် မူလခုဒ္ဒကသမ္ပဇညကာယစုမှာလည်းကောင်း၊ မိုဘ်ထားပြီးမျက်စိကို ထပ်မိုတ်မှုစသော ၂၀ ကျော်ရှိ မူလအတိခုဒ္ဒကသမ္ပဇည ကာယစုမှာ လည်းကောင်း။ ကာယာနုပဿီ-ညွှန်ပြထားပြီး ကာယအမျိုးအစားအလိုက် ပရမတ္ထသဘာဝ ကာယအနေ သိမြင်လာအောင်။ ဝါ-ဝိသုဒ္ဓိစဉ် ဉာဏ်စဉ် ပရိညာစဉ် ထင်လာ ဝင်လာအောင် အထပ်ထပ်ရှုပွားလျက်၊ ဝိဟရတိ-နေ၏။ ဝါ-ဂေါစရ နှင့် အသမ္မောဟသမ္ပဇဉ် ၂ ပါးတို့နှင့် ယှဉ်တွဲကာနေ၏။

၂။ ဗဟိဒ္ဓါ-သူတပါးခန္ဓာမှာရှိသော ဖြစ်သော။ ကာယေဝါ မူလကာယ ၂၂ ပါး။ မူလိခုဒ္ဒကကာယ ၃၀ ကျော်၊ မူလိအတိခုဒ္ဒကကာယ ၂၀ ကျော်၌ လည်းကောင်း။ ဝါ-မိမိခန္ဓာကိုယ်နှင့် တွဲစပ်သျက်ရှိသော အဝတ်တန်ဆာ ထီး ဖိနပ် ယပ် ခွက် လက်နက်စသော ကာယပဋိဗဒ္ဓနှင့် ဆိုင်ရာကာယစု၌ လည်းကောင်း။ (ကျန်အနက် ရှေ့နှင့်တူပြီ)

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ မိမိခန္ဓာမှာလည်းရှိ၊ သူတပါးခန္ဓာမှာလည်းရှိသော။ ကာယေဝါ မူလကာယ ၂၂ ပါး မူလိခုဒ္ဒကကာယ ၃၀ ကျော်။ မူလိအတိခုဒ္ဒက ကာယ ၂၀ ကျော်၌လည်းကောင်း။ ကာယာနုပဿီ-ညွှန်ပြထားပြီး ကာယ အမျိုးအစားအလိုက် ပရမတ္ထသဘာဝကာယအနေ သိမြင်လာအောင်၊ ဝါ-ဝိသုဒ္ဓိစဉ်ဉာဏ်စဉ်နှင့် ပရိညာစဉ် ဝင်လာ ထင်လာအောင် အထပ်ထပ်ရှုပွား လျက်၊ ဝိဟရတိ-နေ၏။ ဝါ-ဂေါစရနှင့် အသမ္မောဟသမ္ပဇဉ် ၂ ပါးတို့နှင့် ယှဉ်တွဲကာ နေကြ၏။

---

## ပါဠိတော်

၁။ သမုဒယ ဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။

၂။ ဝယ ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

၃။ သမုဒယ ဝယ ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

## အနက်ပြန်ဆိုချက်

၁။ ကာယသ္မိံ-ဖော်ပြပါ ၇၀ ကျော်သော မူလကာယ မူလိကာယစု၌။ သမုဒယဓမ္မာနုပဿီ ဝါ-ယင်းသမ္ပဇညကာယ ၇၀ ကျော်တို့ ဖြစ်ပေါ်လာရန် နှင့် ဖြစ်ပေါ်စေသော အကြောင်းအရင်းပေတို့ကို အထပ်ထပ်ရှုပွားလျက်နှင့်

ဖြစ်လျက်သည်။ ဝိဟရတိ-နေ၏။ ဝါ-ဂေါစရနှင့် အသမ္မောဟသမ္ပဇဉ် ၂ ပါးတို့နှင့် ယှဉ်ဘွဲ့ကာနေ၏။

၂။ ကာယသို့-၇ဝ ကျော်သော သမ္ပဇညကာယစု၌၊ ဝယ်ဓမ္မာနုပဿီ ဝါ-သမ္ပဇညကာယ ၇ဝ ကျော်တို့ ကွယ်ပျောက်ရန်နှင့် ကွယ်ပျောက်စေသော အကြောင်းအရပ်ရပ်တို့ကိုပါ အထပ်ထပ်ရှုပွားလျက်လည်း၊ ဝိဟရတိ-နေ၏။ ဝါ-ဂေါစရနှင့် အသမ္မောဟသမ္ပဇဉ် ၂ ပါးတို့နှင့် ယှဉ်တွဲကာနေ၏။

၃။ ကာယသို့-၇ဝ ကျော်သော သမ္ပဇညကာယစု၌၊ သမုဒယဝယဓမ္မာနုပဿီ ဝါ-ယင်းသမ္ပဇညကာယစုဘို့ ဖြစ်ပေါ်လာရန်နှင့် ဖြစ်ပေါ်စေသော အကြောင်းစုကို ရှုံခါရှုပွား၍ ရှုံခါမှာ ကွယ်ပျောက်ရေရန်နှင့် ကွယ်ပျောက်စေသော အကြောင်းအရပ်ရပ်ဘို့ကို အထပ်ထပ်ရှုပွားလျက်။ ဝိဟရတိ နေ၏၊ ဝါ-ဂေါစရနှင့် အသမ္မောဟသမ္ပဇဉ် ၂ ပါးတို့နှင့် ယှဉ်ဘွဲ့ကာနေ၏။

---

## နိဂုံးပြပ်ဋ္ဌိတော်

၁။ အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။

၂။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။

၃။ အနိဿိတော စ ဝိဟရတိ။

၄။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။

၅။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

## သမ္မဇညပဗ္ဗံ နိဋ္ဌိတံ

## အနက်ပြန်ဆိုချက်

၁။ ဝါ ပေန-သမ္မဇညကာယကိစ္စကို ရှုပွားမှုမှန်သူတို့၌ အကျိုးထူးအဆင့်ဆင့်ရရှိပုံကို ထုတ်ဖော်ညွှန်ပြဦးအံ့။

အသ ရှုပွားမှုမှန်လာသော ထိုယော ဂီဒဟန်းအား၊ ကာယောတိ-ကာယောဒေ-ဗုဒ္ဓညွှန်ပြ ပံရမတ္တကာယ သဘာဝမျှသည်သာလျှင်။ ဝါ-အကောင်အထည်ကိုယ်ကြီးလည်းမဟုတ်၊ ပုဂ္ဂိုလ်ကြီး သတ္တဝါကြီး ဧထီးကြီး အမကြီးလည်းမဟုတ်ပဲ။ သမ္မဇညကာယ သဘာဝရုပ်သည်သာလျှင်။ အတ္ထိတိ-ရှိနေပါတကားဟူ၍။ သတိ ရှုသိနေသော မဂ္ဂင်မှသတိသည် ပစ္စုပဋ္ဌိတာ ဟောတိ-ပြတ်သားသဲကွဲစွာ ထင်နေတော့၏။

၂။ ယာဝဒေဝ ဉာဏမတ္တာယ-ဝိပဿနာဉာဏ်အမြင်ခေါ် ဉာဏ်စဉ်တို့ အဆင့်ဆင့်တိုးမြင့်သွားရန်လည်းကောင်း၊ ယာဝဒေဝပဋိဿတိ မတ္တာယ-သတိ မဂ္ဂင်အဆင့်ဆင့် တိုးမြင့်သွားရန်လည်းကောင်း။ ဟောတိ-ဖြစ်၏။

၃။ အနိဿိတောစ-ကာယ အမည်ရ ဟူသမျှအပေါ်၌ တဏှာအနေဖြင့် မှီတွယ်မှု၊ ဒိဋ္ဌိအနေဖြင့်မှီတွယ်မှု မပြုပဲလည်း။ ဝိဟရတိ-နေ၏။

၄။ ကိဉ္စိလောကေ-လောကအမည်ခံ ရုပ်နာမ်ဓမ္မဟူသမျှအပေါ်၌။ နစ ဥပါဒိယတိ-တဏှာစွဲ ဒိဋ္ဌိစွဲအနေဖြင့်လည်း မစွဲလမ်းတော့ပေ။

၅။ ဘိက္ခဝေ-ရဟန်းတို့၊ ဘိက္ခု-ရှုပွားနေသော ယောဂီရဟန်းသည်။ ဧဝမ္ပိ ခေါ်-ဤ အသက်ပါသွန်ပြချက်တို့အတိုင်း၊ ကာယေ-သမ္ပဇညကာ ယ၌။ ကာယာ နုပဿီ-သမ္ပဇညကာယအနေဖြင့် အထပ်ထပ်ရှုပွား လျက်၊ ဝိဟရတိ-နေ၏။

သမ္ပဇညပဗ္ဗံ-၃ ခုမြောက် ကာယာနုပဿနာ သမ္ပဇညကာယပိုင်းသည်၊
နိဋ္ဌိတံ-ပြီးပြီ၊

# ပဋိကူလမနသိကာရ ကာယပိုင်း

## ကာယာနုပဿနာ ပဋိကူလမနသိကာရပဗ္ဗံ

### သတိပြုဖွယ်

က။ အာနာပါနပဗ္ဗံ ပဋိက္ကူလမနသိကာရပဗ္ဗဉ္စ ဣမာနေဝေတ္ထ ဒွေ သမာဓိဝသေန ဝုတ္တာနိ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ-အုပ်၊ နှာ-၂၇၂)

အဓိပ္ပာယ်–အာနာပါနပိုင်းနှင့် ပဋိကူလမနသိကာရပိုင်း၊ ဤ ၂ ပိုင်းတို့ကို သမာဓိကိစ္စအဖြစ်ဖြင့်၊ ဝါ-သမထချန်အဖြစ်ဖြင့် မြတ်စွာဘုရား ဟောကြားထားသည်ဟု ဆိုလိုသည်။

ထိုနောက် ရင်းကျမ်း ပဲအုပ် နှာ ၂၇၅ ၌။ “တတ္ထ ဓာတု ဝသေန ကထိတံ၊ ဝိပဿနာ ကမ္မဋ္ဌာနံ ဟောတိ။ ပဋိက္ကူလဝသေန ကထိတံ သမထ ကမ္မဋ္ဌာနံ” ဆိုထားပြန်သည်။

အဓိပ္ပာယ်-ဒွတ္တိံသာကာယကို ဓာတ်အနေဖြင့် ပြည့်နက ဝိပဿနာကမ္မဋ္ဌာန်း ဖြစ်၍ ပဋိက္ကူလအနေဖြင့် ပြည့်နက သမထကမ္မဋ္ဌာန်းဖြစ်သည်ဟု ပြဆိုထားပေသည်။

ထိုကြောင့် ဤအခန်းသည် သမထပိုင်း၊ ဝါ-ချန်ပိုင်းဖြစ်၍ ဝိပဿနာပိုင်းကဲ့သို့ အနက် ၃ မျိုး မခွဲခြားတော့ပဲ သမာသတမျိုးထဲသာ အနက်ဖော်သွားပေမည်။

### ပါဠိတော်

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ၊ မတ္ထလုင်္ဂံ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ။

## အနက်ပြန်ဆိုချက်

ဘိက္ခဝေ၊ တို့။ စအပရံ၊ ကာယာနုပဿနာသဘောဖြင့် ရှုပွားဖို့ရန် ရုပ်ကမ္မဋ္ဌာန်းတမျိုးကို၊ ဝါ၊ ရှုပွားနည်းတမျိုးကို။ ဝါ၊ သမ္ပဇဉ ရုပ်ကမ္မဋ္ဌာန်းရှုပွားနည်းမှတပါး။ ပဋိကူလမနသိကာရ၏၊ ရုပ်ကမ္မဋ္ဌာန်းရှုပွားနည်းကို။ ဝါ၊ သမထခေါ် ဈာန်ကိစ္စအနေဖြင့် ရှုပွားနည်းကို။ ပုန၊ ပူးတွဲထပ်ဆင့်၍ ပြညွှန်ပေဦးအံ့။

ပါဒတလာ၊ ခြေဖဝါးပြင်မှ။ ဥဒ္ဓံ၊ အထက်ဘက်တွင် တည်ရှိနေသော။ ကေသမတ္ထကာ၊ ဆံပင်ဖျားမှ။ အဓော၊ အောက်ဘက်တွင် တည်ရှိနေသော။ တစပရိယန္တံ၊ အရေ ၂ ထပ်တို့ဖြင့် ဝန်းရံထားသော။ နာနပ္ပကာရဿ၊ အနေအထားအခြေအနေ အမျိုးမျိုးရှိနေသော။ အသုစိနော၊ မစင်မကြယ် စက်ဆုပ်ဖွယ်အသွယ်သွယ်ဖြင့်။ ပူရံ၊ ပြည့်နှက်လျက်ရှိသော။ ဣမမေဝကာယံ၊ မိမိမှာတည်ရှိနေသော ဤကိုယ်ကောင်ခေါ် ရုပ်အစုအဖုံဖုံကို။ ဘိက္ခု၊ ယောဂီရဟန်းသည်။ ဝါ၊ ဈာန်တမျိုးမျိုးကို ရရှိလိုသော သမထယာနိက ယောဂီရဟန်းသည်၊ ပစ္စဝေက္ခတိ၊ စက်ဆုပ်လာ ရွံလာအောင် ဆင်ခြင်ရ၏။ ဝါ၊ သဘာယမှု တကျာ၊ စွဲသမ်းမှု ဥပါဒါန်၊ အထင်ကြီးထားမှု မာန၊ အမှားနယ်ကျွန်မှု အဝိဇ္ဇာတို့မှ ခဏိက အဆင့်မှ။ ဝိက္ခမ္ဘန အဆင့်ထိ ကွာသွားကင်းသွားအောင် အထပ်ထပ် အဖုံဖုံဆင်ခြင်ရ၊ သုံးသပ်ရ၏။ ဝါ၊ ဥဂ္ဂဟကောသလ္လဉာဏ် ၇ ပါး၊ မနသိကာရကောသလ္လဉာဏ် ၁၀ ပါးတို့နှင့် ယှဉ်တွဲလျက် သုံးသပ်ပွားများရ၏။

ကိံ ပစ္စဝေက္ခတိ၊ ဘယ်သို့အထပ်ထပ် ဆင်ခြင်ရသနည်းဟူမူ။ ဝါ၊ ဆင်ခြင်ပုံမှာ—

ဣမသ္မိံ ကာယေ၊ စက်ဆုပ်ဖွယ်တွေစုဝေးနေသော အသုဘမသာလောင်းခေါ်ဆို ဤခန္ဓာကိုယ်၌။ (နာနပ္ပကာရ-အသုစိယော) မစင်ကြယ်ဖွယ်ရာ အဖုံဖုံတွေ ပြည့်နှက်လျက်ရှိကုန်သော။

၁။ ကေသာ၊ ရှိုးရာ ဆံပင်အစုတို့သည်။ ဝါ၊ နှစ်ကုဋေ့ငါးသန်းခန့်ရှိ ရှိုးရာ နံစော်သော ဆံပင်မျိုးတို့သည်။ အတ္ထိ၊ ရှိနေကြပါတကား၊ ဣတိ၊ ဤသို့။ ပစ္စဝေက္ခတိ၊ ဆင်ခြင်ရ၏။

၂။ လောမာ၊ အနံ့မကောင်းသော ရှုံစရာ အမွေးအမျိုးမျိုးတို့သည်။ ဝါ၊ သိန်း ၉ သောင်းခန့်ရှိ အနံ့မကောင်းသော အမွေးအမွှင်အမျိုးမျိုးတို့သည်။

၃။ နခါ၊ ညှီစို့နံ့တဲ့ လက်ခြေသည်းတို့သည်၊ ဝါ၊ ငါးအကြေးပုံနှယ် ၂၀ သော လက်သည်းတို့သည်၊

၄။ ဒန္တာ၊ ကျဲ နွား မြင်း ခွေး ပုံအနေ ရောထွေးလျက်ရှိကြသော ညှီစို့နံ့ပွား၊ ၃၂ ချောင်းသော သွားတို့သည်။

၅။ တစော၊ ညှီနံ့သော အရေပေါ်နှင့် အရေထူ ၂ မျိုးသည်။

၆။ မံသံ၊ ညှီဟောင်သော အသားမျှင် အသားဆိုင်စုသည်။ ဝါ၊ အကြောနှင့် အရိုးတို့မှာ ပတ်ဖွဲ့ကပ်တွယ်နေသော ၉ ရာသော အသားဆိုင်သည်။

၇။ နှာရု၊ ညှီနံ့လျက်ဖွဲ့မှု၊ ဆောင်မှုကိစ္စ ၂ ခုကို ဆောင်ရွက်နေကြသော ၇ ထောင် ၉ ရာသော အကြောအမျိုးမျိုးသည်။ ဝါ၊ အရိုးနှင့် အသားတို့မှာ ဖွဲ့နှောင်လျှံနေကြသည့် ၉ ရာသော အကြောတို့မှ သွေးနှင့်လေတို့ကိုပို့ခြင်း၊ အရသာတို့ကို ဆောင်ပေးခြင်းပြုနေကြသည့် ၇ ထောင်သော အကြောအဖုံဖုံသည်။

၈။ အဋ္ဌိ၊ ညှီနံ့လျက်ရှိသော အရိုးအမျိုးမျိုးသည်။ ဝါ၊ တိုင်နှင့်ထုတ်ယောက် ဒိုင်းမြားသဖွယ် အမာခံအနေဖြင့် တည်ရှိနေကြသည့် သုံးရာသော အရိုးသည်။

၉။ အဋ္ဌိမိဉ္ဇံ၊ ညှီနံ့သော ရိုးတွင်းခြင်ဆီစုသည်။ ဝါ၊ အဆင်းအားဖြင့် ဖြူ၍ သဏ္ဌာန်အားဖြင့် ကြိမ်ညွန့်နှင့်တူသော ရိုးတွင်းခြင်ဆီစုသည်။

၁၀။ ဝက္ကံ၊ ညှီနံ့လှသော အညှိသည်။ ဝါ၊ အဆင်းအားဖြင့် ပန်းရောင်နု၊ ဝါ၊ အနီနုရောင်။ သဏ္ဌာန်အားဖြင့် သရက်သီးတွဲအသွင်ရှိ၍ တည်ရာအားဖြင့် နှလုံးသားကို မေးရံပြီး လည်မျိုမှဆင်းလာသောအကြောနှင့် ဆက်စပ်ကာ တည်နေသောအညှိသည်။

၁၁။ ဟဒယံ၊ သွေးနံ့ညှီဟောင်လျက်ရှိသော နှလုံးသားသည်။ ဝါ၊ နေရာအားဖြင့် ရင်ချိုင့်နေရာအတွင်း၌ အညှို ၂ ခုအကြားတွင် ပုံသဏ္ဌာန်အားဖြင့် ပဒုမ္မာကြာငုံပမာ ပညာခေတ်များ သူမှာ အငပွင့်၍ ပညာခေတ်နည်းသူမှာ အဝငုံလျက်ရှိသော။ အပြင်မှချောမွတ်၍ အတွင်း၌ သွေးစစ်ရန်သပ္ပဘ်ခါးအူသဖွယ်ရှိလျက် ဝဲ ယာ ထက်အောက် အခန်း ၄ ခန်းရှိကာ တကိုယ်လုံးသို့ သွေးလွှတ်ကြော သွေးပြန်ကြောတို့နှင့် ဆက်စပ်ကာ ဒလစပ်ခုံ၍ တွန်းပို့ပေးနေသော နှလုံးသွေးရှိသော-

အရောင်အားဖြင့်-

၁။ ရာဂများသူအား- နီသောအရောင်။

၂။ ဒေါသများသူအား- မည်းနက်သောအရောင်။

၃။ မောဟများသူအား- သားဆေးရည်အရောင်။

၄။ ဝိတက်များသူအား- ပဲပြုတ်ရည်အရောင်။

၅။ သဒ္ဓါများသူအား- ဝါသောအရောင်။

၆။ ပညာများသူအား- ပြိုးပြိုးပြက်တောက်ပြောင်သောအရောင်ရှိသော နှလုံးသားသည်။

၁၂။ ယကနံ၊ အသဲ(အသည်း)သည်၊ ဝါ၊ အရောင်အားဖြင့် အနီပျော့ရောင်းပုံသဏ္ဌာန်အားဖြင့် ကသစ်ရွက်အသွင်ရှိကာ နေရာအားဖြင့် ရင်သား ၂ ခုအကြား အတွင်းဘက်ရှိ လက်ယာနံသားကိုမှီလျက်၊ ပညာရှိသူတို့မှာ ငယ်သည်ဖြစ်၍ ၂ ခု ၃ ခု၊ ပညာနည်းသူတို့မှာ ကြီးသည်ဖြစ်၍ တခုတည်းသာရှိသော အသည်းသည်။

၁၃။ ကိလောမကံ၊ အမြှေး ၂ မျိုးသည်။ ဝါ၊ အဆင်းအားဖြင့် ဖြူရော်ရော်ရှိ၍ နေရာအားဖြင့် အညှိုနှင့် နှလုံးအိမ် ၂ ခုကို ပတ်ဖွဲ့ထားသော အမြှေးတမျိုးနှင့် တကိုယ်လုံးရှိအရေ၏ အောက်မှ ပတ်ဖွဲ့ထားသော အမြှေးတမျိုးအားဖြင့် ၂ မျိုးသော အမြှေးဖတ်သည်။

၁၄။ ပိဟကံ၊ အဖျဉ်းသည်။ ဝါ၊ အဆင်းအားဖြင့်ညို၍ သဏ္ဌာန်အားဖြင့် နွားလျှာဖျားအသွင်ရှိကာ ပမာဏအားဖြင့် ၇ လက်သစ်ခန့်ရှိ နေရာအားဖြင့် လက်ဝဲနံဘားကိုမှီလျက်ရှိသော အသားဖျဉ်းသည်။

၁၅။ ပပ္ဖါသံ၊ အဆုတ်။ ဝါ၊ အဆင်းအားဖြင့် နီ၍၊ သဏ္ဌာန်အားဖြင့် မုံ့ယှက်ပိုင်းအသွင်ရှိကာ နေရာအားဖြင့် အညှိုနှင့် နှလုံးအိမ်ကို ဖုံးအုပ်တည်ရှိလျက်၊ အရေအတွက်အားဖြင့် အသားလွှာ ၁၂ လွှာရှိသော အဆုတ်သည်။ ဝါ၊ တလအုန်းထပ်လွှာဟုလည်း အခေါ်ရှိသော အဆုတ်သည်။

၁၆။ အန္တံ၊ အူမကြီးသည်။ ဝါ၊ အဆင်းအားဖြင့်ဖြူ၍ သဏ္ဌာန်အားဖြင့် အရေကိုဆုတ်ထားသော မြွေကောင်အခွေကို သွေးလှောင်အိမ်မှာ ထည့်ထားသလိုရှိ၍။ နေရာအားဖြင့် လည်ချောင်းမှ ကျင်ကြီးထွက်ရာ ဝစ္စမဂ်အထိ ကိုယ်တွင်း၌တည်ကာ ယောကျာ်းတို့မှာ ၃၂ တောင်ခန့်။ မိန်းမတို့မှာ ၂၈ တောင်ခန့်ရှိကာ ၂၁ ပတ်မျှခွေ၍နေသော အူမကြီးသည်။

၁၇။ အန္တဂုဏံ၊ အူသိမ်သည်။ ဝါ၊ အဆင်းအားဖြင့် မွှော်မြစ်ကဲ့သို့ ဖြူဖွေး၍ ပုံသဏ္ဌာန်အားဖြင့် ၂၁ ပတ်ခွေလျက်ရှိသော အူမကြီးကို အကြား အကြား၌ ဖွဲ့၍ဖွဲ့၍ ပေးနေသော အမြစ်သဖွယ် ကပ်တွယ်နေသော အူသိမ်သည်။

၁၈။ ဥဒရိယံ၊ စားဝါးထားသမျှအစာသစ်သည်။ ဝါ၊ ၂၁ ပတ် ခွေလျက်ရှိနေသော အူမကြီး၏ အလယ်ပိုင်း၌ ဖုလျက်ရှိကာ ငမ္ဗဇ၂ါခကမီး၏ တည်ရာနှင့် ၃၂ မျိုးသော ပိုးမျိုးတို့၏ ပျော်မွေ့ရာ အစာသစ်အိမ်၌ ခွေးအန်ဖတ်သဖွယ်ရှိ၍ ဝါးမျိုထားသော အစာသစ်သည်။

၁၉။ ကရီသံ- ကျင်ကြီးစုသည်။ ဝါ- အူမကြီး၏ အဆုံးပိုင်းတွင် ဟမိုက်ခန့် ရှိ၍ အစာသစ်အိမ်မှ ကျလာသော အစာဟောင်းအိမ်အတွင်း၌ ကျင်ကြီးစုသည်။

၂၀။ မတ္ထလုင်္ဂ- ဦးနှောက်သည်။ ဝါ- အဆင်းအားဖြင့်ဖြူ၍၊ သဏ္ဌာန် အားဖြင့် ဆန်မှုန့်ကို ရေဖြင့်နယ်ပြီး ဗူးထဲခွက်ထဲ ထည့်ထားချက်နှင့်တူသော ဦးခေါင်းခွံ အတွင်းမှာ တည်ရှိသည့် ဦးနှောက်သည်။

၂၁။ ပိတ္တံ- အိမ်ဖြင့်ဖွဲ့ထားသော ဗဒ္ဓသည်းခြေနှင့်၊ အိမ်ဖြင့်မဖွဲ့ အလွတ် တည်ရှိသော အဗဒ္ဓသည်းခြေသည်။ ဝါ- ဗဒ္ဓသည်း ခြေသည် အဆင်း အားဖြင့် နောက်ကျုသော သစ်မည်စည်ဆီရောင် ရှိ၍ ပုံသဏ္ဌာန်အားဖြင့် အရည်ပြည့်သော သပွတ်ခါးသီး အသွင်ရှိကာ၊ တည်ရာအားဖြင့် နှလုံးနှင့် အဆုတ်တို့၏ အလယ်တွင် အသားကို မှီလျက် တည်သော ဗဒ္ဓ သည်းခြေ။

အဗဒ္ဓ သည်းခြေသည်- အဆင်းအားဖြင့် ညိုးနွမ်းသော ပန်းအဆင်းရှိ၍။ နေရာအားဖြင့် ဆံပင်မွေးညှင်းသွား လက်သည်းခြေသည်း စသော ခြောက်သွေ့ ကြမ်းတမ်းသော နေရာတို့ကိုချန်၍ ကျန်သော တကိုယ်လုံးမှာ ဂွမ်းထဲသို့ ဆီပြန့်နေသလို တကိုယ်လုံး ပြန့်နှံ့တည်နေသော အဗဒ္ဓ သည်းခြေသည်။

၂၂။ သေမှံ- သလိပ်သည်။ ဝါ- အဆင်းအားဖြင့် ဖြူ၍ ပုံသဏ္ဌာန် အားဖြင့် ကျင်းကြီးအတွင်း၌ထသော အမြှုပ်လွှာနှင့် ရေမှော်ပမာ အစာ သစ်ကို ဖုံးအုပ်၍ အူမ၌ တည်နေသော တကွမ်းစားမျှ ဝါ- တစလယ်ခန့်ရှိ သလိပ်သည်။

၂၃။ ပုဗ္ဗော- ပြည်ပုပ်သည်။ ဝါ- ဖြူဝါဝါ အဆင်းရှိ၍ ဒဏ်ရာကြောင့် ထွက်ပေါ်လာသော သွေးပုပ်မှ ဖြစ်ပေါ်လာသော ပြည်ပုပ်သည်။

၂၄။ လောဟိတံ-လှုပ်ရှားသွေး ငြိမ်းသွေး အနေဖြင့်ရှိသော သွေး ၂ မျိုး၊ တဖန် နို့သွေး သုံ့ခံသွေး အနေအားဖြင့် အဖြူရောင်သွေးနှင့် အနီရောင် သွေးဟု အရောင်အနေအသားအားဖြင့် ၂ မျိုး ရှိသော သွေး သည်။ ဝါ- နှလုံး အိမ်မှထွက်၍ အကြောတို့ဖြင့် တကိုယ်လုံးကို လှည့်ပတ် သွား ကာ အဆုတ်အိမ်သို့ ဝင်ကာ သန့်ရှင်းစေပြီး နှလုံးအိမ်သို့ ကူးသွားသည့် လှုပ်ရှား သွေးတမျိုးနှင့်၊ အကြောအမျှင်တွေမှာ စွတ်စိုနေကြသော ငြိမ်ဝပ်သွေး တမျိုးဟု ၂ မျိုးသော သွေးသည်။

၂၅။ သေဒေါ- ချွေးသည်။ ဝါ- ကိုယ်နှင့် စိတ်တို့ပူလောင်သောအခါ အစမွှေးတွင်းတို့မှ ယိုစီးထွက်လာသော ဆီကြည်အဆင်းရှိသည့် ချွေးသည်။

၂၆။ မေဒေါ- အဆီခဲသည်။ ဝါ- ဝသောသူမှာ များ၍ ပိန်သူတို့မှာ နည်းသော အဝါရောင်အဆင်းရှိသော အဆီပြင် အဆီခဲသည်။

၂၇။ အဿု- မျက်ရည်။ ဝါ- ငိုကြွေး ပူဆွေးချိန် ရယ်အားများချိန် သနားစိတ် ပြင်းထန်ချိန် ပူစပ် ပြင်းထန်စာများ စားသောက်ချိန် ကြက်သွန် ခိုး ဇရပ်ခိုး မီးခိုး စသည်တို့ နှာနှင့် မျက်စိတို့အား ထိခိုက်ချိန်မှာ မျက်စိမှ ယိုစီးသော ဆီကြည်ရောင်ရှိ မျက်ရည်သည်။

၂၈။ ဝသာ- ဆီကြည်သည်။ ဝါ- လက်ဖဝါး လက်ဖမိုး ခြေဖဝါး ခြေဖမိုး နဖူး မျက်နှာ ဗိုက်ပြင် ချိုင်းကြားစသည်တို့မှ အပူငွေ့ကြောင့် ဖြစ်ပေါ်လာသော အုံးဆီ အဆင်းရှိ ဆီကြည်သည်။

၂၉။ ခေဠော- တံတွေးသည်။ ဝါ- ရောဂါကြောင့် ဖြစ်စေ ချဉ်သီး စားမှုကို မြင်၍ ဖြစ်စေ၊ ရှုရှာဖွယ် အာရုံကို မြင်ရ၍ ဖြစ်စေ နှလုံးနှင့် ပါးစောင်တို့မှာပါ ထွက်လာ၍ လျှာရင်း၌ ခွဲလျက် လျှာဖျားတွင်ကြကာ အမြှုပ်နှင့် ရောသော တံတွေးသည်။

၃၀။ သိင်္ဃာဏိကာ- နှပ်သည်။ ဝါ- ဥတုနှင့် အာဟာရကြောင့် သော် လည်းကောင်း၊ ရောဂါကြောင့် သော်လည်းကောင်း၊ နှာချေးဆေး တခုခု ကြောင့်သော်လည်းကောင်း၊ ပူဆွေးငိုကြွေးမှုကြောင့် သော်လည်းကောင်း၊ ဦးနှောက်မှ ယိုစီ ထွက်လာ၍ သလိပ်ခဲနှင့် တူသော အာပေါဓာတ်လွန်ကဲသော နှပ်သည်။

၃၁။ လသိကာ- အစေးသည်။ ဝါ- အဆင်းအားဖြင့် မဟာလှေကား အစေးနှင့် တူ၍ အရိုးအဆက် ၁၈၀ တို့ အကြားတို့တွင် ဝင်ရိုး ဆီ စက် ဆီ ပမာ ဖြစ်၍ တည်ရှိနေသော အစေးသည်။

၃၂။ မုတ္တံ- ကျင်ငယ်ရည်သည်။ ဂါ- အစာအိမ်သစ်မှ အကြောမျှင်တို့ဖြင့် စိမ့်ထွက်လာသော စည်ပေါင်းအိမ်ခေါ် ဆီးအိမ်၌တည်လျက်၊ ပဲကြီးပြွားရည် အဆင်းရှိသော ကျင်ငယ်ရည်သည်။ အတ္ထိ- ရှိပါတကား၊ ဣတိ- ဤသို့။ ပစ္စဝေက္ခတိ- ဆင်ခြင်ရ၏။

## ပါဠိတော်

သေယျထာပိ ဘိက္ခဝေ ဥဘတောမုခါ ပုတောဠိ၊ ပူရာ နာနာဝိဟိတဿ ဓညဿ။ သေယျထိဒံ သာလီနံ ဝီဟီနံ မုဂ္ဂါနံ မာသာနံ တိလာနံ တဏ္ဍုလာနံ၊ တမေနံ စက္ခုမာ ပုရိသော မုဉ္စိတွာ ပစ္စဝေက္ခေယျ "ဣမေ သာလီ ဣမေ ဝီဟီ ဣမေ မုဂ္ဂါ ဣမေ မာသာ ဣမေ တိလာ ဣမေ တဏ္ဍုလာ"တိ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစ ပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ "အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ။ ပ။ မုတ္တန္တိ။"

## အနက် ပြန်ဆိုချက်

ဘိက္ခဝေ- တို့။ သေယျထာပိ- ဥပမာဆောင်ပြရသော်။ နာနာဝိဟိတဿ- ကောက်စပါး အမျိုးမျိုး ရောနှော၍ထည့်ထားအပ်သော။ ဓညဿ- စပါးနှင့်၊ ပူရာ- အပြည့်ရှိနေသော။ ဥဘတောမုခါ- အပေါက် နှစ်ဘက် ပါသော။ ပုတောဠိ- အိပ်ထောင်သည်။ အတ္ထိ- ရှိ၏။ ဣဒံ- ဤကောက်မျိုးတွေ ရောနှောထည့်ထားသော အိပ်ထောင်ဟူသည်။ သေယျထာ- အဘယ် အနေမျိုး ဟု မေးခဲ့သော်။ သာလီနံ- သလေး စပါးတို့ဖြင့် လည်းကောင်း။ ဝီဟီနံ- သလေးမျိုးမှ တပါးသော ကောက်စပါးတို့ဖြင့် လည်းကောင်း။ မုဂ္ဂါနံ- ပဲနောက်တို့ဖြင့်လည်းကောင်း။ မာသာနံ- ပဲကြီးမျိုးတို့ဖြင့် လည်းကောင်း။ တိလာနံ- နှမ်းမျိုးတို့ဖြင့် လည်းကောင်း။ တဏ္ဍုလာနံ- ဆန်တို့ဖြင့်လည်းကောင်း။ ပူရာ- ပြည့်လျက်ရှိ အိတ်ထောင်ပေတည်း။

တမေနံ- ထိုသလေး ကောက်စပါး ပဲ နှမ်း ဆန် အစားစားတို့ ရော၍ထည့်ထားသော အိတ်ထောင်ကို၊ မုဉ္စိတွာ- ဖြည်၍၊ ပုရိသော- ယောကျာ်းသည်။ စက္ခုမာ- မျက်စိဖြင့် ကြည့်ရှုလျက်၊ ပစ္စဝေက္ခေယျ- ဆင်ခြင်သည်မှာ။

ဣမေ- ဤအမျိုးတို့ကား။ သာလီ- စပါးမျိုးတို့သည်။ ဣမေ- ဤအမျိုးတို့ကား။ ဝီဟီ- ကောက်စပါမျိုးတို့တည်း။ ဣမေ- ဤအမျိုးတို့ကား၊ မုဂ္ဂါ- ပဲနောက်မျိုးတို့တည်း။ ဣမေ- ဤအမျိုးကား။ မာသာ- ပဲကြီးမျိုးတို့တည်း။ ဣမေ- ဤအမျိုးတို့ကား။ တိလာ- နှမ်းအမျိုးတို့တည်း။ ဣမေ- ဤအမျိုးတ

ကား။ တဏှာလာ- ဆန်မျိုးတို့တည်း၊ ဤတိ- ဤသို့ ပစ္စဝေက္ခဏာယျယထား-ဆင်ခြင်ကြည့်သလို၊

ဘိက္ခဝေ- တို့။ ဝေမောဂခေါ်- ဤ ဆင်ခြင်ပုံ သဘော သွားဖြင့် လျှင်။ ဘိက္ခု- သမထလမ်းစဉ် မျှော်မှန်း ယောဂီ ရဟန်း၊ သည်၊ ဥဒ္ဒံပါဒတလာ-ခြေဖဝါးပြင်၏။ အထက်ပိုင်းတွင်ရှိနေသော။ အဓောကေသမတ္ထကာ- ဆံပင်များ အောက်ဖက်တွင် ရှိနေသော။ တစပရိယန္တံ-အရေပေါ်း အရေထူ ၂ မျိုးတို့ဖြင့် လွှမ်းခြုံဝိုင်းရံထားသော။ နာနပ္ပကာရဿ အသုစိနော- စက်ဆုပ်ရွံရှာဖွယ် မသာလောင်းစာရင်းဝင်။ မိမိရရှိထားသော ဤခန္ဓာ အညီကောင်ကို၊ ပစ္စဝေက္ခတိ- အထက်တွင် အကျယ်ထုတ်ပြထားချက်ကို မှီးပြီ ။ အောက်ပါ ၃၂ ကောဋ္ဌာသတို့ကို တခုစီ အနေဖြင့် သော်သည်းကောင်း၊ ၂–ခု ၃ ခုစီ တွဲလျက် အနေဖြင့်သော်လည်းကောင်း ရွံလာ စက်ဆုပ်လာ စွန့်ခွာလာအောင် အထပ်ထပ်ရှုပွား ဆင်ခြင်နေရ၏၊

တမသ္မိံကာယေ- စက်ဆုပ်ရွံရှာဖွယ်တွေစုပြုံလာ သချိုင်းကြီးနှင့်တူလာ ဤခန္ဓာခေါ် အသုဘကိုယ်ကြီး၌၊

၁၊ ကေသာ- ဆံပင်တို့သည် ပ၊ မုတ္တံ- ကျင်ငယ်- ရည်တို့သည်၊ အတ္ထိ-ရှိနေပါသက :။ ဣတိ- ဤသို့၊ ပစ္စဝေက္ခတိ- ဥဂ္ဂဟ ကောဌာသလ္လဏာ ၇ပါး၊ မနသိကာရကောသလ္လဏာ ၁၀ပါးတို့ဖြင့် တွဲလျက် အထပ်ထပ် ရှုပွားဆင်ခြင်နေရ၏၊

---

## ပါဠိတော်

ဣတိ – ၁၊ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

၂၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

## အနက်

၁၊ ဣတိ- ဤဖော်ပြခဲ့ပြီးအတိုင်း။ အဇ္ဈတ္တံ- မိမိခန္ဓာမှာရှိနေသော၊ ကာယေဝါ- ဆံပင်စသော ၃၂ ပါးသော ကာယစုဉ်သည်း၊ ကာယာနုပဿီ-စက်ဆုတ်ရွံရှာဖွယ် ပဋိက္ကူလကာယအဖြစ်ဖြင့် အထပ်ထပ်ရှုပွားလျက်။ ဝိဟရတိ-နေ၏၊

၂။ ဗဟိဒ္ဓါ- သူတပါးခန္ဓာမှာရှိသောဖြစ်သော။ ကာယေဝါ- ဆံ-င် စသော ၃၂ ပါးသော ကာယစု၌လည်း၊ ကာယာနုပဿီ- စက်ဆုပ်ရွံရှာဖွယ် ပဋိကူလကာယအဖြစ်ဖြင့် အထပ်ထပ်ရှုပွားလျက်။ ဝိဟရတိ- နေ၏။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ-မိမိခန္ဓာမှာလည်းရှိ၊ သူတပါးခန္ဓာမှာလည် ရှိသော။ ကာယေဝါ- ဆံပင်စသော ၃၂ ပါးသော ကာယစု၌လည်း။ ကာယာနုပဿီ- စက်ဆုပ်ရွံရှာဖွယ် ပဋိကူလကာယအဖြစ်ဖြင့် အထပ်ထပ်ရှုပွားလျက်။ ဝိဟရတိ- နေ၏။

## ပါဠိတော်

၁။ သမုဒယ ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

၂။ ဝယ ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

၃။ သမုဒယ ဝယ ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

## အနက်

၁။ ကာယသ္မိံ-ဖော်ပြပါ၃၂ပါးသောကာယစု၌။သမုဒယဓမ္မာနုပဿီဝါ- ယင်းကာယစုတို့ဖြစ်ပေါ်လာရန်နှင့် ဖြစ်ပေါ်စေသော အကြောင်းအရပ်ရပ်တို့ကို အထပ်ထပ် ရှုပွားလျက်လည်း။ ဝိဟရတိ-နေ၏။

၂။ ကာယသ္မိံ- ဖော်ပြပါ ၃၂ ပါးသောကာယစု၌။ ဝယဓမ္မာနုပဿီဝါ- ယင်းကာယစုတို့ ကွယ်ပျောက်ရန်နှင့် ကွယ်ပျောက်စေသောအကြောင်းအရပ်ရပ်တို့ကိုပါ အထပ်ထပ်ရှုပွားလျက်လည်း။ ဝိဟရတိ- နေ၏။

၃။ ကာယသ္မိံ - ယင်း၃၂ပါးသောကာယစု၌။သမုဒယဝယဓမ္မာနုပဿီဝါ- ယင်းကာယစုတို့ဖြစ်ပေါ်လာရန်နှင့် ဖြစ်ပေါ်စေသောအကြောင်းစုကို ရံခါ ရှုပွား၍ ရံခါမှာ ကွယ်ပျောက်စေရန်နှင့် ကွယ်ပျောက်စေသော အကြောင်းအရပ်ရပ်တို့ကို အထပ်ထပ်ရှုပွားလျက်။ ဝိဟရတိ- နေ၏။

## နိဂုံးပြပါဠိတော်

၁။ အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊

၂။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ။

၃။ အနိဿိတော စ ဝိဟရတိ။
၄။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။
၅။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ပဋိကူလမနသိကာရ ပဗ္ဗံ နိဋ္ဌိတံ။

## အနက်

ဝါပန်- ဒွတ္တိံသာကာယကိစ္စကို ရှုပွားမှုမှန်သူတို့၌ အကျိုးထူးအဆင့်ဆင့် ရရှိပုံကို ထုတ်ဖော်ညွှန်ပြဦးအံ့။

အသ- သမထစျာန်ရရှိရေးအတွက် ကောဋ္ဌာသသည်တို့ကို ပဋိကူလအနေဖြင့် ရှုပွားနေသော ထိုယောဂီအား၊ ကာယောတိ ကာယေ- ဇေ- စက်ဆုပ်ဖွယ် ကာယစုသည်သာ၊ အတ္ထိတိ- ရှိပါ၏ဟူ၍။ သတိ- ရှုနေသော မဂ္ဂင်သတိသည်။ ပစ္စုပဋ္ဌိတာ ဟောတိ- ဖြတ်သားသဲကွဲစွာ ထင်နေတော့၏။

ယာဝဒေဝ ဉာဏမတ္တာယ- အသုဘအဖြစ်ထင်ရှုမြင်နေသော အဘိညာဏ်ဓာတ် အဆင့်ဆင့်တိုးမြှင့်သွားရန်လည်းကောင်း။ ယာဝဒေဝ ပဋိဿတိမတ္တာယ- သတိမဂ္ဂင်အဆင့်ဆင့်တိုးမြှင့်သွားရန်လည်းကောင်း။ ဟောတိ- ဖြစ်၏။

၃၊ အနိဿိတော စ- ကာယအမည်ရ ဟူသမျှအပေါ်၌ တဏှာအနေဖြင့် မှီတွယ်မှု၊ ဒိဋ္ဌိအနေဖြင့် မှီတွယ်မှုပြုပါလည်း၊ ဝိဟရတိ- နေ၏။

၄။ ကိဉ္စိလောကေ- လောကအမည်ခံ ရုပ်နာမ်ဓမ္မဟူသမျှအပေါ်၌၊ နစ ဥပါဒိယတိ- တဏှာစွဲ ဒိဋ္ဌိစွဲအနေဖြင့်လည်း မစွဲလမ်းတော့ပေ။

၅။ ဘိက္ခဝေ- တို့၊ ဘိက္ခု- ရှုပွားနေသော ယောဂီရဟန်းသည်။ ဧဝမ္ပိခေါ- ဤအထက်ပါညွှန်ပြချက်တို့အတိုင်း၊ ကာယေ- ပဋိကူလမနသိကာရကာယ၌၊ ကာယာနုပဿီ- ပဋိကူလမနသိကာရ ကာယအနေဖြင့် အထပ်ထပ်ရှုပွား လျက်။ ဝိဟရတိ- နေ၏။

ပဋိကူလမနသိကာရပဗ္ဗံ- ၄ ခုမြောက် ကာယာနုပဿနာ ပဋိကူလမနသိကာရ ကာယပိုင်းသည်၊ နိဋ္ဌိတံ- ပြီးပြီ။

# ၁။ ကာယာနုပဿနာ

# ၅။ ဓာတုမနသိကာရပဗ္ဗ

## ပါဠိတော်

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ၊ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ။

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါသီ ဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ၊ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ။

## အနက်ပြန်ဆိုချက်

ဘိက္ခဝေ-ရဟန်းတို့၊ စ အပရံ-အခြား ရှုပ်ကမ္မဋ္ဌာန်းတမျိုးကို၊ ဝါ-ကာယာနုပဿနာ ရှုပ်ကမ္မဋ္ဌာန်းသဘောဖြင့် ရှုပွားဖို့ရန် အခြား ရှုပ်ကမ္မဋ္ဌာန်းတမျိုးကို၊ ဝါ-ရှုပွားနည်းတမျိုးကို။ ဝါ-ပဋိကူလမနသိကာရ ရှုပ်ကမ္မဋ္ဌာန်း ရှုပွားနည်းမှတပါး ဓာတုမနသိကာရ ရှုပ်ကမ္မဋ္ဌာန်း ရှုပွားနည်း တမျိုးကို။ ဝါ-တေဘုမ္မိက-ရုပ်နာမ်တရားဟူသမျှတို့ကို။ ဝါ-သညတ အနိမိတ္တ အပ္ပဏိဟိတ ဆိုက်အောင် ရှုပွားနိုင်ကြသော ဂမ္ဘီရ ဓာတ်ရုပ်ရှုပွားနည်းတခန်းကို။ ပုန-ထပ်ဆင့်၍ ပြသ္သနပ်ပေးဦးအံ့။

ဘိက္ခု-ယခင် စွဲမှတ်နေ၊ ထင်နေသော။ သတ္တအနေ ကွယ်အောင်လည်းကောင်း၊ ဇီဝ အတ္တနှင့် ပုဂ္ဂလအနေ ကွယ်အောင်လည်းကောင်း၊ ငါ သူ သင်နှင့် ယောကျ်ား မိန်းမအနေ ကွယ်အောင်လည်းကောင်း၊ ဘုန်းကြီး ကိုရင်နှင့် ဘိုးသူတော် မယ်သီလအနေ ကွယ်အောင်လည်းကောင်း၊ အိမ် ကျောင်း ဇရပ် စေတီ တံတိုင်းနှင့် သစ်ပင် တော တောင် စသည်အနေတို့ ကွယ်အောင်လည်းကောင်း ရှုပွားလို သိမြင်လိုသော ယောဂီရဟန်းသည်။

ဝါ-ပုံသဏ္ဌာန် အကောင်အထည်တွေ ကွယ်သွားပြီး ပရမတ္ထသဘာဝကိုသာ သိမြင်လိုသော ယောဂီရဟန်းသည်။

ယထာ ဋ္ဌိတံ-ဣရိယာပုထ် ၄ မျိုးတို့တွင် အခိုက်အတန့်အလိုက် တမျိုးမျိုးသော ဣရိယာပုထ်မှာ တည်လျက်ရှိနေသော။ ယထာပဏိဟိတံ-အသေးစား ဣရိယာပုထ်ခေါ် သမ္ပဇညကာယ ၂၂ မျိုးတို့တွင် တမျိုးမျိုးသော အနေအထားအားဖြင့် ထားရှိလျက်ရှိသော။ ဣမံ မေဝကာယံ-ပရမတ္ထသဘာဝမျှသာရှိနေသော ဤခန္ဓာကိုယ်ကိုသာ။ ဝါ-ယခင်ချိန်တွင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် သူကောင် ငါကောင်ဟု ထင်မှား စွဲယူနေခဲ့သော ဤရုပ်ကလာပ်စုအထပ်ထပ်ပေါ်မှာ။ ဓာတုသော-ဓာတ်အားဖြင့်။ ဝါ-ဓာတ်သဘောအနေဖြင့်။ ပစ္စဝေက္ခတိ-ဆင်ခြင်သုံးသပ်၏။

(ဤကား ဓာတုသော ပစ္စဝေက္ခတိ ကို သဒ္ဒါနက်အနေဖြင့် ပေးလိုက်သည်။ ပဋိပတ်နယ်သုံး အနက်ပေးသော် ဤသို့လည်း ပေးနိုင်ရာသည်)။

ဓာတုသော-ပညတ်အမြင် ကွယ်သွား၊ ဓာတ်လက္ခဏာကိုသာ ဖမ်းယူသောအားဖြင့်။ ဝါ-ဓာတုသော- အတုံးအခဲသင်ထား၊ ခေါင်း ခါး လက် ခြေ ငါသုံးတွေ ကျား မ သဏ္ဌာန်ပုံခြယ် အကောင်နှယ်အထင်တွေ ကွယ်သွား၊ ဘကယ်ရှိ ပရမတ်လက္ခဏာ ထင်ရှား သဘာဝဓာတ်တရားစုအနေဖြင့်။ ပစ္စဝေက္ခတိ-ပတိ ပတိ ဣက္ခတိ-သမ္မာသတိနှင့် သမ္မာဒိဋ္ဌိမဂ္ဂင်အမြင် ကပ်ကာ အထပ်ထပ်ရှုကြည့်၏။

ကိံ ပစ္စဝေက္ခတိ-ရှုပုံမှာကား ဣမသ္မိံ ကာယေ-မိမိ၏ ဤခန္ဓာကိုယ်၌။ဝါ-ဆံပင်အစ ဦးနှောက်အဆုံးရှိသော ဤခန္ဓာကိုယ်၌။ ပထဝီဓာတု-ပထဝီဓာတ်သည်။ ဝါ-၂၀ သော ပထဝီဓာတ်မျိုးသည်။ အတ္ထိ-ရှိပေ၏။ အာပေါဓာတု-၁၂ ပါးသော အာပေါဓာတ်မျိုးသည်။ အတ္ထိ-ရှိပေ၏။ တေဇောဓာတု-၄ ပါးသော တေဇောဓာတ်မျိုးသည်၊အတ္ထိ-ရှိပေ၏။ဝါယောဓာတု-၆ ပါးသော ဝါယောဓာတ်မျိုးသည်။ အတ္ထိ-ရှိပေ၏။ ဣတိ-ဤသို့။ ပစ္စဝေက္ခတိ-ဆင်ခြင်၏။ (ဤကား ပရိယတ်နယ်သုံးအနက်)

## ပဋိပတ်နယ်သုံးအနက်

ဣမသ္မိံ ကာယေ- ဘူတရုပ်နှင့် ဥပါဒါရုပ်တို့ ပေါင်းဖွဲ့သားရာ ဤသဘာဝရုပ်အစု၌။

၁။ ပထဝီဓာတု-လက္ခဏာ ပထဝီဓာတ်သဘာဝသည်။ ဝါ-မာမှုသဘော၊ တောင့်မှု တင်းမှုသဘော၊ ကြမ်းမှုသဘော၊ လေးမှုသဘော၊ ထိုင်းမှိုင်းမှုသဘော၊ နှစ်မြုပ်မှုသဘော၊ ငိုင်ကျလာမှုသဘော၊ ပိလာမှုသဘော၊ ညပ်လာမှုသဘော၊ ကြပ်တည်းလာမှုသဘော၊ ငြိမ်ဝပ်မှုသဘော၊ မလှုပ်မရှားမှုစသော သဘောသည်။ အတ္ထိ-ရှိ၏။ တွေ့ရ၏။ ပေါ်လာ၏။

ဝါ-ပထဝီဓာတု-ရသ ပထဝီဓာတ်ကိစ္စသည်။ ဝါ-ရှေးလက္ခဏာပထဝီသဘာဝ တို့ ရှိနေချက်ကြောင့် တဆင့်အားကောင်းလာသော မှီစရာအဆင့် အမှီပြုနိုင်ရာ အဆင့် ခံစရာအဆင့်နှင့် အခံပြုနိုင်စရာအဆင့်သို့ ရောက်ရှိလာသော အစွမ်းသဘောသည်။ အတ္ထိ-ရှိ၏၊ တွေ့ရ၏၊ ပေါ်လာ၏။

ဝါ-ပထဝီဓာတု-ပစ္စုပဋ္ဌာန ပထဝီဓာတ်သဘောသည်။ ဝါ-ရှေ့လက္ခဏာပထဝီနှင့် ရသပထဝီ စွမ်းရည် ၂ မျိုးတို့ကြောင့် အင်အား တောင့်တင်းလာသော ဤပစ္စုပဋ္ဌာန ပထဝီဓာတ်သဘောကိစ္စကို ဉာဏ်အမြင်မလိုပဲ မျက်စိဖြင့် မြင်ရုံဖြင့်ပင် ထင်ရှားစွာ သိသာနိုင်သော တောင့်တင်းသော အစွမ်းသဘောစုသည်။ ဝါ-ကျန်ဝါယောဓာတ် တေဇောဓာတ် အာပေါဓာတ်တို့၏ အား အစုကိုပါ ခံထားနိုင် ခံပြုနိုင်သော သဘောသည်။

ဝါ-ဝါယောဓာတ်၏ ကိစ္စဖြစ်သော ဖိမှု ညှပ်မှု တိုးမှု တွန်းမှု ကန်မှု သဘောတို့ကိုလည်း ခံထားနိုင် ခံပြုနိုင်မှုသည်။

တေဇောဓာတ်၏ ကိစ္စဖြစ်သော ပူမှု ရင့်ကျက်မှု နူးညံ့မှုတို့ကိုလည်း ခံထားနိုင် ခံပြုနိုင်မှုသည်။

အာပေါဓာတ်၏ကိစ္စဖြစ်သော ဖွဲ့မှု ပျံ့မှု စုရုံးမှုတို့ကိုလည်း ခံထားနိုင် ခံပြုနိုင်မှုသည်၊

ပထဝီဓာတ်၏ ကိစ္စဖြစ်သော နောက်ထပ် အလေးဓာတ် အပိဓာတ်တို့ကို ခံထားနိုင် ခံယူနိုင် ခံပြုနိုင်သော အစွမ်းသဘောသည်။

ဝါ-ထိုသဘောကို ဥပမာပြရလျှင် တိုင်နှင့် ယက်မ၊ တုတ် လျှောက် ဒိုင်း မြှား စသည်တို့ အမှာခံအား ကောင်းနေ၍ ဆင့် ခင်းပြင် အကာ အမိုး စသည်တို့ကိုပါ ခံထားနိုင် ခံယူနိုင် ခံပြုနိုင်သလို တောင့်တင်း သန်မာမှု အင်အားကို တွေ့မြင်နိုင်သော ပစ္စုပဋ္ဌာန် ပထဝီဓာတ်သဘောသည်။ အတ္ထိ-ရှိ၏၊ ပေါ်လာ၏၊ တွေ့ရ၏၊ တွေ့ရှိရ၏။

## ဥပမာဆောင်၍ဟောညွှန်ပုံ

ဘိက္ခဝေ-တို့။ သေယျထာပိ- သိမြင်လာအောင် ဥပမာဆောင်၍ ပြရသော်၊ ဒက္ခော-ကျွဲနွားတို့ကို အမဲသားပြုလုပ်ရေး၌ ကျွမ်းကျင်မှုရှိသော။ ဂေါဃာတကော ဝါ-ပိုင်ရှင် နွားထိုးသမားခေါ် နွားသတ်သမားကိုယ်တိုင် ကနေဖြစ်စေ။ ဂေါဃာတကန္တေဝါသီ ဝါ-လက်ထောက်တပည့် နွားသတ်သမားပဲဖြစ်စေ၊ ဂါဝိံ-နွားကို။ ဝါ-နွားမကို။ ဝဓိတွာ-သတ်ဖြတ်ပြီးနောက်။ စတုမဟာပထေ-လမ်းမကြီး ၄ သွယ်၌။ ဗိလသော- အတုံး

အကစ်အနေဖြစ်လာအောင်။ ဝိဘဇိတွာ- လှီးဖြတ်တုံးတစ် စိတ်မိထား၍လျှင်။ နိသိန္နော- နွားကောင်ရောင်းသမား နွားသေရောင်းသမားအနေမဟုတ်တော့ပဲ အမဲသားရောင်း၊ အမဲဘုံး အမဲဘစ်ရောင်းသမားအနေဖြင့် နေထိုင်လျက်ရှိလာသည်၊ အသယထာ- ဖြစ်ရှိသာ အခြေအနေပြောင်းလဲလာသလို။ဝေဝမေဝခေါ- ဤပုံစံဖြင့် တင်ပြဥပမာ သဘာဝအတိုင်းသာလျှင်။

ဘိက္ခု- သတ္တဝါပုံသဏ္ဌာန်အသွင်ပျောက်၍ ရှိရင်း ပရမတ္ထသဘာဝအနေသို့ ရောက်အောင်  သိမြင်လို မြင်တွေ့လို မြင်နိုင်လိုသော ယောဂီရဟန်းသည်။ ယထာဋ္ဌိတံ- ရုပ်ကလာပ်တို့အား အခိုက်အတန့်အလိုက် ဣရိယာပုထ် ၄ မျိုး တို့တွင် တမျိုးမျိုးသောအခိုက်အတန့်ဖြင့် တည်လျက်ရှိနေသော။ ယထာပဏိဟိတံ- ဣရိယာပုထ်အနေအထားထက် အသေးစိတ်ထားလျက်ရှိသော။ ဣမမေဝကာယံ- ယခင်အချိန်တို့တွင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ငါကောင်အနေဖြင့် စွဲမှား လွဲမှားထားသော်လည်း အရှိ အနေတွအားဖြင့် ဓာတ်သဘာဝ ပရမတ်ကလာပ်စုသာဖြစ်သော ဤရုပ်ကလာပ်ဓာတ်အိမ်ကိုသာလျှင်။

ဓာတုသော-ဓာတ်အနေဖြင့်။ ဝါ-အကောင်အထည်ဒြပ်ပုံအသွင်ကိုမယူဉ်။ ပရမတ္ထ- လက္ခဏာ သဘာဝအနေသာ ထင်လာ မြင်လာသော အနေဖြင့်။ ပစ္စဝေက္ခတိ- အထပ်ထပ်ဆင်ခြင်ပွားများ၏။

ကိံ ပစ္စဝေက္ခတိ- အဘယ်သို့လျှင် အထပ်ထပ် ဆင်ခြင်ပွားများသနည်း ဟူမူကား—

၁။ ပထဝီဓာတု- ဖော်ပြခဲ့ပြီးအတိုင်း လက္ခဏာ ပထဝီဓာတ်သဘော၊ ရသပထဝီဓာတ်သဘော၊ ပစ္စုပဋ္ဌာနပထဝီဓာတ်သဘောသည် လည်းကောင်း။

၂။ အာပေါဓာတု- လက္ခဏာအာပေါဓာတ်သည်။ ဝါ-ပဋ္ဌရဏလက္ခဏာ အရ အစိုများသောအရာ အရေများသောအရာ အဆိမ့်နှင့်အစေးများသောအရာ တို့၌မူ ပျံ့လွယ်နှံ့လွယ်သဘော စီးလွယ်ဆင်းလွယ်သဘော ယိုထွက်လွယ် စိမ့် ထွက်လွယ်သဘော အရည်ပျော်လွယ် ပျော့ခွေလွယ်သဘောသည်။ အတ္ထိ- ရှိပေ၏။ ဝါ-အာဗန္ဓနလက္ခဏာအရ အစိုဓာတ်မရှိပဲ အခြောက်ဓာတ်များ အပူဓာတ်များ၌ အဆိမ့်နှင့်အစေးဓာတ်နည်းသော သံ ကျောက် သစ် ငွေ ရွှေ စသော အရာတို့၌မူ ဖွဲ့ပေးမှုသဘော ပူးကပ်နေမှုသဘော ဆွဲစုထားမှုသဘော တောင်လာစေ တင်းလာစေမှု စသော သဘောသည်။ အတ္ထိ- ရှိပါပေ၏။

[သတိပြုဖွယ်- တောင့်မှု တင်းမှုက အကျိုး စသော ပထဝီဓာတ်သဘော၊ တောင့်လာစေမှု တင်းလာစေမှုက အကြောင်း အာပေါသဘောဟူ၍ ခွဲခြား၍ သဘောပေါက်လေ၏။

ဝါ- အာပေါဓာတု၊ ရသအာပေါဓာတ်သည်။ ဝါ-မြူဟနရသာ အာပေါဓာတု အရ အာဗန္ဓနသတ္တိနှင့် ပဋ္ဌရဏ သတ္တိတို့ကြောင့် ပြန့်ကျယ်လေးမှု သဘော၊ တိုးပွားလာ ကြီးထွားလာ စည်ကားလာ လျှံဝလာ ဆင်အား ပြည့်လာသော သဘောတို့နှင့် ပုံသဏ္ဌာန်ပေါ်လာပုံ အနေပြောင်းလွဲလာစ သော သဘောသည်။

ဝါ- အာပေါဓာတု၊ ပစ္စုပဋ္ဌာန အာပေါဓာတ်သည်။ ဝါ၊ သင်္ဂဟပစ္စုပဋ္ဌာန အာပေါဓာတုအရ ရွှေအာဗန္ဓန ပဋ္ဌရဏနှင့် မြူဟန သတ္တိတို့ကြောင့် အတုံးလိုက်အခဲလိုက်ကြီး အနေထင်လာမှု၊ ပုဂ္ဂိုလ် သတ္တဝါ အထီး အမ အိမ် ကျောင်း၊ တန်ဆောင်း၊ စေတီ၊ တောအုပ်၊ တောတန်း၊ တောင်ငယ်၊ တောင်ကြီး စသော ထွားကြိုင်းကြီးမားသော အသွင်အနေ စသည်ထင်လာသည်။ အတ္ထိ၊ ရှိ၏။ ပေါ်လာ၏။ တွေ့ရ၏။

၃။ တေဇောဓာတု၊ လက္ခဏတေဇောဓာတ်သည်၊ ဝါ၊ဥဏှတ္တလက္ခဏာ တေဇောဓာတုအရ ပူခြင်း၊ လောင်မြိုက်ခြင်း၊ လောင်ကျွမ်းခြင်း၊ အလျှံထ ခြင်း၊ အခိုးထွက်ခြင်း စသော အပူလက္ခဏာ တေဇောဓာတ်နှင့် သီတတ္တ လက္ခဏာ တေဇောဓာတုအရ အေးခြင်း၊ ဖောက်ထွင်းခြင်း၊ စူးရှခြင်း၊ ချေဖျက်ခြင်း စသော အအေးလက္ခဏာ တေဇောဓာတ်သည်။ အတ္ထိ၊ ရှိ၏။ တွေ့ရ၏။ ပေါ်လာ၏။

ဝါ- တေဇောဓာတု၊ ရသတေဇောဓာတ်သည်။ ဝါ၊ ပရိပါစနရသာ တေဇောဓာတုအရ- ရွှေလက္ခဏာ တေဇောအရဖြစ်သော အပူနှင့် အအေး ဓာတ်တို့ကြောင့်ဖြစ်ပေါ်လာကြသော အိုက်ခြင်း၊ ပေပြင်းခြင်း၊ ကျင်ခြင်း၊ မခံသာခြင်း၊ အောင့်ခြင်း၊ ကိုက်ခဲခြင်း၊ ရောဂါရခြင်း၊ ဖျားခြင်း၊ ရင့်ရော်ခြင်း၊ အိုခြင်း၊ သေခြင်း၊ ခြောက်ခြား၊ ခန်းခြင်း ဆွေးမြေ့ခြင်း၊ အက်ကွဲခြင်း၊ ပေါ်ထွက်ခြင်း၊ ပြိုပျက်ခြင်း၊ ကြေခြင်း၊ ကြေညက်ခြင်း၊ ပွပွ ကြဲခြင်း စသော သဘောသည်။ အတ္ထိ၊ ရှိ၏။ တွေ့ရ၏။ ပေါ်လာ၏။

ဝါ- တေဇောဓာတု၊ ပစ္စုပဋ္ဌာနတေဇောဓာတ်သည်။ ဝါ၊ မဒ္ဒဝနုပ္ပဒါန ပစ္စုပဋ္ဌာန တေဇောဓာတုအရ ရွှေလက္ခဏာတေဇောနှင့် ရသတေဇောတို့ ကြောင့် တေဇောကိစ္စ ထင်ရှားလာပုံမှာ ဉာဏ်ကိစ္စမလို၊ မံသ မျက်စိဖြင့်ပင် သိမြင်လာနိုင်ကြသော။

ကျက်လာခြင်း၊ နူးနပ်လာခြင်း၊ အကျက် အမှည့်ပိုလာခြင်း တို့ထက် အကျက်အလောင်များ၍ မီးစွဲလာခြင်း၊ မီးတောက်ထလာခြင်း၊ မီးလျှံဖြာ

ထွက်လာခြင်း၊ တူးလားခြင်း၊ ပြားအဖြစ်ရောက်လာခြင်း၊ ပေါ်ပါလာခြင်း ပုံသဏ္ဌာန်နှင့် အဆင်း စသည်တို့ပါ ပြောင်းလဲလာခြင်း စသော သဘောသည်။ အတ္ထိ၊ ရှိ၏။ တွေ့ရ၏။ ပေါ်လာ၏။

၄။ ဝါယောဓာတု၊ လက္ခဏဝါယောဓာတ်သည်။ ဝါ၊ ငိတ္ထမ္ဘနလက္ခဏာ ဝါယောဓာတုအရ တွန်းမှု၊ တိုးမှု၊ လှိမ့်မှု၊ ကန်ပေးမှု၊ ကန်ထားမှု၊ ထောက်ထားမှု၊ ဖယ်မှု၊ ဖိမှု၊ ညှပ်မှု၊ ပင့်မှု၊ မမှု၊ မြှောက်မှု၊ ထောင်ပေးမှု၊ ထိန်းပေးမှု၊ ထားပေးမှု၊ ထိုးမှု၊ ဆွမှု၊ ရေးခြစ်မှု၊ သုတ်လိမ်းမှု၊ ဆွဲမှု၊ ချမှု၊ ရွေ့စေမှု၊ ကြွမှု၊ တိုးစေမှု၊ ဆန့်စေမှု၊ ပေးမှု၊ ယူမှု သဘောသည်။ အတ္ထိ၊ ရှိ၏၊ တွေ့ရ၏။ ပေါ်လာရ၏။

ဝါ- ဝါယောဓာတု၊ ရသဝါယောဓာတ်သည်။ ဝါ၊ သမုဒီရဏရသာ ဝါယောဓာတုအရ ရွေ့လက္ခဏာဝါယောဖြစ်သော တွန်းမှု တိုးမှုကြောင့် ရွေ့ခြင်း၊ လှုပ်ခြင်း၊ လှိမ့်ခြင်း၊ စန့်ခြင်း၊ ဆန့်ခြင်း၊ ကားခြင်း၊ စုခြင်း၊ တက်လှမ်းခြင်း၊ ပြန်ဆုတ်ခြင်း၊ ပြေခြင်း၊ ပြန်ခြင်း၊ ဆုတ်ခြင်း၊ မှိုင်ခြင်း၊ ဖွင့်ခြင်း၊ စောင်းခြင်း၊ ငုံ့ခြင်း၊ ထည့်ခြင်း၊ သွန်ခြင်း၊ တည့်ခြင်းစသော သဘောသည်။ အတ္ထိ၊ ရှိ၏။ တွေ့ရ၏။ ပေါ်လာရ၏။

ဝါ- ဝါယောဓာတု၊ ပစ္စုပဋ္ဌာနဝါယောဓာတ်သည်။ ဝါ၊ အဘိနီဟာရ ပစ္စုပဋ္ဌာန ဝါယောဓာတုအရ ရွေ့လက္ခဏာနှင့် ရသဝါယောသတ္တိတို့ကြောင့်။ ဝါ၊ တွန်းမှု ရွေ့မှုတို့ကြောင့် တဘက်ဘက်သို့ ရောက်သွားရခြင်း၊ ယိမ်းယိုင်သွားခြင်း၊ လဲကျသွားခြင်း၊ မှောက်မှု လှန်မှုဖြစ်လာခြင်း၊ ပြေးလွှားခြင်း၊ ခုန်တက်ခြင်း၊ ခုန်ဆင်းခြင်း၊ တခုန်ခြင်း၊ လှည့်ပတ်ခြင်း၊ ဝှေ့ရမ်းခြင်း၊ တွန့်လိမ်ခြင်း၊ ချိုးပဲ့ခြင်း၊ နှုတ်ခမ်းစူထုတ်ခြင်း၊ ကားထုတ်ခြင်း၊ လျှာထုတ်ခြင်း၊ ပါးဖောင်းခြင်း၊ ပါးရှုံ့ခြင်း၊ ဗိုက်ဖောင်းခြင်း၊ ပိန်ခြင်း၊ ခါးခုတ် လုံးဆိုပြခြင်း၊ သိုင်းရိုက်ခြင်း၊ ထုတ်တိုးကစားခြင်း၊ ဘော်လီဘောကစားခြင်း၊ တင်းနစ်ကစားခြင်း၊ ဂေါက်သီးရိုက်ခြင်း၊ ပိုလိုရိုက်ခြင်း၊ တန်းခုန်ခြင်း၊ ကျွမ်းထိုးခြင်း စသော သဘောသည်။ အတ္ထိ၊ ရှိ၏။ ဝါ၊ တွေ့ရ၏။ ပေါ်လာ၏။

### ဓာတ်ကြီးလေးပါးကို ရှုပွားခန်းအတွက်

### အနက်ဖော်ပုံ

၁။ ပထဝီဓာတု၊ ထိမိခိုက်တိုင်း၌ တွေ့ရှိရ တွေ့ရှိနိုင်သော မာမှု၊ ကြမ်းမှုစသော လက္ခဏာပထဝီ သဘောမျိုးသည်။ ဝါ၊ အမာမျှားမှုနှင့် အမာနည်း

သော ပြောမှုသဘောသည်။ ဝါ၊ တင်းမှု၊ တောင့်မှု၊ ဖိမှု၊ ညှပ်မှု၊ အဖိခံရမှု၊ အညှပ်ခံရမှု၊ ကြမ်းတမ်းမှု စသည်နှင့် မထိဘဲသော်လည်း သိနိုင်သော လေးမှု၊ ထိုင်းမှု စသော ဘာဝနာရှုပွားရန် လက္ခဏပထဝီသဘောစု တခုခုသည်၊ အတ္ထိ၊ ရှိ၏။ တွေ့ရ၏၊ ပေါ်လာ၏။

## ရူပနာမပရိစ္ဆေဒဉာဏ် ပေါ်လာပုံ

ဝါ- အတ္ထိ၊ ရှုပွားခါစ၌ ထိမိရာ၌သာ မာမှု ကြမ်းမှုသဘောကို တွေ့လာ၍ ဆက်၍ရှုပွားနေခဲ့သော် မာမှုသဘောသည် တနေရာတွင်မဟုတ်တော့ပဲ တစတစနှင့် ထက်အောက် တကိုယ်လုံးအပြည့် မာမှုတွေ့ကူးစက် ပြန့်ပွားသွားချက်တွေကို တွေ့ရ၏၊ ပေါ်လာ၏။ ဝါ၊ ခြေသက် ခါးနှင့် ကိုယ်ခေါင်း ဟူသော ယခင်သိမှတ်စွဲယူထားသော နေရာမှာ မာမှုသဘောစုကိုသာ တွေ့လာသည်။ ဝါ၊ လူ ပုဂ္ဂိုလ် သတ္တဝါ ကျား မ ဟူသော နေရာမှာ မာမှုသဘောကိုသာ တွေ့လာ၏။ ပေါ်လာ၏။

ဝါ- အတ္ထိ၊ ငါ့ကိုယ် ငါ့သက်စသော နေရာမှာလည်း မာသဘောကိုသာ တွေ့လာတော့၍။ ငါ၏နေရာမှာ ယင်းမာမှုကို သိနေ ကြည့်နေသော သိမှုသဘောကိုသာ တွေ့လာတော့၏။

## ပစ္စယပရိဂ္ဂဟဉာဏ်ပေါ်ပုံ

ဝါ- အတ္ထိ၊ မာမှုတခုသည် ပိုပြီးမာလာ အခြားမာမှုတွေနှင့် တွဲစပ်မိ၍ အမာတွေပိုလာပုံ။ မာမှုအချင်းချင်း ကူးစက်အားပေးနေ၍ ပိုပြီး မာလာပုံကိုလည်းကောင်း၊ အမာတွေနည်းချိန်ကို အပြောဟုခေါ်၍ အမာတွေများလာချိန် ပူးပေါင်းလာချိန်မှာ အမာနှင့် အမာများ အမာကြီး ဖြစ်လာပုံကိုလည်းကောင်း။

မာမှုကို မာတယ်ဟု မာမှုက မသိနိုင်ပဲ သိမှုရှိနေမှ မာမှုကို သိနိုင်ပုံကိုလည်းကောင်း။ အောက်ခံခင်း ဖျာ၌ပြား တမန်တလင်း မြေပြင်နှင့် မှီစရာ နံရံ၊ တိုင်၊ သစ်ပင် စသည်တို့မှာလည်း အမာတွေရှိပါလျက် မာသည်ဟု မသိနိုင်ပဲ အသိဓာတ်ရှိရာကသာ မာသည်၊ တင်းသည်၊ ကြမ်းသည်ဟု သိနိုင်ပါတကားဟု အမာဖြစ်လာမှုအကြောင်း သိလာမှုအကြောင်းတို့ကိုပါ တွေ့လာ ပေါ်လာ၏။

## သမ္မသနဉာဏ်ပေါ်လာပုံ

ဝါ- အတ္တိ၊ အတွင်းမာရှိသလို အပြင်မာတွေလည်း ရှိနေပုံကိုလည်းကောင်း။ အမာနဲ့ခေါ် ဆမပြောနှင့် အမာရင့် ဝါ- အမာကြမ်း ရှိနေပုံကိုလည်းကောင်း။ အနီးမာရှိသလို အဝေးမာလည်း ရှိနေပုံကိုလည်းကောင်း၊ သိခိုက် သိဆဲ အမာနှင့် သိခဲ့ပြီး အမာသိလတ္တံ့ အမာတွေလည်း ရှိကြပုံကိုလည်းကောင်း ကျယ်ပြန့်စွာ သိလာ တွေ့လာ၏။

## ဥဒယဗ္ဗယဉာဏ် ပေါ်လာပုံ

ဝါ- အတ္တိ၊ မာမှုတွေသည် ဆက်တိုက်ကြီး မဟုတ်ပဲ တမာပြီးမှ တမာ ပေါ်ပေါ်လာပုံကိုလည်းကောင်း၊ တဖန် အစမာနှင့် အဆုံးမာ ရှိလာသလိုက အစမာ၊ အလယ်မာ၊ အဆုံးမာအနေ ရှိလာသလိုလည်းကောင်း။ တဖန် မာလိုက်နှင့် ပျောက်လိုက်၊ သိလိုက်နှင့် ပျောက်လိုက် ရှိလာသည်ကို တွေ့လာ၏။

## ဘင်္ဂဉာဏ် ပေါ်လာပုံ

ဝါ- အတ္တိ-မာမှုတွေသည် ပေါ်လိုက် ပျောက်လိုက် တွေ့နေရာမှ ပေါ်လာမှု မတွေ့ရတော့ပဲ ပျောက်ပျောက်သွား ပျက်ပျက်သွား ပြိုပြိုသွားပုံကိုသာ တွေ့လာ၏။

## ဘယဉာဏ် စသည် ပေါ်လာပုံ

ဝါ- အတ္တိ- ယင်းအပျောက် အပျက်နှင့် အပြိုသဘောတွေကိုသာ တွေ့လာရ တွေ့နေရ၍ မာမှုနှင့် မာမှုတည်ရှိရာ ကိုယ်ခန္ဓာကြီး မှာ လည်း ကောင်း။ အောက်ခံမာရာနှင့် အပြင်မှ မာရာတို့မှာလည်းကောင်း မှီခိုစရာ တန့်နားစရာ မရှိဖြစ်လာ၍ ယင်းပျက်ပြိုမှုတွေကို ဘယ- ဘေးထင်လာမှု- အာဒီနဝ အပြစ်တင်လာမှု နိဗ္ဗိဒါ- ငြီးငွေ့လာမှု၊ မုဉ္စိတုကမျတာ- လွတ်မြောက်လိုမှု စသည်တို့သည် ဝိသုဒ္ဓိစဉ် ဉာဏ်စဉ် ပရိညာစဉ်နှင့် ဥပစာရ စူဠသောတာပန် စသော သန္တ သဗ္ဗုရိသစဉ်တို့သို့ အလိုလို ကူးတက်လာတော့၏။

၂။ အာပေါဓာတု- အာပေါဓာတ်သည်။ ဝါ- ပဂ္ဃရဏ လက္ခဏာ အာပေါဓာတု- အရ ရေတင်လဲ ပျားရည်တံထွေး နှပ် သလိပ် သွေး ဆီ ထောပတ်စသော အရေများရာ အစိုများရာနှင့် အဆီများရာ အစေးများရာတို့၌ ပျံ့လွယ် နှံ့လွယ်သဘော စီးလွယ် ဆင်းလွယ်သဘော ယိုထွက်လွယ်

စီးထွက်လွယ်သဘော ပျော့ခွေလွယ် ဆေးရည်ပျော် လွယ် စသော လက္ခဏာ အာပေါဓာတ်သည်။ အတ္ထိ- ရှိ၏။ ဝါ- တွေ့ရ၏။

ဝါ- အာဗန္ဓနလက္ခဏာ အာပေါဓာတု- အရ အခြောက်ဓာတ် အပူဓာတ် များသော သံ ကျောက် ကြေး သွတ် ငွေ ရွှေ ဆင်စွယ် အရိုး သစ်သား နှစ် ဖန် မှုန် အုတ်ခဲ စသော အရာတို့၌ ဖွဲ့ပေးမှု သဘော၊ ပူးကပ်နေမှု သဘော၊ ဆွဲစုထားမှု သဘော၊ တောင့်လာစေ တင်းလာစေမှု သဘော စသည် သည်။ အတ္ထိ- ရှိ၏။ တွေ့ရ၏။ ပေါ်လာ၏။

## သတိပြုဖွယ်

အာပေါ ဓာတ် သည်- သူ့တခုထဲခွဲပြီး ရှုပွားမရပေ။ ပထဝီနှင့်သော် လည်းကောင်း။ တေဇောနှင့် သော် လည်း ကောင်း။ ဝါယော နှင့် သော် လည်းကောင်း။ အနံ့အရသာ စသော ဥပါဒါရုပ် တခုခုနှင့်သော် လည်းကောင်း။ ပူးတွဲ၍ ရှုမှရနိုင်သော (အဖောဋ္ဌဗ္ဗရုပ်ထူး) တမျိုးဖြစ်သည်။

ထိုကြောင့် သိသာလွယ်အောင် ပထဝီဓာတ်နှင့်တွဲ၍ ရှုပွားသိမြင်ပုံကို ဖော်ပြပါအံ့။

## ရှုပနာမပုရိစ္ဆေဒဥ်းဏ်ပေါ်ပုံ

ဝါ- အတ္ထိ- ကြမ်းမှု ကြမ်း သဘော သည်။ ဝါ- လျှာနှင့် သွား ထိရာ၊ နှုပ်ခမ်းနှင့် သွား ထိရာ၌ တွေ့ရသော ကြမ်း သဘော သည်။ ဝါ- ဆံပင် မျက်ခုံးမွေး လက်သဲ ခြေသဲများ ခြေဖဝါးအပြင် ခြေမျက်စိ စသည်တို့ကို ထိနာ၌ တွေ့ရသော ကြမ်းသဘောသည်။ ရှိ၏။ တွေ့ရ၏။ ဝါ- ရှုပွားခါစ၌ ထိမိသော နေရာမှာသာ ကြမ်းသည်ဟု သိရသော်လည်း ထိုအကြမ်းကို ဆက်၍ ဒလစပ် ရှုပွားနေသော် အကြမ်းကလေးတွေ စုစုသာ ပေါင်းမိလာ ဖွဲ့စပ်လာ၍ အကြမ်းကြီးတခုခု ဖြစ်လာပုံသည်လည်းကောင်း။ ယင်းအကြမ်း သဘောတွေသည် တစတစဖြင့် တကိုယ်လုံးပါ ကြမ်းနေ လွှမ်းခြုံ နေ သည် လည်းကောင်း။

ဝါ- ယခင် ကိုယ်ကောင်ကြီး၊ လူကြီး၊ ရဟန်းကြီး နေရာမှာ အကြမ်း တွေသာ ရှိနေပုံသည်လည်းကောင်း။ ဝါ-ယခင် ခေါင်း ခါး ကျော ဝမ်းနှင့် လက် ခြေဟု ထင်ထား ယူစွဲထားသော နေရာမှာ အကြမ်းသဘောတွေကိုသာ ရှိနေ တွေ့နေရ၏။

ဝါ-ငါလူ ငါရဟန်း ငါယောကျာ်း ငါမိန်းမ နေရာမှာ ကြမ်းမှု ကြမ်းသဘောတွေနှင့် ယင်းကြမ်းသဘောတွေကို ကြည့်နေ သိနေသော သဘော ၂ မျိုးသည်သာ ရှိသာ၏။ တွေ့လာ၏။ ပေါ်လာ၏။

## ပစ္စယပရိဂ္ဂဟဉာဏ် ပေါ်ပုံ

ဝါ- အတ္ထိ- ကြမ်းမှု- ကြမ်းတယ်ဟု သိလာနိုင်ခြင်းသည်၊ အမှုန်ကြမ်းကလေး တခုအနေ သိရှိက ကြမ်းတယ်ဟု မသိနိုင်ပဲ၊ အမှုန်ကြမ်းကလေးတွေ စုပေါင်းမိ ဖွဲ့စည်းမိမှ အကြမ်းကြီးတခု ဖြစ်လာကာ ကြမ်းတယ်ဟု သိနိုင်ပါတကား။ ထိုသို့ သိနိုင်ခြင်းသည် အာပေါကပေါင်းပေးဖွဲ့စပ်ပေးလို့ သိနိုင်တာ ပါတကားဟု ကြမ်းမှု ကြမ်းသဘောနှင့်တကွ ယင်းကြမ်းမှု ဖြစ်လာအောင် ကြမ်းတယ်ဟု သိနိုင်လာအောင် အာပေါက ဖွဲ့ပေးလို့ သိနိုင်ပေသည်ဟု ရုပ်ဘက်မှာ အကြောင်းကို သိလာခြင်း၊ ဘက်မဲ့ ရုပ်တွေမှာလည်း ဤအဖွဲ့တွေကြောင့် ကြမ်းမှုတွေ ရှိနေ၍စကာ သိတတ်သော နာမ်မရှိ၍ ကြမ်းသဘောနှင့် ဖွဲ့သဘောတို့ကို မသိနိုင်ကြပုံနှင့် သိတတ်သော နာမ်ရှိ၍ ကြမ်းသဘောနှင့် ဖွဲ့သဘောကိုပါ သိနိုင်ပါတကားဟု အကြောင်းနာမ်ကိုပါ တွေ့လာ ပေါ်လာ၏။

## သမ္မသနဉာဏ်ပေါ်ပုံ

ဝါ- အတ္ထိ-ကြမ်းမှုသည်- အနုစား အကြမ်းစား အနေသည်လည်းကောင်း၊ အသေးစား အကြီးစား အနေသည်လည်းကောင်း။ အတွင်းကြမ်း၊ အပြင်ကြမ်း အနေသည်သည်းကောင်း။ သိလာ တွေ့လာ ရှိလာ၏။

## ဥဒယဗ္ဗယဉာဏ်ပေါ်ပုံ

ဝါ- အတ္ထိ- အကြမ်းကိစ္စဘို့သည် တခုထဲ မဟုတ်ပဲ တကြမ်းပြီးမှတကြမ်း ထပ်ခါထပ်ခါ လာနေသလိုသည်းကောင်း။ ဝါ-ရှေ့ကြမ်းနှင့် နောက်ကြမ်းတွေ ထပ်ဆင့် လာနေသလိုလည်းကောင်း။ ဝါ- အစကြမ်းနှင့် အဆုံးကြမ်း တွင်သာမက အစကြမ်း အလယ်ကြမ်း အဆုံးကြမ်း အနေထင်နေသလို ဝါ- အကြမ်းဟောင်းနှင့် အကြမ်းသစ်အနေ ပြောင်းလွဲလာနေသလို ရှိလာ သိလာ တွေ့လာ၏။

## ဘင်္ဂဉာဏ်ပေါ်ပုံ

ဝါ- အတ္ထိ- ယင်းအကြမ်းတွေကို အဟောင်းနှင့် အသစ် ပြောင်းလွဲ လာသလိုရှိရာမှာဆင့် ရေမျှားစီးဆင်းသွားသလို အဟောင်းနှင့် အသစ်ဟု

မတွေ့ရတော့ပဲ ပြိုဆင်းမှုအနေ ပျက်ကျနေမှု အနေတမျိုးတည်းသာ သိလာ မြင်လာ တွေ့ရှိရတော့၏။

## ဘယ ဉာဏ် စသည် ပေါ်ပုံ

ဝါ-အတ္တိ-ယင်းပြိုဆင်းပျက်ကျနေမှုတို့ကိုသာ ထပ်ပြန်တလဲလဲ မြင်နေတော့၍ ကိုယ်ဟု ခေါ်စရာ ခေါင်းနှင့် လက်ခြေဟု ခေါ်စရာ မတွေ့ရတော့ပဲ ပြိုပျက်မှုတွေကိုသာ မြင်နေတော့၍ ထိတ်လန့်သာ ဘေးအန္တရာယ် အနေသာ ထင်လာရာမှ မနှစ်သက်ဖွယ် ရောဂါသဖွယ် ဒုက္ခသဖွယ် ထင်လာခြင်း၊ မတွေ့လိုခြင်း၊ ငြီးငွေ့စရာတွေ အနေ ထင်လာရာမှ ယင်းကိစ္စတို့မှ လွတ်လို ခြင်း၊ အေးငြိမ်းရာကို တွေ့လိုခြင်းစသည်တွေ့ကို သိမြင်လာ ထင်ပေါ်လာ တွေ့ရှိလာတော့၏။

## တေဇောဓာတ်

၃။ တေဇောဓာတု- သဘာဝလက္ခဏာရှိ တေဇောဓာတ်သည်။ ဝါ- ဥဏှတ္တ လက္ခဏာ တေဇောဓာတု- အရ အတူ ဖြစ်ပေါ်ဘက် ပထဝီစသော ရုပ်ကလာပ်စုကိုပါ ပူစေမှု လောင်စေမှုဟူသော လက္ခဏာ တေဇောဓာတ် သဘောသည်။ အတ္ထိ- ရှိ၏။ တွေ့ရ၏။ ပေါ်လာ၏။

ဝါ- အတ္ထိ- အဇ္ဈတ္တခေါ် မိမိ၏ ခန္ဓာရှိ- ခံတွင်း ရင်ဝ ချိုင့်ကြား ဒူးကွေးကြား လက်ဖဝါးစသော နေရာတို့၌ စတင်ရှုပွားသော် ပူနွေးမှု လက္ခဏာ တေဇော၏သဘောသည် တွေ့ရ၏။ ပေါ်လာ၏။

ဝါ-ဆက်၍ ရှုပွားခဲ့သော် တနေရာထဲတွင် မနေတော့ပဲ ရုပ်ကလာပ်ချင်း ဆက်စပ်ကာ နေရာအနှံ့သို့ ပူနွေးမှုတွေ ပြန့်ကျယ်လျက် ရှိနေချက်သည် လည်းကောင်း၊

## ရူပနာမ ပရိစ္ဆေဒဉာဏ်ပေါ်ပုံ

ဝါ-တဖြည်းဖြည်းပြန့်ကျယ်ရာမှ တကိုယ်လုံးသို့ ပူနွေးမှုတွေ ပျံ့နှံ့လွှမ်းခြုံ လာချက်သည်လည်းကောင်း၊ ဝါ-တကိုယ်လုံး ပူနွေးမှုတွေ လွှမ်းခြုံနေသဖြင့် ကိုယ်ကောင်ကြီးအစား ပူနွေးသဘောချည်းသာ ရှိနေ တွေ့နေရခြင်းသည် လည်းကောင်း။

ဝါ-ပူဒွေးသဘောချည်းသာ တွေ့နေရ၍ ကိုယ်ကောင်ကြီး၊ ငါကောင်ကြီး၊ လူကြီး၊ ခဟန်းကြီး၊ ပုဂ္ဂိုလ်ကြီး၊ သတ္တဝါကြီး၊ အထီးကြီး၊ အမကြီးတွေ အလိုလိုကွယ်သွားပြီး ပူဒွေးသောသဘောချည်းသာ ရှိနေတော့၏။

ဝါ-အတ္ထိ- ယင်းသို့ လူ ပုဂ္ဂိုလ် သတ္တဝါ စသည်တို့ ကွယ်သွားသဖြင့် ခြေလက် ခေါင်း မျက်စိ လျှာ သွား စသော ပညတ်နိမိတ် ဝိပလ္လာသနိမိတ်တွေပါ ကွယ်သွားပြီး ပူဒွေးကိစ္စချည်းသာ ပေါ်နေ ရှိနေတော့၏။

ဝါ-အတ္ထိ- ယင်းသို့ ထင်မှား မြင်မှား စွဲမှတ်မှားထားသော ပုဂ္ဂိုလ်သတ္တဝါ ယောက်ျား မိန်းမ ငါ ငါ့ဟာဟူသော နေရာတို့မှာ တကယ်ရှိပူဒွေးတေဇောဓာတ်သည်သာ ရှိနေ တွေ့နေရတော့၏။

ဝါ-အတ္ထိ- ယင်းသို့ ထင်မှား မြင်မှား စွဲမှတ်မှားတာတွေ အလိုလိုကွယ်သွားပြီး အမှန်ရှိ ပူဒွေးသဘာဝ ရုပ်အစစ်ကိုသာ တွေ့မြင်လာ၍ ရူပပရိစ္ဆေဒဉာဏ်နှင့် ငါဟု ထင်မှတ်ထားသောနေရာမှာ ယင်းပူဒွေးမှုတွေကို ကြည့်နေသိနေသော နာမ်သဘာဝမျှကိုသာ တွေ့လာသော နာမ ပရိစ္ဆေဒဉာဏ်သဘာဝသည် ရှိလာ တွေ့လာ၏။

## ပစ္စယပရိဂ္ဂဟဉာဏ်ပေါ်ပုံ

ဝါ-အတ္ထိ- ယင်းကိုယ်ကောင်ကြီးနှင့် ငါအစား နွေးမှုနှင့် သိမှုဘို့ကိုသာ သိလာရာမှ ပူဒွေး တည်နိုင်စေသော မသဝိအမာဓာတ်၊ ပူဒွေးသည်ဟု သိနိုင်လာအောင် အမှုန်အမွှား ပူဒွေးသဘောကလေးတွေကို စုပေး ဖွဲ့ပေးသော အာပေါအဖွဲ့ဓာတ်နှင့် ပျံ့နှံ့အောင် ဆောင်ရွက်ပေးသော ဝါယောနှင့် တွန်းထိုးဆွပေးမှု ဝါယောဓာတ်တို့ကြောင့် ပူဒွေးသည်ဟု သိလာနိုင်ခြင်းသည်လည်းကောင်း၊ ထို့ပြင် အသိဓာတ်ရှိ၍ ပူဒွေးသည်ဟု သိနိုင်ပါတကားဟူ၍လည်းကောင်း ပူဒွေးမှု၏ အကြောင်းသဘာဝစုကိုပါ သိလာ တွေ့လာတော့၏။

## သမ္မသနဉာဏ်ပေါ်ပုံ

ဝါ-အတ္တိ- ပူဒွေးမှုသဘောသည် အနုအရင့်အားဖြင့်သော်လည်းကောင်း၊ အသေးအကြီးအနေအားဖြင့်သော်လည်းကောင်း၊ အတွင်းအပြင်အနေအားဖြင့်လည်းကောင်း သိလာ တွေ့လာ ရှိလာတော့၏။

## ဥဒယဗ္ဗယဉာဏ်ပေါ်ပုံ

ဝါ-အတ္တ- ပူနွေးမှုကိစ္စတို့သည် တခုထဲမှုမဟုတ်ပဲ တပူပြီးမှတပူ ထပ်ခါ ထပ်ခါ လာနေသလိုလည်းကောင်း၊ ရှေ့ပူနှင့် နောက်ပူခတ္တ ထပ်ဆင့်လာနေ သလိုလည်းကောင်း၊ ဝါ-အဝေပူနှင့် အဆုံးပူတွင်မက အဝေပူ အလယ်ပူ အဆုံးပူ အနေ ထင်နေသလို ဝါ-အပူဟောင်းနှင့် အပူသစ်အနေ ပြောင်းလွဲလာသလို ရှိလာ တွေ့လာ သိလာ၏။

## ဘင်္ဂဉာဏ်ပေါ်ပုံ

ဝါ-အတ္တ- ယင်းအပူတွေ အဟောင်းနှင့်အသစ် ပြောင်းလွဲလာသလို ရှိရာမှတဆင့် ရေမျှား စီးဆင်းသွားသလို အဟောင်းနှင့်အသစ်ဟု မတွေ့ရ တော့ပဲ ပြိုဆင်းမှုအနေ ပျက်ကျမှုအနေ တမျိုးဟည်းကိုသာ သိလာ ရှိလာ တွေ့လာ ထင်ပေါ်လာတော့၏။

## ဘယဉာဏ် စသည် ပေါ်ပုံ

ဝါ-အတ္တ- ယင်းပြိုဆင်း ပျက်ကျနေမှုတို့ကိုသာ ထပ်ပြန်တလဲလဲ မြင်နေ တော့၍ ကိုယ်ဟုခေါ်စရာ ခေါင်းနှင့် လက် ခြေဟု ခေါ်စရာ မတွေ့ရတော့ပဲ ပြိုပျက်မှုတွေကိုသာ မြင်နေတော့၍ ထိတ်လန့်လာ ဘေးအန္တရာယ်အနေ ထင်လာရာမှ မနှစ်သက်ဖွယ် ဆောဂါသဖွယ် ဒုက္ခသဖွယ် ထင်လာခြင်း၊ မတွေ့ လိုခြင်း၊ အေးငြိမ်းရာကို တွေ့လိုခြင်း စသည်တွေကို သိမြင်လာ ထင်ပေါ်လာ တွေ့ရှိလာတော့၏။

## ဝါယောဓာတ်

ဣမသ္မိံ ကာယေ-မိမိ၏ကိုယ်ဟု သမုတ်ထား သိမှတ်ထားသောရုပ်နှင့်နာမ် ၂ ရပ် ပေါင်းစပ်နေမှု ဤရုပ်နာမ်အစု၌ ဝါ- အဇ္ဈတ္တကာယမျိုးဖြစ်၍ ဗဟိဒ္ဓ ကာယတို့ကဲ့သို့ ရုပ်ဆက်သက်မဟုတ်ပဲ စိတ်ခန္ဓာ စေတသိက်ခန္ဓာတို့ ပေါင်း ဝင်လျက်ရှိနေသော ဤစတုဇရုပ်နှင့် နာမ်အစု၌။

၄။ ဝါယောဓာတု-ဝါယောဓာတ်သည်။ ဝါ-အဓိကရှုပွားယူရမည့် နာမဇ ဝါယောဓာတ်သည်၊ ဝါ-စိတ်နှင့် စေတသိက်တို့ကြောင့်ဖြစ်က စိတ္တဇဝါယော ဓာတ်သည်။ ဝါ-ပရမတ္ထသဘာဝ လက္ခဏာရုပ်အစစ်ဖြစ်သော စိတ္တဇဝါယော ဓာတ်သည်။ ဝါ-ဝိပဿနာ၏ အာရုံအဖြစ် ယူရမည့်ကိစ္စဖြစ်၍ စိတ်သို့ သညာသိ စာရင်းဝင်ကလေးနှင့် တိရစ္ဆာန်တို့ပါ သိမြင်နိုင်သော အကျိုး

ဝါယောဓာတ် ရသဝါယောနှင့် ပစ္စုပဋ္ဌာန်ဝါယောမျိုးပေတည်းပဲ၊ ဝါ-ရသဝါယောမျိုးဓာတ် ရွေ့ခြင်း လှုပ်ခြင်း လှိမ့်ခြင်း သွားခြင်းအနေမျိုးလည်း မဟုတ်။ ထိုထက်ပို၍ အကျိုးမျှားဖြစ်သော ပစ္စုပဋ္ဌာန်ဝါယောမျိုးဓာတ် ယိမ်းခြင်း ယိုင်ခြင်း လဲကျခြင်း ခုန်ခြင်း ကခြင်း ကျွမ်းထိုးခြင်း ပြေးခြင်း လွှားကျော်ခြင်း မြူးပျော်ဘာစားခြင်း စသော ဉာဏ်သိမလို မျက်စိဖြင့်ပင် သိမြင်နိုင်သော ဝါယောမျိုးလည်းမဟုတ်ပဲ အနိစ္စနယ်နှင့် အနတ္တနယ်တွင် တွေ့ရမည့် (သာမညလက္ခဏာ) နှင့် ဆက်စပ်၍ရနိုင်သည့် သဘာဝလက္ခဏာ နယ်ရှိ လက္ခဏာဝါယောဓာတ်မျိုးသည်။

ဝါ-ဝိတ္ထမ္ဘိတလက္ခဏာ ဝါယောဓာတုအရ စိတ္တဇပင်မ ဝါယောဓာတ် ဓာတ် တွန်းမှု တိုးမှု ဖိမှု ညှစ်မှု ထောက်မှု ကန်မှု ဖယ်မှု ဆွဲမှု ထားမှု ထိန်းမှု စသော တွန်းမှု တိုးမှု သဘောစုသည်၊ ဝါ-ရွေ့မှုနှင့် လှုပ်မှုမဟုတ် ရွေ့စေမှုနှင့် လှုပ်စေမှုသာဖြစ်သော၊ ဝါ-ခုန်မှု လှုပ်မှု ကမှု ဖောင်းမှု ပိန်မှု စုတ္တက်မှု ကွေးမှု ကောက်မှုဘို့မဟုတ်ပဲ ခုန်စေမှု လှုပ်စေမှု ကစေမှု ဖောင်းစေမှု ပိန်စေမှု စုတ္တက်စေမှု ကွေးစေမှု ကောက်စေမှု ဝှေ့ရမ်းစေမှု ဟူသော တွန်းပေးမှု တိုးပေးမှုတို့ပင်ဖြစ်သော လက္ခဏာဝါယောဓာတ်သည်။ အတ္ထိ-ရှိ၏။ တွေ့ရ၏။ ပေါ်လာ၏။

## ရူပနာမ ပရိစ္ဆေဒဉာဏ်ပေါ်ပုံ

ဝါ-အတ္ထိ- ကိုယ်ကောင်ကြီးဟုထင်ရသော စတုဇရုပ်ကလာပ်စုတို့ ရပ်နိုင် ထိုင်နိုင် သွားနိုင် စန့်နိုင် ကွေးနိုင်အောင် တွန်းပေး တိုးပေးမှုအထပ်ထပ်၊ ထောက်ပေး ကန်ပေးမှုအထပ်ထပ်၊ ထားပေး ထိန်းပေးအထပ်ထပ်တို့ စဉ်ကွန့် မခြား ဆောင်ရွက်နေမှုသည်။ အတ္ထိ-ရှိ၏။ တွေ့ရ၏။ ပေါ်လာ၏။

ဝါ-အတ္ထိ- ရှုပွားပါ မျှားလာသော် ကိုယ်ကောင်ကြီး ပုဂ္ဂိုလ်ကြီး သတ္တဝါကြီး ယောကျ်ားကြီး မိန်းမကြီးဟု မတွေ့ရတော့ပဲ လှုပ်ရှားခိုက် ကွေးဆန့်ခိုက် တို့၌ တွန်းမှု တိုမှု ကန်မှုတို့ကိုသာ တွေ့သိရ၍ ငြိမ်နေခိုက်ဓာတ် ရပ် ထိုင် လျောင်း စန့်နေခိုက်တို့၌ ထားပေးမှု ထိန်းပေးမှု ထောက်ပေးမှုတို့ အထပ်ထပ် ဆောင်ရွက်နေမှုသည်။ အတ္ထိ-ရှိ၏။ တွေ့ရ၏။ ပေါ်လာ၏။

ဝါ-အတ္ထိ- ရှုပွားပါမျှားလေ ဖြပ်နှင့် သဏ္ဌာန်ကွယ်၍ ဝါယောကိစ္စကိရိယာမျှသည်သာ ရှိနေ၏။ ပေါ်နေ၏။ တွေ့ရ၏။

## ပစ္စယပရိဂ္ဂဟဉာဏ်ပေါ်ပုံ

ဝါ အတ္ထိ- ရှ်ငြိမ်ဖို့ လှုပ်ဖို့ ရွေ့ဖို့ချန် စိတ်က ဦးစွာ ထိန်းရ ထားရ တိုးရ တွန်းရပုံကို တဆင့်တိုး၍ သိလာပြန်၏။ ဝါ- ရုပ်အနေအထားတမျိုးမျိုးရှိနေအောင် ဦးစွာ စိတ်က ဖြစ်ပေါ်လိုက်၊ ထိုနောက် ယင်းစိတ်ကြောင့် ပေါ်လာသော စိတ္တဇဝါယောဓာတ်ခေါ် ထိန်းရ ထားရ တိုးရ တွန်းရမှုတွေသာ ဖြစ်လာပေါ်လာ တွေ့သာရ၏။

ဝါ- စိတ်ကိစ္စနှင့် စိတ်ကြောင့်ဖြစ်ပေါ်လာသော စိတ္တဇဝါယောဓာတ်ကိစ္စတို့သည် ကူးစက် ကူးစက်ဆောင်ရွက်နေပုံတွေ ပေါ်လာ တွေ့လာ၏၊

ဝါ- ဖြစ်လို ဖြစ်စေလိုသောဆန္ဒနှင့် နှလုံးသွင်း မနသိကာရတို့က ဦးစွာ ပေါ်လာ၍ ထိုနောက် ယင်းအလိုဆန္ဒအတိုင်း ဖြစ်လာဖို့လွန်ကဲသော စိတ်ညွှတ်မှုဖြစ်လာသဖြင့် ယင်းစိတ်ကြောင့် ဖြစ်ပေါ်လာသော တွန်းမှု တိုးမှု ထားမှု ထိမ်းမှုတို့ ပေါ်လာ တွေ့လာတော့၏။

## သမ္မသနဉာဏ်ပေါ်ပုံ

ဝါ-အတ္ထိ-ယင်းကိစ္စစုသည် အကြမ်းစားရှိသလို အနုစားလည်းရှိပုံ၊ အတွင်းဘက်မှာလည်းရှိသလို အပြင်ဘက်မှာလည်းရှိပုံ အလားတူ အနီးဘက်နှင့် အဝေးဘက်မှာလည်း ရှိပုံ လက်ရှိ တွန်း တိုး ထားမှုတွေ ရှိနေ သိနေသလို ယခင်ချိန်နှင့် နောက်ချိန်တွေမှာလည်း ရှိ သိ သဘောတို့ကို သုံးသပ်နိုင်လာ တွေ့လာ၏။

## ဥဒယဗ္ဗယဉာဏ်ပေါ်ပုံ

ဝါ-အတ္ထိ- တွန်း တိုး ထိန်းမှုတွေသည် ဆက်တိုက်အတန်းလိုက်ကြီး အနေမဟုတ်တော့ပဲ ရှေ့တွန်း နောက်တွန်း၊ ရှေ့တိုး နောက်တိုး ရှေ့ထိန်းနောက်ထိန်း အနေ တခုစီ တခုစီအနေ သိလာ တွေ့လာ၏။

ဝါ- ထို့ပြင် ပိုလာ တွေ့လာပြန်သည်မှာ ယင်း တွန်း တိုး ထိန်းမှုတွေသည် ရှေ့နှင့် နောက် အနေမှ အစ တွန်း တိုး ထိန်း၊ အလယ် တွန်း တိုး ထိန်း၊ အဆုံး တွန်း တိုး ထိန်း အနေကွဲကွဲသာပြန်၏။

ဝါ- ထိုနောက် အသစ်နှင့် အဟောင်းသဖွယ် ပြောင်းလွဲလာပြန်၏။ ဝါ- ပေါ်လိုက်နှင့် ပျောက်လိုက်သဖွယ် ပေါ်လာတော့၏။

## ဘင်္ဂဉာဏ်ပေါ်ပုံ

ဝါ-ရှုပွားပါများလာသော် အသစ်နှင့်အဟောင်းအနေ မတွေ့ရတော့ပဲ၊ တွန်းတိုးမှုသဘောတွေသည် အစေးပြယ်သွားသောအရာတို့ကဲ့သို့ အပြိုအပျက် တဘက်သတ်အနေကိုသာ ထင်လာ ပေါ်လာတော့၏။

## ဘယဉာဏ် စသည် ပေါ်ပုံ

ဝါ-အတ္ထိ- ယင်း အပြိုနှင့်အပျက်တွေသာ ပေါ်လာတော့၍ အခိုင်အမာ အနေဖြင့် အားထားရာအနေ မဟုတ်တော့ပုံ၊ ရောဂါဆိုးဝင်လာသလို ထင် လာတော့၏။ ထိုနောက် အပျက်အပြိုတွေသာ တွေ့နေတော့၍ မိမိ တည်ရှိ နေရချက်အပေါ် ငြီးငွေ့လာ၊ ထိုနောက် ယင်းအခြေအနေမှ လွတ်မြောက် လိုလာစသော သိစဉ်ခေါ် ဉာဏ်စဉ် ဝိသုဒ္ဓိစဉ် ပရိညာစဉ်တို့သာ သဘာဝ အတိုင်း ဆက်ကာ ရှိလာ တွေ့လာ ပေါ်လာတော့၏။

## ပါဠိတော်

ဣတိ ၁။ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။
၂။ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။
၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

## အနက်

၁။ ဣတိ-ဤသို့။ ဝါ-အောက်တွင် ညွှန်ပြလတ္တံ့အတိုင်း။ အဇ္ဈတ္တံ-မိမိ ခန္ဓာမှာ ဖြစ်နေ ရှိနေသော ကာယေဝါ-ဓာတုမနသိကာရ ကာယမှာဖြစ်စေ။ ကာယာနုပဿီ လက္ခဏာဓာတ်သဘော ရှုပွားနည်းအနေဖြင့် အထပ်ထပ်ရှုပွား လျက်။ ဝိဟရတိ-ကျင့်သုံးနေ၏။ ဝါ-ကာယာနုပဿီ ဝိဟရတိ-လက္ခဏာ သဘာဝမျှကိုသာ ဓာတုမနသိကာရအနေဖြင့် အထပ်ထပ်ရှုပွားလျက် ကျင့်သုံး နေ၏။

၂။ ဗဟိဒ္ဓါ-သူတပါးခန္ဓာမှာ ဖြစ်နေ ရှိနေသော။ ကာယေဝါ-ဓာတု မနသိကာရ ကာယကိစ္စမှာဖြစ်စေ။ ကာယာနုပဿီ ဝိဟရတိ-မိမိခန္ဓာမှာ ရှုပွားနိုင်သလို ရှုပွားကာ ကျင့်သုံးနေလျက်ရှိ၏။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓကာယေဝါ-မိမိခန္ဓာမှာတလှည့်၊ သူတပါးခန္ဓာကိုယ်မှာ တလှည့်ဖြစ်စေ။ ကာယာနုပဿီ ဝိဟရတိ-ရှေ့၌ ဟောညွှန်ထားပြီးအတိုင်း သဘာဝလက္ခဏာကိစ္စကိုသာ ရှုပွားလာနိုင်လျက် ကျင့်သုံးနေ၏။

ပါဠိတော်

၁။ သမုဒယ ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊
၂။ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။
၃။ သမုဒယ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊

အနက်

၁။ ဝါ-အသိဉာဏ် အဆင့်ဆင့်ကူးတက်လာပုံကား၊ ကာယသ္မိံ-ဓာတ်ရုပ် အစုဌ်၊ သမုဒယ ဓမ္မာနုပဿီ-ယင်းရုပ်အစုတို့ ဖြစ်ပေါ်လာကြောင်းကိုပါ၊ ဝါ-ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ဥဒယဉာဏ်နှုကိုပါ သိမြင်ရှုပွားလျက်၊ဝိဟရတိ-နေနိုင်လာ၏၊ ဝါ-သမုဒယ ဓမ္မာနုပဿီ ဝါ ဝိဟရတိ-ဓာတ်ရုပ်တို့၏ ဖြစ်ပေါ်လာကြောင်း ပစ္စယပရိဂ္ဂဟဉာဏ်၊ သုံးသပ်မှု သမ္မသနဉာဏ်နှင့် ဥဒယဉာဏ်နှုကိုပါ အဆင့်ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏။

၂။ ဝါ-အသိဉာဏ်တဆင့် တက်လာပြန်ပုံကား၊ ကာယသ္မိံ-လက္ခဏာ ဓာတ်ရုပ်အစုဌ်။ ဝယဓမ္မာနုပဿီ ဝိဟရတိ-ယင်းရုပ်တို့၏ ပျက်ကြောင်းပျက်ပုံတွေကိုပါ သိမြင်လာသော ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ်နှင့် ဝယဉာဏ်နှုကိုပါ အဆင့်ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏၊ ဝါ-အသိဉာဏ် တဆင့် တက်လာပြန်ပုံကား။ ကာယသ္မိံ-သက္ခဏာဓာတ်ရုပ်အစုဌ်၊ သမုဒယ ဝယဓမ္မာနုပဿီ ဝိဟရတိ-ယင်းရုပ်တို့၏ ဖြစ်ကြောင်းဖြစ်ပုံ ပျက်ကြောင်းပျက်ပုံတွေကိုပါ သိမြင်လာသော ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ကိုပါ အဆင့်ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏၊

နိဂုံးပြပါဠိတော်

၁။ အတ္ထိကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။
၂။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။
၃။ အနိဿိတော စ ဝိဟရတိ။
၄။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။
၅။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊

ဓာတုမနသိကာရပဗ္ဗံ- နိဋ္ဌိတံ၊

၁။ ပန-ကောင်းကျိုးရရှိပုံကို ဟောညွှန်ပြီးအံ့။ အသာ ခေါင်းကြီးလေးပါးကို ဓာတုမနသိကာရ ရုပ်ကမ္မဋ္ဌာန်းအဖြစ်ဖြင့် ရှုပွားတတ် ရှုပွားနိုင်သောယောဂီအား၊ ကာယေ ကာယာနုပဿနာ-ပဒမတ္တ ရုပ်သဘာဝမျှသည် သာလျှင်အတ္တိတိ-ရှိနေပါတကား ဘူဝေမ်းဆိုနေပါသကားဟု သတိ-ရှုပွားနေသောကာယနုပဿနာသတိသည်။ ပစ္စုပဋ္ဌိတာ-ထင်ထင်ရှားရှား ဘွေမြဲနိုင်သည်၊ ဟောတိ-ဖြစ်၏။

၂။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ ဥာဏ်အမြင် အဆင့်ဆင့်တိုးပွားလာခြင်းငှါလည်း၊ ဟောတိ-ဖြစ်၏။ ယာဝဒေဝ ပဋိဿတိမတ္တာယ ဝါ-သတိဆင်မှုအဆင့်ဆင့် တိုးပွားလာခြင်းငှါလည်း၊ ဝါ-သတိ ဧွန္ဓြ သတိဗိုလ် သတိသမ္ဗောဇ္ဈင် သတိမဂ္ဂင်အနေဖြင့် အာရုံဆင်မှုတွေ အဆင့်ဆင့်တို ပွားလာခြင်းငှါလည်း၊ ဟောတိ-ဖြစ်၏။

၃။ စ-ဤဘွင်မကသေး၊ အနိဿိတော-ရှုပွားဆဲ ခေါင်းရုပ်အာရုံအပေါ်၌ တဏှာအာရုံ ဒိဋ္ဌိအာရုံအနေဖြင့် မဆက်စပ်ပဲ မမှီဘွယ်ပဲ။ ဝိဟရတိ-နေ၏။

၄။ စ-ဤဘွင်မကသေး။ ကိဉ္စိ လောကေ-ခန္ဓာတစုံတရာနှင့် အာရုံတစုံတရာ အပေါ်၌။ နဥပါဒိယတိ-ဥပါဒါန် အာရုံအသွင်ဖြင့် မစွဲသမ်းပြန်တော့ပေ။

၅။ ဘိက္ခဝေ-တို့၊ ဧဝံ-ဓာတုမနသိကာရ ကာယအဘွက် နိဂုံးအဖြစ်ညွှန်ပြရသော်၊ ဧဝမ္ပိ-အထက်ပါ ဘုရား ထုတ်ဖော် ညွှန်ပြချက်အတိုင်းပင်လျှင်။ ဘိက္ခု-ယောဂီရဟန်းသည်၊ ကာယေ-ခေါင်းကြီးလေးပါးကာယ၌၊ ကာယာနုပဿီ-ဝိပဿနာကာယအဖြစ်ဖြင့် အဖန်ဖန်အထပ်ထပ် ရှုပွားလျက်၊ ဝိဟရတိ-နေ၏။

ဓာတုမနသိကာရပဗ္ဗံ-ဓာတုမနသိကာရကာယကို ပြလိုရာအပိုင်းသည်၊

နိဋ္ဌိတံ-ပြီးပြီ။

# ၁။ ကာယနုပဿနာ

## ၆။ နဝသိဝထိကပဗ္ဗ၊ ၁-ပထမပိုင်း

### ပါဠိတော်

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ဧကာဟမတံ ဝါ ဒွိဟမတံ ဝါ တီဟမတံ ဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကဇာတံ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ။ နစ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

### အနက်

၁။ ဘိက္ခဝေ-တို့။ စ အပရံ-ခေတုမနသိကာရ ရုပ်ကမ္မဋ္ဌာန်း ရှုပွားနည်းမှတပါး၊ နဝသိဝထိက ရုပ်ကမ္မဋ္ဌာန်း ရှုပွားနည်းတမျိုးကို။ ပုန-ထပ်ဆင့်၍ ပြည့်ပေဦးအံ့။ ဘိက္ခု-နဝသိဝထိက ကာယရုပ်ကမ္မဋ္ဌာန်းကို ရှုပွားလိုသော ယောဂီရဟန်းသည်။

သေယျထာပိ-ကိုယ်ကောင်ကို ဥပမာဆောင်၍ပြရသော်။ ဝါ-နောင်ဖြစ်လာမည့် ဤကိုယ်ကောင်၏ အခြေအနေအတန်တန်ကို အသိမှာ ဝင်လာထင်လာအောင် ပုံသဏ္ဌာန်ဆောင်၍ပြရသော်။ ဘိက္ခု-သည်။ ဝါ-ဤကိုယ်ကောင်ကို နိစ္စ သုဘ သုခ အတ္တဟူ၍လည်းကောင်း။ ဝါ-တင့်တယ်ပေစွ အားယားဖွယ် ရှိပေစွဟူ၍လည်းကောင်း။ ယင်းကဲ့သို့ ဝိပ္လာသခေါ် အထင်မှား အယူမှား အသိမှား အမှတ်မှားတို့မှ လွတ်လိုသော ယောဂီရဟန်းသည်။ ဝါ-တဏှာ မာန ဒိဋ္ဌိတို့၏ ဆွဲဆောင် လှည့်ဖြားမှုတို့မှ လွတ်မြောက်လိုသော ယောဂီရဟန်းသည်။

ပဿေယျ-အောက်ပါ ဗုဒ္ဓဘုရား ဟောထားချက်အတိုင်း မြင်ရာ၏။ ရှုဆင်ခြင်ရာ၏။ ကိံ ပဿေယျ-အသို့မြင်ရာ ရှုဆင်ခြင်ရာသနည်းဟူမူ။

သိဝထိကာယ-လူသေကောင်တို့ စွန့်ပစ်ရာ သင်္ချိုင်းနယ်၌။ ဆဍ္ဍိတံ-စွန့်ပစ်၍ထားအပ်သော။ ဧကာဟမတံ ဝါ-သေပြီးနောက် ၁ ရက် ရှိလာသည်လည်း

ဖြစ်သော။ ဒွိဟမတံ ဝါ-သေပြီးနောက် ၂ ရက် ရှိလာသည်လည်းဖြစ်သော။ တီဟမတံ ဝါ-သေပြီးနောက် ၃ ရက် ရှိလာသည်လည်းဖြစ်သော။ ဥဒ္ဓုမာတကံ-ပုပ်၍ ပွသလာသော။ ဝိနီလကံ-ညိုပုပ်ရောင်သန်းလာသော။ ဝိပုဗ္ဗကဇာတံ-သွေးပြည်ပုပ်တက် ရောက်လာသော။ သရီရံ- အပုပ်ဝံ့ဝင်လာသော အသေကောင်ကို။ ပဿေယျ-ယထာ-မြင်ရဖူး မြင်ထားဖူးသလို။

သောဘိက္ခု-ဖော်ပြပါ လူသေကောင်သုံးမျိုးကို မြင်ထားဖူးသော ယောဂီရဟန်းသည်။ ဣမံ မေဝကာယံ-အသေကောင်လောင်း ဖြစ်ပေလတ္တံ့ အပုတ်မျိုးစာရင်းဝင် ဤကိုယ်ကောင်ကိုပင်လျှင်။ ဥပသံဟရတိ- သေပြီး ပုပ်ပြီး အလောင်းကောင်နှင့် ပုံတူထားပြီး ယှဉ်မှီးသုံးသပ်ရာ၏။ ကိံ ဥပသံဟရတိ-မည်သို့ ပုံတူထားပြီး ယှဉ်မှီးသုံးသပ်ရသနည်းဟူမူ။ ခေါ်-နောင်အခါ အမှန်တွေ့ကြုံရမည့် အချက်မှာကား။ အယမ္ပိကာယော-အသေကောင်လောင်း စာရင်းဝင်နှင့် အပုပ်မျိုးစာရင်းဝင် ဤကိုယ်ကောင်ရုပ်အစုသည်လည်း။

ဧဝံဓမ္မော-သေပြီးပါက ဤဥဒ္ဓုမာတကသဘော၊ ဝိနီလကသဘောနှင့် ဝိပုဗ္ဗကဇာတသဘော ရှိချေ၏။

ဧဝံဘာဝီ-ဤဥဒ္ဓုမာတကခေါ် ပုပ်၍ပွလာသော သဘောသည်ဖြစ်ပေါ်လတ္တံ့။

ဧဝံအနတီတော- ဤ ပုပ်၍ ပွသလာသော သဘောသုံးရပ်ကို မလွန်နိုင်ချေတကား။

ဣတိ-ဤသို့။ ဣမံ မေဝကာယံ အသေကောင်လောင်း အပုပ်မျိုး စာရင်းဝင် ဒွါရ ၉ ပေါက်တို့တွင် မသာခံကပင် ပုပ်နံ ညှီဟောင်လျက်ရှိသော တားမရ ညှီဟောက် ပုပ်နံ ပျက်စီးရမည့် ဤကိုယ်ကောင်ကို၊ဥပသံဟရတိ-အသေကောင်လောင်းသုံးမျိုးနှင့် ပုံတူထားပြီး ယှဉ်မှီးသုံးသပ်ရာ၏။

(ကျန်အနက်များကို ရှေ့အနက်များကိုမှီ၍ ဆိုလေ)
၁-သိဝထိက ပထမပိုင်းပြီး၏။

---

၁။ ကာယာနုပဿနာ၊ ၇-နဝသိဝထိကပဗ္ဗ၊ ၂-ဒုတိယပိုင်း

ပါဠိတော်

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ကာကေဟိ ဝါ ခဇ္ဇမာနံ ကုလလေဟိ ဝါ ခဇ္ဇမာနံ ဂိဇ္ဈေဟိ ဝါ

ခဇ္ဇမာနံ ကာကေဟိဝါ ခဇ္ဇမာနံ သုနခေဟိဝါ ခဇ္ဇမာနံ ဗျဂ္ဃေဟိဝါ ခဇ္ဇမာနံ ဒီပီဟိဝါ ခဇ္ဇမာနံ သိင်္ဂါလေဟိဝါ ခဇ္ဇမာနံ ဝိဝိဓေဟိဝါ ပါဏကဇာတေဟိ ခဇ္ဇမာနံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတောတိ။ ဣတိ အဇ္ဈတ္တံဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ။ နစ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အနက်

ဘိက္ခဝေ-ရဟန်းတို့။ စ ပရံ-နဝသိဝထိက ရုပ်ကမ္မဋ္ဌာန်း ရှုပွားနည်း တမျိုးကို၊ ပုန ထပ်ဆင့်၍ ပြည့်ပေဦးအံ့၊ ဘိက္ခု-ယောဂီရဟန်းသည်။ သေယျထာပိ-ကိုယ်ကောင်ကို ဥပမာဆောင်၍ပြုသော်၊ ပဿေယျ-အောက်ပါ ဗုဒ္ဓဟောထားချက်အတိုင်း မြင်ရာ၏၊ ရှုဆင်ခြင်ရာ၏။ ကိံ ပဿေယျ-အသို့ မြင်ရာ ရှုဆင်ခြင်ရာသနည်း၊ဟူမူ။

သိဝထိကာယ-လူသေကောင်တို့ စွန့်ပစ်ရာ သင်္ချိုင်းနယ်၌။ ဆဍ္ဍိတံ-စွန့်ပစ်၍ ထားအပ်သော၊

ကာကေဟိ-ရှာကြီးနှင့် တောကျီးကန်းတို့သည်၊ ခဇ္ဇမာနံ-နှုတ်သီးတို့ဖြင့် ထိုး ဆိတ် ဆွဲယူ၍ စားထားသော။ ဝါ-အစားခံထားရသော။ သရီရံ ဝါ-အပေါက်ပေါက်အပြတ်ပြတ်ဖြစ်နေသော အသေကောင်ကိုလည်းကောင်း။

ကုလလေဟိ၊ စွန်ရဲ၊ လင်းယုန်နှင့် ချိုး၊ သိမ်းငှက် တို့သည်၊ ခဇ္ဇမာနံ၊ သော၊ သရီရံ ဝါ၊ လည်းကောင်း။ (ရှေ့အတိုင်းအနက်ဖော်ယူလေ- အောက်တွင် အထူးမဖော်ပြတော့ပြီ)

ဂိဇ္ဈေဟိ၊ အညိုနှင့်အမည်း ၂ မျိုးသော လင်းတငှက်ကြီး တို့သည်။

ကင်္ကေဟိ၊ ဘုမ္မတီးငှက် ဝါ- ငှက်ကြီးဒုံးစပ်တို့သည်။

သုနခေဟိ၊ အိမ်ခွေးတို့သည်၊

ဗျဂ္ဃေဟိ၊ ကျားတို့သည်။

ဒီပီဟိ၊ သစ်နှင့် သစ်ကျုပ်ဘို့သည်။

သိင်္ဂါလေဟိ၊ တောခွေး၊ မြေခွေးတို့သည်။

ဝိဝိဓေဟိ၊ အမျိုးအား ဖြင့် အဖုံဖုံရှိကုန်သော။ ပါဏကဇာတေဟိ၊ ပိုး လောက်လန်းကောင်အမျိုးမျိုးတို့သည်။ ခဇ္ဇမာနံ၊ အမှုန်မှုန်ဖြစ်အောင် ခဲစား ထားသော၊ ဝါ၊ အစားခံထားရသော။ သရီရံ ဝါ၊ အကောင်ပုပ်ကိုလည်း

ကောင်း။ ပဿေယျ ယထာ၊ မြင်ရဖူး- မြင်ထားဖူးသလို။ သော ဘိက္ခု၊ ထို ယောဂီရဟန်းသည်။ ဣမမေဝ ကာယံ၊ အသေကောင် အလောင်းစာရင်းဝင် ဤကိုယ်ကောင်ကိုပင်လျှင်။ ဥပသံဟရတိ၊ အထက်က တင်ပြခဲ့သော အသေကောင်ပုပ်အတိုင်း မိမိကိုယ်ကို ပုံတူထား၍ ယှဉ်မှီးသုံးသပ်ရာ၏။ ကိံ ဥပသံဟရတိ၊ မည်သို့ပုံတူထားပြီး ယှဉ်မှီးသုံးသပ်ရသနည်းဟူမူ။ ခေါ၊ နောင်အခါ အမှန်တွေ့ကြုံရမည့်အချက်မှာကား။ အယမ္ပိကာယော၊ အသေကောင်လောင်းစာရင်းဝင်နှင့် အပုပ်မျိုးစာရင်းဝင် ဤကိုယ်ကောင် ရုပ်အစုသည်လည်း။

ဧဝံဓမ္မော၊ ဤကာကေဟိ ခဇ္ဇမာန- စသောသဘော ရှိချေ၏။

ဧဝံဘာဝီ၊ ဤကာကေဟိ ခဇ္ဇမာန- စသော သဘောသည် ဖြစ်ပေါ်လာလတ္တံ့။

ဧဝံအနတီတော၊ ဤကာကေဟိ ခဇ္ဇမာန စသောသဘောကို မလွန်နိုင်ချေတကား။ ဣတိ၊ ဤသို့။ ဥပသံဟရတိ၊ ပုံတူထား၍ ယှဉ်မှီးသုံးသပ်ရာ၏။

( ၂။ သိဝထိက ဒုတိယပိုင်းပြီး၏။ )

---

၁။ ကာယာနုပဿနာ၊

ဂ။ နဝသိဝထိကပဗ္ဗ၊ ၃။ တတိယပိုင်း

ပါဠိတော်

ပုနစပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိက သင်္ခလိကံ သ- မံသလောဟိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော''တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အနက်

ဘိက္ခဝေ၊ ရဟန်းတို့။ စပရံ၊ နဝသိဝထိက ရုပ်ကမ္မဋ္ဌာန်း၊ ရှုပွားနည်း၊ တမျိုးကို။ ပုန၊ ထပ်ဆင့်၍ ပြညွှန်ပေဦးအံ့။ ဘိက္ခု၊ ယောဂီရဟန်းသည် ဝသိထိကာယ၊ ၌။ ဆဍ္ဍိတံ၊ သော။ အဋ္ဌိကသင် အရိုးဆက်ပြွတ်သေးပ၊ လိကံ။

သ- မုံသလောဟိတံ၊ အသားနှင့်အသွေး ကျန်ရှိသေးသော။ နှာရုသမ္ဗန္ဓံ၊ အကြောတို့ဖြင့် ဖွဲ့နှောင်ထားမှု မကုန်သေးသော။ သရီရံ ဝါ၊ အရိုးစု အကောင်ပုပ်ကိုလည်းကောင်း။ ပဿေယျယထာ၊ မြင်ရဖူးမြင်ထားဖူးသလို။ သောဘိက္ခု၊ ထိုယောဂီရဟန်းသည်။ ဣမမေဝ ကာယံ၊ ဤကိုယ်ကိုပင်လျှင်။ ဥပသံဟရတိ၊ အထက်က အရိုးစုအတိုင်း မိမိကိုယ်ကို ပုံတူထားပြီး ယှဉ်မှီး သုံးသပ်ရာ၏။ အယမ္ပိ ခေါ ကာယော၊ ဤငါ၏ ရုပ်ခန္ဓာကိုယ်ကြီးသည် လည်း။ ဧဝံဓမ္မော၊ ဤသူသေကောင် အရိုးစုအတိုင်းပင်လျှင် သဘောရှိ ချေ၏။

ဧဝံဘာဝီ၊ ဤသူသေကောင် အရိုးစုအတိုင်း ဖြစ်ပေါ်လာလတ္တံ့။ ဧဝံ အနတီတော၊ ဤသူသေကောင် အရိုးစုသဘောကို မလွန်နိုင်ချေတကား။ ဣတိ၊ ဤသို့။ ဥပသံဟရတိ၊ ပုံတူထားပြီး ယှဉ်မှီးသုံးသပ်ရာ၏။

၃။ သိဝထိက တတိယပိုင်းပြီး၏။

---

၁။ ကာယာနုပဿနာ။ ၉။ နဝသိဝထိကပဗ္ဗ။ ၄။ စတုတ္ထပိုင်း

ပါဠိတော်

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိ ကာယ ဆဍ္ဍိတံ အဋ္ဌိက သင်္ခလိကံ နိမံသ လောဟိတ မက္ခိတံ နှာရုသမ္ဗန္ဓံ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံ ဓမ္မော ဧဝံဘာဝီ ဧဝံ အနတီတော" တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ။ ပေ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အနက်

ဘိက္ခဝေ၊ ရဟန်းတို့။ စ ပရံ- နဝသိဝထိက၊ ရုပ်ကမ္မဋ္ဌာန်း ရှုပွားနည်း တမျိုးကို။ ပုန၊ ထပ်ဆင့်၍ ပြည့်ပေဦးအံ့။ သိဝထိကာယ၊ ၌။ ဆဍ္ဍိတံ၊ သော။ နိမံသ- လောဟိတ- မက္ခိတံ၊ အသားစုကုန်၍ သွေးတို့ဖြင့် စွန်းပေ လျက်ရှိသော။ နှာရုသမ္ဗန္ဓံ၊ အကြောတို့ဖြင့်ဖွဲ့နှောင်ထားမှုမကုန်သေးသော။ အဋ္ဌိက သင်္ခလိကံ၊ အရိုးဆက်မပြုတ်သေးသော။ သရီရံ၊ သူသေကောင်ကို။ ပဿေယျယထာ၊ မြင်ရဖူး မြင်ထားဖူးသလို (ကျန်အနက်များ အထက်က အနက်ကို မှီး၍ပေးလေ)

၄။ သိဝထိက စတုတ္ထပိုင်းပြီး၏။

---

## ၁။ ကာယာနုပဿနာ၊

## ၁၀။ နဝသိဝထိကပဗ္ဗံ၊ ၅။ ပဉ္စမပိုင်း

### ပါဠိတော်

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာ သေလိကံ အပဂတ မံသလောဟိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံ အနတီတော" တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ။ နစ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာ နုပဿီ ဝိဟရတိ။

### အနက်

ဘိက္ခုဝေ၊ ရဟန်း-တို့။ စ ပရံ၊ နဝသိဝထိက ရှုပ်ကမ္မဋ္ဌာန်း ရှုပွားနည်းတမျိုးကို။ ပုန၊ ထပ်ဆင့်၍ပြည့်ပေဦးအံ့။ သိဝထိကာယ၊ သင်္ချိုင်း၌။ ဆဍ္ဍိတံ၊ သော။ အဋ္ဌိ သေလိကံ၊ အရိုးဆက်ပြုတ်သေးသော။ အပဂတ-မံသလောဟိတံ၊ အသားနှင့် အသွေးတို့ လုံးဝမရှိတော့သော။ နှာရုသမ္ဗန္ဓံ၊ အကြောတို့ဖြင့် ဖွဲ့နှောင်ထားမှု မကုန်သေးသော။ သရီရံ၊ သူသေကောင်ကိုယ်ကို။ ပဿေယျယထာ၊ မြင်ရဖူး မြင်ထားဖူးသလို။

၅။ သိဝထိက ပဉ္စမပိုင်းပြီး၏။

---

## ၁။ ကာယာနုပဿနာ၊

## ၁၁။ နဝသိဝထိက ပဗ္ဗ၊ ၆။ ဆဋ္ဌမပိုင်း

### ပါဠိတော်

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ၊ အဋ္ဌိကာနိ အပဂတ သမ္ဗန္ဓာနိ ဒိသာ ဝိဒိသာ ဝိက္ခိတ္တာနိ။ အညေန ဟတ္ထဋ္ဌိကံ၊ အညေန ပါဒဋ္ဌိကံ၊ အညေန ဂေါပ္ဖကဋ္ဌိကံ၊ အညေန ဇင်္ဃဋ္ဌိကံ၊ အညေန ဦရုဋ္ဌိကံ၊ အညေန ကဋိဋ္ဌိကံ၊ အညေန ဖာသုကဋ္ဌိကံ၊ အညေန ပိဋ္ဌိဋ္ဌိကံ၊ အညေန ခန္ဓဋ္ဌိကံ၊ အညေန ဂီဝဋ္ဌိကံ၊ အညေန ဟနုကဋ္ဌိကံ၊ အညေန ဒန္တဋ္ဌိကံ၊ အညေန သီသကဋာဟံ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ၊ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံ အနတီတော" တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ။

နဝ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အနက်

ဘိက္ခဝေ- ရဟန်းတို့။ ဧ ပရံ- နဝသိဝထိက ရှုပ်ကမ္မဋ္ဌာန်းရှုပွားနည်းတမျိုးကို။ ပုန- ထပ်ဆင့်၍ပြည့်ဝပေဦးအံ့။ သိဝထိကာယ- ၌။ ဆဍ္ဍိတံ- သော။ သရီရံ- အရိုးမျှရှိနေသော အသေကောင်ကို။ ပဿေယျ- မြင်ရာ၏။ ကိံ ပဿေယျ- အဘယ်သို့မြင်သနည်းဟူမူ၊

အပဂတသမ္ဗန္ဓာနိ- အဖွဲ့အစပ်မရှိကုန်သော။ အဋ္ဌိကာနိ- အရိုးသက်သက်တို့ကို။ ဒိသာ ဝိဒိသာ- အဲရပ်မျက်နှာအနှံ့အပြား၊ ဝိက္ခိတ္တာနိ- ဖရိုဖရဲစစ်စွန့်ထားအပ်ကုန်ပြီ။ ကထံဝိက္ခိတ္တာနိ- ဘယ်သို့ပစ်စွန့်ထားကြရပါသနည်းဟူမူ။

ဟတ္ထဋ္ဌိကံ- လက်ရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

ပါဒဋ္ဌိကံ- ခြေရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

ဂေါပ္ဖကဋ္ဌိကံ- ခြေဖမိုးရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

ဇင်္ဃဋ္ဌိကံ- ခြေသလုံးရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

ဦရုဋ္ဌိကံ- ပေါင်ရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

ကဋိဋ္ဌိကံ- ခါးရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

ဖာသုကဋ္ဌိကံ- နံရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

ပိဋ္ဌိဋ္ဌိကံ- ကျောရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

ခန္ဓဋ္ဌိကံ- ပခုံးရိုးကို။ အညေန- တနေရာမှာ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်။ ထားအပ်၏။

ဂိဇ္ဈက်- သည်းချောင်ရိုးနှင့်လည်ကုတ်ရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တာနိ- ဖရိုဖရဲစွန့်ပစ်ထားအပ်ကုန်သော။

ဟနုကဋ္ဌိက- မေးရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

ဒန္တဋ္ဌိကံ- သွားရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

သီသကဋာဟံ- ဦးခေါင်းခွံရိုးကို။ အညေန- တနေရာမှာ။ ဝိက္ခိတ္တံ- ဖရိုဖရဲစွန့်ပစ်ထားအပ်၏။

ဣတိ- ဤသို့။ ဝိက္ခိတ္တံ- အနှံ့အပြား ဖရိုဖရဲစွန့်ပစ်ထားအပ်သော။ သရီရံ- အရိုးမျှရှိနေသော အသေကောင်ကို။ ပဿေယျထာ- မြင်ရဖူးမြင်ထားဖူးသလို—

၆-သိဝထိက ဆဋ္ဌမပိုင်း ပြီး၏။

---

၁-ကာယာနုပဿနာ

၁၂-နဝသိဝထိကပဗ္ဗ၊ ၇-သတ္တမပိုင်း

ပါဠိတော်

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ သေတာနိ သင်္ခဝဏ္ဏပဋိဘာဂါနိ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံ အနတီတော" တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အနက်

ဘိက္ခဝေ- ရဟန်းတို့၊ စပရံ- နဝသိဝထိက ရှုပ်ကမ္မဋ္ဌာန်းရှုပွားနည်းတမျိုးကို။ ပုန- ထပ်ဆင့်၍ပြည့်စုံစေဦးအံ့။ သိဝထိကာယ-၌။ ဆဍ္ဍိတံ-သော။ သရီရံ- အရိုးမျှရှိနေသောအသေကောင်ကို။ ပဿေယျ- မြင်ရာ၏။ ကိံ ပဿေယျ- အသို့မြင်ရာသနည်းဟူမူ။ အဋ္ဌိကာနိ- အရိုးတို့သည်။ သေတာနိ- အသွေးအသား စသည် ကင်းကြ မရှိကြ၍ အဖြူရောင်ရှိကုန်၏၊ သင်္ခဝဏ္ဏပဋိဘာဂါနိ-

ခရုသင်း အဆင်း အသွား ရှိသော ပေါ်လာသော အရိုး၏။ ဤသို့ သရီရံ- အရိုး စုမျှဖြစ်သော အသေကောင်ကို။ ပဿေယျ ယထာ- မြင်ရဖူး မြင်ထားဖူးသလို-

၇-သိဝထိက သတ္တမပိုင်း ပြီး၏။

---

၁-ကာယာနုပဿနာ

၁၃-နဝသိဝထိက ပဗ္ဗ၊ ၈-အဋ္ဌမပိုင်း

ပါဠိတော်

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ၊ အဋ္ဌိကာနိ ပုဉ္ဇကိတာနိ တေရောဝဿိကာနိ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော" တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အနက်

ဘိက္ခဝေ- ရဟန်းတို့။ စပရံ-နဝသိဝထိကချပ်ကမ္မဋ္ဌာန်းရှုပွားနည်းတမျိုးကို။ ပုန- ထပ်ဆင့်၍ပြည့်ပေဦးအံ့။ သိဝထိကာယ- ၌။ ဆဍ္ဍိတံ- သော ။ သရီရံ- အရိုး မျှရှိနေသော အသေကောင်ကို။ ပဿေယျ- မြင်ရာ၏။ ကိံ ပဿေယျ- အဘယ့်မြင်ရာသနည်းဟူမူ။ အဋ္ဌိကာနိ- အရိုးတို့သည်။ ပုဉ္ဇကိတာနိ- အစုလိုက် ဖရိုဖရဲကြဲကုန်လျက်။ တေရောဝဿိကာနိ- သုံးနှစ် မိုးစိုစွတ်ထားပြီး အနေ၌ ကုန်၏။ ဣတိ- ဤသို့။ သရီရံ- အရိုးစုမျှဖြစ်သောအသေကောင်ကို။ ပဿေယျ ယထာ- မြင်ရဖူး မြင်ထားဖူးသလို-

၈-သိဝထိက အဋ္ဌမပိုင်း ပြီး၏။

---

၁-ကာယာနုပဿနာ

၁၄-နဝသိဝထိက ပဗ္ဗ၊ ၉-နဝမပိုင်း

ပါဠိတော်

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ၊ အဋ္ဌိကာနိ ပူတီနိ စုဏ္ဏကဇာတာနိ၊ သော ဣမမေဝ ကာယံ ဥပသံ

ဟာရတိ။ "ဆာယမ္ပိ ခေါ ကာယော ဝေဝဏ္ဏမ္ပါ ဝေဘာဝိ ဝေဝဏ္ဏတိတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဝေမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊

နဝသိဝထိက ပဗ္ဗံ နိဋ္ဌိတံ။

စုဒ္ဒသ ကာယာနုပဿနာ နိဋ္ဌိတာ။

အနက်

ဘိက္ခဝေ- ရဟန်းတို့၊ စ ပရံ- နဝသိဝထိကရုပ်ကမ္မဋ္ဌာန်း၊ရှုပွားနည်းတမျိုးကို။ ပုန- တပ်ဆင့်၍ပြည့်ပေဦးအံ့။ သိဝထိကာယ- လူသေကောင်တို့စွန့်ပစ်ရာသင်္ချိုင်းနယ်၌။ ဆဋ္ဋိတံ- စွန့်ပစ်၍ထားအပ်သော၊ သရီရံ- အရိုးစုတွေအမှုန့်အမှုန့်ဖြစ်နေသော သူသေကောင်ကို၊ပဿေယျ-မြင်ရာ၏၊ကိံ ပဿေယျ- အသို့မြင်ရာသနည်းဟူမူ၊

အဋ္ဌိကာနိ-အရိုးတို့သည်။ပူတီနိ-ဆွေးမြေ့ကုန်သည်ဖြစ်၍၊စုဏ္ဏကဇာတာနိ-မှုန့်မှုန့်ညက်ညက်ဖြစ်ခ၊ ပြန့်ကြဲလျက်ရှိကုန်၏၊ ဣတိ- ဤသို့။ ပဿေယျယထာ-မြင်ရဖူး မြင်ထားဖူးသလို။

သော ဘိက္ခု- ထိုယောဂီရဟန်းသည်၊ ဣမံဝေဝကာယံ-အသေကောင်စာရင်းဝင် ဤကိုယ်ကောင်ကိုပင်လျှင်။ ဥပသံဟရတိ- အဆက်ဘအတိုင်း မိမိကိုယ်ကိုပုံတူထားပြီး ယှဉ်မှီးသုံးသပ်ရာ၏။ ကိံ ဥပသံဟရတိ- မည်သို့ ပုံတူထားပြီး ယှဉ်မှီးသုံးသပ်ရာသနည်းဟူမူ၊ ခေါ- နောင်အခါ အမှုန့်တွေကြုံရမည့်အချက်မှာကား။ အယမ္ပိ ကာယော-အသေကောင်လောင်းစာရင်းဝင်နေသံ့အရိုးစုတွေ ဆွေးမြေ့သည်အထိ ဖြစ်ကြုံရမည့် ဤကိုယ်ကောင်ရုပ်အစုသည်လည်း၊

ဝေံဓမ္မော- ဤအရိုးစုများအတိုင်း ဆွေးမြေ့၍ မှုန့်မှုန့်ညက်ညက်ဖြစ်ခြင်းသဘောရှိချေ၏။

ဝေံဘာဝီ- ဤအရိုးစုများအတိုင်း ဆွေးမြေ့၍ မှုန့်မှုန့်ညက်ညက်ဖြစ်ခြင်းသဘောသည် ဖြစ်ပေါ်လာလတ္တံ့။

ဇဝံ အနတိဓောဝ-ဏ္ဏအရိုးစုများအတိုင်း ဆွေးမြေ့၍ မှုန့်မှုန့်ညက်ညက် ဖြစ်ခြင်းသဘောကို မလွန်ဆန်နိုင်ချေတကား၊ ဣတိ-ဤသို့၊ ဥပသံဟာရျှတိ- ပုံတူထား၍ ယှဉ်မှီးသုံးသပ်ရာ၏။

၉-သိဝထိက နဝမပိုင်းပြီး၏။

နဝသိဝထိကာပဗ္ဗံ သိဝထိကာ ၉-ပိုင်းသည်၊ နိဋ္ဌိတံ-ပြီးပြီ။

စုဒ္ဒသကာယာနုပဿနာ၊ ၁၄ ပါးကုန်သော ကာယာနုပဿနာတို့သည် နိဋ္ဌိတာ-ပြီးကုန်ပြီ။

# နိဒ္ဒေသဝါရ ၁။ ဝေဒနာနုပဿနာ

## ပါဠိတော်

ကထဉ္စပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု—

၁။ သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

၂။ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

၃။ အဒုက္ခ မသုခံ ဝါ ဝေဒနံ ဝေဒယမာနော အဒုက္ခ မသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

## အနက်

ဘိက္ခဝေ-ရဟန်းတို့၊ ဘိက္ခု-ယောဂီရဟန်းသည်။ ဝါ-ဝေဒနာ နုပဿနာ ဆမ္မဋ္ဌာန်းကို ဝိပဿနာပညာသိဖြင့် သိမြင်လာအောင် သိမြင်နိုင်အောင် ရှုပွား နေသော ယောဂီရဟန်းသည်၊ ဝါ-ဝိပဿနာပညာသိဖြင့် သိမြင်နေသော ယောဂီရဟန်းသည်။

ဝေဒနာသု-ခံစားရမှုတို့၌။ ဝါ-ခံစားရမှုသဘောတို့၌၊ ဝါ-ဖဿပစ္စယာ ဝေဒနာအရ ရုပ်မှာ တွေ့ခိုက် ခံစားမှု နာမ်မှာ တွေ့ခိုက် ခံစားရမှုတို့၌၊ ကထဉ္စ-အဘယ်သို့လျှင်။ ဝါ-အဘယ်သဘော အဘယ်အခြေအနေကို အဘယ် အသိအမြင်မျိုးဖြင့်လျှင်။ ဝေဒနာနုပဿီ-ခံစားရမှုကို ဝါ-ခံစားရချက်ကို ဝါ-ခံစားနေရမှုကို ဝါ-ခံစားနေရပုံကို ဝါ-ခံစားနေရချက်သဘောကို ဝါ-ခံစားနေရချက် သဘောအနေကို ဝါ-ခံစားနေရချက်သဘောအခြေအနေကို သတိ အသိတို့ဖြင့် အထပ်ထပ်ရှုသိလျက်။ ဝိဟရတိ-နေသနည်း။ ဝါ-ဝေဒနာ နုပဿီ ဝိဟရတိ-ယင်းဖော်ပြပါ ခံစားရချက်သဘောအရကို ယောဂီ၏ သတိ အသိတို့ဖြင့် ဝါ-အများသိမျိုး အရပ်သိမျိုးမဟုတ်ပဲ တရားသိ အမြတ်သိမျိုး အနေဖြင့် အထပ်ထပ်ရှုသိလျက် ရှုပွားလျက်နေလေသနည်း၊

ဘိက္ခဝေ-ရဟန်းတို့။ ဣဓဘိက္ခု-ငါဘုရား၏ အဆုံးအမခေါ် ဤသာသနာ တော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်။ ဝါ-တခြား ဗာဟိယ သာသနာဝင် ရဟန်းလည်းမဟုတ် ငါဘုရား၏ သာသနာဝင်ရဟန်းဖြစ်စေကာ

ဓမ္မပညာသိ ဝိဇ္ဇာပညာသိမျိုးကို မရရှိ မသိမြင်သေးသော ရဟန်းမျိုးတို့လည်းမဟုတ်ပဲ ယင်းဓမ္မသိနှင့် ဝိဇ္ဇာသိမျိုးကို လိုသား၍ သမ္မာသမ္ဗုဒ္ဓဟု ထင်ရှား ငါဘုရား၏ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးနေသော ယောဂီ ရဟန်းသည်။

## အများသိအနက်

သုခံ-ချမ်းသာသော။ ဝါ-မျှတ သက်သာသော။ ဝါ-ကျေနပ် နှစ်သိမ့်သာယာသော၊ ဝါ-ကျေနပ်ဖွယ် နှစ်သိမ့်ဖွယ် သာယာဖွယ် စားရင်းဝင်ဖြစ်သော။ ဝေဒနံ-ခံစားရ ခံစံရမှုကို၊ ဝေဒယမာနော-ခံစားရခိုက် ခံစံရစဉ်မှာ၊ ဝါ-ခံစားရခိုက် ခံစံရခိုက် ဖြစ်ပေါ်မှု ကြုံနေစဉ်မှာ။ သုခံဝေဒနံ ဝေဒယာမီတိ-ချမ်းသာမှု မျှတ သက်သာ ကျေနပ် နှစ်သိမ့် သာယာသော ခံစားရ ခံစံရမှုကို ခံစားနေရ ခံစံနေရသည်ဟူ၍၊ ဝါ-ခံစံနေတာပါတကားဟူ၍။ ပဇာနာတိ-အများသိ အရပ်သိ အတိုင်းသိ၏။

## ယောဂီသိအနက်

၁။ သုခံ ဝေဒနံ ဝေဒယာမီတိ-ချမ်းသာ မျှတ သက်သာ ကျေနပ် နှစ်သိမ့် သာယာဖွယ်ကို ခံစားရ ခံစံရမှုဟူသည် ကျေနပ် သာယာမှုနှင့် ခံစားမှု ၂ မျိုးတို့ တခြားစီပါတကားဟု။ ပဇာနာတိ-အကြမ်းစားအနေဖြင့် ဝိဇ္ဇာပညာသိဖြင့် သိသာ၏။

ဝါ-ကြေနပ်သည် သာယာသည် ဆိုနေ ထင်နေသည်က တခြားတကိစ္စ၊ ခံစားသည် စံစားသည်ဟု ဆိုရသည်က တခြားတကိစ္စပါတကားဟု။ ပဇာနာတိ ဝိဇ္ဇာပညာဖြင့် တဆင့်တိုး၍ သိလာ၏။

ဝါ-သုခံအရ ချမ်းသာသည် သာယာသည် ကျေနပ် နှစ်သိမ့်သည်ဟူသည် ဝေဒနာကိစ္စမဟုတ် သညာကိစ္စ၊ ဝိဉာဏ်ကိစ္စ၊ ဆန္ဒကိစ္စ၊ ပီတိကိစ္စ၊ သာတကိစ္စ၊ တဏှာကိစ္စတို့သာဖြစ်၍၊ ဝေဒနံ-အရမှာ ခံစားရုံသက်သက်သာ၊ ခံစားခါမျှ သက်သက်သာဟု သုခနှင့် ဝေဒနာအရကို ခြားနားစွာ။ ပဇာနာတိ-ဝိဇ္ဇာပညာသိခေါ် ဝိပဿနာပညာဖြင့် သဲကွဲစွာသိလာ၏။

ဝါ-အဝိဇ္ဇာမှောင် တဏှာမှောင်နှင့် ဝိပလ္လာသမှောင်တို့ လွှမ်းမိုးခံနေရသော အများသိ အရပ်သိတို့မှ ကျော်လွန်သော ဝိဇ္ဇာပညာနယ်သို့ ဝိပဿနာပညာနယ်သိဖြင့် သိမြင်ချိန်မှာ သုခံအရနှင့် ဝေဒနံအရသည် တခြားစီဟူ၍၊ ဝါ-သုခံအရသည် သာယာ တွယ်တာမှုနယ်ဆိုင်ရာ စေတောယုတ္တ စေတသိက အစုဘို့ကိစ္စဖြစ်နေ၍ ဝေဒနံ၏အရသည် ဝေဒယိတ အနုဘဝန လက္ခဏာရှိ

ဝေဒနက္ခန္ဓာသက်သက်စာရင်းဝင် ဝေဒနာစေတသိက်ကိစ္စသာ ? ဖြစ်နေပါ တကား-ဟူ၍။ ပဇာနာတိ-ဝိပဿနာ ဝိဇ္ဇာပညာဖြင့် သဲကွဲ ခြားနားစွာ သိလာ၏။

## နာမရူပ ပရိစ္ဆေဒဉာဏ်ပေါ်ပုံ

ဝါ-သုခံ ဝေဒနံ ဝေဒယာမီတိ-ရုပ်အပေါ် သုခထင်မိချက်က တခြား တကိစ္စ၊ နာမ်အပေါ် သုခထင်မိချက်က တခြားတကိစ္စနှင့် သုခ ဒုက္ခဟူမခွဲ သုခပဲလာလာ ဒုက္ခပဲလာလာ ရှောင်လွှဲမရှိ ခံစားနေရမှု ခံစားမှုကိစ္စပြုနေရ ချက်ခေါ် ဝေဒနံ-အရက တခြားတကိစ္စပါတကားဟူ၍။

ပဇာနာတိ-ဝိပဿနာ ဝိဇ္ဇာပညာဖြင့် သဲကွဲခြားနားစွာ သိမြင်လာ၏။ ဝါ-သုခံအရ သက်သာမှု သာယာမှုက သဘောတခု၊ ဝေဒနာအရ ကောင်း ဆိုးဟု မခွဲမခြား မရှောင်မတိမ်းပဲ ခံစားမှုက သဘောတခုဟူ၍ ယင်းသဘော ၂ ခုတို့ကို တခြားစီအဖြစ် ခြားနားသဲကွဲစွာ သိ သိနေတော့၏။

မှတ်ချက် (အတ္တံ ဝေဒနာတိ ဝါ ပနသ သတိပစ္စုပဋ္ဌိတာဟောတိ) ဟူသော အောက်နားပါ ပါဠိတော်ကို ထောက်ရှုလေ။

## ပစ္စယ ပရိဂ္ဂဟဉာဏ်ပေါ်ပုံ

ဝါ- သုခံ ဝေဒနံ ဝေဒယာမီတိ၊ သာယာနှစ်သက်၍ သုခထင်ခြင်း၊ တွေ့ထိနှလုံးသွင်း၍ ဝေဒနာထင်ခြင်းပါတကားဟူ၍။ ပဇာနာတိ၊ သုခဟု ထင်စေသောအကြောင်းနှင့် ဝေဒနာဟု ထင်စေသော အကြောင်းတို့ကိုပါ ဝိပဿနာပညာဖြင့် တိုး၍ တိုး၍ သိလာ၏။

## သမ္မသနဉာဏ် ပေါ်ပုံ

ဝါ- သုခံ ဝေဒနံ ဝေဒယာမီတိ၊ အတွင်းသာယာမှုနှင့် အပြင်သာယာ မှုကြောင့်လည်း သုခဟုထင်ခြင်း၊ ယင်းသို့ထင်ရာ၌ ကြမ်းတလှည့် နုတလီ ဝေးမှုနှင့် နီးမှုဟု ကွဲပြားလာခြင်း၊ ခံစားမှုမှာလည်း အတွင်းအပြင် အနု အကြမ်း အဝေး အနီး အဝေးဟု အသီးသီး အဖုံဖုံ ယှဉ်တွဲပေါင်း၍ ခံစား နေပါတကားဟူ၍။ ပဇာနာတိ၊ သုခထင်မှု အလိုလို ခံစားချက်ပြုမှု အစုစု တို့ကို ခြားနားကွဲပြားစွာ သိမြင်သိမြင်လာတော့၏။

ဝါ၊ ယင်းသုခဟု အထင်ရောက်မှုနှင့် ခံစားမှုတွေ ပြွန်းနှံ့ ကြုံနေရခြင်း သည် တကယ်ချမ်းသာချက်မဟုတ်ပဲ၊ အာသဝနှင့် ဩဃ ယောဂတို့ အထပ်

ထပ်ဖိစီး နှိပ်စက်နေပါတကားဟု သင်္ခါရဒုက္ခကို ဝိဇ္ဇာပညာဖြင့် သိသိလာ မြင်မြင်လာတော့၏။

## ဥဒယဗ္ဗယဉာဏ်ပေါ်ပုံ

ဝါ- သုခ ဝေဒနံ ဝေဒယာမိတိ၊ သုခဟု ထင်မှုနှင့် ခံစားမှုဟူသမျှတို့ သည် တကယ်တည်မြဲနေသော ကိစ္စမဟုတ်ပဲ၊ သုခအထင်တွေလည်း တဖြုတ် ဖြုတ်၊ ခံစားမှုကိစ္စတွေလည်း တဖြုတ်ဖြုတ်နှင့် ပေါ်ပျောက်နှင့် ပေါ်အနေ ကိုသာ သိသိလာတော့၏။

## ဘင်ဉာဏ်ပေါ်ပုံ

ဝါ- သုခ ဝေဒနံ ဝေဒယာမိတိ၊ သုခထင်မှုနှင့် ခံစားမှုတို့သည် ပေါ် ပေါက်ရာမှ ပေါ်မှုကွယ်ကာ၊ ပျက်ပျယ်သွား ပြိုပြိုသွား ကုန်ကုန်သွားမှုကို သာ တွေ့သိလာတော့၏။

ဝါ၊ သုခဟုထင်မှုကြသည်လည်း ဒုက္ခ အနိစ္စနှင့် ထိန်းချုပ်မရ အနတ္တ ဟူ၍လည်းကောင်း။ ခံစားမှုဝေဒနာသည်လည်း ဒုက္ခ အနိစ္စနှင့် ထိန်းချုပ် မရ အနတ္တ ပါတကားဟု။ ပဇာနာတိ၊ ဝိဇ္ဇာပညာဖြင့် တိုးဆင့်၍ သိမြင် သိမြင်လာ၏။

ညွှန်-ချက်— ဝိပဿနာ ဝိဇ္ဇာဉာဏ် တကယ်ထင်လာချိန်မှာ ယင်း သုခဟု ထင်မှားမှုနှင့် ခံစားမှုဟူသမျှတို့သည်၊ ဘယ၊ ဘေးထင်ခြင်း၊ အာဒီနဝ၊ အပြစ်ထင်ခြင်း၊ နိဗ္ဗိဒါ၊ ငြီးငွေ့လာခြင်း၊ မုဉ္စိတုကာမ၊ ယင်းဒုက္ခတို့မှ လွတ် လိုလာခြင်းစသော အသိစဉ် ဉာဏ်စဉ်တို့သည် အလိုလို တိုးမြင့်သွားတော့ သည်။ သုခဝေဒနာအတွက် ဤမျှဖြင့် သိနိုင်ပေပြီ။ ကျန်သော ဝေဒနာတို့ ၌လည်း ဘင်ဉာဏ်ထိသာ ဖော်ပြသွားပေအံ့။

## ဒုက္ခဝေဒနာအပေါ် သိမြင်ပုံများ

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ငါဘုရား၏ အဆုံးအမ ခေါ် ဤ သာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်။

## အများသိ အနက်

ဒုက္ခံ၊ ဆင်းရဲသော၊ ဝါ၊ မျှော မဆက်သာသော၊ ဝါ၊ မကျေနပ်ဖွယ် မနှစ်သိမ့် မသာယာသော။ ဝါ၊ မကျေနပ်ဖွယ် စာရင်းဝင်ဖြစ်သော။ ဝေဒနံ၊

ခံစားရ ခံနေရမှုကို။ ဝေဒယမာနော၊ ခံစားခိုက် ခံစားရစဉ်မှာ၊ ဝါ၊ ခံစား ရခိုက် ဖြစ်ပေါ်မှုကြုံနေစဉ်မှာ၊ ဒုက္ခံဝေဒနံ ဝေဒယာမီတိ၊ ဆင်းရဲ မချတ မသက်သာ မကျေနပ် မနှစ်သိမ့် မသာယာသော ခံစားရမှု ခံစားနေရသည် ဟူ၍၊ ဝါ၊ ခံစားနေရပါတကားဟူ၍၊ ပဇာနာတိ၊ အများသိ အရပ်သုံး အတိုင်း သိမြင်၏။

## ယောဂီသိ အနက်

ဒုက္ခံ ဝေဒနံ ဝေဒယာမိတိ၊ မချမ်းသာချက်ကို ခံစားရမှုဟူသည်၊ ဝါ၊ မချတ မသက်သာ မကျေနပ် မနှစ်သိမ့် မသာယာဖွယ်ကို ခံစားရမှုဟူသည် မချမ်းသာ မချတမှုတို့က တခြား ခံစားမှုတို့က တခြားစီပါတကားဟူ၍၊ ပဇာနာတိ၊ အကြမ်းစား ဘာဝနာဉာဏ်အနေဖြင့် သိသ၏။

ဝါ၊ မချတ မသက်သာအနေ မှတ်ယူထင်နေချက်က တခြား တကိစ္စ ခံစားသည့် အနေမှတ်ယူ ထင်နေချက်က တခြား တကိစ္စ ပါတကားဟု၊ ပဇာနာတိ၊ ဘာဝနာပညာဖြင့် တဆင့်တိုး၍ သိသ၏၊

ဝါ၊ ဒုက္ခံအရ ဆင်းရဲမှု မသာယာမှု မကျေနပ်မှု မနှစ်သိမ့်မှု ဟူသည် ဝေဒနာကိစ္စမဟုတ် သညာကိစ္စ ဝိညာဏ်ကိစ္စစုသာဖြစ်၍ တကိစ္စ၊ ဝေဒနံ၊ အရ မှာ ခံစားရုံသက်သက်သာ ခံစားကာမျှ သက်သက်သာဖြစ်၍ တကိစ္စဟု ဒုက္ခအရနှင့် ဝေဒနာအရတို့သည် ဘက်စုံစီပါတကားဟူ၍၊ ပဇာနာတိ၊ ဝိဇ္ဇာ ပညာခေါ် ဝိပဿနာပညာဖြင့် သဲကွဲခြားနားစွာ သိသိလာ၏။

## နာမရူပ ပရိစ္ဆေဒဉာဏ်ပေါ်ပုံ

ဝါ- အဝိဇ္ဇာ၏နယ်ရှိ ဝိပလ္လာသသိခေါ်အများသိ အရပ်သိတို့ကို ကျော် လွန်၍ ဝိဇ္ဇာနယ်ရှိ တရားသိ အမြတ်သိခေါ် ဝိပဿနာပညာသိဖြင့် သိမြင် ချိန်မှာ ဒုက္ခအရနှင့် ဝေဒနာအရတို့သည် အတူမဟုတ် တခြားစီပါတကားဟူ၍။ ဝါ-ဒုက္ခံအရသည် သညာနှင့်ဝိညာဏ်၏ အာရုံဒဏ်ချက်ဖြစ်၍ ဝေဒနာ၏ အရသည် ပေါ်လာသမျှအာရုံကို ခံစားမှုဖြစ်သော အနုဘဝလက္ခဏာရှိ ဝေဒနက္ခန္ဓာစာရင်းဝင် ဝေဒနာ စေတသိက်ကိစ္စသာဖြစ်သည်ဟူ၍။ ဝါ-ဖြစ်နေ ပါတကားဟူ၍၊ ပဇာနာတိ- ဝိပဿနာ ဝိဇ္ဇာပညာဖြင့် ခြားနားသဲကွဲစွာ သိမြင် သိမြင်လာ၏။

ဝါ- ဒုက္ခံ ဝေဒနံ ဝေဒယာမိတိ- ရုပ်အပေါ်မှာ ဒုက္ခဒဏ်ထင်လာချက်က တခြားတကိစ္စ နာမ်အပေါ်မှာ ဒုက္ခဒဏ်ထင်လာချက်က တခြားတကိစ္စဟူ၍

လည်းကောင်း၊ သုခ ဒုက္ခဟု မရှောင်မလွဲ သုခပဲလာလာ ဒုက္ခပဲလာလာ ခွဲခြားမရှိ တွေ့လာတိုင်း ခံစားလိုက်ရမှု ခံစားနေရမှု ခံစားချက်ပေါ်ရမှုက တခြားတကိစ္စဟူ၍လည်းကောင်း။ ပဇာနာတိ- ဝိပဿနာ ဝိဇ္ဇာပညာဖြင့် ခြားနားသဲကွဲစွာ သိမြင် သိမြင်လာ၏။

မှတ်ချက်-(အတ္ထိ ဝေဒနာတိ ဝါပနဿ သတိပစ္စုပဋ္ဌိတာ ဟောတိ-ဟူသော အောက်တွင် လာလတ္တံ့ ပါဠိတော်ကို ထောက်ရှုပါလေ)

ဝါ- ဒုက္ခ အရ မသက်သာချက် မခံသာချက်က သဘောတခု၊ ဝေဒနံအရ ကြုံလာသမျှကို ခံစားမှုက သဘောတခု၊ ပါ-အကောင်းအဆိုးဟု မခွဲခြား မရှောင်ဖယ်ပဲ ပေါ်လာကြုံလာသမျှကို ခံစားမှုက သဘောတခုဟု ယှဉ်းသဘော ၊ ခုတို့မတူကြပဲ တခြားစီအဖြစ်ကို ရှုသွားသဲ ဘာဝနာဉာဏ်ဖြင့် ခြားနားသဲကွဲစွာ သိမြင် သိမြင်လာ၏။

## ပစ္စယပရိဂ္ဂဟာဉာဏ်ပေါ်ပုံ

ဝါ- ဒုက္ခံဝေဒနံ ဝေဒယာမိတိ- မသာယာမနှစ်သက်၍ ဒုက္ခဟုထင်ခြင်း ပါတကား တွေ့ထိနှလုံးသွင်း၍ ဝေဒနာဟုထင်ခြင်း။ ဝါ- ခံစားမှုထင်ခြင်း ပါတကားဟု။ ပဇာနာတိ- ဒုက္ခဟုထင်စေသောအကြောင်းနှင့် ဝေဒနာဟု ထင်စေသောအကြောင်းတို့ကိုပါ ရှုပွားနေသော ဝိပဿနာပညာဖြင့် တိုး၍ တိုး၍ သိမြင်လာ၏။

## သမ္မသနဉာဏ် ပေါ်ပုံ

ဝါ၊ အတွင်းမသာယာမှုနှင့် အပြင်မသာယာမှုကြောင့်လည်း ဒုက္ခထင်ခြင်း၊ ယင်းသို့ထင်ရာ၌ ကြမ်းတလှည့်၊ နူးညံ့ဟု သိခြင်း၊ ဝေးမှုနှင့် နီးမှုဟုလည်း ကွဲပြားလာခြင်း၊ ခံစားမှုမှာလည်း အတွင်းနှင့် အပြင် ဟူ၍လည်းကောင်း၊ အနုနှင့် အကြမ်းဟူ၍လည်းကောင်း၊ အာရုံတွေ့မှုအနီးနှင့် အဝေးဟူ၍လည်း ကောင်း၊ အသီးသီး အဖို့ဖို့ ယှဉ်တွဲပေါင်းစပ်၍ ခံစားနေပါတကား ဟူ၍ လည်းကောင်း၊ ပဇာနာတိ၊ ဒုက္ခထင်မှုအသွယ်သွယ်နှင့် ခံစားချက်ထင်မှုအစုစု တို့ကို တကိစ္စစီဟု ခြားနားသဲကွဲစွာ သိမြင်သိမြင်လာ၏။

မှတ်ချက်- ဒုက္ခဟု ထင်လာမှုနှင့် ခံစားမှုဟု တွေ့လာ ထင်လာ ကြုံလာ နေရခြင်းသည် အဝိဇ္ဇာနှင့် အာသဝေါ ကြွယောဂတို ဖုံးကွယ်ထားချက် ကြောင့် ဒုက္ခကိစ္စနှင့် ဝေဒနာကိစ္စတို့သည် တမျိုးတကိစ္စတည်းဟု ယင်ချိန်မှာ အမှတ်မှား အသိမှားထားခဲ့စေကာ ဝိပဿနာပညာ ဝင်လာချိန်မှာ အဆက်ကူအတိုင်း တခြား တကိစ္စစီ ဖြစ်နေပုံတို့ သဲကွဲစွာ တွေ့မြင်လတ္တံ့။

## ဥဒယဗ္ဗယဉာဏ် ပေါ်ပုံ

ဝါ၊ မခံသာဖွယ် မသာယာဖွယ် ဒုက္ခ ဟု မှတ်ယူချက်နှင့် ခံစားမှုဟု မှတ်ယူချက်မှာလည်း ဒသစပ်ဖြစ်ပေါ်နေခွင့် မရရှိပဲ၊ ယင်း မသာယာဖွယ် တွေသည် ပေါ်လိုက်ပြတ်လိုက်၊ ခံစားမှုတွေလည်း ပေါ်လိုက်ပြတ်လိုက် အနေကို သိမြင် သိမြင်လာ၏။

## ဘင်ဉာဏ် ပေါ်ပုံ

ဝါ၊ မသာယာမှု မခံသာမှုခေါ် ဒုက္ခသဘာဝနှင့် ခံစားရမှု ဝေဒနာ သဘာဝတို့သည် ပေါ်လိုက်ပြတ်လိုက်အနေ ရှိလာရာမှ ပေါ်လိုက်ဘို့ကို မတွေ့ ရတော့ပဲ ပြတ်လိုက် ပြတ်လိုက်၊ ဝါ၊ ပျောက်လိုက်ကုန်လိုက် ပြိုလိုက်အနေ ကို သိမြင်သိမြင်လာတော့၏။

ညွှန်းချက်- ဝိပဿနာ ဝိဇ္ဇာဉာဏ် တကယ်တိုးတက်လာခဲ့လျှင် ယင်း ဒုက္ခဝေဒနာ သဘာဝတို့သည်။ ဘယ်၊ ဘေးထင်ခြင်း၊ အာဒီနဝ၊ အပြစ် ထင်ခြင်း၊ နိဗ္ဗိဒါ၊ ငြီးငွေ့လာခြင်း၊ မုဉ္စိတုကာမ၊ လွတ်လိုလာခြင်းစသော၊ ဉာဏ်ကြမ်း၊ သိုးဉာဏ်တို့သည် သူ့သဘာဝအတိုင်း၊ အစဉ်ကျ ပေါ်ထွက် သိ မြင်လာတော့၍ ဒုက္ခဝေဒနာအတွက် ဤမျှဖြင့် သိနိုင်ပေပြီ။

## ဥပေက္ခာ ဝေဒနာအပေါ် သိမြင်ပုံများ

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ငါဘုရား၏ အဆုံးအမခေါ် ဤ သာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်။

## အများသိအနက်

အဒုက္ခ-မသုခံ၊ ဥပေက္ခာဖြစ်သော။ ဝါ၊ ဆင်းရဲနှင့် ချမ်းသာ ၂ မျိုး တို့၏ ကြားနေမှုဖြစ်သော၊ ဝါ၊ ဆင်းရဲမှုလည်းမဟုတ်၊ ချမ်းသာမှုလည်း မဟုတ်သော။ ဝေဒနာခံစားမှုကို (ဝါ၊ ဆင်းရဲနှင့် ချမ်းသာ ၂ မျိုးတို့၏ ကြားနေခံစားမှုကို) ဝေဒယမာနော၊ ခံစားခိုက် ခံစားစဉ်မှာ-

အဒုက္ခ- မသုခံ ဝေဒနံ ဝေဒယာမိတိ၊ ဆင်းရဲနှင့် ချမ်းသာ ၂ မျိုး တို့၏ ကြားနေခံစားမှုကို ခံစားနေဘယ်ဟူ၍။ ဇာနာတိ၊ အများသိ အရပ် သိအတိုင်း သိမြင်၏။

## ယောဂီသိမြင်

### နာမရူပ ပရိစ္ဆေဒဉာဏ် ပေါ်ပုံ

ဝါ- ဗဇာနာတိ၊ ဆင်းရဲနှင့် ချမ်းသာမှ လွတ်သည်ကိုလည်းသိ၏။ ဝါ၊ ဆင်းရဲချမ်းသာမှလွတ်သော ကြားနေသဘောအရကို သိချက်က တခြား ခံစားမှုကို သိချက်က တခြားဟု ခွဲခြားသဲကွဲစွာ သိ၏။

### ပစ္စယ ပရိဂ္ဂဟဉာဏ်ပေါ်ပုံ

ဝါ- ပဇာနာတိ၊ အကြိုက်အနေနှင့် မကြိုက်အနေကို နှလုံးမသွင်းချက်ကြောင့် ကြားနေသဘော ရောက်ပုံကိုလည်းကောင်း၊ ယင်းသဘောမျှထား၍ ခံစားချက်မျှသာ ရှိနေပုံကိုလည်းကောင်း၊ အဆင့်ဆင့်တိုးမြင့်၍ သိမြင်သိမြင်လာ၏။

### သမ္မသနဉာဏ် ပေါ်ပုံ

ဝါ- ပဇာနာတိ၊ ယင်းကြားနေသဘော၏ အနန္တ အကြမ်းကိုလည်းကောင်း၊ အဝတ်အနက်ကိုလည်းကောင်း၊ ဖြစ်ဆဲဖြစ်ပြီး ဖြစ်ဆဲတွေကိုလည်းကောင်း ခွဲခြား ခွဲခြား သိသိလာ၏။

### ဥဒယဗ္ဗယဉာဏ် ပေါ်ပုံ

ဝါ- ပဇာနာတိ၊ ကြားနေသဘောနှင့် ခံစားချက်တို့သည် ပေါ်ပေါ်လာ ထလို၊ သေးသေးလာသလိုမှ ပေါ်လိုက် ပျောက်သွားလိုက်၊ ပေါ်လိုက်၊ ပေါ် လိုက်၊ ငုတ်လိုက် ပေါ်လိုက်အနေကို သိမြင် သိမြင်လာ၏။

### ဘင်ဉာဏ် ပေါ်ပုံ

ဝါ- ပဇာနာတိ- ကြားနေသဘောနှင့် ခံစားချက်တို့သည်။ ငုတ်ငုတ်သွား ပြုတ်ပြုတ်သွားသလိုမှ ပြယ်ပြယ်သွား ပျက်ပျက်သွားသလို သိ သိလာတော့၏။

ညွှန်းချက်- ဆက်၍ ရှုပွားနေသော်၊ ယင်းပြုတ်သွား ပြယ်သွား ပျက်သွားချက်တိုက်၊ ဘယ- ဘေး ထင်လာချက်၊ အာဒီနဝ- အပြစ်ထင်လာချက်။ နိဗ္ဗိဒါ- ငြီးငွေ့လာချက်၊ မုဉ္စိတုကမျတာ- လွတ်မြောက်လိုလာချက် စသည်တို့ သည် ဉာဏ်ရင့်တက်လာသလို တိုး၍တိုး၍ သိလာတော့သည်။

## သာမိသသုခ ဝေဒနာများ

### ပါဠိတော်

၁။ သာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော သာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

နိရာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

၂။ သာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော သာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

နိရာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော၊ နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

၃။ သာမိသံ ဝါ အဒုက္ခ-မသုခံ ဝေဒနံ ဝေဒယမာနော သာမိသံ အဒုက္ခ-မသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

နိရာမိသံ ဝါ အဒုက္ခ-မသုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ အဒုက္ခ-မသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ သမုဒယ ဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ၊ ဝယ ဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယ ဝယ ဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ။

အတ္ထိ ဝေဒနာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ၊ ပဋိဿတိ မတ္တာယ။ အနိဿိတော စ ဝိဟရတိ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။

ဝေဒနာ နုပဿနာ နိဋ္ဌိတာ။

---

## အနက်

### ဇာနာတိ သိ

၁။ သာမိသံ- ကာမဂုဏ်အာရုံငါးတို့ကို မှီလျက်၊ သုခံ- အိမ် ရွာ မြို့တို့နှင့် စပ်လျဉ်း၍၊ ခြောက်ဒွါရ၊ ခြောက်အာရုံတို့နှင့်ဆိုင်ရာ ရှင်ပျံ့သာယာဖွယ်

ဖြစ်သော၊ ဝေဒနံ- ခံစားရမှုမျိုးကို၊ ဝေဒယမာနော ဝါ- ခံစားခိုက် ခံစားဆဲ ခံစားစဉ်မှာလည်း။ သာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ- သာမိသ သုခ ခံစားမှုတို့ကို ခံစားနေသည်ဟူ၍ ဝါ- ကာမဂုဏ် အာရုံငါးပါးတို့၌ မှီလျက် အိမ် ရွာ မြို့ ကိစ္စတို့နှင့် ပေါင်းလျှင်း၍ ခြောက်ဒွါရ ခြောက်အာရုံတို့ဆိုင်ရာ ရွှင်ပျ သာယာဖွယ်ဖြစ်သော ခံစားမှုမျိုးကို ခံစားနေသည်ဟူ၍၊ ဇာနာတိ- အရပ်သိ အများသိ အနေဖြင့် သိ၏။

## ပဇာနာတိသိ

ဝါ- ပဇာနာတိ- ဤကား ကာမဂုဏ် အာရုံငါးပါးတို့ကို မှီသော ကိစ္စ၊ ယင်းတို့သည် အိမ် ရွာ မြို့တို့နှင့်စပ်သော ရွှင်ပျ သာယာဖွယ်ကိစ္စ ယင်းစုကို ခံစားသောကိစ္စဟု ဝိဇ္ဇာဉာဏ် ဝင်လာခိုက်၌ ထိုကိစ္စစိကို ခွဲခြား ခွဲခြားကာ ဘာဝနာဉာဏ်ဖြင့် သိမြင်လာ၏။

အညွှန်း— ဝိပဿနာ ဉာဏ်စင်ဝင်လာလျှင် အထက်က ဖော်ပြခဲ့သလို ဤသာမိသ- သုခ ဝေဒနာ ကိစ္စမှာလည်း ဉာဏ်စဉ်များ၊ ပေါ်လာပေတော့သည်။

## နိရာမိသသုခ ဝေဒနာ ဇာနာတိသိ

နိရာမိသံ- ကာမဂုဏ်အာရုံငါးပါးတို့ကို မမှီပဲ၊ သုခံ- နေကမ္မ သုခမျိုး ဖြစ်သော၊ ဝါ- ဒါနအာရုံ သီလအာရုံ ဓူတင်အာရုံ ဗြဟ္မဝိဟာရအာရုံ အာစာရ ဂေါစရအာရုံ သမထအာရုံ ဝိပဿနာအာရုံတို့ဆိုင်ရာ ရွှင်ပျ သာယာဖွယ် ဖြစ်သော။ ဝေဒနံ- ကုသိုလ် နှင့် ဆိုင် ရာ ခံစားမှုမျိုးကို။ ဝေဒယမာနော- ခံစားစဉ်မှာ၊ နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ-ကာမဂုဏ် အာရုံ ငါးပါးတို့ကို မမှီပဲ ဒါနအာရုံစသော ကုသိုလ်နှင့်ဆိုင်ရာ ခံစားမှု မျိုးကို ခံစားနေတယ်ဟူ၍။ ဇာနာတိ- အရပ်သိ အများသိ အနေဖြင့် သိ၏

## နိရာမိသ သုခ ဝေဒနာ

## ပဇာနာတိသိ

ဝါ- ပဇာနာတိ- ဤကား ကာမဂုဏ် အာရုံငါးပါးတို့ကို မမှီသော ကိစ္စ၊ ယင်းတို့သည် ဒါနစသော ကုသိုလ်နှင့်ဆိုင်ရာ ရွှင်ပျ သာယာဖွယ်သော ကိစ္စ၊ ယင်းစုကို ခံစားသော ကိစ္စဟု ဝိဇ္ဇာဉာဏ်ဖြင့် သိမြင် သိမြင် လာ၏။

သာမိသ ဒုက္ခဝေဒနာ

ဇာနာတိ သိ

၂။ က။ သာမိသံ- ကာမဂုဏ်အာရုံငါးပါးတို့ကိုမှီလျက်။ ဒုက္ခံ- ဆင်းရဲ မသာယာဖွယ်ဖြစ်သော။ ဝါ- အိမ် ကျောင်း ဇရပ် ရွာ မြို့ နိုင်ငံ တို့နှင့် စပ်လျဉ်း၍ ခြောက်ဒွါရ ခြောက်အာရုံတို့ဆိုင်ရာ မရှင်ပျ မသာယာဖွယ် ဖြစ်သော ဖေဒနံ- ခံစာ ရမှုမျိုးကို။ ဝေဒယမာနော ဝါ- ခံစားခိုက် ခံစားစဉ် မှာလည်း။ သာမိသ ဒုက္ခံ ဝေဒနံ ဝေဒယာမိတိ- ကာမဂုဏ်အာရုံငါးပါးတို့ကို မှီလျက် အိမ် ကျောင်း ဇရပ် ရွာ မြို့ နိုင်ငံတို့နှင့် စပ်လျဉ်း၍ ခြောက်ဒွါရ ခြောက်အာရုံတို့ဆိုင်ရာ မရှင်ပျ မသာယာဖွယ်ဖြစ်သော ခံစားမှုမျိုးကို ခံစား နေသည် ခံစားနေပါတကားဟူ၍။ ဇာနာတိ- အရပ်သိ အများသိအနေဖြင့် သိ၏။

ပဇာနာတိ သိ

ဝါ-ပဇာနာတိ- ဤကား ကာမဂုဏ် အာရုံငါးပါးတို့ကို မှီသောကိစ္စ၊ ယင်းတို့သည် အိမ် ကျောင်း ဇရပ် ရွာ မြို့ နိုင်ငံတို့နှင့်စပ်သော ရှင်ပျသာယာ ဖွယ်ကိစ္စ၊ ယင်း စုကို ခံစားသောကိစ္စဟု ဝိဇ္ဇာ ဉာဏ်ဝင်လာခိုက်၌ တကိစ္စစီကို ခွဲခြား ခွဲခြား၍ ဘာဝနာဉာဏ်ဖြင့် သိမြင် သိမြင်လာ၏။

နိရာမိသ ဒုက္ခ ဝေဒနာ

ဇာနာတိ သိ

ခ။ နိရာမိသံ- ကာမဂုဏ်အာရုံငါးပါးတို့ကိုမမှီပဲ။ ဒုက္ခံ- နေက္ခမ္မဒုက္ခမျိုး ဖြစ်သော။ ဝါ- ဒါနအာရုံ သီလအာရုံ စူဠာမင်အာရုံ ဗြဟ္မဝိဟာရအာရုံ အာစာရဂေါစရအာရုံ သမထအာရုံ ဝိပဿနာအာရုံတို့ဆိုင်ရာ မရှင်ပျ မသာယာဖွယ်ဖြစ်သော။ ဝေဒနံ- ကုသိုလ်နှင့်ဆိုင်ရာခံစားမှုမျိုးကို။ ဝေဒယ မာနော- ခံစားစဉ်မှာ။ နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမိတိ- ကာမဂုဏ်အာရုံ ငါးပါးတို့ကိုမမှီပဲ ဒါနအာရုံစသော ကုသိုလ်နှင့်ဆိုင်ရာ ခံစားမှုမျိုးကို ခံစား နေတယ်ဟူ၍၊ ဇာနာတိ- အရပ်သိ အများသိ အနေဖြင့် သိ၏။

ပဇာနာတိ သိ

ဝါ-ပဇာနာတိ- ဤကား ကာမဂုဏ် အာရုံငါးပါးတို့ကို မမှီသောကိစ္စ၊ ယင်းတို့သည် ဒါနစသော ကုသိုလ်နှင့်ဆိုင်ရာ မသာယာဖွယ်ဖြစ်သောကိစ္စ၊

ယင်းစုခံစားသောကိစ္စဟု ဝိဇ္ဇာဉာဏ်ဝင်လာခိုက်၌ တကိုစ္စစီကို ခွဲခြား ခွဲခြားကာ ဘာဝနာဉာဏ်ဖြင့် သိမြင် သိမြင်လာ၏။

## သာမိသ ဥပေက္ခာ ဝေဒနာ

### ဇာနာတိ သိ

၃။ က။ သာမိသံ- ကာမဂုဏ် အာရုံငါးပါးတို့ကို မှီသော။ အဒုက္ခ-မသုခံ-ဒုက္ခနှင့်သုခတို့၏ အလယ်၌ဖြစ်သော။ ဝါ- ဆင်းရဲမှုလည်းမဟုတ်၊ ချမ်းသာမှုလည်း မဟုတ်သော။ ဝါ- အိမ် ကျောင်း ဇရပ် ရွာ မြို့ နိုင်ငံတို့နှင့်စပ်လျဉ်း၍ ခြောက်ဒွါရ ခြောက်အာရုံတို့ဆိုင်ရာ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော။ ဝေဒနံ- ခံစားမှုမျိုးကို။ ဝေဒယမာနော ဝါ- ခံစားစဉ်မှာလည်း။ သာမိသံ အဒုက္ခ-မသုခံဝေဒနံ ဝေဒယာမိဘိ- ကာမဂုဏ်အာရုံငါးပါးတို့ကို မှီလျက် အိမ် ကျောင်း ဇရပ် ရွာ မြို့ နိုင်ငံတို့နှင့်စပ်လျဉ်း၍ ခြောက်ဒွါရ ခြောက်အာရုံတို့ဆိုင်ရာ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားမှုမျိုးကို ခံစားနေတာပါဘကားဟူ၍။ ဇာနာတိ- အများသိအနေဖြင့် သိ၏။

### ပဇာနာတိ သိ

ဝါ-ပဇာနာတိ- ဤကား ကာမဂုဏ် အာရုံငါးပါးတို့ကို မှီသောကိစ္စ၊ ယင်းတို့သည် အိမ် ကျောင်း ဇရပ် ရွာ မြို့ နိုင်ငံတို့နှင့်ဆိုင်သော ဆင်းရဲလည်း မဟုတ် ချမ်းသာလည်းမဟုတ်သော ကြားနေကိစ္စ၊ ယင်းစုကို ခံစားသောကိစ္စဟု ဝိဇ္ဇာဉာဏ်ဝင်လာခိုက်၌ တကိစ္စစီကို ခွဲခြား ခွဲခြား၍ ဘာဝနာဉာဏ်ဖြင့် သိမြင် သိမြင်သာ၏။

## နိရာမိသ ဥပေက္ခာ ဝေဒနာ

### ဇာနာတိ သိ

ခ။ နိရာမိသံ- ကာမဂုဏ်အာရုံငါးပါးတို့ကိုမမှီပဲ။ အဒုက္ခ-မသုခံ-ဒုက္ခနှင့် သုခအလယ်၌ဖြစ်သော။ ဝါ- ဒါနအာရုံ သီလအာရုံ ဂုဏ်အာရုံ ဗြဟ္မဝိဟာရအာရုံ အာစာရ ဂေါစရအာရုံ သမထအာရုံ ဝိပဿနာအာရုံဆိုင်ရာ ဆင်းမှုလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော။ ဝေဒနံ- ကုသိုလ်နှင့်ဆိုင်ရာ ခံစားမှုမျိုးကို။ ဝေဒယမာနော- ခံစားစဉ်မှာ။ နိရာမိသံ အဒုက္ခ-မသုခံ ဝေဒနံ ဝေဒယာမိတိ-ကာမဂုဏ်အာရုံငါးပါးတို့ကိုမမှီပဲ ဒါနအာရုံစသော ကုသိုလ်နှင့် ဆိုင်ရာ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားမှုမျိုးကို ခံစားနေတယ်ဟူ၍။ ဇာနာတိ- အနုပ်သိ အများသိ အနေဖြင့် သိ၏၊

## ပဇာနာတိ သိ

ဝါ- ပဇာနာတိ၊ ဤကား ကာမဂုဏ် အာရုံငါးပါးကို မမှီသောကိစ္စ။ ယင်းတို့သည် ဒါန စသော ကုသိုလ်အာရုံနှင့်ဆိုင်ရာ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ကြားနေကိစ္စ၊ ယင်းစုကို ခံစားသော ကိစ္စဟု ဝိဇ္ဇာဉာဏ်ဝင်လာခိုက်၌ တကိစ္စစီကို ခွဲခြား ခွဲခြားကာ ဘာဝနာဉာဏ်ဖြင့် သိမြင် သိမြင်လာ၏။

၁။ ဣတိ အဇ္ဈတ္တံ ဝါ စသော အနက်

ဣတိ၊ ဤသို့၊ ဝါ၊ အောက်တွင် ညွှန်ပြလတ္တံ့အတိုင်း။ အဇ္ဈတ္တံ၊ မိမိခန္ဓာမှာ ဖြစ်ရှိနေသော။ ဝေဒနာသု ဝါ၊ ဝေဒနာကိစ္စတို့မှာဖြစ်စေ။ ဝေဒနာနုပဿီ ဝိဟရတိ၊ ခံစားမှုဝေဒနာသဘောမျှကိုသာ အထပ်ထပ် ရှုပွားကျင့်သုံးလျက်နေ၏။

၂။ ဗဟိဒ္ဓါ၊ သူတပါး ခန္ဓာမှာဖြစ်ရှိနေသော။ ဝေဒနာသု ဝါ၊ ဝေဒနာကိစ္စတို့မှာဖြစ်စေ။ ဝေဒနာနုပဿီ ဝိဟရတိ၊ ခံစားမှုဝေဒနာ သဘောမျှကို မိမိခန္ဓာမှာ ရှုပွားကျင့်သုံးနိုင်သလို ရှုပွားကျင့်သုံးနေ၏။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ၊ မိမိ ခန္ဓာမှာတလှည့်၊ သူတပါးခန္ဓာမှာ တလှည့် ဖြစ်စေ။ ဝေဒနာသု၊ ဝေဒနာကိစ္စတို့။ ဝေဒနာနုပဿီ ဝိဟရတိ၊ ရှေ့၌ဟော ညွှန်ထားပြီးအတိုင်း ခံစားမှုဝေဒနာ သဘောမျှကိုသာ ရှုပွားလာနိုင်လျက် ကျင့်သုံးနေ၏။

ဝါ၊ အသိဉာဏ်အဆင့်ဆင့် ကူးတက်လာပုံကား-

ဝေဒနာသု၊ ခံစားမှုဝေဒနာသဘောတို့၌။ သမုဒယဓမ္မာနုပဿီ၊ ယင်းခံစားမှုဝေဒနာ သဘောအစုတို့ ဖြစ်ပေါ်လာကြောင်းကိုပါ။ ဝါ၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ဥဒယဉာဏ်နကိုပါ သိမြင်ရှုပွားလျက်၊ ဝိဟရတိ၊ နေနိုင်လာ၏။ ဝါ၊ သမုဒယဓမ္မာနုပဿီ ဝိဟရတိ၊ ခံစားမှုဝေဒနာသဘောအစု တို့၏ ဖြစ်ပေါ်လာကြောင်း ပစ္စယပရိဂ္ဂဟဉာဏ် သုံးသပ်မှု သမ္မသနဉာဏ်နှင့် ဥဒယဉာဏ်နကိုပါ အဆင့်ဆင့်သိမြင် ရှုပွားကာ နေနိုင်လာ၏။

ဝါ၊ အသိဉာဏ် တဆင့်တက်လာပြန်ပုံကား။ ဝေဒနာသု၊ ခံစားမှုဝေဒနာသဘောတို့၌။ ဝယဓမ္မာနုပဿီ ဝိဟရတိ၊ ယင်းခံစားမှုဝေဒနာနာမ်အစုတို့၏ ပျက်ကြောင်းပျက်ပုံတွေကိုပါ သိမြင်လာသော ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ကိုပါ အဆင့်ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏။

ဝါ၊ အသိဉာဏ်တဆင့် တက်လာပြန်ပုံကား။ ဝေဒနာသု၊ ခံစားမှုဝေဒနာ သဘောတို့၌။ သမုဒယ ဝယ ဓမ္မာ နုပဿီ ဝိဟရတိ၊ ယင်းခံစားမှုဝေဒနာ

နာမ်အစုတို့၏ ဖြစ်ကြောင်းဖြစ်ပုံ၊ ပျက်ကြောင်းပျက်ပုံတွေကိုပါ သိမြင်လာသော ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်နုကိုပါ အဆင့်ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏။

ပန၊ ကောင်းကျိုးရရှိပုံကို ဟောညွှန်ပြဦးအံ့၊ အသ၊ ခံစားမှုဝေဒနာ နာမ်ကမ္မဋ္ဌာန်းကို ရှုပွားလာနိုင်သော ထိုယောဂီအား။ ဝေဒနာတိ- ဝေဒနာဝေ၊ ခံစားမှုဝေဒနာ နာမ်သဘာဝမျှသည်သာလျှင်။ အတ္ထီတိ၊ ရှိနေပါတကား။ တွေ့သိနေရပါတကားဟု။ သတိ၊ ရှုပွားနေသော ဒေါ်ယန ဂေါ်သတိသည်။ ပစ္စုပဋ္ဌိတာ၊ ထင်ထင်ရှားရှား တွေ့မြင်လာနိုင်သည်။ ဟောတိ၊ ဖြစ်၏။

ယာဝဒေဝ ဉာဏမတ္တာယ ဝါ၊ ဝိပဿနာဉာဏ်အမြင် အဆင့်ဆင့် တိုးတက်ပွားလာခြင်းငှာလည်း။ ဟောတိ၊ ဖြစ်၏။

ယာဝဒေဝ ပဋိဿတိ မတ္တာယဝါ၊ သတိထင်မှု အဆင့်ဆင့်တိုးပွားခြင်းငှာလည်း။ ဝါ၊ သတိန္ဒြေ သတိဗိုလ် သတိသမ္ဗောဇ္ဈင် သတိမဂ္ဂင် အနေဖြင့် အာရုံထင်မှုတွေ အဆင့်ဆင့်တိုးပွားလာခြင်းငှာလည်း။ ဟောတိ၊ ဖြစ်၏။

စ၊ ဤတွင်မကသေး။ အနိဿိတော၊ ရှုပွားဆဲ ဝေဒနာနာမ်အာရုံအပေါ်၌။ တဏှာအာရုံ ဒိဋ္ဌိအာရုံ အနေဖြင့် မဆက်စပ် မမှီတွယ်ပဲ၊ ဝိဟရတိ၊ နေ၏။

စ၊ ဤတွင်မကသေး။ ကိဉ္စိလောကေ၊ ခန္ဓာတစုံတရာနှင့် အာရုံတစုံတရာ အပေါ်၌။ နဉပါဒိယတိ၊ ဥပါဒါန် အာရုံအသွင်ဖြင့် စွဲလမ်းပြန်တော့ပေ။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝါ၊ ဝေဒနာနာမ်ကမ္မဋ္ဌာန်းအတွက် နိဂုံးအဖြစ် ညွှန်ပြရသော်။ ဧဝမ္ပိ၊ အထက် ငါဘုရား ထုတ်ဖော်ညွှန်ပြချက်အတိုင်းပင်လျှင်။ ဘိက္ခု၊ ယောဂီရဟန်းသည်။ ဝေဒနာသု၊ ဝေဒနာသဘောတို့၌။ ဝေဒနာနုပဿီ ဝိဟရတိ၊ ရှုပွားဆဲ ဝေဒနာသဘောကို အဖန်ဖန် အထပ်ထပ် ရှုပွားလျက် ကျင့်သုံးနေ၏။

ဝေဒနာနုပဿနာ၊ ဝေဒနာနုပဿနာသည်၊ နိဋ္ဌိတာ၊ ပြီးပြီ။

## နိဒ္ဒေသဝါရ၊ စိတ္တာနုပဿနာပိုင်း

### ပါဠိတော်

ကထဉ္စပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ ဣဓ ဘိက္ခဝေ ဘိက္ခု။

၁။ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ။
၂။ ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာ။
၃။ သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ။
၄။ ဝီတ ဒေါသံ ဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ။
၅။ သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ။
၆။ ဝီတမောဟံ ဝါ စိတ္တံ ဝီတမောဟံ စိတ္တန္တိ ပဇာနာတိ။
၇။ သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ။
၈။ ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ။
၉။ မဟဂ္ဂတံ ဝါ စိတ္တံ မဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ။
၁၀။ အမဟဂ္ဂတံ ဝါ စိတ္တံ အမဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ။
၁၁။ သဥတ္တရံ ဝါ စိတ္တံ သဥတ္တရံ စိတ္တန္တိ ပဇာနာတိ။
၁၂။ အနုတ္တရံ ဝါ စိတ္တံ အနုတ္တရံ စိတ္တန္တိ ပဇာနာတိ။
၁၃။ သမာဟိတံ ဝါ စိတ္တံ သမာဟိတံ စိတ္တန္တိ ပဇာနာတိ။
၁၄။ အသမာဟိတံ ဝါ စိတ္တံ အသမာဟိတံ စိတ္တန္တိ ပဇာနာတိ။
၁၅။ ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ။
၁၆။ အဝိမုတ္တံ ဝါ စိတ္တံ အဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ။

### အနက် ပြန်ဆိုချက်

ဘိက္ခဝေ- ရဟန်းတို့၊ ဘိက္ခု- ယောဂီရဟန်းသည်။ စိတ္တေ- စိတ်၌။ ဝါ- စိတ်တို့ကို၊ တနည်း စိတ္တ- သိမှု၌ ဝါ- သိမှုတို့ကို၊ တကဉ္စ- ဘယ်ကဲ့သို့လျှင်။ စိတ္တာနုပဿီ- သိမှုတော့ကို ဝါ- ဖြစ်ပေါ် ဖြစ်ပေါ်၍ လာသော သိမှုတော့ကို အထပ်ထပ် အထပ်ထပ် သိမြင်လျက်။ ဝိဟရတိ- ရှုပွား၍ နေလေသနည်း။

ဘိက္ခုဝေ-ရဟန်းတို့၊ ဣမဒဘိက္ခု-ဤဘုရား၏ အဆုံးအမဒေါ် - ဤသာသနာတော်၌ တရား ကျင့်သုံးနေသော ယောဂီရဟန်းသည်။

ညွှန်းချက်— အောက်အနက်များတွင် ဇာနာတိနှင့် ချက ပဲရိယတ္တိ အနက်ကို ရည်စူးပြီး၊ ပဇာနာတိနှင့်ချက ပဲ၌ပတ္တိသိ အနက်ကို ရည်စူးသည်။

## သရာဂစိတ်

၁။ သ- ရာဂံ- ရာဂတဏှာနှင့် ယှဉ်တွဲ ဖြစ်ပေါ်လာသော။ ဝါ- ရာဂတဏှာ ပူးဝင်လာသော။ စိတ္တံဝါ- ရာဂတဏှာ ကပ်စိတ်မျိုးကိုလည်း၊ သရာဂံ စိတ္တန္တိ- ရာဂတဏှာ ပူးဝင်နေသော စိတ်မျိုးဟူ၍။ ဇာနာတိ-သိ၏။

ဝါ- ပဇာနာတိ- ရာဂတဏှာ ပူးဝင်နေသောစိတ်ကို၊ ဝါ- သိမှုကို၊ ပူးဝင်နေသော ရာဂ တဏှာ၏ သဘာဝက တမျိုးတကိစ္စ။ စိတ်၏ သိမှုသဘာဝက တမျိုးတကိစ္စဟု ဝိဇ္ဇာပညာခေါ် ဝိပဿနာ ပညာဖြင့် ခွဲခြား၍ သိသိလာ၏။

ဝါ- ပဇာနာတိ- ဝိပဿနာ ဝိဇ္ဇာဉာဏ်တို့ ဖြစ်လာသလောက်၊ ဝိသုဒ္ဓိစဉ် ဉာဏ်စဉ်အတိုင်း တိုးမြင့်၍ သိ သိလာ၏။

## ဝီတ ရာဂစိတ်

၂။ ဝီတရာဂံ- ရာဂ တဏှာနှင့်ကင်း၍ ဖြစ်ပေါ်လာသော ဝါ- ရာဂ တဏှာပူးဝင်မှု ကင်းသော၊ စိတ္တံ ဝါ- သန့်ရှင်းသော စိတ် မျိုး ကို လည်း။ ဝီတရာဂံ စိတ္တန္တိ- ရာဂ တဏှာနှင့် ကင်းသော စိတ်မျိုးဟူ၍။ ဇာနာတိ-သိ၏။

ဝါ- ပဇာနာတိ- စိတ်သိ သက်ဆက်နှင့် ရာဂတဏှာ ပူးဝင်သော စိတ်တို့၏ သိပုံချင်းမတူ ခြားနားချက်ကို သဲကွဲမှန်ကန်စွာ သိမြင်လာ၏။

ဝါ- ပဇာနာတိ- ဝိပဿနာ ဝိဇ္ဇာဉာဏ် တိုးမြင့်လာသလောက် ဝိသုဒ္ဓိစဉ် ဉာဏ်စဉ်အတိုင်း တိုးမြင့် တိုးမြင့်၍ သိ သိလာတော့၏။

## သဒေါသစိတ်

၃။ သ-ဒေါသံ- ဒေါသ ကိလေသာနှင့် ယှဉ်တွဲဖြစ်ပေါ်လာသော၊ ဝါ- ဒေါသ ကိလေသာ ပူးဝင်လာသော။ စိတ္တံဝါ- ဒေါသ ကပ်စိတ်မျိုးကိုလည်း။ သ- ဒေါသစိတ္တန္တိ- ဒေါသ ကိလေသာ ပူးဝင်သော စိတ်မျိုးဟူ၍၊ ဇာနာတိ- သိ၏။

ဝါ- ပဇာနာတိ- ပူးဝင်သော- ဒေါသကိလေသာ သဘာဝက တမျိုးတကိစ္စ၊ စိတ်၏ သိမှုသဘာဝက တမျိုးတကိစ္စဟု ဝိဇ္ဇာပညာခေါ် ဝိပဿနာ

ဝိဇ္ဇာပညာ တိုးမြင့်လာသလောက် ဝိသုဒ္ဓိစဉ် ဉာဏ်စဉ်အတိုင်း တိုးမြင့် တိုးမြင့်၍ သိ သိလာတော့၏။

## ဝီတဒေါသစိတ်

၄။ ဝီတဒေါသံ- ဒေါသကင်းလေသောနှင့် ကင်း၍ဖြစ်ပေါ်လာသော။ ဝါ- ဒေါသကင်းလေသော ပူးဝင်မှုကင်းသော၊ စိတ္တံဝါ- သန့်ရှင်းသော စိတ်မျိုးကို လည်း။ ဝီတဒေါသံ စိတ္တန္တိ- ဒေါသကင်းလေသော ပူးဝင်မှုကင်းသော သန့်ရှင်း စိတ်မျိုးဟူ၍။ ဇာနာတိ- သိ၏။

ဝါ- ပဇာနာတိ၊ ဒေါသကင်း၍ အဒေါသ ခေါ် မေတ္တာနှင့် တွဲပုံ၊ မုဒိတာနှင့် တွဲပုံ၊ ဝင်လာပုံ စသည်တို့ကို ပိုင်းခြား ပိုင်းခြား၍ သိသိလာ၏။

ဝါ- ပဇာနာတိ၊ အဒေါသ မေတ္တာ၏ သဘာဝ၊ စိတ်၏ သဘာဝကို လည်း ကောင်း၊ ကရုဏာ၏ သဘာဝ၊ စိတ်၏ သဘာဝကိုလည်းကောင်း၊ မုဒိတာ၏ သဘာဝ၊ စိတ်၏ သဘာဝကိုလည်းကောင်း ခြားနား ခြားနား ၍ သိမြင်သိမြင်လာ၏။

ဝါ- ပဇာနာတိ၊ ဒေါသနှင့် ကင်းသလို၊ လောဘနှင့်လည်းကင်း၊ မောဟ မာန စသည်တို့နှင့်လည်း ကင်းသော စိတ်ဟူ၍။ ဝါ၊ အသိစိတ်ဟူ၍ ဝိဇ္ဇာ ပညာဖြင့် ပို၍ ပို၍ သိလာ၏။

## သမောဟစိတ်

၅။ သ- မောဟံ၊ မောဟပူးဝင်နေသော။ စိတ္တံ ဝါ၊ သိမှုကိုလည်း။ သ- မောဟံ စိတ္တန္တိ၊ မောဟပူးဝင်နေသော သိမှုဟူ၍။ ဇာနာတိ၊ သိ၏။

ဝါ- ပဇာနာတိ၊ ပူးဝင်သော မောဟကိစ္စကတမျိုး၊ သိမှုစိတ်က တမျိုး ဟု မောဟကိစ္စနှင့် စိတ်ကိစ္စ ၂ ရပ်တို့ကို ခြားနားစွာ သိမြင် သိမြင်လာ ၏။

## ဝီတမောဟစိတ်

၆။ ဝီတ- မောဟံ၊ မောဟပူးဝင်မှု ကင်းသော။ စိတ္တံ ဝါ၊ သိမှုကို လည်း။ ဝီတမောဟံ စိတ္တန္တိ၊ မောဟပူးဝင်မှုကင်းသော သိမှုဟူ၍။ ဇာနာတိ၊ သိ၏။

ဝါ- ပဇာနာတိ၊ မောဟကင်း၍ အမောဟ ခေါ် ပညာနှင့် တွဲပုံထားကိုစွ၊ စိတ်၏ သိမှုပိုင်းက တကိုစ္စဘု၍ ခွဲခြား၍ သိမြင် သိမြင်လာ၏။

## သံခိတ္တစိတ်

၇။ သံခိတ္တံ၊ ဆုတ်နစ်အားပြော့သော။ ဝါ- ထိနမိဒ္ဓ၊ လွှမ်းမိုးဖုံးဝင်၍ တောင့်တမှုမရှိပဲ အသိဓာတ်နုံ့နဲ့ လျော့ကျနေသော။ စိတ္တံ ဝါ၊ သိမှုကိစ္စ သိမှုသဘာဝကိုလည်း။ သံစိတ္တံ စိတ္တန္တိ၊ ဆုတ်နစ် နုံနဲ့ လျော့ကျနေသော သိမှုမျိုး ဝင်နေသည်ဟူ၍။ ဇာနာတိ၊ သိ၏။

ဝါ- ပဇာနာတိ၊ ပုံမှန်သိမှုနှင့် ဆုတ်နစ်သော သိမှုမျိုးကို ဉာဏ်ဖြင့် ခြားနားစွာသိ၏။ ဝါ၊ သိမှုတို့၏ ခြားနားချက်ကို ဉာဏ်ဖြင့်သိလာ၏။

## ဝိက္ခိတ္တစိတ်

၈။ ဝိက္ခိတ္တံ၊ ပြန့်လွင့်မှု ဖုံးဝင်သော။ ဝါ၊ မငြိမ်မသက် လွင့်ပါးမှုဆက်ပါနေသော။ စိတ္တံ ဝါ၊ သိမှုကိစ္စ သိမှုသဘာဝကိုလည်း။ ဇာနာတိ၊ သိ၏။

ဝါ- ပဇာနာတိ၊ ပုံမှန်သိမှုနှင့် ပြန့်လွင့်မငြိမ်သက် သိမှုတို့ကို ဉာဏ်ဖြင့် ခြားနားစွာ သိမြင်နေ၏။ ဝါ၊ သိမှုတို့၏ ခြားနားချက်ကို ဉာဏ်ဖြင့် သိလာ၏။

## မဟဂ္ဂတစိတ်

၉။ မဟဂ္ဂတံ၊ မြတ်သော အနေသို့ရောက်ရှိလာသော။ စိတ္တံ ဝါ၊ ကာမနှင့် ကင်းကွာနေ ကင်းကွာနိုင်သော ဈာန်နယ်ရှိ စိတ်မျိုး အသိမျိုးကိုလည်း။ မဟဂ္ဂတံ စိတ္တန္တိ၊ မဟဂ္ဂတစိတ် ဟူ၍။ ဝါ၊ မြတ်သောအနေသို့ ရောက်ရှိနေသည့် ကာမနှင့် ကင်းကွာနိုင်သော ဈာန်နယ်ရှိစိတ် ဟူ၍။ ပဇာနာတိ၊ အပ္ပနာစိတ်ဖြင့် သိ၏။

ဝါ- ပဇာနာတိ၊ ကာမစိတ်၏ သဘာဝနှင့် မဟဂ္ဂတစိတ်၏ သဘာဝတို့ကို အပ္ပနာစိတ်ဖြင့်ရရှိသော ဈာန်၏ အနိမ့်အမြင့်အလိုက် ပို၍ ပို၍ ကွဲပြားစွာ သိမြင်လာ၏။

## အမဟဂ္ဂတစိတ်

၁၀။ အမဟဂ္ဂတံ၊ မြတ်သောအနေသို့ မရောက်ရှိသေးသော။ ဝါ၊ ကာမစိတ်နှင့် မကင်းကွာနိုင်သေးသော။ စိတ္တံ ဝါ၊ ကာမစိတ် ကာမအသိမျိုးကို

လည်း။ အမဟဂ္ဂတံ စိတ္တန္တိ၊ အမဟဂ္ဂတစိတ်ဟူ၍။ ဝါ၊ မြတ်သောအနေသို့ မရောက်ရှိသေး မရောက်ရှိနိုင်သေးသော။ ဝါ၊ ကာမစိတ်နှင့် မကင်းကွာနိုင်သေးသော ကာမစိတ် ကာမအသိမျိုးဟူ၍။ ပဇာနာတိ၊ ဝိညာဏ်သိဖြင့်လည်း သိနိုင်၏။

ဝါ- ပဇာနာတိ၊ ကာမစိတ်နှင့် တွဲသော ကာမစိတ်အနေဖြင့် သဘာဝတမျိုး။ ယင်းကာမစိတ်နှင့် ကင်းကွာသော ဈာနစိတ် ဝိပဿနာစိတ် စသည်တို့က သဘာဝတမျိုးဟု သဘာဝအလိုက် ခြားနားချက်ကို ဝိဇ္ဇာပညာဖြင့် သိမြင် သိမြင်လာ၏။

## သဉတ္တရစိတ်

၁၁။ သ-ဥတ္တရံ-မိမိထက်မြင့်မြတ်ချက်ရှိသေးသော။ ဝါ-မိမိအပေါ်အနေ ထက်မြင့်မြတ်ချက်ရှိမှုကို ခံယူနေရသေးသော စိတ္တံဝါ- ပရိတ္တစိတ်မျိုး။ ဝါ- ကာမာဝစရစိတ်မျိုးကိုလည်း။ သ-ဥတ္တရံ စိတ္တန္တိ- သဉတ္တရစိတ်ဟူ၍။ ဝါ- မိမိထက်မြင့်မြတ်ချက်ရှိမှုကို ခံယူနေရသေးသော ပရိတ္တစိတ်မျိုးဟူ၍။ ဝါ- ကာမာဝစရစိတ်မျိုးဟူ၍။ ပဇာနာတိ- သိ၏။

ဝါ-ပဇာနာတိ- ဥတ္တရစိတ်သဘာဝနှင့် သ-ဥတ္တရစိတ်သဘာဝကို ခြားနားကွဲပြားစွာ သိမြင်လာ၏။

## အနုတ္တရစိတ်

၁၂။ အနုတ္တရံ- ကာမဘဝတ်ကင်းကွာ၍ လောကီနယ်၌ မိမိထက်လွန်မြတ်ချက်မရှိသော။ စိတ္တံဝါ-ရူပနှင့်အရူပစိတ်ခေါ် မဟဂ္ဂုတ်စိတ်မျိုးကိုလည်း။ ဝါ-အသိမျိုးကိုလည်း။ အနုတ္တရံစိတ္တန္တိ- အနုတ္တရစိတ်ဟူ၍။ ပဇာနာတိ- သိ၏။

ဝါ-ပဇာနာတိ- ကာမစိတ်ကသဘာဝတမျိုး၊ ရူပစိတ်ကသဘာဝတမျိုး၊ အရူပစိတ်က သဘာဝတမျိုးစီကို ခြားနားသဲကွဲစွာ သိမြင် သိမြင်လာ၏။

## သမာဟိတစိတ်

၁၃။ သမာဟိတံ- လောကီဈာန် ၂ မျိုး၏အာရုံဖြစ်သော။ ဝါ- ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် သုံးပါးတို့လျှင် အာရုံရှိသော။ ဝါ- အာရုံပြုသော။ စိတ္တံဝါ- သောဘန ကုသိုလ်နှင့် ကိရိယာစိတ်စုကိုလည်း။ ဝါ-ကာမကုသိုလ်နှင့် ကိရိယာစိတ် ၁၆ ခု၊ ရူပကုသိုလ်နှင့် ကြိယာစိတ် ၁၀ ခု၊ အရူပကုသိုလ်နှင့် ကိရိယာစိတ် ၈ ခုဟူသော ၃၄ ခုသော စိတ်စုကိုလည်း။ သမာဟိတံ

စိတ္တန္တိ၊ သမာဟိတ စိတ်ဟူ၍။ ဝါ၊ လောကီစျာန် ၂ မျိုး၏ အာရုံဖြစ်သော နိမိတ်သုံးပါးတို့လျှင် အာရုံရှိသော။ ဝါ၊ နိမိတ်သုံးပါးတို့ကို အာရုံပြုသော စိတ်ဟူ၍။ ဇာနာတိ၊ သိ၏။

ဝါ-ပဇာနာတိ၊ နိမိတ်သုံးပါး သဘာဝကတမျိုး သိမ္မာဝသေကမျိုး ဟူ၍ ခွဲခြားကာ သိမြင် သိမြင်လာ၏။

## အသမာဟိတစိတ်

၁၄။ အသမာဟိတံ၊ လောကီစျာန် ၂ မျိုးသို့ မကပ်ရောက်သဖြင့် မဟဂ္ဂုတ်ဇော ၈ ခုမှ ကြွင်းသော စိတ္တံ ဝါ၊ ၆၂ ခုသော လောကီစိတ် အစုကိုလည်း။ အသမာဟိတံ စိတ္တန္တိ၊ အသမာဟိတစိတ်ဟူ၍။ ဝါ၊ လောကီ စျာန် ၂ မျိုးသို့ မကပ်ရောက်သောစိတ်ဟူ၍။ ဇာနာတိ၊ သိ၏။

ဝါ-ပဇာနာတိ၊ သမာဟိတစိတ်၏ သဘာဝကတမျိုး၊ အသမာဟိတစိတ်၏ သဘာဝကာသမျိုးဟု သဘာဝအလိုက် ခြားနားချက်ကို ဝိပဿနာပညာဖြင့် သိမြင် သိမြင်လာ၏။

## ဝိမုတ္တစိတ်

၁၅။ ဝိမုတ္တံ၊ ပါရမီမြောက်ပြုလုပ်သော ဒါန သီလ ခန္တီ စသော ပုညကုသိုလ် ဓုတင်ကုသိုလ် မေတ္တာ ကရုဏာ စသော ဗြဟ္မဝိဟာရကုသိုလ် အနုဿတိကုသိုလ် စသော ဒဏီဂပဟာန်ဖြင့် ကိလေသာမှ လွတ်ခွင့်ရသော။ စိတ္တံ ဝါ၊ စိတ်မျိုး အသိမျိုးကိုလည်းကောင်း။

ဝိမုတ္တံ၊ ဝိပဿနာဉာဏ်နယ် တဒင်္ဂပဟာန်ဖြင့် ကိလေသာမှ လွတ်ခွင့်ရသော။ စိတ္တံ ဝါ၊ စိတ်မျိုး အသိမျိုးကိုလည်းကောင်း။

ဝိမုတ္တံ၊ ဥပစာရစျာန်နယ် ဝိက္ခမ္ဘနပဟာန်ဖြင့် ကိလေသာမှ လွတ်ခွင့်ရသော၊ စိတ္တံ ဝါ၊ စိတ်မျိုး အသိမျိုးကိုလည်းကောင်း။

ဝိမုတ္တံ၊ ဥပစာရစျာန် အပ္ပနာစျာန်နယ် ဝိက္ခမ္ဘနပဟာန်ဖြင့် ကိလေသာ မှ လွတ်ခွင့်ရသော၊ စိတ္တံ ဝါ၊ စိတ်မျိုး အသိမျိုးကိုလည်းကောင်း။

ဝိမုတ္တံ စိတ္တန္တိ၊ ဝိမုတ္တစိတ်ဟူ၍။ ဝါ၊ ဒဏီကပဟာန် တဒင်္ဂပဟာန် ဝိက္ခမ္ဘန ပဟာန်တို့ဖြင့် ဝီတိက္ကမ ကိလေသာနှင့် ပရိယုဋ္ဌာန ကိလေသာ ၂ မျိုးတို့မှ လွတ်သောစိတ် အသိဟူ၍။ ဇာနာတိ၊ သိ၏။

ဝါ-ပဇာနာတိ၊ ကိလေသာမှ လွတ်ခွင့်ရသော သဘာဝကတမျိုး၊ သိမ္မ သဘာဝကတမျိုး ဖြစ်ပုံကို ဝိပဿနာဉာဏ်မြင်တိုးလာသလောက် သိသိလာ၏။

## အဝိမုတ္တစိတ်

၁၆။ အဝိမုတ္တံ၊ ယင်း ခဏိက တဒင်္ဂ ဝိက္ခမ္ဘနပဟာန် ၃ မျိုးတို့ဖြင့် ထိုးဖောက်ပြီး ကိလေသာ ၂ မျိုးတို့မှ မလွတ်သော၊ စိတ္တံ ဝါ၊ အာရုံသိသ် စိတ္တုပ္ပါဒ်စုနှင့် အကုသလဒိပါက် စိတ္တုပ္ပါဒ်စုကိုလည်း၊ အဝိမုတ္တံ စိတ္တန္တိ၊ အဝိမုတ္တစိတ်ဟူ၍။ ဝါ၊ ပဟာန် ၃ မျိုးဖြင့် ကိလေသာမှ မလွတ်သော စိတ်ဟူ၍၊ ပဇာနာတိ၊ သိ၏။

ဝါ-ပဇာနာတိ၊ ကိလေသာမလွတ်သော သဘာဝတမျိုး။ သိမှု သဘာဝဓမ္မ တမျိုးဖြစ်ပုံကို ဝိဇ္ဇာပညာဖြင့် ခြားနားသဲကွဲစွာ သိမြင်သာ၏။

## အဇ္ဈတ္တံ ဝါ စသည်

### ပါဠိတော်

၁။ ဣတိ အဇ္ဈတ္တံ ဝါ စိတ္တေ စိတ္တာ နုပဿီ ဝိဟရတိ။

၂။ ဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာ နုပဿီ ဝိဟရတိ။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာ နုပဿီ ဝိဟရတိ၊

### အနက်

၁။ ဣတိ၊ ဤသို့၊ ဝါ၊ အောက်တွင် ညွှန်ပြလတ္တံ့အတိုင်း။ အဇ္ဈတ္တံ၊ မိမိခန္ဓာမှာ ဖြစ်ရှိနေသော။ စိတ္တေ ဝါ၊ စိတ်ကိစ္စမှာဖြစ်စေ၊ စိတ္တာ နုပဿီ ဝိဟရတိ၊ သိမှုသဘာဝမျှကိုသာ အထပ်ထပ်ရှုပွားလျက် ကျင့်သုံးနေ၏။

၂။ ဗဟိဒ္ဓါ၊ သူတပါးခန္ဓာမှာဖြစ်ရှိနေသော။ စိတ္တေ ဝါ၊ စိတ်ကိစ္စမှာ ဖြစ်စေ၊ စိတ္တာ နုပဿီ ဝိဟရတိ၊ သိမှုသဘာဝမျှကိုသာ မိမိခန္ဓာမှာ ရှုပွား ကျင့်သုံးနိုင်သလို ရှုပွားကျင့်သုံးနေ၏။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓ စိတ္တေ ဝါ၊ စိတ်ကိစ္စကို မိမိခန္ဓာမှာ တလှည့်ဖြစ်စေ၊ သူတပါးခန္ဓာမှာ တလှည့်ဖြစ်စေ။ စိတ္တာ နုပဿီ ဝိဟရတိ၊ ရှေ့၌ ဟော ညွှန်ထားပြီးအတိုင်း သိမှုသဘာဝမျှကိုသာ အထပ်ထပ် ရှုပွားလာနိုင်လျက် ကျင့်သုံးနေ၏။

## သမုဒယ မမ္မာနုပဿီ စသည်

### ပါဠိတော်

၁။ သမုဒယ ဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။

၂။ ဝယဓမ္မာ နုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။

၃။ သမုဒယ ဝယဓမ္မာ နုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။

### အနက်

၁။ ဝါ၊ အသိဉာဏ်တဆင့် ကူးတက်လာပုံကား။ စိတ္တသ္မိံ၊ သိမှုစိတ်သဘော၌။ သမုဒယ ဓမ္မာနုပဿီ၊ ယင်း သိမှု စိတ်သဘောအစုတို့ ဖြစ်ပေါ်လာကြောင်းကိုပါ။ ဝါ၊ ပစ္စယ ပရိဂ္ဂဟဉာဏ်နှင့် ဥဒယဉာဏ်နက်ုပါ သိမြင်ရှုပွားလျက်။ ဝိဟရတိ၊ နေနိုင်လာ၏။

ဝါ- သမုဒယဓမ္မာ နုပဿီ ဝါ ဝိဟရတိ၊ သိမှုစိတ်သဘောအစုတို့၏ ဖြစ်ပေါ်လာကြောင်း၊ ပစ္စယ ပရိဂ္ဂဟဉာဏ် သုံးသပ်မှု သမ္မသနဉာဏ်နှင့် ဥဒယဉာဏ်နက်ုပါ အဆင့်ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏။

၂။ ဝါ၊ အသိဉာဏ်တဆင့် တက်လာပြန်ပုံကား။ စိတ္တေ၊ သိမှုစိတ်သဘော၌။ ဝယဓမ္မာ နုပဿီ ဝိဟရတိ၊ ယင်းသိမှုစိတ် နာမ်အစုတို့၏ ပျက်ကြောင်း ပျက်ပုံတွေကိုပါ သိမြင်လာသော ပစ္စယ ပရိဂ္ဂဟဉာဏ်နှင့် ဝယဉာဏ်နက်ုပါ အဆင့်ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏။

၃။ ဝါ၊ အသိဉာဏ် တဆင့် တက်လာပြန်ပုံကား။ စိတ္တေ၊ သိမှုစိတ်သဘော၌။ သမုဒယ ဝယဓမ္မာ နုပဿီ ဝိဟရတိ၊ ယင်း သိမှုစိတ် နာမ်အစု၏ ဖြစ်ကြောင်း၊ ဖြစ်ပုံ၊ ပျက်ကြောင်း ပျက်ပုံတွေကိုပါ သိမြင်လာသော ပစ္စယ ပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ကိုပါ အဆင့်ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏။

### နိဂုံးပြ ပါဠိတော်

၁။ အတ္ထိ စိတ္တန္တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။

၂။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။

၃။ အနိဿိတော စ ဝိဟရတိ။

၄။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။
၅။ ဧဝံပိ ခေါ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

စိတ္တာနုပဿနာ နိဋ္ဌိတာ။

---

**အနက်**

၁။ ပန၊ ကောင်းကျိုးရရှိပုံကို ဟောညွှန်ပြပေဦးအံ့။ အသျှ၊ သိမှုစိတ်သဘောကို ရှုပွားလာနိုင်သော ယောဂီအား။ စိတ္တန္တိ၊ သိမှုစိတ် သဘာဝမျှသည်သာလျှင်။ အတ္ထိ ဣတိ၊ ရှိနေပါတကား။ တွေ့သိနေရပါတကားဟု။ သတိ၊ ရှုပွားနေသော ကာယနုမက်သတိသည်။ ပစ္စုပဋ္ဌိတာ၊ ထင်ထင်ရှားရှား တွေ့မြင်လာနိုင်သည်။ ဟောတိ၊ ဖြစ်၏၊

၂။ ယာဝဒေဝ ဉာဏ မတ္တာယ ဝါ၊ ဝိပဿနာဉာဏ်အမြင် အဆင့်ဆင့် တိုးပွားခြင်းငှာလည်း။ ဟောတိ၊ ဖြစ်၏။ ယာဝဒေဝ ပဋိဿတိ မတ္တာယ ဝါ၊ သတိဆင်မှ အဆင့်ဆင့် တိုးပွားလာခြင်းငှာလည်း။ ဝါ၊ သတိခန္ဓြ သတိဗိုလ် သတိသမ္ဗောဇ္ဈင် သတိမဂ္ဂင် အနေဖြင့် အာရုံထင်မှုတွေ အဆင့်ဆင့် တိုးပွားလာခြင်းငှာလည်း။ ဟောတိ၊ ဖြစ်၏။

၃။ စ၊ ဤတွင်မကသေး။ အနိဿိတော၊ ရှုပွားဆဲ သိမှုစိတ်အာရုံအပေါ်၌ တဏှာအာရုံ ဒိဋ္ဌိအာရုံ အနေဖြင့် မဆက်စပ် မမှီတွယ်ပဲ။ ဝိဟရတိ၊ နေ၏။

၄။ စ၊ ဤတွင်မကသေး။ ကိဉ္စိလောကေ၊ ခန္ဓာတစုံတရာနှင့် အာရုံတစုံတရာ အပေါ်၌။ နဥပါဒိယတိ၊ ဥပါဒါန်အားရုံအသွင်ဖြင့် မစွဲလမ်းပြန်တော့ပေ။

၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ သိမှုစိတ် နာမ်ကမ္မဋ္ဌာန်း အဖြစ်နှိုး အဖြစ် ညွှန်ပြရသော်။ ဧဝမ္ပိ၊ အထက်ပါဘုရား ထုတ်ဖော်ညွှန်ပြချက် အတိုင်းပင်လျှင်။ ဘိက္ခု၊ ယောဂီရဟန်းသည်။ စိတ္တေ၊ သိမှုစိတ်သဘောမျှ၌ စိတ္တာနုပဿီ ဝိဟရတိ၊ ရှုပွားဆဲ စိတ်သဘောကို အဖန်ဖန် အထပ်ထပ် ရှုပွားလျက် ကျင့်သုံးနေ၏။

စိတ္တာနုပဿနာ၊ စိတ္တာနုပဿနာသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

# ၄။ ဓမ္မာနုပဿနာ ၁။ နီဝရဏပဗ္ဗ

## ပါဠိတော်

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။

၁။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။

အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။

ယထာ စ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ။ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

၂။ သန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ အတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါတိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ နတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ဗျာပါဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ဗျာပါဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ ဗျာပါဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊

၃။ သန္တံ ဝါ အဇ္ဈတ္တံ ထိနမိဒ္ဓံ အတ္ထိ မေ အဇ္ဈတ္တံ ထိနမိဒ္ဓန္တိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ထိနမိဒ္ဓံ နတ္ထိ မေ အဇ္ဈတ္တံ ထိနမိဒ္ဓန္တိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ထိနမိဒ္ဓဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ထိနမိဒ္ဓဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ထိနမိဒ္ဓဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

၄။ သန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စံ အတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စန္တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စံ နတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စန္တိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ ဥပ္ပါဒေါ ဟောတိ၊ တ

ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ ဥဒ္ဒုစ္စကုက္ကုစ္စဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ ဥဒ္ဒုစ္စကုက္ကုစ္စဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

၅။ သန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ အတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ နတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာတိ ပဇာနာတိ။ ယထာ စ အနုပ္ပန္နာယ ဝိစိကိစ္ဆာယ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နာယ ဝိစိကိစ္ဆာယ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနာယ ဝိစိကိစ္ဆာယ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

အနက်

ဘိက္ခဝေ- ရဟန်းတို့၊ ဘိက္ခု- ယောဂီရဟန်းသည်။ ဓမ္မေသု- ဓမ္မအဖြစ် သတ်မှတ်ထားသောတရားတို့၌။ ဝါ- ကာယ ဝေဒနာ စိတ္တ ၃ မျိုးတို့မှ ကြွင်းသော ဓမ္မတို့၌။ ကထဉ္စ- ဘယ်သို့လျှင်။ ဝါ- ဘယ်နည်းဘယ်စနစ်ဖြင့်။ ဓမ္မာနုပဿီ- ဓမ္မသဘာဝ ထင်လာ သိမြင်လာအောင် အထပ်ထပ်ရှုပွားယူလျက်။ ဝိဟရတိ- နေရပါသနည်း။

ဘိက္ခဝေ- ရဟန်းတို့၊ ဣဓဘိက္ခု- ငါဘုရား၏ အဆုံးအမခေါ် ဤသာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်၊ ပဉ္စသု၊ ငါးမျိုး ရှိကုန်သော။ နီဝရဏေသု၊ နီဝရဏ အမည်ရကုန်သော။ ဓမ္မေသု၊ ဓမ္မမျိုးတို့၌။ (တနည်း) နီဝရဏေသု၊ ကုသိုလ်ကိစ္စနှင့် အမှန်ကိစ္စတို့ကို ပိတ်ဆို့ ဟန့်တားတတ်ကုန်သော။ ပဉ္စသု ဓမ္မေသု၊ တရားဆိုး ၅ မျိုးတို့၌၊ ဓမ္မာ နုပဿီ၊ တရားဆိုးမျိုးတွေဟု သိမြင်ကာ အထပ်ထပ်ရှုပွားလျက်။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ- ရဟန်းတို့။ ဘိက္ခု၊ ယောဂီရဟန်းသည်။ နီဝရဏေသု၊ ကုသိုလ်ကိစ္စနှင့် အမှန်ကိစ္စတို့ကို ပိတ်ဆို့ဟန့်တားတတ်ကုန်သော။ ပဉ္စသု ဓမ္မေသု၊ တရားဆိုး ၅ မျိုးတို့၌။ ကထဉ္စ၊ ဘယ်သို့လျှင်။ ဓမ္မာ နုပဿီ ဝိဟရတိ၊ တရားဆိုးမျိုးတွေဟု သိမြင်အောင် အထပ်ထပ်ရှုပွားလျက် နေသနည်း။

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ငါဘုရား၏အဆုံးအမခေါ် ဤ သာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်။ အဇ္ဈတ္တံ၊ မိမိ သန္တာန်၌။ သန္တံ၊ ထင်ရှားပေါ်ထွက်လာသော။ ကာမစ္ဆန္ဒံ ဝါ၊ ကာမဂုဏ် မှုကို လိုလားသော တဏှာကိုလည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန် ၌၊ ကာမစ္ဆန္ဒော၊ ကာမဂုဏ်မှုကို လိုလားသော တဏှာသည်။ အတ္ထိတိ၊ ရှိ

နေပါတကားဟု။ ပဇာနာတိ၊ ကာမစ္ဆန္ဒ ပေါ်ထွက်မှုနှင့် သိမှုတို့သည် တကိုယ်စီအဖြစ် ကွဲပြားခြားနားစွာ သိမြင် သိမြင်လာ၏။

၂။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ အသန္တံ၊ မပေါ်လာ မရှိလာသေးသော။ ကာမစ္ဆန္ဒံ ဝါ၊ ကာမစ္ဆန္ဒကိုလည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ နတ္ထိတိ၊ မရှိပါတကားဟု။ ပဇာနာတိ၊ ကာမစ္ဆန္ဒ မဖြစ်ပေါ်မှုနှင့် သိမှုတို့ တခြားစီ ဖြစ်ပုံကို သဲကွဲစွာ သိ၏။

၃။ ယထာစ၊ မလျော်သော အကြောင်း တခုခုကြောင့်လည်း။ ဝါ၊ မလျော်သော နှလုံးသွင်းမှု၊ မလျော်သောအာရုံနှင့် တွေ့မှု၊ မလျော်သော အဆွေခင်ပွန်းနှင့် ပေါင်းသင်းမှု၊ မလျော်သော ဒေသ ဌာနတို့၌ နေမှားမှု၊ မလျော်သော ဥတု အာဟာရ အတွေ့ စသည်တခုခုကြောင့်လည်း။ အနုပ္ပန္နဿ၊ မဖြစ်ပေါ်သေးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်လာချက်သည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ကာမစ္ဆန္ဒကို ဖြစ်ပေါ်စေသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ ဖြစ်ပေါ်စေကြောင်းက တကိုစွ၊ ဖြစ်ပေါ်မှုကတကိုစွ၊ သိမှုက တကိုစွအဖြစ် သဲသဲကွဲကွဲ ပိုင်းပိုင်းခြားခြား သိမြင်၏။

ယထာစ၊ လျော်ကန်သော အကြောင်းတခုခုကြောင့်လည်း။ ဝါ၊ လျော်သော နှလုံးသွင်းမှု၊ လျော်သော အာရုံနှင့် တွေ့မှု လျော်သော အဆွေခင်ပွန်းနှင့် ပေါင်းသင်းမှု၊ လျော်သော ဒေသ ဌာနတို့၌ အနေမှန်မှု၊ လျော်သော ဥတု အာဟာရ အတွေ့ စသည် တခုခုကြောင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်ပေါ်လာသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ ပဟာနံ၊ ပယ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုကာမစ္ဆန္ဒကို ပယ်စေနိုင်သော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ ပယ်စေကြောင်းက တကိုစွ၊ ပယ်မှုက တကိုစွ၊ သိမှုက တကိုစွအဖြစ် သဲသဲကွဲကွဲ ပိုင်းပိုင်းခြားခြား သိမြင်၏။

၅။ ယထာစ၊ အကြင် မဂ်ဉာဏ်ဟူသော အကြောင်းကြောင့်လည်း။ ပဟီနဿ၊ ဝိပဿနာဉာဏ် အတန်တန်တို့ဖြင့် အဆင့်ဆင့် ပယ်အပ်ပြီးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ မဂ်၏ စွမ်းရည်ကြောင့် မပေါ်လာတော့သည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ကာမစ္ဆန္ဒကို နောက်တဖန် မပေါ်လာနိုင်စေသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ မပေါ်လာနိုင်စေသော အကြောင်းက တကိုစွ၊ မပေါ်မှုက တကိုစွ၊ သိမှု တကိုစွအဖြစ် သဲသဲကွဲကွဲ သိမြင်၏။

ညွှန်းချက်— ကျန်သော နိဝရဏ ၄ မျိုးကို ကာမစ္ဆန္ဒ နီဝရဏနေရာမှာ ဆိုင်ရာ နိဝရဏကို ပြောင်းထည့်၍ အနက်ဖော်လေ။

## ဣတိ အဇ္ဈတ္တံ ဝါ စသော

## ပါဠိတော်များ

ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာ နုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယ ဝယ ဓမ္မာ နုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ၊ ပဋိဿတိ မတ္တာယ၊ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာ နုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။

## နီဝရဏပဗ္ဗံ နိဋ္ဌိတံ။

ညွှန်းချက်- ၎င်းပါဠိတော်၏ အနက်များကား ရှေ့အနက်များနှင့် များစွာမတူပြီ "ဓမ္မေသု ဓမ္မာနုပဿီ" နီဝရဏဓမ္မ ကို ပြောင်းလွှဲ၍ရှိသာထူးသည်၊ ရှေ့အနက်များကိုမှီ၍ အနက်ဖော်ပါလေ။

နီဝရဏပဗ္ဗံ- နီဝရဏပိုင်းသည်၊
နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၄။ ဓမ္မာနုပဿနာ ၂-ခန္ဓပဗ္ဗ

## ပါဠိတော်

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ကထဉ္စပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ဣဓ ဘိက္ခဝေ ဘိက္ခု၊ ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော။ ဣတိ သညာ၊ ဣတိသညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော။ ဣတိ သင်္ခါရာ၊ ဣတိ သင်္ခါရာနံ

သမုဒယော၊ ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော။ ဣတိ ဝိညာဏံ၊ ဣတိ ဝိညာဏဿ သမုဒယော၊ ဣတိ ဝိညာဏဿ အတ္ထင်္ဂမော'တိ။

ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။
သမုဒယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယ ဝယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။

အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။

ခန္ဓပဗ္ဗံ နိဋ္ဌိတံ။

## အနက်

ဘိက္ခဝေ- ရဟန်းတို့။ စ- ဓမ္မာနုပဿနာ ရှုနည်းတမျိုးကို ညွှန်ပြပေဦးအံ့။ ဝါ- နီဝရဏဓမ္မ ရှုနည်းမှတပါး၊ ခန္ဓဓမ္မ ရှုနည်းတမျိုးကို ညွှန်ပြပေဦးအံ့။ ဝါ- နီဝရဏ ၅ ပါးတို့တို့ အနုဗောဓဉာဏ်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ ပေါ် ထွက်လာအောင် ဓမ္မာနုပဿနာ ရှုနည်းဖြင့် ရှုပွားယူနိုင်သလို ခန္ဓာ ၅ ပါး တို့ကိုလည်း အနုဗောဓဉာဏ်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ပေါ် ထွက်လာအောင် ဓမ္မာနုပဿနာရှုနည်းဖြင့် ရှုပွားနိုင်ပုံ တနည်းကို ညွှန်ပြပေဦးအံ့။

ပုန- ထပ်ဆင့်၍။ အပရံ- ရှုပွားယူပုံနောက်တနည်းကား။ ဘိက္ခု-ယောဂီ ရဟန်းသည်။ ပဉ္စသု- ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု- ဥပါဒါန် ၄ ပါးတို့၏ အာရုံဝင်ရာ။ ဝါ- အာရုံအဖြစ်ကျက်စားရာ ခန္ဓာများဖြစ်ကုန်သော။ ဓမ္မေသု- ဓမ္မတို့၌ ဝါ- ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဓမ္မေသု-ဥပါဒါန် ၄ ပါးတို့၏အာရုံအဖြစ်ကျက်စားရာ ခန္ဓာ ၅ ပါးတို့၌။ ဓမ္မာနုပဿီ- ဓမ္မသဘော အဖြစ်ဖြင့် ရှုပွားယူလျက်။ ဝါ- ဓမ္မသဘော ထင်လာ မြင်လာအောင် ရှုပွားလျက်။ ဝိဟရတိ။

ဘိက္ခဝေ- ရဟန်းတို့။ ဘိက္ခု-ယောဂီရဟန်းသည်။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဓမ္မေသု- ဥပါဒါန် ၄ ပါးတို့၏ ကျက်စားရာ ခန္ဓာ ၅ ပါးတို့၌။ ကထဉ္စ- အဘယ်သို့လျှင်။ ဓမ္မာနုပဿီ ဝိဟရတိ- ဓမ္မသဘော ထင်လာ မြင်လာအောင် ရှုပွားယူပါသနည်း။ ဝါ- ကထဉ္စ ဓမ္မာနုပဿီ ဝိဟရတိ- ဓမ္မသဘော ထင်လာ မြင်လာအောင် ဘယ်သို့ ရှုပွားယူပါသနည်း။

## ဣတိ ရူပံ

ဘိက္ခဝေ- ရဟန်းတို့။ ဣဓဘိက္ခု- ငါဘုရား၏အဆုံးအမခေါ် ဤသာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်။

ရူပံ- ရုပ်ဟူသည်။ ဝါ- ရုပ်အစစ်အမှန်ဟူသည်။ ဣတိ- ဤသဘောပါတကား။ ဝါ- ဤသဘောရှိပေတကား။ (တနည်း) ရူပံ- ဥပါဒါန်တို့အနေဖြင့် စွဲငြိရာ လွဲမှားစွန်းငြိရာဖြစ်သော ပကတိသဘာဝ ရုပ်အစစ်အမှန်ဟူသည် ဝါ- ဥပါဒါန်တို့ကြောင့် အကောင်သဏ္ဍာန်ပုဂ္ဂိုလ် သတ္တဝါ အထီး အမ ခေါင်း ကိုယ် လက် ခြေ စသော ပုံအသွင်အနေဖြင့် ထင်မှားအပ်သော ပညတ်သိ ဝိပလ္လာသသိတို့မှ လွတ်သော ဝိဇ္ဇာပညာသိ ပကတိသဘာဝ ရုပ်အစစ်အမှန်ဟူသည်။ ဣတိ- ဤသဘောမျှပါတကား။ ဝါ- ပထဝီမှန်က ဤမာ ကြမ်း လေးသဘော၊ တေဇောမှန်က ဤနွေးအေးသဘော၊ အာပေါမှန်က ဤ ဖွဲ့ ပြန့်သဘော၊ ဝါယောမှန်က ဤတွန်းကန် ထောက်ကန်သဘောမျှပါတကား။

တနည်း- ဣတိ- ပင်ကိုယ်ရှိ ပစ္စတ္တလက္ခဏာ ဤသဘာဝစုသည်။ ဝါ- ယင်း ပင်ကိုယ်အဖြစ် တွေ့သိရသော ကက္ခဠ ဖရုသ ဂရုက၊ အာဗန္ဓန ပဂ္ဃရဏ သီတတ္တ ဥဏှတ္တ ဝိတ္ထမ္ဘိတ စသော ဤပရမတ္ထ သဘာဝစုသည်သာ။ ရူပံ- ပရမတ္ထ ရုပ်အစစ်ပါတကား။

ဣတိ၊ ဤသို့။ ဓမ္မေသု၊ ခန္ဓ- မည်သော တရားတို့၌။ ဓမ္မာနု ပဿီ- 'ဣတိ-ရူပံ' အရ ဖြစ်သော ဓမ္မကို အဖန်ဖန် အထပ်ထပ်ရှုပွားလျက်။ ဝိဟရတိ၊ ကျင့်သုံးနေ၏။

သတိ၊ ၎င်း (ဣတိ) ကား။ ဝိညာဏဿ အတ္တဂ်ဓမောတို မှာရှိသော အဆုံးပြုနိဂုံး ဣတိပုဒ်ဖြစ်သည်။ ၎င်းသည် ငါးချက်လုံး လိုက်နိုင်သည်ကို သဘောပေါက်ပါလေ။

အညွှန်း— ၎င်းကား သင်္ခေပ ဒေသနာဖြစ်၍ ဒိဋ္ဌိဝိသုဒ္ဓိ ဉာတပရိညာနှင့် ရူပ ပရိစ္ဆေဒဉာဏ်ကိုစွ တိုက်ခြိုင်၍ ပေးညွှန်ထားသော ဒေသနာ ဖြစ်သည်။

အကျယ်သိနိုင်ရန် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် သမာဓိ စသော သုတ်တို့နှင့်လည်း တွဲ၍သုံးသပ်သဘောပေါက်ပါလေ။

## ဇာတိ ရူပဿ သမုဒယော

ဇာတိ၊ ဤသည်ကား။ ရူပဿ - ပရမတ္ထ သဘာဝရုပ်၏။ သမုဒယော၊ ဖြစ်ကြောင်းတည်း။ ဝါ၊ ဖြစ်ပေါ်စေသော အကြောင်းတည်း။

တနည်း။ ဇာတိ၊ ဤ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ စသောတရားစုသည်။ ရူပဿ၊ နာမ်၏မှီရာ ရုပ်ခန္ဓာ၏။ သမုဒယော၊ ဖြစ်ပေါ်လာစေရန် အကြောင်းတည်း။ (ဤကား ရူပပစ္စယ ပရိဂ္ဂဟဉာဏ်အတွက် အမြွက်ပြ ဒေသနာတည်း)။

တနည်း။ ဇာတိ၊ ဤပေါ်ပေါ်လာ အသစ်အသစ်အနေ ထင်ထင်လာ ခြင်းသည်။ ရူပဿ၊ ရုပ်ခန္ဓာ၏၊ သမုဒယော၊ ဖြစ်မှုဖော်ပြ ဥဒယသဘော ပေတည်း။

တနည်း။ ရူပဿ၊ ရုပ်ခန္ဓာ၏။ သမုဒယော၊ ပေါ်ပေါ်လာ အသစ် အသစ်အနေ ထင်ထင်လာခြင်းသည်။ ဇာတိ၊ ဤသင်္ခါရတရား၏ ဥဒယသဘော ပေတည်း။

(ဤကား ဥဒယဗ္ဗယဉာဏ်တစိတ်ကို ဖော်ပြခြင်းတည်း)

## ဇာတိ ရူပဿ အတ္ထင်္ဂမော

ဇာတိ၊ ဤသည်ကား ။ ရူပဿ - ပရမတ္ထ သဘာဝရုပ်၏။ အတ္ထင်္ဂမော- ချုပ်ကြောင်းတည်း။ ဝါ- ချုပ်ငြိမ်းစေသော အကြောင်းတည်း။

တနည်း။ ဇာတိ-ဤချုပ်ချုပ်သွား ပျက်ပျက်သွား ကုန်ကုန်သွားခြင်းသည်၊ ရူပဿ- ရုပ်ခန္ဓာ၏။ အတ္ထင်္ဂမော- ပျက်မှုဖော်ပြ ဝယသဘောပေတည်း။ ဝါ- ခယ ဝယ ဘေဒ နိရောဓ အနေကိုပြသော ဘင်္ဂဉာဏ်အစ၊ အနုလောမ ဉာဏ်အဆုံးရှိ ဉာဏ် -ဂ-ပါးနှင့်၊ ဝိသုဒ္ဓိအားဖြင့် ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ ပရိညာအားဖြင့် ပဟာနပရိညာအရကို ဖော်ပြခြင်းပေတည်း။

အညွှန်း— ဇာတိ ရူပဿ အဿာဒေါ၊ ဇာတိ ရူပဿ အာဒီန ဝေါ၊ ဇာတိ ရူပဿ နိဿရဏံ တို့ကိုပါ ငုံ၍ ဟောညွှန်ထားသော ဒေသနာတည်း။ ခန္ဓ ဝဂ္ဂသံယုတ်ပါဠိတော် အဿာဒ စသော သုတ်တွေကို ရှုပါလေ။

## ဇာတိ ဝေဒနာ

ဇာတိ၊ ဤခံစားတတ်တဲ့ သဘာဝသည်၊ ဝေဒနာ၊ ဝေဒနာမည်၏။ တနည်း။ ဝေဒနာ၊ ပရမတ္ထ ဝေဒနာ မမှုဟူသည်။ ဝါ၊ ပရမတ္ထ ဝေဒနာ

ဟူသော နာမ်တရား၏ မူတည်သဘာဝသည်။ ဝါ၊ ပင်ကိုယ် ပစ္စတ္တသဘာဝသည်။ ဣတိ၊ အနုဘဝနခေါ် ဤခံစားတတ်တဲ့သဘောရှိ၏။

## ဣတိ ဝေဒနာယ သမုဒယော

ဣတိ၊ ဖဿ ဟူးသော ဤ မေ့သည်ကား။ ဝါ၊ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ နိဗ္ဗတ္တိ စသော ဓမ္မစုသည်ကား။ ဝေဒနာယ၊ ဝေဒနာ၏။ ဝါ၊ ဝေဒနာကို။ သမုဒယော၊ ဖြစ်ပေါ်စေကြောင်းတည်း။ ဝါ၊ ဖြစ်ပေါ်စေသော အကြောင်းစုသည်။

တနည်း။ ဝေဒနာယ၊ ဝေဒနာ၏။ ဝါ၊ ဝေဒနာကို။ သမုဒယော၊ ဖြစ်ပေါ်စေသော အကြောင်းစုကား။ ဣတိ၊ ဤဖဿ နှင့် အဝိဇ္ဇာ စသော အကြောင်းစုပေတည်း။

တနည်း- ဣတိ သမုဒယော၊ ယောဂီ၏ ဉာဏ်မှာ တွေ့မြင်ရသော ဤ စေတသိက် နာမ်တရား၏ ဖြစ်ကိစ္စ ဥဒယသဘောသည်။ ဝါ၊ ဖြစ်ပေါ်လာ ဖြစ်ပေါ်လာနေသော ဥဒယသဘောသည်၊ ဝေဒနာယ၊ ဝေဒနာတရား၏။ သမုဒယော၊ အဖြစ်ကိစ္စသဘောတည်း။ ဝါ၊ ယံ ကိဉ္စိသမုဒယ ဓမ္မံအရ သင်္ခါရ ဓမ္မ သင်္ခါရမှတို့၏ နိယာမဖြစ်ပေါ် ဖြစ်ပေါ်လာနေသော သဘောတည်း။

## ဣတိ ဝေဒနာယ အတ္ထင်္ဂမော

ဣတိ- ဖဿနိရောဓခေါ် ဤဖဿ၏ ဖြစ်ခွင့်မရတော့၍ ချုပ်ပျက်ရမှုသည်။ ဝါ- အဝိဇ္ဇာနိရောဓအစ သင်္ဃာယတနနှင့် ဖဿဘိုပါ နိရောဓခေါ် ဖြစ်ခွင့်မရကြ၍ ချုပ်ရပျက်စီးရခြင်းသည်။ ဝေဒနာယ- ဝေဒနာကိစ္စ၏။ အတ္ထင်္ဂမော- ချုပ်ရ ကွယ်ရခြင်းပေတည်း။ ဝါ- ဖြစ်ပေါ်ခွင့်မရခြင်းပေတည်း။

တနည်း။ ဣတိ အတ္ထင်္ဂမော- ဤ ဖဿ စသည်တို့ ဖြစ်ခွင့်မရတော့၍ ချုပ်ပျက်ရမှုသည်။ ဝါ-ချုပ်ပျက်ရခြင်းသည်၊ ဝေဒနာယ- ခံစားရမှုခေါ် ဝေဒနာကိစ္စ၏။ အတ္ထင်္ဂမော- ချုပ်ပျက်ရခြင်းတည်း။ ဝါ- ဝေဒနာကိစ္စကို ဖြစ်ပေါ်လာစေမည့် ဖဿ စသော အကြောင်းတရားစုတို့ ဖြစ်ခွင့်မရပဲ ကြိုတင်ချုပ်ပျက်သွားရခြင်းကြောင့် အကျိုးခံစားမှုခေါ် ဝေဒနာကိစ္စပါ ဖြစ်ခွင့်မရတော့ပဲ ချုပ်ပျက်ရခြင်းတည်း။

တနည်း။ ဉာဏ်၊ သင့်္ခါရအားမထေ ခေါ် သင့်္ခါရအားလုံးတို့၏ချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံပေါ် တွေ့နေခိုက်သည်။ ဓေဒနာယ၊ ဝေဒနာအားလုံး၏။ ဝါ၊ ခံစားမှုအားလုံး၏။ အတ္ထင်္ဂမော၊ ချုပ်ငြိမ်းနေခိုက်တည်း။ ဝါ၊ ချုပ်ငြိမ်းရာ သန္တိသုခပေတည်း။

## ဉာတိ သညာ

ဉာတိ၊ တွေ့သိရသော အာရုံကို ဤမှတ်လိုက်တတ်တဲ့ သဘောသည်။ ဝါ၊ ဒွါရ ၆ ပါးမှာ ဝင်လာသမျှ အာရုံအထပ်ထပ်ကို တွေ့မှု သိမှုနှင့် ယှဉ်တွဲ၍ အလွတ်မရှိ ဤမှတ်တတ်တဲ့သဘောသည်။ သညာ၊ ပရမတ္ထသည် ဓမ္မ၏သဘော မှန်တည်း။ ဝါ၊ သညာ၏ ပင်ကိုယ်ရှိ ပစ္စတ္တသဥ္ဇာနနသဘောမှန်တည်း။ ဝါ၊ ပရမတ္ထသညာဓမ္မ၏ ရှိရင်းသဘောမှန်ကို တွေ့သိရခြင်းတည်း။

တနည်း။ သညာ၊ သညာဟူသည်။ ဝါ၊ ဒွါရခြောက်ပါးတွင် အာရုံ ခြောက်ပါးတို့ ဝင်လာတိုင်း အလွတ်မရှိ မှတ်တတ်တဲ့သဘောသည်။ ဉာတ်၊ ဤပရမတ္ထ သညာဓမ္မ၏ သဘောမှန်တည်း။ ဝါ၊ သဘောမှန်ကို တွေ့ရှိခြင်း တည်း။

(နာမရူပ ပရိစ္ဆေဒဉာဏ် စသည်)

## ဉာတိ သညာယ သမုဒယော

ဉာတိ၊ ဤဖဿနှင့် ဝေဒနာတရား ၂ ပါးသည်။ သညာယ၊ သညာဓမ္မ၏။ ဝါ၊ သညာဓမ္မကို။ သမုဒယော၊ ဖြစ်ပေါ်စေကြောင်းတည်း။ ဝါ၊ ဖြစ် ပေါ်စေသော အကြောင်းတရားစုတည်း။

တနည်း။ ဉာတိ၊ ဤမှတ်နေသော သဘာဝတို့၏ အသစ်အသင်သဖွယ် ထွက်ထွက်လာခြင်းသည်။ သညာယ၊ ပရမတ္ထသညာဓမ္မ၏။ သမုဒယော၊ ဥပ္ပါဒသဘောပြ သဘာဝတည်း။ ဝါ၊ ယံကိုဥ္စိ သမုဒယံအရ သင်္ခတနယ်ရှိ သဘာဝမှန်က ခိုင်မြဲမရှိ အသစ်နှင့်အဟောင်းသဖွယ် ဥဒယသဘာဝကို ဖော်ပြ နေချက်သာတည်း။

တနည်း။ ဉာတိ သမုဒယော၊ ရှုပွားနေသော မှတ်မှုသဘာဝတို့ ဤသို့ အသစ်အသစ်သဖွယ် ထွက်ထွက်လာခြင်း ပေါ်ပေါ်လာခြင်းသည်။ သညာယ၊ မှတ်သဘောရှိ သင်္ခတ သညာဓမ္မ၏။ သမုဒယော၊ အဖြစ်ကိစ္စကို ဖော်ပြ ခြင်းတည်း။ ဝါ၊ အနိစ္စသဘာဝ ဥဒယအနေကို ဖော်ပြနေချက်ပင်တည်း။

## ဣတိ သညာယ အတ္ထင်္ဂမော

ဣတိ၊ ဤဖဿ၏ ဖြစ်ခွင့်မရပဲ ချုပ်ပျက်ရခြင်းသည်။ သညာယ၊ အာရုံကို မှတ်တတ်သော သညာဓမ္မ၏။ အတ္ထင်္ဂမော၊ ချုပ်ကွယ်ရဖို့အကြောင်းရင်းတည်း။

တနည်း။ ဣတိ-အတ္ထင်္ဂမော၊ ဤအတူဖြစ်ဖက် ဖဿ၏ ချုပ်ပျက်ရခြင်းသည်။ သညာယ၊ အတူဖြစ်ဖက်သညာ၏ ချုပ်ပျက်ရန်အကြောင်းတည်း။

တနည်း။ ဣတိ၊ ဤသင်္ခတနယ်ဝင်တို့၏ ဖြစ်ပေါ်ပြီးနောက် ပျက်ရခြင်းသည်။ သညာယ၊ သင်္ခတဓမ္မသညာတရား၏။ အတ္ထင်္ဂမော၊ အဖြစ်ရှိ၍ ချုပ်ရပျက်ရခြင်းသို့ ရောက်ရခြင်းတည်း။

ဣတိ၊ ဤသင်္ခတအားလုံးတို့၏ ချုပ်ငြိမ်းရာသည်။ သညာယ၊ သင်္ခတနယ်ဝင်သညာ၏။ အတ္ထင်္ဂမော၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်ပင်တည်း။

တနည်း။ သညာယ။ သညာ၏။ အတ္ထင်္ဂမော၊ ချုပ်ငြိမ်းရာသည်။ ဣတိ၊ ဤနိဗ္ဗာန်ပင်တည်း။

## ဣတိ သင်္ခါရာ

ဣတိ၊ ဤပြုပြင်ပေးတတ်သော သဘောစုနှင့် ပြုပြင်ခံရသော သဘောဟူသမျှတို့သည်။ သင်္ခါရာ၊ သင်္ခါရအမည် ရကြကုန်၏။

တနည်း။ သင်္ခါရာ၊ သင်္ခါရအမည်ရ တရားစုတို့ကား။ ဣတိ၊ ဤပြုပြင်ပေးတတ် ပြုပြင်ခံရသော သဘောရှိကုန်၏။

## ဣတိ သင်္ခါရာနံ သမုဒယော

ဣတိ၊ ဤပြုပြင်ပေးတတ်သော သဘောစုသည်။ ဝါ၊ ပဋိစ္စသမုပ္ပါဒ်လာ အဝိဇ္ဇာ စသော သံသရာခွဲ ဓမ္မစုသည်။ သင်္ခါရာနံ၊ အချုပ်အချယ်နှင့် အစီအမံ ခံရ သင်္ခါရတရားတို့၏။ သမုဒယော၊ ဖန်တီးပေးနေသောအကြောင်း တရားစုပေတည်း။

တနည်း။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ သမုဒယော၊ အကြောင်းတို့ကား။ ဣတိ၊ အဝိဇ္ဇာ ကံ စသော ဤအကြောင်းတရားစုတို့တည်း။

တနည်း။ ဣတိ၊ ဤအသစ်အသစ်အနေ ပေါ်ပေါက်လာခြင်းသည်။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏ သမုဒယော–ဥပ္ပါဒအနေ ၁ါ–ဥဒယအနေဖြင့် အထပ်ထပ် ဖြစ်နေရသော သဘောတည်း။ ဝါ၊ ယင်းသဘောကို မြင်ခြင်းတည်း။

## ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော

ဣတိ၊ ဤအဝိဇ္ဇာ၏ ဖြစ်ခွင့်မရပဲ ချုပ်ပျက်ရခြင်းသည် သင်္ခါရာနံ၊ သင်္ခါရတရားတို့၏၊ အတ္ထင်္ဂမော၊ ချုပ်ကွယ်ရဖို့ အကြောင်းရင်းတည်း။

တနည်း။ ဣတိအတ္ထင်္ဂမော၊ ဤအဘူဖြစ်ဖက် အဝိဇ္ဇာ၏ ချုပ်ပျက်ရခြင်းသည်၊ သင်္ခါရာနံ၊ သင်္ခါရတရားစုတို့၏ ချုပ်ပျက်ရခြင်းအကြောင်းတည်း။

တနည်း။ ဣတိ၊ ဤသင်္ခါရနယ်ဝင်တို့၏ ဖြစ်ပေါ်ပြီးနောက် ပျက်ရခြင်းသည်။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏၊ အတ္ထင်္ဂမော၊ အဖြစ်ရှိ၍ ချုပ်ရပျက်ရခြင်းသို့ ရောက်ရခြင်းတည်း။

တနည်း။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏၊ အတ္ထင်္ဂမော၊ ချုပ်ငြိမ်းရာသည်၊ ဣတိ၊ ဤနိဗ္ဗာန်ပင်တည်း။

## ဣတိ ဝိညာဏံ

ဣတိ၊ ဤသိတတ်တဲ့သဘောသည်၊ ဝိညာဏံ၊ ဝိညာဏ်မည်၏။ ဝါ၊ ဝိညာဏ်၏ သဘောတည်း။

တနည်း။ ဝိညာဏံ၊ ဝိဇာနနလက္ခဏာရှိသော ဝိညာဏ်သည်။ ဣတိ၊ ဤ သိတတ်သော သဘောရှိ၏။

ဣတိ၊ ဤပြုပြင်ပေးတတ်သော သင်္ခါရသဘောစုသည်။ ဝါ၊ ပဋိစ္စသမုပ္ပါဒ်လာ အဝိဇ္ဇာ သင်္ခါရ စသော သံသရာချဲ့ ဓမ္မစုသည်၊ ဝိညာဏဿ၊ သိတတ်သော ဝိညာဏ်၏။ သမုဒယော၊ ဖန်တီးပေးနေသော အကြောင်းတရားစုပေတည်း။

တနည်း။ ဝိညာဏဿ၊ သိတတ်သော ဝိညာဏ်၏။ သမုဒယော၊ အကြောင်းတို့ကား။ ဣတိ၊ အဝိဇ္ဇာ သင်္ခါရ စသော ဤအကြောင်းတရားစုတည်း။

တနည်း။ ဣတိ၊ ဤအသစ်အသစ်အနေပေါ်ပေါ်လာခြင်းသည် ဝိညာဏဿ၊ သိတတ်သော ဝိညာဏ်၏၊ သမုဒယော၊ ဥပ္ပါဒအနေ ဝါ၊ ဥဒယအနေဖြင့် အထပ်ထပ်ဖြစ်နေရသဘောတည်း။ ဝါ၊ ယင်းသဘောကို ပြခြင်းတည်း။

## ဣတိ ဝိညာဏဿ အတ္ထင်္ဂမော

ဣတိ၊ ဤအဝိဇ္ဇာ သင်္ခါရတို့ဖြစ်ခွင့်မရပဲ ချုပ်ပျက်ရခြင်းသည်။ ဝိညာဏဿ၊ ဝိညာဏ်၏။ အတ္ထင်္ဂမော၊ ချုပ်ကွယ်ရဖို့ အကြောင်းရင်းတည်း။

တနည်း။ ဣတိ၊ ဤသင်္ခါရဝဋ်တို့၏ ဖြစ်ပေါ်ပြီးနောက် ပျက်ရခြင်းသည်။ ဝိညာဏဿ၊ ဝိညာဏ်၏။ အတ္ထင်္ဂမော၊ အဖြစ်ရှိ၍ ချုပ်ပျက်ရခြင်းသို့ ရောက်ရခြင်းတည်း။

တနည်း။ ဝိညာဏဿ၊ ဝိညာဏ်၏။ အတ္ထင်္ဂမော၊ ချုပ်ငြိမ်းရာသည်။ ဣတိ၊ ဤနိဗ္ဗာန်ပင်တည်း။

အမှာ- ဣတိ-အစျွတ္တံ ဝါ၊ စသော ပါဠိများ၏အနက်လွယ်ပြီ၊ ရှေ့နည်းများကို မှီ၍ ပေးလေ၊

ခန္ဓပဗ္ဗ၊ ခန္ဓာ ၅ ပါးကို ပြဆိုရာ အပိုင်းသည်၊ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ဓမ္မာနုပဿနာ ၃ အာယတနပဗ္ဗ

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ ဆသု အဇ္ဈတ္တိက ဗာဟိရေသု အာယတနေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိက ဗာဟိရေသု အာယတနေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု။

၁။ စက္ခုဉ္စ ပဇာနာတိ။ ရူပေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပာဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပာဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

၂။ သောတဉ္စ ပဇာနာတိ၊ သဒ္ဒေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပာဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပာဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

၃။ ဃာနဉ္စ ပဇာနာတိ၊ ဂန္ဓေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ ။ပ။ တဉ္စ ပဇာနာတိ။

၄။ ဇိဝှဉ္စ ပဇာနာတိ၊ ရသေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ ။ပ။ တဉ္စ ပဇာနာတိ။

၅။ ကာယဉ္စ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ။ပ။ တဉ္စ ပဇာနာတိ။

၆။ မနဉ္စ ပဇာနာတိ၊ ဓမ္မေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ။ပ။ တဉ္စ ပဇာနာတိ။

၆။ မနဉ္စ ပဇာနာတိ၊ ဓမ္မေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ။ပ။ တဉ္စ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ ဝယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ သမုဒယ ဝယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏ မတ္တာယ၊ ပဋိဿတိ မတ္တာယ၊ အနိဿိတော စ ဝိဟရတိ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာ နုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိက ဗာဟိရေသု အာယတနေသု။

အာယတန ပဗ္ဗံ နိဋ္ဌိတံ။

---

## အနက်

ဘိက္ခဝေ၊ ရဟန်းတို့၊ ဧ၊ နောက်ရှုပွားရပုံတနည်းကား။ ဝါ၊ ဓမ္မာနုပဿနာ ရှုကွက်တမျိုး နှင့် ရှုနည်းတမျိုးကို ရှုပွားနိုင်စေရန် ညွှန်ပြပေဦးအံ့။ ဝါ၊ ခန္ဓဓမ္မာ နုပဿနာ ရှုပွားနည်းမှ ဂ ပါး။ အာယတန ဓမ္မာ နုပဿနာ ရှုပွားနည်းတမျိုးကို ညွှန်ပြပေဦးအံ့။ ဝါ၊ အနုဗောဓဉာဏ်နှင့် ပဋိဝေဓတိုက် ခေါ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ ပေါ်ထွက်လာအောင် ခန္ဓာ ၅ ပါးတို့ကို ဓမ္မာနုပဿနာ ရှုနည်းဖြင့် ရှုပွားယူနိုင်သလို အာယတန ၁၂ ပါးတို့ကို

အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ်တို့ ပေါ်ထွက်လာအောင် ဓမ္မာနုပဿနာ ရှုပွားနည်းဖြင့် ရှုပွားယူပုံ နောက်ဘနည်းကို ညွှန်ပြပေဦးအံ့။

ဘိက္ခု၊ ယောဂီရဟန်းသည်။ အာယတနနေသု၊ အာယတနအမည် ရကုန်သော။ အဇ္ဈတ္တိက ဗာဟိရေသု၊ ခန္ဓာကိုယ်အတွင်းမှာလည်း ရှိနေကြ၊ အပြင်မှာလည်း ရှိနေကြကုန်သော။ ဆသု ခြောက်ပါးကုန်သော၊ ဓမ္မသု၊ ဓမ္မခြောက်မျိုးတို့၌။ ဓမ္မာနုပဿီ၊ ဓမ္မသဘာဝဖြင့် အထပ်ထပ်ရှုပွားလျက်။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု ယောဂီရဟန်းသည်။ အာယတနေသု၊ အာယတန အမည် ရကုန်သော။ အဇ္ဈတ္တိက ဗာဟိရေသု၊ ခန္ဓာကိုယ်၏ အတွင်းမှာလည်း၊ ရှိနေကြ အပြင်မှာလည်း ရှိနေကြကုန်သော။ ဆသု ၆ခုမှသု၊ ဓမ္မ ၆ မျိုးတို့၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဓမ္မာနုပဿီ၊ ဓမ္မသဘာဝဖြင့် အထပ်ထပ် ရှုပွားလျက်။ ဝိဟရတိ၊ ကျင့်သုံးနေသနည်း။

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ငါဘုရား၏ အဆုံးအမခေါ်ဉ သာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်။ စက္ခုံစ၊ စက္ခုအရနှင့် စက္ခုသဘာဝအရကိုလည်း။ ပဇာနာတိ၊ ဘာဝနာပညာသိဖြင့် ခြားနားစွာသိ၏။

ဝါ- စက္ခုံစ၊ စက္ခုအရ၊ စက္ခုဒွါရ စက္ခု ဝတ္ထု စက္ခာယတန၊ စက္ခုဓာတု စက္ခုန္ဒြေနှင့် စက္ခုပသာဒအမည်ခံ ၆ မျိုးလုံးသည် စက္ခုအရဖြစ်ပုံကိုလည်းကောင်း။ စက္ခုသဘာဝအရ အဆင်း အရိပ် ထင်နိုင် ဝင်နိုင်သော။ ဝါ၊ ထင်လာ ဝင်လာသော မျက်လုံး၏ အပေါ်ရံ အကြည်ဓာတ်အရသည် စက္ခုသဘာဝဖြစ်ရပုံကိုလည်းကောင်း။ ပဇာနာတိ၊ သဲကွဲခြားနားစွာသိ၏။

ဝါ၊ မှန်ဒြပ်နှင့် အကြည်ဓာတ် တခြားစီဖြစ်သလို မျက်လုံးအိမ်ကြီးက တခြား ယင်းမျက်လုံးအိမ်ပေါ်မှာ ကံ၏ အစွမ်းဖြင့် တည်ရှိနေသော အဆင်း အရိပ်တို့ ဝင်နိုင် ထင်နိုင်ဝင်လာ ထင်လာသော အပေါ်ရံအကြည် ဓာတ်အရကလည်း တခြားဖြစ်ပုံကို။ ပဇာနာတိ၊ သဲကွဲခြားနားစွာသိ၏။

ဝါ- အဆင်း အရိပ်ဝင်တိုင်း မျက်စိရှိ အကြည်ဓာတ်ဖြင့် မြင်ကိစ္စဆောင်ပုံကိုလည်း။ ပဇာနာတိ- သဲကွဲစွာ သိ၏။

ဝါ- အဆင်းဓာတ်နှင့် တွေ့တိုင်း တွေ့တိုင်း အဆင်းဓာတ်ဝင်နိုင် ထင်နိုင်အောင် မြင်ကိစ္စ ဖြစ်ပေါ်စေမှုကိုလည်း။ ပဇာနာတိ- သိ၏။

ဝါ· ဖဇာနာတိ- ဘာဝနာဓပညာတို့ဖြင့်လာသလောက် ရှုပရိုဇ္ဇေဒဉာဏ်ကို သိက စ၍ သင်္ခါရုပေက္ခာဉာဏ်အထိ ဉာဏ်စဉ်(၁၀)ဆင့်အလိုက် တိုး၍တိုး၍ သိမြင် သိမြင်သွား၏။ ဝါ- ဝိသုဒ္ဓိစဉ် ပရိညာစဉ်တို့အတိုင်း တိုး၍ တိုး၍ သိမြင် သွား၏။

စ- စက္ခုအရ သိမြင်ပုံမှတပါး ရှုပေအရ သိမြင်ပုံကို ညွှန်ပြဦးအံ့။

မှတ်ချက်- (စက္ခုစ- မှာရှိသော စသဒ္ဒါသည် သမုစ္စယတ္ထဒေါ် ပေါင်းရုံးနက်၊ စည်းရုံးနက်ကိုပြသဖြင့် စက္ခုမှအစ တဆက်ထည်းရှိသော ဆာယတိ အနုပ္ပါဒ ါအထိကို စည်းရုံးနိုင်သည်။ ထို့ပြင် သောတမှစပြီး မနအထိပါ စည်းရုံး နိုင်သည် ဟူ၏။

ရှုပေစမှတဆက်တည်းရှိ ယထာစ ပဟီနသာတို့မှာရှိနေသော စ ၅ လုံးတို့ ကား ပက္ခန္တရတ္ထ ဇောတက စနိပါတ်ပုဒ်များ ဖြစ်ကြသည်။

တစ္ထ- မှ ရှိသော စ ၄ လုံးတို့ကား နိယမတ္ထတို့ကို ပေါင်းစီးပြသော သမုစ္စယတ္ထ ဇောတက စ သဒ္ဒါများ ဖြစ်ကြသည်။

ရှုပေစ- အဆင်းခေတ်တို့ကိုလည်း။ ဝါ· အလင်းရောင်တို့ပါ ဧပါအဝင် အဆင်းခေတ်ဟူသမျှတို့ကိုလည်း။ ပဇာနာတိ- ဘာဝနာပညာဖြင့် သိ၏၊ ဝါ·အဆင်းနှင့် အဆင်း၏ တည်ရာဒြပ်တို့သည် တခြားစီအနေဟု ခွဲခြား၍ သိ၏။

အညွှန်း- ရှုပေဒနာက်မှာရှိလာသော (စ) သဒ္ဒါကား 'စက္ခု' စက လိုက်ပါလာသော စ သဒ္ဒါဟု သတိပြုလေ။ ရှုပနောက်မှာ ပထမရှိနှင့် နေပြီးသော စ- သဒ္ဒါက ပက္ခန္တရတ္ထ ဇောတက ဖြစ်ဖြင့် အနက်ကို ညွှန်ပြ သွားပြီးပြီကို သတိပြု။

တနည်း။ ရှုပေစ- စက္ခုအကြည်မှာ ဝင်လာ ထင်လာသော အရိပ်နှင့် အဆင်း တမျိုးမျိုးတို့ကိုလည်း။ ပဇာနာတိ-မြင်ရသော အဆင်းက တခြား၊ အဆင်းတို့ထင်ရာ အကြည်ခေတ်က တခြားဟု ခွဲခြား ခွဲခြားပြီး သိ သိလာ၏။

ဝါ-ပဇာနာတိ- အဆင်းအပေါ်မှာ ရှုပပရိစ္ဆေဒဉာဏ်ကစ၍ သင်္ခါ ရှုပေက္ခာဉာဏ်အထိ တိုးမြင့် တိုးမြင့်ကာ သိမြင် သိမြင်သွား၏။

စ- မျက်စိနှင့် အဆင်းကို သိမှုမှတပါး ယင်း ၂ ခုကြောင့် သံယောဇဉ် ဖြစ်ပေါ်ပုံနှင့် မဖြစ်ပေါ်ပုံကို ညွှန်ပြဦးအံ့။

တဒုဘယံ- ထိုဖော်ပြခဲ့ပြီး မျက်စိနှင့်အဆင်း ၂မျိုးကိုပဋိစ္စ-အကြောင်းပြု၍။ ယံသံယောဇနဥ္စ- နှစ်သက်မှုဆိုင်ရာ နှောင်ဖွဲ့မှု၊ မနှစ်သက်မှုဆိုင်ရာ နှောင်ဖွဲ့မှု၊ မောဟဆိုင်ရာနှောင်ဖွဲ့မှု တမျိုးမျိုးသည်လည်း။ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်လာ၏။ ဝါ- အယောနိသောမနသိကာရနှင့် အယောနိသော စေတနာတို့လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာ၏။ တဥ္စ- ထိုဖြစ်ပေါ်လာသော သံယောဇဉ်နှောင်ဖွဲ့မှုကိုလည်း။ ပဇာနာတိ- ဝိပဿနာပညာဖြင့် သဲကွဲခြားနားစွာ သိ၏၊

တဒုဘယံ- ထိုဖော်ပြခဲ့ပြီး မျက်စိနှင့် အဆင်း ၂မျိုးကိုပဋိစ္စ-အကြောင်းပြု၍။ ယံအသံယောဇနဥ္စ- လောဘ ဒေါသ မောဟ ဆိုင်ရာ သံယောဇဉ်နှောင်ဖွဲ့မှုမျိုး မဖြစ်ပေါ်ပဲ အလောဘ အဒေါသ အမောဟတို့နှင့်ဆိုင်ရာ နှောင်ဖွဲ့မှုမှလွတ်သော ကောယနမဂ်နှင့်ဆိုင်ရာ မဂ္ဂင်ဓမ္မစုသည်လည်း။ ဥပ္ပဇ္ဇတိ- ဖြစ်ပေါ်လာ၏။ ဝါ- ယောနိသော မနသိကာရနှင့် ယောနိသော စေတနာသမ္မာသတိတို့ လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာ၏။ တဥ္စ- ထိုဖြစ်ပေါ်လာသော သံယောဇဉ်မှလွတ်မှုကိုလည်း။ ပဇာနာတိ- ပညာဖြင့် သဲကွဲစွာသိ၏။

စ- သံယောဇဉ်ဖြစ်ပုံကို ထပ်ဆင့်၍ ညွှန်ပြဦးအံ့။ ယထာ-မလျော်သော နှလုံးသွင်းမှု၊ မလျော်သောစေ့ဆော်မှုနှင့် မှားယွင်းသော အညာ စိတ် ဒိဋ္ဌိစသော အကြောင်းအမျိုးမျိုးကြောင့်။ အနုပ္ပန္နဿ- ဖြစ်ပေါ်ဆဲမဟုတ်သေးသော။ သံယောဇနဿ- နှောင်ဖွဲ့မှုအမျိုးမျိုး၏။ ဥပ္ပါဒေါ- ဖြစ်ပေါ်လာမှုသည်။ ဟောတိ- ရှိ၏။ တဥ္စ- ထိုသံယောဇဉ်ဖြစ်ကြောင်းနှင့်တကွ ဖြစ်ပေါ်ဆဲမဟုတ်သော သံယောဇဉ်မှ၏ ယခုဖြစ်ပေါ်လာမှုကိုလည်း။ ပဇာနာတိ- ဘာဝနာပညာဖြင့် သဲကွဲခြားနားစွာ သိမြင်လာ၏။

စ- သံယောဇဉ်ပြတ်ကြောင်းကို ညွှန်ပြဦးအံ့။ ယထာ- ယောနိသော မနသိကာရ စသော အကြောင်းကြောင့် ဥပ္ပန္နဿ သံယောဇနဿ- ဖြစ်ပေါ်လာသော သံယောဇဉ်ကို၊ ပဟာနံ- တဒင်္ဂ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခြင်းသည်။ ဟောတိ- ဖြစ်၏။ တဥ္စ- ထိုသံယောဇဉ်ပယ်ကြောင်းနှင့်တကွ ပယ်ပုံကိုလည်း။ ပဇာနာတိ- သဲကွဲခြားနားစွာသိ၏။

စ- သံယောဇဉ်ပြတ်ကြောင်းကို ညွှန်ပြဦးအံ့။ ယထာ- အရိယာမဂ်ဟူသော အကြောင်းကြောင့်။ ပဟီနဿ- တဒင်္ဂ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သတ်လိုက်ပြီးသော သံယောဇဉ်၏။ အာယတိံ အနုပ္ပါဒေါ-နောင်အခါ၌ လုံးဝမဖြစ်ပေါ်လာမှုသည်လည်း။ ဟောတိ- ဖြစ်၏။ တဥ္စ- ထိုသံယောဇဉ်ပြတ်ကြောင်းနှင့်တကွ ပြတ်ပုံကိုလည်း။ ပဇာနာတိ- သဲကွဲခြားနားစွာ သိ၏။

၂။ သောတဋ္ဌ-သောတဓာတ်နှင့် သောတာယတနကိုလည်း ပစ္စာနုပဿနာ ဥာဏ်ဖြင့် ခြားနားစွာ သိ၏။

ဝါ-သောတဓာတ် သောတဒွါရ သောတဝိညာဏ် သောတာယတန သောတ ဓာတ် သောတိန္ဒြေနှင့် သောတပသာဒ အမည်ခံ ၆ မျိုးလုံးသည် သောတဓာတ် ဖြစ်ပုံကိုလည်းကောင်း။ သောတာယတနဓာတ် အသံခတ်ကြားနိုင်ဝင်နိုင်သော ဝါ-ကြားလာဝင်လာသော နားပေါက်အတွင်း၏ အပေါ်ရုံအကြည်ဓာတ်ဓာတ် သည် သောတာယတနဖြစ်ရပုံကိုလည်းကောင်း၊ ပစ္စာနုပဿနာ- သိကွဲခြားနားစွာ သိ၏။

ဝါ- နားဖြပ်ကတခြား၊ ယင်းနားအတွင်းမှာ ကံ၏ အစွမ်းဖြင့် တည်ရှိ နေသော အသံခတ်တို့ ကြားလာသော အပေါ်ရုံအကြည်ဓာတ်ဓာတ်တခြား ဖြစ်ပုံကို။ ပစ္စာနုပဿနာ- သိကွဲခြားနားစွာ သိ၏။

ဝါ- အသံတခုကြားတိုင်း နားအတွင်းရှိ အကြည်ဓာတ်ဖြင့် ကြားကိစ္စ ဆောင်ပုံကိုလည်း၊ ပစ္စာနုပဿနာ- သိကွဲစွာ သိ၏။

ဝါ- အသံခတ်နှင့် တွေ့တိုင်း တွေ့တိုင်း အသံခတ် ဝင်နိုင် ကြားနိုင် ဆောင် ကြားကိစ္စဖြစ်ပေါ်စေမှုကိုလည်း၊ ပစ္စာနုပဿနာ- သိကွဲစွာ သိ၏။

စ- သောတဓာတ် သိမြင်ပုံမှတပါး သဒ္ဒဓာတ် သိမြင်ဖို့ကို ညွှန်ပြဦးအံ့။

သဒ္ဒေစ- အသံခတ်တို့ကိုလည်း၊ ပစ္စာနုပဿနာဖြင့်သိ၏။ ဝါ- အသံနှင့် အသံ၏တည်ရာ ဒြပ်တို့သည် တခြားစီဟု ခွဲခြား၍ သိ၏။

ဝါ- သောတအကြည်မှာ ဝင်လာ ကြားလာသော အသံအမျိုးမျိုးတို့ကို လည်း၊ ပစ္စာနုပဿနာ- ကြားရသော အသံကတခြား၊ အသံတို့ကြားရာ အကြည် ဓာတ်ကတခြားဟု ခွဲခြား ခွဲခြားပြီး သိ သိလာ၏။

ဝါ- ပစ္စာနုပဿနာ- အသံပေါ်မှာ ရှုမရိုးစွဲဥာဏ်တော ၏ ဝိပဿနာတွေ တိုးမြင့် တိုးမြင့်ကာ သိမြင် သိမြင်သွား၏။

အမှာ= (ကျန်အနက်များ ရှေ့ စက္ခုနှင့် ရူပအရက်မှီး၍ပေးလေ၊ စက္ခုနှင့် ရူပနေရာတွင် သောတနှင့် သဒ္ဒကို ပြောင်းထည့်ရုံသာ ထူးတော့သည်။ ထို့အတူ ကျန် ဃာနစသည်၌လည်း ယဥ္ဇတဒုဘယံ စသော အနက်များကို အထူး ဖော်ပြမည်မဟုတ်တော့ပဲ၊ စက္ခု ရူပအရမှ ယဥ္ဇတဒုဘယံ အနက်ကို မှီး၍ ဖော်လော့)

မဟာ-၁၉ (ခ)

၃။ ဃာနဥ္စ- ဃာနအာရုနှင့်၊ ဃာနသဘာဝအရကိုလည်း။ ပဇာနာတိ- ဘာဝနာပညာဖြင့် ခြားနားစွာ သိ၏။

ဝါ- ဃာနအရ ဃာနဒွါရ ဃာနဝတ္ထု ဃာနာယတန ဃာနဓာတု ဃာနိန္ဒြေနှင့်၊ ဃာနပသာဒအမည်ခံ ၆ မျိုးလုံးသည်။ ဃာနအရ ဖြစ်ပုံကို လည်းကောင်း။ ဃာန- သဘာဝအရ အနံ့ နံနိုင် ဝင်နိုင်သော နှာခေါင်း အတွင်း အပေါယံ အကြည်ဓာတ်အရသည် ဃာနသဘာဝ ဖြစ်ရပုံကို လည်းကောင်း။ ပဇာနာတိ- သဲကွဲခြားနားစွာသိ၏။

ဝါ- နှာခေါင်း ဒြပ်က တခြား ယင်းနှာခေါင်းအတွင်းမှာ ဆိတ်၏ အစွမ်း ဖြင့် တည်ရှိနေသော အနံ့ နံလာသော အပေါယံ အကြည်ဓာတ် အာရုက တခြား ဖြစ်ပုံကို။ ပဇာနာတိ- သဲကွဲခြားနားစွာ သိ၏။

ဝါ- အနံ့တခုနံတိုင်း၊ နှာခေါင်းအတွင်းရှိ အကြည်ဓာတ်ဖြင့် နံကိစ္စ ဆောင်ပုံကိုလည်း။ ပဇာနာတိ- သဲကွဲစွာသိ၏။

ဝါ- အနံ့ဓာတ်နှင့် တွေ့ဘိုင်း တွေ့ဘိုင်း အနံ့ဓာတ် ဝင်နိုင် နံနိုင်အောင် နံကိစ္စ ဖြစ်ပေါ်စေမှုကိုလည်း။ ပဇာနာတိ- သဲကွဲစွာသိ၏။

စ- ဃာနအရ သိမြင်ပုံမှတပါး။ ဂန္ဓအရ သိမြင်ပုံကို ညွှန်ပြဦးအံ့။

ဂန္ဓေစ- အနံ့ဓာတ်တို့ကိုလည်း။ ပဇာနာတိ- ဘာဝနာပညာဖြင့် သိ၏။ ဝါ- အနံ့နှင့် အနံ့၏ တည်ရာဒြပ်တို့သည် တခြားစီဟု ခွဲခြား၍ သိ၏။

ဝါ- ဃာနအကြည်မှာ ဝင်လာ နံလာသော အနံ့ အမျိုးမျိုးတို့ကိုလည်း။ ပဇာနာတိ- နံသော အနံ့ကတခြား။ အနံ့နံရာ အကြည်ဓာတ်က တခြားဟု ခွဲခြား ခွဲခြားပြီး သိ သိလာ၏။

ဝါ- ပဇာနာတိ- အနံ့ပေါ်မှာ ရူပ ပရိစ္ဆေဉာဏ်ကား၍ ဝိပဿနာဉာဏ် ဈေး တိုးမြင့် တိုးမြင့်ကာ သိမြင် သိမြင်သွား၏။

၄။ ဇိဝှဥ္စ- ဇိဝှာအရနှင့်၊ ဇိဝှာ သဘာဝ အရကိုလည်း။ ပဇာနာတိ- ဘာဝနာပညာဖြင့် ခြားနားစွာသိ၏။

ဝါ- ဇိဝှာအရ- ဇိဝှာဒွါရ ဇိဝှာဝတ္ထု ဇိဝှာယတန ဇိဝှာဓာတု ဇိဝှိန္ဒြေနှင့်၊ ဇိဝှာပသာဒ အမည်ခံ ၆ မျိုးလုံးသည် ဇိဝှာအရ ဖြစ်ပုံကိုလည်းကောင်း။

ဇီဝှာ သဘာဝအရ အရသာကို လျှက်နိုင်သော ဝါ- ပေါ် လွင် နိုင်သော လျှာ အလယ အပေါ်ယံ အကြည်ဓာတ်အရသည် ဇိဝှာ သဘာဝ ဖြစ်ရပုံကို လည်းကောင်း။ ပဇာနာတိ- သဲကွဲခြားနားစွာသိ၏။

ဝါ- လျှာခြါကတခြား။ လျှာ၏ အလယ်ဂင်၏ အငွမ်းဖြင့် တည်ရှိနေသော အရသာကို လျှက်နိုင်သော ဝါ- ပေါ်လွင်နိုင်သော အပေါ်ရံ အကြည်ဓာတ်အရကတခြား ဖြစ်ပုံကို။ ပဇာနာတိ-သဲကွဲခြားနားစွာ သိ၏။

ဝါ- အရသာတခုလျှက်တိုင်း လျှာအလယ်ရှိ အကြည်ဓာတ်ဖြင့် လျှက်ခြင်းကိစ္စဆောင်ပုံကိုလည်း။ ပဇာနာတိ- သဲကွဲစွာ သိ၏။

ဝါ- အရသာဓာတ်နှင့် တွေ့တိုင်း တွေ့တိုင်း အရသာဓာတ် ဝင်နိုင်ပေါ်လွင်နိုင်အောင် လျှက်ခြင်းကိစ္စ ဖြစ်ပေါ်နေမှုကိုသည်။ ပဇာနာတိ- သဲကွဲစွာ သိ၏။

စ- ဇိဝှာအရကို သိမြင်ပုံမှတပါး ရသ အရကို သိမြင်ပုံကို ညွှန်ပြဦးအံ့။ ရသေစ- အရသာဓာတ်တို့ကိုလည်း။ပဇာနာတိ-တာဝနာ ပညာဖြင့်သိ၏။ ဝါ- အရသာနှင့် အရသာ၏ တည်ရာဒြပ်တို့သည် တခြားစီဟု ခွဲခြား၍ သိ၏။

ဝါ- ဇိဝှာ အကြည်မှာ ဝင်လာ ပေါ်လွင်လာသော အရသာအမျိုးမျိုး တို့ကိုလည်း။ ပဇာနာတိ- ပေါ်လွင်သော အရသာကတခြား။ အရသာကို လျှက်ရာ အကြည်ဓာတ်က တခြားဟု ခွဲခြား ခွဲခြားပြီး သိ သိလာ၏။

ဝါ- ပဇာနာတိ- အရသာပေါ်မှာ ရူပ ပရိစ္ဆေဒဉာဏ်ဆ၍ ဝိပဿနာဉာဏ်တွေ တိုးမြဲ တိုးမြင့်ကာ သိမြင် သိမြဲ သွား၏။

၅။ ကာယဉ္စ- ကာယအရနှင့်၊ ကာယသဘာဝအရကိုလည်း၊ ပဇာနာတိ- တာဝနာ ပညာသိဖြင့် ခြားနားစွာသိ၏။

ဝါ- ကာယအရ- ကာယဒွါရ ကာယဝတ္ထု ကာယာယတန ကာယဓာတု ကာယိန္ဒြေနှင့်၊ ကာယသဒ္ဒအမည်ခံ ၆- မျိုးလုံးသည်၊ ကာယအရ ဖြစ်ပုံကို လည်းကောင်း။ ကာယ သဘာဝအရ- အတွေ့ဖောဋ္ဌဗ္ဗရုပ်ကို ထိတွေ့နိုင်သော တကိုယ်လုံးတွင် ဝါဂွမ်းစိုင်၌ ဆီကဲ့သို့ ပျံ့နှံ့နေသော အပေါ်ရံကိုယ် အကြည်ဓာတ်အရသည် ကာယသဘာဝ ဖြစ်ရပုံကိုလည်းကောင်း။ ပဇာနာတိ- သဲကွဲခြားနားစွာ သိ၏။

ဝါ- ကိုယ်ဖြစ်နှင့် တကိုယ်လုံးမှာ ကပ်၍ အစွမ်းဖြင့် တည်ရှိနေသော အတွေ့ ဖောဋ္ဌဗ္ဗရုပ်တို့ကို ထိတွေ့နိုင်သော ကိုယ်အကြည်ဓာတ် အရက တခြားဖြစ်ပုံကို။ ပဇာနာတိ- သဲကွဲခြားနားစွာ သိ၏။

ဝါ- အတွေ့ ဖောဋ္ဌဗ္ဗရုပ်ဘာခုတွေ့တိုင်း တကိုယ်လုံးရှိ အကြည်ဓာတ်ဖြင့် တွေ့သိ ကိစ္စ ဆောင်ပုံကိုလည်း။ ပဇာနာတိ- သဲကွဲစွာ သိ၏။

ဝါ- အတွေ့ ဖောဋ္ဌဗ္ဗဓာတ်နှင့် တွေ့တိုင်း တွေ့တိုင်း၊ ၎င်းရုပ်ကို တွေ့သိနိုင်အောင် တွေ့ထိကိစ္စ ဖြစ်ပေါ်ရမှုကိုလည်း။ ပဇာနာတိ- သဲကွဲစွာသိ၏။

စ- ကာယ- အရကို သိမြင်ပုံမှာပါ။ ဖောဋ္ဌဗ္ဗအရ သိမြင်ပုံကို ညွှန်ပြဦးအံ့။

ဖောဋ္ဌဗ္ဗေစ- အတွေ့ ဖောဋ္ဌဗ္ဗဓာတ်တို့ကိုလည်း ပဇာနာတိ- ဘာဝနာပညာဖြင့် သိ၏။ ဝါ- အတွေ့ ဖောဋ္ဌဗ္ဗ အတိုက်ဓာတ်နှင့်၊ ယင်းအတိုက်ဓာတ်ကို ခံရာ၊ ကိုယ်ဖြစ်သည် တခြားစီဟု ခွဲခြားရှု၍သိ၏။

ဝါ- ကာယအကြည်မှာ တွေ့လာသော ဖောဋ္ဌဗ္ဗ ရုပ်အမျိုးမျိုးတို့ကိုလည်း။ ပဇာနာတိ- တွေ့သိရသော ဖောဋ္ဌဗ္ဗရုပ်ကတခြား။ ဖောဋ္ဌဗ္ဗရုပ်ကို တွေ့ထိရာ အကြည်ဓာတ်ကတခြားဟု၊ ဝါ- အတိုက်ဓာတ်က တခြား အခံဓာတ်က တခြားဟု ခွဲခြား ခွဲခြားပြီး သိ သိလာ၏။

ဝ- ပဇာနာတိ- ဖောဋ္ဌဗ္ဗ ရုပ်ပေါ်မှာ ရူပပရိစ္ဆေဒဉာဏ်ကစ၍ ဝိပဿနာဉာဏ်တွေ တိုးမြင့် တိုးမြင့်ကာ သိမြင် သိမြင် လာ၏။

၆။ မနဉ္စ- မနအရနှင့် မန သဘာဝအရကိုလည်း။ ပဇာနာတိ- ဘာဝနာပညာသိဖြင့် ခြားနားစွာ သိ၏။

ဝါ- မန အရ- မနောဒွါရ ဟဒယဝတ္ထု မနာယတန ဝိညာဏဓာတု မနိန္ဒြေတို့သည် မနအရ ဖြစ်ပုံကိုလည်းကောင်း။ မနသဘာဝအရ- ဓမ္မာရုံတို့ကို ညွှတ်သိနေသော- ဟဒယဝတ္ထုရုပ်ကိုမှီနေသော နာမ်အရသည် မနသဘာဝ ဖြစ်ရပုံကိုလည်းကောင်း။ ပဇာနာတိ- သဲကွဲ ခြားနားစွာသိ၏။

ဝါ- ဓမ္မာရုံ တမျိုးမျိုးကို သိတိုင်း သိတိုင်း ဝိညာဏဓာတ်ဖြင့် သိကိစ္စ ဆောင်ပုံကိုလည်း။ ပဇာနာတိ- သဲကွဲစွာ သိ၏။

ဝါ- မနောအာရုံနှင့် တွေ့တိုင်း တွေ့တိုင်း ညွှတ်သိနေအောင် အသိကိစ္စ ဖြစ်ပေါ်စေမှုကိုလည်း။ ပဇာနာတိ- သဲကွဲစွာသိ၏။

စ- မန- အရ သိမြင်ပုံမှုတပါး။ ဓမ္မအရ သိမြင်ပုံကို ညွှန်ပြပေဦးအံ့။

ဓမ္မေစ- မနောအာရုံဖြစ်သော ဓမ္မဓာတ်တို့ကိုလည်း။ ပဇာနာတိ- ဘာဝနာ ပညာဖြင့် သိ၏။ ဝါ- ဓမ္မာရုံနှင့် ယင်းကို အာရုံပြုရာ မနာယတနတို့သည် တခြားစီဟု ခွဲခြား၍ သိ၏။

ဝါ-မနာယတနမှာ ဝင်လာ သိလာသော။ ဝါ- စိတ်အာရုံမှာ ဝင်လာ သိလာသော ဓမ္မာရုံအမျိုးမျိုးတို့ကိုလည်း။ ပဇာနာတိ- သိမှုဘက်ကတပုံ၊ အသိခံရာဘက်ကတပုံ အနေဖြင့် ခွဲခြား ခွဲခြားပြီး သိ သိလာ၏။

ဝါ-ပဇာနာတိ- ဓမ္မာရုံအပေါ်မှာ နာမပရိစ္ဆေဒဉာဏ် စ၍ ဝိပဿနာဉာဏ်တွေ တိုးမြင့် တိုးမြင့်ကာ သိမြင် သိမြင်လာ၏။

အမှာ- ကျန်အနက်များနှင့် ဣတိ အဇ္ဈတ္တံ ဝါ စသော အနက်များ ရှေ့အနက်များကို မှီ၍သိ လေ။

အာယတန ပဗ္ဗ- သည်၊ နိဋ္ဌိတံ- ပြီးပြီ။

---

၄—ဓမ္မာနုပဿနာ-၄ ဗောဇ္ဈင်ပဗ္ဗ

ပါဠိတော်

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သတ္တသု ဗောဇ္ဈင်္ဂေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု၊ ဣဓ ဘိက္ခဝေ ဘိက္ခု။

၁။ သတိသမ္ဗောဇ္ဈင်

သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။
အသန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

ယထာ စ အနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ တဉ္စ ပဇာနာတိ။

## အနက်

ဘိက္ခဝေ- ရဟန်းတို့၊ စ- အာယတနဓမ္မရှုနည်းမှတပါး၊ ဗောဇ္ဈင်ဓမ္မ ရှုနည်းကို ညွှန်ပြဦးအံ့၊ ဝါ- ဓမ္မာနုပဿနာ ရှုကွက်နှင့် ရှုနည်းဆင့်တိုး နောက်တမျိုးကို ညွှန်ပြဦးအံ့၊ ဝါ- အာယတနခြောက်ပါးတို့ကို အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ်တို့ ပေါ်ထွက်လာအောင် ဓမ္မာနုပဿနာ ရှုနည်းဖြင့် ရှုပွားယူနိုင်သလို ဗောဇ္ဈင်(၇)ပါးတို့ကိုလည်း အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ်တို့ပေါ်ထွက်လာအောင် ဓမ္မာနုပဿနာရှုနည်းဖြင့်ရှုပွားယူနိုင်ပုံကို ညွှန်ပြဦးအံ့။

ပုန- ထပ်ဆင့်၍။ အပရံ- ရှုပွားယူရပုံနောက်တနည်းကား၊ ဘိက္ခု- ယောဂီရဟန်းသည်၊ ဗောဇ္ဈင်္ဂေသု- ဗောဇ္ဈင်အမည်ရကုန်သော၊ သတ္တသု ဓမ္မေသု- ဓမ္မ ၇ မျိုးတို့၌၊ ဓမ္မာနုပဿီ- ဓမ္မအဖြစ်ရှုပွားလျက်။ ဝိဟရတိ- နေရ၏။

ဘိက္ခဝေ- ရဟန်းတို့။ ဘိက္ခု- ယောဂီရဟန်းသည်။ ဗောဇ္ဈင်္ဂေသု- ဗောဇ္ဈင်အမည်ရကုန်သော။ သတ္တသု ဓမ္မေသု- ဓမ္မ ၇ မျိုးတို့၌၊ ကထဉ္စ- အဘယ်သို့လျှင်။ ဓမ္မာနုပဿီ- ဓမ္မအဖြစ်ရှုပွားလျက်။ ဝိဟရတိ-နေသနည်း။
ဘိက္ခဝေ- ရဟန်းတို့၊ ဣဓဘိက္ခု- ငါဘုရား၏အဆုံးအမခေါ် ဤသာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်။

အဇ္ဈတ္တံ- မိမိသန္တာန်၌။ သန္တံ ဝါ- ရှုပွားယူအဖြင့် ထင်ရှားစွာဖြစ်ပေါ်ထသော၊ သတိသမ္ဗောဇ္ဈင်္ဂံ- သမ္ဗောဇ္ဈင်အဆင့်ရောက်၊ ဝါ- သမ္ဗောဇ္ဈင် အရည်အချင်းရှိ သတိတရားကို။ မေ- ငါ၏။ အဇ္ဈတ္တံ- အတွင်းသန္တာန်၌။ ဝါ- အနုပဿနာဉာဏ်တည်ကိန်းရာ ဝိပဿနာ ဝီထိစဉ်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ- သမ္ဗောဇ္ဈင် အရည်အချင်းရှိ သတိတရားသည်။ အတ္ထိတိ-ရှိနေ၏၊ ဟူ၍၊ ပဇာနာတိ- ဘာဝနာပညာဖြင့် သိ၏။

တနည်း— အဇ္ဈတ္တံ- အတွင်း၌၊ ဝါ- နာမ်တရားစုအတွင်း၌။ ဝါ- အနုဗောဓဉာဏ်ဖြစ်ပေါ်လာရန် မူလတရားများဖြစ်ကြသော၊ သောဘနရာသိ- မဟာကုသိုလ် စိတ္တုပ္ပါဒ်အတွင်း၌၊ သန္တံ- ရှိလာ ပေါ်လာသော၊ ဝါ-နှလုံး

သွင်းမှုနှင့် ရှုပွားမှုကြောင့် ဖြစ်ပေါ်လာသော သတိသမ္ဗောဇ္ဈင်၊ ဝါ- သတိသမ္ဗောဇ္ဈင်ကိုလည်း၊ ဝါ- သာမန် သတိမျှ မဟုတ်။ သမ္ဗောဇ္ဈင် အဆင့်ဝင် သတိမျိုးကိုလည်း။ ဂါ- သံ ဗောဓိ အင် မှ။ သမ္ဗောဇ္ဈင်ဖြစ်လ၍၊ သံ- ကောင်းစွာ မှန်ကန်စွာ၊ ဗောဓိ- သိမှု၏၊ ပါ- အနုဗောဓဉာဏ်အနေဖြင့် သိမှုနှင့် ပဋိဝေဓဉာဏ်အနေဖြင့် သိမှု ၂ မျိုး၏။ အင်- အစိတ်တခုဖြစ်သော သတိကို၊ မေ- ငါ၏၊ ဝါ- ရှုပွားနေ ရှုပွားမှုပြုနေသော ငါယောဂီ၏၊ အဇ္ဈတ္တံ- နာမ်ရုပ်တရားစုအတွင်း၌။ ဝါ- အနုဗောဓဉာဏ်ဖြစ်ပေါ်လာရန် မူလ တရားများဖြစ်ကြသော သေဘာနုရာသိ မဟာကုသိုလ် စိတ္တုပ္ပါဒ်အတွင်း၌၊ သတိသမ္ဗောဇ္ဈင်ဂါ- သမ္ဗောဇ္ဈင် အဆင့်ဝင် သတိမျိုးသည်။ အတ္ထိတိ- ရှိလာ ပေါ်လာ ရှိနေ ပေါ်နေပါသတည်းဟူ၍၊ ပဇာနာတိ- ရှုပွားသော ဘာဝနာ ပညာဖြင့် သိမြင်၏။

အဇ္ဈတ္တံ၊ မိမိသန္တာန်၌၊ အသန္တံ ဝါ၊ မရှုပွားသဖြင့်၊ ဝါ၊ ရှုပွားမယူသဖြင့် ထင်ရှားစွာ မရှိသည်လည်း ဖြစ်နေသော၊ သတိသမ္ဗောဇ္ဈင်၊ သတိသမ္ဗောဇ္ဈင်ကို၊ ဝါ- အသန္တံ သတိသမ္ဗောဇ္ဈင် ဝါ၊ ထင်ရှားမရှိသေးသော သတိသမ္ဗောဇ္ဈင်တရားကိုလည်း၊ မေ၊ ငါ၏၊ အဇ္ဈတ္တံ၊ နာမ်တရားစုအတွင်း၌၊ သတိသမ္ဗောဇ္ဈင်ဂါ၊ သတိသမ္ဗောဇ္ဈင်သည်၊ နတ္ထိတိ၊ မရှိပဟူ၍၊ ဝါ၊ မရှိပါသတည်းဟူ၍၊ ပဇာနာတိ၊ ဘာဝနာပညာဖြင့်သိ၏။

စ၊ ထပ်မံ၍ ညွှန်ပြဦးအံ့၊ ယထာ၊ လျော်ကန်သောနှလုံးမသွင်းခြင်း၊ မရှုပွားခြင်းကြောင့်သော်လည်းကောင်း၊ ဝါ၊ ကာမဝိတက် စသည် တမျိုးမျိုးကြောင့်သော်လည်းကောင်း၊ အနုပ္ပန္နဿ၊ ဖြစ်ပေါ်ခွင့်မရသေးသော၊ သတိသမ္ဗောဇ္ဈင်ဿ၊ သတိသမ္ဗောဇ္ဈင်၏။

ယထာ၊ လျော်ကန်သော နှလုံးသွင်းခြင်း၊ ရှုပွားခြင်းကြောင့်သော်လည်းကောင်း၊ ဝါ၊ ဘာဝနာသက်ပွားခေါ် နေက္ခမ္မဝိတက် အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက် တမျိုးမျိုးကြောင့်သော်လည်းကောင်း၊ (ယထာ ကို ၂ ခါ ပြန်ပေးသည်)၊ ဥပ္ပါဒေါ၊ ဖြစ်ပေါ်လာသည်၊ ဝါ၊ ဖြစ်ပေါ်ခွင့်ရသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုဖြစ်ပေါ်ခွင့်မရပုံနှင့် ဖြစ်ပေါ်ခွင့်ရပုံကိုလည်း၊ ပဇာနာတိ၊ ပညာဖြင့် ခွဲခြား၍ သိမြင်၏။

စ၊ ထပ်မံ၍ ညွှန်ပြဦးအံ့၊ ယထာ၊ လျော်ကန်သော နှလုံးသွင်းခြင်း ရှုပွားခြင်းကြောင့်၊ ဥပ္ပန္နဿ၊ ဖြစ်ပေါ်ခွင့်ရသော၊ သတိသမ္ဗောဇ္ဈင်ဿ၊ သတိ

သမ္မောဇ္ဈင်၏။ ဘာဝနာယ၊ ဘာဝနာကိစ္စ၌။ ဝါ၊ ဘာဝနာအားဖြင့်၊ ပါရိပူရိ၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

တနည်း- ဥပ္ပန္နဿ သတိသမ္မောဇ္ဈင်္ဂဿ၊ ဖြစ်ပေါ်လာသော သတိသမ္မောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားများခြင်းကြောင့်။ ပါရိပူရိ-ဉာဏ် ၂ နယ် ပြည့်စုံလာသည်။ ဝါ၊ အနုဗောဓဉာဏ် အဆင့်ဆင့် ပြည့်လာမှုနှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ခေါ် ပဋိဝေဓဉာဏ် အဆင့်ဆင့် ပြည့်စုံလာမှုသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုအကြောင်းနှင့်အကျိုး ၂ ရပ်လုံးကိုလည်း။ ဝါ၊ ပြည့်စုံစေနိုင်သော အကြောင်းတရားစုနှင့် ပြည့်စုံလာသော အကျိုးတရားစုကိုပါ။ သဲသဲကွဲကွဲ သိမြင်လာ၏။

## ဓမ္မဝိစယ သမ္ဗောဇ္ဈင်

### ပါဠိတော်

သန္တံ ဝါ အဇ္ဈတ္တံ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

ယထာ စ အနုပ္ပန္နဿ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ယထာ စ ဥပ္ပန္နဿ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

### အနက်

အဇ္ဈတ္တံ၊ နာမ်တရားစုအတွင်း၌။ ဝါ၊ အနုဗောဓဉာဏ် ဖြစ်ပေါ်လာရန် မူလတရားများ ဖြစ်ကြသော သောဘနရသီ မဟာကုသိုလ် စိတ္တုပ္ပါဒ်အတွင်း၌၊ သန္တံ၊ ရှိလာပေါ်လာသော။ ဝါ၊ နှလုံးသွင်းမှုနှင့် ရှုပွားမှုကြောင့် ဖြစ်ပေါ်လာသော။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂံ ဝါ သမ္ဗောဇ္ဈင် အဆင့်ဝင် ဓမ္မဝိစယ မျိုးကိုလည်း။ ဝါ၊ အနုဗောဓဉာဏ် အနေနှင့်သိမှုနှင့် ပဋိဝေဓဉာဏ်အနေနှင့် သိမှု ၂ မျိုး၏။ ဧကစိတ်တခုဖြစ်သော ဓမ္မဝိစယကိုလည်း။ မေ၊ ရှုပွားမှုပြုသော ငါယောဂီ၏။ အဇ္ဈတ္တံ၊ နာမ်တရားစုအတွင်း၌။ အနုဗောဓဉာဏ် ဖြစ်ပေါ်လာရန် မူလတရားများ ဖြစ်ကြသော သောဘနရသီ မဟာကုသိုလ် စိတ္တုပ္ပါဒ် အတွင်း၌။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင် အဆင့်ဝင်

ဓမ္မဝိစယမျိုးသည်။ အတ္ထိတိ၊ ရှိလာ ပေါ်လာ ရှိနေ ပေါ်နေ ပါတကား ဟူ၍။ ပဇာနာတိ၊ ရှုပွားသော ဘာဝနာပညာဖြင့် သိ၏။

အမှာ— (ကျန်- အသန္တံ ဝါ စသော ၃ ဝါကျ၌။ သတိသမ္ဗောဇ္ဈင် ဝါကျများနှင့်တူပြီး သတိသမ္ဗောဇ္ဈင် နေရာတွင် ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဟူ၍ ပြောင်းထည့်ရုံသာ ထူးတော့သည်။ ကျန်သော ဝီရိယသမ္ဗောဇ္ဈင် တို့၌လည်း တ ဝါကျသာပေး၍ ကျန် ၃ ဝါကျကို ထိုအတိုင်းမှတ်ပါလေ)။

## ဝီရိယ သမ္ဗောဇ္ဈင်

### ပါဠိတော်

သန္တံ ဝါ အဇ္ဈတ္တံ ဝီရိယ သမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ဝီရိယ သမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

ယထာစ အနုပ္ပန္နဿ ဝီရိယ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ။ တဉ္စ ပဇာနာတိ။

ယထာစ ဥပ္ပန္နဿ ဝီရိယ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရိ ဟောတိ။ တဉ္စ ပဇာနာတိ။

### အနက်

အဇ္ဈတ္တံ၊ နာမ်တရားစုအတွင်း၌၊ ဝါ၊ အနဝဇ္ဇဘောဂ ဖြစ်ပေါ်လာရန် မူလတရားများဖြစ်ကြသော သောဘနရာသိ မဟာကုသိုလ် စိတ္တုပ္ပါဒ်အတွင်း၌။ အသန္တံ၊ ရှိလာ ပေါ်လာသော ဝါ၊ နှလုံးသွင်းမှုနှင့် ရှုပွားမှုကြောင့် ဖြစ်ပေါ်လာသော။ ဝီရိယ သမ္ဗောဇ္ဈင် ဝါ၊ သမ္ဗောဇ္ဈင် အဆင့်ဝင် ဝီရိယ မျိုးကိုလည်း။ ဝါ၊ အနဝဇ္ဇဘောဂ အနေနှင့် သိမှုနှင့် ပဋိဝေဓဘောဂအနေနှင့် သိမှု ၂ မျိုး၏။ အစိတ်တခုဖြစ်သော ဝီရိယမျိုးကို။ မေ၊ ရှုပွားမှုပြုနေသော ငါယောဂီ၏။ အဇ္ဈတ္တံ၊ နာမ်တရားစုအတွင်း၌။ ဝါ၊ အနဝဇ္ဇဘောဂ ဖြစ်ပေါ်လာရန် မူလတရားများ ဖြစ်ကြသော သောဘနရာသိ မဟာကုသိုလ် စိတ္တုပ္ပါဒ်အတွင်း၌။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင် အဆင့်ဝင် ဝီရိယ မျိုးသည်။ အတ္ထိတိ၊ ရှိလာ ပေါ်လာ ရှိနေ ပေါ်နေ ပါတကား ဟူ၍။ ပဇာနာတိ၊ ရှုပွားသော ဘာဝနာပညာဖြင့် သိ၏။

## ပီတိ သမ္ဗောဇ္ဈင်္ဂ

### ပါဠိတော်

သန္တံ ဝါ အဇ္ဈတ္တံ ပီတိ သမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ပီတိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

အသန္တံ ဝါ အဇ္ဈတ္တံ ပီတိ သမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ ပီတိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

ယထာ စ အနုပ္ပန္နဿ ပီတိ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ယထာ စ ဥပ္ပန္နဿ ပီတိ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

### အနက်

အဇ္ဈတ္တံ- နာမ်တရားစုအတွင်း၌။ ဝါ- အနုဗောဓဉာဏ် ဖြစ်ပေါ်လာရန် မူလ တရားများ ဖြစ်ကြသော ယောနိသောမနသိကာရ ဟူသော မဟာကုသိုလ် စိတ္တုပ္ပါဒ် အတွင်း၌။ သန္တံ- ရှိလာ ပေါ်လာသော၊ ဝါ-နှလုံးသွင်းမှုနှင့် ရှုပွားမှုကြောင့် ဖြစ်ပေါ်လာသော၊ ပီတိသမ္ဗောဇ္ဈင်္ဂံ ဝါ- သမ္ဗောဇ္ဈင်္ဂ အဆင့်ဝင် ပီတိမျိုး ကိုလည်း၊ ဝါ- အနုဗောဓဉာဏ် အမြင်နှင့် သိမှုနှင့်၊ ပဋိဝေဓဉာဏ်အမြင်နှင့် သိမှု ၂ မျိုး၏၊ အစိတ်တစ်ခုဖြစ်သော ပီတိ- မျိုးကို။ မေ- ရှုပွားမှု ပြုနေသော ငါ ယောဂီ၏။ အဇ္ဈတ္တံ- နာမ်တရားစုအတွင်း၌။ ဝါ- အနုဗောဓဉာဏ်ဖြစ်ပေါ် လာရန် မူလတရားများဖြစ်ကြသော ယောနိသောမနသိကာရ မဟာကုသိုလ်စိတ္တုပ္ပါဒ် အတွင်း၌၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ- သမ္ဗောဇ္ဈင်္ဂ အဆင့်ဝင်ပီတိမျိုးသည်၊ အတ္ထိ- ရှိလာ ပေါ်လာ၊ ရှိနေ ပေါ်နေပါ၏ ဟူ၍၊ ပဇာနာတိ-ရှုပွားသော ဘာဝနာ ပညာဖြင့် သိ၏။

## ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ

### ပါဠိတော်

သန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂံ အတ္ထိမေ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ၊

အသန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂံ နတ္ထိမေ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

ယထာစ အနုပ္ပန္နဿ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

ယထာစ ဥပ္ပန္နဿ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

## အနက်

အဇ္ဈတ္တံ- နာမ်ဘုရားစုအတွင်း၌။ ဝါ-အနုဗောဓဉာဏ် ဖြစ်ပေါ်လာရန် မူလတရားများ ဖြစ်ကြသော သောဘနရာသိ မဟာကုသိုလ် စိတ္တုပ္ပာဒ် အတွင်း၌။သန္တံ- ရှိလာ ပေါ်လာသော၊ ဝါ- နှလုံးသွင်းမှုနှင့် ရှုပွားမှုကြောင့် ဖြစ်ပေါ်လာသော။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂံ၊ ဝါ-သမ္ဗောဇ္ဈင် အဆင့်ဝင်ပဿဒ္ဓိ မျိုးကိုလည်း။ ဝါ-အနုဗောဓဉာဏ် အနေနှင့် သိမှုနှင့် ပဋိဝေဓဉာဏ် အနေနှင့် သိမှု ၂ မျိုး၏၊ အစိတ်တခု ဖြစ်သော၊ ပဿဒ္ဓိမျိုးကို။ မေ- ရှုပွားမှုပြုနေသော ငါ ယောဂီ၏။ အဇ္ဈတ္တံ-နာမ်တရားစု အတွင်း၌။ ဝါ- အနုဗောဓဉာဏ် ဖြစ်ပေါ်လာရန် မူလဘုရားများ ဖြစ်ကြသော သောဘနရာသိ မဟာကုသိုလ် စိတ္တုပ္ပာဒ်အတွင်း၌။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ- သမ္ဗောဇ္ဈင် အဆင့်ဝင် ပဿဒ္ဓိ မျိုးသည်။ အတ္ထိတိ- ရှိလာ ပေါ်လာ၊ ရှိနေ ပေါ်နေပါတကားဟူ၍၊ ပဇာနာတိ-ရှုပွားသော ဘာဝနာပညာဖြင့် သိ၏။

## သမာဓိ သမ္ဗောဇ္ဈင်္ဂံ

## ပါဠိတော်

သန္တံဝါ အဇ္ဈတ္တံ သမာဓိ သမ္ဗောဇ္ဈင်္ဂံ အတ္ထိမေ အဇ္ဈတ္တံ သမာဓိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

အသန္တံဝါ အဇ္ဈတ္တံ သမာဓိ သမ္ဗောဇ္ဈင်္ဂံ နတ္ထိမေ အဇ္ဈတ္တံ သမာဓိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

ယထာစ အနုပ္ပန္နဿ သမာဓိ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ယထာစ ဥပ္ပန္နဿ သမာဓိ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

## အနက်

အဇ္ဈတ္တံ- နာမ်တရားစုအတွင်း၌။ ဝါ- အနုဗောဓဉာဏ် ဖြစ်ပေါ်လာရန် မူလတရားများ ဖြစ်ကြသော သောဘနရာသီ မဟာကုသိုလ် စိတ္တုပ္ပါဒ် အတွင်း၌။ သန္တံ- ရှိလာ ပေါ်လာသော။ ဝါ- နှလုံးသွင်းမှုနှင့် ရှုပွားမှုကြောင့်ဖြစ်ပေါ်လာသော။ သမာဓိ သမ္ဗောဇ္ဈင်္ဂံ ဝါ- သမ္ဗောဇ္ဈင်အဆင့်ဝင် သမာဓိမျိုးကိုလည်း။ ဝါ- အနုဗောဓဉာဏ်အနေနှင့် သိမှုနှင့်၊ ပဋိဝေဓဉာဏ် အနေနှင့် သိမှု ၂ မျိုး၏။ အစိတ်တခုဖြစ်သော သမာဓိမျိုးကိုလည်း။ မေ- ရှုပွားမှု ပြုနေသော ငါယောဂီ၏။ အဇ္ဈတ္တံ- နာမ်တရားစုအတွင်း၌။ ဝါ- အနုဗောဓဉာဏ် ဖြစ်ပေါ်လာရန် မူလတရားများ ဖြစ်ကြသော သောဘနရာသီ မဟာကုသိုလ် စိတ္တုပ္ပါဒ်အတွင်း၌။ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ- သမ္ဗောဇ္ဈင် အဆင့်ဝင် သမာဓိမျိုးသည်။ အတ္ထိတိ- ရှိလာ ပေါ်လာ၊ ရှိနေ ပေါ်နေပါ တကားဟူ၍။ ပဇာနာတိ- ရှုပွားသော ဘာဝနာပညာဖြင့် သိ၏။

## ဥပက္ခာ သမ္ဗောဇ္ဈင်္ဂံ

## ပါဠိတော်

သန္တံ ဝါ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ တိ ပဇာနာတိ။

အသန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ တိ ပဇာနာတိ။

ယထာ စ အနုပ္ပန္နဿ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ။ တဉ္စ ပဇာနာတိ။

ယထာ စ ဥပ္ပန္နဿ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ။ တဉ္စ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ- ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ သမုဒယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယ ဓမ္မာ နုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယ ဝယ ဓမ္မာ နုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏ မတ္တာယ၊ ပဋိဿတိ မတ္တာယ။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ

ဥပါဒိယတိ။ ဝေဝံ့ ခေါ ဘိက္ခဝေ ဘိက္ခု မဟ္မေသု မဟ္မာ နုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။

ဗောဇ္ဈင်္ဂ ပဗ္ဗံ နိဋ္ဌိတံ။

---

အနက်

အဇ္ဈတ္တံ၊ နာမ်တရားစုအတွင်း၌၊ ဝါ၊ အနုဗောဓဉာဏ် ဖြစ်ပေါ်လာရန် မူလတရားများဖြစ်ကြသော သောတာနုရာသိမဟာကုသိုလ် စိတ္တုပ္ပါဒ်အတွင်း၌။ ထန္တံ၊ ရှိလာ ပေါ်လာသော။ ဝါ၊ နှလုံးသွင်းမှုနှင့် ရှုပွားမှုကြောင့် ဖြစ်ပေါ်လာသော။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ ဝါ၊ သမ္ဗောဇ္ဈင်္ဂ အဆင့်ဝင် ဥပေက္ခာမျိုးကိုလည်း။ ဝါ၊ အနုဗောဓဉာဏ် အနေနှင့် သိမှုနှင့် ပဋိဝေဓ ဉာဏ်အနေနှင့် သိမှု ၂ မျိုး၏၊ အစိတ်တခုဖြစ်သော ဥပေက္ခာမျိုးကိုလည်း မေ- ရှုပွားမှုပြုနေသော ငါယောဂီ၏၊ အဇ္ဈတ္တံ- နာမ်တရားစု အတွင်း၌၊ ဝါ- အနုဗောဓဉာဏ် ဖြစ်ပေါ်လာရန် မူလ တရားများ ဖြစ်ကြသော သောတာနုရာသိ မဟာကုသိုလ် စိတ္တုပ္ပါဒ် အတွင်း၌၊ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ- သမ္ဗောဇ္ဈင်္ဂအဆင့်ဝင် ဥပေက္ခာမျိုးသည်။ အတ္ထိ-ရှိလာ ပေါ်လာ၊ ရှိနေ ပေါ်နေပါတကားဟူ၍။ ပဇာနာတိ-ရှုပွားသော ဘာဝနာပညာဖြင့် သိ၏။

အမှာ (ကျန်- ဣတိ- အဇ္ဈတ္တံဝါ- စသော ပါဠိတော်၏ အနက်များ ရှေ့နည်းကိုမှီ၍ ပေါ်လေ။ မဓက ပြီ)

ဗောဇ္ဈင်္ဂပဗ္ဗ- ဗောဇ္ဈင်ပိုင်းသည်။ နိဋ္ဌိတံ- ပြီးပြီ။

---

၄။ မဟ္မာနုပဿနာ၊ ၅။ သစ္စပဗ္ဗ

ပါဠိတော်

ပုန စပရံ ဘိက္ခဝေ ဘိက္ခု မဟ္မေသု မဟ္မာနုပဿီ ဝိဟရတိ၊ စတူသု အရိယ- သစ္စေသု။ ကထဉ္စပန ဘိက္ခဝေ ဘိက္ခု မဟ္မေသု မဟ္မာ နု ပဿီ ဝိဟရတိ စတူသု အရိယ သစ္စေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု။

၁။ ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။

၂။ အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ။

၃။ အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ။

၄။ အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။

## အနက်

ဘိက္ခဝေ- ရဟန်းတို့၊ စ- ဗောဇ္ဈင် ရှုနည်းမှတပါး သစ္စာမေ့ ရှုနည်းကို ညွှန်ပြဦးအံ့။ ဝါ- ဓမ္မာနုပဿနာ ရှုနည်းတမျိုးကို ညွှန်ပြဦးအံ့။ ဝါ- ဗောဇ္ဈင် ၇ ပါးတို့ကို အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ်တို့ ပေါ်ထွက်လာအောင် ဓမ္မာနုပဿနာနည်းဖြင့် ရှုပွားယူနိုင်သလို သစ္စာလေးပါးတို့ကိုလည်း အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ်တို့ ပေါ်ထွက်လာအောင် ဓမ္မာနုပဿနာ ရှုနည်းဖြင့် ရှုပွားနိုင်ပုံကို ညွှန်ပြဦးအံ့။

ပုန- ထပ်ဆင့်၍၊ အပရံ- ရှုပွားပုံ နောက်တနည်းကား ဘိက္ခု- ယောဂီရဟန်းသည်။ အရိယ သစ္စေသု- အရိယာတို့သာ သိမြင်အပ် သိမြင်နိုင်သည့် အမှန်တရား ဖြစ်ကုန်သော။ စတူသု ဓမ္မေသု တရား ၄ မျိုးတို့၌။ ဓမ္မာနုပဿီ-သစ္စာဓမ္မအပြစ်ဖြင့် အထပ်ထပ်ရှုပွားလျက်၊ ဝိဟရတိ နေ၏။

ဘိက္ခဝေ- ရဟန်းတို့။ ဘိက္ခု- ယောဂီရဟန်းသည်။ စတူသု အရိယ သစ္စေသု ဓမ္မေသု- အရိယာတို့သာ သိမြင်အပ် သိမြင်နိုင်သော သစ္စာ ၄ ချက်တို့၌။ ကထဉ္စ ဓမ္မာနုပဿီ-အဘယ်သို့ သစ္စာဓမ္မ သဘာဝအနေဖြင့် ရှုပွားလျက်။ ဝိဟရတိ- နေသနည်း။

ဘိက္ခဝေ- ရဟန်းတို့၊ ဣဓ ဘိက္ခု- ငါဘုရား၏ အဆုံးအမ ခေါ် သာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်။

## ဒုက္ခသစ္စာ

၁။ ဒုက္ခံ- ဆင်းရဲနယ် ဆင်းရဲချိုး ဆင်းရဲချက် ဆင်းရဲခံ ဆင်းရဲကြုံရ ဆင်းရဲသဘာဝသည်။ ဝါ- အရိယာတို့သိမြင်သော ဆင်းရဲအစစ်မျိုးဟူသည်။ ဣဒံ ဣတိ- ဓမ္မစု ဤသဘာဝစုပေတည်း။ ဝါ- ဤဓမ္မစု ဤသဘာဝစုပေတကား ဟူ၍၊ ယထာဘူတံ- သဘာဝ အမှန်အတိုင်း။ ပဇာနာတိ- အနုဗောဓနှင့် ပဋိဝေဓဉာဏ် ၂ နယ်ဖြင့် သိမြင်၏။

တနည်း- ဣဒံ- ဤဖော်ပြလတ္တံ့ ဓမ္မစု သဘာဝသည်။ ဒုက္ခန္တိ- ဆင်းရဲအရ ပေသည်း။ ဂါ- ဆင်းရဲနှယ် ဆင်းရဲမျိုး ဆင်းရဲဒုက် ဆင်းရဲခံ ဆင်းရဲကြုံရ ဆင်းရဲသဘာဝပေတည်း။ ဝါ- အရိယာကျိုးသိမြင်သော ဆင်းရဲအစစ်မျိုး ပေတကားဟူ၍။ ယထာဘူတံ- သဘာဝအတိုင်း ပဇာနာတိ- အနုဗောဓနှင့် ပဋိဝေဓဉာဏ် ၂ နယ်ဖြင့် သိမြင်၏။

## သမုဒယ သစ္စာ

၂။ ဒုက္ခသမုဒယော- ဆင်းရဲအများစု၏ ဖြစ်ပေါ်လာရခြင်းသည်။ ဝါ- ဆင်းရဲအများစုတို့ကို ဖြစ်ပေါ်စေသော အကြောင်းရင်းလက်သည် တရားခံသည်။ အယန္တိ- ဤတဏှာပေတကားဟူ၍။ ယထာဘူတံ- ရှိရင်းသဘာဝမှန်အတိုင်း။ ပဇာနာတိ- အနုဗောဓဉာဏ် ပဋိဝေဓဉာဏ် ၂ နယ်ဖြင့် သိမြင်၏။

တနည်း- အယံ- ကပ်ငြိတတ် နှစ်သက်တတ် စွဲကပ်တတ်သော ဤတဏှာသည်၊ ဒုက္ခသမုဒယောတိ- ဆင်းရဲအများစုတို့ကို ဖြစ်ပေါ်စေသော အကြောင်းလက်သည် တရားခံပေတကား ဟူ၍။ ယထာဘူတံ- ရှိရင်းသဘာဝမှန် အတိုင်း။ ပဇာနာတိ- အနုဗောဓဉာဏ် ပဋိဝေဓဉာဏ် ၂ နယ်ဖြင့် သိမြင်၏။

## နိရောဓသစ္စာ

၃။ ဒုက္ခနိရောဓော-ဆင်းရဲအားလုံးတို့၏ ချုပ်ငြိမ်းရာသည်။ ဝါ-ဆင်းရဲအားလုံးနှင့်တကွ ဆင်းရဲကို ဖြစ်စေတတ်သော၊ အကြောင်းရင်းအားလုံးတို့၏ ချုပ်ငြိမ်းရာသည်။ အယန္တိ-ဤနိဗ္ဗာန ဓာတ်ပေတကားဟူ၍။ ယထာဘူတံ-ရှိရင်း သဘာဝမှန်အတိုင်း။ ပဇာနာတိ-အနုဗောဓဉာဏ် ပဋိဝေဓဉာဏ် ၂ နယ်ဖြင့် သိမြင်၏။

တနည်း။ အယံ-ဤနိဗ္ဗာနဓာတ်သည်၊ ဒုက္ခနိရောဓော-ဆင်းရဲအားလုံးနှင့်တကွ ဆင်းရဲကို ဖြစ်စေတတ်သော အကြောင်းရင်းအားလုံးတို့၏ ချုပ်ရာပေတကားဟူ၍။ ယထာဘူတံ-ရှိရင်း သဘာဝမှန်အတိုင်း။ ပဇာနာတိ-အနုဗောဓဉာဏ် ပဋိဝေဓဉာဏ် ၂ နယ်ဖြင့် သိမြင်၏။

## မဂ္ဂသစ္စာ

၄။ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ-ဆင်းရဲအားလုံးတို့နှင့်တကွ ဆင်းရဲကိုဖြစ် စေတတ်သော အကြောင်းရင်းအားလုံးတို့၏ ချုပ်ငြိမ်းရာသို့ရောက်ကြောင်း

အကျောင့်မြဲသည်။ အယန္တ-အမှန်ကို မြင်တတ် မြင်နိုင်သည့် သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးတရားပါတကားဟူ၊ ယထာဘူတံ-ရှိရင်း သဘာဝမှန်အတိုင်း၊ ပဇာနာတိ-အနုဗောဓဉာဏ် ပဋိဝေဓဉာဏ် ၂ နယ်ဖြင့် သိမြင်၏။

တနည်း၊ အယံ-အမှန်ကို မြင်တတ် မြင်နိုင်သည့် သမ္မာဒိဋ္ဌိ စသော ဤ မဂ္ဂင်ရှစ်ပါးတရားသည်။ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါဟိ-ဆင်းရဲကိုဖြစ်စေတတ်သော အကြောင်းရင်းအ ၊လုံးနှင့်တကွ ဆင်းရဲအားလုံးတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း၊ ဝါ-ရောက်စေနိုင်သော အကျင့်မြဲပါတကားဟူ၍၊ ယထာဘူတံ-ရှိရင်း သဘာဝမှန်အတိုင်း၊ ပဇာနာတိ-အနုဗောဓဉာဏ်နှင့် ပဋိဝေဓ ဉာဏ် ၂ နယ်ဖြင့် သိမြင်၏။

သစ္စဥဒ္ဒေသ ပြီး၏။

---

## ဒုက္ခသစ္စာနိဒ္ဒေသ

## ပါဠိတော်

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏံပိ ဒုက္ခံ၊ သောကပရိဒေဝဒုက္ခ ဒေါမနဿု ပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါပိ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါပိ ဒုက္ခော၊ ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ဒုက္ခာ။

## အနက်

စ-သစ္စာလေးပါးကို အကျဉ်း ညွှန်ပြပြီး၍ အကျယ်အားဖြင့် တဖန် ညွှန်ပြပေဦးအံ့။

ဘိက္ခဝေ-ရဟန်းတို့။ ကတမံ-အဘယ်ကိစ္စ အဘယ်သဘာဝ အဘယ်အချက်သည်၊ ဒုက္ခံအရိယသစ္စံ-အရိယာဉာဏ်မြင် ဒုက္ခအစစ်ဖြစ်ပါသနည်း။

တနည်း၊ ဒုက္ခံအရိယသစ္စံ- အရိယာဉာဏ်မြင် ဒုက္ခအစစ်ဟူသည်။ ကတမံ-အဘယ်ကိစ္စ အဘယ်သဘာဝ အဘယ်အချက်ပါနည်း။

၁။ ဇာတိ-ဘဝဘခုအဖြစ်ဖြင့် ဖြစ်လာခြ ဖြစ်ခြနေရမှုဟူသမျှသည်၊ ဝါ-ပဋိသန္ဓေခါ ဘဝဟောင်းတခုနှင့် ဘဝသစ်တခုသို့ တွဲစပ်၍ ရုပ်ဇာတိသော်လည်းကောင်း၊ နာမ်ဇာတိသော်လည်းကောင်း၊ ရုပ် နာမ် ၂ ခုတွဲ ဇာတိသော်

လည်း၊ကောင်း ဖြစ်လာရ ဖြစ်နေရမှု ဟူသမျှသည်လည်း၊ ဒုက္ခာ-သုခမဟုတ် ဒုက္ခဖြစ်၏၊ ဝါ-ချမ်းသာမှုမဟုတ် ဆင်းရဲမှုသာဖြစ်၏။

၂။ ဇရာပိ-ဟောင်းနွမ်းဆွေးမြေ့ ရင့်ရော်အိုမင်းခြင်းသည်လည်း။ ဒုက္ခာ-ချမ်းသာမဟုတ် ဆင်းရဲမှုသာဖြစ်၏။

၃။ မရဏံပိ-အသက်ကုန်ခြင်းကြောင့်သော်လည်းကောင်း၊ ကံကုန်ခြင်းကြောင့်သော်လည်း၊ အသက် ကံ ၂ မျိုးလုံး ကုန်ခြင်းကြောင့်သော်လည်းကောင်း၊ ဥပစ္ဆေဒကံ တမျိုးမျိုးကြောင့်သော်လည်းကောင်း၊ ဇီဝိန်လွှတ်ကင်းသေရခြင်းသည်လည်း၊ ဒုက္ခံ-ချမ်းသာမဟုတ် ဆင်းရဲမှုသာဖြစ်၏။

၄။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ပါယာသာပိ-ကြောင့်ကြစိုးရိမ်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်နှလုံး မရွှင်ပျ မသာသာခြင်း၊ စိတ်နှလုံး ဝမ်းနည်း ဆင်းရဲမှု လွန်ကဲခြင်းတို့သည်လည်း။ ဒုက္ခာ-ချမ်းသာမှုတို့မဟုတ် ဆင်းရဲမှုတို့သာတည်း။

၅။ အပ္ပိယေဟိ သမ္ပယောဂေါပိ-မချစ် မနှစ်သက်အပ်ကုန်သော အာရုံအမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးမျိုး၊ သတ္တဝါအမျိုးမျိုး၊ သင်္ခါရအမျိုးမျိုးတို့နှင့် တွေ့ကြုံပေါင်းသင်း ဆက်စပ်နေရခြင်းသည်လည်း။ ဒုက္ခာ-ချမ်းသာမှုမဟုတ် ဆင်းရဲမှုသာတည်း၊

၆။ ပိယေဟိ ဝိပ္ပယောဂေါပိ-ချစ်ခင် မြတ်နိုး နှစ်သက်အပ်ကုန်သော၊ အာရုံအမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးမျိုး၊ သတ္တဝါအမျိုးမျိုး၊ သင်္ခါရအမျိုးမျိုးတို့နှင့် ကွဲကွာနေရခြင်း ခွဲခွာနေရခြင်း မဆက်စပ်ပဲ နေရခြင်းသည်လည်း။ ဒုက္ခာ-ချမ်းသာမှုမဟုတ် ဆင်းရဲမှုသာတည်း။

၇။ ယံ ယေန-အကြင် အနုသယကိုသေသာကို မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ မပယ်သတ်ရသေးသောအကြောင်းဖြင့်။ ဣစ္ဆမ္ပိ-ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှုစသော ဆင်းရဲတို့မှ လွတ်မြောက်လိုမှုကို အလိုရှိသည်ဖြစ်ပါလျက်လည်း။ နလဘတိ-အကြောင်းခံမဟုတ်သဖြင့် မရရှိပြန်ပေ။ တမ္ပိ-ထိုအကြောင်းခံ မဟုတ်ခြင်း အကြောင်းခံမဟုတ်သဖြင့် လိုလားသည်ကို မရခြင်းသည်လည်း။ ဒုက္ခံ-ချမ်းသာမှုမဟုတ် ဆင်းရဲမှုသာတည်း။ သံခိတ္တေန-အကျဉ်းချုပ်အားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ-ငါးပါးကုန်သော ဥပါဒါန်တို့၏ အာရုံအနေဖြင့် တည်ရှိကုန်သော ခန္ဓာတို့သည်၊ ဒုက္ခာ-ချမ်းသာမဟုတ် ဆင်းရဲမှုသာတည်း။

## ဇာတိဒုက္ခ

### ပါဠိတော်

ကတမာ စ ဘိက္ခဝေ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။

### အနက်

ဘိက္ခဝေ-ရဟန်းတို့၊ ဇာတိ ဇာတိဟူသည်။ ကတမာစ-အဘယ်နည်းဟူမူကား။ ဘိက္ခဝေ-ရဟန်းတို့၊ တေသံ တေသံ သတ္တာနံ-ထိုထိုသတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာယေ-ထိုထိုသတ္တဝါအပေါင်း၌၊ ယာဇာတိ-အကြင် ရှေးဦးစွာ ဘဝဖြစ်ခြင်းသည်။ ယာသဉ္ဇာတိ-အကြင် ပြည့်ပြည့်စုံစုံဘဝဖြစ်ခြင်းသည်။ ယာဩက္ကန္တိ-အကြင်ဥခွံဘွင်း အမိဝမ်းတွင်းသို့ သက်ဝင်ခြင်းသည်၊ ယာအဘိနိဗ္ဗတ္တိ-အကြင် သံသေဒဇ ဥပပါတ်တို့၏ ဘဝသစ်၌ ကိုယ်ထင်ရှားဖြစ်ခြင်းသည်။ ခန္ဓာနံ-တပါး လေးပါး ငါးပါးကုန်သော ဘဝသစ် ခန္ဓာတို့၏။ ယောပါတုဘာဝေါ-အကြင် ထင်ရှားဖြစ်ခြင်းသည်၊ အာယတနာနံ-စက္ခုစသော အာယတနတို့ကို။ ယောပဋိလာဘော-အကြင် ရခြင်းသည်။ အတ္ထိ-ရှိ၏၊ ဘိက္ခဝေ-ရဟန်းတို့။ အယံ-ဤညွှန်ပြခဲ့သောသဘောကို။ ဇာတိ-ဇာတိ မည်၏ဟူ၍။ ဝုစ္စတိ-ဆိုအပ်၏။

## ဇရာဒုက္ခ

### ပါဠိတော်

ကတမာ စ ဘိက္ခဝေ ဇရာ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ၊ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇရာ။

### အနက်

ဘိက္ခဝေ-ရဟန်းတို့ ဇရာ-ဇရာဟူသည်၊ ကတမာစ-အဘယ်နည်းဟူမူကား။ တေသံ တေသံ သတ္တာနံ-ထိုထိုသတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာယေ-ထိုထိုသတ္တဝါအပေါင်း၌၊ ယာဇရာ-အကြင် အိုခြင်းသည်။ ယာဇီရဏတာ-အကြင် ဆွေးမြေ့ရင့်ရော်ခြင်းသည်။ ယံခဏ္ဍိစ္စံ-အကြင် သွားကျိုးသည်၏အဖြစ်သည်။ ယံပါလိစ္စံ-အကြင် ဆံပြူသည်၏အဖြစ်သည်၊ အာယုနော-ရုပ်ဇီဝိတ်တို့နှင့်

နာမ်ဇီဝိတိန္ဒြေတို့၏၊ ယာသံဟာနိ-အကြင်ယုတ်ခြင်းသည်၊ ဣန္ဒြိယာနံ-စက္ခု စသော ဣန္ဒြေတို့၏၊ ယောပရိပါကော-အကြင် ရင့်ကျက်ခြင်းသည်၊ ဣတ္ထိ- ရှိ၏၊ ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤညွှန်ပြခဲ့သော သဘောကို၊ ဇရာ-ဇရာ ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

## မရဏဒုက္ခ

## ပါဠိတော်

ကတမဉ္စ ဘိက္ခဝေ မရဏံ၊ ယံ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စုမရဏံ ကာလံ ကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿနိက္ခေပေါ၊ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ မရဏံ။

## အနက်

ဘိက္ခဝေ-ရဟန်းတို့၊ မရဏံ-မရဏဟူသည်၊ ကတမဉ္စ-အဘယ်နည်းဟူမူ ကား၊ ဘိက္ခဝေ-ရဟန်းတို့၊ တေသံ တေသံ သတ္တာနံ-ထိုထိုသတ္တဝါတို့၏၊ တမှာ တမှာ သတ္တနိကာယာ-ထိုထိုသတ္တဝါတို့၏နေရာမှ၊ ယာစုတိ-အကြင် ရွေ့လျော့ခြင်းသည်၊ ယာစဝနတာ-အကြင် ရွေ့လျောသော အခြင်းအရာ သည်၊ ယောဘေဒေါ-အကြင် ခန္ဓာပျက်ခြင်းသည်၊ ယံ အန္တရဓာနံ-အကြင် ခန္ဓာကွယ်ခြင်းသည်၊ ယောမစ္စု-အကြင် သေခြင်းသည်၊ ယံ မရဏံ-အကြင် အသက်ကို စွန့်ရခြင်းသည်၊ ယာကာလံကိရိယာ-အကြင် သေခြင်းကို ပြုခြင်း သည်၊ ခန္ဓာနံ-ခန္ဓာတို့၏၊ ယောဘေဒေါ-အကြင် ပျက်ခြင်းသည်၊ ကဠေဝရဿ-ကိုယ်ကောင်ကြီးကို၊ ယောနိက္ခေပေါ-အကြင် ပစ်ချခြင်းသည်၊ ဇီဝိတိန္ဒြိယဿ-ဇီဝိတိန္ဒြေ၏၊ ယောဥပစ္ဆေဒေါ-အကြင် ချုပ်ပြတ်ခြင်းသည်၊ အတ္ထိ-ရှိ၏၊ ဘိက္ခဝေ-ရဟန်းတို့၊ ဣဒံ-ဤညွှန်ပြခဲ့သောသဘောကို၊ မရဏံ- မရဏဟူ၍၊ ဝါ-သေခြင်းဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

## သောကဒုက္ခ

## ပါဠိတော်

ကတမော စ ဘိက္ခဝေ သောကော၊ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ

သောကော သောစနာ သောစိတတ္တံ အန္တောသောကော အန္တောပရိသောကော အယံ ဝုစ္စတိ ဘိက္ခဝေ သောကော။

## အနက်

ဘိက္ခဝေ-ရဟန်းတို့၊ သောကော-စိုးရိမ်ခြင်းဟူသည်။ကတမော စ-အဘယ်နည်းဟူမူကား။ အညတရညတရေန-အမှတ်မဲ့ တပါးပါးသော။ ဗျသနေန-မိဘ ဆွေမျိုး သားသမီးစသည် ပျက်စီးခြင်းဖြင့်။ သမန္နာဂတဿ-ဖိစီးနှိပ်စက်ခံရသောသူ၏လည်းကောင်း။ အညတရညတရေန-အမှတ်မဲ့တပါးပါးသော။ ဒုက္ခဓမ္မေန-ဆင်းရဲကို ဖြစ်စေနိုင်သောအာရုံဖြင့်။ ဖုဋ္ဌဿ-တွေ့ကြုံခံစားရသောသူ၏လည်းကောင်း။ ယော သောကော-အကြင် စိုးရိမ်ခြင်းသည်။ ယာ သောစနာ-အကြင် စိုးရိမ်သော အသွင်အပြင်သည်။ ယံ သောစိတတ္တံ-အကြင် စိုးရိမ်သည်၏အဖြစ်သည်။ ယော အန္တောသောကော-အကြင်အတွင်း၌ စိုးရိမ်ခြင်းသည်။ ယော အန္တော ပရိသောကော-အကြင် အတွင်း၌ ပြင်းစွာ စိုးရိမ်ခြင်းသည်။ အတ္ထိ-ရှိ၏။ ဘိက္ခဝေ-ရဟန်းတို့။ အယံ-ဤ ညွှန်ပြခဲ့သော သဘောကို။ သောကော-သောကဟူ၍။ ဝါ-စိုးရိမ်ခြင်းဟူ၍။ ဝုစ္စတိ-ဆိုအပ်၏။

## ပရိဒေဝဒုက္ခ

### ပါဠိတော်

ကတမော စ ဘိက္ခဝေ ပရိဒေဝေါ၊ ယော ခေါ ဘိက္ခဝေ အညတရည တရေန ဗျသနေန သမန္နာဂတဿ အညတည တရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပရိဒေဝေါ။

## အနက်

ဘိက္ခဝေ-ရဟန်းတို့။ ပရိဒေဝေါ-ငိုကြွေး မြည်တမ်းခြင်းဟူသည်။ ကတမော စ-အဘယ်နည်းဟူမူကား။ ဘိက္ခဝေ-ရဟန်းတို့။ အညတရညတရေန-အမှတ်မဲ့ တပါးပါးသော။ ဗျသနေန-မိဘ ဆွေမျိုး သားသမီး စသည် ပျက်စီးခြင်းဖြင့်။ သမန္နာဂတဿ-ဖိစီး နှိပ်စက်ခံရသောသူ၏လည်းကောင်း။ အညတရညတရေန-အမှတ်မဲ့ တပါးပါးသော။ ဒုက္ခဓမ္မေန-ဆင်းရဲကို ဖြစ်စေနိုင်သောအာရုံဖြင့်။ ဖုဋ္ဌဿ-တွေ့ကြုံခံစားရသောသူ၏လည်းကောင်း။ ယော အာဒေဝေါ-အကြင် ပျက်စီးသွားသော ဆွေမျိုး မိဘ ပစ္စည်း ဥစ္စာ စသည်

တစုံတခုကို ရည်ညွှန်း၍ ငိုမြည်တမ်းခြင်းသည်။ ယော ပရိဒေဝေါ-အကြင် ပျက်စီးသွားသော ဆွေမျိုး၊ မိဘ ပစ္စည်းဥစ္စာစသည် တစုံတခု၏ ဂုဏ် ကျေးဇူးကိုဆို၍ ငိုမြည်တမ်းခြင်းသည်။ ယာအာဒေဝနာ-အကြင်ရည်ညွှန်း၍ ငိုမြည်တမ်းသော အသွင်အပြင်သည်၊ ယာပရိဒေဝနာ-အကြင် ဂုဏ်ကျေးဇူးကို ပြောဆို၍ ငိုမြည်တမ်းသော အသွင်အပြင်သည်၊ ယံ အာဒေဝိတတ္တံ အကြင် ရည်ညွှန်း၍ ငိုမြည်တမ်းသည်၏အဖြစ်သည်၊ ယံ ပရိဒေဝိတတ္တံ-အကြင် ဂုဏ် ကျေးဇူးကို ပြောဆို၍ ငိုမြည်တမ်းသည်၏အဖြစ်သည်။ အတ္ထိ-ရှိ၏၊ ဘိက္ခဝေ-ရဟန်းတို့။ အယံ-ဤညွှန်ပြခဲ့သောသဘောကို။ ပရိဒေဝေါ-ငိုကြွေးမြည်တမ်း ခြင်းဟူ၍။ ဝုစ္စတိ-ဆိုအပ်၏။

## ဒုက္ခ—ဒုက္ခ

## ပါဠိတော်

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ၊ ယံ ခေါ ဘိက္ခဝေ ကာယိကံ ဒုက္ခံ ကာယိကံ အသာတံ ကာယ သမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ။

## အနက်

ဘိက္ခဝေ-ရဟန်းတို့၊ ဒုက္ခံ-ဒုက္ခဟူသည်၊ ကတမဉ္စ-အဘယ်နည်းဟူမူကား၊ ဘိက္ခဝေ-ရဟန်းတို့၊ ယံ ကာယိကံ ဒုက္ခံ-အကြင် ရုပ်ပေါ်မှာ ကျရောက် သောဆင်းရဲသည်။ ယံ ကာယိကံ အသာတံ-အကြင် ရုပ်ပေါ်မှာကျရောက် သော မခံသာဖွယ်သည်၊ ယံ ကာယသမ္ဖဿဇံ ဒုက္ခံ-အကြင် ရုပ်ပေါ်မှာ ကျရောက်သော အတွေ့ကြောင့်ဖြစ်သော ဆင်းရဲသည်၊ ယံ အသာတံဝေဒယိတံ-အကြင် မနှစ်သက် မသာယာဖွယ်သော ခံစားမှုသည်၊ အတ္ထိ-ရှိ၏၊ ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤညွှန်ပြခဲ့သောသဘောကို။ ဒုက္ခံ-ဒုက္ခဟူ၍၊ ဝါ-ကိုယ် ဆင်းရဲခြင်းဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

## ဒေါမနဿဒုက္ခ

## ပါဠိတော်

ကတမဉ္စ ဘိက္ခဝေ ဒေါမနဿံ၊ ယံ ခေါ ဘိက္ခဝေ စေတသိကံ ဒုက္ခံ စေတသိကံ အသာတံ မနောသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒေါမနဿံ။

## အနက်

ဘိက္ခဝေ-ရဟန်းတို့၊ ဒေါမနဿံ-ဒေါမနဿဟူသည်၊ ဝါ-နှလုံးမသာယာခြင်းဟူသည်၊ ကတမဉ္စ-အဘယ်နည်းဟူမူကား၊ ဘိက္ခဝေ-ရဟန်းတို့၊ ယံ-စေတသိကံ ဒုက္ခံ-အကြင် စိတ်၌ပေါ်မှု ကျရောက်သောဆင်းရဲသည်၊ ယံ-စေတသိကံ အသာတံ-အကြင် စိတ်ပေါ်မှု ကျရောက်သော မခံသာဖွယ်သည်၊ ယံ-မနောသမ္ဖဿဇံ ဒုက္ခံ-အကြင် စိတ်ပေါ်မှု ကျရောက်သော အတွေ့ကြောင့် ဖြစ်သော ဆင်းရဲသည်၊ ယံ အသာတံ ဝေဒယိတံ-အကြင် မနှစ်သက်မသာယာဖွယ်သော ခံစားမှုသည်၊ အတ္ထိ-ရှိ၏၊ ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤညွှန်ပြခဲ့သောသဘောကို၊ ဒေါမနဿံ-ဒေါမနဿဟူ၍၊ ဝါ-စိတ်ဆင်းရဲခြင်းဟူ၍၊ ဝါ-စိတ်နှလုံး မသာယာခြင်းဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

## ဥပါယာသဒုက္ခ

## ပါဠိတော်

ကတမော စ ဘိက္ခဝေ ဥပါယာသော၊ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော အာယာသိတတ္တံ ဥပါယာသိတတ္တံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဥပါယာသော။

## အနက်

ဘိက္ခဝေ-ရဟန်းတို့၊ ဥပါယာသော-စိတ်၏ ပြင်းစွာ ပင်ပန်းခြင်းဟူသည်၊ ကတမော စ-အဘယ်နည်းဟူမူကား၊ ဘိက္ခဝေ-ရဟန်းတို့၊ အညတရညတရေန-အမှတ်မဲ့တပါးပါးသော၊ ဗျသနေန-မိဘဆွေမျိုးသားသမီးစသည် ပျက်စီးခြင်းဖြင့်၊ သမန္နာဂတဿ-ဖိစီးနှိပ်စက် ခံရသော သူ၏လည်းကောင်း၊ အညတရညတရေန-အမှတ်မဲ့ တပါးပါးသော၊ ဒုက္ခဓမ္မေန-ဆင်းရဲကို ဖြစ်စေနိုင်သော အရာဖြင့်၊ ဖုဋ္ဌဿ-တွေ့ကြုံခံစားရသော သူ၏လည်းကောင်း၊ ယော အာယာသော-အကြင်စိတ်၏ ပင်ပန်းခြင်းသည်၊ ယော ဥပါယာသော-အကြင်စိတ်၏ လွန်စွာ ပင်ပန်းခြင်းသည်၊ ယံ အာယာသိတတ္တံ-အကြင်စိတ်၏ ပင်ပန်းသည်၏ အဖြစ်သည်၊ ယံ ဥပါယာသိတတ္တံ-အကြင်စိတ်၏ လွန်စွာပင်ပန်းသည်၏ အဖြစ်သည်၊ အတ္ထိ-ရှိ၏၊ ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤညွှန်ပြခဲ့သော သဘောကို၊ ဥပါယာသော-စိတ်၏ ပြင်းစွာပင်ပန်းခြင်းဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

## အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ
## ပါဠိတော်

ကတမေ စ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ဣဓ ယဿတေ ဟောန္တိ အနိဋ္ဌာ အကန္တာ အမနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ ယေ ဝါ ပနဿ တေ ဟောန္တိ အနတ္ထကာမာ အဟိတကာမာ အဖာသုကကာမာ အယောဂက္ခေမကာမာ။ ယာ တေဟိ သဒ္ဓိံ သင်္ဂတိ သမာဂမော သမောဓာနံ မိဿီဘာဝေါ။ အယံ ဝုစ္စတိ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။

### အနက်

ဘိက္ခဝေ-ရဟန်းတို့၊ အပ္ပိယေဟိ- မချစ်မနှစ်သက်အပ်ကုန်သော ပုဂ္ဂိုလ် သတ္တဝါ သင်္ခါရ အာရုံတို့နှင့်၊ သမ္ပယောဂေါ- ပေါင်းဖော်ရခြင်းကြောင့် ဖြစ်သော၊ ဒုက္ခော- ဆင်းရဲဟူသည်၊ ကတမော စ- အဘယ်နည်း ဟူမူကား။ ယေ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ- အကြင် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ဆိုအပ်ကုန်သော အာရုံ ၆ ပါးတို့သည်။ အတ္ထိ-သန္တိ- ရှိကုန်၏၊ တေ- ထိုအာရုံ ၆ ပါးတို့သည်၊ ယဿ- ထိုပုဂ္ဂိုလ်၏။ အနိဋ္ဌာ- အလိုမရှိအပ်သော အာရုံတို့သည်၊ အကန္တာ- မနှစ်သက်အပ်သော အာရုံတို့သည်၊ အမနာပါ-နှလုံးကိုမပွားစေတတ်သော အာရုံတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

ယေ ဝါ ပန- အကြင်ပုဂ္ဂိုလ်သတ္တဝါတို့သည်မူလည်း၊ အတ္ထိ- သန္တိ- ရှိကုန်၏၊ တေ- ထိုသတ္တဝါတို့သည်။ အဿ- ထိုသူ၏၊ အနတ္ထကာမာ- အကျိုးမဲ့ကို အလိုရှိကုန်သည်၊ အဟိတကာမာ- အစီးအပွားမဲ့ကို အလိုရှိကုန်သည်၊ အဖာသုကကာမာ- မချမ်းသာခြင်းကို အလိုရှိကုန်သည်။ အယောဂက္ခေမကာမာ- ဘေးမကင်းခြင်းကို အလိုရှိကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ တေဟိ- ထို မချစ်မနှစ်သက်အပ်ကုန်သော အာရုံပုဂ္ဂိုလ် သတ္တဝါတို့နှင့်။ သဒ္ဓိံ- အတူတကွ၊ ယာ သင်္ဂတိ- အကြင်တပေါင်းတည်း ဖြစ်ခြင်းသည်၊ ယော သမာဂမော- အကြင် အတူ စည်းဝေးခြင်းသည်၊ ယံ သမောဓာနံ- အကြင်ပေါင်းဖော်ခြင်းသည်၊ ယော မိဿီဘာဝေါ- အကြင် ရောနှောခြင်းသည်။ အတ္ထိ- ရှိ၏။ ဘိက္ခဝေ- ရဟန်းတို့ အယံ- ဤညွှန်ပြခဲ့သော သဘောကို၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော- မချစ် မနှစ် သက် အပ် ကုန် သော ပုဂ္ဂိုလ် သတ္တဝါ

သခါရအာရုံတို့နှင့် ပေါင်းဖော်ရခြင်းကြောင့် ဖြစ်သော ဆင်းရဲဟူ၍၊ ငှတိ-ဆိုအပ်၏။

## ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ

### ပါဠိတော်

ကတမဉ္စ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ဣဓယဿတေ ယောန္တိ ဣဋ္ဌာ ကန္တာ မနာပါ ရူပါ သဒ္ဒါ ဂန္ဓာရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ ယေဝါပနဿတေ ယောန္တိ အတ္ထကာမာ ဟိတကာမာ ဖာသုကကာမာ ယောဂက္ခေမကာမာ မာတာဝါ ပိတာဝါ ဘာတာဝါ ဘဂိနီဝါ မိတ္တာဝါ အမစ္စာဝါ ဉာတိသာလောဟိတာဝါ၊ ယာတေဟိ သဒ္ဓိံ အသင်္ဂတိ အသမာ ဂမော အသမောဓာနံ အမိဿီဘာဝေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

### အနက်

ဘိက္ခဝေ- ရဟန်းတို့၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော- ချစ်အပ်နှစ်သက်အပ်ကုန်သော ပုဂ္ဂိုလ် သတ္တဝါ အာရုံ သင်္ခါရတို့နှင့် ကင်းကွာ ခွဲခွာနေရခြင်းကြောင့်ဖြစ်သော ဆင်းရဲဟူသည်၊ ကတမော စ- အဘယ်နည်း၊ ဟူမူကား- ဣဓ- ဤလောက၌၊ ယေ- ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ= အကြင်ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟု ဆိုအပ်သော အာရုံ ၆ ပါးတို့သည်၊ အတ္ထိ- သန္တိ- ရှိကုန်၏။ တေ- ထိုအာရုံ ၆ ပါးတို့သည်၊ အဿ- ထိုသူ၏၊ ဣဋ္ဌာ- အလိုရှိအပ်သော အာရုံတို့သည်၊ ကန္တာ- နှစ်သက်အပ်သော အာရုံတို့သည်၊ မနာပါ- နှလုံးကိုပွားစေတတ်သော အာရုံတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

မာတာဝါ- အမိမူလည်းဖြစ်သော၊ ပိတာဝါ- အဖမူလည်း ဖြစ်သော၊ ဘာတာဝါ- ညီ အစ်ကို မောင် မူလည်းဖြစ်သော၊ ဘဂိနီဝါ- ညီမ အစ်မ နှမ မူလည်းဖြစ်သော၊ မိတ္တာဝါ- အဆွေ ခင်ပွန်း မူလည်း ဖြစ်ကုန်သော၊ အမစ္စာဝါ- အတူ နေဘက်မူလည်း ဖြစ်ကုန်သော၊ ဉာတိသာ လောဟိတာဝါ- မိထွေး မိကြီးစသော အမိမျိုး၊ ဘထွေး ဘကြီး စသော အဘမျိုး မူလည်း ဖြစ်ကုန်သော၊ ယေဝါပနသတ္တာ- အကြင်သတ္တဝါတို့သည်မူလည်း သန္တိ- ရှိကုန်၏၊ တေ- ထို မိဘစသော သတ္တဝါတို့သည်၊ အဿ- ထိုသူ၏၊

အတ္တကာမာ- အကျိုးကို အလိုရှိကုန်သည်။ ဟိတကာမာ- အစီးအပွားကို အလိုရှိကုန်သည်။ ဖာသုကကာမာ- ချမ်းသာကို အလိုရှိကုန်သည်။ ယောဂက္ခေမကာမာ- ဘေးကင်းခြင်းကို အလိုရှိကုန်သည်။ ဟောန္တိ- ဖြစ်ကုန်၏။

ဟောသ၊ ထိုချစ်အပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်သော ပုဂ္ဂိုလ် သတ္တဝါ အာရုံသခ်ါရတို့နှင့်။ ယာအသင်္ဂတိ၊ အကြင်တပေါင်းဘည်း မဖြစ်ခြင်းလည်း၊ ယောအသမာဂမော၊ အကြင်အတူ မစည်းဝေးရခြင်းလည်း။ ယံအသမောဓာနံ၊ အကြင် မပေါင်းဖော်ရခြင်းသည်။ ယောအမိဿီဘာဝေါ၊ အကြင် မရောနှောသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤညွှန်ပြခဲ့သောသဘောကို။ ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော၊ ချစ်အပ် နှစ်သက် အပ်မြတ်နိုးအပ်ကုန်သော ပုဂ္ဂိုလ် သတ္တဝါ အာရုံသခ်ါရတို့နှင့် ကင်းကွာ ခွဲခွာ နေရခြင်းကြောင့် ဖြစ်သော ဆင်းရဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## ယံပိစ္ဆံ နလဘတိ ဒုက္ခ

## ပါဠိတော်

ကတမဉ္စ ဘိက္ခဝေ ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခံ။ ဇာတိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟောဝတ မယံ နဇာတိ ဓမ္မာ အဿာမ၊ နစဝတ နော ဇာတိ အာဂစ္ဆေယျာ" တိ၊ နခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ။

ဇရာ ဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ အဟော ဝတ မယံ နဇရာဓမ္မာ အဿာမ၊ နစဝတ နောဇရာ အာဂစ္ဆေယျာတိ၊ နခေါပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခံ။

ဗျာဓိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ အဟော ဝတ မယံ နဗျာဓိဓမ္မာ အဿာမ နစဝတ နော ဗျာဓိ အာဂစ္ဆေယျာတိ၊ နခေါပနေတံ ဣစ္ဆာယပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ။

မရဏ ဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ နမရဏဓမ္မာ အဿာမ၊ နစဝတ နောမရဏံ အာဂစ္ဆေယျာ"တိ၊ န

ခေါ ပနေတံ ဂုတ္တာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသ ဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဝေံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ န သောကပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသ ဓမ္မာ အဿာမ၊ န စ ဝတ နော သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသော အာဂစ္ဆေယျ"န္တိ၊ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ ဣဒမ္ပိ ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ။

## အနက်

ဘိက္ခဝေ-ရဟန်းတို့၊ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ-အကြင် အနုသယကိလေသာကို အကြင်းမဲ့ မပယ်ဖြတ်ရခြင်းဟူသော အကြောင်းကြောင့် အလိုရှိတာကို မရခြင်းဆင်းရဲ ဒုက္ခဟူသည်၊ ကတမဉ္စ-အဘယ်နည်းဟူမူကား။

ဘိက္ခဝေ-ရဟန်းတို့၊ ဇာတိဓမ္မာနံ-ပဋိသန္ဓေနေခြင်းသဘော ရှိကုန်သော၊ သတ္တာနံ-သတ္တဝါတို့အား၊ "မယံ-ငါတို့သည်၊ ဇာတိဓမ္မာ-ပဋိသန္ဓေနေခြင်း သဘောရှိကုန်သည်၊ နအဿာမ-မဖြစ်ပါကုန်ငြားအံ့၊ ဝါ-မဖြစ်ပါကုန်မူကား၊ အဟော ဝတ ကြော်ကောင်းလေစွ၊ နော-ငါတို့ဆီသို့၊ ဇာတိ-ပဋိသန္ဓေ နေမှုသဘောသည်၊ နစ ဝတ အာဂစ္ဆေယျ စင်စစ် မလာသည်မူလည်း ဖြစ်ငြားအံ့၊ ဝါ-စင်စစ် မရောက်ပါမူကား၊ အဟော ဝတ-ကြော်ကောင်းလေစွ" ဣတိ-ဤသို့ အလိုရှိသည်၊ ဥပ္ပဇ္ဇတိ ဖြစ်၏၊ ပန-ထိုသို့ပင် လိုချင်တော့်တသော်လည်း၊ ဧတံ-ဤ ပဋိသန္ဓေ မနေရမှုသဘောကို၊ ဣစ္ဆာယ-လိုချင်တောင့်တမှုကြောင့်၊ န ခေါ ပတ္တဗ္ဗံ-မရအပ်သည်သာတည်း၊ ဣဒမ္ပိ-ဤ ညွှန်ပြခဲ့သော သဘောသည်လည်း၊ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ-အကြင် အနုသယကိလေသာကို အကြွင်းမဲ့ မပယ်ဖြစ်ရခြင်းဟူသော အကြောင်းကြောင့် အလိုရှိတာကို မရခြင်းဆင်းရဲ ဒုက္ခမည်၏။

အမှာ—(ကျန်သော ဇရာဓမ္မာစသော ပါဠိတော်၏အနက်များ များစွာ မခက်ပြီ။ ဤနည်းကို မှီ၍သိစေ၊ ဇာတိဓမ္မာနေရာတွင် ဇရာဓမ္မာ စသည်ကို ပြောင်းထည့်ရုံသာ ထူးတော့သည်။)

## ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ
## ပါဠိတော်

ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ဒုက္ခာ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော၊ ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါ

နက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော၊ ဣမေ ဝုစ္စတိ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

## အနက်

ဘိက္ခဝေ-ရဟန်းတို့၊ သံခိတ္တေန-အကျဉ်းအားဖြင့်၊ ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ-ငါးပါးသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဟုဆိုကုန်သော ဒုက္ခတို့ဟူသည်၊ ကတမေ-အဘယ်တို့နည်းဟူမူကား၊ ဣဒံ-ငါးပါးသော ဥပါဒါန်တို့၏ အာရုံဖြစ်ကုန်သော ဤခန္ဓာတို့သည်၊ သေယျထာဒ-ကတမေ-အဘယ်သည်တို့နည်း။

ရူပုပါဒါနက္ခန္ဓော-ဥပါဒါန်၏ အာရုံဖြစ်သော ရူပက္ခန္ဓာလည်းကောင်း။ ဝေဒနုပါဒါနက္ခန္ဓော-ဥပါဒါန်၏ အာရုံဖြစ်သော ဝေဒနက္ခန္ဓာလည်းကောင်း။ သညုပါဒါနက္ခန္ဓော-ဥပါဒါန်၏ အာရုံဖြစ်သော သညက္ခန္ဓာလည်းကောင်း၊ သင်္ခါရုပါဒါနက္ခန္ဓော- ဥပါဒါန်၏ အာရုံဖြစ်သော သင်္ခါရက္ခန္ဓာလည်းကောင်း။ ဝိညာဏုပါဒါနက္ခန္ဓော-ဥပါဒါန်၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာလည်းကောင်း။ ဣတိဣမေ-ဥပါဒါန်၏ အာရုံဖြစ်ကုန်သော ဤခန္ဓာ ၅ ပါးတို့တည်း။ ဘိက္ခဝေ-ရဟန်းတို့၊ ဣမေ-ဥပါဒါန်၏ အာရုံဖြစ်ကုန်သော ဤခန္ဓာ ၅ ပါးတို့ကို၊ သံခိတ္တေန-အကျဉ်းအားဖြင့်၊ ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ ငါးပါးကုန်သော ဥပါဒါန်တို့၏ အာရုံဖြစ်ကုန်သော ခန္ဓာဟုဆိုအပ်သော ဒုက္ခတို့ဟူ၍၊ ဝုစ္စတိ-ဆိုအပ်ကုန်၏။

ဘိက္ခဝေ-ရဟန်းတို့၊ ဣဒံ-ဤညွှန်ပြခဲ့ပြီးသော တရားအပေါင်းကို၊ ဒုက္ခံ အရိယ သစ္စံ-ဒုက္ခအရိယာ သစ္စာဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

## သမုဒယသစ္စနိဒ္ဒေသ
## ပါဠိတော်

ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ကတ္ထ နိဝိသမာနာ နိဝိသတိ၊ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

ကိဉ္စ လောကေ ပိယရူပံ သာတရူပံ။ စက္ခုံ လောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ သောတံ လောကေ။ ပ။ ဃာနံ လောကေ၊ ဇိဝှာ လောကေ။ ကာယော လောကေ။ မနော လောကေ။ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

ရူပါ လောကေ၊ သဒ္ဒါ လောကေ၊ ဂန္ဓာ လောကေ။ ရသာ လောကေ။ ဖောဋ္ဌဗ္ဗာ လောကေ။ ဓမ္မာ လောကေ။ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

စက္ခုဝိညာဏံ လောကေ၊ သောတဝိညာဏံ လောကေ။ ဃာနဝိညာဏံ လောကေ။ ဇိဝှာဝိညာဏံ လောကေ။ ကာယဝိညာဏံ လောကေ။ မနောဝိညာဏံ လောကေ။ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

စက္ခုသမ္ဖဿော လောကေ၊ သောတသမ္ဖဿော လောကေ၊ ဃာနသမ္ဖဿော လောကေ။ ဇိဝှာသမ္ဖဿော လောကေ။ ကာယသမ္ဖဿော လောကေ။ မနောသမ္ဖဿော လောကေ။ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

စက္ခုသမ္ဖဿဇာ ဝေဒနာ လောကေ။ သောတသမ္ဖဿဇာ ဝေဒနာ လောကေ။ ဃာနသမ္ဖဿဇာ ဝေဒနာ လောကေ။ ဇိဝှာသမ္ဖဿဇာ ဝေဒနာ လောကေ။ ကာယသမ္ဖဿဇာ ဝေဒနာ လောကေ။ မနောသမ္ဖဿဇာ ဝေဒနာ လောကေ။ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ။ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

ရူပသညာ လောကေ။ သဒ္ဒသညာ လောကေ။ ဂန္ဓသညာ လောကေ။ ရသသညာ လောကေ။ ဖောဋ္ဌဗ္ဗသညာ လောကေ။ ဓမ္မသညာ လောကေ။ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

ရူပသဉ္စေတနာ လောကေ။ သဒ္ဒသဉ္စေတနာ လောကေ။ ဂန္ဓသဉ္စေတနာ လောကေ။ ရသသဉ္စေတနာ လောကေ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ လောကေ။ ဓမ္မသဉ္စေတနာ လောကေ။ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ။ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

ရူပတဏှာ လောကေ၊ သဒ္ဒတဏှာ လောကေ၊ ဂန္ဓတဏှာ လောကေ၊ ရသတဏှာ လောကေ၊ ဖောဋ္ဌဗ္ဗတဏှာ လောကေ၊ ဓမ္မတဏှာ လောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

ရူပဝိတက္ကော လောကေ၊ သဒ္ဒဝိတက္ကော လောကေ၊ ဂန္ဓဝိတက္ကော လောကေ၊ ရသဝိတက္ကော လောကေ၊ ဖောဋ္ဌဗ္ဗဝိတက္ကော လောကေ၊ ဓမ္မဝိတက္ကော လောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထေသာ နိဝိသမာနာ နိဝိသတိ။

ရူပဝိစာရော လောကေ၊ သဒ္ဒဝိစာရော လောကေ၊ ဂန္ဓဝိစာရော လောကေ၊ ရသဝိစာရော လောကေ၊ ဖောဋ္ဌဗ္ဗဝိစာရော လောကေ၊ ဓမ္မဝိစာရော လောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခ သမုဒယံ အရိယသစ္စံ။

## အနက်

ဘိက္ခဝေ-ရဟန်းတို့။ ဒုက္ခသမုဒယံ-ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော။ အရိယသစ္စံ-အရိယာသစ္စာသည်၊ ကတမဉ္စ-အဘယ်နည်းဟူမူကား။

ယာယံတဏှာ-အကြင် မွတ်သိပ်ဆာလောင်သောတဏှာသည်၊ ပေါနော္ဘဝိကာ-တဖန် ဘဝသစ်ကိုဖြစ်စေတတ်သော သဘောရှိ၏၊ နန္ဒိရာဂ သဟဂတာ-နှစ်သက်တပ်စွန်းသောအားဖြင့်ဖြစ်၏။ တတြတတြ-တွေ့ရာ ကြုံရာ ထိုထိုအတ္တဘောအာရုံ၌။ အဘိနန္ဒိနီ-လွန်စွာ နှစ်သက်စွဲလမ်းတတ်၏။ ဣဒံ-ဤသဘော ရှိသောတဏှာသည်။ သေယျထိဒံ-ထိုတဏှာကား-အဘယ်နည်းဟူမူကား။

ကာမတဏှာ-ကာမဘုံဝယ် ကာမဂုဏ်နယ်တွင် လွန်စွာပျော်မွေ့ သဘောတွေ့နေသော ကာမတဏှာတည်းကောင်း။

ဘဝတဏှာ-ရူပဘဝ အရူပဘဝဘုံ၌ လွန်စွာပျော်မွေ့ သဘောတွေ့နေသော ဘဝတဏှာလည်းကောင်း။

ဝိဘဝတဏှာ-ဥစ္ဆေဒဒိဋ္ဌိ-ယင်းအယူဖြင့် ဘဝကင်းပြတ်ခြင်း၌ လွန်စွာပျော်မွေ့ သဘောတွေ့နေသော ဝိဘဝတဏှာသည်းကောင်း။ ဣတိ-ဤသုံးပါးတို့ပင်တည်း။

ဘိက္ခဝေ-ရဟန်းတို့။ သာခေါ ပနေသာတဏှာ-ထိုသဘော ရှိသော တဏှာသည်။ ဥပ္ပဇ္ဇမာနာ-ဖြစ်ပေါ်လာခဲ့သော်။ ကတ္ထ-အဘယ်အရာ၌။ ဥပ္ပဇ္ဇတိ-ဖြစ်သနည်း။ နိဝိသမာနာ-တည်ကိန်းလတ်သော်။ ကတ္ထ-အဘယ်အရာ၌။ နိဝိသတိ-တည်ကိန်းသနည်း။

စာ-၂၁ (က)

လောကေ-ပဉ္စုပါဒါ နက္ခန္ဓာဟူသောလောက၌။ ယံ ပိယရူပံ သာတရူပံ-အကြင် ချစ်နှစ်သက်ဖွယ်သဘော သာယာမက်မောဖွယ်သဘော သည်။ အတ္ထိ-ရှိ၏။ ဧသာတဏှာ-ထိုတဏှာသဘောသည်၊ ဥပ္ပဇ္ဇမာနာ-ဖြစ်ပေါ်လာခဲ့သော်။ ဧတ္ထ-ဤ ချစ်နှစ်သက်ဖွယ်သဘော သာယာမက်မောဖွယ်သဘော၌။ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်လာ၏။ နိဝိသမာနာ-တည်ကိန်းလတ်သော်။ ဧတ္ထ-ဤ ချစ်နှစ်သက်ဖွယ်သဘော သာယာမက်မောဖွယ်သဘော၌။ နိဝိသတိ-တည်ကိန်းလာ၏။

လောကေ-ပဉ္စုပါဒါ နက္ခန္ဓာဟူသောလောက၌။ ပိယရူပံ သာတရူပံ-ချစ်နှစ်သက်ဖွယ်သဘော သာယာမက်မောဖွယ်သဘောသည်။ ကိဉ္စ-အဘယ်နည်းဟူမူကား။

လောကေ-ပဉ္စုပါဒါနက္ခန္ဓာဟူသော လောက၌။ စက္ခု-စက္ခုပသာဒသည်။ ပိယရူပံ သာတရူပံ-ချစ်နှစ်သက်ဖွယ် သဘော သာယာမက်မောဖွယ်သဘောဖြစ်ပေ၏။ ဧသာတဏှာ-ထိုတဏှာသဘောသည်၊ ဥပ္ပဇ္ဇမာနာ-ဖြစ်ပေါ်လာခဲ့သော်။ ဧတ္ထ-ဤ ချစ်နှစ်သက်ဖွယ်ဖြစ်သောစက္ခုပသာဒ၌၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်လာ၏။ နိဝိသမာနာ-တည်ကိန်းလတ်သော်။ ဧတ္ထ-ဤ ချစ်နှစ်သက်ဖွယ် သာယာမက်မော ဖွယ်ဖြစ်သော စက္ခုပသာဒ၌။ နိဝိသတိ-တည်ကိန်း၏။

အမှာ (ကျန် သောတစသော အနက်များ မခက်ပြီ။ ဤနည်းကိုမှီ၍ အနက်ဖော်ပါလေ။

ဘိက္ခဝေ-ရဟန်းတို့။ ဣဒံ-ဤ ညွှန်ပြခဲ့ပြီးသော အာရုံ၌ဖြစ်သော တဏှာကို။ ဒုက္ခသမုဒယံ-ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော။ အရိယသစ္စံ-အရိယသစ္စာဟူ၍။ ဝုစ္စတိ-ဆိုအပ်၏။

## နိရောဓသစ္စာနိဒ္ဒေသော

## ပါဠိတော်

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာ ယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ ပဟီယမာနာ ပဟီယတိ၊ တတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ကိုဋ္ဌလောကေ ပိယရူပံ သာတရူပံ၊ စက္ခုလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ၊ သောတံ လောကေ၊ပ၊ ဃာနံ လောကေ၊ ဇိဝှာ လောကေ၊ ကာယော လောကေ၊ မနော လောကေ၊ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ။ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ရူပါ လောကေ၊ သဒ္ဒါ လောကေ၊ ဂန္ဓာ လောကေ၊ ရသာ လောကေ၊ ဖောဋ္ဌဗ္ဗာ လောကေ၊ ဓမ္မာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ။ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

စက္ခုဝိညာဏံ လောကေ၊ သောတဝိညာဏံ လောကေ၊ ဃာနဝိညာဏံ လောကေ။ ဇိဝှာဝိညာဏံ လောကေ၊ ကာယဝိညာဏံ လောကေ၊ မနောဝိညာဏံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

စက္ခုသမ္ဖဿော လောကေ၊ သောတသမ္ဖဿော လောကေ၊ ဃာနသမ္ဖဿော လောကေ၊ ဇိဝှာသမ္ဖဿော လောကေ၊ ကာယသမ္ဖဿော လောကေ၊ မနောသမ္ဖဿော လောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

စက္ခုသမ္ဖဿဇာ ဝေဒနာ လောကေ၊ သောတသမ္ဖဿဇာ ဝေဒနာ လောကေ၊ ဃာနသမ္ဖဿဇာ ဝေဒနာ လောကေ၊ ဇိဝှာသမ္ဖဿဇာ ဝေဒနာ လောကေ၊ ကာယသမ္ဖဿဇာ ဝေဒနာ လောကေ၊ မနောသမ္ဖဿဇာ ဝေဒနာ လောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ရူပသညာ လောကေ၊ သဒ္ဒသညာ လောကေ၊ ဂန္ဓသညာ လောကေ၊ ရသသညာ လောကေ၊ ဖောဋ္ဌဗ္ဗသညာ လောကေ၊ ဓမ္မသညာ လောကေ— ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ရူပသဉ္စေတနာ လောကေ၊ သဒ္ဒသဉ္စေတနာ လောကေ၊ ဂန္ဓသဉ္စေတနာ လောကေ၊ ရသသဉ္စေတနာ လောကေ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ လောကေ၊ ဓမ္မသဉ္စေတနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ရူပတဏှာ လောကေ၊ သဒ္ဒတဏှာ လောကေ၊ ဂန္ဓတဏှာ လောကေ၊ ရသတဏှာ လောကေ၊ ဖောဋ္ဌဗ္ဗတဏှာ လောကေ၊ ဓမ္မတဏှာ လောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ရူပဝိတက္ကော လောကေ၊ သဒ္ဒဝိတက္ကော လောကေ၊ ဂန္ဓဝိတက္ကော လောကေ၊ ရသဝိတက္ကော လောကေ၊ ဖောဋ္ဌဗ္ဗဝိတက္ကော လောကေ၊ ဓမ္မဝိတက္ကော လောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ရူပဝိစာရော လောကေ၊ သဒ္ဒဝိစာရော လောကေ၊ ဂန္ဓဝိစာရော လောကေ၊ ရသဝိစာရော လောကေ၊ ဖောဋ္ဌဗ္ဗဝိစာရော လောကေ၊ ဓမ္မဝိစာရော လောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

## အနက်

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမဉ္စ၊ အဘယ်နည်းဟူမူကား။

တဿာယေဝတဏှာယ၊ ထိုသို့သဘောရှိသော တဏှာ၏သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်းအကြွင်းမဲ့ ရာဂတဏှာချုပ်ငြိမ်းမှုသဘောသည်။ ယော စာဂေါ၊ အကြွင်းစွန့်စ်ရာသဘောသည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင်းလွှတ်လွှတ်စွန့်ပစ်ရာသဘောသည်။ ယာ မုတ္တိ၊ အကြွင်းလွတ်မြောက်ရာသဘောသည်။ ယော အနာလယော၊ အကြွင်းမကပ်ငြိ မတွယ်တာရာသဘောသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤညွှန်ပြခဲ့သောသဘောပင်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သာ ခေါ ပနေသာတဏှာ၊ ထိုသို့သဘောရှိသော တဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ရှိသော်။ ကတ္ထ၊ အဘယ်အာရုံ၌။ ပဟီယတိ၊ ပယ်အပ်သနည်း။ နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်။ ကတ္ထ၊ အဘယ်အာရုံ၌။ နိရုဇ္ဈတိ၊ ချုပ်သနည်း။

လောကေ၊ ပဉ္စုပါဒါနက္ခန္ဓာဟူသောလောက၌။ ယံပိယရူပံ သာတရူပံ၊ အကြင် ချစ်နှစ်သက်ဖွယ်သဘော၊ သာယာမက်မောဖွယ်သဘောသည်။ အတ္ထိ၊ ရှိ၏။ ဧသာတဏှာ၊ ထိုတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ရှိသော်။ ဧတ္ထပဟီယတိ၊ ဤချစ်နှစ်သက်ဖွယ်၊ သာယာမက်မောဖွယ်အာရုံ၌ပယ်အပ်၏။

နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်။ ဧတ္ထနိရုဇ္ဈတိ၊ ဤချစ်နှစ်သက်ဖွယ်၊ သာယာ မက်မောဖွယ်အာရုံ၌ ချုပ်၏။

လောကေ၊ ပဉ္စုပါဒါနက္ခန္ဓာဟူသော လောက၌။ ပိယရူပံ သာတရူပံ၊ ချစ်နှစ်သက်ဖွယ်သောသဘော၊ သာယာမက်မောဖွယ်သော သဘောသည်။ ကိဥ္စ၊ အဘယ်နည်းဟူမူကား။

လောကေ၊ ပဉ္စုပါဒါနက္ခန္ဓာဟူသော လောက၌။ စက္ခု၊ စက္ခုပသာဒသည်။ ပိယရူပံ သာတရူပံ၊ ချစ်နှစ်သက်ဖွယ်သဘော၊ သာယာမက်မောဖွယ်သော သဘော ဖြစ်ပေ၏။ ဧသာ တဏှာ၊ ထိုတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ရှိသော်။ ဧတ္ထ၊ ဤချစ်နှစ်သက်ဖွယ် သာယာဖွယ်ဖြစ်သော စက္ခုပသာဒ၌။ ပဟီယတိ၊ ပယ်၏၊နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်။ ဧတ္ထ၊ ဤချစ်နှစ်သက်ဖွယ် သာယာ မက်မောဖွယ်ဖြစ်သော စက္ခုပသာဒ၌။ နိရုဇ္ဈတိ၊ ချုပ်ငြိမ်း၏။

အမှာ— (ကျန် သောတ စသောအနက်များ မခက်ပြီ၊ ဤနည်းကိုမှီ၍ အနက်ကိုဖော်ပါလေ)။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤဆိုအပ်ပြီးသောတဏှာကင်းငြိမ်းရာသဘောကို။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

မဂ္ဂသစ္စာနိဒ္ဒေသ

ပါဠိတော်

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ ယံ ခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ ဒုက္ခ သမုဒယေဉာဏံ ဒုက္ခနိရောဓေဉာဏံ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။

ကတမောစ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ၊ နေက္ခမ္မသင်္ကပ္ပေါ အဗျာပါဒ သင်္ကပ္ပေါ အဝိဟိံသာ သင်္ကပ္ပေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။

ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ။ မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာယ ဝါစာယ ဝေရမဏီ၊ ဖရုသာယ ဝါစာယ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ။

ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော။ ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော။

ကတမော စ ဘိက္ခဝေ သမ္မာအာဇီဝေါ။ ဣဓ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ။

ကတမော စ ဘိက္ခဝေ သမ္မာဝါယာမော၊ ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ၊ ဝါယမတိ၊ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော။

ကတမာ စ ဘိက္ခဝေ သမ္မာသတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒောမနဿံ။

ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒောမနဿံ။

စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒောမနဿံ။

ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒောမနဿံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ။

ကတမော စ ဘိက္ခဝေ သမ္မာသမာဓိ။ ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ

သမ္မသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ၊ သတော စ သမ္ပဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ “ဥပေက္ခကော သတိမာ သုခဝိဟာရီ”တိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာ သမာဓိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

အနက်

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာသည်၊ ကတမဉ္စ၊ အဘယ်နည်းဟူမူကား—

အရိယော၊ ကိလေသာတို့မှ သန့်ရှင်းဖြူစင်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံသော။ အယမေဝမဂ္ဂေါ၊ ဤမဂ်ပင်လျှင်တည်း။ ဣဒံ၊ ဤမဂ်တို့သည်။ သေယျထာ၊ အဘယ်တို့နည်းဟူမူကား။

သမ္မာဒိဋ္ဌိ၊ မှန်ကန်စွာသိခြင်း။ သမ္မာသင်္ကပ္ပေါ၊ မှန်ကန်စွာကြံစည်ခြင်း။ သမ္မာဝါစာ၊ မှန်ကန်စွာပြောဆိုခြင်း။ သမ္မာကမ္မန္တော၊ မှန်ကန်စွာ ပြုလုပ်ခြင်း။ သမ္မာအာဇီဝေါ၊ မှန်ကန်စွာအသက်မွေးခြင်း။ သမ္မာဝါယာမော၊ မှန်ကန်စွာ အားထုတ်ခြင်း။ သမ္မာသတိ၊ မှန်ကန်စွာသတိပြုခြင်း။ သမ္မာသမာဓိ၊ မှန်ကန်စွာတည်ကြည်ခြင်း။ ဣမေ၊ ဤသည်တို့တည်း။

သမ္မာဒိဋ္ဌိ

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဒိဋ္ဌိ၊ မှန်ကန်စွာသိခြင်းသည်။ ကတမာစ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ ယံခေါဉာဏံ၊ အကြင်သိတတ်သောဉာဏ်သည်။ ဒုက္ခသမုဒယေ၊ ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာ၌။ ယံဉာဏံ၊ အကြင်သိတတ်သော ဉာဏ်သည်။ ဒုက္ခနိရောဓေ၊ ဒုက္ခနှင့် ဒုက္ခသမုဒယ ၂ မျိုးလုံးချုပ်ရာဖြစ်သော နိရောဓသစ္စာ၌။ ယံဉာဏံ၊ အကြင် သိတတ်သောဉာဏ်သည်။ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ၊ ဒုက္ခနှင့် ဒုက္ခသမုဒယ ၂ မျိုးလုံးချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ရောက်စေတတ်သောအကျင့်၌။ ယံဉာဏံ၊ အကြင်သိတတ်သောဉာဏ်သည်။ ဣတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤညွှန်ပြခဲ့သောသဘောကို။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## အမ္ဗာသက်ပွ

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသင်္ကပ္ပော၊ မှန်ကန်စွာ ကြံစည်ခြင်းသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား၊ နေက္ခမ္မသင်္ကပ္ပော၊ ကာမမှလွတ်မြောက်ရာကို ကြံစည်ခြင်းသည်၊ အဗျာပါဒသင်္ကပ္ပော၊ ဒေါသမှ ကင်းလွတ်ရာကို ကြံစည်ခြင်းသည်။ အဝိဟိံသာသင်္ကပ္ပော၊ ညှဉ်းဆဲခြင်းမှ ကင်းလွတ်ရာကို ကြံစည်ခြင်းသည်။ အယံ၊ ဤ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤညွှန်ပြခဲ့သော သဘောကို။ သမ္မာသင်္ကပ္ပော၊ သမ္မာသင်္ကပ္ပဟူ၍။ ဝါ၊ မှန်ကန်စွာ ကြံစည်ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## သမ္မာဝါစာ

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဝါစာ၊ မှန်ကန်စွာ ပြောဆိုခြင်းသည်။ ကတမာ စ၊ အဘယ်နည်းဟူမူကား။ မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်မှုသည်။ ပိသုဏာဝါစာ၊ ချောပစ်ကုန်းတိုက်သော စကားမှ ဝေရမဏီ၊ ရှောင်ကြဉ်မှုသည်။ ဖရုသဝါစာ၊ ကြမ်းကြုတ်သော စကားမှ။ ဝေရမဏီ၊ ရှောင်ကြဉ်မှုသည်။ သမ္ဖပ္ပလာပါ၊ အကျိုးမရှိ အပြိန်အဖျင်း ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်မှုသည်၊ အယံ၊ ဤ၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ အယံ၊ ဤညွှန်ပြခဲ့သော သဘောကို။ သမ္မာဝါစာ၊ မှန်ကန်စွာ ပြောဆိုခြင်းဟူ၍။ ဝုစ္စတိ ဆိုအပ်၏။

## သမ္မာကမ္မန္တ

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာကမ္မန္တော၊ မှန်ကန်စွာ ပြုလုပ်ခြင်းဟူသည်။ ကတမော စ၊ အဘယ်နည်း။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ ဝေရမဏီ၊ ရှောင်ကြဉ်မှုသည်၊ အဒိန္နာဒါနာ၊ အရှင်မပေးသော သူ၏ဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏီ၊ ရှောင်ကြဉ်မှုသည်၊ ကာမေသုမိစ္ဆာစာရာ၊ ကာမတို့၌ မှားယွင်းသော အကျင့်မှ၊ ဝေရမဏီ၊ ရှောင်ကြဉ်မှုသည်။ အယံ၊ ဤ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤညွှန်ပြခဲ့သော သဘောကို၊ သမ္မာကမ္မန္တော၊ မှန်ကန်စွာ ပြုလုပ်ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## သမ္မာအာဇီဝ

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာအာဇီဝေါ၊ မှန်ကန်စွာ အသက်မွေးဝမ်းကျောင်းမှုသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓ၊ ဤသာသနာတော်၌၊ အရိယသာဝကော၊ အရိယာဖြစ်သော ဝါ ဘုရား၏ တပည့်သည်၊ မိစ္ဆာအာဇီဝံ၊ မှားသော အသက်မွေး ဝမ်း ကျောင်း ခြင်း ကို၊ ပဟာယ၊ ပယ်၍၊ သမ္မာအာဇီဝေန၊ မှန်ကန်စွာ အသက်မွေးခြင်းဖြင့်၊ ဇီဝိတံ ကပ္ပေတိ၊ အသက်မွေးဝမ်းကျောင်းပြု၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ အယံ၊ ဤညွှန်ပြခဲ့သော အတောက်၊ သမ္မာအာဇီဝေါ၊ မှန်ကန်သော အသက်မွေးဝမ်းကျောင်းဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

## သမ္မာဝါယာမ

ဘိက္ခဝေ၊ ရဟန်းတို့၊ သမ္မာဝါယာမော၊ မှန်ကန်စွာ လုံ့လပြုခြင်းသည်၊ ကတမော စ၊ အဘယ်နည်းဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓဘိက္ခု၊ ဝါ ဘုရား၏ အဆုံးအမခေါ် ဤသာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်၊ အနုပ္ပန္နာနံ၊ မဖြစ်ပေါ်လာကုန်သေးသော၊ ပါပကာနံ၊ ယုတ်ညံ့ကုန်သော၊ အကုသလာနံ- ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို၊ အနုပ္ပါဒါယ၊ မဖြစ်ပေါ်လာစေခြင်းငှာ၊ ဆန္ဒံဇနေတိ၊ ဆန္ဒကို ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ ဝီရိယံအာရဘတိ၊ ဝီရိယကိုဖြစ်စေ၏။ စိတ္တံပဂ္ဂဏှာတိ၊ စိတ်ကိုမြှင့်တင်၏။ ပဒဟတိ၊ မဆုတ်မနစ် ဆောက်တည်၏။

ဥပ္ပန္နာနံ၊ ဖြစ်ပေါ်လာကုန်သော၊ ပါပကာနံ၊ ယုတ်ညံ့ကုန်သော၊ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို၊ ပဟာနာယ၊ ပယ်ခြင်းငှာ၊ ဆန္ဒံဇနေတိ၊ ဆန္ဒကို ဖြစ်စေ၏၊ ဝါယမတိ၊ လုံ့လပြု၏။ ဝီရိယံအာရဘတိ၊ ဝီရိယကိုဖြစ်စေ၏၊ စိတ္တံပဂ္ဂဏှာတိ။ စိတ်ကိုမြှင့်တင်၏။ ပဒဟတိ၊ မဆုတ်မနစ် ဆောက်တည်၏။

အနုပ္ပန္နာနံ၊ မဖြစ်ပေါ်လာကုန်သေးသော၊ ကုသလာနံဓမ္မာနံ၊ ကုသိုလ်တရားတို့ကို၊ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှာ။ ဆန္ဒံဇနေတိ၊ ဆန္ဒကိုဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏၊ ဝီရိယံအာရဘတိ၊ ဝီရိယကို ဖြစ်စေ၏၊ စိတ္တံပဂ္ဂဏှာတိ၊ စိတ်ကိုမြှင့်တင်၏၊ ပဒဟတိ၊ မဆုတ်မနစ် ဆောက်တည်၏။

ဥပ္ပန္နာနံ၊ ဖြစ်ပေါ်လာကုန်သော။ ကုသလာနံဓမ္မာနံ။ ကုသိုလ်တရားတို့ကို။ ဌိတိယာ၊ တည်တံ့နေစေခြင်းငှာ။ အသမ္မောသာယ၊ မပျက်စီး မချွတ်ယွင်း စေခြင်းငှာ၊ ဘိယျောဘာဝါယ။ အတိုင်းထက် အလွန် များလာစေခြင်းငှာ။ ဝေပုလ္လာယ၊ ပြန့်ပြောလာစေခြင်းငှာ။ ဘာဝနာယပါရိပူရိယာ၊ ဘာဝနာကိစ္စ

ပြီးပြည့်စုံလာစေခြင်းငှာ။ ဆန္ဒံဇနေတိ၊ ဆန္ဒကို ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ ဝိရိယံအာရဘတိ၊ ဝိရိယကို ဖြစ်၏၊ စိတ္တံပဂ္ဂဏှာတိ၊ စိတ်ကို မြှင့်တင်၏။ ပဒဟတိ၊ မဆုတ်မနစ် ဆောက်တည်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤဆိုပြီးခဲ့သော သဘောကို။ သမ္မာဝါယာမော။ မှန်ကန်စွာ လုံ့လ ပြုခြင်းဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏။

## သမ္မာသတိ

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသတိ၊ မှန်ကန်စွာသတိပြုမှုသည်။ ကတမာ စ၊ အဘယ်နည်းဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဘိက္ခု၊ ငါဘုရား၏ အဆုံးအမခေါ် ဤ သာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်။

လောကေ၊ ဥပါဒါန်တို့၏ အာရုံဖြစ်ရာ ရူပုပါဒါနက္ခန္ဓာမည်စွာ ကာယမှ ၌။ အဘိဇ္ဈာဒေါမနဿံ၊ နှစ်သက်မှုလောဘနှင့် မနှစ်သက်မှုဒေါသတို့ ပေါ် လာ ဝင်လာချက်ကို၊ ဝိနေယျ၊ ဖြစ်ခွင့်မရစေပဲ။ သတိမာ၊ မဂ္ဂင်သတိမျိုးဖြစ် စေ၍လည်းကောင်း။ အာတာပီ၊ ဘဝသုံးမျိုး၌ ဖြစ်စေတတ်သော ကိလေသာ တို့ကို ရှို့မြှိုက်နိုင်သော မဂ္ဂင်သမ္မာဝါယမမျိုးကို ဖြစ်စေ၍လည်းကောင်း။ သမ္ပဇာနော၊ မဂ္ဂင်ထိုက်သော ပညာသိမျိုးကို ဖြစ်စေ၍လည်းကောင်း။ ကာယေ၊ လက္ခဏာသဘာဝရုပ်စု၌။ ကာယာနုပဿီ၊ မှတ်ညဲသဲမှတ်၍ ရှုခဲ့ သော ရုပ်သဘာဝအတိုင်းကို၊ ဝိသုဒ္ဓိစဉ် ပရိညာစဉ် ဉာဏ်စဉ်ကိုက်အောင် ရှုပွားလျက်။ ဝိဟရတိ၊ ကျင့်သုံးနေ၏။

လောကေ၊ ဥပါဒါန်တို့၏ အာရုံဖြစ်ရာ ဝေဒနုပါဒါနက္ခန္ဓာ မည်စွာ ဝေဒနာဓမ္မ၌။ အဘိဇ္ဈာဒေါမနဿံ၊ နှစ်သက်မှုလောဘနှင့် မနှစ်သက်မှုဒေါသ တို့ ပေါ်လာဝင်လာချက်ကို။ ဝိနေယျ၊ ဖြစ်ခွင့်မရစေပဲ။ သတိမာ၊ မဂ္ဂင် သတိမျိုး ဖြစ်စေ၍လည်းကောင်း။ အာတာပီ၊ ဘဝသုံးမျိုး၌ ဖြစ်စေတတ် သော ကိလေသာတို့ကို ရှို့မြှိုက်နိုင်သော မဂ္ဂင် သမ္မာဝါယမမျိုးကို ဖြစ်စေ ၍လည်းကောင်း။ သမ္ပဇာနော၊ မဂ္ဂင်ထိုက်သော ပညာသိမျိုးကို ဖြစ်စေ၍ လည်းကောင်း။ ဝေဒနာသု ဝေဒယိတ သဘာဝခေါ် ခံစားမှုတို့၌။ ဝေဒနာနုပဿီ–ဝိဟရတိ။ ခံစားမှုကိစ္စကို ဝေဒနာကသာ ခံစားနေသည်ဟု ဆင်ထပ်ထပ်ရှုပွားလျက်နေ၏။

လောကေ၊ ဥပါဒါန်တို့၏ အာရုံဖြစ်ရာ ဝိညာဏုပါဒါနက္ခန္ဓ မည်စွာ ဝိညာဏဓမ္မ၌။ အဘိဇ္ဈာ ဒေါမနဿံ၊ နှစ်သက်မှုလောဘနှင့် မနှစ်သက်မှု

ဒေါသတို့ ပေါ်လာ ဝင်လာချက်ကို၊ ဝိနေယျ၊ ဖြစ်ခွင့်မရစေပဲ၊ သတိမာ၊ မဂ္ဂင်သတိမျိုး ဖြစ်စေရှိသည်းကောင်း၊ အာတာပီ၊ ဘဝသုံးမျိုး၌ ဖြစ်စေတတ်သော ကိလေသာတို့ကို ရှု့မြိုက်နိုင်သော မဂ္ဂင်သမ္မာဝါယာမမျိုးကို ဖြစ်စေရှိသည်းကောင်း၊ သမ္ပဇာနော၊ မဂ္ဂင်ထိုက်သော ပညာသိမျိုးကို ဖြစ်စေရှိသည်းကောင်း၊ စိတ္တေ၊ သိမှုသဘော၌၊ စိတ္တာနုပဿီ ဝိဟရတိ၊ ရှေ့အသိနှင့် နောက်အသိတို့သည် အပြတ်အလပ်မရှိပဲ အဆပ်ဆပ်သိနေအောင် ရှုပွားလျက်နေ၏။

လောကေ၊ ဥပါဒါနိတို့၏ အာရုံဖြစ်ရာ သခ်ါရုပါဒါနက္ခန္ဓာ မည်စွာ သခ်ါရဓမ္မ၌၊ အဘိဇ္ဈာ ဒေါမနဿ နှစ်သက်မှုခလောဘနှင့် မနှစ်သက်မှုဒေါသ တို့ ပေါ်လာ ဝင်လာချက်ကို၊ ဝိနေယျ၊ ဖြစ်ခွင့်မရစေပဲ၊ သတိမာ၊ မဂ္ဂင်သတိမျိုး ဖြစ်စေရှိသည်းကောင်း၊ အာတာပီ၊ ဘဝသုံးမျိုး၌ ဖြစ်စေတတ်သော ရှု့မြိုက်နိုင်သော မဂ္ဂင်သမ္မာဝါယာမမျိုးကို ဖြစ်စေရှိသည်းကောင်း၊ သမ္ပဇာနော၊ မဂ္ဂင်ဖြစ်စေထိုက်သော ပညာသိမျိုးကို ဖြစ်စေရှိသည်းကောင်း၊ ဓမ္မေသု၊ ဓမ္မ ၅ မျိုးတို့၌၊ ဓမ္မာနုပဿီ၊ ရှိရင်းစွဲ ဓမ္မအနေအတိုင်းသာ ထင်လာမြင်လာအောင် အဆပ်ဆပ်ရှုပွားလျက်၊ ဝိဟရတိ၊ ကျင့်သုံးနေ၏။

ဘိက္ခဝေ၊ ရဟန်းတို့၊ အယံ၊ ဤညွှန်ပြခဲ့သော သဘောကို၊ သမ္မာသတိ၊ မှန်ကန်စွာ သတိပြုမှုဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

## သမ္မာ သမာဓိ

ဘိက္ခဝေ၊ ရဟန်းတို့၊ သမ္မာ သမာဓိ၊ မှန်ကန်သော တည်ကြည်မှုသည်၊ ကတမော စ၊ အဘယ်နည်းဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓ ဘိက္ခု၊ ငါဘုရား၏ အဆုံးအမဖြေ ဤ သာသနာတော်၌ တရားကျင့်သုံးနေသော ယောဂီရဟန်းသည်၊

ကာမေဟိ၊ ကာမဂုဏ်တို့မှ၊ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍ သာလျှင်၊ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ၊ ကင်းဆိတ်၍ သဝိတက္ကံ-သဝိစာရံ၊ ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွဖြစ်သော၊ ဝိဝေကဇံ-နီဝရဏ တို့မှ ကင်းဆိတ်နေသောကြောင့်ဖြစ်သော၊ ပီတိသုခံ၊ ပီတိသုခရှိသော၊ ပဌမဈာနံ၊ ပဌမဈာန်ကို၊ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍၊ ဝိဟရတိ၊ နေ၏။

ဝိတက္က ဝိစာရာနံ- ဝိတက်၊ ဝိစာရတို့၏၊ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်၊ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်သော၊ စေတသော၊ စိတ်ကို၊ သမ္ပသာဒနံ၊ ကြည်

ဧတက်သော။ ကောဒိဘာဝံ၊ မြတ်သော သမာဓိကို ပွားစေတတ်သော။ အဝိတက္ကံ အဝိစာရံ၊ ဝိတက်လည်းမရှိ၊ ဝိစာရလည်း မရှိသော။ သမာဓိဇံ၊ သမာဓိကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခရှိသော။ ဒုတိယဈာနံ၊ ဒုတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။

ပီတိယာစ ဝိရာဂါ၊ ပီတိကို ကင်းကွာနိုင်ခြင်း ကြောင့်လည်း။ ဥပေက္ခကော စ၊ ဥပေက္ခာသိဖြင့်လည်း။ ဝိဟရတိ၊ နေ၏။ သတော စ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ သမ္ပဇာနော စ၊ ပညာ အဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ သုခဉ္စ၊ သုခ ဝေဒနာကိုလည်း။ ကာယေန၊ နာမကာယဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံ တတိယဈာန် ဟေတု၊ အကြင် တတိယဈာန် ဟူသော အကြောင်း ကြောင့်။ တံ တတိယဈာန် သမင်္ဂီ ပုဂ္ဂလံ၊ ထို တတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရားအစရှိသော သူတော်ကောင်း တို့သည်။ ဥပေက္ခကော၊ ဥပေက္ခာ သိဖြင့်နေနိုင်သောသူ။ သတိမာ၊ သတိရှိသော သူ။ သုခ ဝိဟာရီ၊ ချမ်းသာစွာ နေလေ့ရှိသောသူ။ ဣတိ အာစိက္ခန္တိ၊ ဤသို့ ချီးမွမ်းကြကုန်၏။ တံ တတိယံ ဈာနံ၊ ထို တတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။

သုခဿစ ပဟာနာ၊ သုခ၏ ထင်းခြင်းကြောင့်လည်းကောင်း။ ဒုက္ခဿစ ပဟာနာ ဒုက္ခ၏ ကင်းခြင်းကြောင့်လည်းကောင်း။ သောမနဿ-ဒေါမနဿာနံ၊ သောမနဿနှင့် ဒေါမနဿတို့၏။ ပုဗ္ဗေဝ အတ္ထင်္ဂမာ၊ ရှေးအဖို့ကပင် ချုပ်ခြင်း ကြောင့်။ အဒုက္ခ မသုခံ၊ ဒုက္ခ သုခ ၂ မျိုးလုံးမှ ကင်းသော။ ဥပေက္ခာ သတိ ပါရိသုဒ္ဓိံ ဥပေက္ခာကြောင့် သတိ၏ လုံးဝ စင်ကြယ်မှုရှိသော။ စတုတ္ထဈာနံ၊ စတုတ္ထဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤညွှန်ပြခဲ့သော သဘောကို။ သမ္မာသမာဓိ၊ မှန်ကန်သော သမာဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤငါဘုရား ညွှန်ပြခဲ့သော သဘော အပေါင်းကို။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဒုက္ခနှင့် ဒုက္ခသမုဒယ ၂ မျိုးလုံး ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## ပါဠိတော်

၁။ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊
၂။ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊
၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊

## အနက်

၁။ ဣတိ၊ ဤညွှန်ပြသည့်အတိုင်း။ အဇ္ဈတ္တံ၊ မိမိခန္ဓာမှာလည်း ဖြစ်နေရှိနေသော။ ဓမ္မေသု၊ သစ္စာ ဓမ္မတို့၌၊ ဓမ္မာနုပဿီ ဝိဟရတိ၊ သစ္စာ ဓမ္မအလျောက် အဖန်ဖန် အထပ်ထပ် ရှုပွားလျက် ကျင့်သုံးနေ၏။

၂။ ဗဟိဒ္ဓါ ဝါ၊ သူတပါးခန္ဓာမှာလည်း ဖြစ်နေ ရှိနေသော၊ ဓမ္မေသု၊ သစ္စာဓမ္မတို့၌၊ ဓမ္မာနုပဿီ ဝိဟရတိ၊ မိမိခန္ဓာမှာ ရှုပွားနိုင်သလို သစ္စာဓမ္မအလျောက် အဖန်ဖန် အထပ်ထပ် ရှုပွားကာ ကျင့်သုံးနိုင်လျက် ရှိနေ၏။

၃။ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ၊ မိမိခန္ဓာမှာလည်း ရှိနေ ဖြစ်နေသော၊ သူတပါးခန္ဓာမှာလည်း ဖြစ်နေ ရှိနေသော။ ဓမ္မေသု၊ သစ္စာဓမ္မတို့၌၊ ဓမ္မာနုပဿီ၊ သစ္စာဓမ္မအလျောက် အဖန်ဖန် အထပ်ထပ် ရှုပွားလျက်၊ ဝိဟရတိ၊ နေ၏၊

## ပါဠိတော်

၁။ သမုဒယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။
၂။ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။
၃။ သမုဒယ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊

## အနက်

၁။ ဝါ၊ အသိဉာဏ်ဘဝင့် တက်လာပြန်ပုံကား၊ ဓမ္မေသု၊ သစ္စာဓမ္မတို့၌။ သမုဒယဓမ္မာနုပဿီ၊ ယင်း သစ္စာဓမ္မတို့ ဖြစ်ပေါ်လာကြောင်းကိုပါ၊ ဝါ၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ဥဒယဉာဏ်နှကိုပါ၊ သိမြင်ရှုပွားလျက်။ ဝိဟရတိ၊ နေနိုင်လာ၏။ ဝါ၊ သမုဒယဓမ္မာနုပဿီ ဝါ ဝိဟရတိ၊ သစ္စာဓမ္မတို့၏ ဖြစ်ပေါ်လာကြောင်း ပစ္စယပရိဂ္ဂဟဉာဏ် သုံးသပ်မှု သမ္မသနဉာဏ်နှင့် ဥဒယဉာဏ်နှကိုပါ အဆင့်ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏။

၂။ ဝါ၊ အသိဉာဏ် တဆင့်တက်လာပြန်ပုံကား- ဓမ္မေသု၊ သစ္စာဓမ္မတို့၌။ ဝယဓမ္မာနုပဿီဝိဟရတိ၊ ယင်းသစ္စာဓမ္မတို့၏ ပျက်ကြောင်း ပျက်ပုံတွေကိုပါ သိမြင်လာသော ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ်နှင့် ဝယဉာဏ်ကိုပါ ဆင့် ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏။

၃။ ဝါ၊ အသိဉာဏ်တဆင့် တက်လာပြန်ပုံကား- ဓမ္မေသု၊ သစ္စာဓမ္မတို့၌။ သမုဒယ ဝယဓမ္မာနုပဿီ ဝိဟရတိ၊ ယင်းသစ္စာဓမ္မတို့၏ ဖြစ်ကြောင်း ဖြစ်ပုံ ပျက်ကြောင်း ပျက်ပုံတွေကိုပါ သိမြင်လာသော ပစ္စယပရိဂ္ဂဟ၊ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ကို မှာဆင့်ဆင့် သိမြင်ရှုပွားကာ နေနိုင်လာ၏။

## နိဂုံးပြ ပါဠိတော်

၁။ "အတ္ထိဓမ္မာ" တိ ဝါပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။

၂။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ။

၃။ အနိဿိတောစ ဝိဟရတိ။

၄။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။

၅။ ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ။
ဝိဟရတိ စတူသု အရိယသစ္စေသု-

သစ္စပဗ္ဗံ နိဋ္ဌိတံ

ဓမ္မာနုပဿနာ နိဋ္ဌိတာ။

---

### အနက်

၁။ ပန၊ ကောင်းကျိုးရရှိပုံကို ဟောညွှန်ပြဦး အံ့။ အသာ၊ ဓမ္မာ-နုပဿနာလာ၊ ဓမ္မ ၅ မျိုးတွင် သစ္စာဓမ္မအပြစ်ဖြင့် ရှုပွားတတ် ရှုပွားနိုင်သော ထိုယောဂီအား။ ဓမ္မာတိ၊ ဓမ္မာဝေ၊ သစ္စာဓမ္မ အလျောက် အရှုခံထား ရှုပွားဆဲဖြစ်သော သစ္စာဓမ္မသည်သာလျှင်။ အတ္ထိတိ၊ ရှိနေပါတကားဟု၊ သတိ၊ ရှုပွားနေသော ကောယနမင် သတိသည်။ ပစ္စုပဋ္ဌိတာ၊ ထင်ထင်ရှားရှား တွေ့မြင်လာနိုင်သည်။ ဟောတိ၊ ဖြစ်၏။

၂။ ယာဝဒေဝ ဉာဏမတ္တာယ၊ ဝိပဿနာဉာဏ်အမြင် အဆင့်တိုးပွားလာခြင်းငှာလည်း။ ဗဟောတိ၊ ဖြစ်၏။ ယာဝဒေဝ ပဋိဿတိမတ္တာယဝါ၊ သတိထင်မှုအဆင့်ဆင့် တိုးပွားခြင်းငှာလည်း။ ဝါ၊ သတိနေ့ သတ်ဗိုလ် သတိအမှောင် သတိမဂ္ဂင် အနေဖြင့် အာရုံထင်မှုတွေ အဆင့်ဆင့် တိုးပွားလာခြင်းငှာလည်း။ ဟောတိ၊ ဖြစ်၏။

၃။ စ၊ ဤတွင်မကသေး။ အနိဿိတော၊ ရှုပွားဆဲ ဓမ္မအာရုံ၌။ တဏှာ အာရုံ ဒိဋ္ဌိအာရုံ အနေဖြင့် မဆက်စပ် မမှီတွယ်ပဲ။ ဝိဟရတိ၊ နေ၏။

၄။ စ၊ ဤတွင်မကသေး။ ကိဉ္စိလောကေ၊ ခန္ဓာငါးစုံတရာနှင့် အာရုံတစုံ တရာ အပေါ်၌။ န ဥပါဒိယတိ၊ ဥပါဒါန်အာရုံ အသွင်ဖြင့် မစွဲလမ်းပြန် တော့ပေ။

၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ။ သစ္စာဓမ္မပိုင်းအတွက် နိဂုံးအဖြစ် ညွှန်ပြရသော။ ဧဝမ္ပိ။ အထက် ငါဘုရားထုတ်ဖော် ညွှန်ပြချက် အတိုင်းပင်လျှင်။ ဘိက္ခု၊ ယောဂီရဟန်းသည်။ ဓမ္မေသု၊ သစ္စာဓမ္မတို့၌၊ ဓမ္မာနုပဿီ၊ သစ္စာဓမ္မအလျောက် အဖန်ဖန်ထပ်တာပ် ရှုပွားလျက်။ ဝိဟရတိ၊ ကျင့်သုံးနေ၏။

သစ္စာပဗ္ဗံ၊ သစ္စာ ၄ ပါးကို ပြဆိုရာအပိုင်းသည်။ နိဋ္ဌိတံ-ပြီးပြီ။

ဓမ္မာနုပဿနာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်သည်။ နိဋ္ဌိတာ- ပြီးဆုံးပါပြီ။

---

## သတိပဋ္ဌာန်အတွက် အာမခံချက်

### ပါဠိတော်

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

တိဋ္ဌန္တု ဘိက္ခဝေ သတ္တဝဿာနိ- ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ ဆဝဿာနိ။ ပေ။ ပဉ္စဝဿာနိ။ စတ္တာရိ ဝဿာနိ တီဏိ ဝဿာနိ။ ဒွေဝဿာနိ။ ဧကံ ဝဿံ။

တိဋ္ဌတု ဘိက္ခဝေ ဧကံ ဝဿံ။ ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ။ ဧဝံ ဘာဝေယျ သတ္တမာသာနိ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိ သေသေ အနာဂါမိတာ။

တိဋ္ဌန္တု ဘိက္ခဝေ သတ္တမာသာနိ။ ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ ဆမာသာနိ။ ပ။ ပဉ္စမာသာနိ။ စတ္တာရိ မာသာနိ။ တီဏိမာသာနိ။ ဒွေမာသာနိ။ ဧကံ မာသံ။ အဍ္ဎမာသံ။ တိဋ္ဌတု ဘိက္ခဝေ အဍ္ဎမာသော။ ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိ သေသေ အနာဂါမိတာတိ။

## အနက်

ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိ ကောစိ၊ ရဟန်း ရှင်လူ မည်သူပဲဖြစ်စေ အကြင် အမှတ်မထင် တစုံတဦးသော ပုဂ္ဂိုလ်သည်။ သတ္တ ဝဿာနိ၊ ၇ နှစ်တို့ပတ်လုံး။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ၊ ဤသို့ ငါဘုရားဟော ညွှန်တဲ့အတိုင်း။ ဘာဝေယျ၊ ပွားများငြားအံ့။ တဿ၊ ငါဘုရားဟောညွှန်တဲ့အတိုင်း ပွားများသော ထိုပုဂ္ဂိုလ်အား။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခုမျက်မှောက်ဘဝမှာပင်လျှင်။ အညာ ဝါ၊ အရဟတ္တဖိုလ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥပါဒိ သေသေ၊ ဥပါဒါန်တရားအကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ ဝါ၊ အနာဂါမ်၏ အဖြစ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဒွိန္နံ ဖလာနံ၊ ၂ ပါးသော ဖိုလ်တို့တွင်။ အညတရံ ဖလံ၊ တပါးပါးသော ဖိုလ်ကို။ ပါဋိကင်္ခံ၊ ချွတ်ကေန် အမှန်ပင် ရလိမ့်မည်ဟူ၍ ယုံကြည်စိတ်ချစွာ လိုလားအပ်ပေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တ ဝဿာနိ၊ ၇ နှစ်တို့သည်။ တိဋ္ဌန္တု၊ ရှိစေကုန်ဦး။ ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိ ကောစိ၊ ရဟန်း ရှင်လူ မည်သူပဲဖြစ်စေ အကြင် အမှတ်မထင် တစုံတဦးသော ပုဂ္ဂိုလ်သည်။ ဆဝဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ ပဉ္စ ဝဿာနိ၊ ငါးနှစ်တို့ပတ်လုံး။ စတ္တာရိ ဝဿာနိ၊ လေးနှစ်တို့ပတ်လုံး၊ တီဏိ ဝဿာနိ၊ ၃ နှစ်တို့ပတ်လုံး။ ဒွေ ဝဿာနိ၊ ၂ နှစ်တို့ပတ်လုံး။ ဧကံ ဝဿံ၊ တနှစ်ပတ်လုံး။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ ဘာဝေယျ၊ ဤကဲ့သို့ ငါဘုရား ဟော

ညွှန်ထားတဲ့အတိုင်း ပွားများကြားအံ့၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ကေ ့ သော၊ တနှစ်ပတ်လုံးသည်၊ တိဋ္ဌတု၊ ရှိစေဦး၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယောဟိကောစိ၊ ရဟန်း၊ ရှင်လူ မည်သူပဲဖြစ်စေ အကြောင်းအမှတ်မထင် တစုံတဦးသော ပုဂ္ဂိုလ် သည်၊ သတ္တမာသာနိ၊ ၇ လတို့ပတ်လုံး၊ ဣမေ စတ္တာရော- သတိပဋ္ဌာနေ၊ ဤ သတိပဋ္ဌာန်လေးပါးတို့ကို၊ ဧဝံ ဘာဝေယျ၊ ဤကဲ့သို့ ငါဘုရား ဟော ညွှန်ထားတဲ့အတိုင်း ပွားများကြားအံ့၊ တဿ၊ ငါဘုရား ဟောညွှန်တဲ့အတိုင်း ပွားများသော ထိုပုဂ္ဂိုလ်အား၊ ဒွိန္နံ ဖလာနံ၊ ယခု မျက်မှောက်ဘဝမှာပင် လျှင်၊ အညာဝါ၊ အရဟတ္တဖိုလ်သည်မူလည်း၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ ဥပါဒိ သေသေ၊ ဥပါဒါန် တရားအကြွင်းသည်၊ သတိ၊ ရှိနေသေးသော်၊ အနာဂါ မိဘာဝေါ၊ အနာဂါမိ၏ အဖြစ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ ဣတိ၊ ဤသို့။ ဒွိန္နံ ဖလာနံ၊ ၂ ပါးသော ဖိုလ်တို့တွင်၊ အညတရံ ဖလံ၊ တပါးပါး သော ဖိုလ်ကို၊ ပါဋိကင်္ခံ၊ မချွတ်ကေန် အမှန်ပင်ရလိမ့်မည်ဟု ယုံကြည်စိတ် ချစွာ လိုလားအပ်ပေ၏။

ဘိက္ခဝေ- ရဟန်းတို့။ သတ္တမာသာနိ- ၇ လတို့သည်။ တိဋ္ဌန္တု- ရှိစေ ကုန်ဦး။ ဘိက္ခဝေ- ရဟန်းတို့။ ယောဟိကောစိ- ရဟန်းရှင်လူမည်သူပဲဖြစ်စေ အကြောင်း အမှတ်မထင် တစုံတဦးသောပုဂ္ဂိုလ်သည်။ ဆမာသာနိ- ခြောက်လတို့ ပတ်လုံး။ ပဉ္စမာသာနိ- ငါးလတို့ပတ်လုံး။ စတ္တာရိမာသာနိ- လေးလတို့ ပတ်လုံး။ တီဏိမာသာနိ- သုံးလတို့ပတ်လုံး။ ဒွေမာသာနိ- ၂ လတို့ပတ်လုံး။ ဧကံမာသံ- တလပတ်လုံး။ အဍ္ဎမာသံ- လခွဲပတ်လုံး။ ဣမေ စတ္တာရော သတိပဋ္ဌာနေ- ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ- ဤကဲ့သို့ ငါဘုရားဟောညွှန် ထားတဲ့အတိုင်း။ ဘာဝေယျ- ပွားများကြားအံ့။ ဘိက္ခဝေ- ရဟန်းတို့။ အဍ္ဎမာသံ- လခွဲသည်။ တိဋ္ဌတု- ရှိစေဦး။ ဘိက္ခဝေ-ရဟန်းတို့။ ယောဟိကောစိ- ရဟန်း ရှင် လူ မည်သူပဲဖြစ်စေ အကြောင်း အမှတ်မထင် တစုံတဦးသောပုဂ္ဂိုလ် သည်။ သတ္တာဟံ- ၇ ရက်တို့ပတ်လုံး။ ဣမေ စတ္တာရော သတိပဋ္ဌာနေ- ဤ သတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံဘာဝေယျ- ဤကဲ့သို့ ငါဘုရားဟောညွှန်ထားတဲ့ အတိုင်း ပွားများကြားအံ့။ တဿ- ငါဘုရားဟောညွှန်ထားတဲ့အတိုင်း ပွား များသော ထိုပုဂ္ဂိုလ်အား။ ဒိဋ္ဌေဝဓမ္မေ- ယခု မျက်မှောက်ဘဝမှာပင်လျှင်။ အညာ ဝါ- အရဟတ္တဖိုလ်သည်မူလည်း။ ဘဝိဿတိ ဖြစ်လတ္တံ့။ ဥပါဒိသေသေ- ဥပါဒါန်တရားအကြွင်းသည်။ သတိ- ရှိနေသေးသော်။ အနာဂါမိတာဝါ- အနာဂါမိ၏ အဖြစ်သည်မူလည်း။ ဘဝိဿတိ- ဖြစ်လတ္တံ့။ ဣတိ- ဤသို့။ ဒွိန္နံဖလာနံ- ၂ ပါးသောဖိုလ်တို့တွင်။ အညတရံဖလံ- တပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ- မချွတ်ကေန် အမှန်ပင်ရလိမ့်မည်ဟု ယုံကြည်စိတ်ချစွာလိုလားအပ်

ပေ၏။ ဣတိ- ဤသို့ အကျိုးအာနိသင်ကို ပြဆိုရာ၁ကားရပ် အပြီးသတ်တည်။

## နိဂုံးချုပ် ပါဠိတော်

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ"တိ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒ မေတံ ပဋိစ္စ ဝုတ္တန္တိ။ ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

သန္တာဘောဂ်တွန်းဘားပြန့်ပွားရေးဦးစီးမှ မဟာသတိပဋ္ဌာန သုတ္တံ
စာကြည့်တိုက်
ကမ္ဘာအေး - ရန်ကုန်။

နိဋ္ဌိတံ။

---

## အနက်

ဘိက္ခဝေ- ရဟန်းတို့။ ဧကာယနော- ဝိဝဋကသုံးမျိုးတို့သို့ နိုမ့်မို လျက် ကိလေသာသုံးမျိုးတို့မှ ကင်းဆိတ်စင်ကြယ်သည့် စိတ္တုပ္ပါဒ်ဖြင့် သွားမှရောက်နိုင်သော။ အယံမဂ္ဂေါ- အနုပဿနာဉာဏ် ၄ တန်တို့နှင့် ယှဉ်တွဲဖြစ်ပေါ်လာသော ဤလမ်းကြောင်းသည်။ သတ္တာနံ- အဂ္ဂသာဝက အလောင်းတော်၊ မဟာသာဝကအလောင်းတော်၊ ပကတိသာဝကအလောင်းတော် သုံးမျိုးတို့အား။

၁။ ဝိသုဒ္ဓိယာ- ကိလေသာ ၃ မျိုးနှင့် ဝိပလ္လာသ ၃ မျိုးတို့မှအဆင့်ဆင့် စင်ကြယ်သွားစေခြင်းငှာ။

၂။ သောကပရိဒေဝါနံ- စိတ်နှင့် နှလုံးသားတို့ပါ ပူလောင်ခံရခြင်းဟူသော သောကဖြစ်ရမှုနှင့်၊ ထိုသောကဒဏ်ကြောင့် နှုတ်ကပါ မြည်တမ်းဟစ်အော်ရခြင်းဟူသော ပရိဒေဝဖြစ်ရမှုတို့ကို။ သမတိက္ကမာယ- လွန်မြောက်သွားနိုင်ခြင်းငှာ။

၃။ ဒုက္ခဒေါမနဿာနံ- ကိုယ်ဆင်းရဲမှုဒဏ်နှင့် စိတ်ဆင်းရဲမှုဒဏ်တို့ကို။ အတ္ထင်္ဂမာယ- ဖြစ်ပေါ်ခွင့်မရပဲ ချုပ်ကွယ်သွားစေခြင်းငှာ။

၄။ ဉာယဿ- အရိယာမဂ်ဉာဏ်ကို။ အဓိဂမာယ- ရယူခြင်းငှာ။

၅။ နိဗ္ဗာနသ- ကိလေသာနှင့်ခန္ဓာ ၂ မျိုးလုံးတို့၏ ချုပ်ငြိမ်းရာ မဟာနိဗ္ဗာန်ကို၊ သစ္ဆိကိရိယာယ- ဂေါတြဘုဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ရှေ့မှောက်သို့ ရောက်ရှိလာစေခြင်းငှာ၊ သမတ္တော- စွမ်းနိုင်ပေ၏။

၆။ သော- ဝိသုဒ္ဓိယာအစ နိဗ္ဗာနဿ သစ္ဆိကိရိယာယ- အဆုံးရှိသော အကျိုး ၂ ချက်၊ ၅ ချက်၊ ၇ ချက်ဘို့ကိုဖြစ်စေပါစေနိုင်သော ထိုကေယာယနမဂ် ဟူသည်။ ယဒိဒံ- ယေဟ္ဌုမေသတိပဋ္ဌာနာ- ဖော်ပြခဲ့ပြီးဖြစ်တဲ့ အသက်ပါ သတိပဋ္ဌာန် ၄ ပါးတို့ပေတည်း။

ဣတိ- ဤသို့၊ ယံတံဝစနံ- အကြောင်းသတိပဋ္ဌာန်၏ အကျိုးကိုပြသောစကားကို။ မယာ- ငါသည်၊ ဝုတ္တံ- ဟောအပ်ပြီ၊ တော၀စနံ- ထိုသတိပဋ္ဌာန်၏အကျိုးကိုပြသောစကားကို၊ ဣဒံ အတ္တဝသံ- ဤမျက်မှောက်သော ကိုယ်၏ အဖြစ်၌ မချွတ်ဖြစ်လတ္တံ့သော ဖိုလ် ၂ ပါးဟူသောအကျိုးထူးကို၊ ပဋိစ္စ- စွဲ၍။ ဝုတ္တံ- ဟောအပ်၏။

ဣတိ- ဤသို့။ ဣဒံဝစနံ- ဤသို့သောတရားတော်ကို၊ ဘဂဝါ- မြတ်စွာဘုရားသည်။ အဝေါစ- ဟောတော်မူ၏၊ တေဘိက္ခူ- ထိုရဟန်းတို့သည်၊ အတ္တမနာ- နှစ်သက်အားရဝမ်းမြောက်သော စိတ်ရှိကြကုန်သည်ဖြစ်၍၊ ဘဂဝတော- မြတ်စွာဘုရား၏။ ဘာသိတံ- ဟောကြားအပ်သောသတိပဋ္ဌာန်တရားတော်ကို။ အဘိနန္ဒုံ- အလွန်နှစ်ခြိုက်ရွှင်လန်း ပီတိဖြန်းလျက် သာဓုအနုမောဒနာပြုကြပေကုန်၏။

မဟာသတိပဋ္ဌာနသုတ္တံ-မဟာသတိပဋ္ဌာနသုတ်တော် အလုံးစုံသည်။
နိဋ္ဌိတံ-ပြီးဆုံးပါပြီ။

စာကြည့်ခန်း
-၁၈၃၁-

ပိဋကဘာသာပြန်စာပေဖြန့်ချိရေးအဖွဲ့
စာကြည့်ခန်း
-၁၈၃၁-

စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့